www.burmeseclassic.com

ဆောင်အေး

ရန်ကုန်တက္ကသိုလ်

# ရှေးရှေးတုန်းက မေတ္တာရှငါ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုအမှတ်- ၅၀၀၂၇၃၀၅၀၃

မျက်နှာဖုံးခွင့်ပြုအမှတ်- ၅၀၀၃၅၉၀၅၀၄

ထုတ်ဝေသူ- ဦးစိုးဝင်း
စမ်းရေကြည်စာပေ ( မြ-၀၃၉၈၃)
အမှတ် (၃၅)၊ တိုးချဲ့ (၃) လမ်း၊
(၁၅) ရပ်ကွက်၊ တောင်ဥက္ကလာပ၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်- ဦးမျိုးမြင့် (မြ-၀၆၀၈၉)
ပွင့်သစ်ရောင်စုံပုံနှိပ်တိုက်
အမှတ် (၆၈)၊ ၁၆၅- လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင်- Perfect

မျက်နှာဖုံးဖလင်- Stars

ကွန်ပျူတာ- Songs

အုပ်ရေ- ၅၀၀

ထုတ်ဝေသည့်အကြိမ်- ပထမအကြိမ်
၂၀၀၅ ခုနှစ် ဩဂုတ်လ

တန်ဖိုး- ၇၀၀-ကျပ်

ဖြန့်ချိရေး- စမ်းရေကြည်စာပေ
အမှတ် (၁၂)၊ အဆောင် (၃)၊
သိမ်ကြီးဈေး (ဇီ) ရုံ ရန်ကုန်မြို့။
တစ်ဆင့်ဖုန်း- ၃၇၁၈၀၀ လိုင်းခွဲ- ၃၀၂


ကျွန်ုပ်၏
မေတ္တာရှင်များအားလုံးသို့

www.burmeseclassic.com

www.burmeseclassic.com

အောင်အေး (ရန်ကုန်တက္ကသိုလ်) ပြုစုထုတ်ဝေခဲ့သော
အချစ်နှင့် ဂမ္ဘီရ လုံးချင်းဝတ္ထုစာရင်း

၁။ ရှေးရှေးတုန်းက ဂန္ဓာရီ
စာမူခွင့်ပြုအမှတ်- ၅၉၅/ ၂၀၀၄ (၆)


## အောင်အေး
(ရန်ကုန်တက္ကသိုလ်)


# ရှေးရှေးတုန်းက မေတ္တာရှင်


ဖြန့်ချိရေး
စမ်းရေကြည်
စာပေဖြန့်ချိရေး
တစ်ဆင့်ဖုန်း- 371800 Ext: 302


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သတ္တိဗလနှင့် ကိုယ်ရံတော် တပ်စုတစ်စုသည် ထင်းစည်းကိုယ်စီ ထမ်းကာ တောင်ပေါ်မှ ဆင်းလာကြသည်။ နံနက်ခင်း၏ မြူနှင်းတို့သည် သူတို့၏ ခန္ဓာကိုယ်များကို တိုးဝှေ့ပွတ်တိုက်သွားကြသည်။ နေရောင်ခြည်လင်းလက်နေပြီဖြစ်သောကြောင့် တောင်ကြားလွင်ပြင် အတွင်းမှ မဟာသူရိယရွှေမြို့တော်ကြီးကို အပေါ်စီးမှ လှမ်းမြင်နေရသည်။ ရွှေမြို့တော်ကြီးကား ခန့်ညားလှပါဘိသည်။

နန်းမြို့ရိုး အုတ်တံတိုင်းတို့က လေးဘက်လေးတန် ရံထားသည်။ အုတ်တံတိုင်းအလယ်တွင် စနစ်တကျ အကွက်ရိုက်၍ မြို့တွတ်ချထားသောကြောင့် ယခုကဲ့သို့ အပေါ်စီးမြင်ကွင်း၌ သပ်ရပ်လှပလျက်ရှိ၏။ ဤမြို့တော်၏ အလယ်ဗဟိုတွင်တည်သော နန်းတော်ဝင်းအတွင်းရှိ စံအိမ်တော်တစ်အိမ်တွင် သတ္တိဗလကိုယ်တိုင် ပန်းကုံးစွပ်၍ အရောက်ပို့ထားသော ဟေမာသီရိ ရှိနေသည်။ ဟေမာသီရိတော် ကောက်ခံရသည်မှာ တစ်နှစ်နီးပါးရှိပြီ။ ယခုအခါ သားယောကျ်ားကလေးတစ်ဦးကိုပင် ဖွားမြင်ပြီးပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေး ဗန္ဓုရာဇာနှင့် ကြင်ရာတော် ဟေမာသီရိတို့၏ သားတော်ကလေးသည် မနက်ဖြန် တစ်လသားပြည့်မည် ဖြစ်၏။ လပြည့်အထိမ်းအမှတ်ပွဲကို တခမ်းတနား ကျင်းပမည်ဖြစ်သောကြောင့် ချက်ရေးပြုတ်ရေးအတွက် ထင်းလိုသည်။ ထို့ကြောင့် ရွှေမြို့တော် မြို့စောင့်တပ်မှူး သူရစက္ကက သတ္တိဗလကို ကိုယ်ရံတော်တပ်စုတစ်စု ထည့်ပေးကာ ထင်းခုတ်ခိုင်းလိုက်ခြင်း ဖြစ်သည်။

သစ်အယ်ချောင်ရွာသူ ဟေမာသီရိထံသို့ သစ်အယ်ချောင်ရွာသား သတ္တိဗလက ထင်းပို့ပေးခြင်းသည် အခြားသူများ ပို့ပေးသည်ထက် ပို၍ အဆင်ပြေမည်ဟု မြို့စောင့်တပ်မှူးက ယူဆသည်။ ထို့ကြောင့် သတ္တိဗလကို ဦးစီးခိုင်းလိုက်ခြင်း ဖြစ်၏။

သတ္တိဗလကလည်း ဝမ်းသာသည်။ ဟေမာသီရိ မင်္ဂလာဆောင်ပြီးကတည်းက အကြောင်းမညီညွတ်၍ တွေ့ခွင့်မရတော့ပေ။ သားတော် ဖွားမြင်သည့်သတင်း ကြားသော်လည်း သွားရောက်ကြည့်ခွင့်မသာ။ ယခုမှသာ အခွင့်အလမ်း ပေါ်မွေတော့သည်။ ဟေမာသီရိကိုရော သူမ၏ သားကလေးကိုပါ ကြည့်ခွင့်ရပေတော့မည်။

သတ္တိဗလတို့သည် တောင်ပေါ်မှ တောင်ခြေ၊ တောင်ခြေမှ ရွှေမြို့တော်မြို့တံခါးအထိ လျှောက်ခဲ့ကြရသည်မှာ အချိန်အားဖြင့်တစ်မောင်းခန့် ကြာသည်။ မြို့တံခါးတွင် ထင်းစည်းများချကာ တံခါးဖွင့်အပေးကို စောင့်ကြရပြန်သည်။ မြို့တံခါးမှ ဝင်ခွင့်ရပြီးနောက် မြို့တွင်းလမ်းမများကို ကွေ့ကာဝိုက်ကာ လျှောက်ကြရ၏။ သတ္တိဗလ ကိုယ်တိုင်လည်း ထင်းစည်းကို ဘယ်ပခုံးမှထမ်းလိုက်၊ ညာပခုံးမှ ထမ်းလိုက်နှင့် ဘယ်နှကြိမ် ပြောင်းထမ်းပြီးပြီ မသိတော့။ စိတ်ဆောင်နေသောကြောင့် မောရှိမောမှန်း မသိသော်လည်း ချွေးတော့ နည်းနည်းစို့၏။



မင်းသားလေး ဗန္ဓုရာဇာနှင့် ကြင်ရာတော် ဟေမာသီရိတို့၏ စံအိမ်တော်ဝင်းအတွင်း ရောက်ပြီး ထင်းထားမည့်နေရာသို့ ရောက်သည်နှင့် သတ္တိဗလ၏/ရဲမက်တို့သည် ထင်းစည်းများကို ဝုန်းခနဲ၊ ဝုန်းခနဲ ပစ်ချလိုက်ကြသည်။ ထို့နောက် ထင်းစည်းများပေါ် ဖင်ခုထိုင်ကြကာ ချွေးသုတ်ကြ နားနေကြတော့သည်။

သတ္တိဗလလည်း ထင်းစည်းကို အများနည်းတူ ဝုန်းခနဲပစ်ချလိုက်၏။ သို့သော် မထိုင်ဖြစ်။ ထင်းစည်းပေါ် ခြေတစ်ဖက်တင်ကာ စံအိမ်တော်ဆီသို့ လှမ်းမျှော်ကြည့်မိသည်။ ပြတင်းဝမှ ဖြစ်စေ၊ တံခါးဝမှဖြစ်စေ ဟေမာသီရိများ ထွက်လာလေမည်လား။

ထိုအခိုက်မှာပင် စံအိမ်တော်၏ မီးဖိုဆောင်တံခါးပွင့်လာပြီး ဗန္ဓုရာဇာ၏ အခြွေအရံများ ထွက်လာကြသည်။ သူတို့လက်ထဲတွင် ခေါင်ရည်ကျည်တောက်များ ပါလာ၏။ သတ္တိဗလနှင့်တကွသော ရဲမက်တို့အား အမောပြေ လာရောက်တိုက်ကျွေးကြခြင်းဖြစ်သည်။ ရဲမက်အားလုံး ရွှင်ရွှင်လန်းလန်းဖြစ်သွားကြ၏။ တစ်ယောက်နှင့် တစ်ယောက် နောက်ရင်းပြောင်ရင်း ခေါင်ရည်ကျည်တောက်များကို မော့သောက်နေကြတော့သည်။

သတ္တိဗလလည်း သူ့ထံရောက်လာသော ခေါင်ရည်ကျည်တောက်ကို ယူမော့လိုက်သည်။ မျက်လုံးကမူ ကျိုးကန်းတောင်းမျှော်၏။ သူ့အနေနှင့် မည်သို့ပင် တွေ့လိုမြင်လိုလှသော်လည်း ကံကြမ္မာက အလေးမသာလေရော့သလား။ ဟေမာသီရိကို အရိပ်အယောင်မှ မတွေ့ရ။

မည်မျှကြာအောင် ငေးမောရှာဖွေနေမိသည်မသိ။ သူ၏ရှေ့ ကိုယ့်လူများဆီ ကြည့်လိုက်သောအခါ ခေါင်ရည်ကျည်တောက်များကို အပြတ်ရှင်းထားပြီး ဖြစ်သည်ကို တွေ့ရ၏။ သူ့အနီးမှ တပ်စိတ်မှူး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဆိုလျှင် ခေါင်ရည်ကျည်တောက်၏ ဖင်ပိုင်းကိုညှစ်ကာ ရယ်စရာလုပ်နေ၏။

သတ္တိဗလသည် ထိုတပ်စိတ်မှူးထံ သူ့ခေါင်ရည်ကျည်တောက်ကို လှမ်းပေးလိုက်သည်။ အငေးကောင်းနေသောကြောင့် ခေါင်ရည်မသောက်ဖြစ်လိုက်။ ခေါင်ရည်တစ်ဝက်ကျော် ကျန်နေသေးသော သူ့ခေါင်ရည်ကျည်တောက်ကို တပ်စိတ်မှူးက ကမ္ဘူးရှူးထိုး မော့သောက်သည်။ သို့တိုင်အောင် များများမသောက်လိုက်ရ။ ရဲမက်တစ်ဦးက လာလုသွားပြီး လက်ဆင့်ကမ်းမော့ကြသည်။

သတ္တိဗလ စိတ်လျှော့လိုက်သည်။ ထင်းလည်း ပို့ပြီးပြီ။ ခေါင်ရည်လည်း သောက်ပြီးပြီ။ သည်ထက် ပိုကြာအောင် နေစရာအကြောင်းမရှိတော့ပေ။ သူသည် မင်းသားလေးဗန္ဓုရာဇာ၏ အခြေအရုံများကို နှုတ်ဆက်လိုက်သည်။ ထို့နောက် သူ့ရဲမက်များကို အချက်ပြပြီးပြန်ခဲ့၏။ သို့တိုင်အောင် ခြံဝင်းတံခါးဝအရောက် စံအိမ်တော်ဆီသို့ တစ်ချက် ငေးကြည့်လိုက်ဖြစ်သည်။ မတွေ့။

သတ္တိဗလသည် ဟာလာဟင်းလင်း ဖြစ်နေသောရင်နှင့် ပြန်လာခဲ့ခြင်းဖြစ်၏။ သည်နေ့အဖို့ မျှော်လင့်ရကျိုးမနပ်။ ရှိစေတော့။ တစ်နေ့တော့ အခွင့်အလမ်း ပေါ်လာပေလိမ့်မည်။ သူ သက်ပြင်းအရှိုက်လိုက်မှာပင် လမ်းမကြီးပေါ် ရောက်သည်။ လမ်းမကြီးပေါ်တွင် အစ်မဖြစ်သူ ပုလဲနန္ဒာနှင့် တည့်တည့်တိုးလေသည်။

"အစ်မ ဘယ်သွားမလို့လဲ၊ လက်ထဲက ဘာလဲ"

သူ့အမေးကို ပုလဲနန္ဒာက ခဲ့မဲ့ရွဲ့ရွဲ့နှင့် ပြန်ဖြေသည်။

"ကိုယ်တော်လေး ဗန္ဓုရာဇာတို့ အိမ်ကိုပေါ့၊ ဒါက အားဆေးရည်လေ၊ မယ်တော်ကိုယ်တိုင် ကျိုပြီး ဟေမာသီရိဆီ ပို့ခိုင်းလိုက်တာ၊



ငါ့မှာ ဒီအိမ်ကို ချောင်းပေါက်နေပြီ"

အစ်မဖြစ်သူ၏ လက်ပေါ်မှကြွေခွက်သည် လက်စသတ်တော့ ဟေမာသီရိ သောက်မည့်ဆေး ဖြစ်နေပါရော့လား။ သည်အတိုင်းဆိုတော့ အစ်မသည် ဟေမာသီရိနှင့် ထိတွေ့ဆက်ဆံနေရသည်ပဲ။

"အစ်မ နေ့တိုင်းရောက်နေတာလား"

"နေ့တိုင်း လာနေရတာပေါ့၊ မယ်တော်ခိုင်းတာကိုး၊ တစ်ခါတလေ တစ်နေ့တည်းနဲ့ နှစ်ခေါက် သုံးခေါက်ကျတယ်"

သတ္တိဗလသည် ပေစောင်း ပေစောင်းနှင့် သူ့ကို စောင်းငဲ့ကြည့်နေပြီသော သူ့တပ်ဖွဲ့အား လှည့်၍ အမိန့်ပေးလိုက်သည်။

"မင်းတို့ ပြန်နှင့်ကြ၊ ငါ နောက်က လိုက်လာမယ်"

သူ့တပ်စု ထွက်သွားသည်နှင့် သူက သူ့အစ်မထံ သိလိုသည်များကို မေးမြန်းလိုက်တော့သည်။

"ဟေမာသီရိ နေကောင်းရဲ့လားအစ်မ၊ ကလေးလေးကရော ဘယ့်နှယ်လဲ၊ ဘယ်သူနဲ့ တူသလဲ၊ ကိုယ်တော်လေးနဲ့တူလား၊ ဟေမာသီရိနဲ့တူလား"

ပုလဲနန္ဒာသည် စိတ်ပျက်လက်ပျက် ဖြစ်သွားဟန်နှင့် သက်ပြင်းချသည်။

"ဟဲ့-သတ္တိဗလရဲ့၊ နင်က ဒါဘယ်လိုဖြစ်ရတာလဲ၊ အဲဒါ နင့်အရေးလား၊ သူ့အဖေ၊ သူ့ အမေနဲ့ သူ့သား၊ ဘယ်သူနဲ့ တူတူပေါ့၊ ဘာလဲ နင်က နင်နဲ့တူမှာ စိုးရိမ်နေလို့လား"

သတ္တိဗလသည် ပုလဲနန္ဒာ၏ ပါးစပ်ကို လိုက်ပိတ်၏။ ပုလဲနန္ဒာသာ ရှောင်သည်။

"အစ်မကလဲဗျာ၊ မဟုတ်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့၊ သူများတွေကြားသွားရင် အသတ်ခံရမယ့်ကိန်း ဆိုက်နေပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ငါသိပါတယ်။ ဒီမှာ ဘယ်သူမှမရှိလို့ ပြောတာပါ။ ဖယ်စမ်း၊ ဆေးရည်တွေ ဖိတ်ကုန်လို့ နင့်ဟေမာသီရိ မသောက်လိုက်ရဘဲ နေဦးမယ်"

"အစ်မကလဲ ပြောလေဆိုးလေပဲ"

"ဆိုးမှာပေါ့၊ နင်ဖြစ်နေပုံလဲ နင်ပြန်စဉ်းစားပါဦး၊ ဟိုက အိမ်ထောင်ကျလို့ ကလေးတစ်ယောက်တောင် မွေးနေပြီ။ ဒါကို နင်က စွဲလမ်းနေတုန်းပဲလား၊ နင်အဲဒီလို စွဲလမ်းနေတာကို ဘေးလူတွေ ရိပ်မိသွားရင် နင်ပြောသလို အသတ်ခံရမယ့်ကိန်း ဆိုက်မလာနိုင်ဘူးလား"

သတ္တိဗလ ကျွဲမြီးတိုသွားသည်။

"အစ်မသာ မပြောရင် ဘယ်သူမှ မသိဘူး"

"ဩော်–ငါမပြောလဲ နင်သာ မဆင်ခြင်နိုင်ရင် ရိပ်မိလာနိုင်တာပဲဟဲ့၊ တစ်ယောက်ယောက်က တစ်ယောက်ယောက်ကို စွဲလမ်းပြီဆိုရင် အမူအရာကသိပ်သိသာတယ်။ ဖုံးလို့ဖိလို့ကို မရနိုင်ဘူး"

"တော်ပြီဗျာ၊ တော်ပြီ။ အစ်မနဲ့ စကားပြောရတာ အဆင်ကိုမပြေဘူး။ သွားတော့မယ်"

သတ္တိဗလ လှည့်ထွက်မည်လုပ်မှ ပုလဲနွှာက လှမ်းဆွဲထားလိုက်သည်။

"နေဦး. . .၊ ထွက်မပြေးနဲ့၊ ပြဿနာဆိုတာ ထွက်ပြေးတာနဲ့ ပြီးသွားတာမျိုး မဟုတ်ဘူး၊ ငါပြောတာ မှန်မမှန် ခေါင်းအေးအေးနဲ့ ပြန်စဉ်းစား၊ အခု နင်သိချင်နေတာကို ငါပြောပြလိုက်မယ်၊ ဟေမာသီရိ နေကောင်းတယ်။ တစ်သားမွေး တစ်သွေးလှဆိုတာ အဲဒီကောင်မပဲ၊ သူ့သားလဲ ကျန်းမာရေးကောင်းတယ်။ အဖေနဲ့ လုံးဝမတူဘူး၊ မအေတူ ကလေးဟဲ့၊ ကဲ-ကျေနပ်ပြီလား"



သတ္တိဗလမျက်နှာသည် ဝင်းပသွားသည်။ သူသိချင်တာကို သိလိုက်ရပြီ။ ယောက်ျားလေး မအေတူလျှင် ကံကောင်းသည်ဟု ပြောစမှတ်ရှိသည်။ ကံကောင်းသော သားကလေး၏အမေသည်လည်း ကံကောင်းမှာ သေချာသည်ဟု သူတွက်ဆလိုက်သောကြောင့် ဝမ်းသာပြီး မျက်နှာဝင်းပသွားခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သားလေးကို အမေတူသည်ဟု အားလုံးက ပြောလာကြသော အခါ ဟေမာသီရိ မလုံမလဲဖြစ်သည်။ တကယ်တော့ မျက်လုံးဝိုင်းခြင်း၊ မျက်တောင်ကော့ခြင်း၊ မျက်ဝန်းတို့ အရည်ကြည်ရွှန်းလဲ့ခြင်းတို့သည် သာ သူမနှင့်တူခြင်း ဖြစ်သည်။ မဟာနဖူးရှိခြင်း၊ မျက်နှာဝိုင်းခြင်း၊ မေးရိုးကားခြင်းစသည့် အင်္ဂါရပ်များမှာ သူ့အဖေဣက္ခဒ္ဒိပါဒနှင့် တစ်ထေရာတည်း ဖြစ်ပေသည်။

သို့သော် ဣက္ခဒ္ဒိပါဒကို မြင်ဖူးသူများမရှိကြ၍ ဣက္ခဒ္ဒိပါဒနှင့် တူသည်ဟု မည်သူမှ မပြောကြခြင်း ဖြစ်ပေသည်။ ဤကလေးသည် ဣက္ခဒ္ဒိပါဒ၏ သားဖြစ်ကြောင်းသိသူမှာ မိမိနှင့် ဣက္ခဒ္ဒိပါဒမှလွဲလျှင် ဗန္ဓုရာဇာမင်းသား လေးပင် ဖြစ်ပေသည်။

မင်းသားလေးသည် ဤကိစ္စကို စိတ်ဝင်စား၏။ ဟေမာသီရိဖွားမြင်ပြီး ခုနစ်ရက်မြောက်သောနေ့၌ မင်းသားလေးက ဤကိစ္စကို ထုတ်ဖော်မေးကြားခဲ့သည်။



"နှမတော်ကို မောင်တော်အားနာနာနဲ့ တစ်ခုလောက် မေးချင်တယ်၊ သားတော်လေးက သူ့အဖေနဲ့ တူသလားဟင်"

"တူတယ် မောင်တော်၊ ဒါပေမဲ့ မျက်လုံးကျတော့ နှမတော်နဲ့ တူနေတယ်၊ ဒါကြောင့် အားလုံးက မအေတူသားလို့ ပြောနေကြတာ"

"ခမည်းတော်ကတော့ ဒီလိုပြောတယ်၊ မင်းက ဟေမာသီရိကို သိပ်ချစ်တယ် ထင်တယ်တဲ့၊ ဒါကြောင့် ကလေးက အဖေနဲ့မတူဘဲ အမေနဲ့ တူနေတာတဲ့၊ ခမည်းတော်တို့က အကြောင်းရင်း မသိတော့ယဲ အဲဒီလိုပြောတာပေါ့နော်၊ ဒါပေမဲ့ မှန်တာတော့ရှိပါတယ်။ မောင်တော်က နှမတော်ကို သိပ်ချစ်တာပဲ ဆိုတာ"

ဟေမာသီရိ စိတ်မကောင်း ဖြစ်ရသည်။ သွေးနုသားနုနှင့် မငိုသင့်ဟု လူကြီးသူမများ စကားကို ကြားဖူးထားသောကြောင့် စိတ်ကိုတင်းပြီး မင်းသားလေး ဗန္ဓုရာဇာကို ပြုံးပြခဲ့ရ၏။ မောင်တော်သည် သဘောထား ကြီးလှပါပေသည်။ မောင်တော်ဗန္ဓုရာဇာအား ကံကြမ္မာကပေးသော ခင်ပွန်းဟု တင်စားမည်ဆိုလျှင် ဟေမာသီရိ ကံကောင်းသည်ဟု ဆိုရ ပါလိမ့်မည်။

သားတော်လေးအဖို့ ပြောရလျှင်လည်း 'ကံဆိုးထဲက ကံကောင်း' ဖြစ်ပါ၏။ ဖခင်အရင်းနှင့် ကွေကွင်းရသော်လည်း ဒုတိယဖခင်က စိတ်သဘောထား သိမ်မွေ့မြင့်မြတ်သူ ဖြစ်နေသည်။ မင်းသားတစ်ပါးလည်း ဖြစ်ပြန်သောကြောင့် သားကလေးသည် မင်းသား၏ သားတော်ကလေး အဖြစ် အားလုံး၏ ဖူးဖူးမှုတ်ထားခြင်းကို ခံခဲ့ရလေသည်။ မဟာရာဇာမင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့ကလည်း မြေးတော်လေးကို အလွန် ချစ်ကြသည်။ သားတော်ကိုးပါးမှ ဆင်းသက်သော မြေးတော်များ ရှိပြီး ဖြစ်သည့်တိုင် ယခု မြေးတော်ကလေးကို အပိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားခေါင်ကြီးဆိုလျှင် ပေဒင်ဆရာများကိုပင် မြေးတော်ကလေးနှင့်ပတ်သက်၍ မည်သည့် မကောင်းသော နိမိတ်ကိုမှ ဟောကြားခြင်း မပြုလင့်ဟု ဟန့်တားခဲ့သည်။ မြေးတော်ကလေးအား နာမည်ပေးရန် တာဝန်ကို ပေဒင်ဆရာများထံ မအပ်နှံ။ သူမကိုယ်တိုင် စဉ်းစားပြီး ပေးသည်။ မိမိကိုယ်တိုင် အိပ်မက် မက်ပြီးမှရသော မြေးတော်ကလေး ဖြစ်၍ မိမိ မည်ပေးမှ နတ်ဒေဝတာများ ကျေနပ်ကြလိမ့်မည်ဟု မိဖုရားကြီးက မြွက်တော်မူသည်။

မိဖုရားကြီး၏ မြွက်ဆိုချက်ကို နတ်ဆရာချုပ်ကြီး သိင်္ဂါဒေဝကလည်း ထောက်ခံလေရာ မည်သူမှ စောဒက မတက်ရဲတော့ချေ။ ဤသို့ဖြင့် မိဖုရားကြီးရွေးချယ်သော 'ဟတ္ထိရာဇာ' ဟူသော အမည်သည် အတည် ဖြစ်သွားလေသည်။ မိဖုရားကြီးပေးသော နာမည်ကို မဟာရာဇာမင်းကြီးကလည်း သဘောကျ၏။ ဤမြေးတော်ကလေးသည် ဆင်ပေါက်တစ်ကောင်ကဲ့သို့ အားအင်ပြည့်ဖြိုး မာန်ဟုန်တိုးလာလိမ့်မည်ဟု သူက ကြုံးဝါးခဲ့သည်။

ဤသို့ဖြင့် သားတော်လေး၏ နာမည်ပေးကင်ပွန်းတပ်ပွဲကို တစ်လပြည့်သည့်ပွဲနှင့် တစ်ပေါင်းတည်း လုပ်လိုက်ကြသည်။ လူများများ မဖိတ်သော်လည်း နန်းတွင်းမှ မှူးကြီးမတ်ရာများအားလုံး ရောက်လာကြသည်။ မင်းသားလေး ဗန္ဓုရာဇာက ဟေမာသီရိ၏ မိဘနှစ်ပါးကို သစ်အယ်ချောင်ရွာမှ လည်းကောင်း၊ နန်းတွင်းမှာရှိနေသော သစ်အယ်ချောင်ဇာတိ သတ္တိဗလနှင့် ပုလဲနန္ဒာတို့ကိုလည်းကောင်း အမှတ်တရ ဖိတ်ကြားပေးခဲ့၏။

ဤသို့ဖြင့် သတ္တိဗလလည်း စိတ်ဆန္ဒပြည့်ဝသွားခဲ့သည်။ သူသည် အခြားသော မှူးကြီးမတ်ရာများကဲ့သို့ အဖိုးတန် လက်ဆောင်ပစ္စည်း



များ ယူမလာနိုင်ခဲ့ပေ။ ထို့ကြောင့် သူက ဟေမာသီရိကို ဤသို့ ပြောပြခဲ့သည်။

"ဟေမာသီရိ၊ နင်က သခင်မလေးတစ်ယောက် ဖြစ်သွားပေမဲ့ ငါတို့အပေါ် ဘာမှမပြောင်းလဲတာကို ငါဂုဏ်ယူပါတယ်ဟာ၊ ငါက အခုမြို့စောင့်တပ်ထဲမှာ နေနေရတော့ နင်တို့အိမ်ကို ကူညီဖို့ဆိုရင် တပ်မှူးက ငါ့ကိုပဲခိုင်းတာ၊ မနေ့က ထင်းခုတ်ပြီးလာပို့တဲ့ အဖွဲ့ကို ငါပဲ ဦးစီးခဲ့ရတာ၊ နင့်ကို တွေ့ချင်လို့ ကြည့်ပါသေးတယ်။ နင်ကလဲ ပေါ်ကို မလာဘူး"

"ပြောတယ်၊ အစ်မ ပုလဲနန္ဒာ ငါ့အတွက် အားဆေးရည်လာပို့ရင်း နင်နဲ့လမ်းမှာ တွေ့တယ်လို့ ပြောတယ်။ သတ္တိဗလရယ်၊ နင်ကလဲ စံအိမ်တော်က အခြွေအရံ တစ်ယောက်ယောက်ကို ငါနဲ့တွေ့ချင်တယ်လို့ ပြောလိုက်ရင် ပြီးတာပဲ"

"မပြောရဲပါဘူးဟာ"

"ပြောရဲရမယ်၊ တို့က သူစိမ်းတွေမှ မဟုတ်တာ၊ နောက်ဆိုရင် ပြောနော်၊ ငါလည်း မှာထားမယ်"

"ဒါဆိုလဲ ဟုတ်ပါပြီဟာ၊ အဲဒီတော့ ငါပြောချင်တာက နင်တို့ အိမ်မှာ လိုအပ်တာရှိရင် ငါ့ကိုပြော၊ လုပ်အားနဲ့ ပတ်သက်တာမှန်သမျှ ငါ ကူညီမယ်ဟာ၊ ပြီးတော့ ငါနင့်ကို မှာထားဦးမယ်၊ နင့်ရဲ့ သားတော်လေးဟာ မင်းဆွေမင်းမျိုးလေးနော်၊ ဂရုစိုက်မှဖြစ်မယ်၊ ကြီးလာရင် ငါ့ကို အထိန်းတော်ခန့်၊ ငါထိန်းပေးမယ်၊ အထိန်းတော် လုပ်ချင်လွန်းလို့ မဟုတ်ဘူးနော်၊ နင့်သားလေး ပြီးတော့ ငါတို့ဘုရင်ရဲ့ မင်းဆွေမင်းမျိုးလေးကို ငါကိုယ်တိုင် စောင့်ရှောက်ချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



ဟေမာသီရိသည် သတ္တိဗလ၏ စကားများကြောင့် စိတ်ထိခိုက်ရပြန်သည်။ မင်းဆွေမင်းမျိုးလေးတဲ့ အေးလေ နာမည်တောင် ဟတ္ထိရာဇာ ဖြစ်နေမှပဲ။ မင်းဆွေမင်းမျိုးပေါ့။

"အေးပါ သတ္တိဗလရယ်၊ နင် အဲဒီလိုသဘောထားတာ ငါဝမ်းသာပါတယ်၊ နင် ဒီလိုပြောတော့ ငါက နင့်ကို အစ်ကိုတစ်ယောက်လို၊ မောင်တစ်ယောက်လို သဘောထားပါတယ်ဟာ"

အစ်ကိုတစ်ယောက်လို၊ မောင်တစ်ယောက်လို။ ကြားဖူးနေကျ ဤစကားကို သတ္တိဗလ ထပ်ကြားရပြန်ချေပြီ။ ကောင်းပါသည်။ လုံးဝ ဝေးကွာ စိမ်းကားသွားသည်နှင့်စာလျှင် ဤသဘောထားသည် သတ္တိဗလအတွက် အများကြီး ဖြေသာပါသည်။

"ငါ မောင်တော် ဗန္ဓုရာဇာကို ပြောထားပေးမယ်၊ နောင်မှာ သားတော်လေး အရွယ်ရလာရင် နင်နဲ့ပဲ တွဲပေးထားပါလို့"

သတ္တိဗလနှင့် ဟေမာသီရိတို့ သားကလေးကိစ္စ အချီအချ ပြောနေကြစဉ် အနားမှာ ပုလဲနန္ဒာပါ ရှိသည်။ ပုလဲနန္ဒာကတော့ မောင်ဖြစ်သူကို စိတ်ကုန်သထက် ကုန်လာသည်။ ဤမျှ အရှုံးအမူး စွဲလမ်းပြီး ဤမျှအနှိမ့်အတာခံလိုစိတ် ပြင်းပြနေသော လူတစ်ယောက်က မိမိ၏မောင် အရင်းခေါက်ခေါက် လာဖြစ်နေသည်။ အံ့သြစရာကောင်းလောက်အောင် နုံလွန်း၊ အလွန်း၊ ထိုင်းလွန်း၊ မှိုင်းလွန်းလှသည်ဟု ပုလဲနန္ဒာ ခံစားနေမိ၏။

ဟတ္ထိရာဇာ၏ နာမည်ပေး ကျင်းပွန်းတပ်ပွဲနှင့် တစ်လပြည့်သည့်ပွဲကို ပေဒင်ဆရာကြီးများလည်း လာသည်။ သို့သော် မိဖုရားခေါင်ကြီး ဟန့်တားထားသောအမိန့်ကြောင့် မည်သူမှ မကောင်းသောနိမိတ်၊ မကောင်းသော အတိတ်များကို ဟောကြားခြင်း မပြုရကြ။ ကောင်းသောအတိတ်၊



ကောင်းသော နိမိတ်များကိုသာ ဖတ်ကြားပြီး ပြန်ကြသည်။

ဧည့်သည်များသည် ဝင်လိုက်ထွက်လိုက်နှင့် စည်ကားနေသောကြောင့် သတ္တိဗလ၊ ပုလဲနန္ဒာနှင့် ဟေမာသီရိတို့သည် ကြာကြာ စကားပြောခွင့် မရခဲ့ပေ။ သတ္တိဗလအဖို့ကား ဤမျှ တွေ့ခွင့်၊ ဆုံခွင့်၊ စကားပြောခွင့် ရလိုက်ခြင်းအတွက် လွန်စွာမှ ဝမ်းမြောက်ပီတိ ဖြစ်နေခဲ့လေသည်။

သားတော်လေး၏ တစ်လပြည့် မွေးနေ့ပွဲကို မဟာရာဇာမင်းကြီး၊ မိဖုရားခေါင်ကြီးနှင့် အိမ်ရှေ့စံကိုယ်တော်ကြီး သက္ကရာဇာတို့ပါ ကြွရောက် ချီးမြှင့်ကြသည်။ ဤကဲ့သို့ အုတ်အုတ်သဲသဲ ဂရုစိုက်ကြသည်ကို သတ္တိဗလက ကျေနပ်အားရစွာ မုဒိတာပွားနေသလောက် ပုလဲနန္ဒာက မကျေမနပ် ဖြစ်နေသည်။ ဟေမာသီရိ အဘယ့်ကြောင့် ဤမျှကံကောင်း သွားရသနည်း။ မနာလိုစိတ် မမွေးဘဲ သင့်တင့်အောင် ဆက်ဆံသွားမည်ဟု ဆုံးဖြတ်ထားလျက်က ဤမနာလိုစိတ်သည် မည်သည့်နည်းနှင့် ပေါ်ပေါက်လာပါသနည်း။

မည်သို့ပင်ဖြစ်စေ ပုလဲနန္ဒာ၏ ရင်ထဲ၌ ပေါက်ကွဲခါနီး မီးတောင်ငယ်များ အစီအရီ ပေါ်ပေါက်လျက် ရှိသည်။ သူမသည် ဟေမာသီရိအပေါ် တွယ်တာလွန်းနေသော မောင်ဖြစ်သူ သတ္တိဗလကိုလည်း မကျေနပ်၊ ဂရုစိုက်သူများ ဝိုင်းဝိုင်းလည်နေသော ဟေမာသီရိကိုလည်း မကျေနပ်၊ ဟေမာသီရိကို ဂရုစိုက်နေကြသူများကိုလည်း မကျေနပ်၊ တကယ်တော့ လက်တွေ့မျက်တွေ့ ထိတွေ့လာရသောအခါ ကြိုတင်စိတ်ကူး တည်ဆောက်ထားသော 'မိမိနှင့် မသက်ဆိုင်သလို နေမည်' ဟူသော စိတ်သည် အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မြို့စောင့်တပ်မှူး သူရစက္ကက သတ္တိဗလကို သူ့အိမ်ရှိ ဧည့်ခန်းဆောင်တွင် ခေါ်တွေ့သည်။ လက်ပွန်းတတီး နေခဲ့ကြသည်မှာ တစ်နှစ်ခန့်ရှိပြီ ဖြစ်သောကြောင့် သတ္တိဗလသည် အိမ်သားတစ်ဦးသဖွယ် ဖြစ်နေလေပြီ။ တပ်မှူးက သူ့ကို ရေနွေးကြမ်းနှင့် ဧည့်ခံသည်။

"မောင်မင်းကို ခေါ်တွေ့ရတာ အကြောင်းရှိတယ် သတ္တိဗလ၊ အရေးလဲကြီးတယ်၊ အဲဒီအကြောင်းကတော့ မောင်မင်းရဲ့ တောင်းဆိုချက်တစ်ခုက အစပြုခဲ့တာပဲ"

တပ်မှူး၏ စကားကြောင့် သတ္တိဗလသည် သူ့တောင်းဆိုချက်တစ်ခုဆိုသည်ကို ပြန်လည်စဉ်းစား ကြည့်မိသည်။ သူသည် မည်သူ့ထံတွင် မည်သည့်အရာကို တောင်းဆိုခဲ့ပါသနည်း။ ရုတ်တရက် စဉ်းစား၍ မရခဲ့ပေ။

"မောင်မင်းက အတင့်ရဲပြီး ကိုယ်တော်လေး ဗန္ဓုရာဇာရဲ့ ကြင်ရာတော်ထံမှာ သားတော်လေးအတွက် အထိန်းတော်တာဝန်ကို တောင်းဆိုခဲ့တဲ့ တောင်းဆိုချက်ပေါ့၊ အဲဒီ တောင်းဆိုချက်ကို ကိုယ်တော်လေး



ကိုယ်တိုင် မဆုံးဖြတ်နိုင်လို့ အိမ်ရှေ့စံကိုယ်တော်ကြီးနဲ့ မဟာရာဇာမင်းကြီးတို့ရဲ့ ရွှေနားတော် ရောက်အောင် လျှောက်ထားခဲ့ရတယ်"

ဟေမာသီရိ၏ သားကလေး တစ်လပြည့်သည့်နေ့က စေတနာအပြည့်အဝနှင့် ပြောခဲ့သောစကားသည် ရွှေနန်းရှင်တို့၏ နားအထိပင် ပေါက်ရောက်သွားခဲ့ပါပကော။ မိမိ၏ တောင်းဆိုချက်သည် ဤမျှအထိ အရေးကြီး အရေးပါမည်ဟု မထင်ခဲ့။ အိမ်ရှေ့စံ ကိုယ်တော်ကြီး၏ ယခုအခါ အသက်ခုနစ်နှစ်အရွယ်ခန့် ရှိနေပြီဖြစ်သော သားတော် မန္တရာဇာအား ဘယ်သွားသွား ဘယ်လာလာ ဓားလွယ်ကိုင်ထားသည့် အထိန်းတော် အစောင့်အရှောက်တစ်ဦး ခြံရံလိုက်ပါနေသည်ကို တွေ့ထားသောကြောင့် ဟေမာသီရိ၏ သားကလေးအားလည်း ဤကဲ့သို့ စောင့်ရှောက်လိုစိတ်ပေါ်လာကာ ထုတ်ဖော်ပြောပြခဲ့မိခြင်း ဖြစ်ပေသည်။

"မင်းသားတွေကနေ မွေးတဲ့ မင်းဆီမင်းသွေး သားတော်၊ သမီးတော်တွေကို အထိန်းတော်အဖြစ် စောင့်ရှောက်ခွင့် ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး သတ္တိဗလရဲ့၊ ရွှေနန်းရှင်များ ကိုယ်တိုင် သက်ဆိုင်ရာ မှူးကြီးမတ်ကြီးတွေနဲ့ တိုင်ပင်ဆွေးနွေးပြီး ရွေးချယ် ခန့်အပ်ရတာ၊ အရည်အချင်းမရှိတဲ့ လူတွေကို ဒီတာဝန်ပေးလိုက်ရင် ဘယ်လိုလုပ်ပြီး စိတ်အေးနိုင်မှာလဲ၊ အထိန်းတော်တွေ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေထဲမှာ အရေးကြီးတဲ့ အရည်အချင်းကြီး သုံးရပ်ရှိတယ်။ ပထမတစ်ရပ်က စိတ်ချယုံကြည်ရတဲ့လူ ဖြစ်ဖို့ပဲ၊ ဒုတိယအချက်က သွက်လက် ဖျတ်လတ်ပြီး ထက်ထက်မြက်မြက် စဉ်းစားဆုံးဖြတ်တတ်ရမယ်၊ တတိယအချက်ကျတော့ သိုင်းပညာ 'ထက်မြက်ထူးချွန်ဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူး သူရစက္ကသည် သတ္တိဗလကို ရှင်းပြနေရင်း အကဲလည်း ခတ်နေ၏။ သတ္တိဗလသည် တပ်မှူးပြောသော အရည်အချင်းများနှင့် သူ့ကိုယ်သူ ချိန်ထိုးကြည့်ရာ ပထမအချက်နှင့် ဒုတိယအချက်၌ မျှော်လင့်ဖွယ်ရှိသော်လည်း တတိယအချက်၌မူ ဗလာနတ္ထိဖြစ်နေသဖြင့် စိတ်ပျက်အားငယ်သွားလေသည်။ သတ္တိဗလ စိတ်ပျက်အားငယ် သွားပုံမှာ မျက်နှာပေါ်တွင် ပေါ်လွင်ထင်ရှားလွန်းလှသောကြောင့် တပ်မှူး သူရစက္ကက အားပေးစကား ပြောကြားလိုက်၏။

"ဒီတော့ မောင်မင်းမှာ တတိယအချက်ဖြစ်တဲ့ သိုင်းပညာ ထက်မြက်ထူးချွန်ရမယ်ဆိုတဲ့ အရည်အချင်းနဲ့လွတ်နေတယ်၊ ပထမအချက်ကတော့ ပြည့်စုံပါတယ်၊ သခင်မလေး ဟေမာသီရိနဲ့ တစ်ရွာတည်းသားချင်း ဖြစ်တဲ့အပြင် ပန်းကုံးစွပ်ပွဲမှာ ပန်းကုံးကိုင်ပြီး စွပ်ခဲ့ရသူတစ်ယောက်ဖြစ်လေတော့ ယုံကြည်စိတ်ချရသူ ဖြစ်တယ်လို့ ရွှေနန်းရှင်များနဲ့ မှူးကြီးမတ်ရာတွေက ဆုံးဖြတ်ကြပါတယ်၊ သွက်လက်ဖျတ်လတ်ပြီး ထက်ထက်မြက်မြက် စဉ်းစားဆုံးဖြတ်တတ်တယ် ဆိုတာကိုတော့ အိမ်ရှေ့စံ ကိုယ်တော်ကြီးနဲ့ ကျွန်ုပ်တို့နှစ်ယောက်က ထောက်ခံထားတယ်၊ ကျန်တဲ့ မှူးကြီးမတ်ကြီးတွေကလဲ အလျဉ်းသင့်သလို အကဲခတ်သွားပါလိမ့်မယ်၊ ဒီတော့ မောင်မင်း သိပ်စိတ်ပျက်စရာ မလိုဘူး၊ သိုင်းပညာကိုသာ တတ်အောင်သင်ပြီး ထူးချွန်ထက်မြက်အောင်လုပ်ပေတော့"

"သိုင်းပညာ ထူးချွန်ထက်မြက်လာရင်တော့ အဲဒီတာဝန်ကို ထမ်းဆောင်နိုင်ပြီပေါ့နော်၊ တပ်မှူး"

သတ္တိဗလသည် မျှော်လင့်ချက် ရောင်ခြည်သမ်းလာသော လေသံနှင့် ပြန်မေးလိုက်၏။



"ဒါပေါ့၊ သိုင်းပညာ ထူးချွန်ထက်မြက်မှလည်း မင်းဆီမင်းသွေးကလေးတွေကို ဘေးမသီ ရန်မခရလေအောင် အကာအကွယ်ပေးနိုင်မှာပေါ့၊ အခု အိမ်ရှေ့စံကိုယ်တော်ကြီးရဲ့ သားတော် မန္တရာဇကို စောင့်ရှောက်နေတဲ့ ဂေါဝိန္ဒဆိုရင် ကျွန်ုပ်ရဲ့ မြို့စောင့်တပ်မှာ တပ်ခွဲမှူးတာဝန်ထမ်းဆောင်ခဲ့တဲ့ လူပဲ။ သိုင်းပညာမှာ ပထမတန်းစား အဆင့်ရှိတယ်။ ဓားရေးဆိုရင် ဝက်အူလိမ်ဓား အဆင့်ရှိတယ်။ အိမ်ရှေ့စံကိုယ်တော်ကြီးရဲ့ သမီးတော်ကို စောင့်ရှောက်နေတဲ့ စိတ္တမာလာဆိုရင်လဲ အမျိုးသမီးဆိုပြီး အထင်မသေးနဲ့၊ ဒုတိယတန်းစားသိုင်းသမားပဲ၊ ဒီတော့ မောင်မင်းအနေနဲ့ သူတို့လိုဖြစ်ချင်တယ်ဆိုရင် သူတို့လို ထူးချွန်အောင် ကြိုးစားရမှာပဲ"

"မှန်လှပါ၊ ကြိုးစားချင်ပါတယ် ဘုရား၊ ဒါပေမယ့် ကျွန်တော်မျိုးကို သင်ပေးမယ့် ဆရာ ရှိပါ့မလားဘုရား"

တပ်မှူးသူရစက္ကက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။

"မောင်မင်းရဲ့ဆရာက မောင်မင်းရဲ့ရှေ့မှာပဲ သတ္တိဗလရဲ့၊ ကျွန်ုပ်ကိုယ်တိုင် မောင်မင်းကိုသင်ပေးမှာ၊ မောင်မင်းကသာ အပင်ပန်းအဆင်းရဲခံပြီး ကြိုးစားဖို့လိုတယ်"

သတ္တိဗလသည် ကြက်သီးမွေးညင်းများ ထသွား၏။ တပ်မှူးသူရစက္က၏ သိုင်းပညာစွမ်းရည်သည် နေပြည်တော်တစ်ခုလုံးတွင် ပြိုင်စံရှားသူဖြစ်ကြောင်း သူ ကြားဖူးထားပြီး ဖြစ်သည်။ ဤကဲ့သို့ တစ်နိုင်ငံလုံးတွင် နံပါတ်တစ် အဆင့်ရှိသူ၏ တပည့်ဖြစ်ရမည်ဟု သိလိုက်ရသောအခါ များစွာဝမ်းသာတုန်လှုပ်မိလေသည်။ ဤသည်မှာ မိမိ၏ ကံကောင်းခြင်း ဖြစ်၏။ ဟေမာသီရိနှင့် သားတော်လေးတို့၏ ကံကောင်းခြင်းသည် မိမိထံ ကူးစက်လာခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုင်ခုံမှထကာ ကြမ်းပြင်ပေါ် ဆင်းပြီး တပ်မှူးသူရစက္ကအား မုဆိုးဒူးထောက် အနေအထားနှင့် အရိုအသေပေးလိုက်၏။

"ကျေးဇူးကြီးလှပါတယ် တပ်မှူးဘုရား၊ ကျွန်တော်မျိုးကို ကြိုက်သလို ဆုံးမပါ၊ ကျွန်တော်မျိုး နာခံပြီး ထူးချွန်အောင် ကြိုးစားပါ့မယ်"

"ထတော့ သတ္တိဗလ၊ ထတော့၊ ဒါတွေဟာ မောင်မင်းရဲ့ ရိုးသားဖြူစင်မှုကပေးတဲ့ အကျိုးဆက်တွေပဲ၊ မဟာရာဇာမင်းကြီးရော၊ အိမ်ရှေ့စံကိုယ်တော်ကြီးကပါ မောင်မင်းရဲ့ ရိုးသားဖြူစင်မှုကို အသိအမှတ်ပြုကြတယ်။ မိဖုရားကြီး အပါအဝင်ပါပဲ။ ဒီတော့ ဆက်ပြီးတော့လဲ ရိုးသားဖြူစင်စွာ အမှုတော်ထမ်းပေတော့ကွာ"

တပ်မှူးသူရစက္ကသည် သတ္တိဗလအား သင်ယူရမည့်အချိန်နှင့် လေ့ကျင့်ရမည့် အချိန်တို့ကို သတ်မှတ်ပေးလိုက်၏။ သိုင်းသမား တစ်ယောက် လိုက်နာရမည့် စည်းကမ်းများကိုလည်း သွန်သင်ပေးလိုက်သည်။ စတင်သင်ကြားမည့် နေ့ကိုလည်း မနက်ဖြန်ဟု သတ်မှတ်လိုက်လေသည်။

"မနက်ဖြန် စသင်မှာဆိုတော့ ဒီနေ့ မောင်မင်းလုပ်ရမယ့် အလုပ်က 'သစ်သားဓား' လုပ်ဖို့ပဲ၊ ဓားရေးပညာက စသင်မှာဆိုတော့ သစ်သားဓား နှစ်လက်လုပ်ရမယ်၊ သစ်သားဓားနှစ်လက်နဲ့ လေ့ကျင့်ရမယ်၊ တကယ့်ဓားကို ကိုင်လို့မဖြစ်သေးဘူး၊ တကယ့် ဓားနဲ့ လေ့ကျင့်ရင် ထိမိခိုက်မိမှာ စိုးရိမ်ရလို့ပဲ"

"မှန်လှပါ၊ ကျွန်တော်မျိုး လုပ်လိုက်ပါ့မယ်ဘုရား၊ ကျွန်တော်မျိုး အတွက် တပ်က ထုတ်ပေးထားတဲ့ ဓားလွယ်နဲ့တိုင်းပြီး ပုံစံတူလုပ်လိုက်ပါ့မယ် ဘုရား၊ ဘယ်လို သစ်အမျိုးအစားနဲ့ လုပ်ရင် ကောင်းမလဲ ဘုရား"

"နေဦး၊ မောင်မင်းကို တပ်က ထုတ်ပေးထားတဲ့ ဓားလွယ်ဆိုတာ အခု လွယ်ထားတဲ့ ဓားလွယ်လား"

"မှန်လှပါ ဘုရား"

"အထဲက ဓားကို ထုတ်လိုက်ပါဦး၊ မောင်မင်းကိုင်တဲ့ဓားက မောင်မင်းနဲ့ ကိုက်မကိုက် ကြည့်ရအောင်"

သတ္တိဗလက ထိုင်ရာမှထကာ ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်သည်။ သူရစက္ကလည်း အသေအချာ ကြည့်လို၍ ထိုင်ရမှ ထလိုက်၏။

"မောင်မင်းရဲ့ ဓားကို လက်က ကိုင်ထားရင်းနဲ့ လက်ရုံးကိုဆန့်လိုက်၊ ပြီးတော့ ဓားဦးကို ပခုံးဘက်ကပ်လိုက်၊ လက်ချောင်းလေးတွေကို ဖြေလျှော့ပြီး ဓားရိုးကို လက်မ၊ လက်ညှိုးကြားထဲ တင်ညှပ်ထားရင် အဲဒီလို လုပ်လို့ရတယ်"

သတ္တိဗလသည် တပ်မှူးပြောသည့်အတိုင်း လုပ်ကြည့်ရာ ဓားဦးသည် ပခုံးစွန်းသို့မမှီဘဲ လက်မောင်းအရင်း ပခုံးသားသို့သာ ထိနေသည်ကို တွေ့ရသည်။

"ကြည့်-အဲဒီလို ဖြစ်နေတာဟာ ဒီဓား မောင်မင်းနဲ့ မကိုက်ဘူးဆိုတာ ပြနေတာပဲ၊ ဓားက တိုနေတယ်၊ ဓားဆိုတာ တိုရင်လဲမကောင်းဘူး၊ ရှည်ရင်လဲမကောင်းဘူး၊ မိမိရဲ့ အရပ်အမောင်းနဲ့ လိုက်လျောညီထွေတဲ့ ဓားဖြစ်ရမယ်၊ အဲသလိုဖြစ်ဖို့ဆိုရင် လက်ထဲမှာကိုင်ပြီး ဓားနှောင့်ကို လက်မောင်းဘက် ကပ်လိုက်တာနဲ့ ဓားဦးဟာ ပခုံးစွန်းမှာ ထိနေရမယ်။ မောင်မင်းကို ဓားထုတ်ပေးတုန်းက ဘယ်သူ ထုတ်ပေးတာလဲ၊ မောင်မင်းကို အဲဒီလိုတိုင်းဖို့ သင်မပေးဘူးလား"

တပ်မှူးသူရစက္ကသည် ရှင်းပြရင်းမှ တစ်ဆက်တည်း ဓားထုတ်ပေးသူ မည်သူမည်ဝါ ဖြစ်သည်ကို မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ၊ ကျွန်တော်မျိုး မမှတ်မိတော့ကြောင်းပါဘုရား"

သတ္တိဗလ သဘောပေါက်သည်။ တပ်သားသစ်ကို ဓား ထုတ်ပေး စဉ်က လိုအပ်သည့် သင်ကြားပြသမှု မပြုလုပ်ဘဲ ပြီးစလွယ် ထုတ်ပေး လိုက်သော တာဝန်ရှိသူအား တပ်မှူးမှ တစ်စုံတစ်ခုသော အပြစ်ပေး အရေးယူမှု ပြုလုပ်တော့မည် ဖြစ်၏။ ထို့ကြောင့် မမှတ်မိတော့ကြောင်း ပြောကြားကာ ခေါင်းရှောင်လိုက်ခြင်း ဖြစ်ပေသည်။

"ကိစ္စမရှိဘူး၊ မောင်မင်း မပြောရင်လဲ ကျွန်ုပ်ရအောင် စုံစမ်းနိုင်တယ်၊ ဒီလို ပေါ့လျော့မှုမျိုးကို ရွှေမြို့တော်မြို့စောင့်တပ်မှာ ထိန်းသိမ်းထားလို့ မဖြစ်ဘူး၊ ရွှေမြို့တော်ရဲ့ မြို့စောင့်တပ်မှာ စည်းကမ်းအရှိ စနစ်အရှိ စံပြတပ် ဖြစ်ရမယ်"

သတ္တိဗလ မျက်လွှာချနေလိုက်သည်။

"ကောင်းပြီ သတ္တိဗလ၊ မောင်မင်းလုပ်ရမယ့် သစ်သားဓားရဲ့ အရှည်ကို သဘောပေါက်သွားပြီလား"

"ပေါက်ပါပြီ တပ်မှူး၊ ဘာ အသားနဲ့ လုပ်ရင်ကောင်းမလဲဆိုတာ အမိန့်ရှိတော်မူပါဘုရား"

"သစ်မာသားဆိုရင် ဘာအသားနဲ့ လုပ်လုပ်ရတယ်၊ မန်ကျည်းသား အနှစ်ရရင်တော့ အကောင်းဆုံးပေါ့၊ သစ်သားအခြောက်ကို လုပ်ရမှာနော်၊ အစိုနဲ့တော့ သွားမလုပ်နဲ့၊ မခြောက်တခြောက်ဆိုရင်လဲ မကောင်းဘူး"

"မှန်ပါဘုရား"

"ဓားနှစ်လက်နဲ့ လေ့ကျင့်တဲ့ သဘောက ဘယ်ရောညာပါ အသုံးချ တတ်စေဖို့ပဲ၊ ဓားနှစ်လက် ကောင်းကောင်း ခုတ်တတ်ပြီဆိုတော့မှ ဓားတစ်လက်ကို ပြန်လေ့ကျင့်ရမယ်၊ ဓားသိုင်းတတ်သွားပြီဆိုရင် မောင်မင်းလက်သိုင်းပါ တတ်ပြီ၊ ဓားသိုင်းက ဓားရေးတွေကို လက်



ချည်း သက်သက်နဲ့ ပြန်ကစားရတာပါပဲ၊ ဒါကြောင့် 'ဓား ဖြုတ်ရင် လက်' လို့ ရှေးလူကြီးတွေ ဆိုရိုးထားခဲ့တာပဲ၊ လက်သိုင်းပြီးရင် တုတ် သိုင်း သင်ရမယ်၊ တုတ်သိုင်းတတ်ရင် လှံရှည်တတ်တာပဲ၊ နောက် ဆုံးမှာ မောင်မင်းကို 'ဗန်တိုလက်သိုင်း' ပါ ထပ်သင်ပေးမယ်၊ အဲဒါပြီး ရင်တော့ မောင်မင်း အခြေခံသင်ရိုး ကုန်ပြီ"

သတ္တိဗလသည် သူ့ရင်ထဲမှ တဒိတ်ဒိတ်နှလုံးခုန်သံကို ပြန်ကြား နေရသည်။ သူ ဝမ်းသာနေသည်။ စိတ်စောနေသည်။ သူနေထိုင်သည့် စစ်တန်းလျားသို့ အမြန်ပြန်သွားချင်လှပြီ၊ သူတို့ ခုတ်ထားသည့် ထင်း ခြောက်အပုံထဲမှ မန်ကျည်းသားအနှစ်ရအောင်ရှာပြီး ဓားနှစ်လက်ပြီး အောင် လုပ်ရမည်။

တပ်မှူးသူရစက္ကသည်လည်း လှုပ်ပါးပီပီ သတ္တိဗလ မရိုးမရွနှင့် ပြန် ပြေးချင်နေပြီကို ရိပ်မိသောကြောင့် ပြန်ခွင့်ပြုလိုက်၏။ သတ္တိဗလ လည်း ပြန်ခွင့်ရသည်နှင့် တချိုးတည်း ပြေးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မြေးတော်ကလေး ဟတ္ထိရာဇာအား စောင့်ရှောက်ရန် သတ္တိဗလ သိုင်းသင်မည်ဟူသော သတင်းသည် ရွှေနန်းတော်တစ်ခုလုံး ပျံ့နှံ့သွားခဲ့သည်။ ယုံကြည် စိတ်ချရသူများကိုသာ ပေးအပ်သည့် တာဝန်မျိုးဖြစ်ပြီး အခွင့်အရေးများ ရတတ်သည့် နေရာမျိုး ဖြစ်သောကြောင့် အောက်ခြေ မင်းမှုထမ်းများသည် သတ္တိဗလကို အားကျနေကြသည်။ သစ်အယ်ချောင်ရွာသားဖြစ်ရတာ တယ်ကံကောင်းပါလားဟုလည်း ပြောသူများ ရှိ၏။ အချို့ကလည်း သိုင်းဆိုသည်မှာ သင်တိုင်းတတ်မြောက်နိုင်သည် မဟုတ်သောကြောင့် ဤကိစ္စသည် ဆောက်ဖြစ်မှ ကျောင်းဒကာဟု ပြောကြသည်။

မည်သို့ပင်ဖြစ်စေ သတ္တိဗလဟူသော နာမည်သည် နန်းတွင်းသူ နန်းတွင်းသားတို့၏ ပါးစပ်ဖျားသို့ ရောက်သွား၏။ အားလုံး၏ စိတ်ဝင်စားခြင်းကိုလည်း ခံကြရ၏။ မမြင်ဖူးသူတို့က မြင်ဖူးအောင် ကြည့်ထားချင်ကြသည်။ အထူးသဖြင့် နန်းတွင်းသူ အပျိုတော်တို့သည် ကဲကဲလှုပ်နေကြ၏။ သတ္တိဗလ၏ နာမည် ရေပန်းစားလာခြင်းအတွက် ပုလဲနန္ဒာ စိတ်ညစ်သည်။ သည်ကောင် ဘာတွေကြံစည်နေပြန်ပြီနည်း။



သေချာသည်က မ,ခင်၍ ဥ,ခင် နေခြင်းဖြစ်၏။ အမေကို ချစ်သောကြောင့် သားကိုချစ်နေခြင်း ဖြစ်၏။ အမေကို စောင့်ရှောက်ခွင့် မရသောအခါ သားကို စောင့်ရှောက်ရန် ကြိုးစားခြင်း ဖြစ်၏။ ကိုယ့် မောင်အကြောင်း ကိုယ်သိသောကြောင့် ပုလဲနန္ဒာ စိတ်ဆင်းရဲသည်။ မောင်တော်စဉ်ရသည်ကိုပင် စိတ်ပျက်မိသေးသည်။ ဒီကောင့် ဒဖြစ်က ကြာလေ နစ်လေ၊ နေမြင့်လေ အရှူးရင့်လေ။

ပုလဲနန္ဒာသည် မောင်ဖြစ်သူနှင့် ဆက်နွယ်ပြီး ဟေမာသီရိအပေါ်၌ပါ ခံစားချက် ဖြစ်လာသည်။ တကယ်ဆိုလျှင် သတ္တိဗလ၏ စွဲလမ်းမှုကို ဟေမာသီရိ မသိမဟုတ်၊ ရွာမှာကတည်းက သိပြီးသား။ ဤစွဲလမ်းမှုကို လျော့ပါးသွားအောင်၊ အမြစ်ပြတ်သွားအောင် လုပ်ပေးရမည့်အစား ရေလောင်းပေါင်းသင်သလို လုပ်နေသည်ဟု သူမ ယူဆမိသည်။ တကယ်ဆိုလျှင် သတ္တိဗလ၏ အထိန်းတော်လုပ်ချင်သော ဆန္ဒကို တား မြစ်ပိတ်ပင် ကန့်ကွက်သင့်သည်။ သံယောဇဉ်ကို ဆက်လက်၍ မမွေးမြူသင့်။ ခုတော့ ဟေမာသီရိသည် သူမအပေါ် မေတ္တာချစ်သဒ္ဒါပွားနေမှုများ အပေါ် သာယာနေသည်။

ဤအတွေး၊ ဤခံစားချက်များကြောင့် ပုလဲနန္ဒာ၏ စိတ်အစဉ်သည် ကြည်လင်ခြင်းကို မရနိုင်ခဲ့ပေ။ စိတ်မကြည်လင်ခြင်းသည် ရုပ်အသွင်ကိုပါ ရိုက်ခတ်လေရာ ပုလဲနန္ဒာသည် သွက်လက်ချက်ချာခြင်း မရှိတော့ပေ။ ပုလဲနန္ဒာ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသည်ကို မိဖုရားခေါင်ကြီးကလည်း သတိပြုမိသည်။ အကြောင်းရင်းကိုမသိသော မိဖုရားခေါင်ကြီးက ပုလဲနန္ဒာ ထိုင်းမှိုင်းလေးလံနေခြင်းသည် အပျိုတော်ဘဝကို ငြီးငွေ့လာသောကြောင့်ဟု ယူဆခဲ့သည်။ အပျိုတော်ဘဝ ဆိုသည်မှာလည်း တွေးကြည့်လျှင် ငြီးငွေ့ဖွယ် ဖြစ်သည်။ နေထိုင်စားသောက်

www.burmeseclassic.com

www.burmeseclassic.com



မှုနှင့်ပတ်သက်၍ မပူပင်ရသော်လည်း လွတ်လပ်မှု ဆိတ်သုဉ်းနေရသော ဘဝဖြစ်ပေသည်။ ထို့ကြောင့်လည်း အလိုက်သိတတ်သော မိဖုရားခေါင်ကြီးသည် သူ့အပါးတွင် ခစားလျက်ရှိသော အပျိုတော်များကို အပြောင်းအလဲများနှင့် ထိတွေ့ခံစားစိမ့်သောငှာ ဟိုလွှတ်ဒီလွှတ် ဟိုနိုင်းဒီနိုင်း လုပ်ပေးတတ်၏။ ငြီးငွေ့မှုကို ခံစားနေရသူတစ်ဦးသည် အလုပ်လုပ်ရာ၌လည်း မတွင်ကျယ်သည့်ပြင် သူကိုယ်တိုင်၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည်ဟု သူမ နားလည်ထားသည်။ ငြီးငွေ့နေသူတစ်ဦး၏ ဟန်အမူအရာနှင့် ပြောစကားတို့ကြောင့် ပတ်ဝန်းကျင်ရှိ သွက်လက်တက်ကြွသူများပါ သွက်လက်တက်ကြွမှုများ လျော့ကျသွားတတ်သည်ကို သူမ တွေ့ဖူးကြုံဖူး၏။

မိဖုရားခေါင်ကြီးသည် ပုလဲနန္ဒာ၏ ငြီးငွေ့မှုကို မည်သို့ဖြေဖျောက်ပေးရပါမည်နည်းဟု ကြံဆနေခဲ့သည်။ ဤကလေးမနှင့် ပတ်သက်လျှင် မိမိတာဝန်ယူဖို့လိုသည်။ တာဝန်ယူရန်လည်း မဟာရာဇာမင်းကြီးနှင့်တကွ သားတော်များ၏ရှေ့တွင် ပြောခဲ့ဆိုခဲ့ပြီးဖြစ်၏။ ပြောခဲ့သည့် စကားထဲတွင် ပုလဲနန္ဒာကို အိမ်ထောင်ချပေးမည်ဟူသော အချက်လည်းပါသည်။ တကယ်တမ်းကျတော့ ထိုအချက်ကို သူမ အကောင်အထည် မဖော်နိုင်ခဲ့ပေ။

ပုလဲနန္ဒာ၌ အိမ်ထောင်ကျမည့် ကံအကျိုးပေးချိန် မရောက်သေး၍လားမသိ။ မိမိမည်မျှပင် ကြိုးစား၍ရှာဖွေပါသော်လည်း ပုလဲနန္ဒာအတွက် အိမ်ထောင်ဖက်ကို မတွေ့နိုင်သေး။

နောက်ဆုံး၌ မိဖုရားခေါင်ကြီးသည် မိမိလည်း အပန်းပြေ၊ ပုလဲနန္ဒာလည်း ငြီးငွေ့မှုပြေပျောက်စိမ့်သောငှာ ဉယျာဉ်တော်သို့ထွက်၍ အနားယူရန် စီစဉ်လိုက်တော့သည်။



*"ပုလဲနန္ဒာ"*

*"ဘုရား"*

*"ဒီနေ့ တို့တစ်တွေ ဉယျာဉ်တော်ကိုထွက်ပြီး အနားယူကြရအောင်၊ ဉယျာဉ်တော်ထဲမှာ တစ်နေကုန် အပန်းဖြေပြီး ညနေစောင်းမှ ပြန်လာကြမယ်။ မင်းက တာဝန်ကျ အခဆောင်မှူးကို သွားပြော၊ လိုအပ်တာတွေအားလုံး ပြင်ဆင်လိုက်လို့"*

မိဖုရားခေါင်ကြီး အပြင်ထွက်ပြီဆိုလျှင် ပြင်ဆင်ပေးရတာတွေ အလွန်များသည်။ တာဝန်ကျ အခဆောင်မှူးနှင့်တကွသော တပည့်လက်သားများ အပြေးအလွှား စီစဉ်ရတော့သည်။ လုံခြုံရေးအတွက် မြို့စောင့်တပ်မှ ကိုယ်ရံတော်တပ်စိတ် တစ်စိတ် သွားခေါ်ရခြင်း၊ ဝေါယာဉ် ပြင်ပေးရခြင်း၊ ဝေါထမ်းသမားတို့ စီစဉ်ရခြင်း၊ အစားအသောက်အသုံးအဆောင်တို့ တင်ဆောင်သွားရန် ဝန်တင်မြင်းနှင့် မြင်းထိန်းတို့ စီစဉ်ရခြင်း စသဖြင့် အလုပ်တွေရှုပ်ကုန်လေသည်။

မည်သို့ပင်ဖြစ်စေ အလျှင်အမြန် ပြင်ဆင်ကြသည် ဖြစ်သောကြောင့် အချိန်တစ်မောင်းခန့် မကြာမီမှာပင် ထွက်နိုင်ခဲ့ကြပါသည်။ ဉယျာဉ်တော်သို့ သွားရာလမ်းတွင် မိဖုရားခေါင်ကြီးသည် ဝေါယာဉ်ပြတင်းပေါက်မှနေ၍ လမ်းဘေးဝဲယာသို့ စေ့စေ့စပ်စပ် ကြည့်ရှုခဲ့၏။ မထွက်ဖြစ်တာ ကြာပြီဖြစ်သော်လည်း ထူးထူးခြားခြား ပြောင်းလဲမှုများကို မတွေ့ရပေ။

ဉယျာဉ်တော်သို့ ရောက်သောအခါ မိဖုရားခေါင်ကြီးက ရေကန်နံဘေးတွင် စခန်းချကြရန် ရွေးချယ်လိုက်သည်။ ရေကန်မှာ ရေချိုးအစားနိုင်ရန် တူးဖော်ထားသည် ဖြစ်သောကြောင့် ညနေစောင်း၍ နန်းတော်ဆောင်သို့ မပြန်မီ ရေချိုးရေကစားကြရန် သူမ စဉ်းစားထားသည်။ မိဖုရားခေါင်ကြီးနှင့် ရံရွေတော်များ စခန်းချသည့်နေရာကို

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပတ်၍ ကိုယ်ရံတော်တပ်စိတ်က လုံခြုံရေးတာဝန် ယူထားလိုက်သည်။ သူတို့သည် မြင်သာသောနေရာမှ ကင်းစောင့်ခွင့်မရကြပေ။ သူတို့သည် အလေးမူလာသော ရန်သူများအတွက် အဟန့်အတား လုပ်ပေးရန် ကင်းရှည်ထုတ်ထားသည့် တာဝန်မျိုးကို ထမ်းဆောင်ရသည်။ မိဖုရားခေါင်ကြီး၏ အနီးကပ် လုံခြုံရေးမှာ သိုင်းပညာ ကျွမ်းကျင်သော အမျိုးသမီးကိုယ်ရံတော်နှစ်ဦး ရှိနေပြီးဖြစ်သည်။ သူတို့သည် မြို့စောင့် တပ်မှူးသူရစက္က၏ လက်ထွက်များဖြစ်ကြပြီး အဆင့်မြင့် သိုင်းသမားများ ဖြစ်ကြ၏။ သူတို့သည် အခြားနွေသော အပျိုတော်များနည်းတူ ဝတ်စားဆင်ယင်ထားသော်လည်း လက်နက်ပုန်းများပါ၏။ မည်သည့်ကိစ္စနှင့်မှ မိဖုရားခေါင်ကြီးအပါးမှ ခွာမသွားကြပေ။

"ပုလဲနန္ဒာ"

"မှန်လှပါ ဘုရား"

"ဥယျာဉ်တော်ထဲ ရောက်လာတော့ စိတ်လက်ပေါ့ပါး မသွားဘူးလားကွဲ့"

"မှန်လှပါ၊ အတော့်ကို ပေါ့ပါးသွားပါတယ် ဘုရား၊ ရေကန်တော်ကြီးကလဲ စိမ်းကြည်နေတာမို့ ချက်ချင်းတောင် ရေထဲဆင်းစိမ်ချင်စိတ် ပေါက်သွားပါတယ် ဘုရား"

ပုလဲနန္ဒာ၏ မျက်နှာတွင် ကြည်လင်မှုအရိပ်အယောင်များ ယှက်သန်းနေသည်ကို မိဖုရားခေါင်ကြီး တွေ့ရှိရသည်။

"ခရီးရောက်မဆိုက် ရေထဲဆင်းစိမ်လို့တော့ မဖြစ်ဘူး ပုလဲနန္ဒာရဲ့၊ ခွေးငုပ်ပြီး ကျွန်းမာရေးထိခိုက်သွားလိမ့်မယ်၊ ဥယျာဉ်တော်ထဲမှာ စားသောက်၊ အနားယူပြီး ပြန်ခါနီးမှ ရေချိုး ရေကစားကြတာပေါ့"

"မှန်လှပါ၊ သင့်မြတ်ကြောင်းပါဘုရား"



"အေး၊ အဲဒီတော့ အခုဒီမှာ အေးအေးဆေးဆေး နားခွင့်ရတုန်း ပုလဲနန္ဒာကို မယ်တော် မေးကြည့်ချင်တာလေး ရှိတယ်ကွဲ့"

ပုလဲနန္ဒာ စိတ်ကြည်လင်ခိုက် တီးခေါက်သင့်တာများကို တီးခေါက်ထားသင့်သည်ဟု မိဖုရားခေါင်ကြီး သဘောရသည်။

"မှန်လှပါ၊ မေးတော်မူပါ ဘုရား"

"ပုလဲနန္ဒာမှာ အိမ်ထောင်ပြုမယ်လို့ ရည်ရွယ်ထားတဲ့သူများ ရှိနေပြီလားကွဲ့"

ပုလဲနန္ဒာ၏ မျက်နှာပေါ်တွင် ရှက်သွေးဖြာသွားသည်ကို မိဖုရားခေါင်ကြီး မြင်လိုက်ရသည်။

"မရှိသေးပါဘူး ဘုရား"

"ပုလဲနန္ဒာ မယ်တော့်ဆီရောက်ခါစမှာလဲ ဒီမေးခွန်း မေးဖူးပါတယ်။ အဲဒီတုန်းကလဲ မရှိသေးဘူးဆိုတာ သိရတယ်။ ဒါပေမဲ့ ပုလဲနန္ဒာ နန်းတော်ထဲကိုရောက်တာ တစ်နှစ်ကျော်သွားပြီဆိုတော့ အပြောင်းအလဲများ ဖြစ်နေပြီးလားလို့ပါ"

"မဖြစ်ပါဘူး ဘုရား"

ပုလဲနန္ဒာသည် မျက်နှာကိုအောက်ငုံ့၍ ပြန်ဖြေသည်။ စိတ်ထဲမှာတော့ မယ်တော့်အနားမှာ ကပ်နေရပြီး ဘယ်ကိုမှ လက်လွတ်စပယ် ထွက်ခွင့်မရသူတစ်ဦးအဖို့ မည်သို့မည်ပုံ ရည်းစားသနာ ရနိုင်ပါမည်နည်းဟု ပြန်ပြောလိုက်ချင်စိတ်တွေ ပေါ်နေသည်။

"မယ်တော့်စိတ်ထဲမှာရှိတာ တစ်ခုပြောမယ်နော်၊ ပုလဲနန္ဒာရဲ့ စိတ်ထဲမှာ ဘယ်လိုမှမအောက်မေ့နဲ့၊ မိန်းကလေးဆိုတာ အချိန်အခါကို သိတတ်ရတယ်ကွဲ့၊ သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့ စကားရှိတယ်။ ပုလဲနန္ဒာရဲ့ အသက်အရွယ်အရ အိမ်ထောင်ပြုသင့်ပြီလို့ မယ်တော် ထင်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပုလဲနန္ဒာ ငြိမ်နေသည်။

"ဒါကြောင့် ပုလဲနန္ဒာအတွက် အိမ်ထောင်ဖက်ကို မယ်တော် ရှာပေးချင်တယ်၊ အဲဒါ ပုလဲနန္ဒာ သဘောတူနိုင်မလား"

စင်စစ် မိဖုရားခေါင်ကြီးသည် ပုလဲနန္ဒာ မိမိအနီးရောက်စဉ်ကပင် သူမအတွက် အိမ်ထောင်ဖက်ကို ကြိတ်ရှာနေခဲ့သည် ဖြစ်၏။ တွေ့လျှင် နီးစပ်အောင် ဖန်တီးပေးမည်ဟုလည်း စဉ်းစားထား၏။ ရှာမတွေ့သောအခါ ဤသို့ရှာမတွေ့ခြင်းသည် ပုလဲနန္ဒာ၏ စိတ်ဓာတ်နှင့် ပုလဲနန္ဒာ၏ ဆုံးဖြတ်ချက်တို့ကြောင့်များလားဟု သံသယရှိသောကြောင့် တီးခေါက်ကြည့်နေခြင်းဖြစ်၏။ ကာယကံရှင်က တစ်သက်တာ အိမ်ထောင်မပြုပါဟု အဓိဋ္ဌာန်ပြုထားလျှင် အုပ်ထိန်းသူများက မည်မျှပင် ရှာဖွေပေးချင်သော်လည်း ရှာမရဖွေမရ ဖြစ်တတ်သည်ဟု မိဖုရားကြီး ကြားဖူး၏။

"ပြောပါ ပုလဲနန္ဒာ၊ မယ်တော့်ကို အားမနာပါနဲ့၊ ပုလဲနန္ဒာမှာ အမေမှ မရှိတော့တာ၊ ပုလဲနန္ဒာမှာက အဖေနဲ့ မောင်ပဲရှိတော့ တိုင်ပင်ရမယ့်လူ မရှိဘူးလေ။ ဒီတော့ မယ်တော့်ကို အမေလို၊ အဘွားလို သဘောထား၊ ပြောစရာရှိတာကိုပြော"

"ပုလဲနန္ဒာ အိမ်ထောင်ရေးကို မစဉ်းစားချင်သေးပါဘူး မယ်တော်"

ပုလဲနန္ဒာ တိုးတိုးကလေး ပြန်ဖြေသည်။ ဤအဖြေသည် အဖြေမှန်မဟုတ်ဟု သူမဘာသာ သိနေသည်။ တကယ်တော့ သူမတွင် အိမ်ထောင်ရေး စိတ်ကူးယဉ်မှု ရှိသည်။ ပေမာသီရိကဲ့သို့ သာယာသော အိမ်ထောင်သည်ဘဝကို ခံယူချင်သည်။ သူမသည် ရုပ်ရည်ရူပကာယ ချောမောလှပသူဟု အများက အသိအမှတ်ပြုခြင်း ခံထားရသော်လည်း ယခုအချိန်ထိ ချစ်သူကြိုက်သူ မပေါ်သေး။ မည်သည့်အရာက ဟန့်တားသည် မသိ။ သူမကို ချစ်ပါသည်၊ ကြိုက်ပါသည်ဟု လာရောက်ပြောဆိုသူ တစ်ဦးတစ်လေကိုမျှ မကြုံဖူးသေးပေ။ ရွာမှာ နေစဉ်က



လည်း ဤအတိုင်းဖြစ်သကဲ့သို့ နန်းတော်ထဲရောက်လာသောအခါ၌လည်း ထူးမခြားနား ဖြစ်ခဲ့သည်။

သူမ၏အဖြေသည် သူမ၏အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် သိစိတ်ကဖြေပေးသော အဖြေသာ ဖြစ်ပေသည်။ မသိစိတ်ကမူ ဆန့်ကျင်ဘက် ယောကျ်ားသားတစ်ဦးထံမှ ချစ်ခွင့်ပန်သော စကားကို မျှော်လင့်တောင့်တနေဟန်ရှိ၏။ ဤအတိုင်းဆိုလျှင် ပထမဦးဆုံး ချစ်ခွင့်ပန်လာသူရှိလျှင် ငြင်းဆန်မည့် အခြေအနေပင်မရှိပေ။

သို့သော် မသိစိတ်ဆိုသည်မှာ သိစိတ်၏ ဖုံးကွယ်ထားခြင်းကို ခံရစမြဲဖြစ်သောကြောင့် မိမိ၏အဖြေသည် ,တကယ့်စိတ်ရင်းနှင့်ဖြေခြင်း ဟုတ်ပါမည်လားဟု ပုလဲနန္ဒာသည် သူမဘာသာ စဉ်းစားနေမိခြင်း ဖြစ်သည်။

"မဟုတ်သေးဘူး ပုလဲနန္ဒာ၊ စဉ်းစားရမယ်နော်"

မိဖုရားခေါင်ကြီးက တိုက်တွန်းစကားနှင့် အစချီသည်။ သူမသည် ပုလဲနန္ဒာ၏ အပျိုဘဝကို စိုးထိတ်နေသူ ဖြစ်သည်။ ပုလဲနန္ဒာ၏ အလှ၊ ပုလဲနန္ဒာ၏ မာယာ၊ ပုလဲနန္ဒာ၏ အရည်အချင်းတို့သည် အာဏာအဝန်းအဝိုင်းထဲ ရောက်လာခဲ့လျှင် ထိန်းကျောင်းရ ခက်လိမ့်မည်ဟု ခံယူထားသောကြောင့် ဖြစ်၏။ ထို့ကြောင့် ပုလဲနန္ဒာကို အိမ်ထောင်ချပေးမှ ဖြစ်မည်။ အိမ်ထောင်ချပေးလျှင်လည်း ရွှေမြို့တော်၏ အာဏာပိုင် အဝန်းအဝိုင်းမှ မဟုတ်သူတစ်ဦးနှင့် ချပေးမှဖြစ်မည်ဟု သူမ စိတ်ကူးထားသည်။

"ဘာဖြစ်လို့ စဉ်းစားသင့်သလဲ ဆိုတော့ မိန်းမတစ်ယောက်အတွက် တစ်ဘဝတာ အာမခံချက် ပေးမယ့်လူဟာ လင်သားဖြစ်လို့ပဲကွဲ့၊ အမေ၊ အဖေ၊ မိဘ၊ မောင်ဘွားဆိုတာ တစ်ဘဝတာကို တာဝန်ယူနိုင်တာ မဟုတ်ဘူး၊ ဒါကြောင့် အိမ်ထောင်ပြုမယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ ထားကိုထားရမယ် ပုလဲနန္ဒာ၊ ဒါ့အပြင် အချိန်မလွန်မီ အိမ်ထောင်ပြုဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုတယ်ဆိုတာကိုလဲ သိထားရမယ်ကွဲ့"

ပုလဲနန္ဒာ ပြန်မပြောပါ။ ငြိမ်သက်စွာပင် နားထောင်နေလိုက်သည်။ မယ်တော်ကြီးသည် ဘာရည်ရွယ်ချက်နှင့် ပြောနေပါသနည်း။ ဤအချက်ကို သိဖို့ဆိုလျှင် ငြိမ်ငြိမ်နားထောင်နေမှ ဖြစ်ပေမည်။

"မိုးလွန်မှ ထွန်ချဆိုတာကို အရွယ်လွန်သွားမှ အိမ်ထောင်ဖက်ရှာနေရင် သိပ်အဆင်မပြေတော့ဘူး။ ဒါကြောင့် ပုလဲနန္ဒာအနေနဲ့ အခုလို အရွယ်လဲရှိ၊ အဆင်းလဲရှိနေတဲ့အချိန်မှာ စဉ်းစားပါလို့ မယ်တော် တိုက်တွန်းချင်တယ်။ ပြီးတော့ ပုလဲနန္ဒာရဲ့သဘောကို မေးချင်တာက တကယ်လို့များ မယ်တော်က ရှာပေးမယ်ဆိုရင်ကောကွယ်"

ပုလဲနန္ဒာ ပြုံးမိသည်။ မယ်တော်က ရှာပေးမည်ဆိုလျှင် ပုလဲနန္ဒာ အရည်အချင်းမရှိသလို ဖြစ်သွားမှာပေါ့ဟု ပြန်လည်လျှောက်တင်ချင်စိတ်ပေါ်လာသောကြောင့် ဖြစ်သည်။ သို့သော် ဤသို့ လျှောက်တင်လိုက်လျှင် မယ်တော်ကြီးအား မလေးစားရာကျမည်စိုးသောကြောင့် အသာကလေး ငြိမ်နေလိုက်၏။ ပြုံးရုံသာပြုံး ငြိမ်နေသော ပုလဲနန္ဒာကို မယ်တော်ကြီးသည် အတန်ကြာစောင့်ကြည့်ပြီးမှ ဆက်လက်မေးခွန်းထုတ်၏။

"ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းတဲ့၊ ဒီလိုဆိုတော့ မယ်တော်ကြီး ရှာပေးမယ်ဆိုရင် မငြင်းဘူးလို့ဆိုလိုတာပေါ့နော်၊ ဟုတ်လား ပုလဲနန္ဒာ"

သည်တစ်ခါတော့ ပုလဲနန္ဒာ ငြိမ်မနေတော့ပါ။ အချက်ကျကျပင် ပြန်လည်လျှောက်တင်လိုက်ပါတော့သည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် မယ်တော်ရွေးချယ်ပေးတဲ့လူဆိုရင် ပုလဲနန္ဒာနဲ့ အသင့်တော်ဆုံးလူဖြစ်မယ်လို့ ခံယူပါတယ် ဘုရား၊ ပုလဲနန္ဒာရဲ့ဘဝကို မယ်တော့်ဆီမှာ အပ်ပါတယ်ဘုရား"



မိဖုရားခေါင်ကြီးသည် သူမ၏ ဆန္ဒပြည့်ဝသွားသောကြောင့် ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားသည်။ ဘာပဲပြောပြော ပုလဲနန္ဒာကို ချည်ပြီးတုပ်ပြီး ဖြစ်သွားပြီ။ မိမိလက်ခုပ်ထဲကရေ ဖြစ်သွားပေပြီ။ မိမိက ကြိုးစားပမ်းစားနှင့် မြန်မြန်ရှာပေးလိုက်ရန်သာ လိုတော့၏။

"ဟုတ်ပြီ၊ ပုလဲနန္ဒာ၊ အဲဒီလို လိမ္မာမှပေါ့၊ မယ်တော်ချစ်မြတ်နိုးလို့ အနားမှာခေါ်ထားခဲ့တာပဲ။ ပုလဲနန္ဒာ ဒုက္ခရောက်အောင် မယ်တော် ဘယ်လုပ်ပါ့မလဲ၊ ပုလဲနန္ဒာကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းမယ့်လူမျိုးကိုပဲ မယ်တော် ရှာပေးမှာပါ"

ပုလဲနန္ဒာနှင့် အောင်မြင်စွာ ညှိနှိုင်းလိုက်နိုင်သော မိဖုရားခေါင်ကြီးသည် ဉယျာဉ်တော်ထဲတွင် လှည့်လည်ကာ ဉယျာဉ်မှူးတို့ စိုက်ပျိုးထားသော ပန်းမန်အလှတို့အား ခံစား၏။ ထို့နောက် နန်းတော်မှ သယ်လာသော စားကောင်းသောက်ဖွယ်တို့ကို ရံရွေတော်အားလုံးနှင့် ဝိုင်းဖွဲ့စားသောက်ကြ၏။ ထို့နောက် ရံရွေတော်များကို ကခိုင်းခြင်း၊ ကစားခိုင်းခြင်းတို့ ကြည့်ရှုအပန်းဖြေတော်မူ၏။ နေအတော်စောင်းသွားသောအခါ ရံရွေတော်အားလုံးနှင့်အတူ ရေကန်ထဲသို့ဆင်း၍ ရေချိုး၊ ရေကစား၏။ မိန်းမတို့သည် ရေချိုး၊ ရေကစားချိန်တွင် အဆင်းရူပါ ပို၍ လှပတတ်ပေရာ ထိုအခိုက်အတန့်၌ မိမိ၏ရံရွေတော်များသည် နတ်မိမယ်ကလေးများသဖွယ် ဖြစ်နေသည်ဟု မိဖုရားကြီး မှတ်ချက်ချမိသည်။ ထိုအထဲတွင် အပေါ်လွင်ဆုံးက ပုလဲနန္ဒာဖြစ်နေသည်ကိုလည်း သူမ သတိထားမိသည်။

မိဖုရားခေါင်ကြီးသည် ကိုယ်တိုင်လည်း တစ်ဝကြီးရေကစားသကဲ့သို့ ရံရွေတော်များကိုလည်း စိတ်ကြိုက်ပျော်ပါးမြူးထူးခွင့်ပေးခဲ့သည်။ နန်းတော်ထဲမှာချည်း နေကြရ၍ ငြီးငွေ့နေမှုများကို ဤကဲ့သို့ လွတ်လပ်မြူးထူးခွင့်ပေးလိုက်ခြင်းက စိတ်ဖိစီးမှုများကို လျော့ပါးသက်သာစေမည်ဟု သူမ ယုံကြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေကစားခြင်းပြီးစီး၍ ဖြီးလိမ်းဝတ်စားဆင်ယင်နေစဉ်တွင် ရုံရွေတော်တစ်ဦးက မိဖုရားခေါင်ကြီးအား လာရောက်လျှောက်တင်၏။

"ရွှေနန်းတော်မှ အထောက်တော်ရောက်လာကြောင်းပါဘုရား"

"ငါ အဝတ်အစားလဲနေတယ်၊ ခဏစောင့်လို့ ပြောလိုက်"

"အရေးကြီးတယ်လို့ ပြောပါတယ်ဘုရား"

"အရေးကြီးရင် နင်ပဲ အရင်ကြားနာလိုက်၊ ပြီးရင် ငါ့ကိုလာလျှောက်"

မိဖုရားခေါင်ကြီးသည် ယာယီတဲနန်းအတွင်း အဝတ်အစားလဲနေခြင်း ဖြစ်၏။ ရေချိုးပြီးတိုင်း နံ့သာလိမ်းကျံခြင်း၊ အဝတ်အစားသစ်လဲခြင်းတို့ ပြုလုပ်ရမှ သူမ စိတ်လက်ကြည်သာသည်။

သတင်းနာကြားသော ရုံရွေတော်သည် မိဖုရားကြီးထံပါးသို့ ကသုတ်ကရက် ပြန်ရောက်လာ၏။

"မှန်လှပါဘုရား၊ မဟာရာဇာမင်းကြီးရဲ့ အမှာစကား ဖြစ်ပါတယ်ဘုရား၊ ပံသုရာဇာမင်းသား ဆိုက်ရောက်လာပြီး အရေးပေါ် စည်းဝေးတိုင်ပင်စရာရှိပါ၍ အမြန်ဆုံး ပြန်လာခဲ့ပါတဲ့ဘုရား"

"ဟုတ်လား၊ ဒါဆို မြန်မြန်လုပ်ကြ၊ အမြန်ဆုံး ပြန်ကြရအောင်ဟေ့"

မိဖုရားကြီး၏ အဝတ်အစားဟောင်းများကို ခေါက်သိမ်းနေသော ပုလဲနန္ဒာ၏ ရင်ထဲတွင် ဒိန်းခနဲဖြစ်သွား၏။ ပံသုရာဇာသည် သူမ၏ မာယာအကကို စိတ်ပါလက်ပါ အားပေးခဲ့သော မင်းသားတစ်ပါး ဖြစ်၏။ ဟေမာသီရိတို့ မင်္ဂလာပွဲ ပြီးကတည်းက သူ့နယ်သူ ပြန်သွားသည် ဖြစ်သောကြောင့် မတွေ့ရတော့။ ယခု ပြန်ရောက်လာပြီဆို၏။ တွေ့ကြရဦးမည်ထင်သည်။ စူးစူးရဲရဲ သူ့မျက်လုံးများကို ပြန်လည်မြင်တွေ့ရဦးမည်ထင်၏။

## အခန်း(၅)

လျှို့ဝှက်ခန်းဆောင်တွင် ဆွေးနွေးကြခြင်းဖြစ်ရာ မဟာရာဇာမင်းကြီး၊ မိဖုရားကြီး၊ အိမ်ရှေ့စံကိုယ်တော်ကြီး သတ္တရာဇာ၊ ရတနာပန်းခင်းနယ်ကို စားတော်မူသော နယ်စားကြီးပံသုရာဇာနှင့် ဥပဒေပြုအမတ်ကြီးဗန္ဓုရာဇာတို့သာ ပါဝင်ကြသည်။

ပံသုရာဇာသည် ခရီးပြင်းချီတက်လာခဲ့ပြီး ကိုယ်လက်သုတ်သင်ခြင်းပင် မပြုရသေးသောကြောင့် ဖုန်အလိမ်းလိမ်းကပ်သော အဝတ်အစား၊ ပင်ပန်းနွမ်းနယ်နေသော အသွင်နှင့် ရှိနေသည်။ မျက်လုံးတို့သည် ရီရီဝေဝေရှိကာ သောကကို ကြိတ်မှိတ်ခံစားနေရဟန် ရှိသည်။

ဆွေးနွေးပွဲကို မဟာရာဇာမင်းကြီးက စလိုက်သည်။

"အားလုံး သိကြတဲ့အတိုင်း တိုင်းပြည်မှာ စစ်မက်ထူပြောလိမ့်မယ်လို့ အဟောရှိခဲ့တာ၊ အခုစပြီလို့ ပြောရတော့မှာပေါ့ကွယ်၊ သားတော်ပံသုရာဇာ ကြုံခဲ့ရတဲ့ အဖြစ်အပျက်အလုံးစုံကို အခု 'တော်ဝင်မိသားစုညီနှိုင်းဆွေးနွေးပွဲ' မှာ အပြည့်အစုံ လျှောက်တင်ပေတော့၊ အကြမ်းအားဖြင့် ဖခမည်းတော် သိပြီးဖြစ်ပေမဲ့ အစုံအလင် ကြားနာချင်သေး

www.burmeseclassic.com

www.burmeseclassic.com



တယ်ကွဲ့၊ လျှောက်တင်စမ်း သားတော် ပံသုရာဇာ"

မင်းကြီး၏စကားကို ကြားရသောအခါ သားတော် ပံသုရာဇာ အုပ်ချုပ်သည့် ရတနာပန်းခင်းနယ်မြေတွင် စစ်မက်ဖြစ်ပွားပြီဟု မိဖုရားကြီး သိရှိလိုက်ရသည်။ မည်သူတွေ အသေအပျောက်ရှိပါလိမ့်၊ မိဖုရားကြီးသည် ခုန်လာသော ရင်အစုံကို လက်နှင့်အသာအယာ ဖိထားလိုက်ရသည်။

ပံသုရာဇာသည် လက်သီးနှစ်ဖက်ကို တင်းတင်းဆုပ်ထားရာမှ သက်ပြင်းချကာ အဖြစ်အပျက်အလုံးစုံကို လျှောက်တင်ရန် နိဒါန်းပျိုးလိုက်သည်။

"ဒီလို ဖြစ်လာလိမ့်မယ်ဆိုတာ သားတော်လုံးဝ မျှော်လင့်မထားပါဘူး၊ သားတော်တို့ရဲ့ တရားသဖြင့် အုပ်ချုပ်မှုအပေါ်မှာ မကျေနပ်တဲ့လူတွေ မရှိသလောက်ရှားပါတယ်၊ အခု သားတော်တို့ကို လာရောက်တိုက်ခိုက်တာက တိုင်းတစ်ပါးက နိုင်ငံခြားသားတပ်တွေ ဖြစ်နေတာကိုပါ တွေ့ရပါတယ်၊ ကိုယ့်ပြည်တွင်းက သစ္စာဖောက် လော်ကောင်တွေက လမ်းပြအဖြစ် ပါဝင်မှာပေါ့လေ"

"တိုင်းတစ်ပါးက နိုင်ငံခြားသားတပ်တွေ ဖြစ်တယ်ဆိုတာကို နောင်တော်က ဘယ်လိုလုပ် သိခဲ့တာလဲ"

"သူတို့နဲ့က နောင်တော်ကိုယ်တိုင် တိုက်ခဲ့ရတာလေ၊ ရန်သူတွေဟာ ခေါင်းစွပ်တွေ စွပ်ထားကြပေမဲ့ သူတို့ရဲ့ ဓားရေးကိုတော့ ဖုံးကွယ်မထားနိုင်ကြဘူး၊ သူတို့ရဲ့ ဓားရေးက နောင်တော်တို့ မဟာသူရိယတိုင်းနိုင်ငံကြီးက ဓားရေးမဟုတ်ဘူးကွဲ့၊ ပြီးတော့ နောက်ပိုင်းမှာ နောင်တော်တို့ ပြန်တိုက်တော့ သူတို့ရဲ့ အလောင်းတွေ ရလိုက်သေးတာကိုး"



ဗန္ဓုရာဇာ၏အမေးကို ပံသုရာဇာက ပြန်ဖြေသည်။ ဤတွင် နောင်တော်ကြီး သက္ကရာဇာကလည်း ဝင်ရောက်မေးမြန်းပြန်သည်။

"မဟာရာဇာမင်းဆက်ရဲ့ တရားသဖြင့် အုပ်ချုပ်မှုအပေါ်မှာ မကျေနပ်တဲ့လူတွေ မရှိသလောက်ရှားပါတယ်ဆိုတဲ့ ညီတော်ရဲ့ သုံးသပ်ချက်က ဘယ်လိုအချက်အလက်နဲ့ သုံးသပ်လိုက်တာလဲ၊ အထောက်တော်တွေရဲ့ သတင်းစကားတွေပေါ်ကနေ သုံးသပ်တာလား၊ ကိုယ်တိုင်ရော စုံစမ်းထောက်လှမ်း၊ စနည်းနာတာတွေ လုပ်သေးသလား"

"ဒါကတော့. . ."

ပံသုရာဇာသည် နှုတ်ဆွံ့အသွား၏။ သေချာသည်မှာ သူသည် ကိုယ်တိုင်ထွက်၍ စုံစမ်းထောက်လှမ်းခြင်း ပြုပုံမရပေ။ ဤအနေအထားကို ရိပ်မိသော မဟာရာဇာမင်းကြီးက ဝင်ရောက်ထိန်းသိမ်းလိုက်သည်။

"အဲဒီ သုံးသပ်ချက်ကိစ္စတွေကို နောက်မှ ဆွေးနွေးကြရအောင်၊ အခုတိုက်ပွဲအခြေအနေကို ဖခမည်းတော် သိချင်တယ်။ အားလုံးလဲ သိဖို့လိုတယ်။ ဒါကြောင့် သားတော်ရဲ့ နယ်စားမင်းစံအိမ်တော် အတိုက်ခံရတဲ့ အခြေအနေကိုသာ အရင်လျှောက်စမ်းဟေ့"

"မှန်လှပါဘုရား"

ရတနာပန်းခင်း နယ်စားမင်းဖြစ်သည့် ပံသုရာဇာသည် သူ၏ စံအိမ်တော် အတိုက်ခံရသည့်အခြေအနေကို အသေးစိတ် ပြန်လည် တင်ပြရသည်။

လွန်ခဲ့သော သုံးရက်က ဖြစ်၏။ ရန်သူတို့သည် သူ၏ စံအိမ်တော်ကို တစ်ညလုံးချဉ်းကပ်ပြီး ဝိုင်းထားပုံရသည်။ နံနက်မိုးသောက်အလင်းရောက်သည်နှင့် ဝင်ရောက်စီးနင်းကြလေသည်။ အလစ်အငိုက် အတိုက်ခံရခြင်း ဖြစ်သောကြောင့် ပံသုရာဇာ၏ ကင်းတပ်ဖွဲ့သည် အံတော်စာလေး

www.burmeseclassic.com

www.burmeseclassic.com



အထိနာခဲ့၏။ ရန်သူတို့သည် စံအိမ်တော်တွင် လုံခြုံရေးတာဝန်ကျနေသည့် ကင်းတပ်ဖွဲ့ကို ရှေ့ဦးစွာ မြားတို့နှင့် ပစ်ခတ်၏။ ထို့နောက် ဓားလွတ်ကိုင်ထားသော တပ်ဖွဲ့များက ဝင်ရောက်စီးနင်းတိုက်ခိုက်၏။

ပြောရမည်ဆိုလျှင် နယ်စားမင်းပံသုရာဇာ၏ စံအိမ်တော်စောင့်ကင်းတပ်ဖွဲ့သည် အရည်အချင်း မညံ့ပါ။ ကင်းတပ်ဖွဲ့၏ တပ်ဖွဲ့မှူးဆိုလျှင် ရွှေမြို့တော် မြို့စောင့်တပ်မှူး သူရစက္က၏ လက်ထွက်ဖြစ်သည်။ စီမံကွပ်ကဲမှု ကောင်းသည်။ နေရာချထားမှု တော်သည်။ ပံသုရာဇာ၏ စံအိမ်တော်ဝင်းခြံကို ဝိုင်းပတ်၍ နေရာချထားသော ကင်းတပ်ဖွဲ့၏ ကင်းပုန်းများကြောင့် ရန်သူတို့ ရုတ်တရက် ထိုးဖောက်မရ ဖြစ်ခဲ့သည်။ အကယ်၍ ကင်းနေရာချထားမှုများသာ မမှန်ခဲ့ပါလျှင် တစ်ခဏအတွင်း စံအိမ်တော်တစ်ခုလုံး ရန်သူလက်တွင်း ကျရောက်သွားနိုင်၏။ သို့ဆိုပါလျှင် နယ်စားမင်း ပံသုရာဇာကိုယ်တိုင် အသက်ဘေးကို စိုးရိမ်ရနိုင်၏။

ရန်သူတို့ ဝင်ရောက်စီးနင်းမှုကို စနစ်တကျ ခုခံလိုက်နိုင်သောကြောင့် ပံသုရာဇာသည် ဇနီးနှင့် သမီးကို ဆွဲပြီး စံအိမ်တော်အတွင်းမှ ထွက်ခွင့်ရခဲ့သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ခြံဝင်းမှထွက်နိုင်အောင် စီစဉ်ထားသည့် အရှေ့ပေါ် ထွက်ပေါက်မှတစ်ဆင့် ခြံဝင်းအပြင်သို့ ရောက်ခဲ့သည်။

သို့သော် ခြံဝင်းအပြင်ရောက်၍ မြင်းများပေါ်တက်ကာ ထွက်ခွာရန်ပြင်ခိုက် ရန်သူများတို့ ကျရောက်လာသည့်ဒဏ်ကို ခံရပြန်သည်။ ထိုနေရာတွင် ပံသုရာဇာ၏ ကြင်ရာတော်သည် ရန်သူများချက်ကြောင့် မြင်းပေါ်မှ ပြုတ်ကျကျန်ခဲ့လေသည်။ အဆက်မပြတ် ကျရောက်နေသောမြားတို့နှင့် အသာစီးရနေသော ရန်သူခြေလျင်တပ်တို့ကြောင့်



ပံသုရာဇာသည် ကြင်ရာတော်ကို ကယ်တင်ရန် မကြိုးစားနိုင်တော့ပေ။ ကိုယ်ရံတော်ရဲမက်တို့ကလည်း သမီးတော်ကို လက်တစ်ဖက်နှင့် ပွေ့၍ လက်တစ်ဖက်က မြင်းဇက်ကြိုးကိုထိန်းနေသည့် ပံသုရာဇာအား အမြန်ဆုံး ထွက်ခွာရန် တိုက်တွန်းနေခဲ့ကြ၏။ နှုတ်မှအော်ဟစ်တိုက်တွန်းရုံသာမက မြင်းကိုပါ အော်ဟစ်ခြောက်လှန့်ခြင်း၊ မြင်း၏ တင်ပါးတို ရိုက်ပုတ်မောင်းနှင်ခြင်း ပြုလုပ်ခဲ့ကြသောကြောင့် ပံသုရာဇာသည် မထွက်ခွာချင်ဘဲနှင့် ထွက်ခွာခဲ့ရတော့သည်။

သို့တိုင်အောင် ပံသုရာဇာသည် တိုက်ပွဲနှင့် ခပ်လှမ်းလှမ်းတွင် မြင်းကိုရပ်၍ အခြေအနေကို စောင့်ကြည့်ပြန်သည်။ ကိုယ်ရံတော်များ မီလာပြီး မြင်းဇက်ကြိုးကိုဆွဲကာ အတင်းခေါ်ခဲ့ကြသောကြောင့် တိုက်ပွဲကို စွန့်ခွာခဲ့ရလေသည်။

ပံသုရာဇာနှင့် ကိုယ်ရံတော်တို့သည် စံအိမ်တော်တည်ရှိရာ ရတနာပန်းခင်းရွာကြီး၏ တောင်ဘက်သို့ ဆုတ်ခွာခဲ့ကြရာ အချိန်နှစ်မောင်းခန့် အကွာ၌ရှိသော စိန်ပန်းတောအုပ်ရွာသို့ ရောက်ခဲ့ကြလေသည်။ ထိုရွာသည် ရတနာပန်းခင်း နယ်စောင့်တပ်၏ တပ်ခွဲတစ်ခွဲရှိသော တပ်ဖြစ်သောကြောင့် လုံခြုံရေးအတွက် ပူစရာမလိုတော့ပေ။

ပံသုရာဇာသည် ထိုရွာတွင် အခြေပြုကာ တဖြည်းဖြည်းချင်း ဆုတ်ခွာလာနေသည့် သူ၏ စံအိမ်တော် ကင်းတပ်ဖွဲ့ဝင်များကို စောင့်ဆိုင်းခဲ့သည်။ ထို့နောက် ပြန်ရောက်လာသူများထံမှ သိရသည့် တိုက်ပွဲသတင်းနှင့် အခြေအနေများအပေါ် သုံးသပ်ကာ စိန်ပန်းတောအုပ်ရွာမှ တပ်ခွဲကို အသုံးပြုပြီး ပြန်လည်တိုက်ခိုက်ရန် စီစဉ်ခဲ့ရလေသည်။

စိန်ပန်းတောအုပ်ရွာမှ တပ်ခွဲသည် နယ်စောင့်တပ်တွင် အားအကိုးရဆုံး တပ်ခွဲဖြစ်သည့်အပြင် နယ်စားမင်းကတော် ရန်သူသတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် မြားသင့်၍ကျန်ခဲ့သည်ဟူသောသတင်းကြောင့် မခံမရပ်နိုင်လည်း ဖြစ်နေကြ၏။ ထို့ကြောင့် ထိုတပ်ခွဲမှ ရဲမက်တို့သည် သူတို့၏ တပ်စုမှူးများမှတစ်ဆင့် တပ်ခွဲမှူးထံသို့ သွားရောက်တိုက်ခိုက်ခွင့် တောင်းနေကြလေသည်။

သို့သော် ပံသုရာဇာသည် ချက်ချင်းထွက်တိုက်ရန် ခွင့်မပြုခဲ့ပေ။ တဖွဲဖွဲနှင့်ရောက်ရှိလာသော သူ့ စံအိမ်တော် ကင်းတပ်ဖွဲ့မှ ရဲမက်များကိုစောင့်ဆိုင်းပြီး သတင်းများစုဆောင်းခဲ့၏။ ရန်သူ့အင်အားနှင့် ရန်သူ့စစ်ပရိယာယ်ကို သဲသဲကွဲကွဲမသိရသေးခင် မသွားသင့်ဟု ယူဆသည်။ မဆင်မခြင် သွားရောက်တိုက်ခိုက်ခြင်းကြောင့် ရန်သူထောင်ချောက်ထဲ တျရောက်သွားမည်ကို သူစိုးရိမ်သည်။

ရဲမက်များနှင့် အရပ်သားများထံမှ စုဆောင်းရရှိသည့် သတင်းများအရဆိုလျှင် မိမိတို့ကို တိုက်ခိုက်သော ရန်သူ့အင်အားသည် တစ်ရာကျော်ခန့် ရှိသည်ဟုဆို၏။ အလစ်အငိုက် စီးနင်းတိုက်ခိုက်ခြင်းသာဖြစ်ပြီး စံအိမ်တော်ကို ဆက်လက်သိမ်းပိုက်ထားခြင်းမရှိပေ။ စံအိမ်တော်အတွင်းမှ ရွှေစများ၊ အဖိုးတန် ပစ္စည်းပစ္စယများကိုသာ ရှာဖွေယူငင်ပြီး အလျင်အမြန် ပြန်လည်ဆုတ်ခွာသွားကြသည်။ ရန်သူ့ဘက်မှ ဆယ့်တစ်ဦးခန့် သေဆုံးပြီး သေဆုံးသွားသူတို့၏ အလောင်းများကိုပင် ကောက်မသွားကြတော့ပေ။ သည်အတိုင်း ပစ်ထားခဲ့ကြသည်။ ပံသုရာဇာ၏ ကြင်ရာတော်အပါအဝင် မိမိဘက်မှ ခြောက်ဦးကျဆုံးခဲ့သည်။

ရန်သူတို့ ဆုတ်ခွာသွားသည်မှာ သေချာသလောက်ဖြစ်မှ ပံသုရာဇာသည် နယ်မြေစောင့်တပ်ခွဲနှင့် ကင်းတပ်ကို ဦးစီးကာ မိမိ၏ စံအိမ်တော်ကို ပြန်လည်သိမ်းပိုက်ခဲ့လေသည်။ မနက်ခင်းက စွန့်လွှတ်ခဲ့



ရသော စံအိမ်တော်ကို မွန်းလွဲပိုင်းမှာပင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့သော်လည်း စံအိမ်တော်၏ အခြေအနေက အတော်ယိုယွင်းပျက်စီးသွားပြီ ဖြစ်၏။ ရန်သူတို့သည် စံအိမ်တော်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ရိုက်ချိုး ဖျက်ဆီးပစ်ခဲ့ကြသည်။ သူတို့သည် စံအိမ်တော်တွင် အချိန်ကြာမြင့်စွာ တပ်စွဲခြင်း မပြုခဲ့ကြပေ။ နယ်စားမင်း ပံသုရာဇာလွတ်သွားသောကြောင့် စစ်ကူခေါ်ပြီး လာရောက် တိုက်ခိုက်မည်ဟု ယူဆကြပုံရသည်။

ပံသုရာဇာသည် နယ်မြေစောင့်တပ်ခွဲမှ တပ်စုတစ်စုကို ရန်သူ ဆုတ်ခွာရာ လမ်းနောက်သို့ ကင်းထောက်လွှတ်လိုက်ပြီး ကျန်အင်အားများနှင့် မိမိစံအိမ်တော်ကို အခိုင်အမာ ကာကွယ်လိုက်သည်။ သမီးတော်လေးကို အထိန်းတော်များနှင့်ထားကာ မိမိက ရန်သူ့ အလောင်းများနှင့် မိမိဘက်မှ အလောင်းများကို စစ်ဆေးကြည့်ရှုခဲ့သည်။ ပံသုရာဇာမစစ်ဆေးမီမှာပင် ကင်းတပ် တပ်မှူးဖြစ်သူက အလောင်းများကို စနစ်တကျ ပြုပြင်ထားခဲ့သည်။ နယ်စားမင်းကတော်၏ အလောင်းကို တစ်နေရာတွင် စင်ထိုး၍ထားကာ အမိုးအကာများနှင့်တကွ ခမ်းခမ်းနားနား ပြင်ဆင်ထားသည်။ ကင်းတပ်မှ ကျဆုံးသွားသော ရဲမက်တို့၏ အလောင်းများကို တစ်နေရာ၊ ရန်သူ့အလောင်းများကို တစ်နေရာ သီးခြားစီ ပြင်ဆင်ထားသည်။

ပံသုရာဇာသည် ကြင်ရာတော်၏ အလောင်းရှိရာသို့ အရင်ဝင်ရောက် စစ်ဆေးသည်။ ထပ်မံ မွမ်းမံစရာ ရှိသည်များကို ညွှန်ကြားခဲ့သည်။ ခဏကြာလျှင် မိမိကိုယ်တိုင် သမီးတော်လေးနှင့်အတူ လာရောက်ပြီး ကြည့်ရှုဦးမည်ဖြစ်ကြောင်း၊ ထို့နောက်မှ မြေမြှုပ်သင်္ဂြိုဟ်သည့် အခမ်းအနားကို ညတွင်းချင်း ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ကျ ရဲမက်တို့အား မှာကြားခဲ့သည်။

ထို့နောက် သူသည် ရန်သူ့ အလောင်းများကို စစ်ဆေးခဲ့သည်။ ရန်သူတို့သည် ရုပ်ဝေးမြေခြား တိုင်းတစ်ပါးသားတို့ဖြစ်ကြောင်း တွေ့ရသည်။ မိမိတို့က အသားဝါလူမျိုးများဖြစ်ပြီး သူတို့က အသားဖြူလူမျိုးများ ဖြစ်ကြသည်။ အသားအရောင် မတူသည်သာမက ခန္ဓာကိုယ် အချိုးအဆစ်များသည်လည်း ကွာခြားသည်။ ဤသူတို့သည် မည်သည့်ဒေသက လာခဲ့ကြပါသနည်း။ စုံစမ်းရပေဦးမည်။ သူသည် ကင်းတပ်တပ်မှူးအား ဤရန်သူတို့၏ အစတ်အစား၊ ပုံပန်းသဏ္ဌာန်တို့ကို ပန်းချီရေးဆွဲ မှတ်တမ်းတင်ထားရန် ခိုင်းစေခဲ့သည်။ မှတ်တမ်းတင်ပြီးလျှင် ညတွင်းချင်း မြေမြှုပ်ရန် မှာကြားခဲ့သည်။

နောက်ဆုံးအနေဖြင့် ကျဆုံးခဲ့သော မိမိ၏ ရဲမက်တို့ကို စစ်ဆေးခဲ့သည်။ တစ်ဦးချင်းအလိုက် ထူးခြားပြောင်မြောက်သည့် တိုက်ပွဲဝင်အရည်အသွေးတို့ကို ကင်းတပ် တပ်မှူးအနေနှင့် အထူးဝါယမ စိုက်၍ မှတ်တမ်းတင်ထားရန် ညွှန်ကြားခဲ့သည်။ မှတ်တမ်းတင်ပြီးပါက ဤအလောင်းများကို ညတွင်းချင်း မြေမြှုပ်မည်ဖြစ်သည်။

သာမန် သေဆုံးမှုများအတွက် သုံးရက်၊ ငါးရက် ထားတတ်ကြသော်လည်း ဓား၊ လှံ၊ လက်နက်တို့ကြောင့် သေဆုံးရလျှင် နောက်တစ်ရက် အကူးမခံသည်မှာ ပံသုရာဇာတို့ မဟာသူရိယတိုင်းနိုင်ငံကြီး၏ ဓလေ့ထုံးစံ ဖြစ်ပေသည်။ အလောင်းများကို စစ်ဆေးခြင်း ပြီးဆုံးသောအခါ ပံသုရာဇာသည် သမီးတော်ကလေးကိုခေါ်ပြီး သူမ၏ မိခင်အား ဂါရဝပြုစေသည်။ ငါးနှစ်သမီးအရွယ် သမီးတော်ကလေး မာလာဒေဝီသည် မိခင်ဖြစ်သူ စန္ဒမာလာ၏ ရုပ်ကလာပ်ကို လက်အုပ်ချီ ဂါရဝပြုရင်း တရှုတ်ရှုတ် ငိုကြွေးနေရှာသည်။ ပံသုရာဇာ မြေမဆည်နိုင်ခဲ့ပေ။ တစ်ဦး



တည်း လာရောက်ကြည့်ရှုစဉ်က တင်းထားနိုင်ခဲ့သော်လည်း ယခုသမီးကလေးက ငိုသောအခါ မိမိပါ မျက်ရည်ကျရတော့သည်။

သားအဖ နှစ်ဦးစလုံးပင် သွားရှာသူ၏ မျက်နှာကလေးကို အားရအောင် ကြည့်ရှုကြပြီးနောက် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြသည်။ မြေမြှုပ်သင်္ဂြိုဟ်ခြင်း အခမ်းအနား ပြီးဆုံးသောအခါ မိုးစုံးစုံးချုပ်သွားပြီ ဖြစ်၏။ သမီးတော်ကလေးကို စံအိမ်တော် ပြန်ခေါ် ခဲ့ပြီး ရေမိုးချိုး၊ ညစာ စားစေရန် အထိန်းတော်များလက်သို့ လွှဲအပ်လိုက်သည်။ သူကိုယ်တိုင်မူ မနားနိုင်သေး။ ညရေးညတာလုံခြုံရေးကို ကင်းတပ် တပ်မှူးနှင့်အတူ လိုက်လံစစ်ဆေးရပြန်သည်။ ထို့နောက် ရေမိုးချိုး၊ ညစာ စားခြင်းအမှုတို အမြန်ပြုရသည်။ ပြီးသည်နှင့် ဆီမီးတိုင်များထွန်းညှိကာ နယ်မြေစောင့် တပ်ခွဲမှူး၊ ကင်းတပ်တပ်မှူးတို့နှင့် ဆွေးနွေးတိုင်ပင်ခဲ့သည်။

ရန်သူ ဆုတ်ခွာရာနောက်သို့ ကင်းထောက် လိုက်သွားသည့် တပ်စုမှ ခြေမြန်အထောက်တော် ပြန်လာပြီး အစီရင်ခံချက်ကို တပ်ခွဲမှူးက ပံသုရာဇာအား ပြန်လည်လျှောက်တင်ခဲ့သည်။ ရန်သူတို့သည် အနောက်စူးစူးသို့ ဆုတ်ခွာသွားရာ မဟာသူရိယတိုင်းနိုင်ငံ၏ နယ်နိမိတ်အဆုံးသို့ ဦးတည်နေသည်ဆို၏။ အဆိုပါ နယ်နိမိတ်ဆုံးလျှင် မည်သည့်တိုင်းနိုင်ငံကမှမပိုင်သော တောအုပ်ကြီးရှိ၏။ ထိုတောအုပ်ကြီး တစ်ဖက်တွင်ကား အခြားသော တိုင်းနိုင်ငံတို့ ရှိနေ၏။ ရန်သူတို့သည် အဆိုပါ တိုင်းနိုင်ငံတို့အနက်မှ မည်သည့်နိုင်ငံကလာသည်ကို မသဲကွဲသေး။ စုံစမ်းရပေဦးမည်။

ရန်သူ့ အခြေအနေနှင့် မိမိတို့၏ လက်ရှိအခြေအနေများကို ချင်းချင့် သုံးသပ်ကြည့်ရင်း ပံသုရာဇာသည် သမီးတော်ကလေးကိုခေါ်ပြီး နေပြည်တော်သို့ ချီတတ်ရန် ဆုံးဖြတ်လိုက်၏။ ယခု အခြေအနေမှာ

www.burmeseclassic.com

www.burmeseclassic.com



သာမန်ငြိမ်းချမ်းသည့် အခြေအနေမျိုး မဟုတ်တော့သဖြင့် စစ်အင်အားနေရာချထားမှုများကို တစ်မျိုးတစ်ဖုံ ပြောင်းလဲရတော့မည် ဖြစ်သည်။ မည်သို့မည်ပုံ ပြောင်းလဲပစ်မည်ဆိုသည်မှာ မိမိတစ်ဦးတည်း ဆုံးဖြတ်သည်ထက် တော်ဝင်မိသားစု ညှိနှိုင်းဆွေးနွေးပွဲတွင် တင်သွင်းဆုံးဖြတ်ခြင်းက ပို၍ သင့်တော်မည်ဟု သူ ယူဆသည်။

ထို့ကြောင့် သူက ဤသို့ ဆုံးဖြတ်ခဲ့သည်။ နောက်တစ်နေ့ မိုးသောက်သည်နှင့် သူနှင့် သမီးတော်ကလေး အပါအဝင် နယ်စားမင်းစံအိမ်တော်စောင့် ကင်းတပ်သည် နေပြည်တော်သို့ ချီတက်ကြမည်။ နယ်စောင့် တပ်ခွဲကလည်း ယခု ကင်းထောက်တပ်စု ခြေရာခံလိုက်နေသော လမ်းကြောင်းအတိုင်း ဆက်လိုက်ရန် ဖြစ်သည်။ နယ်နိမိတ်အဆုံးတိုင် လိုက်သွားပြီး ထိုနေရာတွင် တပ်စွဲကာ ရန်သူ့ သတင်းအခိုင်အမာ သိရှိရေး ဆောင်ရွက်သွားရန် ဖြစ်သည်။ သိရသမျှ ရန်သူ့သတင်းကို နယ်စားမင်းမရှိခိုက် တာဝန်ယူထားသည့် မြို့စားမင်းထံ ပို့ပေးရမည် ဖြစ်သည်။ မြို့စားမင်းက ထိုသတင်းများကို နေပြည်တော်ရောက် နယ်စားမင်း ပံသုရာဇာထံ ဆက်ပို့ပေးမည် ဖြစ်ပေသည်။

ဤသို့ဖြင့် ပံသုရာဇာသည် မဟာသူရိယ ရွှေမြို့တော်သို့ ဆိုက်ရောက်လာကာ 'တော်ဝင်မိသားစု ညှိနှိုင်းဆွေးနွေးပွဲ' အမြန်ဆုံး ခေါ်လိုက်ရတော့၏။ ပံသုရာဇာ၏ ရှင်းလင်းတင်ပြချက်အဆုံးတွင် မိဖုရားခေါင်ကြီးက ဝင်မေးတော့သည်။

"အခု ငါ့မြေးတော်လေး မာလာဒေဝီကို ဘယ်မှာထားသလဲဟဲ့"

"မှန်လှပါ၊ သားတော်ကြီး၏ စံအိမ်တွင် ခေါ်ထားကြောင်းပါဘုရား"

သက္ကရာဇာက ဝင်ဖြေ၏။



"ဘယ်ဖြစ်မလဲ၊ ငါ့ဆီပို့လိုက်၊ ငါ့မြေးတော်လေးကို ငါထိန်းမယ်"

မိဖုရားခေါင်ကြီး၏ စကားကြောင့် အားလုံးပြုံးမိကြသည်။ သားတော်ကြီး သက္ကရာဇာက ဝင်ရောက် လျှောက်တင်ပြန်သည်။

"မယ်တော့်ဆီ ပို့ထားဆိုရင်လဲ ပို့လိုက်ပါ့မယ်ဘုရား၊ ဒါပေမဲ့ မာလာဒေဝီက သူ့ အစ်မတော်၊ အစ်ကိုတော်တွေနဲ့ ပျော်မွေ့နေကြောင်းပါဘုရား"

"ပျော်မွေ့တာလဲ ပျော်မွေ့တာပေါ့၊ ဒါပေမဲ့ ဘွားတော်ဆီကို အထိန်းတော်နဲ့တကွ ပို့ထား၊ ညရေးညတာမှာ ငါစောင့်ရှောက်တာ အသင့်တော်ဆုံးပဲ၊ မနက်မိုးလင်းတော့မှ သားတော်ကြီးအိမ်ကို ပြန်ပို့ပေးထားမယ်"

မိဖုရားခေါင်ကြီး၏စကားက ကျိုးကြောင်းဆီလျော်နေသောကြောင့် အားလုံးငြိမ်သွားကြသည်။ တဒင်္ဂမျှ ငြိမ်သက်သွားပြီး ထိုငြိမ်သက်မှုကို မဟာရာဇာမင်းကြီးက ဖြိုခွဲလိုက်၏။

"ကဲ-အခု အားလုံး ကြားသိကြတဲ့အတိုင်း စစ်မက်ဖြစ်ပွားမှုက အစဖျိုးလာပြီ၊ အစပျိုးတဲ့ပွဲမှာပဲ ကိုယ့်ဘက်က အရေးနိမ့်သွားတာလဲ အမှန်ပဲ၊ ဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပေါ့ပေါ့တန်တန်ထားလို့ မဖြစ်ဘူး။ စစ်ရေးပြင်ဆင်မှုတွေ ဘယ်လိုလုပ်ကြမယ်ဆိုတာ အလေးအနက် စဉ်းစားဆောင်ရွက်ထားကြရမယ်"

မဟာရာဇာမင်းကြီး၏ စကားအဆုံးတွင် အိမ်ရှေ့စံကိုယ်တော်ကြီး သက္ကရာဇာကလည်း ဝင်ရောက်ပြောဆိုပြန်သည်။

"ဒီအရေးကိစ္စဟာ မဟာသူရိယတိုင်းနိုင်ငံတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စဆိုတော့ ကျန်တဲ့ညီအစ်ကိုတော်များကိုပါ ဆင့်ခေါ်ပြီး တိုင်ပင်ကြရလိမ့်မယ်၊ နယ်မြေတစ်ခုနဲ့တစ်ခု ဘယ်လိုပေါင်းစပ် ကူညီကြမယ်ဆိုတာတို့ရော၊ ရွှေမြို့တော်က ဘယ်လိုပါဝင်ဦးစီးရမလဲ ဆိုတာတွေကိုပါ ထည့်သွင်းစဉ်းစားကြရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နေသဝ်တော်ကြီး၏စကားကို ဗန္ဓုလဇကလည်း ဝင်ရောက်ထောက်ခံ၏။

"မှန်ပါတယ်၊ ကျန်တဲ့ ညီအစ်ကိုတော်များကို အမြန်ဆုံးဆင့်ခေါ်ပြီး 'စစ်ပြင်ဆင်မှု ညှိနှိုင်းဆွေးနွေးပွဲ'ကို အမြန်ဆုံးလုပ်သင့်ပါတယ်။ ပြီးခဲ့တဲ့ စစ်ပြင်ဆင်မှု လက်တွေ့ဆောင်ရွက်ချက်တွေထဲက အားနည်းချက်တွေကို ပြုပြင်ပစ်တာတွေ၊ နောင်ဖြစ်ပေါ်လာမယ့် အန္တရာယ်ကို ရင်ဆိုင်နိုင်မယ့် စစ်ပြင်ဆင်မှုတွေကို ကြိုတင် စီစဉ်ထားတာတွေ လုပ်သင့်ကြောင်းပါ ဘုရား"

ပသေနဒီကတော့ ဘာမှဝင် မပြောတော့ချေ။ သူသည်လည်း ထိုသို့သဘောရကြောင်း ခေါင်းကိုသာ တဆတ်ဆတ် ညိတ်ပြနေတော့၏။ တကယ်တော့ သူသည် စိတ်မောလူမောဖြစ်နေပြီ။ ယခုနေ ရေမိုးချိုးပြီး လှဲချလိုက်လျှင် တစ်ချိုးတည်း အိပ်ပျော်သွားတော့မည့် သဘောဖြစ်၏။

"ဒါဆိုရင်လဲ တခြားဆွေးနွေး ဆုံးဖြတ်စရာမရှိရင် နားလိုက်ကြရအောင်၊ သားတော် ပသေနဒီ အတော်လေး ပင်ပန်းနေပြီ၊ အနားယူသင့်နေပြီ"

မိဖုရားခေါင်ကြီး၏ စကားကို မဟာရာဇမင်းကြီးလည်း သဘောတူ၏။

"သားတော်ကြီး ယက္ခရာဇာ၊ 'တော်ဝင်မိသားစု ညှိနှိုင်းဆွေးနွေးပွဲ'ကို လူစုံတက်စုံဖြစ်အောင် ဖိတ်ကြားလိုက်၊ အမြန်ဆုံး ဆွေးနွေးနိုင်အောင် စီစဉ်လိုက်၊ တစ်ချိန်တည်းမှာ ရတနာပန်းခင်းနယ်မြေက ပို့လာတဲ့ ရန်သူ့သတင်း၊ နယ်မြေသတင်းတွေကို မပြတ်နားထောင်ပြီး ငါ့ဆီကို ပြေးတင်ပေးစမ်းပါ၊ ဒီသတင်းတွေ အားလုံးကို ငါသိထားမှဖြစ်မယ်"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

ဤသို့ဖြင့် ဆွေးနွေးပွဲ ပြီးဆုံးသွားလေတော့သည်။

## အခန်း (၆)

နယ်စားမင်းကြီး ပသေနဒီ၏ ကြင်ရာတော်ပင် အသက်ဆုံးရသည့် ရတနာပန်းခင်းနယ်မြေမှ တိုက်ပွဲသတင်းသည် ရွှေမြို့တော်တစ်ခွင်လုံး ပျံ့နှံ့သွား၏။ အချို့ကလည်း တစ်ဆိတ်ကို တစ်အိတ်လုပ်ကာ ခေါင်းမွှပ်အနက်၊ ဝတ်စုံအနက် ဝတ်ဆင်ထားသော တိုင်းတစ်ပါးသားရန်သူတို့သည် မဟာသုရိယတိုင်းနိုင်ငံအတွင်း ပျံ့နှံ့တည်ရှိနေကာ အလစ်အငိုက်တွင် ရွှေမြို့တော်သို့ပင် ဝင်ရောက်စီးနင်းတော့မည်ကဲ့သို့ ပြောဆိုနေကြလေသည်။ ထို့ကြောင့် ရွှေမြို့တော်ရှိ မြို့တော်သူမြို့တော်သားတို့ တုန်လှုပ်ချောက်ချားမှု မဖြစ်ရလေအောင် စစ်သတင်းအမှန်ကို စာများနှင့်ရေးသားပြီး လမ်းဆုံလမ်းခွများ၊ လူစည်ကားရာ နေရာများတွင် ချိတ်ဆွဲထားခြင်း၊ လူနေရပ်ကွက်များအတွင်း မောင်းထု၍ လိုက်လံကြေညာခြင်းတို့ကို အိမ်ရှေ့စံကိုယ်တော်ကြီး၏ ညွှန်ကြားချက်အရ မြို့စောင့်တပ်မှူးသူရစက္ကက စီစဉ်ဆောင်ရွက်နေရပေသည်။

မည်သို့ပင်ဖြစ်စေ စစ်ပွဲဟူသော အသံသည် စစ်သွေးစစ်မာန်တို့ကို လှုံ့ဆော်ပေးမြဲဖြစ်သောကြောင့် ရွှေမြို့တော်၏ မြို့စောင့်တပ်သည်

www.burmeseclassic.com

www.burmeseclassic.com



ယခင်ကနှင့်မတူတော့ဘဲ ပိုမိုလန်းဆန်းတက်ကြွလာသည့် သဘောရှိသည်။ ရွှေမြို့တော်သူ ရွှေမြို့တော်သားများကလည်း မြို့စောင့်တပ်မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအပေါ် ယခင်ကထက်ပို၍ အရေးတယူပြုကာ အလေးထားလာကြသည်။

ဤသို့ဖြင့် မားရေး၊ လှံရေးတို့ကို ပိုမိုလေ့ကျင့်လာသည့် မြို့စောင့်တပ်အတွင်း၌ သတ္တိဗလအတွက် အရည်အသွေး ပိုမို တိုးတက်စေမည့် အခွင့်အလမ်းများကို ရရှိလာတော့၏။ သူသည် သူ့ ကင်းတပ်ခွဲနှင့်အတူ မားရေး၊ လှံရေး လေ့ကျင့်ချိန်တွင် လေ့ကျင့်သကဲ့သို့ မြို့စောင့်တပ်မှူးသူရစက္ကက သူတစ်ဦးတည်းအား ခေါ်ယူလေ့ကျင့်ချိန်တွင်လည်း လေ့ကျင့်ရပေသည်။ ပင်ပန်းပင် ပင်ပန်းသော်လည်း သတ္တိဗလ မညည်းညူခဲ့ပေ။ ဤကဲ့သို့ အရှိန်အဟုန် ပြင်းပြင်းနှင့် လေ့ကျင့်နေရသည်ကိုပင် သူက ဝမ်းသာနေသည်။

သို့မှသာ သူမြန်မြန်တတ်မည်။ သူများတွေထက် ပိုတော်မည်ဟု သူခံယူထားသည်။ ဆရာဖြစ်သူကလည်း ဆရာကောင်း။ မဟာသူရိယတိုင်းနိုင်ငံတစ်ခုလုံးတွင် အတော်ဆုံးဟု နာမည်ရထားသူ။ ဤကဲ့သို့သော ဆရာမျိုးက လက်ထပ်သင်ပေးခြင်းခံရ၍မှ မိမိက ညံ့နေသေးသည်ဆိုလျှင် ရှက်စရာကောင်းလှသည်။ ရှက်စရာ မကောင်းအောင် မိမိ အပင်ပန်းခံ၍ သင်ယူလေ့ကျင့်မည်ဟု သူ ဆုံးဖြတ်ထားသည်။

ဆရာဖြစ်သူ သူရစက္ကအနေနှင့်လည်း တပည့်ဖြစ်သူ သတ္တိဗလအပေါ် သဘောတွေ့သည်။ လူက ခပ်ထိုင်းထိုင်းအသွင်ရှိသော်လည်း ကြိုးစားမှုရှိသည်။ သိုင်းပညာ သင်ယူခြင်းဆိုသည်မှာ ဆရာရှေ့ကလုပ်သမျှ ပုံစံကျအောင် နောက်ကလိုက်လုပ်ရခြင်းဖြစ်လေရာ မကြိုးစား၍မရ။ မလေ့ကျင့်၍မရ။ စိတ်ကူးနှင့် ထိုင်ကူးနေ၍မရ။ လက်တွေ့လုပ်မှ ရမည်ဖြစ်၏။



သူရစက္ကသည် သတ္တိဗလကို မားရေးလင်္ကာကလေးတစ်ခု အလွတ်ကျက်ခိုင်းသည်။

"ထိုး၊ မှောက်၊ ရွှေ့၊ နောက်၊ ပူး၊ ဝင်၊ ထမ်း၊ ဆောင့်၊ ထီး၊ ယူ၊ စွန့်၊ ယား၊ ဖြိုး၊ လိုက်၊ ကောက်"

သတ္တိဗလသည် ထိုလင်္ကာကလေးကို အလွတ်ကျက်သည်။ သူရစက္ကကလည်း ထိုလင်္ကာကလေး၏ အရှည်အဓိပ္ပာယ်များကို ရှင်းပြခဲ့၏။

"တကယ်တော့ ဒီလင်္ကာထဲမှာပါတဲ့ နာမည်တွေဟာ မား 'မ' တွေရဲ့ နာမည်ပဲ။ မားမ မဟုတ်ဘူးနော်၊ မားမ လို့ပြောလိုက်ရင် ထင်းခုတ်တဲ့မားနဲ့ မှားနေဦးမယ်။ အခုပြောတဲ့ မား 'မ' ဆိုတာ မားသိုင်းလေ့ကျင့်တဲ့ ပုံစံကွက်ပဲ၊ အဲဒီ ပုံစံကွက်တွေကို 'မ'တွေလို့ တင်စားပြီး ခေါ်ဝေါ်လိုက်တာပဲ. 'မ'ဆိုတာ ပွားများတတ်တဲ့သဘောပဲ။ လောကကြီးမှာ ဖိုဓာတ်နဲ့ မ ဓာတ် နှစ်မျိုးရှိတဲ့အနက် မ ဓာတ်ကသာ ပွားများတတ်တာ မဟုတ်လား၊ အခု ငါတို့ လေ့ကျင့်မယ့် မားသိုင်းပုံစံကွက်တွေဟာ ၁၅ မျိုးတည်းရှိတယ် ဆိုပေမဲ့ ပုံစံကွက် အထောင်အသောင်းအထိ ပွားများနိုင်တဲ့ သတ္တိရှိတယ်ကွ"

သူရစက္က၏ အကျယ်တဝင့် ရှင်းပြမှုကြောင့် သတ္တိဗလ ကြက်သီးမွေးညင်းများပင်ထသွားသည်။ မိမိသည် မားရေး အထောင်အသောင်းတို့ တတ်မြောက်ပေတော့မည်တကား။

"မှတ်ထား၊ 'ထိုး' ဆိုတာ မား ထိုးမ၊ 'မှောက်' ဆိုတာ မှောက်ခုံတော့်မားထမ်း၊ 'ရွှေ့' ဆိုတာ ရွှေ့ဖြိုးသက်သက်၊ 'နောက်' ဆိုတာ နောက်ဖြိုးဖေးထမ်း၊ 'ပူး' ဆိုတာ လက်ပူးချိုင်းထုတ်၊ 'ဝင်' ဆိုတာ ဝင်ခုတ်ထွက်၊ 'ထမ်း' ဆိုတာ မားထမ်းကျော်၊ 'ဆောင့်' ဆိုတာ မားမှိုဆောင့်၊ 'ထီး' ဆိုတာ ထီးကာမ၊ 'ယူ' ဆိုတာ ဟသ်ာသည်ယှက်ယူ၊

www.burmeseclassic.com

www.burmeseclassic.com



'စွန်' ဆိုတာ စွန်တောင်ယှက်၊ 'ယား' ဆိုတာ ယိုးဒယား ခါးဖြတ်၊ *'ဖြီး' ဆိုတာ ရှေ့ဖြီး နောက်ဖြီး၊ 'လိုက်' ဆိုတာ နှစ်ချက်နောက်လိုက်၊* 'ကောက်' ဆိုတာ ခါးကောက်မ"

ဤခါးရေးများအကြောင်း ရှင်းမပြမီ သူရစက္ကသည် သတ္တိဗလအား ခါးကို 'စလွယ်သိုင်း'ကိုင်စေကာ ခြေကွက်အသွားအလာများကို ကြေညက်အောင် သင်ကြားလေ့ကျင့်ပေးထားပြီး ဖြစ်၏။ ထို့ကြောင့် ယခုအခါ သတ္တိဗလသည် လက်ထဲသို့ ခါးရောက်သည်နှင့် အလိုလိုပင် စလွယ်သိုင်း ကိုင်ထားလိုက်သည့် အကျင့်ရနေပေပြီ။ ယခုအခါ ဤခါးရေးများကို ဆရာသင်သည့်အတိုင်း တစ်သဝေမတိမ်း လိုက်လံလေ့ကျင့်ရပေဦးမည်။

"ဒါ အခြေခံ ခါးရေးတွေပဲ သတ္တိဗလ၊ အဲဒီအခြေခံ ခါးရေးတွေကို တတ်မြောက်ပြီးသွားရင် အဆင့်မြင့်ခါးရေးတွေကို ဆက်လေ့ကျင့်ရဦးမယ်၊ ဖွဲလျှော့လို့ မရဘူးနော်"

သတ္တိဗလ သဘောပေါက်ပါသည်။ ဖွဲရှိမှလည်း အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်မည်။ အဆင့်မြင့် သိုင်းသမားတစ်ယောက်ဖြစ်မှ ယောမာသီရိ၏ ရင်သွေးကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ရမည်။ ထို့ကြောင့် မည်မျှ ပင်ပန်းပါစေ။ စိတ်လျှော့လိုက်၍မဖြစ်။ စိတ်လျှော့လိုက်သည်နှင့် မိမိ၏ ရည်မှန်းချက် အရည်ပျော်ကျသွားမည် ဖြစ်ပေသည်။ တောင့်ထား သတ္တိဗလ၊ တောင့်ထားဟု မိမိကိုယ်မိမိ စိတ်ထဲမှနေ၍ ရေရွတ်အားပေးနေဖြစ်သည်။

ဆရာကတော့ မောင်းမည့်ဆရာဖြစ်သည်။ သူ့တပည့်ကို သူ့ခြေရာနင်းနိုင်အောင် ကောင်းကောင်းကြီး လေ့ကျင့်မောင်းနှင်ပေးမည့် သဘောရှိသည်။ သူရစက္ကသည် မဟာရာဇာမင်းကြီး ကိုယ်တော်တိုင်



သာ ပွဲချီဘွဲ့ ပေးအပ်ခြင်းခံထားရသည့် သိုင်းအကျော်အမော်တစ်ဦး ဖြစ်သောကြောင့် ဤဆရာမျိုးနှင့် သင်ကြားခွင့်ရခဲ့ခြင်းသည် သတ္တိဗလ ကံကောင်းခြင်း ဖြစ်ပေသည်။

ပွဲချီဘွဲ့ရခြင်းမှာ ပွဲချီခါးရေး၌ တော်သောကြောင့်ဖြစ်သည်။ ပွဲချီခါးရေးသည် လေဆင်နှာမောင်းကဲ့သို့သော အရှိန်အဟုန်မျိုးရှိပြီး တစ်ချက်ခုတ်လျှင် ရန်သူနှစ်ဆယ်ခန့် အတုံးအရုံး သေဆုံးနိုင်သော စွမ်းရည်ရှိသည်ဆို၏။ သူရစက္ကသည် ပွဲချီခါးရေး လေ့ကျင့်လျှင် လူသူမနီးသော တောနက်ထဲတွင် သွားရောက်လေ့ကျင့်လေ့ရှိသည်။ ပညာတိုသိုဝှက်လိုခြင်းထက် အနီးအနားရှိလူများကို ထိခိုက်မှာ စိုးရိမ်၍ ဖြစ်သည်။ ခါးနှင့် မခုတ်မိသည့်တိုင် ခါး၏ အရှိန်အဟုန်ကြောင့် အနီးအနားမှလူများ အတွင်းဒဏ်ရာရကုန်မှာ သူ စိတ်ပူသည်။

ထို့ကြောင့် သူရစက္က၏ ပွဲချီခါးရေးကို မဟာရာဇာ တော်ဝင်မိသားစုနှင့် မှူးကြီး မတ်ကြီး အချို့မှလွဲ၍ မည်သူမှ မမြင်ဖူးကြချေ။ မဟာရာဇာတော်ဝင်မိသားစုနှင့် မှူးကြီးမတ်ကြီးအချို့သည်ပင်လျှင် မြို့ပြင်တစ်နေရာ၌ အထူးစီစဉ်ပြီး ကြည့်ရှုခဲ့ရခြင်းဖြစ်သည်။ အံ့သြဖွယ်ကောင်းပြီး စွမ်းအားထက်လှသော ပွဲချီခါးရေးကို မြင်ပြီးသည့်အခါ အားလုံးက သူရစက္ကကို လူစွမ်းကောင်းအဖြစ် အသိအမှတ်ပြုကြသည်။ မဟာရာဇာမင်းကြီး၏ ငယ်မွေးခြံပေါက်သာ မဟုတ်ခဲ့လျှင် ဤမျှအစွမ်းထက်သော လူစွမ်းကောင်းတစ်ဦးကို အသက်ရှင်လျက်ပင် ထားဖွယ်မရှိချေ။

ထိုအချိန်က ပွဲချီခါး၏အစွမ်းကို မြင်လိုက်ရသူများထံမှ ပြန်လည်ကြားသိရချက်အရ ပွဲချီခါးတစ်ချက်ခုတ်လိုက်သည်နှင့် မြေပြင်မှသစ်ရွက်များသည် လေဆင်နှာမောင်း အစုတ်ခံလိုက်ရသကဲ့သို့ ပြုံတက်

www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်ဆို၏။ ပျံချီမားချက်များ ဆက်ကာဆက်ကာ ခုတ်လိုက်သည်နှင့် ပတ်ဝန်းကျင်ရှိ သစ်ကိုင်းသစ်ခက်များ လေဆင်နှာမောင်း ဒဏ်ခံရသကဲ့သို့ ကျိုးပဲ့ကုန်သည်ဆို၏။ ပတ်ဝန်းကျင်တစ်ခုလုံး ပြောင်းဆန်သွားကာ တော်လဲသံကဲ့သို့ အသံများထွက်လာသည်ဆို၏။ နောက်ပိုင်းတွင် ပျံချီမားချက်များနှင့်အတူ ဓားကိုင်သူကိုယ်တိုင် လေထဲတွင် ပျံဝဲမြောက်တက်နေတော့သည်ဟု သိရသည်။

ထိုသို့ အစွမ်းထက်လှသော ပျံချီမားရေးပိုင်ရှင်အား မည်သူတစ်ဦးတစ်ယောက်ကမှ လက်ရဖမ်းဆီးခြင်းငှာ မတတ်နိုင်ပေ။ တပ်ထောင်ပါဗိုလ်ထုနှင့် လူစု၍လည်း ဝိုင်းဖမ်း၍ မရနိုင်ချေ။ ထို့ကြောင့် ဘုရင်မင်းမြတ်တို့ စစ်ချီလျှင် ပျံချီမားရေးပိုင်ရှင်ကို အနီးကပ် သက်တော်စောင့်အဖြစ် တာဝန်ပေးအပ်ပြီး ချီတက်လေ့ရှိကြ၏။ ယခုလည်း မဟာရာဇာမင်းကြီးသာ စစ်ချီခဲ့လျှင် မြို့စောင့်တပ်မှူး သူရစက္ကသည် မင်းကြီး၏အပါးမှ ချီတက်ရမည်ဖြစ်၏။

ဤကဲ့သို့ မဟာရာဇာမင်းကြီး ကိုယ်တော်တိုင်က တန်ဖိုးထားသည့် လူစွမ်းကောင်းတစ်ဦးကို ဆရာတင်ခွင့်ရလျက်မှ မိမိက ညံ့နေလျှင် မိမိကိုယ်မိမိ ခွင့်လွှတ်နိုင်ဖွယ်မရှိဟု သတ္တိဗလ တွေးနေမိသည်။

ဤသို့ဖြင့် သတ္တိဗလသည် သူရစက္က လက်တွေ့သင်ပြသည့် အတိုင်း မညည်းမညူ လိုက်ပါလေ့ကျင့်၏။ လေ့ကျင့်ခြင်းပြီးဆုံး၍ အိပ်ဆောင်သို့ ပြန်ရောက်သည့်အခါ သတ္တိဗလ ဖတ်ဖတ်မောနေပြီ။ သို့သော် နားခွင့်မရသေး။ ရဲမက်တစ်ဦးဖြစ်သည်နှင့်အညီ သက်ဆိုင်ရာ တာဝန်များကို ဆက်လက်ထမ်းဆောင်နေရပြန်သည်။

သတ္တိဗလ၏ နေ့စဉ် နေထိုင်မှုဘဝတွင် ကိုယ်ပိုင်အားလပ်ချိန် ဆိုသည်မှာ အတော်နည်းသွားတော့သည်။ ဤသို့ ကိုယ်ပိုင်အားလပ်ချိန်



နည်းသွားခြင်းသည် ဟေမာသီရိကို သတိရသည့်အချိန် နည်းသွားခြင်းဝင် ဖြစ်ပေသည်။ ဟေမာသီရိကို သတိရသည့်အချိန် နည်းသွားခြင်းကြောင့် ခံစားရခြင်းဝေဒနာသည် လျော့ပါးသွားခဲ့လေသည်။ ဤသို့ဖြင့် သတ္တိဗလသည် ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်း ဖြစ်လာ၏။ အသားအရေလည်း စိုစိုပြည်ပြည် ဖြစ်လာသည်။ ထို့ကြောင့် အတူနေ ရဲမက်များက သတ္တိဗလကို သိုင်းနှင့်တည့်သည်ဟု ပြောလာကြသည်။

ထိုအခါမျိုးတွင် သတ္တိဗလက ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ပြန်ပြောလေ့ရှိ၏။

"သိုင်းနဲ့တည့်တာဆိုရင် ပင်ပန်းတာနဲ့ တည့်တာပေါ့ဗျာ၊ ကျွန်တော့်မှာက ပင်ပန်းတဲ့ ဇာတာပါတယ်လေ။ ပင်ပန်းမှလဲ စားဝင်အိပ်ပျော်ဖြစ်တော့တယ်။ မပင်ပန်းရင် တွေးနေဆွေးနေတာနဲ့ စားလို့မဝင်၊ အိပ်လို့မပျော်တော့ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ပံသုရာဇာ၏ သမီးတော် မာလာဒေဝီကလေး မိဖုရားခေါင်ကြီးထံ ရောက်ရှိခြင်းသည် အားလုံးသော ရံရွေတော်များ အလုပ်တစ်လုပ် တိုးလာခြင်းပင် ဖြစ်သည်။ မိတ်ဆိုးကလေးဖြစ်သောကြောင့် မိဖုရားခေါင်ကြီးက ဂရုတစိုက်ရှိလေရာ မိဖုရားခေါင်ကြီးအပါး ခစားနေသူတို့ ကလည်း ဝိုင်းဝန်းဂရုစိုက်ကြရတော့၏။ သည်ကြားထဲတွင် မာလာဒေဝီ သမီးတော်ကလေး ကိုယ်တိုင်က ပုလဲနန္ဒာကို ချစ်ခင်နေသောကြောင့် ပုလဲနန္ဒာ အခက်ကြုံနေရ၏။ မာလာဒေဝီသည် အိပ်ရာကနိုးသည်နှင့် "ဒေါ်ဒေါ် ပုလဲနန္ဒာ" ဟု အော်နေတော့သည်။ သူမ၏ အထိန်းတော်က သွားတိုက်၍ မျက်နှာသစ်ပေးနေသည့်ကြားက "ဒေါ်ဒေါ် ပုလဲနန္ဒာကို ခေါ်ပေး" ဟူသော အသံက ဆူညံနေ၏။ ထို့ကြောင့် မာလာဒေဝီ နိုးပြီဆိုလျှင် မိဖုရားခေါင်ကြီးလည်း အိပ်၍ မရတော့ပေ။

"ဒီ တောသူမ တော်တော်ဆိုးတာပဲ၊ တောသူမပီပီ အစောကြီး ထသဟဲ့၊ ဒါ ရွှေမြို့တော်ဆိုတာ မသိဘူးလား၊ အခု နင်တောသူမ မဟုတ်တော့ဘူး၊ ရွှေမြို့တော်သူ ဖြစ်နေပြီ၊ ရွှေမြို့တော်သူဆိုတာ



အိပ်ရာ အစောကြီး ထစရာမလိုဘူးဟဲ့"

မိဖုရားခေါင်ကြီးက မည်သို့ပြောပြော မာလာဒေဝီကတော့ အေးအေးဆေးဆေးပင်။ သူမသည် ဘွားအေတော်သူ မိဖုရားခေါင်ကြီး၏ မျက်နှာကိုမော့ကြည့်ကာ တစ်ချက်ခေါ်လိုက်သည်။

"ဘွားဘွားကြီး"

"ဘာလဲဟဲ့ တောသူမရဲ့"

"ဒေါ်ဒေါ် ပုလဲနန္ဒာကို ခေါ်ပေး"

မိဖုရားခေါင်ကြီး လက်မြှောက်ရသည်။ ကလေးတို့မည်သည် အလိုလိုက်ခြင်းခံရသည်ကို အလွန်နားလည် သိရှိကြသည်။ သိရှိသည့်အတိုင်းလည်း အခွင့်အရေး ယူတတ်ကြလေသည်။ ယခုလည်း မိဖုရားခေါင်ကြီးသည် မာလာဒေဝီကလေး၏အလိုကို လိုက်ရကာ ပုလဲနန္ဒာကို သွားခေါ်ပေးကြဟု အမိန့်တော် ချမှတ်ရတော့သည်။

စင်စစ် ပုလဲနန္ဒာသည် မနက် မိုးလင်းသည်နှင့် မိဖုရားခေါင်ကြီးအတွက် မျက်နှာသစ်တော်ရေ၊ ဝတ်လဲတော်များ ပြင်ဆင်ပေးသည့် တာဝန်ရှိသည်။ အမွှေးနံ့သာများ လိမ်းကျံရန်လည်း အသင့်ပြင်ဆင်ထားရသည်။ ထို့နောက် မိဖုရားခေါင်ကြီးကို မွှေးကြိုင်လှပနေအောင် ပြင်ဆင်ပေးရလေသည်။ မိဖုရားခေါင်ကြီးကလည်း ပုလဲနန္ဒာ ပြင်ပေးမှ စိတ်တိုင်းကျသည်။

ယခုတော့ ပုလဲနန္ဒာသည် မာလာဒေဝီကလေးအတွက် ဖြစ်သွားသည်။ မာလာဒေဝီကလေးကို မွှေးကြိုင်လှပနေအောင် ပြင်ဆင်ပေးရသည်။ မနက်စာကို ခူးခပ်ကျွေးမွေးရသည်။ အနားမှာ စောင့်ကြည့်ပေးရသည်။ သည်မျှမကသေး။ မာလာဒေဝီကလေးသည် အိမ်ရှေ့စံကိုယ်တော်ကြီး၏ သားတော်၊ သမီးတော်များနှင့် သွားရောက်

www.burmeseclassic.com

www.burmeseclassic.com



ကစားသည်ဖြစ်ရာ သူမ၏ အထိန်းတော်သာမက ပုလဲနန္ဒာပါ လိုက်ပို့ရမည် ဆိုသောကြောင့် လိုက်ပို့ပေးရသည်။ ညနေဘက်တွင်လည်း ပုလဲနန္ဒာ လာမကြိုလျှင် မပြန်၊ ဟိုမှာပင် အိပ်မည်ဟု ဆိုသောကြောင့် သွားကြိုရပြန်သည်။ ဤသို့ဖြင့် ပုလဲနန္ဒာသည် မာလာဒေဝီကလေး၏ အချစ်တော် ဖြစ်လာသည်။

ထိုအခါ ပုလဲနန္ဒာ၏ ဘဝတူအပျိုတော်များက ပုလဲနန္ဒာကို နောက်ကြပြောင်ကြသည်။

"ပုလဲနန္ဒာ၊ ရှင်တော့ ထူးခြားပြီနော်၊ သမီးတော်ကလေးက ရှင်မှရှင် ဖြစ်နေပြီ။ သူ့ အထိန်းတော်တောင် အပိုလူ ဖြစ်နေပြီ"

တစ်ယောက်က ဤသို့ အစပျိုးသည်ကို နောက်တစ်ယောက်တထောက်ခံသည်။

"ဟုတ်ပါရဲ့ ပုလဲနန္ဒာရယ်၊ တော်ကြာ သမီးတော်ကလေး သူ့အိမ်ပြန်တဲ့အခါ ဒေါ်ဒေါ်ပုလဲနန္ဒာပါမှ ပြန်မယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ"

တစ်ယောက်၏ ထောက်ခံချက်ကို နောက်တစ်ယောက်က ဖြည့်စွက်၏။

"ဘယ်လိုမှ လုပ်စရာမလိုပါဘူး။ လိုက်သွားရုံရှိတာပေါ့၊ လိုက်သာသွား ပုလဲနန္ဒာ၊ သိလား"

သူတို့တစ်တွေ ဘာကိုရည်ရွယ်ပြီး ပြောဆိုနေကြသည်ကို ပုလဲနန္ဒာ သိပါသည်။ ဘဝတူ အပျိုတော်တွေလည်းဖြစ်ပြီး အနေလည်းကြာနေပြီဖြစ်သောကြောင့် စိတ်ဆိုး၍မရ၊ မပြောပါနှင့် မစပါနှင့်ဟုလည်း တား၍မရ။



ထို့ကြောင့် ပုလဲနန္ဒာသည် သူတို့စပြီ၊ နောက်ပြီဆိုလျှင် ဘာမှပြန်မပြောဘဲ ရှောင်ထွက်ခဲ့သည်။ ပုလဲနန္ဒာ ရှောင်ထွက်သွားပြီဆိုလျှင် သူတို့တစ်တွေ တဝါးဝါးနှင့် ပွဲကျကျန်ခဲ့ကြသည်ချည်း ဖြစ်၏။

ရှောင်ထွက်လာသည် ဆိုသော်လည်း သူတို့နောက်ခဲ့ပြောင်ခဲ့သည့် အကြောင်းအရာသည် ပုလဲနန္ဒာ၏ နားထဲတွင် ကပ်ပါလာ၏။ ထားခဲ့၍မရ။ ထိုအကြောင်းအရာသည် ပုလဲနန္ဒာ၏နားထဲ ၌ပင် ပဲ့တင်ထပ်နေ၏။ ပဲ့တင်ထပ်သည်နှင့်အမျှ တုန်လှုပ်မှုကိုလည်း ခံစားရသည်။

သူတို့ပြောသလို ထူးများထူးနေလေသလား။ တကယ်တမ်း ဤသို့ထူးနေခဲ့သည် ဆိုလျှင်တော့ မိမိ၏ ဖူးစာရှင်သည် မုဆိုးဖို ဖြစ်နေပါရော့လား။ မိမိတွင် မုဆိုးဖိုနှင့်ညားရမည့် ကံဇာတာပါနေခဲ့ပြီထင်၏။

မိမိ၌ ဤကံဇာတာမျိုး မရှိနိုင်ဟူ၍လည်း တစ်ထစ်ချ မပြောနိုင်ပေ။ မုဆိုးဖိုနှင့် ဖူးစာဆုံရသည် ဆိုလျှင်လည်း ဤကဲ့သို့သော မုဆိုးဖိုမျိုးနှင့်ဆုံရသည်မှာ ကံဆိုးသည်ဟု မဆိုသာပေ။ ဤကဲ့သို့သော မုဆိုးဖိုမျိုးနှင့် ဆုံချင်သည့် မိန်းမသားများ အတော်ကလေးများလိမ့်မည်ဟု သူမထင်သည်။

ပြောရမည်ဆိုလျှင် ပံ့သုရာဇာသည် အရွယ်တော် တစ်ဆိတ်ဟိုင်းပြီဟု မဆိုနိုင်သေး။ သန်တုန်းမြန်တုန်း ရှိသေး၏။ မိန်းမသားတစ်ယောက်ကို ဂရုတစိုက်ချစ်နိုင်သေးသော အရွယ်ရှိသေး၏။ ဇာတိအရဆိုလျှင်လည်း မင်းဆီမင်းသွေးဖြစ်၏။ ဂုဏ်ဖြပ်အရဆိုလျှင်လည်း နယ်စားမင်းကြီး ဖြစ်၏။ ပုလဲနန္ဒာ ရင်ခုန်မိပါသည်။ သူမသည် မာယာအကနှင့် ကပြဖျော်ဖြေဖြစ်သောညကို ပြန်လည်အမှတ်ရမိ၏။ ထိုညက သူမ၏ အကကို အားရပါးရ ချီးကျူးပေးခဲ့သည်မှာ ပံ့သုရာဇာဖြစ်လေသည်။ ထိုအားပေးပုံ မြင်ကွင်းကို ပုလဲနန္ဒာ မေ့မရခဲ့နိုင်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



ဘဝတူ အပျိုတော်များ၏ နောက်ပြောင်မှုသည် တစ်ကြိမ်လည်း မဟုတ်၊ နှစ်ကြိမ်လည်း မဟုတ်၊ သမီးတော်ကလေး မာလာဒေဝီက ပုလဲနန္ဒာအပေါ် စွဲစွဲလမ်းလမ်း ချစ်ခင်မှုများဖော်ပြလေ သူတို့က နောက်ချင်ပြောင်ချင်လေ ဖြစ်နေခဲ့သည်။ တစ်ကြိမ်တွင် သူတို့၏ နောက်ပြောင်သောစကားကို မိဖုရားခေါင်ကြီးကြားသွားသည်။ မိဖုရားခေါင်ကြီး ခတော်တုန်လှုပ်သွားသည်။

သူမသည် ပုလဲနန္ဒာအား မင်းစိုးရာဇာ အာဏာပိုင် အဝန်းအဝိုင်းထဲ ရောက်မသွားစေလိုသောကြောင့် သူမ၏ အနီးတွင်ခေါ်ထားပြီး ထိန်းချုပ်ရန် ကြိုးစားခဲ့ခြင်း ဖြစ်၏။ အခုတော့ သူမ၏အနီးတွင် ထားကာမှ ဘွေချာပေါက် မင်းစိုးရာဇာ ကြင်ရာတော်ဖြစ်အောင် ဖန်တီးလိုက်သလို ဖြစ်နေလေရော့သလား။

မိဖုရားခေါင်ကြီးသည် ပုလဲနန္ဒာအနီး ရောက်လာကတည်းက အိမ်ထောင်ချပေးနိုင်ရန် ကြိုးစားခဲ့၏။ သို့သော် မအောင်မြင်။ သင့်တော်သူ ရှာမရ ဖြစ်ခဲ့၏။ တစ်ခုတော့ရှိသည်။ မင်းစိုးရာဇာ ကြင်ရာတော် မဖြစ်လျှင်ပြီးရောဆိုလျှင်တော့ မည်သူနှင့်ဖြစ်ဖြစ် ပေးစားလိုက်၍ ရသည်။ သို့သော် ဤသို့ ပြီးစလွယ်လုပ်၍လည်း မဖြစ်သေး။ မင်းသားလေး ဗန္ဓုရာဇာ တော်ကောက်ခဲ့သည့် သစ်အယ်ချောင်ရွာမှ ဂုဏ်သရေရှိ အမျိုးတစ်ဦး ဖြစ်၏။ ထို့ပြင် မိဖုရားခေါင်ကြီး၏ အပျိုတော်လည်း ဖြစ်၏။ မိမိ၏ အပျိုတော်တစ်ဦးအား ကြုံရာကျပန်း ယောကျ်ားသားတစ်ဦး၏ လက်ထဲသို့ ထိုးထည့်ပေးလိုက်၍လည်း မသင့်တော်ပေ။

ထိုအချက်၊ ဤအချက်များကို ထောက်ထားရွေးချယ်ရသည် ဖြစ်သောကြောင့် မိဖုရားခေါင်ကြီးသည် ပုလဲနန္ဒာ၏ အိမ်ထောင်ဖက်ကို ယခုထက်တိုင် ရွေးမရနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ယခုတော့ မိမိ စိုးရိမ်



သည့် မိန်းကလေးက မိမိချွေးမတော်ဖြစ်တော့မည်ကဲ့သို့ စကားအထိတ်၊ နိမိတ်များ ထွက်ရှိနေပါပကော။

ထို့ကြောင့် မိဖုရားခေါင်ကြီးသည် ပုလဲနန္ဒာကိုခေါ်ပြီး တိုင်ပင်ညှိနှိုင်းခဲ့၏။

"ပုလဲနန္ဒာ၊ မယ်တော် တစ်ခုစဉ်းစားမိတာ ပြောပြချင်တယ်ကွဲ့"

"မှန်လှပါဘုရား"

"မာလာဒေဝီ သမီးတော်ကလေးဟာ ပုလဲနန္ဒာကို အတော်ကလေး ချစ်ရှာတယ်နော်"

"မှန်လှပါ၊ ချစ်ရှာပါတယ် ဘုရား"

"အေး၊ အဲဒီလိုချစ်တာဟာ တစ်ခုလဲကောင်းပြီး တစ်ခုလဲ မကောင်းဘူးကွဲ့၊ ကောင်းတာကတော့ ပုလဲနန္ဒာနဲ့နေရတာ ပျော်နေလို့ သူ့စိတ်သောကတွေ ပြေပျောက်နေတာပေါ့ကွယ်၊ မကောင်းတာက သူ့ဒေသထိုဖြန်တဲ့အခါ ပုလဲနန္ဒကို မခွဲနိုင်မခွာရက်ဖြစ်ပြီး အခက်တွေ့မှာကွဲ့"

"မှန်လှပါ၊ အဲဒီလောက်တော့ဆိုးမယ် မထင်ပါဘူးဘုရား၊ ကလေးဆိုတာ မေ့လွယ်ပျောက်လွယ်ရှိပါတယ်"

"ကလေးတိုင်း မေ့လွယ်ပျောက်လွယ် မဟုတ်ဘူးကွဲ့။ တချို့ ကလေးတွေဆို အစွဲအလမ်းသိပ်ကြီးကြတာ"

"မာလာဒေဝီကို အစွဲအလမ်း ကြီးတဲ့ကလေးလို့ မယ်တော်ထင်သလား"

"ဟုတ်၊ မဟုတ် မယ်တော်စမ်းကြည့်ချင်တယ် ပုလဲနန္ဒာ"

"မှန်လှပါ၊ မယ်တော့် စိတ်သဘောတော်အတိုင်း စမ်းသပ်တော်မူပါ ဘုရား၊ ပုလဲနန္ဒာ လိုက်နာဆောင်ရွက်ပါ့မယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် ဒီလိုလုပ် ပုလဲနန္ဒာ၊ ဒီနေ့ပဲ သားတော်ဗန္ဓုရာဇာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ သမီးတော် ယောမာသီရိတို့ရဲ့ စံအိမ်တော်မှာ သွားနေလိုက်၊ ညနေဘက် မာလာဒေဝီပြန်လာတဲ့အခါ ပုလဲနန္ဒာ ခွင့်ယူပြီး အိမ်ပြန်သွားတယ်လို့ ပြောလိုက်မယ်၊ သူဘယ်လို တုံ့ပြန်သလဲဆိုတာ ကြည့်လိုက်မယ်၊ အခြေအနေမကောင်းရင် မယ်တော် လူလွှတ်ပြီး ပုလဲနန္ဒာကို ပြန်ခေါ်လိုက်မယ်"

အခြေအနေကတော့ တကယ့်ကို မကောင်းဟု ဆိုရပါလိမ့်မည်။ မာလာဒေဝီ ပြန်ရောက်၍ ပုလဲနန္ဒာ အိမ်ပြန်သွားပြီဟု ပြောလိုက်သောအခါ ပွက်လောရိုက်တော့သည်။ သူမသိဘဲ ပြန်လွှတ်ရကောင်းလားဟု သူ့ ဘွားတော်ကို ဆူသည်။ ထို့နောက် အခုချက်ချင်း ပြန်လိုက်ခေါ်ရမည်ဟု တောင်းဆိုသည်။ မယ်တော်က ချော့ချော့မော့မော့နှင့် ဖျောင်းဖျပြောဆိုကြည့်သည်။

"သူများ အိမ်သတိရလို့ ခွင့်ပြန်သွားတာကို အခုချက်ချင်း လိုက်ခေါ်လို့ ဘယ်ဖြစ်ပါ့မလဲ မာလာရဲ့၊ မယ်တော်တို့က အနိုင်ကျင့်သလို ဖြစ်နေမှာပေါ့၊ မာလာပဲ သူ့ကို ချစ်တယ်ဆို၊ ချစ်ရင်အနိုင်မကျင့်ရဘူးလေ"

မာလာဒေဝီ ခဏတော့ တွေဝေသွားသည်။ သိပ်မကြာလိုက်။ သူ့အဖြေတစ်ခု ရှာတွေ့သွားသည်။

"ဒါဆို သမီးကို ဒေါ်ဒေါ် ပုလဲနန္ဒာတို့အိမ်လိုက်ပို့၊ ဒေါ်ဒေါ် ပုလဲနန္ဒာနဲ့ လိုက်နေမယ်၊ ဒေါ်ဒေါ်ပုလဲနန္ဒာ ပြန်လာမှပြန်လာမယ်"

"ကြံကြံဖန်ဖန် မာလာရယ်၊ ပုလဲနန္ဒာတို့အိမ်မှာ မာလာ ဘယ်နေနိုင်ပါ့မလဲ၊ ကောင်းကောင်းအိပ်၊ ကောင်းကောင်းစားရမှာ မဟုတ်ဘူး။ ပုလဲနန္ဒာတို့အိမ်က ဆင်းရဲတယ် သမီးရဲ့"

"ဆင်းရဲပစေ၊ ဒေါ်ဒေါ် ပုလဲနန္ဒာနဲ့ နေရရင်ပြီးရော"



"အဲဒီလို မမိုက်ရဘူးလေ မာလာ၊ အဲဒီလို မိုက်တဲ့စကားတွေ ပြောထွက်လာရင် ဘွားဘွားကြီးက မချစ်တော့ဘူးနော်"

"အခုရော ချစ်လို့လား၊ သမီးကို မချစ်လို့ ဒေါ်ဒေါ်ပုလဲနန္ဒာကို အိမ်ပြန်လွှတ်လိုက်တာ၊ ဘွားဘွားကြီးက သမီးကိုမချစ်ရင် သမီးကလည်း ဘွားဘွားကြီးကို မချစ်တော့ဘူး"

မာလာဒေဝီသည် ပြောပြောဆိုဆို ချုံးပွဲချ၍ ငိုချလိုက်လေသည်။ မာလာဒေဝီ ငိုသောအခါ မိဖုရားခေါင်ကြီး ပျာပျာသလဲ ဖြစ်သွားသည်။ ခေါင်ဆုံးရှုံးထားသည်မှာ မကြာသေးသော ကလေးမလေး၊ ခုတော့ မိမိကြောင့် ငိုကြီးချက်မ ဖြစ်ရလေပြီကော။ မိဖုရားခေါင်ကြီးသည် သူမ၏ စမ်းသပ်မှုကို ဆက်မလုပ်နိုင်တော့ပေ။

"တိတ်တော့မာလာ၊ မငိုနဲ့တော့၊ သမီးရဲ့ဒေါ်ဒေါ် ပုလဲနန္ဒာကို ဘွားဘွားကြီး ပြန်ခေါ်ပေးမယ်"

မာလာဒေဝီသည် မိဖုရားခေါင်ကြီး၏စကားကို နားထဲမထည့်တော့ချေ။ ဦးခေါင်းကိုခါရမ်းကာ ဆက်လက်ငိုကြွေး၏။ ထို့နောက် ထိုင်ရာမှ ဆတ်ခနဲထ၍ အခန်းထဲမှ ထွက်ပြေးလေသည်။

"ဟဲ့-ဟဲ့- မာလာ၊ ဒါက ဘယ်လဲ၊ ဘယ်သွားမလို့လဲ"

မိဖုရားခေါင်ကြီးသည် အာမေဋိတ်သံများနှင့် ကျန်ခဲ့တော့သည်။ မာလာဒေဝီ၏ အထိန်းတော်သည် သွက်လက်ဖျတ်လတ်စွာထကာ ထော်ကြွပ်မကွာ ပြေးလိုက်သွား၏။ အထိန်းတော်တို့မည်သည် မိမိ ထိန်းထားသည့် ကလေးကို မျက်ခြည်ပြတ်ခံ၍ မဖြစ်ပေ။

မာလာဒေဝီကလေးသည် နန်းတော်ဝင်းအတွင်းရှိ လမ်းများကို ကျွမ်းကျင်ပြီးဖြစ်၍ တုံ့ဆိုင်းခြင်းမရှိဘဲ သူမ သွားလိုရာသို့ အောက် ချွတ် အပြေးသွား၏။ သူမ၏ အထိန်းတော်က ထပ်ကြွပ်မကွာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း ချော့လဲမည်စိုး၍ မပြေးရန်၊ ဖြည်းဖြည်းသက်သာသွားရန် သတိပေးစကား ဆိုသော်လည်း မရပေ။

ကလေးမလေးသည် သူမ၏ဖခင် ပံသုရာဇာ စတည်းချသည့် နန်းဆောင်ရှိရာသို့ ဦးတည်ပြေးလွှားနေခြင်းဖြစ်၏။ မိခင်မရှိတော့သည့်နောက် ဖခင်သည်သာ သူမအတွက် အကြီးမားဆုံးအားထားစရာ မဟုတ်ပါလော။ ဖခင်၏ အခန်းထဲရောက်၍ ဖခင်ကိုတွေ့သည်နှင့် ဖခင်၏ရင်ခွင်ထဲ ပြေးဝင်ကာ ဆက်လက်၍ငိုပါတော့သည်။

ပံသုရာဇာသည် ရုတ်တရက် အထိတ်တလန့်ဖြစ်သွား၏။ သမီးတော်လေးကို အလိုက်သင့်ပွေ့ပိုက်ရင်းက အပါးတွင် ဒူးထောက်ခစားလာသော အထိန်းတော်ကို အကျိုးအကြောင်း မေးလိုက်၏။

*"မှန်လှပါ၊ သူ့ဘွားတော်နှင့် ရန်ဖြစ်ပြီး အရှင့်သားထံ ပြေးလာခြင်း ဖြစ်ပါသည်ဘုရား"*

အထိန်းတော်၏ လျှောက်တင်စကားကို ကြားရသောအခါ စိတ်ရှုပ်ထွေးနောက်ကျိနေသဖြင့် ခေါင်းရှည်သောက်ပြီး အပန်းဖြေနေသော ပံသုရာဇာသည် ပို၍ စိတ်ညစ်သွားလေသည်။ သမီးတော်ကလေး၏ ဦးခေါင်းကို ပါးဖြင့်အပ်လိုက်ရင်း သူမ၏မိခင်ကို သတိရကာ မျက်ရည်များ ရစ်ဝဲလာမိ၏။

*"တိတ်ပါ ဒေဝီလေးရယ်၊ တိတ်ပါ၊ ဘွားဘွားကြီးက စတာဖြစ်မှာပါ"*

တစ်ဆက်တည်းဆိုသလို ပံသုရာဇာသည် စားပွဲပေါ်မှ ခေါင်းရှည်ခွက်ကိုယူပြီး မော့ချလိုက်သည်။

*"တိတ်တော့သမီး၊ ခဏနေရင် သမီးနဲ့ ခမည်းတော်နဲ့ ဘွားတော်ဆီသွားကြမယ်၊ သားအဖနှစ်ယောက် ရန်သွားတွေ့ကြမယ်၊ မြေး*



*တော်လေးကို ခေါ်တုန်းကတော့ခေါ်ထားပြီး ဘာဖြစ်လို့ စိတ်ပျော်အောင် မထားတာလဲဆိုပြီး ရန်တွေ့ကြမယ်"*

ဖခင်ဖြစ်သူ၏ စကားကြောင့် မာလာဒေဝီ၏ ဝမ်းနည်းစိတ်များ အတော်လျော့ပါးသွား၏။ ထို့ကြောင့် အငိုလည်းတိတ်သွားကာ ရှိုက်သံများသာ တစ်ချက်တစ်ချက် ပေါ်ထွက်လာလေသည်။

*"ကဲ-ပြောပါဦး ဒေဝီလေးရယ်၊ ဘွားတော်က ဘယ်လိုစလို့ သမီးလေးနဲ့ ဘယ်လိုရန်ဖြစ်ကြတာလဲဆိုတာ"*

ပံသုရာဇာသည် အလွန်ချစ်မြတ်နိုးလှသော တစ်ဦးတည်းသော သမီးတော်လေး မာလာဒေဝီအား နှစ်သိမ့်လိုသဖြင့် စကားမရှိ စကားရှာပြီး မေးမြန်းလိုက်၏။ မာလာဒေဝီသည် ရှိုက်နေသည့်ကြားက သူမနှင့် ဘွားတော်တို့အကြား အခင်းများကြပုံကို ပြန်ပြောပြရှာသည်။

*"ဘွားဘွားကြီးက စတာမဟုတ်ဘူး ခမည်းတော်၊ သမီးက ချစ်ပါတယ်ဆိုတဲ့ ဒေါ်ဒေါ်ပုလဲနန္ဒာကို အိမ်ပြန်လွှတ်လိုက်တာ၊ အခု ဒေါ်ဒေါ်ပုလဲနန္ဒာ အိမ်ပြန်သွားပြီ၊ အဲဒါနဲ့ သမီးက ဘွားဘွားကြီးကို ဒေါ်ဒေါ်ပုလဲနန္ဒာ ပြန်ခေါ်ပေး၊ ခေါ်မပေးရင်လဲ သမီးကို လိုက်ပို့ပေးလို့ပြောတာ အဲဒါ ဘွားဘွားကြီးက ဘာတစ်ခုမှ လုပ်မပေးလို့ သမီးစိတ်ကောက်ပြီး ထွက်လာခဲ့တာ"*

*"အမလေး၊ စကားတတ်လိုက်တဲ့ ဒေဝီလေးရယ်၊ ဒေဝီလေးပြောပြတာ ခမည်းတော်တစ်ခါထဲ ရှင်းသွားတာပဲ၊ ဒီကိစ္စအတွက်များ ဝမ်းနည်းမနေပါနဲ့ သမီးရယ်။ ခမည်းတော်နဲ့သမီးနဲ့ ဘွားတော်ဆီ အခုသွားမယ်၊ သမီးရဲ့ဒေါ်ဒေါ်ပုလဲနန္ဒာကို ပြန်ခေါ်ပေးလို့ပြောမယ်၊ ခေါ်မပေးရင် ခမည်းတော်နဲ့သမီးနဲ့ လိုက်သွားကြမယ်နော်"*

www.burmeseclassic.com

www.burmeseclassic.com



ပံသုရာဇာ၏ စကားကြောင့် မာလာဒေဝီ၏ အထိန်းတော်မလေး မပြုံးဘဲမနေနိုင်တော့။ လိုက်လည်းလိုက်သည့်သားအဖဟု စိတ်ထဲက ကြိတ်တွေးနေမိသည်။

မာလာဒေဝီလေးကို ပွေ့ချီရင်း ပံသုရာဇာထရပ်သည်။ သောက်ထားသည့် အရှိန်ကြောင့် ဒယီးဒယိုင် ဖြစ်သွားသော်လည်း သူ့ကိုယ်သူ ထိန်းနိုင်သည်။

"ကဲ–သွားကြမယ်၊ ဘွားတော်ဆီ သွားကြမယ်"

ပံသုရာဇာက အာလေးလျှာလေးနှင့် ကြွေးကြော်သည်။ ဤသို့ဖြင့် ပံသုရာဇာက မာလာဒေဝီကိုချီကာ ရှေ့ကကြွသည်။ အထိန်းတော်မလေးလည်း နောက်ကနေ လိုက်ရလေသည်။ သို့သော် သူတို့သည် မိဖုရားခေါင်ကြီး၏ အဆောင်တော်အရောက် မလှမ်းလိုက်ကြရပါ။ လမ်းခုလတ်မှာပင် ပက်ပင်းတိုးကြပါတော့သည်။

မိဖုရားခေါင်ကြီးသည် မြေးမလေးကို စိတ်မချ၍ ထွက်လိုက်လာခြင်းဖြစ်သည်။ မြေးမလေးသည် ဖခင်ဖြစ်သူထံသို့ ပြေးခြင်းဖြစ်မည်ဟု မှန်းဆမိသဖြင့် ဤလမ်းအတိုင်း လိုက်ခဲ့ခြင်းပင်တည်း။

တွေ့လိုက်သည်နှင့် ပံသုရာဇာက သမီးကိုချီလျက် လက်အုပ်ချီ အရိုအသေပြုသည်။ နှုတ်မှလည်း မယ်တော်ကို အပြစ်တင်လိုက်သည်။

"မယ်တော်က ဒေဝီလေးကို ဘာဖြစ်လို့ ငိုအောင်လုပ်တာလဲဘုရား့"

"အမယ်၊ သားတော်က မယ်တော့်ကို အပြစ်တင်နေတာလား"

"မဝံ့ကြောင်းပါဘုရား၊ သားတော်က မေးလျှောက်ကြည့်တာပါဘုရား"

"သားတော်ရဲ့ ဒေဝီလေးကို ငိုအောင်လုပ်တာ မဟုတ်ပါဘူး။ သူ့ဘာသာငိုပြီး ထွက်ပြေးသွားတာတော့ မတတ်နိုင်ဘူး။ အခုလဲ ချော့



ရအောင် လိုက်လာတာပါပဲ၊ ကဲ-မာလာ၊ ဘွားဘွားကြီးကို စိတ်ဆိုးတုန်းပဲလား"

မာလာဒေဝီသည် ပံသုရာဇာ၏ ပခုံးကို မေးနှင့်ထောက်ထား၏။ မိဖုရားခေါင်ကြီးရှိရာဘက်သို့ လှည့်မကြည့်ပေ။

"ပံသုရေ၊ မင်းရဲ့သမီးက မင်းကို ဘာတွေများ တိုင်တောထားသလဲတဲ့"

"မှန်လှပါ၊ မယ်တော်က သူချစ်ပါတယ်ဆိုတဲ့ ဒေါ်ဒေါ်ပုလဲနန္ဒာကို အိမ်ပြန်လွှတ်လိုက်သတဲ့ ဘုရား"

"အဲဒါပဲ ပံသုရာဇာရေ၊ ပုလဲနန္ဒာကို ခေါ်ပေးရင်ပေး၊ မခေါ်ပေးရင် သူ့ကို လိုက်ပို့ပေးရမယ်တဲ့"

"မှန်ပါ၊ သိပြီးပါပြီ ဘုရား၊ ဒါကြောင့် ပုလဲနန္ဒာကို မယ်တော်ခေါ်ပေးဖို့ အခက်အခဲရှိတယ်ဆိုရင် သားတော်တို့ပဲ [illegible] လိုက်ခေါ်ကြမယ်ဆိုတာ လျှောက်တင်ဖို့လာခဲ့ကြတာပါ ဘုရား"

"ဟေ–တယ်ဟုတ်ပါလား၊ လိုက်လဲလိုက်တဲ့ သားအဖပဲ၊ ဖအေက သမီးထက်တောင် ပိုကဲနေသေး၊ နေပါဦး ပံသုရဲ့၊ ပုလဲနန္ဒာဆိုတာ ဘယ်သူလဲဆိုတာ မင်းမှတ်မိသေးရဲ့လား"

"မမှတ်မိဘဲ နေပါ့မလား၊ မယ်တော်ကလဲ၊ မာယာအက ကတာကောင်းလွန်းလို့ မယ်တော်ပဲ အနားမှာ ခေါ်ထားလိုက်တဲ့ ကောင်မလေးလေ"

"ဟုတ်ပြီ၊ မယ်တော်ခေါ်ထားလိုက်တဲ့ ရည်ရွယ်ချက်ကိုရော သားတော် သဘောပေါက်သလား"

"သားတော်ထင်တာ ပြောရရင် ထင်ပေါ်လို့ စင်တော်က ဖောက်တာ မဟုတ်ဘူးလား ဘုရား့"

မိဖုရားခေါင်ကြီးသည် ပြောသင့်မပြောသင့်ချိန်ဆလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နှုတ်ဆိတ်သွား၏။ ပြောမည်ဆိုလျှင် သူပြောမည့် စကားများသည် ပုလဲနန္ဒာကို ထိခိုက်နိုင်သဖြင့် ရံရွေတော်များရှေ့တွင် မပြောသင့်ဟု သူမ ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် စကားကို လှီးလွှဲပြောဆိုလိုက်၏။

"ထင်ပေါ်လို့ စင်တော်က ကောက်ရုံမကဘူး၊ မယ်တော်ကိုယ်တိုင် စောင့်ရှောက်မွေးမြူချင်လို့ပဲ၊ ခက်တာက သားတော်ရဲ့ ဒေဝီလေးက ပုလဲနန္ဒာမှ ပုလဲနန္ဒာ ဖြစ်နေတော့ သားတော်တို့ ဌာနေပြန်ရင် ဘယ်လိုလုပ်မလဲ"

"ဒါဆို မယ်တော့်သဘောက မာလာဒေဝီလေး ဌာနေပြန်ရင် ပုလဲနန္ဒာ ပါမသွားရလေအောင် အခုကထဲက ကြိုတင်ပြီး ရှောင်ခိုင်းလိုက်တဲ့ သဘောပေ့ါ၊ စိုးရိမ်ကြီးလိုက်တာ မယ်တော်ရယ်၊ ကြားလားဒေဝီလေး၊ ဘွားတော်က ဒေဝီလေး အိမ်ပြန်ရင် ဒေါ်ဒေါ်ပုလဲနန္ဒာကို ခေါ်သွားမှာစိုးလို့တဲ့၊ ဒေဝီလေးရဲ့သဘောကကော ဘယ်လိုလဲ၊ ခေါ်သွားမှာလား"

မာလာဒေဝီက မူလအနေအထားမပျက် မဆိုင်းမတွ ပြန်ဖြေသည်။

"ခေါ်သွားမှာပေ့ါ"

မိဖုရားခေါင်ကြီးသည် သူ့မြေးမလေး ပိုင့်စိုးပိုင်နင်း ပြောလိုက်ပုံကို အတော်သဘောကျသွား၏။

"အမယ်-အမယ်-လွယ်လှချည့်လား မာလာရယ်၊ ဘွားဘွားကြီးသဘောတူ၊ မတူတောင် မမေးတော့ဘူးပေ့ါ"

"မေးစရာမလိုပါဘူး။ သမီးက ဘွားဘွားကြီးရဲ့မြေးပဲ၊ သမီးလိုချင်ရင် ဘွားဘွားကြီးက ပေးရမှာပေ့ါ"



စကားတတ်တတ်နှင့် ပြန်ပြောနေသော သမီးလေးအတွက် ပိသုရာဇာသည် ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလျက်ရှိ၏။ မယ်တော် ဘာတတ်နိုင်သေးသလဲဟူသော အကြည့်နှင့်လည်း သူ့မိခင်ကို ကြည့်နေလိုက်၏။ မိဖုရားခေါင်ကြီးသည် 'သမီးအချစ် မြေးအနှစ်' ဆိုသည့် စကားအတိုင်း မြေးမလေး၏ စကားအတွက် ရွှေစိတ်တော်မညိုသာပေ။

"လက်စသပ်တော့ ဘွားဘွားကြီး မွေးမြူထားတာ မာလာဒေဝီအတွက် မွေးမြူထားသလို ဖြစ်နေတာကိုး၊ ရှိစေတော့၊ ရှိစေတော့၊ မာလာလေးရဲ့ သဘောအတိုင်းပါပဲကွယ်၊ ကဲ–အခု စိတ်ကောက်တာ ပြေသေးဘူးလား၊ ဘွားဘွားကြီးနဲ့ ပြန်လိုက်မှာလား၊ မလိုက်သေးဘူးလား"

"ဘွားဘွားကြီးကရော ဒေါ်ဒေါ် ပုလဲနန္ဒာကို လိုက်ခေါ်ပေးမှာလား လိုက်ခေါ်မပေးဘူးလား"

"အမလေး– ခေါ်ခိုင်းလိုက်ပါပြီတော်၊ ဘွားဘွားကြီးရဲ့ ရံရွေတော်တွေကို အခေါ်လွှတ်လိုက်ပါပြီ၊ ညကြီးမင်းကြီး မီးတုတ်ကိုင်ပြီး ပြန်ခေါ်ခဲ့ကြလို့ အမိန့်တော်ချလိုက်တယ်"

"ဟေး–ဒါမှ တို့ဘွားဘွားကြီးကွ"

မာလာဒေဝီသည် ရွှင်လန်းအားရစွာ ထအော်သည်။ ထို့နောက် သူ့ဘွားတော်ဘက် ချက်နှာလှည့်လာပြီး ပြုံးပြ၏။ သေချာအောင်လည်း ထပ်မေး၏။

"ဒါဆို ဒေါ်ဒေါ်ပုလဲနန္ဒာက ဒီညပဲ ပြန်ရောက်လာမှာပေ့ါနော်"

"ဒီညပဲ ပြန်ရောက်အောင်ခေါ်ခဲ့ဖို့ ဘွားဘွားကြီး မှာလိုက်တယ်လေ"

အတော်ကလေးညဉ့်နက်မှ ပန္နရာဇာ၏ စံအိမ်တော်ရောက်နေသော ပုလဲနန္ဒာကို သွားခေါ်ရန် မိဖုရားခေါင်ကြီး စီစဉ်ထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ– ဒီတော့ မာလာလေး ဘွားဘွားကြီးဆီ ပြန်လိုက်ခဲ့၊ ခမည်းတော်အပေါ်က ဆင်းတော့"

မာလာဒေဝီသည် ခေါင်းကိုခါရမ်းပြီး ချွဲ့နွဲ့သံလေးနှင့် ဖခင်ဖြစ်သူ ပံသုရာဇာအား ပူဆာ၏။

"ဟင့်အင်း၊ ခမည်းတော်ပဲ ချီပြီးလိုက်ပို့"

ပံသုရာဇာသည် ခေါင်ရည်အဲသောက်များထားသဖြင့် ရီဝေ ရီဝေဖြစ်နေသော်လည်း သမီးဖြစ်သူ၏ စကားကို မပယ်ရှားဘဲ လိုက်ပို့ရန် ဟန်ပြင်ရင်း မိဖုရားခေါင်ကြီးအား ရှေ့မှကြွရန် ပန်ကြားလိုက်၏။ မိဖုရားခေါင်ကြီးလည်း မိမိတို့အပေါ် အနိုင်ယူနေသော မြေးမလေး၏ နဖူးကို ချစ်စနိုးလှမ်းထုရင်း အဆောင်တော်သို့ ပြန်လည်ကြွချီရန် လှည့်လိုက်၏။ စိတ်ထဲမှာလည်း ပုလဲနန္ဒာနှင့် မာလာဒေဝီလေးတို့၏ သံယောဇဉ်ကြီးကိုစွအား မဟာရာဇာမင်းကြီးကို လျှောက်ထားအသိပေးဦးမှ တော်မည်ဟု စဉ်းစားနေလေသည်။

## အခန်း (၈)

"ဖခမည်းတော်နဲ့ မယ်တော်ကို အားနာလို့၊ မဟုတ်ရင် ကျုပ် ဒီဆွေးနွေးပွဲက ချက်ချင်းထပြီး ထွက်သွားတယ်"

ပံသုရာဇာ၏ ကြေးဝါရောင် အသားအရေသည် ဒေါသကြောင့် နီစပ်စပ် ဖြစ်လာ၏။ သူ့ တစ်ကိုယ်လုံးသည် တုန်တုန်ယင်ယင် ဖြစ်နေသည်။ နဖူးကြောများလည်း တင်းပြီးထောင်နေ၏။

ဆွေးနွေးပွဲသည် ဆွေးနွေးရင်း ဆွေးနွေးရင်း မိမိခေါင်းပေါ်သို့ အပြစ်များ ပုံကျလာသည်ဟု ခံစားမိသောကြောင့် ပံသုရာဇာ ဒေါသထွက်လာခြင်း ဖြစ်သည်။ နောင်တော်ကြီး သတ္တုရာဇာအပါအဝင် ညီတော်၊ နောင်တော်အားလုံး မိမိအပေါ် ဝိုင်း၍ ဆရာလုပ်နေကြသည်ဟု သူခံစားမိသည်။ သူတို့၏ ဆွေးနွေးချက်များကို ချုပ်လိုက်လျှင် နယ်စားမင်းတစ်ဦး၏ စံအိမ်တော်အား အလစ်အငိုက် တိုက်ခိုက်ခံရခြင်းသည် စစ်ရေးသတိကင်းမဲ့ခြင်းဖြစ်၏။ နိုင်ငံခြားရန်သူများ ဤမျှ စွမ်းဆောင်နိုင်ခြင်းသည် သူတို့ တော်ခြင်းထက် ပံသုရာဇာ ညံ့ဖျင်းသောကြောင့် ဖြစ်၏။ ဤတိုက်ပွဲသည် နယ်စားမင်းတစ်ဦး၏ စစ်

www.burmeseclassic.com

www.burmeseclassic.com



ရေးအုပ်ချုပ်ရေးဘက်များ၌ လစ်ဟင်းမှုများရှိနေကြောင်း ဖော်ပြသော တိုက်ပွဲဖြစ်၏ စသည့်အဓိပ္ပာယ်များကို ဆောင်နေလေသည်။

"အလစ်အငိုက် အတိုက်ခံရတိုင်း ကိုယ်ညံ့လို့ပဲလို့ တရားသေပြော တိုင်း ဘယ်ရမလဲ၊ ကျုပ်အပါအဝင် ကျုပ်ရဲ့ ကင်းတပ်ဖွဲ့ဝင်တွေ တိုက် ရည်ခိုက်ရည် မညံ့ဘူးဆိုတာ ရန်သူ့အလောင်းတွေ ကျန်ရစ်ခဲ့တာ သက်သေပဲ၊ ကျုပ်ရဲ့ညီတော်တွေ၊ နောင်တော်တွေရော စစ်ရေး၊ အုပ် ချုပ်ရေးဘက်မှာ ဘယ်လောက်များ တော်နေကြလို့လဲ၊ နောင်တော် ကြီးသက္ကရာဇာရော ဒီနှစ်ထဲမှာ ကျုပ်တို့ နယ်ကို ဘယ်နှခေါက်ရောက် သလဲ၊ ဘယ်နှခေါက် လာရောက်စစ်ဆေးဖူးသလဲ၊ တစ်ခေါက်မှ မရောက် ဘူး မဟုတ်လား။ ပစ်ထားတုန်းက ပစ်ထားပြီး ပြဿနာပေါ်မှ အပြစ် တင်တာ ကောင်းသလား၊ အဲဒီဘက်ကရော လှည့်ပြီး စဉ်းစားမိကြရဲ့ လား၊ သူများဘက်ကို လက်ညှိုး တစ်ချောင်းထိုးရင် ကိုယ့်ဘက်လှည့် နေတဲ့ လက်ချောင်းတွေလဲ ရှိနေတယ်ဆိုတာ သတိထားမိကြရဲ့လား"

ပံသုရာဇာ တုံ့ပြန်ပြောဆိုလိုက်သောစကားများကို ကြားရသော အခါ အိမ်ရှေ့စံမင်းသားကြီးသက္ကရာဇာ၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားလေသည်။ ခမည်းတော်နှင့် မယ်တော်ရှေ့မှာပင် ဤသို့ မာရေကျောရေ ပြောရဲနေလျှင် ခမည်းတော်နှင့် မယ်တော်သာ ကွယ် လွန်သွားပါက ဤပံသုရာဇာသည် မည်မျှထောင်လွှားမည်မသိဟု လည်း စဉ်းစားလိုက်မိသည်။

တော်ဝင်မိသားစု ညှိနှိုင်းဆွေးနွေးပွဲ၏ တင်းမာလာနေသော အခြေ အနေကို မဟာရာဇာမင်းကြီးက ဝင်ထိန်းလိုက်သည်။

"ရပြီ ပံသုရာဇာ၊ သားတော်ရဲ့ ချေပပြောဆိုချက်တွေဟာ အကျိုးသင့် အကြောင်းသင့် ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစကားတွေကို ဒေါသ မပါဘဲ



ပြောသင့်တယ်၊ ဒေါသ မပါဘဲပြောမှ ပိုပြီး ထိရောက်တယ်၊ ဒါကြောင့် သားတော် ဘာမှမပြောနဲ့ဦး၊ အနားယူလိုက်ဦး၊ ခမည်းတော် အရင် ပြောလိုက်ဦးမယ်"

ဖခင် မဟာရာဇာမင်းကြီး၏ စကားသည် သမာသမတ်ရှိသောကြောင့် ပံသုရာဇာ ငြိမ်သက်သွားသည်။ သူ့နေရာသူ ပြန်ထိုင်လိုက်သည်။

"မိဖုရားခေါင်ကြီး အပါအဝင် သားတော်အားလုံး အခု ကျွန်ုပ် ပြောမယ့် စကားတွေကို ဂရုတစိုက် နားထောင်ကြစေချင်တယ်၊ ပြဿနာ တစ်ခုဖြစ်လာရင် ခေါင်းအေးအေးနဲ့ စဉ်းစားတတ်ကြရမယ်၊ သွေးပူ သွေးဆူနေလို့ မဖြစ်ဘူး၊ ဟိုလူ့ကို အပြစ်တင်၊ ဒီလူ့ကို အပြစ်တင်၊ ပြဿနာကို ဟိုလူ ခေါင်းပေါ်ပုံချ၊ ဒီလူ ခေါင်းပေါ်ပုံချ လုပ်နေလို့က တော့ ဒီပြဿနာကို ဘယ်လိုနည်းနဲ့မှ မဖြေရှင်းနိုင်ဘူး၊ ဒါကြောင့် ပြ ဿနာနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ဘက်ပေါင်းစုံအောင် ခေါင်းအေးအေးနဲ့ စဉ်းစားဖို့လိုတယ်၊ သေချာတာတစ်ခုက ပြဿနာ ဆိုတာ ကိုယ့်ကိုဒုက္ခပေးရအောင် ဖြစ်ပေါ်လာတာဆိုပေမယ့် ကိုယ်က မှန်မှန်ကန်ကန် ဖြေရှင်းလိုက်နိုင်ရင် ကိုယ့်အတွက် လက်ဆောင် တောင်း တစ်ခုအဖြစ် ပြောင်းလဲသွားတတ်တယ်"

အားလုံးပင် မဟာရာဇာ မင်းကြီး၏ စကားကို ငြိမ်သက်စွာ နားထောင် နေကြ၏။

"ပံသုရာဇာရဲ့ စံအိမ်တော် ဝင်ရောက်အစီးနင်းခံရတဲ့ ဒီတိုက်ပွဲပြီး သွားတာတည်းက ဖခမည်းတော် သေသေချာချာ သုံးသပ်ကြည့်မိတယ်၊ ဒီတိုက်ပွဲဟာ အကဲစမ်းတဲ့တိုက်ပွဲပဲ၊ ဖခမည်းတော်တို့ရဲ့တပ်တွေ ဘယ် လောက်မာတယ်၊ တိုက်ရည် ခိုက်ရည်ဘယ်လိုရှိတယ်ဆိုတာကို ဝင်ပြီး အကဲစမ်းကြည့်တာပဲ၊ သေချာတာတစ်ခုက ဖခမည်းတော်တို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



သတင်းစုံစမ်းထောက်လှမ်းမှု အားနည်းနေတယ်၊ ပံသုရာဇာတစ်ယောက်တည်းကို ပြောတာမဟုတ်ဘူးနော်၊ ဖခမည်းတော်တို့ အားလုံးကို ဆိုလိုတာ၊ ဒီတော့ ရန်သူဟာ သူ့ကြံစည်မှုကို ပိပိရိရိ ကြံစည်နိုင်တယ်။ ဘယ်ကို ဝင်တိုက်တိုက် ရသလိုဖြစ်နေတယ်၊ ဒါကြောင့် ရန်သူဟာ နယ်စားမင်းရဲ့ စံအိမ်တော်ကို ဝင်တိုက်မယ်လို့ ဆုံးဖြတ်လိုက်တာပဲ"

မဟာရာဇာမင်းကြီးသည် ခေတ္တရပ်နားပြီး ဆက်ပြော၏။

"ရန်သူဟာ ခမည်းတော်တို့တပ်တွေ ဘယ်လို နေရာချထားသလဲဆိုတာ သိပြီးသားဖြစ်မှာက သေချာတယ်၊ နယ်စားမင်းရဲ့ စံအိမ်တော်အတိုက်ခံရရင် ဘယ်လိုတုံ့ပြန်လာလိမ့်မယ်ဆိုတာကိုလဲ ကြိုတင်တွက်ဆထားပုံရတယ်၊ တက်လမ်းရော ဆုတ်လမ်းပါ ရွေးထားပုံပဲ၊ သူတို့ဟာ နယ်မြေသိမ်းပိုက်ဖို့ ရည်ရွယ်တာမဟုတ်ဘူး၊ အကဲစမ်းရုံသက်သက်ပဲဆိုတော့ အမြန်တိုက်ပြီး အမြန်ဆုတ်သွားတာပေါ့၊ ပြီးလဲပြီးရော သူတို့ရဲ့ သိတင်းကွန်ရက်တွေကို ဖြန့်ကြက်ပြီး ခမည်းတော်တို့ဘက်က ဘာတွေလုပ်လာတယ်ဆိုတာ စောင့်နားထောင်နေမှာ သေချာတယ်"

မဟာရာဇာမင်းကြီး၏ သုံးသပ်ချက်သည် မဟာသူရိယတိုင်းနိုင်ငံကြီးတစ်ခုလုံးနှင့်သက်ဆိုင်သွား၏။ ပံသုရာဇာအုပ်ချုပ်သော ရတနာပန်းခင်းနယ်မြေ ကွက်ကွက်ကလေး၏ ပြဿနာမျှသာ မဟုတ်တော့ပေ။ ထို့ကြောင့် ပံသုရာဇာလည်း အတော်ခေါင်းပေါ့သွား၏။ အသက်ရှူချောင်သွား၏။ ကျန် ညီတော်နောင်တော်များကား ခေါင်းမဖော်ကြတော့ပေ။ ဖခင်ကြီးကဲ့သို့ သုံးသပ်နိုင်အောင် အမီလိုက်စဉ်းစားနေကြရလေသည်။



"အဲဒီတော့ တိုက်ပွဲသတင်းကြားတာနဲ့ သားတော်ကြီးသတ္တရာဇာ ဘယ်လိုစီစဉ်ဆောင်ရွက်ခဲ့သလဲဆိုတာ အားလုံးသိသွားအောင် လျှောက်တင်စမ်းပါဦး"

မဟာရာဇာမင်းကြီးက အိမ်ရှေ့မင်းသားကြီး သတ္တရာဇာအား ထင်မြှုနိုင်းလိုက်သည်။

"မှန်လှပါဘုရား၊ တိုက်ပွဲသတင်းကြားတာနဲ့ သားတော်ကြီးလဲ ရွှေမြို့တော် အထောက်တော်တပ်ဖွဲ့ကနေ မြင်းသည်တော် တပ်စိတ်တစ်စိတ်ထုတ်နုတ်ပြီး ရတနာပန်းခင်းနယ်မြေက ညီတော်ပံသုရာဇာရဲ့ စံအိမ်တော်မှာ သွားရောက်အားဖြည့်ထားလိုက်ပါတယ်၊ အဲဒီ မြင်းသည်တော် အထောက်ရဲမက်တွေဟာ ရွှေမြို့တော်ကို နေ့စဉ်သတင်း ရောက်ရှိရေး တာဝန်ထမ်းဆောင်ရပါတယ် ဘုရား၊ ဒီလိုနဲ့ သားတော်ကြီးဟာ အဲဒီ နယ်မြေရဲ့ သတင်းတွေကို နေ့စဉ်ကြားနာလျက် ရှိနေပါတယ် ဘုရား"

အိမ်ရှေ့စံ၏ လျှောက်တင်ချက်ကို ကြားရသောအခါ မင်းကြီးသည် ပြုံးလိုက်၏။

"ဒီလိုဆိုတော့ ရန်သူနဲ့ ခမည်းတော်တို့ သတင်းစောင့်နားထောင်တဲ့ အလုပ်ကို အတူတူ လုပ်နေကြတာပဲ"

မင်းကြီး၏ သုံးသပ်ချက်ကို သားတော်ငယ် ဗန္ဓုရာဇာက ထောက်ခံဆွေးနွေးလိုက်သည်။

"မှန်လှပါ၊ အခုအခြေအနေက ခမည်းတော် မိန့်တော်မူသလို ရန်သူကလည်း စောင့်ကြည့်အကဲခတ်၊ သားတော်တို့ကလည်း စောင့်ကြည့်အကဲခတ် ဖြစ်နေပါတယ်ဘုရား၊ အဲဒီလိုဖြစ်နေတဲ့ အခြေအနေဟာ ဘယ်လိုအကျိုးဆက်မျိုး ပေါ်လာနိုင်ပါသလဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် တိုက်ပွဲတစ်ပွဲ ပေါ်လာနိုင်တာပေါ့ သားတော်၊ ရန်သူက နောက်တစ်ပွဲထပ်တိုက်လာနိုင်တာပေါ့။ ထပ်ပြီး စမ်းသပ်ကြည့်ချင်တဲ့ သဘောပေါ့"

မဟာရာဇာမင်းကြီး၏ ခန့်မှန်းချက် တွက်ဆချက်အပေါ်တွင် အားလုံး စဉ်းစားသွားကြသည်။ ထပ်တိုက်ဦးမည့် အဆိုပါတိုက်ပွဲသည် မည်သည့် အချိန်၊ မည်သည့် နေရာတွင် ပေါ်လာနိုင်ပါသနည်း။ ဤကိစ္စကို ပေါ့ပေါ့ဆဆ သဘောထား၍ မရတော့ပေ။ နယ်စားမင်းကြီးများ ဖြစ်ကြသော သားတော်ရှစ်ပါးစလုံး ခေါင်းခဲသွားကြသည်။ ထို့အတူ သားတော်ကြီးသတ္တရာဇာနှင့် သားတော်ငယ် ဗန္ဓုရာဇာတို့သည်လည်း စိတ်ပူပန်သွားကြသည်။ ရွှေမြို့တော်သည် နယ်ကြီးရှစ်နယ်၏ အလယ်ဗဟိုတွင် ရှိနေသည်ဆိုသော်လည်း မမျှော်လင့်တဲ့ နေပြည်တော်ကို လာရောက်တိုက်ခိုက်ကြသည်ရှိသော် ခက်ရပေချိမ့်။

တိတ်ဆိတ်ခြင်းကို သားတော်ငယ် ဗန္ဓုရာဇာက ဖြိုခွင်းလိုက်သည်။

"မှန်လှပါဘုရား၊ သည်အတိုင်းဆိုပါက သားတော်တို့ တိုင်းနိုင်ငံတစ်ခုလုံး စစ်ပြင်ဆင်မှုတွေ လုပ်ဖို့လိုလာပြီလို့ စဉ်းစားမိကြောင်းပါဘုရား"

အားလုံးပင် ဆိတ်ဆိတ်နေခြင်းဖြင့် ဗန္ဓုရာဇာ၏ လျှောက်တင်ချက်ကို သဘောတူကြောင်း ဖော်ပြကြသည်။ မဟာရာဇာမင်းကြီးလည်း ခေါင်းတဆတ်ဆတ် ညိတ်ဖြစ်သည်။

မှန်တယ် သားတော်၊ မဟာသူရိယတိုင်းနိုင်ငံတော်ကြီးဟာ စစ်တိုက်ဖို့ အသင့်ပြင်ရတော့မယ်။ အရင်တုန်းကလို လျော့ရဲရဲ လုပ်နေလို့မဖြစ်တော့ဘူး။ အခိုင်အမာကို စီမံတိန်းတွေချပြီး ပြင်ဆင်ကြရတော့မယ်"



ဤနေရာတွင် တစ်လျှောက်လုံး ငြိမ်းသက်စွာ နားထောင်နေခဲ့သည့် မိဖုရားခေါင်ကြီးကလည်း ဝင်ရောက်ပြောဆို၏။

"ဟုတ်တယ်၊ မပြင်ဆင်လို့ မဖြစ်တော့ဘူး၊ ပွဲဦးထွက်တိုက်ပွဲမှာ တို့ဘက်က အသေအပျောက်နည်းတယ်ဆိုပေမယ့် နယ်စားမင်း ပံသုရာဇာရဲ့ ကြင်ရာတော် ပါသွားတာမို့ နစ်နာမှုကြီးတယ်လို့ ပြောရမယ်၊ နောက်ပွဲတွေမှာ အဲဒီလိုမဖြစ်ရလေအောင် စစ်ရေးသတိကြီးစွာ ထားကြရမယ်၊ ဒီအချိန်မှာ သွေးမကွဲကြစေနဲ့၊ အစွမ်းကုန် ညီညွတ်ကြ။ သားတော်တို့အားလုံးဟာ မယ်တော်ကိုယ်တိုင် မွေးထုတ်ထားတဲ့ တစ်အူထုံ့ဆင်း ညီအစ်ကိုတွေပဲ၊ တစ်ယောက်နဲ့တစ်ယောက် ထောက်ထားညာတာကြ၊ ခုန ပံသုရာဇာပြောခဲ့တာ မှန်တယ်၊ သူများဘက်ကိုချည်း လက်ညှိုးထိုး မနေကြနဲ့၊ ကိုယ်ကိုယ်တိုင်ကစပြီး တာဝန်ယူလိုစိတ်ရှိရမယ်၊ မယ်တော် ဒီလောက်ပဲ ပြောချင်တယ်"

မိဖုရားခေါင်ကြီး၏ စကားအဆုံးတွင် အိမ်ရှေ့စံမင်းသားကြီး သတ္တရာဇာက တောင်းပန်စကား ဝင်ပြောသည်။

"ဒီနေ့ ဆွေးနွေးပွဲအကြောင်း ဝေဖန်သုံးသပ်ရင် ညီတော်ပံသုရာဇာအပေါ် အပြစ်ပုံချသလို ဖြစ်သွားကြတာအမှန်ပဲ၊ ဒီအတွက် နောင်တော်ကြီးက အားလုံးကိုယ်စား ညီတော်ပံသုရာဇာကို တောင်းပန်ပါတယ်။ ထားတယ်တော့ နောင်တော်ကြီးတို့ပါ တာဝန်ယူရမယ့်ကိစ္စပါပဲ၊ ဒီတော့ ညီတော်ပံသုရာဇာအနေနဲ့ ဒီကိစ္စကို စိတ်ထဲမထားတော့ဘဲ တို့ညီအစ်ကိုတော်တွေ တိုင်တိုင်ပင်ပင်နဲ့ ဆက်လုပ်သွားကြတာပေါ့"

ပံသုရာဇာသည် စိတ်ပြေသွားသည့် သဘောရှိ၏။ ခက်ထန်သည့် အမူအရာများ မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တော်ဝင်မိသားစု ညှိနှိုင်းဆွေးနွေးပွဲသည် စစ်ပြင်ဆင်မှု အစီအစဉ်များဘက်သို့ ရောက်သွားကြသည်။ ဤသို့ဖြင့် သူတို့သည် စစ်တပ်တိုးချဲ့ဖွဲ့စည်းရေး၊ တပ်စခန်းနေရာများ သတ်မှတ်ရေး၊ ခံစစ်ဗျူဟာများ ရေးဆွဲထားရေး၊ စစ်လေ့ကျင့်ရေး ကိစ္စများကို အခိုင်အမာ ဆွေးနွေးအတည်ပြုရန် ပြင်ဆင်ကြသည်။ စစ်စည်းကမ်းနှင့် စစ်ဥပဒေများကိုလည်း မွမ်းမံရန် လိုအပ်လာရာ ဗန္ဓုရာဇာမင်းသားလေးကို ဝိုင်း၍ တာဝန်ပေးအပ်ကြသည်။

## အခန်း (၉)

တော်ဝင်မိသားစု ဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များကို ညီလာခံတွင် အတည်ပြုပြီးသောအခါ နယ်စားမင်းကြီးရှစ်ဦးသည် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် မိမိဒေသသို့ ပြန်ကြတော့မည်ဖြစ်သည်။ ဤတွင် ပံသုရာဇာအတွက် အခက်ကြုံရတော့သည်။

ပံသုရာဇာ၏သမီးတော်လေး မာလာဒေဝီသည် ပုလဲနန္ဒာကို မထားခဲ့နိုင်ဟုဆိုသည်။ သူမနှင့်အတူ ခေါ်သွားမည်ဟု အတင်းအကျပ် ပူဆာတော့၏။ ဤသို့ ဖြစ်လာမည်ကို ကြိုတင်တွက်ဆမိခဲ့ကြသော်လည်း ဖြစ်လာလျှင် မည်သို့ဖြေရှင်းမည်ဟု ကြိုတင်ဆုံးဖြတ်ထားခြင်း မရှိသောကြောင့် ဤကိစ္စကို တော်ဝင်မိသားစုအတွင်း ညှိနှိုင်းကြရပြန်သည်။

မိဖုရားခေါင်ကြီးက ပုလဲနန္ဒာကို မာလာဒေဝီနှင့် ထည့်ပေးလိုက်နိုင်သောမဟုတ်။ ထည့်ပေးလိုက်သည်နှင့် ပုလဲနန္ဒာကို ပံသုရာဇာတဆော်တောက်ဖြစ်သွားမည်မှာ သေချာသည်။ ဤမိန်းမသည် သားတော်ပံသုရာဇာနှင့်သာ လက်ဆက်ဖြစ်ပါလျှင် အာဏာကိုအသုံးချကာ

www.burmeseclassic.com

www.burmeseclassic.com



ခြယ်လှယ်သွားမှာ စိုးရိမ်နေသောကြောင့် ဖြစ်၏။ သို့သော် မြေးတော်လေးဓာလာဒေဝီကိုလည်း မနိုင်သဖြင့် မည်သို့ဆုံးဖြတ်ရမည် မသိတော့။

ပံသုရာဇာကတော့ ပုလဲနန္ဒာကို ခေါ်သွားခွင့်ရခဲ့လျှင် သေချာပေါက် လက်ထပ်ယူနိုင်မည်ဟု ထင်သည်။ ထို့ကြောင့် တော်ဝင်မိသားစုက သဘောတူထားပါရန် ပွင့်ပွင့်လင်းလင်း ခွင့်ပန်ခဲ့သည်။

မဟာရာဇာမင်းကြီးနှင့် ကျန်သားတော်များက ကန့်ကွက်ရန် မရှိကြပေ။ မိမိတို့၏ အာဏာအဝန်းအဝိုင်းသည် မိန်းမစကားနားထောင်ရန် တည်ဆောက်ထားခြင်းမဟုတ်ဘဲ ဥပဒေနှင့် တည်ဆောက်ထားခြင်း ဖြစ်သောကြောင့် ဤကိစ္စအတွက် ပူပန်စရာမလိုဟု ယူဆထားကြသည်။ တစ်ခုသာရှိသည်။ တစ်ပင်လဲမှ တစ်ပင်ထူခြင်း ဖြစ်သော်လည်း သိပ်မြန်လွန်းလျှင် မကောင်းတတ်သောကြောင့် အချိန်တစ်ချိန် ဆိုင်းငံ့ထားရန် ပံသုရာဇာကို တောင်းဆိုကြသည်။

ဤသို့ဖြင့် အများနှင့်တစ်ယောက် ဖြစ်သွားသောအခြေအနေအောက်၌ မိဖုရားခေါင်ကြီးသည် ပုလဲနန္ဒာကို ထည့်ပေးလိုက်ရလေသည်။ ဤသတင်းသည် နန်းတွင်း၌ တစ်မုဟုတ်ခြင်း ပျံ့နှံ့သွားသည်။ ကြားရသူတိုင်းက သစ်အယ်ချောင်ရှာသူတွေ ကံဇာတာတက်နေသည်ဟု မှတ်ချက်ချကြသည်။ ဟေမာသီရိက ဗန္ဓုရာဇာမင်းသားလေးနှင့် လက်ဆက်ခွင့်ရခဲ့သည်။ ပုလဲနန္ဒာက ပံသုရာဇာနှင့် လက်တွဲရတော့မည် အခြေအနေ ဆိုက်ရောက်လာ၏။

ဤသတင်းကို သတ္တိဗလလည်း ကြားသည်။ ဤသို့ ကြားသဖြင့် သူ ဝမ်းလည်းမသာ၊ ဝမ်းလည်းမနည်းပေ။ သူသည် အဆောင်အယောင် စည်းစိမ်ဥစ္စာဆိုသည်များထက် 'အချစ်' ကိုသာ တန်ဖိုးထားတတ်သူဖြစ်၏။



သူ့အစ်မသာ တကယ်ချစ်ခဲ့လျှင် မည်သူမည်ဝါ အရေးမကြီးဟု သဘောထားသူ ဖြစ်၏။ ထို့ကြောင့် သတ္တိဗလသည် ကြားရသည့်သတင်းကို မသိကျိုးကျွံပြု၍ နေလိုက်၏။

ထို့ကြောင့် ပုလဲနန္ဒာက သူ့မ ရတနာပန်းခင်းနယ်မြေသို့ လိုက်ပါသွားရတော့မည်ဟု သတ္တိဗလထံ လာရောက်သတင်းပေး ပြောကြားသောအခါ သူ့အနေနှင့် တုန်လှုပ်ခြင်းမရှိတော့ပါ။ တုန်လှုပ်ခြင်းမရှိတော့သည့်အပြင် သူကပင် အစ်မဖြစ်သူ ပုလဲနန္ဒာကို ပြန်လည်၍ ဆုံးမလိုက်သေး၏။

"အစ်မ လိုက်ရမယ့်သတင်းကို ကြားပြီးပါပြီ၊ ခေါ်ရင်လိုက်ရမယ်၊ နှိုင်းရင်သွားရမယ်၊ ဒါဟာ ရွှေနန်းတော်မှာ အမှုထမ်းနေတဲ့ မင်းမှုထမ်းမှန်သမျှ လိုက်နာဆောင်ရွက်ရမယ့် တာဝန်ပဲ၊ ဒီတာဝန်အပေါ်မှာ အစ်မ စိတ်ကျေနပ်တာရှိမယ်၊ စိတ်မကျေနပ်တာရှိမယ်၊ စိတ်ကျေနပ်ရင် ဝမ်းသာမယ်၊ စိတ်မကျေနပ်ရင် ဒေါသဖြစ်မယ်၊ ဒီနှစ်မျိုးပဲ ရှိတာပဲ၊ အစ်မရဲ့ မောင်တစ်ယောက်အနေနဲ့ အကြံပေးချင်တာက ဝမ်းသာရင်လည်း အလွန်အကျွံ ဝမ်းမသာနဲ့၊ ဒေါသဖြစ်ရင်လည်း အလွန်အကျွံ ဒေါသမဖြစ်နဲ့၊ အလွန်အကျွံခံစားနေလို့လည်း ဘာမှအကြောင်းထူးလာမှာမှ မဟုတ်ဘဲ၊ ဒီတာဝန်ကို ထမ်းဆောင်ရမှာပဲ မဟုတ်လား"

ပုလဲနန္ဒာက စကားကြီးစကားကျယ်တွေ ပြောနေသော မောင်ဖြစ်သူ သတ္တိဗလကိုကြည့်ပြီး အမြင်ကပ်လာသည်။

"အဲဒီစကားတွေက ငါ့ကိုပြောပြတာထက် နင့်ကိုနင် ပြောဖို့က ပိုပြီး အံဝင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နင်က ကိုယ်လုပ်ချင်တဲ့တာဝန်ကို တောင်းတောင်းဆိုပြီး လုပ်တတ်တာကိုး၊ တော်တော်ကြာ ကိုယ်လုပ်ချင်တဲ့တာဝန် ထမ်းဆောင်ခွင့်မရရင် ဒေါသဖြစ်ပြီး [illegible]နေပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ပုလဲနန္ဒာ ဘာကိုဆိုလိုကြောင်း သတ္တိဗလ သိပါသည်။ ဟေမာသီရိ၏ ရင်သွေးတော်ကလေးအတွက် အထိန်းတော် လုပ်ပေးချင်နေသော မိမိဆန္ဒအားတည့်တည့်ကြီး ထောက်ပြလိုက်ခြင်းပင်တည်း။ သတ္တိဗလပြန်လည် ရှင်းပြလိုက်ပါသည်။

*"စိတ်ချပါ အစ်မရယ်၊ အစ်မကို ပြောထွက်လာတဲ့ စကားတွေဟာ ကျုပ်ဘာသာကျုပ် အကြိမ်ကြိမ် ဆုံးမထားတဲ့ စကားတွေပါ၊ ကျုပ်က စစ်မှုထမ်းဆိုတော့ အစ်မတို့လို ရိုးရိုးမင်းမှုထမ်းတွေထက်တောင် ပိုပြီး နာခံတတ်ဖို့ လိုပါသေးတယ်၊ စစ်ထွက်ရမယ်လို့ အမိန့်ကျလာရင် ထွက်ကိုထွက်ရမှာ၊ မထွက်ချင်လဲ ထွက်ကိုထွက်ရမှာ မဟုတ်လား"*

*"အဲဒါကို နင်သိရင် ပြီးတာပါပဲ၊ အခု ငါလာပြောတာက ငါ ရတနာပန်းခင်းနယ်မြေကို လိုက်သွားရတာ အဖေ့ကို ပြောပြပေးစေချင်လို့ပဲ၊ လူကြုံနဲ့ဖြစ်ဖြစ်ပေါ့ဟာ၊ ငါ့မှာ လူကြုံရှာဖို့တောင် အချိန်မရတော့ဘူး"*

*"စိတ်ချ၊ အစ်မ မမှာရင်လည်း ကျုပ်ပြောပေးမှာပါပဲ"*

ပုလဲနန္ဒာသည် တစ်စုံတစ်ခုပြောမည်ကြံပြီးမှ ပြောမထွက်ဘဲ ဖြစ်နေသည်။ သူမ၏ မျက်နှာပေါ်မှ ချီတုံချတုံ ဖြစ်နေသော အမူအရာကို သတ္တိဗလ ရှာဖွေတွေ့ရှိသွားသည်။

*"ပြောလေ၊ အစ်မ ဘာပြောချင်လို့လဲ၊ ဘာများ မှာထားချင်သေးလဲ"*

*"ဘာမှမရှိတော့ပါဘူး၊ နင့်ကို မေးကြည့်ချင်တာ တစ်ခုပါပဲ၊ ငါနဲ့ ပတ်သက်ပြီး ဘာသတင်းတွေများ ကြားထားသေးသလဲ"*

ကြားပါသည်။ သတ္တိဗလ ကြားထားတာတွေ အများကြီးရှိပါသည်။ အစ်မဖြစ်သူ ပုလဲနန္ဒာအား ရတနာပန်းခင်းနယ်မြေသို့ ထည့်မထည့် ဆိုသည့်ကိစ္စကို မဟာရာဇာမိသားစုဝင်များအကြား ညှိနှိုင်းဆွေးနွေးခဲ့သည်သာမက နတ်ဆရာကြီးများ၊ ပေဒင်ဆရာကြီးများအထိပင်



ရောက်ခဲ့သည်ဆို၏။ နတ်ဆရာကြီးများနှင့် ပေဒင်ဆရာကြီးများက ကောင်းသည်ဟု ဟောကိန်းထုတ်ခဲ့သောကြောင့် မိဖုရားခေါင်ကြီး၏ ဆုံးဖြတ်ချက် ပိုမြန်သွားသည်ဟု သိရသည်။ ထို့ပြင် ပုလဲနန္ဒာသည် ဟေမာသီရိကို အားကျပြီး တော်ကောက်ခံချင်နေသူဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ အနီးသို့ ရောက်လာသည့် သမီးတော်လေး မာလာဒေဝီကို တန်းတန်းစွဲဖြစ်အောင်လုပ်လိုက်ခြင်း ဖြစ်ကြောင်း၊ ယခုအခါ သူမ၏ ရည်မှန်းချက် တစ်ဝက်အောင်မြင်သွားပြီ ဖြစ်ကြောင်း စသဖြင့် သတင်းပျံ့နေလေသည်။ သတ္တိဗလသည် သူကြားသမျှ သတင်းများကို အကုန်အစင် ပြန်ပြောပြလိုစိတ် မရှိပေ။ ထို့ကြောင့် ပြောသင့်ပြောထိုက်သည်ထင်သော သတင်းတစ်ခုကိုသာ ပြောပြလိုက်၏။

*"ကြားတာကတော့ အစ်မကို ရတနာပန်းခင်းနယ်မြေ လွှတ်လိုက်တာ အားလုံးအတွက် အကျိုးရှိတယ်လို့ ပေဒင်ဆရာကြီးတွေနဲ့ နတ်ဆရာကြီးတွေက ဟောကိန်းထုတ်တယ်တဲ့၊ ဒီလို ဟောကိန်းမျိုးထွက်တာကောင်းတာပေါ့ အစ်မရယ်၊ မင်္ဂလာရှိတာပေါ့"*

သတ္တိဗလ၏စကားကို ကြားရသော ပုလဲနန္ဒာသည် မျက်နှာပေါ်တွင် ကြည်လင်လန်းဆန်းသွား၏။

*"တော်သေးတာပေါ့ဟာယ်၊ ငါတို့နားမှာတော့ ငါနဲ့ပတ်သက်ပြီး မနာလိုမန်တိုတဲ့စကားတွေ၊ နိမိတ်မရှိ နမာမရှိတဲ့စကားတွေပဲ ကြားနေရလို့ စိတ်ချမ်းမသာဖြစ်နေတာ၊ နယ်စားမင်းပံသုရာဇာဟာ အိမ်ထောင်ရေး မကောင်းဘူးတဲ့၊ သူ့ကို ယူတဲ့မိန်းမတွေဟာ အသေဆိုးနဲ့ သေရမှာ ချည်းပဲတဲ့၊ ပံသုရာဇာက ငါ့ကိုခေါ်သွားတာ ရုံးရွှေတော်အဖြစ်နဲ့ ထားရင်တော့ ပြဿနာမရှိဘူးတဲ့၊ တော်ကောက်လိုက်ရင်တာနဲ့ ဒုက္ခဆိုးတာပဲတဲ့"*

www.burmeseclassic.com

www.burmeseclassic.com



သတ္တိဗလ ပြုံးမိသည်။ လူတို့သည် ကိုယ့်ထမင်းကိုယ်စားပြီး သူများအကြောင်းကို ပြောလည်း ပြောနိုင်ကြသည်ဟု တွေးမိ၍ ဖြစ်သည်။ ဘက်စုံ ထောင့်စုံအောင် ပြောကြသည်၊ ဝေဖန်ကြသည်။ နိမိတ်ဖတ်ကြသည်။ ခန့်မှန်းကြသည်။

"မှန်ဆီကြော်က ဘယ်မှာနေမှန်းမသိသေးဘူး၊ နှုတ်ခမ်းနာနဲ့တည့်ပုံမလားဆိုတာ အဲဒါမျိုးပေါ့။ အစ်မကို နယ်စားမင်းကြီးက တော်ကောက်မယ်၊ မကောက်မယ်ဆိုတာ သေသေချာချာ မသိသေးဘဲနဲ့ သူတို့ကလည်း လျှောက်ပြောနေကြပြန်ပြီ"

မောင်ဖြစ်သူ သတ္တိဗလ၏ ဤစကားကို ပုလဲနန္ဒာ မကြိုက်ပေ။ ပံသုရာဇက သူမကို မြှောက်စားလိမ့်မည်ဟု တစ်ထစ်ချ ယူဆထား၍ ဖြစ်၏။

"တကယ်လို့ ကောက်ခဲ့မယ်ဆိုရင်ရော၊ ငါကံဆိုးသွားမလား မသိဘူးနော်"

"ဒါကတော့ ကျုပ်ဘယ်သိမလဲဗျ၊ ဗေဒင်ဆရာဖြစ်ဖြစ် နတ်ဆရာဖြစ်ဖြစ် တစ်ယောက်ယောက်ကို သွားမေးကြည့်ပေါ့"

"အဲဒီလို မေးကြည့်ဖို့ကျတော့ ရှက်တယ်ဟဲ့၊ ဘာပဲဖြစ်ဖြစ်ဟယ် နင့်ဆီက ကြားရတဲ့ နန်းတွင်းနတ်ဆရာကြီးတွေ၊ ဗေဒင်ဆရာကြီးတွေရဲ့ ဟောကိန်းအရဆိုရင်တော့ ကောင်းသားပဲ၊ ရတနာပန်းခင်းနယ်မြေကို ငါလိုက်သွားတာ အားလုံးအတွက်အကျိုးရှိတယ်ဆိုတော့ ငါ့အတွက်လည်း အကျိုးရှိမှာပေါ့ဟာ"

"အေး-အဲဒီလို မင်္ဂလာရှိတာကိုပဲ စိတ်ထဲမှာ ထားစမ်းပါ အစ်မရာ၊ မင်္ဂလာမရှိတာတွေကို ဖျောက်ပစ်လိုက်"



"ဟုတ်တယ်၊ လူတွေ ပြောတိုင်းသာ ခေါင်းထဲထည့်ပြီး စိတ်ညစ်နေရရင် ဘာမှတောင်လုပ်နိုင်မှာ မဟုတ်တော့ဘူး၊ ကဲ-ဒါဆို ငါပြန်တော့မယ် သတ္တိဗလ၊ ငါ သွားရင် လိုက်ပို့နော်"

သတ္တိဗလ ခေါင်းညိတ်သည်။ တစ်နယ်တစ်ကျေးသို့ လိုက်ပါအမှုထမ်းဆောင်တော့မည့် အစ်မဖြစ်သူအား လိုက်ပို့ နှုတ်ဆက်မှ ဖြစ်ပေမည်။ အစ်မဖြစ်သူ မည်သို့မည်ပုံ ခရီးထွက်သွားသည်ကိုလည်း ကြည့်လိုမြင်လိုသေးသည်။

ဤသို့ဖြင့် ပုလဲနန္ဒာ ခရီးထွက်သည့်နေ့တွင် သတ္တိဗလသည် မြို့တံခါးဝအထိ လိုက်ပို့နှုတ်ဆက်ဖြစ်သည်။ သူ ကျေနပ်ပါသည်။ ပုလဲနန္ဒာအတွက် စီးမြင်းတစ်ကောင်ရသည်ကို တွေ့လိုက်ရသည်။ ရွှေမြို့တော်မှ သုံးရက်ပြင်းပြင်း ခရီးရှိသည့် ရတနာပန်းခင်းနယ်မြေသို့ ခြေကျင်သာလိုက်ရလျှင် မိန်းမသားတစ်ဦးအဖို့ လွယ်မည်မဟုတ်ပေ။ ယခုတော့ သက်သောင့်သက်သာ လိုက်ပါရပေလိမ့်မည်။ ထို့ပြင် ယခုကဲ့သို့ စီးမြင်းတစ်ကောင် စီစဉ်ပေးခြင်းခံရသဖြင့် ပုလဲနန္ဒာအပေါ် စေ့ရှုံကိုက်မှုရှိကြောင်း ဖော်ပြရာလည်း ရောက်ပေသည်။ သာမန် ရံရွေတော်တစ်ဦးမျှသာ သဘောထားလျှင် ခြေကျင်လိုက်ရမည်ဖြစ်၏။ ယင်းခရီးတွင် လမ်းမလျှောက်နိုင်တော့ပါဆိုလျှင်လည်း ဝန်တင်မြင်းပေါ်၌သာ တက်စီးခွင့်ရမည်ဖြစ်၏။ သီးခြားမြင်းတစ်ကောင် စီစဉ်ပေးမည်မဟုတ်ပေ။

ယခုမူ နယ်စားမင်းကြီးက စီးတော်မြင်းတစ်ကောင်၊ သမီးတော်ထေးမာလာဒေဝီနှင့် သူမ၏ အထိန်းတော်က စီးတော်မြင်းတစ်ကောင်၊ ပုလဲနန္ဒာက စီးတော်မြင်းတစ်ကောင်နှင့် သွားကြမည်ဖြစ်၏။ ဝန်တင်မြင်း လေးကောင်ပါရာ နယ်စားမင်းကြီးအတွက် ဝန်တင်မြင်းနှစ်

www.burmeseclassic.com

www.burmeseclassic.com



တောင်၊ သမီးတော်လေး မာလာဒေဝီအတွက် ဝန်တင်မြင်းတစ်ကောင်၊ ပုလဲနန္ဒာအတွက် ဝန်တင်မြင်းတစ်ကောင်ဖြစ်သဖြင့် နယ်စားမင်းကြီး၏ တိုယ်ရံတော် ကင်းတပ်စုသည် ပုလဲနန္ဒာအပေါ် မလေးမစား မဆက်ဆံရဲလောက်အောင် ဂုဏ်တက်သွားပြီ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ သတ္တိဗလ ကျေနပ်ကြည်နူးရပါသည်။ မြင်းပေါ်မှ ပုလဲနန္ဒာကို သူ လက်ပြနှုတ်ဆက်လိုက်၏။ အစ်မဖြစ်သူ ပုလဲနန္ဒာသည် ဘဝ၏ လမ်းခွဲတစ်ခုကို ကွေ့သွားပြန်ပါပြီ။ ကံကောင်းပါစေဟု သူ ဆုတောင်းလိုက်ပါသေးသည်။

## အခန်း (၁၀)

ပံသုရာဇာသည် မိမိ၏ စံအိမ်တော်အား လှမ်းမြင်ရသော တောစပ်အလေးသို့ ရောက်သောအခါ မြင်းဇက်ကြိုးကို တုံ့ဆွဲ၍ ရပ်လိုက်သည်။ ပံသုရာဇာ ရပ်လိုက်သောအခါ ကပ်လျက်လိုက်ပါလာသော သမီးတော်ကလေး မာလာဒေဝီနှင့် အထိန်းတော်တို့ စီးလာသော မြင်းသည်လည်းကောင်း၊ ပုလဲနန္ဒာ၏မြင်းသည်လည်းကောင်း အရှိန်သပ်၍ ရပ်သွားကြလေသည်။ ပံသုရာဇာသည် မြင်းပေါ်မှနေ၍ နောက်သို့ သမင်လည်ပြန် ပြန်လှည့်ပြီး မာလာဒေဝီအား စကားပြောလိုက်သည်။

"ဒေဝီလေးရေ-ခမည်းတော်တို့ စံအိမ်တော်ကို မြင်ရပြီ၊ ဒေါ်ဒေါ်ပုလဲနန္ဒာကို ပြောပြလိုက်ပါဦး"

မာလာဒေဝီသည် ဝမ်းသာအားရ ဖြစ်သွား၏။ ပုလဲနန္ဒာကို အော်တစ်ပြောဆိုသကဲ့သို့ သူမကိုယ်တိုင်လည်း စံအိမ်တော်ကို အားရပါးရ ရှုစားလေသည်။

"ဒေါ်ဒေါ်ပုလဲနန္ဒာရေ-ဟိုမှာ လှမ်းမြင်နေရတာ သမီးတို့ရဲ့စံအိမ်တော်ပဲ၊ မလှဘူးလားဟင်၊ အထဲကိုရောက်ရင် ပိုလှတယ်သိလား"

www.burmeseclassic.com

www.burmeseclassic.com



မာလာဒေဝီသည် ပြောရင်းဆိုရင်းနှင့် မိခင်ဖြစ်သူကို သတိရသွားပြီး ရင်ထဲမှာ နင့်သွား၏။ စကားဆက်မပြောနိုင်တော့။ စံအိမ်တော်ကို မြင်နေရသော မြင်ကွင်းသည် မှုန်ဝါးသွား၏။ သူမ၏ မျက်ဝန်းထဲမှ မျက်ရည်များ လျှံတက်လာသောကြောင့် ဖြစ်သည်။ လျှံတက်လာသော မျက်ရည်တို့သည် ပါးပြင်ပေါ်သို့ စီးကျကုန်လေသည်။

ပထမဦးဆုံး သတိပြုမိသူမှာ မာလာဒေဝီလေးကို ရင်ခွင်မှာထားပြီး မြင်းစီးလာသူ အထိန်းတော်မိန်းတလေးဖြစ်၏။ သူမသည် ခါးကြားမှ ပုဝါကို ဆွဲထုတ်ပြီး မာလာဒေဝီ၏ ပါးပြင်ကို တို့ပေးလေသည်။ ဤသည်ကို လှမ်းမြင်လိုက်ရသော ပံသုရာဇာသည် အသာပင် မမြင်ချင်ယောင်ဆောင်နေလိုက်သည်။ သမီးကလေး လွတ်လပ်စွာ လွမ်းပါစေလေ။ သူကိုယ်တိုင်လည်း ရင်ထဲမှာ တင်းကျပ်လာသောကြောင့် အသက်ကို မှန်မှန်ရှူပြီး ကြိုးစားဖြေဖျောက်နေဖြစ်သည်။ ပုလဲနန္ဒာကမူ ဤဖြစ်ရပ်များကို သတိမထားမိ။ တောင်းကုန်းပုကလေးများ အစီအရီရှိနေသည့် အကြား တောင်ကုန်းပုလေးတစ်ခုပေါ်တွင် ဆောက်ထားသည့် နယ်စားမင်းကြီးပံသုရာဇာ၏ စံအိမ်တော်ကိုသာ ငေးမောကြည့်ရှုနေဖြစ်သည်။ စံအိမ်တော်သည် ခမ်းနားလှပါသည်။

ဤစံအိမ်တော်တွင် မိမိနေရတော့မှာပါလား။ ကံကောင်းလျှင် မိမိသည် ဤစံအိမ်တော်၏ သခင်မ ဖြစ်လာရတော့မှာပါလား။

ပံသုရာဇာသည် မာလာဒေဝီ စိတ်ထိန်းနိုင်လောက်ပြီဟု ယူဆသောအခါမှ "သွားကြစို့" ဟု အော်လိုက်ကာ မိမိ၏ စီးတော်မြင်းအား ဇက်ကြိုးတို့ဆွဲ အချက်ပေးလိုက်၏။ ပံသုရာဇာ ထွက်ခွာသွားသောအခါ အားလုံး နောက်ကလိုက်၏။ ပံသုရာဇာ စံအိမ်တော်နား ကပ်မိသောအခါ ရှေ့တော်ပြေး ကင်းတပ်စိတ်သည် စံအိမ်တော်သို့ ရောက်နှင့်နေပေပြီ။



စံအိမ်တော် ကင်းတပ်ဖွဲ့သည် ဝင်းခြံတံခါးကြီးကို ဖွင့်ပြီး နယ်စားမင်းကြီးနှင့်အဖွဲ့ ဝင်အလာကို စောင့်မျှော်နေကြ၏။

နယ်စားမင်းကြီး ပံသုရာဇာသည် ဝင်းခြံအတွင်းသို့ ရှေ့ဆုံးမှ မြင်းစီးဝင်ခဲ့သည်။ သူ့နောက်မှ မာလာဒေဝီနှင့်အထိန်းတော်၊ နောက်မှ ပုလဲနန္ဒာ။

"နယ်စားမင်းကြီး ပံသုရာဇာ ကျန်းမာပါစေ" ဟု ဂါရဝပြု နှုတ်ဆက်သံများ ဟိန်းညံပေါ်ထွက်လာ၏။ ပံသုရာဇာသည် သွက်လက်ပေါ့ပါးစွာနှင့် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။ ထို့နောက် ဒုတိယမြင်းထံ ချဉ်းကပ်သွားကာ သမီးတော်မာလာဒေဝီကို ပွေ့ချီလိုက်သည်။ ထို့နောက် သမီးတော်နှင့်အတူ တတိယမြင်းထံ ချဉ်းကပ်သွားပြီး မြင်းဇက်ကြိုးကို ကိုင်ပေးလိုက်သည်။

"ရဲရဲဆင်း ပုလဲနန္ဒာ"

"ရဲရဲဆင်း ဒေါ်ဒေါ်"

နယ်စားမင်းကြီးနှင့် သမီးတော်တို့၏ ဂရုစိုက်မှုကို တွေ့ရသောအခါ စံအိမ်တော်အမှုထမ်းများသည် ပုလဲနန္ဒာကို အာရုံစိုက်၍ ဝိုင်းဝန်းကြည့်ရှုကြ၏။ မြင်သူတိုင်းပင် ပုလဲနန္ဒာသည် မိန်းမချောတစ်ဦးဖြစ်ကြောင်း အသိအမှတ်ပြုဖြစ်ကြသည်။ နယ်စားမင်းကြီးတို့၏ ဂရုစိုက်မှုကို ခံယူထိုက်ပေသည်ဟုလည်း စိတ်ထဲက အသိအမှတ်ပြုဖြစ်ကြသည်။ သခင်မ အသစ်တစ်ပါး ပါလာပြီလားဟုလည်း တွေးသူတတွေးကြသည်။

ပုလဲနန္ဒာသည် မြင်းစီးကျင့် မရှိသောကြောင့် လမ်းခရီးတစ်လျှောက်လုံး ဂရုတစိုက်နှင့် အဆင်းအတက်လုပ်ခဲ့ရသည်ချည်း ဖြစ်သည်။ ယခုလည်း နယ်စားမင်းကြီး၏ ဖေးမမှုကြောင့် အဆင်ပြေသွား၏

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လျှင် စိတ်ပူနေရဦးမည်။ ပုလဲနန္ဒာသည် မြင်းပေါ်မှ ဆင်းမိသည်နှင့် ပံသုရာဇာကို လက်အုပ်ချီ၍ အရိုအသေပြုလိုက်သည်။ ထို့နောက် မာလာဒေဝီအား ချီပွေ့ရန် လက်လှမ်းလိုက်သည်။ မာလာဒေဝီကလည်း ပုလဲနန္ဒာဆီသို့ လက်ကမ်း၍ ပြောင်းလိုက်၏။

ပံသုရာဇာသည် ပုလဲနန္ဒာနှင့် သမီးတော်တို့နှစ်ဦးကို ရွှန်းရွှန်းစားစားကြည့်ရင်း စံအိမ်တော်အတွင်းသို့ဝင်ရန် ဖိတ်ခေါ်လိုက်သည်။

"လာ-ပုလဲနန္ဒာ၊ စံအိမ်တော်ထဲ ဝင်ကြရအောင်"

စံအိမ်တော်သည် အတွင်းဘက်တွင် ပိုလှသည်ကို ပုလဲနန္ဒာ တွေ့ရသည်။ ရွှေမြို့တော်၏ နန်းတော်အဆောင်များအတွင်း ရောက်ဖူးထားသော ပုလဲနန္ဒာအတွက် ခမ်းနားမှုသည် အထူးအဆန်း မဟုတ်တော့ပေ။ ခမ်းနားမှုချင်းအတူတူ မည်သည့်ပြင်ဆင်မှုက ပိုလှသည်ကို ပုလဲနန္ဒာ ခွဲခြား ခံစားတတ်နေပါပြီ။

ပံသုရာဇာ၏ ဧည့်ခန်းဆောင်သည် ခမ်းနားရုံမျှသာမက ပန်းချီကားချပ်များ ချိတ်ဆွဲထားခြင်းကြောင့် လှပတင့်တယ်နေတော့သည်။ ပန်းချီကားချပ်များမှာ တောတောင်ရှုခင်းပုံများဖြစ်သောကြောင့် ကြည့်ရသည်မှာ မျက်စိအေးလှသည်။ တောကြားတောင်ကြားတွင် ကြီးပြင်းလာခဲ့ရသော ပုလဲနန္ဒာအဖို့ ယခုကဲ့သို့ တောကား၊ တောင်ကားများကို မြင်ရသောအခါ ဘဝင်ကျနေတော့၏။

မာလာဒေဝီသည် ကျားသစ်ရေခင်းထားသော ညောင်စောင်း တစ်ခုပေါ် ဖက်တက်သွားရင်း ပုလဲနန္ဒာကိုပါ သူမနှင့် အတူလာထိုင်ဖို့ ခေါ်သည်။ ပုလဲနန္ဒာလည်း သူမနှင့်အတူ အလိုက်အထိုက် သွားထိုင်လိုက်သည်။ ထိုင်လိုက်မှ မောပန်းမှုကို ခံစားရသည်။ မြင်းစီးလာခဲ့ရသည်ဆိုသော်လည်း ပင်ပန်းမှုတော့ ရှိပေသည်။



ပံသုရာဇာက မလှမ်းမကမ်းရှိ သလွန်ညောင်စောင်းတစ်ခုတွင် ဝင်ထိုင်သည်။ ရံရွေတော်များသည် ရေတကောင်းများ၊ သစ်သီးဝလံများ ထည့်ထားသည့် ဗန်းများနှင့် ချက်ချင်းရောက်လာသည်။ သူတို့ ငှဲ့ပေးသော ကြည်လင်အေးမြသည့် ရေကိုသောက်ရင်း ပုလဲနန္ဒာ အမောပြေသွားသည်။ မာလာဒေဝီက ရေလည်းသောက် သစ်သီးများကိုလည်း သွက်လက်စွာ ယူငင်စားသောက်၏။

"ဟဲ့-ကောင်မလေးတွေ ငါပြောတာ နားထောင်ဦး"

ပံသုရာဇာ၏အသံကြောင့် ရံရွေတော်များ လက်အုပ်ချီ၍ နာခံနေကြသည်။

"အခု သမီးတော်လေးနဲ့ အတူထိုင်နေတာ သမီးတော်လေးရဲ့ ခေါ်ခေါ်ပဲ၊ သူ သမီးတော်လေးနဲ့အတူတူပဲ အိပ်လိမ့်မယ်၊ သူ့ကို မင်းတို့က လိုလေသေးမရှိအောင် ပြုစုရမယ်၊ သူခိုင်းတာ လုပ်ပေးရမယ်"

ရံရွေတော်များသည် ပံသုရာဇာ၏ အမိန့်ကို ဒူးကလေးတွေညွတ်၍ ခံယူပြီးနောက် အလျှိုလျှို ပြန်ထွက်သွားကြသည်။

ပံသုရာဇာသည် ထိုင်ရာမှထကာ မာလာဒေဝီနှင့် ပုလဲနန္ဒာတို့ နှစ်ဦးရှိရာသို့ လျှောက်လာခဲ့သည်။ ထို့နောက် ပုလဲနန္ဒာ၏ ရှေ့တည့်တည့်တွင်ရပ်ကာ သူမ၏မျက်လုံးများအတွင်းသို့ တည့်တည့်စိုက်ကြည့်လိုက်လေသည်။

"ပုလဲနန္ဒာ-ရွှေနန်းတော်က ထွက်လာကတည်းက မင်းဟာ ဘဝပြောင်းသွားပြီ၊ အပျိုတော် မဟုတ်တော့ဘူး၊ ဒီစံအိမ်တော်မှာ မင်းဟာ သခင်မတစ်ယောက်လို နေနိုင်တယ်၊ မင်းလိမ္မာရင် သခင်မအစစ်ဖြစ်သွားလိမ့်မယ်၊ မလိမ္မာဘူးဆိုရင်လဲ ငါဆိုတဲ့ ပံသုရာဇာက မင်းအပေါ် အပြစ်မယူပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါက မိန်းမတွေအပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားတတ်လို့ပဲ၊ ဒါကို မင်းနောက်တော့ သဘောပေါက်သွားမှာပါ”

ပုလဲနန္ဒာသည် ပံသုရာဇာ၏ မျက်လုံးများကို ပြန်လည်ကြည့်ရှုရင်း နားထောင်သည်။ ပံသုရာဇာ၏ စကားလုံးများသည် သူ့ မျက်လုံးများနှင့် ထပ်တူကျနေသည်ဟု သူမ ခံစားမိသည်။ သူ့ စကားများသည် ရှင်းလင်းပြတ်သားလွန်းလှသည်။ သူပြောသော လိမ္မာခြင်း၊ မလိမ္မာခြင်း ဆိုသည်မှာ သူ့ကို လက်ထပ်ခြင်း၊ လက်မထပ်ခြင်းပင် ဖြစ်ပေသည်။ သူမသည် ရင်ခုန်နေရင်းမှ ရယ်ချင်ပက်ကျိ ဖြစ်ခဲ့သည်။ သူ့ကို လက်ထပ်မှ လိမ္မာမည်တဲ့လား။ ဘယ်ပညာရှိကများ ဟောကြားခဲ့ပါလိမ့်။

သူမ မျက်လွှာချကာ ခေါင်းငုံ့လိုက်သည်။ သူမ၏ နှုတ်ခမ်းမှ အပြုံးရိပ်ကို ဖုံးကွယ်လို၍ ဖြစ်၏။ ပံသုရာဇာကတော့ ပုလဲနန္ဒာ ရှက်သွားပြီဟု ထင်လိုက်သည်။

“သမီးတော်နဲ့ ပုလဲနန္ဒာ ညီခန်းဆောင်မှာ နားချင်နား၊ အိပ်ခန်းဆောင်မှာ နားချင်နား၊ အိပ်ခန်းဆောင်ထဲ ဝင်ချင်ဝင်၊ ပန်းခြံထဲမှာ လည်ချင်လည်၊ ကြိုက်သလိုနေကြ၊ ခမည်းတော်တော့ စံအိမ်တော်ကင်းတပ် တပ်မှူးနဲ့ စီစဉ်စရာရှိတာတွေ စီစဉ်လိုက်ဦးမယ်”

အမှန်မှာလည်း ပံသုရာဇာတွင် စီစဉ်စရာတွေ အများကြီးပါလာလေသည်။ ရွှေမြို့တော်နန်းတွင်းညီလာခံမှ ဆုံးဖြတ်ချက်များကို နယ်ကြီးရှစ်နယ်စလုံးက အလျှင်အမြန် အကောင်အထည်ဖော်ရမည် ဖြစ်ရာ တွံ့ဆိုင်းနေ၍ မဖြစ်ပေ။

သူသည် သူ၏နယ်မှ ခရိုင်မှူး၊ မြို့နယ်မှူးများနှင့် ခရိုင်တပ် တပ်မှူး၊ မြို့နယ်တပ်မှူးများကို ဖိတ်ခေါ်ကာ အစည်းအဝေးပြုလုပ်ရမည် ဖြစ်သည်။ ရွှေမြို့တော်မှ ဆုံးဖြတ်ချက်များကို ချပြရမည်ဖြစ်၏။



ရွှေမြို့တော်၏ ဆုံးဖြတ်ချက်များအတွင်းမှ အဓိကကျသော ဆုံးဖြတ်ချက်တစ်ခုမှာ ရွှေမြို့တော်မှ တိုက်ရိုက်ကွပ်ကဲမှုရှိသည့် တပ်မဟာတစ်ခုကို တစ်နှစ်အတွင်း တည်ဆောက်ရေးဖြစ်၏။ ထိုတပ်မဟာသည် ရွှေမြို့တော်၏ ကွပ်ကဲမှုအောက်တွင် နယ်ကြီးရှစ်နယ်၌ လှည့်လည်လှုပ်ရှားနေမည်ဖြစ်၏။ ပြည်ပမှ ကျူးကျော်လာလျှင် အဓိက ရင်ဆိုင်တိုက်ခိုက်မည့် တပ်မဟာဖြစ်သည်။

စင်စစ် တပ်မဟာတစ်ခု ဖွဲ့စည်းတည်ဆောက်ရေးဆိုသည်မှာ အပြောလွယ်သလောက် အလုပ်ခက်လှသည်။ ထိုခက်သော အလုပ်ကို ပံသုရာဇာနှင့်တကွ နယ်စားမင်းကြီးရှစ်ဦးက အဓိက ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုတပ်မဟာအတွက် လူသူလက်နက်စုဆောင်းပေးရမည်၊ ရိက္ခာလည်း ထောက်ပံ့ရမည်။ လစာအတွက် ရွှေစများလည်း ဖွဲ့ပိုးရမည် ဖြစ်လေသည်။

ပံသုရာဇာသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။ ပေးအပ်လာသော တာဝန်ကို ရှောင်ဖယ်၍ မရပေ။ ကျေပွန်အောင် ထမ်းဆောင်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဟေမာသီရိသည် သားတော်လေး ဟတ္ထိရာဇာ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း သားတော်လေး၏ ထွားထွားကျိုင်းကျိုင်းရှိလှပုံကို သဘောကျနေခဲ့သည်။ ယခုအခါ သားတော်လေးသည် လူလားမြောက်ခဲ့ပေပြီ။ မနက်ဖြန်ဆိုလျှင် သားတော်လေး၏ အသက်သည် ဆယ့်ခြောက်နှစ်တင်းတင်း ပြည့်ပြီဖြစ်သောကြောင့် မွေးနေ့မင်္ဂလာပွဲ ပြုလုပ်ပေးရန် သူမ စီစဉ်ထားသည်။ ထို့ပြင် အဆိုပါ ဆယ့်ခြောက်နှစ်မြောက် မွေးနေ့တွင် သားတော်လေးကို သူ့အဖေ ပေးထားခဲ့သည့် ဝတ်စုံအဖြူကို ဆင်မြန်းစေမည်ဟု ရည်ရွယ်ထား၏။

"သားတော်ရဲ့ ဒီအရပ်အမောင်းနဲ့ဆိုရင် နတ်ဆက်တဲ့ဝတ်စုံကို ဝတ်ရုံလို့ရပြီလို့ မယ်တော်ထင်တာပဲ"

ဟေမာသီရိ၏ စကားသည် ဟတ္ထိရာဇာ၏ နားထဲတွင် အထူးအဆန်းဖြစ်သွား၏။

"နတ်ဆက်တဲ့ဝတ်စုံ၊ ဟုတ်လား မယ်တော်။ ဘယ်နတ်က ဆက်တာလဲ၊ ဘယ်သူ့ကို ဆက်တာလဲ"



"ဟုတ်တယ်သား၊ နတ်ဆက်တဲ့ဝတ်စုံ၊ ရုက္ခစိုးနတ်မင်းကြီး တစ်ပါးကဆက်တာ၊ ရသေ့တစ်ပါးကို ဆက်တာ၊ အဲဒီရသေ့က သားတော်လေးအတွက် စွန့်ကြဲပေးခဲ့တာ၊ သားတော်လေး မမွေးခင်ကတည်းက ဆိုပါတော့၊ သားတော်လေးကြီးလာမှ ဝတ်ပေးဖို့ အမေသိမ်းထားပေးခဲ့တာ သားရဲ့၊ ဝတ်ကြည့်ရအောင်နော်"

ဟေမာသီရိသည် မလွဲမရှောင်သာ အတိတ်က အကြောင်းအရာများကို ပြန်လည်ပြောပြရတော့သည်။ ပြန်လည် ပြောပြသည်နှင့် တစ်ပြိုင်နက် သူမ၏ အာရုံထဲတွင် အတိတ်ပုံရိပ်တို့က ပြိုးပြိုးပြက်ပြက် ထင်မြင်လာလေသည်။ ထိုပုံရိပ်တို့သည် ဟောင်းနွမ်းမသွားပေ။ မနေ့တစ်နေ့ကလိုပင် သစ်လွင်တောက်ပနေဆဲ ဖြစ်၏။ ဤသို့ဖြင့် ဟေမာသီရိ မျက်ရည်ကျဖြစ်လေသည်။

ဟေမာသီရိ မျက်ရည်ကျသည်ကို သားတော်လေး ဟတ္ထိရာဇာမမြင်လိုက်ပေ။ ဟေမာသီရိက ဝတ်စုံယူရန်အတွက် ဝတ်စုံသိမ်းဆည်းထားသော ဗီရိုဘက်သို့ လှည့်ထွက်လိုက်သောကြောင့် ဖြစ်သည်။ ဟေမာသီရိသည် ဗီရိုထဲမှ ဝတ်စုံကိုထုတ်နေခိုက် မျက်ရည်စများကို ကုန်စင်အောင် သုတ်ပစ်လိုက်သည်။

ဟေမာသီရိက သားတော်လေး ဟတ္ထိရာဇာအား နတ်ဆက်သည့် ဝတ်စုံဆင်မြန်းပေးလိုက်ချိန်တွင် ကမ္ဘာမြေကြီးသည် သိမ့်ခနဲတုန်သွား၏။ သို့မဟုတ် သိမ့်ခနဲတုန်သွားသည်ဟု ထင်လိုက်ရ၏။

"လျှင်လှုပ်သွားတာလား မယ်တော်"

"မပြောတတ်ဘူး သားတော်၊ လှုပ်ခနဲဖြစ်သွားသလိုလိုပဲ"

ဟေမာသီရိသည် ရံရွေတော်တစ်ဦးအားခေါ်ကာ စားဖိုဆောင်တွင်ထားသော ရေအိုးများထဲမှ ရေများလှုပ်နေခြင်းရှိ-မရှိ ကြည့်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



လှုပ်နေပါသည်ဟု ပြန်လည်လျှောက်ထားသောအခါ ဟေမာသီရိ ခေါင်းတဆတ်ဆတ်ညိတ်ဖြစ်သည်။

"တုတ်တယ် သားတော်၊ ခုနတကယ် ပျောင်လှုပ်သွားတာပဲ၊ သားတော် နတ်ဆက်တဲ့ဝတ်စုံကို ဝတ်လိုက်တာမို့ ကမ္ဘာမြေကြီးကို စောင့်တဲ့ နတ်မင်းကြီးက ကောင်းချီးပြုဘာ ပေးလိုက်တာဖြစ်မယ်"

နတ်ဆက်သည့် ဝတ်စုံကို ဝတ်ဆင်လိုက်ခြင်းအားဖြင့် ဟတ္ထိရာဇာ၏ ကိုယ်ရောင်ကိုယ်ဝါတို့ ပိုမိုထွန်းလင်းတောက်ပလာသည်ဟု ဟေမာသီရိ ထင်မြင်မိသည်။

"အခု ဒီဝတ်စုံကို သားတော်လက်ထဲ အပ်လိုက်ပြီ၊ မနက်ဖြန်မွေးနေ့ပွဲမှာ သားတော် ဒီဝတ်စုံကို ဆင်မြန်းပြီးညွှဲခံရမယ်၊ ပြီးရင် သားတော်ရဲ့ အခန်းထဲမှာ တရိုတသေ သိမ်းထားရမယ်၊ ခရီးထွက်ရင်လဲ ဆောင်သွားရမယ်၊ ဒီဝတ်စုံဟာ သားအတွက် အဆောင်ပစ္စည်းပဲ။ ဒီ ဝတ်စုံကို ဆောင်ထား၊ ဝတ်ထားရင် ငါ့သားအတော် အန္တရာယ်ကင်းပြီးဘေးရှင်းလိမ့်မယ်လို့ မယ်တော် ယုံကြည်တယ်"

ဟတ္ထိရာဇာသည် ဤဝတ်စုံနှင့်ပတ်သက်၍ ယုံရခက်ကြီး ဖြစ်နေသည်။ သို့သော်လည်း မိမိဝတ်ဆင်လိုက်သည်နှင့် ပျောင်လှုပ်သွားခြင်းက ထူးခြားမှုတစ်ခု ဖြစ်၏။ သာမန်ဝတ်စုံ မဟုတ်သည်ကို ညွှန်းဆိုနေသလိုပင်။

"ဒီဝတ်စုံအကြောင်းကို ဒီ့ထက်ပိုပြီး ပြည့်ပြည့်စုံစုံ မယ်တော် ရှင်းမပြနိုင်ဘူးလားဟင်"

ဟေမာသီရိ သက်ပြင်းချဖြစ်သည်။ ဒီထက်ပိုပြီး ပြည့်ပြည့်စုံစုံ ရှင်းမပြပါရစေနဲ့ သားတော်ရယ်၊ မယ်တော် ရင်ကွဲရပါလိမ့်မယ်။ ထို စကားလုံးများသည် ဟေမာသီရိ၏ ရင်ထဲမှာပင် ကြွေလွင့်သွားကြသည်။

"မယ်တော်က ဒီထက်ပိုပြီး ဘာများ ရှင်းပြရဦးမှာလည်းကွယ်၊ တစ်ခုတော့ရှိတယ်၊ သားတော်လေးအတွက် ဝတ်စုံစွန့်ကြွသွားတဲ့ ရသေ့ရဲ့ အမည်နာမတော်က ကုဏ္ဍိပါဒရသေ့တဲ့ကွယ်၊ ဟိမဝန္တာမှာ တရားကျင့်ကြံအားထုတ်မယ်ဆိုပြီး တစ်ခါမှ ပြန်မဆုံတော့ပါဘူး"

"ဟုတ်လား မယ်တော်၊ သားတော် တွေ့ချင်လိုက်တာ၊ အဲဒီရသေ့က ဘယ်အရွယ်လောက်ရှိပြီလဲ၊ ပုံပန်းသဏ္ဌာန်ကရော ဘယ်လိုနေသလဲ တင်"

"အသက်အရွယ်က မယ်တော်တို့လောက်ပါပဲ၊ ပိုကြီးရင် တစ်နှစ်နှစ်နှစ်ပဲပေါ့၊ ပုံပန်းသဏ္ဌာန်က၊ ပုံပန်းဏ္ဌာန်က . . "

ပုံပန်းသဏ္ဌာန်က သားတော်နဲ့ ချွတ်စွတ်ပဲဟု ဟေမာသီရိ ပြောချလိုက်ချင်သည်။ သို့သော် ဤသို့ ပြော၍မဖြစ်သေး။

"ပုံပန်းသဏ္ဌာန်က သားတော်နဲ့ ခပ်ဆင်ဆင်တူသလိုပဲကွယ်"

ဟတ္ထိရာဇာ ပြုံးရယ်ဖြစ်သည်။

"ဒါဆို သားတော်က ရသေ့တစ်ပါးနဲ့ တူနေတာပေါ့နော်၊ တစ်နေ့လောက် ရသေ့လိုဝတ်ပြီး ခမည်းတော်တို့၊ ဘိုးတော်၊ ဘွားတော်တို့ဆီ အလှူသွားခံလိုက်ဦးမယ်"

"မဟုတ်တာ သားတော်ရယ်၊ မလုပ်ရဘူးနော်၊ မင်းဆီမင်းသွေး တစ်ယောက်က အဲဒီလို ပေါက်တတ်တရတွေ မလုပ်ရဘူး၊ လေးလေးနက်နက် တည်တည်ကြည်ကြည်နေရမယ် သားတော်"

ဟေမာသီရိက ဖျာဖျာသလဲ ဟန့်တားသည်။ တစ်ချိန်တည်းမှာလည်း သားတော်သည် မင်းဆီမင်းသွေးအစစ် မဟုတ်သည်ကို သိထားသောကြောင့် မိမိစကားကိုမိမိ လိပ်ပြာမသန့် ဖြစ်မိ၏။ မတတ်နိုင်၊ ကံကြမ္မာကိုက ဤအဖြစ်မျိုးရောက်အောင် တွန်းပို့ထားသော

www.burmeseclassic.com

ကြောင့် မိမိအနေနှင့် ဤကဲ့သို့သော စကားများကိုသာ ပြောနေရ ပေဦးတော့မည်။

"တဲ- သားတော် အခန်းပြန်ပြီး နားတော့၊ ဒီ နတ်ဝတ်စုံကို ချွတ်ပြီး ကောင်းကောင်းသိမ်းထားနော်၊ မနက်ဖြန် မွေးနေ့ပွဲကျမှ ပြန်ဝတ်၊ သွားပေတော့"

သားတော် ဆက်ရှိနေလျှင် မေးခွန်းတွေ ထုနေမည်စိုးသောကြောင့် ဟေမာသီရိက ပြန်လွှတ်လိုက်သည်။ သားတော်ပြန်သွားသောအခါ သူမသည် သလွန်ပေါ်၌ ထိုင်ချအနားယူလိုက်သည်။ လက်အုပ်ချီပြီး နှုတ်မှတဖွဖွနှင့် တီးတိုးရေရွတ်လိုက်မိသည်။

"ကဒ္ဒိပါဒရသေ့လေးဘုရား- အရှင်ရသေ့လေးရဲ့ သားတော်လေး မနက်ဖြန်ဆို ဆယ့်ခြောက်နှစ်တင်းတင်း ပြည့်ပါပြီဘုရား၊ သားတော်လေးရဲ့ မွေးနေ့ပွဲကို အရှင်ရသေ့လေး ကြွနိုင်ရင် ကြွခဲ့ပါလားဘုရား"

သူမသည် ဤကဲ့သို့ ရေရွတ်ပြီးမှ ဤကဲ့သို့ ရေရွတ်လိုက်မိသည်ကို သူမဘာသာ အံ့ဩနေမိသည်။ ယခင်ယခင် မွေးနေ့ပွဲများတုန်းက ဤကဲ့သို့ ပင့်ဖိတ်ရန် စိတ်ကူးမရခဲ့။ ယခုမှ ဤစိတ်ကူး မည်ကဲ့သို့ ပေါ်လာသည်မသိ။ နတ်ဆက်သည့်ဝတ်စုံကို သားတော်အားဝတ် ခိုင်းလိုက်ခြင်းမှ စေ့ဆော်လာသော စိတ်ကူးဖြစ်မည်ထင်သည်။

အမှန်အားဖြင့်လည်း ဟေမာသီရိသည် သူတို့ သားအဖနှစ်ဦးကို တစ်ကြိမ်တစ်ခါပင်ဖြစ်စေ ဆုံစည်းပေးချင်သည်။ သားအဖပါဟု ဖွင့်ဟမကြေညာနိုင်တော့သော်လည်း သားနှင့်အဖကို ဆုံစေချင်သည်။ ဤဆန္ဒသည် ယခုအခါ ဟေမာသီရိ၏ နှုတ်မှတီးတိုးပေါ်ထွက်လာ လေပြီ။



ဟေမာသီရိက တီးတိုးရေရွတ်လိုက်ခြင်းဖြစ်သော်လည်း ကဒ္ဒိပါဒရသေ့၏ နားထဲတွင်ကား အလွန်ကျယ်လောင်စွာ မြည်ဟိန်း၍ သွားလေသည်။

ရှတ်တရက်ကြီး သိမ့်ခနဲ မြေလျှင်လှုပ်သွားသည်ကို ခံစားသိရှိလိုက်ကြသော စိတ်တန်ခိုးရှင်တို့သည် အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဟူသော စိတ်နှင့် လောကကို စူးစမ်းဆင်ခြင်ကြမြဲ ဖြစ်ပေသည်။ ဟိမဝန္တာရှိ များစွာသော စိတ်တန်ခိုးရှင်များတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ကဒ္ဒိပါဒရသေ့သည်လည်း ဤမြေလျှင်လှုပ်သည့် အစ်မြစ်ကို သိလိုသောကြောင့် မိမိ၏စိတ်တန်ခိုး ကဒ္ဒိပါဒ်တို့ကို နှီးကာ စူးစမ်းဆင်ခြင်မိလေသည်။ ထိုအခါ ဤကိစ္စသည် မိမိနှင့်တိုက်ရိုက် ပတ်သက်နေကြောင်း သူ သိရှိလိုက်ရပေသည်။

သိမ့်ခနဲ မြေလျှင်လှုပ်သွားစဉ်က ကဒ္ဒိပါဒရသေ့သည် ဆင်ခြင်နိုင်သော အစွမ်းရှိ၍သာ ဆင်ခြင်လိုက်ရသော်လည်း သိပ်ပြီးထူးဆန်းလှသည် မထင်ခဲ့။ အဘယ့်ကြောင့်ဆိုသော် မြေလျှင်လှုပ်သောကြောင့် ဆင်ခြင်ကြည့်လိုက်တိုင်း သဘာဝအားဖြင့်လျော်စွာ လှုပ်ကြောင်းကိုသာ ဆင်ခြင်တွေ့ရှိမြဲ ဖြစ်ခဲ့သောကြောင့်တည်း။ ယခု တစ်ကြိမ်မှာတော့ ဤသို့မဟုတ်။ သိပ်ပြီးထူးဆန်းလှသည်ဟု မဆိုနိုင်သော်လည်း သာမန်ထက် ထူးကဲနေသော ဖြစ်ရပ်တစ်ခုကြောင့် လှုပ်ခါသွားခြင်း ဖြစ်ပေသည်။

အရွယ်ရောက်စ သာမန်လူသားကလေးတစ်ဦးက နတ်တို့၏ တန်ခိုးကဒ္ဒိပါဒ်ဖြင့် ဖန်တီးပြုလုပ်ထားသည့် ဝတ်စုံအား ဆင်မြန်းလိုက်ခြင်းသည် သာမန်ဖြစ်ရပ်များထက်တော့ ထူးကဲနေလေသည်။ ထိုလူငယ်လေး နတ်ဆက်သည့်ဝတ်စုံ ဆင်မြန်းနေသည့် မြင်ကွင်းသည် ဆင်ခြင်

www.burmeseclassic.com



ကြည့်လိုက်သော စိတ်တန်ခိုးရှင်များ၏အာရုံဝယ် မျက်ဝါးထင်ထင် မြင်ကြရ၏။ ဆင်ခြင်သိရှိလိုက်သော စိတ်တန်ခိုးရှင်တို့သည် ဤအတွက်ကြောင့်ပါတကားဟု သိလိုက်သည်နှင့် ထိုအာရုံကိုလွှတ်ကာ မိမိတို့ပြုဖွယ်ကိစ္စများကို ဆက်လက်ဆောင်ရွက်ကြ၏။

ကုဏ္ဍိပါဒရသေ့မှာကား ဤအတွက်ကြောင့်ပါတကားဟု သိရုံသာမက ဤလူကလေးသည် မိမိသားဖြစ်ခြင်း၊ တစ်ဆယ့်ခြောက်နှစ်ပြည့်ရန် တစ်ရက်အလိုတွင် မိခင်ဟေမာသီရိက မိမိထားခဲ့သည့်ဝတ်စုံကို အပ်နှင်းခြင်းစသည့် အကြောင်းအရာများကိုပါ တစ်ဆက်တည်း ဆင်ခြင်သိရှိသွားလေသည်။

အဝေးမှ အသံများကို ကြားစေနိုင်သည့် တန်ခိုးကုဏ္ဍိပါဒ်ကို နှီးထားလိုက်သည်ဖြစ်သောကြောင့် ဟေမာသီရိ၏ တီးတိုးပင့်ဖိတ်သံပါ အလွန်တုယ်လောင်စွာ ကြားလိုက်ရခြင်းဖြစ်ပေသည်။ ထို့ကြောင့် ဤကိစ္စသည် မိမိနှင့် တိုက်ရိုက်ပတ်သက်နေသည်ဖြစ်ရာ မည်သို့ဆောင်ရွက်ရပါမည်နည်းဟူသော အတွေးပါ ဝင်ရောက်လာလေတော့သည်။

စင်စစ် ကုဏ္ဍိပါဒရသေ့သည် တပသကျင့်စဉ်များ၌ နစ်မြုပ်သွားသောကြောင့် ဟေမာသီရိနှင့် ဤကလေးကို မေ့ပျောက်နေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ။ ယခုအခါ မေ့ပျောက်ထား၍မရအောင် အတင်းအဓမ္မ လာရောက်ချိတ်ဆက်နေလေပြီ။ ပင့်ဖိတ်ခြင်းကိုပါ ခံလိုက်ရသည်ဖြစ်သောကြောင့် သားဖြစ်သူ၏မွေးနေ့ပွဲကို တက်မည်၊ မတက်မည် စဉ်းစားရတော့၏။ ဤကဲ့သို့ ဝေခွဲမရဖြစ်နေသော ကုဏ္ဍိပါဒရသေ့၏ ရှေ့မှောက်သို့ သူ၏ ဆရာအရှင်သည် ဘွားခနဲပေါ်လာလေသည်။ ကုဏ္ဍိပါဒရသေ့သည် ဆရာအရှင်အား လက်အုပ်ချီ၍ ကန်တော့လိုက်သည်။ မိမိအား ညွှန်ကြားသင့်သည်များ ညွှန်ကြားရန် ရောက်ရှိလာ



ခြင်းဖြစ်ကြောင်းကိုလည်း သိရှိသဘောပေါက်သဖြင့် အသာကလေး ငြိမ်နေလိုက်၏။

"အသင် ကုဏ္ဍိပါဒရသေ့၊ ဤကိစ္စကို သင် မည်သို့ စဉ်းစားဆုံးဖြတ်ပါမည်နည်း"

"မှန်လှပါ၊ မည်သို့ပြုလုပ်ရမည်ကို စဉ်းစားဆုံးဖြတ်၍မရ ဖြစ်နေပါသည်ဘုရား"

ဆရာအရှင်၏မေးခွန်းကို ကုဏ္ဍိပါဒရသေ့က အမှန်အတိုင်းပင် တင်လျှောက်လိုက်၏။

"အသင် စဉ်းစားဆုံးဖြတ်၍ မရသည်မှာ သဘာဝကျပေသည်၊ သင်သည် ထိုသားအမိအား မေ့ပျောက်ထားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သောကြောင့် ဖြစ်၏၊ ယခုတော့ အချိန်ကျရောက်လာပြီ။ သင် ပါဝင်ပတ်သက်ရမည့်အချိန် ဆိုက်ရောက်လာပြီ ဖြစ်၏။ ဖခင်တစ်ဦးဖြစ်သည်နှင့်အညီ မိမိ၏ရင်သွေးအား ထိုက်သည့်အားလျော်စွာ စောင့်ရှောင့်ပေးရပေဦးမည်၊ အသင်သည် လူဝတ်ကြောင်တစ်ဦး၏ ဖခင်တာဝန်လောက် မလေးလံလှသော်လည်း အထိုက်အလျောက်သော တာဝန်များကိုကား မလွှဲမရှောင်သာ ထမ်းဆောင်ရပေဦးမည်ဖြစ်၏၊ ဤသည်ကို စိတ်ထဲ၌ ရှင်းလင်းပြတ်သားစွာ နားလည်ထားဦးလော့"

"မှန်လှပါ ဘုရား"

"ယခု အသင် ပင့်ဖိတ်ခြင်းခံထားရသော သားဖြစ်သူ၏ မွေးနေ့ပွဲသို့ အသင် တက်ရောက်ရန်လိုသည်ဟု ကျွန်ုပ် ယူဆသည်၊ ဤမွေးနေ့သို့ တက်ရောက်လိုက်ခြင်းအားဖြင့် သင်၏ချစ်သူ ဟေမာသီရိနှင့်ရော၊ သားဖြစ်သူ ဟတ္ထိရာဇာကိုပါ အားပေးနှိုးဆော်ရာရောက်၏၊ ဟေမာ

www.burmeseclassic.com

www.burmeseclassic.com



သိရှိသည့် အသင့်ကို မြင်တွေ့လိုက်ရသောကြောင့် မြင်တွေ့လိုခြင်း အာသီသဒုက္ခ ငြိမ်း၏၊ အာရုံပြု၍ ပင့်ဖိတ်ခြင်းကို အသင် သိရှိရောက်လာခြင်းဖြစ်သောကြောင့် အသင်သည် စိတ်တန်ခိုးရှင် တစ်ဦးဖြစ်နေပြီဆိုသည်ကို စွဲမြဲစွာ ယုံကြည်သွားပြီဖြစ်၏၊ ပင့်ဖိတ်ခြင်းကို လက်ခံသောကြောင့် အသင်သည် သူတို့ သားအမိကို ဂရုစိုက်ကြောင်း နားလည်သဘောပေါက်ကာ ကြည်နူးခြင်း၊ စိတ်ချမ်းမြေ့ခြင်းတို့ ဖြစ်ပေါ်မည်သေချာ၏၊ နောင်တွင်လည်း သူတို့ သားအမိကို အဝေးမှစောင့်ရှောက်နေလိမ့်မည်ဟု ယုံကြည်ကာ စိတ်ချလက်ချ ဖြစ်သွားပေလိမ့်မည်၊ ဤစိတ်ခံစားမှုများသည် အသင်ချစ်ခဲ့သော ဟေမာသီရိအတွက် များစွာအကျိုးရှိသည့် စိတ်ခံစားမှုများဖြစ်၏၊ သားဖြစ်သူ ဟတ္ထိရာဇာအဖို့လည်း သင့်အား ဖခင်တစ်ဦးဟူ၍ မသိသည့်တိုင် သူမမွေးခင်ကပင် နတ်ဆက်သည့် ဝတ်စုံကိုပေးပြီး ချီးမြှင့်ထားသည့် ရသေ့တစ်ဦးကို မြင်ရ၍ ဝမ်းသာစိတ် ဖြစ်မည်၊ နောင်တွင်လည်း ဤကဲ့သို့တန်ခိုးကြွဒ္ဓိပါဒ်ရှိသည့် ရသေ့တစ်ဦး၏ အကူအညီကို ရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် အားတက်စိတ်ဖြစ်မည်၊ ဤစိတ်တို့သည် သူ့အတွက် များစွာအကျိုးရှိပေသည်"

ကြွဒ္ဓိပါဒရသေ့သည် ငြိမ်သက်စွာ နားထောင်နေရာမှ ပြန်လည်မေးခွန်းထုတ်လိုက်၏။

"အကျွန်ုပ်၏ အကူအညီကို ရရှိလိမ့်မည်ဟူသော မျှော်လင့်ချက်သည် သားဖြစ်သူ ဟတ္ထိရာဇာ၏ ကိုယ်တိုင်အားထုတ်ကြိုးပမ်းလိုစိတ်အား ပျော့ပျောညံ့ညံ့ ဖြစ်သွားစေမည်လောဟု စိုးရိမ်ပူပန်မိပါသည် ဘုရား"

ဆရာအရှင်က ဦးခေါင်းကို ခါရမ်း၏။



"အသင်နှင့် ကျွန်ုပ်တိုပင် ဥပမာ- ထားကြည့်ကြစို့၊ အသင်သည် ကျွန်ုပ်ထံမှ အကူအညီကို စဉ်ဆက်မပြတ်ရခဲ့၏၊ ကျွန်ုပ်၏ အကူအညီကိုလည်း သင်မျှော်လင့်ခဲ့သည်သာ ဖြစ်၏၊ သို့ရာတွင် သင်၏ ကိုယ်တိုင် အားထုတ်ကြိုးပမ်းလိုစိတ် လျော့ပါးသွားသည်ကို ကျွန်ုပ် မမြင်ဖူးခဲ့"

"ဒါ--ဒါကတော့"

"ဒါကတော့ လုပ်မနေနှင့်၊ အားကိုးရှိ၍ ကြိုးစားလိုစိတ် လျော့နည်းသူတို့မှာ ပင်ကိုကပင် စိတ်ဓာတ်ပျော့ညံ့သူများ ဖြစ်ကြ၏၊ ပင်ကိုစိတ်ဓာတ်ခိုင်မာသူတို့သည် မည်သူ့ထံကမှ အကူအညီမရလျှင်လည်း ကိုယ့်ကိုယ်အားထုတ်၏၊ အားကိုးရလျှင်လည်း အားကိုးရခြင်းကို အခွင့်ကောင်းယူ၍ ပို၍ အောင်မြင်အောင် ကြိုးစားအားထုတ်၏၊ သင်သည်လည်းကောင်း၊ သင်၏ ရင်သွေးသည်လည်းကောင်း စိတ်ဓာတ်ပျော့ညံ့သူများ မဟုတ်ကြ၊ ထို့ကြောင့် ဤအရေးကို သင်တွေးတောပူပင်စရာမလို"

"ဤသို့ဆိုလျှင် သားဖြစ်သူ၏ မွေးနေ့ပွဲသို့ အကျွန်ုပ်သွားရန် ဆရာအရှင် ခွင့်ပြုသည်ဟု မှတ်ယူရပါမည်လော"

"မှတ်ယူလော့၊ သို့သော် သွားမည်၊ မသွားမည်ကိုကား သင်ကိုယ်တိုင်ဆုံးဖြတ်၊ ကျွန်ုပ်ကို မဆုံးဖြတ်ခိုင်းနှင့်"

"အကျွန်ုပ် ဟေမာသီရိနှင့် ပြန်ဆုံလျှင် လောကီလူ့ဘုံအား ပြန်လည်စိတ်လည်သွားလိမ့်မည်ဟု ဆရာအရှင် မထင်မြင်ဘူးလားဘုရား"

"မထင်မြင်ပါ။ သင်သည် ရသေ့မဖြစ်မီဘဝမှာပင် ဟေမာသီရိကဲ့သို့သော မိန်းကလေးကို ရှောင်လွှဲနိုင်စွမ်းရှိခဲ့သည်၊ ကံကြမ္မာအရ ဟေမာသီရိအား ချစ်စိတ်ဝင်သွားခဲ့သည့်တိုင် တဏှာရာဂအချစ်မျိုးမဟုတ်၊ သနားကရုဏာဦးစီးသော အချစ်မျိုးသာဖြစ်၏၊ ယခု အသင်ရောက်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သောစိတ်အဆင့်မှာ အလွန်မြင့်နေပြီ ဖြစ်ပေသည်၊ မိန်းမသားတစ်ဦး၏သလုံးသားကို မြင်ရှုမှုနှင့် ရှာန်လျှောသောအဆင့်မျိုး မဟုတ်တော့ပြီ"

ဣန္ဒိဝါဒရသေ့သည် မိမိအပေါ် ဆရာအရှင်က ယုံကြည်သောကြောင့် ဝမ်းသာပီတိ ဖြစ်ခဲ့သည်။ တစ်ဆက်တည်း သူ့ဆန္ဒကိုပါ တင်ပြလျှောက်ထားလိုက်၏။

"မှန်လှပါ။ အကျွန်ုပ်အတင့်ရဲပြီး လျှောက်တင်ပါရစေဘုရား၊ သားဖြစ်သူ မွေးနေ့ပွဲသို့ အကျွန်ုပ်နှင့်အတူ ဆရာအရှင်ပါ လိုက်ခဲ့ပေးစေချင်ပါတယ်ဘုရား"

ဆရာအရှင်သည် ပြုံး၏။ ထို့နောက် မဆိုင်းမတွပင် ပြန်လည်အဖြေပေး၏။

"လိုက်ရတာပေါ့လေ၊ ကျွန်ုပ် ပါဝင်ပတ်သက်နေရတဲ့ ဇာတ်လမ်းထဲမှာ ဆက်လက်ပြီး ကပြအသုံးတော်ခံရဦးမှာပေါ့"

## အခန်း (၁၂)

ဟတ္ထိရာဇာ၏ တစ်ဆယ့်ခြောက်နှစ်မြောက် မွေးနေ့ပွဲသို့ အစောဆုံးတက်ရောက်လာသူမှာ သတ္တိဗလဖြစ်၏။ စင်စစ် သတ္တိဗလသည် ဟတ္ထိရာဇာ အသက်ငါးနှစ်ပြည့်ကတည်းက အထိန်းတော်တာဝန်ထမ်းဆောင်ခွင့် ရခဲ့သည်ဖြစ်ရာ ထိုအချိန်မှစ၍ ဤနန်းအိမ်တော်သို့ နေ့တိုင်းစောစော ရောက်မြဲဖြစ်၏။ ဟတ္ထိရာဇာကစားလျှင် အတူကစား၊ စာသင်လျှင် အတူသင်၊ ဥယျာဉ်လည်လျှင် အတူလည်၊ တစ်နေ့တွင် ထိန်းသိမ်းစောင့်ရှောက်ပြီးမှ တပ်စခန်းသို့ ပြန်ရ၏။ သားတော်လေးဆယ်နှစ်ပြည့်၍ သိုင်းပညာ စတင်သင်သောအခါတွင်လည်း သူပင်လျှင် လက်ဦးဆရာ ဖြစ်ခဲ့သည်။

သားတော်လေးကို ထိန်းကျောင်းလိုသောဇောနှင့် မြို့စောင့်တပ်မှူးသူရစက္ကထံ စွမ်းစွမ်းတမံ သင်ကြားခဲ့သော သတ္တိဗလသည် လေးနှစ်နှင့် ဆရာဖြစ်အဆင့်ရောက်ခဲ့သည်။ သူရစက္ကကဲ့သို့ ပျံချီအား မနိုင်သေးသော်လည်း အဆင့်မြင့်မားရေးများဖြစ်သည့် စင်ရောသုတ်နှင့် ဝက်အူလိမ်မားတို့ကို ခုတ်နိုင်နေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သတ္တိဗလသည် မိမိအလုပ်ချင်ဆုံး၊ အထမ်းဆောင်ချင်ဆုံး တာဝန်ကိုလုပ်ရ ထမ်းဆောင်ရသည်ဖြစ်သောကြောင့် ဤဆယ့်တစ်နှစ်လုံးလုံး စိတ်ပျော်ရွှင်ချမ်းမြေ့ခဲ့၏။ ဟေမာသီရိကို နေ့စဉ် မြင်တွေ့ခွင့်ရသောကြောင့်လည်း စိတ်ချမ်းသာ၏။ ထို့ကြောင့် သတ္တိဗလသည် စိတ်ပျိုကိုယ်နုဖြစ်ကာ အသက်ဆယ့်တစ်နှစ် ကြီးသွားသည်ကိုပင် ကြီးသွားမှန်း မသိသလို ဖြစ်ခဲ့သည်။

ပြောရမည်ဆိုလျှင် မဟာသူရိယ တိုင်းနိုင်ငံကြီးတစ်ခုလုံးတွင် သတ္တိဗလမှလွဲလျှင် စိတ်ချမ်းသာ လက်ချမ်းသာရှိသူ အတော်နည်းနေပြီဖြစ်၏။ သတ္တိဗလတို့ ရွှေမြို့တော်ရောက်ခါစ အခြေအနေမျိုး မဟုတ်တော့။ စစ်တိုက်နေရသော တိုင်းပြည်ဖြစ်နေပြီ။ တိုင်းတစ်ပါးမှ ရန်သူတို့သည် နှစ်စဉ်လာရောက် အားစမ်းနေခဲ့ရာ သူတို့၏ အားစမ်းမှုသည် တစ်နှစ်ထက်တစ်နှစ် ပို၍ပြင်းထန်ခဲ့သည်။ ယခု ကျရောက်တော့မည့် ခြောက်သွေ့ရာသီတွင် ပိုမိုပြင်းထန်သော ရန်သူ့ ထိုးစစ်ကြီးနှင့် ရင်ဆိုင်ရလိမ့်မည်ဟု အားလုံးက မျှော်လင့်ထားကြသည်။ ထို့ကြောင့်လည်း မင်းစိုးရာဇာများသာမက တိုင်းသူပြည်သားအားလုံးပင် စိတ်လေးနေကြ၏။

သတ္တိဗလကတော့ စိတ်မလေး၊ စိတ်မပူ။ သူသည် ကံစီမံရာကို စွမ်းစွမ်းတမံ ဆောင်ရွက်မည်ဟု စိတ်နှလုံး တုံးတုံးချထားသူဖြစ်သည်။ သူသည် သားတော်လေး ဟတ္ထိရာဇာ၏ အထိန်းတော်တာဝန်ကို ထမ်းဆောင်နေရသောကြောင့် စစ်ဖြစ်ချိန်တိုင်းတွင် ရှေ့တန်းထွက်ခွင့်မရခဲ့။ ဤသို့ ထွက်ခွင့်မရခြင်းအတွက်လည်း သူစိတ်အနှောင့်အယှက်မဖြစ်။ အချို့သော နောက်ချန်ရဲမက်များကဲ့သို့ ရှေ့တန်းထွက်ချင်သည်၊ တိုက်ချင် ခိုက်ချင်သည်၊ စွမ်းရည်သတ္တိပြလိုသည် စသည်



ဖြင့် တဖွဖွရေရွတ်ကာ ဟန်ရေးပြနေခြင်းမျိုးမလုပ်။ မိမိကျရာ တာဝန်ကို အေးဆေးတည်ငြိမ်စွာပင် ထမ်းဆောင်ခဲ့သည်။

ယခုလည်း သားတော်လေးဟတ္ထိရာဇာ၏ ဆယ့်ခြောက်နှစ်မြောက်မွေးနေ့ပွဲသည် သာမန်မွေးနေ့ပွဲမဟုတ်ဟု သူသတင်းသန့်သန့် ကြားထားသည်။ ဤမွေးနေ့ပွဲမှာပင် ဟတ္ထိရာဇာအား ရှေ့တန်းတိုက်ခိုက်ရေး တာဝန်ပေးမည့်အကြောင်း ကြေညာမည်ခ ။ ဤသို့ဆိုလျှင် သူသည် ဟတ္ထိရာဇာ၏ ကိုယ်ရံတော်အဖြစ်နှင့် ရှေ့တန်းထွက်ရမည်ဖြစ်သည်။

ထွက်လေ။ သတ္တိဗလကတော့ အေး အးဆေးဆေးပင်။ သူသည် သစ်အယ်ချောင်ရွာမှာ နေစဉ်ကလို သာမန်အရပ်သား မဟုတ်တော့။ မားရေး၊ လုံ့ရေး ကျွမ်းကျင်သူ ရဲမက်တစ်ဦး ဖြစ်နေပြီ။ တိုက်ဆိုလျှင် တိုက်လိုက်ယုံသာ ရှိ၏။

"ဦးရီးတော် သတ္တိဗလ"

မွေးနေ့မင်္ဂလာ မဏ္ဍပ်အတွင်း တစ်ယောက်တည်း ရောက်ရှိငေးမောနေသော သတ္တိဗလကို ဟတ္ထိရာဇာက စံအိမ်တော်တံခါးဝမှနေ၍ လှမ်းခေါ်လိုက်ခြင်း ဖြစ်၏။

"ဦးရီးတော်ကလဲဗျာ၊ ရောက်နေတာကို အသံမပေး ဘာမပေးနဲ့"

"အတွေးလွန်သွားလို့ပါ အရှင့်သား၊ အခု ဘာတွေများလုပ်ကိုင်ဆောင်ရွက်ပေးရမယ်ဆိုတာ အမိန့်ရှိတော်မူပါ"

"ဘာတွေမှ လုပ်ကိုင်ဆောင်ရွက်စရာမရှိတော့ပါဘူး၊ အားလုံးပြည့်စုံနေပါပြီ၊ အခု ဦးရီးတော်လုပ်ရမှာက အိမ်ထဲခဏဝင်ပြီး နားနေပါ၊ ပြီးရင်တော့ ဧည့်သည်တွေရောက်တာနဲ့တစ်ပြိုင်နက် သားတော်နဲ့အတူ ဧည့်ခံဖို့ပါလေ"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေး ဟတ္ထိရာဇာ၏ ဖိတ်ခေါ်ချက်ဖြင့် သတ္တိဗလသည် စံအိမ်တော်၏ ညှော်ခန်းဆောင်ထဲ ရောက်သွား၏။ မင်းသားလေးကား အသင့်ဝတ်စားဆင်ယင်ပြီးပေပြီ။ မင်းသားလေး၏ ဝတ်စားဆင်ယင်မှုသည် ယခင်ကနှင့် မခြားနားသော်လည်း ကိုယ်ရောင်ကိုယ်ဝါ ပိုတောက်နေသည်ဟု သတ္တိဗလ ထင်မြင်မိသည်။

အမှန်တော့ မင်းသားလေး ဟတ္ထိရာဇာသည် မိခင်ဖြစ်သူပေးထားသည့် နတ်ဆက်သည့်ဝတ်စုံကို ဝတ်ထားပြီးပေပြီ။ ထိုဝတ်စုံ၏ အရှိန်အဝါနှင့် ကိုယ်ရောင်ကိုယ်ဝါများ ပိုမိုထွန်းလင်း တောက်ပနေခြင်းဖြစ်၏၊

ထိုအခိုက်မှာပင် ရဲရွေတော်တစ်ဦးက မင်းသားလေးကို လာရောက်လျှောက်ထား၏။

*"နံနက်စာ အသင့်ဖြစ်ပါပြီ အရှင့်သား"*

ဟတ္ထိရာဇာသည် ထိုင်ရာမှထလိုက်ရင်း သတ္တိဗလကိုလည်း ဖိတ်ခေါ်လိုက်၏။

*"အတော်ပဲ ဦးရိုးတော်၊ ထမင်းစားခန်းကို သွားကြစို့"*

*"ကျွန်ုပ် နံနက်စာ စားပြီးပါပြီ အရှင့်သား၊ စစ်သည်တော်ပီပီ စောစောထ စောစောစားတဲ့အကျင့် ဖြစ်နေပါပြီ"*

ဟတ္ထိရာဇာသည် သတ္တိဗလအနီးသို့ ကပ်လာပြီး ဘေးချင်းယှဉ်ကာ ဘယ်လက်ဖြင့် ကျောမှသိုင်းဖက်လိုက်သည်။

*"ဒီလိုလုပ်လို့ဘယ်ရမလဲ ဦးရိုးတော်၊ ဦးရိုးတော် တစ်ယောက်တည်း ညှော်ခန်းမှာထိုင်ပြီး ဘာလုပ်မလို့လဲ၊ သားတော်တို့ စံအိမ်တော်အရဲရွေတော်တွေထဲမှာ ဦးရိုးတော်ကြိုက်လောက်တဲ့ အချောအလှတွေ မရှိဘူး၊ စောင့်မနေနဲ့"*



ဟတ္ထိရာဇာသည် သတ္တိဗလကို တကယ့် သားချင်းတစ်ဦးလို သဘောထား၏။ သတ္တိဗလ အကြိမ်ကြိမ်တားသည့်ကြားက "ဦးရိုးတော်" ဟုပင် ခေါ်ခဲ့၏။ မိမိတွင် 'တော်' တပ်၍ ခေါ်လောက်သော ဂုဏ်မရှိကြောင်း၊ မင်းဆိုးရာဇာအနွယ် မဟုတ်ဘဲ ကျေးတောသား တစ်ဦးမျှသာဖြစ်သောကြောင့် 'ဦးရိုး' ဟု ခေါ်လျှင် လုံလောက်ပြီဖြစ်ကြောင်း သတ္တိဗလအကြိမ်ကြိမ် ကန့်ကွက်ဖူးသည်။ ကန့်ကွက်တိုင်းလည်း ဟတ္ထိရာဇာက ပြန်လည်ချေပခဲ့သည်ချည်း ဖြစ်သည်။

*"ကျေးတောသားဆိုရင် ကျေးတောမှာပဲနေပေါ့၊ အခု ရွှေမြို့တော်မှာ ဘာလာလုပ်နေတာလဲ၊ ရွှေမြို့တော်မှာနေရင်လည်း တခြားနေရာမှာ နေပါလား၊ ဘာဖြစ်လို့ သားတော်ရဲ့ အထိန်းတော် လာလုပ်နေတာလဲ၊ သားတော်ရဲ့ ဦးရိုးဆိုရင် ဦးရိုးတော်ပဲပေါ့၊ ဟုတ်ဘူးလား"*

တစ်ခါတစ်ရံကျတော့လည်း သူ့မယ်တော်ကို အသုံးပြု၍ ပြန်လည်ချေပတတ်သည်။

*"ဦးရိုးတော်ပြောသလို ကျေးတောကမို့ 'တော်' တပ်စရာ မလိုဘူးဆိုရင် သားတော်က မယ်တော်ကို မယ်တော်လို့ မခေါ်ရတော့ဘူးပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ မယ်တော်က ဦးရိုးတော်နဲ့ တစ်ရွာတည်းလေ၊ မှတ်ထား ဦးရိုးတော်၊ ရွှေပင်နားတော့ ရွှေကျေးတဲ့"*

နောက်ဆုံးတော့ အရွယ်နှင့်မလိုက်အောင် စကားတတ်လှသော ဟတ္ထိရာဇာအား သတ္တိဗလ လက်မြှောက်လိုက်ရသည်။ ခေါ်ချင်သလိုသာ ခေါ်ပါတော့ဟု။

ထမင်းစားခန်းသို့ ရောက်သောအခါ ဗန္ဓုရာဇာမင်းသားနှင့် ကြင်ရာတော် ယောမာသီရိတို့နှစ်ဦး ထိုင်နှင့်နေပြီကို တွေ့ရသည်။ သတ္တိဗလသည် မင်းသားနှင့်ကြင်ရာတော် နှစ်ဦးစလုံးကို လက်အုပ်ချီ၍ အရိုအသေ

www.burmeseclassic.com

www.burmeseclassic.com



ပြုပြီးမှ ဝင်ထိုင်သည်။ ဤမိသားစုသည် သူ့အား အိမ်သားတစ်ဦး သဖွယ် ဆက်ဆံသော်လည်း သတ္တိဗလ အခွင့်အရေးမယူ။ မျက်နှာ သာပေး၊ ရွေးရေးပန်းကန်တက်သည့်အမှုမျိုး ဘယ်တော့မှမလုပ်။ မိမိသည် မင်းမှုထမ်းသာဖြစ်သည်ဆိုသော ဖြစ်ရပ်မှန်ကို သူမမေ့ပေ။

"သတ္တိဗလရေ၊ မောင်မင်းလဲ မြို့တော်တပ်မှာပဲ နေတာဆိုတော့ တချို့သ ်းစကားတွေ ဘာတွေ ကြိုတင်ကြားထားမှာပေါ့၊ သား တော်လေး ဟတ္ထိရာဇနဲ့ပတ်သက်လို့ ဘာတွေများ ကြားထားသေးသလဲ"

ဗန္ဓုရာဇက လှမ်းမေးလိုက်သည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် မဟာသူရိယ တိုင်းနိုင်ငံတော်ကြီးရဲ့ လိုအပ်ချက်အရ မဟာရာဇာဘုရင်ကြီးရဲ့ မြေးတော်အားလုံး တစ် ဆယ့်ခြောက်နှစ်ပြည့်တာနဲ့ ရှေ့တန်းတပ်မဟာမှာ သွားရောက်တာ ဝန်ထမ်းဆောင်ရမယ်လို့ ကြားပါတယ်၊ ဒါကြောင့် သားတော်လေး ဟတ္ထိရာဇလည်း ရှေ့တန်းထွက်ရလိမ့်မယ်ဆိုတဲ့ သတင်းကြားပါ တယ်ဘုရား"

ဗန္ဓုရာဇမင်းသားသည် သဘောကျစွာ ပြုံးရယ်လိုက်သည်။

"မှန်တယ် သတ္တိဗလ၊ မောင်မင်းကြားတဲ့သတင်း မှန်တယ်၊ တစ်ခါ တစ်လေကျတော့ ကျွန်ုပ်လည်း ရယ်ချင်မိတယ် သတ္တိဗလရေ. . ."

ဗန္ဓုရာဇမင်းသားသည် ဟက်ဟက်ပက်ပက် ရယ်မောဖြစ်သည်။ မင်းသားနှင့်အတူ ဟေမာသီရိ၊ သားတော်ဟတ္ထိရာဇနှင့် သတ္တိဗလ တို့ပါ လိုက်ပါရယ်မောဖြစ်ကြသည်။ ရယ်မောခြင်း အရှိန်သေသွား သောအခါ ဟေမာသီရိက သတိပေးသည်။

"စကားချည်း ပြောမနေကြနဲ့ဦး၊ စားကြသောက်ကြဦး၊ သတ္တိဗလ နွားနို့သောက်၊ သစ်သီးတွေလည်း ယူစား၊ သားတော်-မင်း ဦးရိုးဆို ထည့်ပေး"



နံနက်စာသည် နွားနို့နှင့် သစ်သီးဝလံများဖြစ်သည်။ သတ္တိဗလသည် စားပြီးပါပြီဟု မငြင်းရဲ။ ဗိုက်ပြည့်ပြီးသားဖြစ်သော်လည်း စတိအဖြစ် တော့ စားရသောက်ရပေဦးမည်။

သတ္တိဗလ စားသောက်နေစဉ်မှာပင် ဗန္ဓုရာဇမင်းသား စကားဆက် ပြော၏။

"သားတော် ဟတ္ထိရာဇက အသက်အရွယ်ငယ်ငယ်နဲ့ ရှေ့တန်း ထွက်ရမှာကွဲ့၊ မတော်လို့ ရန်သူနဲ့ တိုက်ရခိုက်ရတဲ့အခါ ရင်ဆိုင်နိုင်တဲ့ အရည်အချင်း ရှိပါ့မလားလို့ ကျွန်ုပ် စိတ်ပူနေတယ် သတ္တိဗလရဲ့၊ မောင်မင်းရဲ့ အမြင်ကို ပြောစမ်းပါဦး"

"ပြောပြလိုက်စမ်းပါ ဦးရိုးတော်ရာ၊ သားတော်ဟာ ရန်သူ ငါးယောက် လောက်ကိုတော့ အပျော့ပါပဲလို့"

ဟတ္ထိရာဇက သူ့ပညာကို သူ ယုံကြည်သော လေသံနှင့်ဝင်ပြော ၏။ သတ္တိဗလကမူ ချိန်ချိန်ဆဆနှင့် မင်းသားကို ပြန်လည်လျှောက် တင်ခဲ့သည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့် အရှင့်သားရဲ့ သားတော်ဟာ သိုင်းပညာ အဆင့်တော့ အတော် မြင့်နေပါပြီ၊ ဒါပေမဲ့ အတွင်းအားက နည်းနေသေး တော့ ရန်သူရဲ့ အဆင့်မြင့် သိုင်းပညာရှင်များနဲ့တွေ့ရင် အခက်ကြုံနိုင် ပါသေးတယ်၊ ဒါကြောင့် သားတော်အနေနဲ့ ရှေ့တန်းရောက်ရင် ကျွန် တော်မျိုးနဲ့ မခွဲခွာဖို့၊ မိမိရဲ့ ကိုယ်ရံတပ်ဖွဲ့နဲ့ မခွဲခွာဖို့ လိုပါတယ် ဘုရား"

သတ္တိဗလ၏ လျှောက်တင်စကားကို ဟတ္ထိရာဇက သဘောမကျပေ။ မျက်နှာကို မဲ့ပြထား၏။ ရှေ့တန်းရောက်လျှင် သည်လူကြီးသည် သူ့ နောက်က တကောက်ကောက် လိုက်နေမှာ သေချာသည်။ လုံခြုံရေး စိတ်ချရသည်မှန်သော်လည်း လွတ်လပ်မှုကို ထိပါးသည်။ တစ်ခါ တစ်ရံတော့လည်း ဟတ္ထိရာဇသည် တစ်ဦးတစ်ယောက်တည်း လွတ်လပ် စွာ လျှောက်သွားလိုသည်။

www.burmeseclassic.com



"မောင်မင်း ပြောတာ မှန်တယ်၊ ကြားတယ်မဟုတ်လား သားတော်၊ ရွှေတန်းရောက်ရင် ဦးရိုးသတ္တိဗလနဲ့ ဘယ်တော့မှမခွဲနဲ့၊ ကိုယ်ရံတပ်ဖွဲ့လည်း သွားလေရာ ပါပစေ"

ဗန္ဓုရာဇာမင်းသားက သတ္တိဗလ၏ လျှောက်တင်စကားကို သဘောတော်ကျသဖြင့် သားတော်ဟတ္ထိရာဇာကို တစ်ဆက်တည်း အမိန့်ပေးလိုက်သည်။

"သားတော် ဟတ္ထိရာဇာနဲ့အတူ အိမ်ရှေ့စံကိုယ်တော်ကြီးရဲ့ သားတော် မန္တရာဇာလည်း ရွှေတန်းကိုပါမှာ မဟုတ်လား၊ နောင်တော် မန္တရာဇာနဲ့လည်း မခွဲမခွာနေသင့်တာပေါ့၊ ဟုတ်တယ် မဟုတ်လား မောင်တော်"

ဟေမာသီရိက သူမ၏ အထင်အမြင်ကို ဝင်ရောက်ပြောဆိုလေ၏။ ဟေမာသီရိ၏ စကားကို ဗန္ဓုရာဇာက ခေါင်းခါပြသည်။ ထို့နောက် ရှင်းပြ၏။

"မတူဘူး နှမတော်ရဲ့၊ မန္တရာဇာနဲ့ ဟတ္ထိရာဇာကို ရွှေတန်းလွှတ်ပြီး လေ့ကျင့်တာချင်း တူပေမဲ့ ရည်ရွယ်ချက်ချင်း မတူဘူး၊ မန္တရာဇာကို စစ်အကြောင်း နားလည်ပြီး ဦးစီးညွှန်ကြားတတ်အောင်သာ လေ့ကျင့်မှာ၊ တိုက်ခိုက်ရေးတပ်တွေထဲ မထည့်ဘူး၊ ဒါကြောင့် သူက ရွှေတန်းရောက်ရင် တပ်မဟာရုံးမှာ တပ်မဟာမှူးနဲ့အတူပဲ တွဲနေရမှာ၊ နှမရဲ့ သားတော် ဟတ္ထိရာဇာကျတော့ အဲဒီလို မဟုတ်ဘူး၊ တိုက်ခိုက်ရေးသမားတစ်ဦးဖြစ်လာအောင် လေ့ကျင့်မှာဆိုတော့ တိုက်ခိုက်ရေးတပ်တွေကို ကွပ်ကဲပြီး ကိုယ်တိုင်ကိုယ်ကျ တိုက်ခိုက်ရလိမ့်မယ်၊ ဒါကြောင့် ရွှေတန်းရောက်ရင် သားတော်နှစ်ပါးဟာ အတူတူနေရမှာမဟုတ်ဘူး"

ဗန္ဓုရာဇာ၏စကားကို ကြားရသောအခါ ဟေမာသီရိ စိတ်ပူသွားသည်။

"ဟင်-ဒါဆိုရင် နှမတော်တို့ရဲ့ သားတော်လေးက အသက်အေးအန္တရာယ် ပိုများတာပေါ့ မောင်တော်ရဲ့၊ မောင်တော်တို့က ဘာဖြစ်လို့



အဲဒီလို စီစဉ်ရတာလဲ၊ သားတော်ချင်း အတူတူ မောင်တော်ရယ်"

ဟေမာသီရိ၏သောကစကားကြောင့် ဗန္ဓုရာဇာ စိတ်မကောင်းဖြစ်သွားသည်။ ထို့ကြောင့် ဟေမာသီရိ သဘောပေါက်စေရန် ပွင့်ပွင့်လင်းလင်းပင် ရှင်းပြလိုက်၏။

"သားတော်ချင်းအတူတူလို့ ပြောလို့မရဘူး နှမတော်၊ ဟတ္ထိရာဇာက ကျွန်ုပ်ဗန္ဓုရာဇာရဲ့ သား၊ ကျွန်ုပ်ဗန္ဓုရာဇာဆိုတာက နန်းတွင်းက ဥပဒေပြု အမတ်ကြီး၊ နောင်တော်ကြီး သတ္တရာဇာက အိမ်ရှေ့စံကိုယ်တော်ကြီး၊ အိမ်ရှေ့စံကိုယ်တော်ကြီးရဲ့သားနဲ့ ဥပဒေပြုအမတ်ကြီးရဲ့သားကို သားတော်ချင်းအတူတူလို့ ပြောလို့မရဘူး နှမတော်၊ မောင်တော် ခွေးတွဲစကားပြောနေတာ မဟုတ်ဘူးနော်၊ ကိုယ့်ဘဝမှန်ကို ကိုယ်သိထားကြစေချင်လို့ ပြောပြနေတာ"

ဟေမာသီရိမျက်နှာ ပို၍ညိုသွားသည်။ ကိုယ့်ဘဝမှန်ဆိုသည်မှာ ဘာတို့ဆိုလိုပါသလဲ။

"ပြောရရင် မောင်တော်တို့က အိမ်ရှေ့စံကိုယ်တော်ကြီးထက် အများကြီး နိမ့်ပါတယ်၊ ဒီတော့ မောင်တော်တို့ရဲ့ သားကလည်း ကိုယ်တော်ကြီးရဲ့သားထက် အများကြီးနိမ့်တာပေါ့၊ ပိုပြီးရှင်းအောင် ပြောရရင် ကိုယ်တော်ကြီးက ဖခမည်းတော်ကွယ်လွန်ရင် ဘုရင်ဖြစ်လို့သူ၊ သူ ဘုရင်ဖြစ်တဲ့အခါ ဘယ်သူ့ကို အိမ်ရှေ့စံထားမလဲ၊ မဟာရာဇာမင်းဆက်ရဲ့ အစဉ်အလာအရဆိုရင် သူ့သားကိုပဲ အိမ်ရှေ့စံထားရမှာပဲ"

ဟေမာသီရိသည် မြသားရောင် လက်သုတ်ပုဝါနှင့် သူ့ နှုတ်ခမ်းများကို တို့ထိသုတ်သင်ပြီး နားထောင်နေရာမှ မကျေမနပ် ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုတော့ တစ်နေ့မှာ အိမ်ရှေ့စံဖြစ်လာမယ့် မန္တရာဇာကို မသေစေချင်တဲ့အတွက် တိုက်ခိုက်ရေးတပ်ထဲ မပို့တော့ဘူးပေါ့။ ဒါဆိုရင်လည်း ဘာဖြစ်လို့ ရှေ့တန်းကို လွှတ်နေသေးသလဲ၊ နောက်တန်းမှာပဲ ပိုးမွေးသလို မွေးထားလိုက်ပေါ့"

ဟေမာသီရိ၏ စကားသည် နားဝင်မချိုသောကြောင့် ဗန္ဓုရာဇာစိတ်ညစ်သွားသည်။ သတ္တိဗလကတော့ မိခင်စိတ်နှင့် မခံချင်ဖြစ်နေသော ဟေမာသီရိကို နားလည်စွာပြုံးနေဖြစ်သည်။ သားတော် ဟတ္ထိရာဇာသည် ငြိမ်မနေနိုင်တော့သဖြင့် ဝင်ပြော၏။

"မယ်တော့်စကားက သူများတွေကြားသွားရင် မကောင်းပါဘူး မယ်တော်ရယ်၊ သတ္တဝါတစ်ခု ကံတစ်ခုလို့ မယ်တော်ပဲ သားတော်ကို ခဏခဏ ပြောဖူးတာပဲ၊ နောင်တော် မန္တရာဇာရဲ့ကံနဲ့ သားတော်ရဲ့ကံ ဘယ်တူပါ့မလဲ၊ သားတော်ထင်တယ်၊ သားတော်မှာ တိုက်ရေးခိုက်ရေးနဲ့ နာမည်ကြီးတဲ့ ကံဇာတာပါမယ်ထင်တယ်၊ ဘိုးဘိုးကြီး မဟာရာဇာပြောတာ သားတော်ကြားဖူးသလိုပဲ၊ သားတော်လည်း အိမ်ရှေ့စံ မဖြစ်ချင်ပါဘူး၊ တိုက်ခိုက်ရေးနဲ့ နာမည်ကြီးတဲ့ တပ်မှူးကြီး တစ်ယောက်တော့ ဖြစ်ချင်တယ်"

သားတော်ဟတ္ထိရာဇာ၏ စကားကို ဗန္ဓုရာဇာ သဘောတော်ကျသဖြင့် လှမ်း၍ ချီးကျူးလိုက်သည်။

"သားတော် ဒီလိုသဘောမျိုးရှိတာ ခမည်းတော် ဝမ်းသာတယ်၊ သားတော်ဟာ အိမ်ရှေ့စံဖြစ်ခွင့် မရှိပေမဲ့ မဟာရာဇာမျိုးဆက်တစ်ဦး အနေနဲ့ နယ်စားကြီးတစ်ဦး၊ ဒါမှမဟုတ် တပ်မှူးကြီးတစ်ဦးတော့ ဖြစ်ခွင့် ရှိပါတယ်"

ဟေမာသီရိသည်လည်း သားတော်၏ စကားကြောင့် မိမိနှုတ်ထွက် ကြမ်းသွားသည်ကို ဆင်ခြင်လိုက်မိ၏။ သားကို ချစ်သည့်ဇောနှင့်



မပြိုင်သင့်သည်ကို ပြိုင်ဆိုင်ပြောဆိုမိခြင်းဖြစ်ကြောင်း မိမိဘာသာ သုံးသပ်မိ၏။ နောင်တွင် ဤသို့ မပြောမိစေရန် ကြိုးစားမည်ဟု လည်း ဆုံးဖြတ်လိုက်လေသည်။

ထိုအခိုက်မှာပင် သတ္တိဗလသည် ဗန္ဓုရာဇာထံ ဦးတည်လက်အုပ်ချီကာ လျှောက်ထားလိုက်သည်။

"မှန်လှပါ၊ ကျွန်တော်မျိုး အတင့်ရဲပြီး လျှောက်တင်ရန်ရှိပါသည် ဘုရား၊ ကျွန်တော်မျိုး၏ လျှောက်တင်ချက် မှားယွင်းပါကလည်း အရှင့်သားအနေနှင့် ဆုံးမပဲ့ပြင်တော်မူပါ"

"လျှောက်တင်စေ သတ္တိဗလ"

"ကိုယ်တော်လေးတို့ မဟာရာဇာမျိုးဆက်ထဲမှာ မြေးတော်ဆို၍ အိမ်ရှေ့စံကိုယ်တော်ကြီးရဲ့ သားတော် မန္တရာဇာတစ်ယောက်၊ ကိုယ်တော်လေးရဲ့သားတော် ဟတ္ထိရာဇာတစ်ယောက်၊ ဒီနှစ်ယောက်ပဲ ရှိတာပါ ဘုရား"

သတ္တိဗလ၏ လျှောက်တင်ချက် မှန်ပေသည်။ မဟာရာဇာမင်းကြီး၏ သားတော်ဆယ်ယောက်အနက် မျိုးဆက်သားတော် မွေးဖွားဖြစ်သည်မှာ အကြီးဆုံးသားတော်နှင့် အငယ်ဆုံးသားတော်သာရှိ၏။ ကျန်သားတော်များဖြစ်ကြသည့် နယ်စာမင်းကြီးရှစ်ဦးတွင် နှစ်ဦးက သားသမီးလုံးဝ မထွန်းကား။ ကျန်ခြောက်ဦးကလည်း သမီးတော်ကလေး တစ်ဦးစီသာ ထွန်းကားကြ၏။

"ဒါကြောင့် သားတော်လေး ဟတ္ထိရာဇာဟာ အိမ်ရှေ့စံဖြစ်ခွင့် မရှိဘူးလို့ ယတိပြတ်မပြောနိုင်ကြောင်းပါဘုရား၊ ဒီပြောကောင်း မဆိုကောင်း မန္တရာဇာ ကံတော်ကုန်သွားခဲ့ရင် ဒီအရိုက်အရာဟာ သားတော်လေး ဟတ္ထိရာဇာဘက် လှည့်မလာနိုင်ဘူးလား ဘုရား"

ဗန္ဓုရာဇာ တုန်လှုပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သတ္တိဗလပြောသည့် စကားသည် လုံးဝမမှား။ မဟာရာဇာမင်းဆက်၏ တကယ့် အခြေအနေမှန် ဖြစ်၏။ သို့သော် ဤအတွေးမျိုး မိမိတို့တော်ဝင်မိသားစုအတွင်း မည်သူမျှမတွေးမိခဲ့။ အဘယ့်ကြောင့် မတွေးခဲ့ကြပါသနည်း။

စင်စစ် မိမိတို့သည် မမြဲခြင်းတရားအပေါ် မဆင်ခြင်မိကြခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် မမြဲခြင်းတရားသည် အစဉ်အတိုင်း သွားလိမ့်မည်ဟုသာ တွေးထင်ယူဆခဲ့ကြခြင်းဖြစ်၏။ အသက်ကြီးသူက အရင်သေမည်။ အသက်ကြီးသူများ သေသွားသောအခါ သေသွားသူတို့၏နေရာကို အသက်ငယ်သူများက ဆက်ခံမည်။ ဤမျှလောက်သာ စဉ်းစားမိကြသည် ဖြစ်သောကြောင့် ဟတ္ထိရာဇာ၏ အရေးပါမှုကို ထည့်မတွက်မိကြခြင်းဖြစ်၏။ တကယ်တော့ ဟတ္ထိရာဇာသည် ထူးခြားသော အခြေအနေများအောက်တွင် အိမ်ရှေ့စံဖြစ်လာရန် အခွင့်အလမ်းရှိပေသည်။

"သတ္တိဗလပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ လောလောဆယ်မှာတော့ ဒီအတိုင်းပဲ မွေးမြူလေ့ကျင့်ရမှာပဲ၊ ဖြစ်မလာသေးတဲ့ အခြေအနေကို အစောကြီးကတည်းက ကြိုတင်တွက်ဆပြီး ဆုံးဖြတ်နေလို့ မဖြစ်သေးဘူး၊ မန္တရာဇာဟာ လောလောဆယ်မှာ အိမ်ရှေ့စံလောင်းလျာ ဖြစ်နေတဲ့အတွက် သူ့ကို အသက်အန္တရာယ်နဲ့ ဝေးတဲ့နေရာမှာ လေ့ကျင့်ရမှာပဲ၊ ဒါကို ထိုစစ်ထဲမှာ ဘယ်လိုမှ မခံစားနဲ့၊ သားတော်ဟတ္ထိရာဇာကလည်း သွေးမနည်းဘူးလို့ထင်တာပဲ"

ဗန္ဓုရာဇာသည် သတ္တိဗလ၏စကားကို ဖြေရှင်းဆွေးနွေးလိုက်၏။ ဗန္ဓုရာဇာ၏ စကားကို ဟတ္ထိရာဇာက ရဲရဲတောက်တုံ့ပြန်ခဲ့၏။



"သားတော် သွေးမနည်းပါဘူး ခမည်းတော်ရယ်၊ သားတော်ကို နောင်တော်မန္တရာဇာနဲ့အတူ ထားရင်တောင် သားတော်က ကျေနပ်မှာ မဟုတ်ဘူး၊ သားတော်ရဲ့သွေးထဲမှာ တိုက်စိတ်ခိုက်စိတ်တွေ အပြည့်ပဲ ခမည်းတော်၊ သားတော် တိုက်ခိုက်ရေးတာဝန်ကိုပဲ ထမ်းဆောင်ချင်တယ်"

ဟေမာသီရိသည် သားတော်ဟတ္ထိရာဇာကိုကြည့်ရင်း အံ့ဩစိတ်ဖြစ်မိသည်။ ဖခင်ဖြစ်သူနှင့် လုံးဝ မတူချေတကား။

"သားတော်က ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် တိုက်စိတ်ခိုက်စိတ်တွေ ထက်သန်နေရတာလဲ၊ ကြည့်ရတာ သတ္တိဗလနဲ့ တွဲမိသွားလို့ ထင်ပါရဲ့"

ဟေမာသီရိ၏ မှတ်ချက်ကို သတ္တိဗလက အပြုံးနှင့်တုံ့ပြန်သည်။

"မှန်လှပါ၊ သတ္တိဗလနဲ့ တွဲရုံနဲ့တော့ ဒီလိုစိတ်မျိုးမပေါ်နိုင်ကြောင်းပါဘုရား၊ ကိုယ်တော်လေး ဗန္ဓုရာဇာဆီက အမွေဆက်ခံလာတဲ့ စိတ်ပဲဖြစ်မှာပါဘုရား"

သတ္တိဗလ၏ တင်လျှောက်စကားသည် ဗန္ဓုရာဇာနှင့် ဟေမာသီရိတို့ကို ကသိကအောက်ဖြစ်စေ၏။ အနေခက်လာသော ဟေမာသီရိသည် ထမင်းစားပွဲမှ ထရပ်လိုက်သည်။

"အားလုံး စားလို့သောက်လို့ ပြီးကြပြီဆိုရင်လည်း သားတော်လေးညီခံပွဲကျင်းပမယ့်မဏ္ဍပ်ဆီ သွားကြရအောင်လေ၊ တော်ကြာညီ့သည်တွေ ရောက်လာကြတော့မယ်"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

ဗန္ဓုရာဇာက ဟေမာသီရိ၏ စကားကို နောက်ပြောင်ကျီစယ်ရင်း အရယ်လိုက်သဖြင့် သတ္တိဗလနှင့် ဟတ္ထိရာဇာတို့လည်း လိုက်ရယ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဟတ္ထိရာဇာ၏ ဆယ့်ခြောက်နှစ်မြောက် မွေးနေ့ပွဲသည် အထူးဖိတ်ကြားထားသော ဧည့်သည်များ စုံညီစွာတက်ရောက်ကြသောကြောင့် စည်ကားသိုက်မြိုက်လှ၏။ မဟာရာဇာဘုရင်ကြီးနှင့် အိမ်ရှေ့စံကိုယ်တော်ကြီး သတ္တုရာဇာတို့ပါ ကြွရောက်လာသောကြောင့် ဧည့်သည်တော်အားလုံး ရှိရှိကျိုးကျိုး ဖြစ်နေကြ၏။

ဧည့်သည်များစုံချိန်တွင် အိမ်ရှေ့စံကိုယ်တော်ကြီး သတ္တုရာဇာက မင်းသားလေး ဟတ္ထိရာဇာ၏ မွေးနေ့အတွက် မင်္ဂလာစကား ပြောကြားရင်း ဟတ္ထိရာဇာ ရှေ့တန်းတွင် ထမ်းဆောင်ရမည့်တာဝန်ကိုပါ ကြေညာပေးလိုက်လေသည်။ ဟတ္ထိရာဇာသည် မဟာသူရိယတိုင်းနိုင်ငံတော်ကြီး၏ အမြွတမ်းတပ်ဖြစ်သော တပ်မဟာရှိ တပ်ရင်း ၅ ရင်းအနက် တပ်ရင်းအမှတ် ၅ ၏ ဒုတိယတပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည် ဖြစ်မေသည်။ ဧည့်သည်တော်အားလုံးက လက်ခုပ်တီး၍ ဂုဏ်ပြုကြ၏။ ဟတ္ထိရာဇာသည် အသက်ငယ်ငယ်နှင့် အလွန်ကြီးလေးသော တာဝန်တစ်ရပ်ကို ထမ်းဆောင်ခွင့်ရလေပြီ။



ဟတ္ထိရာဇာ၏ တာဝန်နှင့် ပတ်သက်၍ ဧည့်သည်တော်များအကြား တီးတိုးဝေဖန်မှုများ ရှိသည်။ အများစု၏အမြင်မှာ ဟတ္ထိရာဇာ၏ အသက်အရွယ်၊ အရည်အချင်း၊ အတွေ့အကြုံတို့သည် ဒုတိယတပ်ရင်းမှူး တာဝန်ထမ်းဆောင်ရလောက်အောင် ရင့်ကျက်ခြင်းမရှိသေးဟူ၍ ဖြစ်၏။ ကလေးတစ်ယောက်က ဒုတိယတပ်ရင်းမှူး ဖြစ်လာသည့်အတွက် အဆိုပါတပ်ရင်းမှ တပ်ရင်းမှူးအတွက် တာဝန်ကြီးသွားပြီဟုလည်း သုံးသပ်ကြသည်။ 'ကူဖော်' မဖြစ်သော 'လောင်ဖက်' တစ်ဦးတိုးလာသည့်သဘောဟု ယူဆကြ၏။

မည်သို့ပင်ဖြစ်စေ တီးတိုးသံက တီးတိုးသံသာဖြစ်ပြီး တရားဝင်ထုတ်ဖော်ပြောဆိုနေကြသည်ကား ဟတ္ထိရာဇာအတွက် ဂုဏ်ပြုစကားများသာဖြစ်၏။

ဟတ္ထိရာဇာသည် အိမ်ရှေ့စံကိုယ်တော်ကြီး ကြေညာသော တာဝန်နှင့်ပတ်သက်၍ ဂုဏ်ယူသည့်စကား၊ ကြွရောက်လာကြသော ဧည့်ပရိသတ်ကြီးကို ကျေးဇူးတင်သည့် စကားတို့ပြောကြားရင်း ဝမ်းသာစိတ်နှင့် မျက်ရည်ကြည်များ ဝေ့တက်နေသည်။ သူသည် ဧည့်ပရိသတ်ကြီး၏ တီးတိုးစကားများကို မကြားပေ။ အဆိုပါ တီးတိုးစကားများကို ကြားထားသော သတ္တိဗလက နောင်အခါ မင်းသားလေးကို အသိပေးရဦးမည်ဟု စဉ်းစားလျက်ရှိသည်။

မင်းသားလေးနှင့်အတူ ယှဉ်တွဲထိုင်နေရင်း ပတ်ဝန်းကျင် တစ်ခုလုံးကို အကဲခတ်နေသော သတ္တိဗလသည် မြို့စောင့်တပ်မှ အကြပ်တစ်ဦး ဧည့်ခံပွဲအတွင်း ပျာယီးပျာယာ ဝင်လာသည်ကို သတိပြုမိ၏။ ထိုအကြပ်သည် စားပွဲဝိုင်းတစ်ဝိုင်းတွင်ထိုင်နေသော မြို့စောင့်တပ်မှူးသို့ ရစတ္တထံ ချဉ်းကပ်သွား၏။ ထိုအကြပ်၏ တီးတိုးတင်လျှောက်

www.burmeseclassic.com

www.burmeseclassic.com



မှုတို ကြားနာပြီးသော သူရစက္ကသည် ချက်ချင်းထရပ်ကာ ထိုအကြပ်နှင့် ထလိုက်သွားလေသည်။

တစ်စုံတစ်ခုတော့ ထူးခြားပြီဟု သတ္တိဗလ သိလိုက်၏။ သူသည် မျက်စိတို့ဖွင့် နားကိုစွင့်ထားလိုက်သည်။ မကြာပါ။ မြို့စောင့်တပ်မှူး သူရစက္က ပြန်ဝင်လာသည်။ အိမ်ရှေ့စံကိုယ်တော်ကြီးရှိရာသို့ ကပ်သွား၏၊ သူရစက္က၏ တီးတိုးလျှောက်တင်ချက်အပေါ် ကိုယ်တော်ကြီးသည် မျက်မှောင်ကုတ်၍ စဉ်းစားနေ၏။ ထို့နောက် ထရပ်ကာ မဟာရာဇာဘုရင်ကြီးအပါးသို့ ဦးတည်သွားခဲ့၏။ ကိုယ်တော်ကြီး၏ တီးတိုးလျှောက်တင်သံကို မဟာရာဇာဘုရင်ကြီးသည် ဂရုတစိုက် နားထောင်၏၊

ယခုအခါ ဤလှုပ်ရှားမှုများကို သတိပြုမိသည်မှာ သတ္တိဗလတစ်ဦးတည်း မဟုတ်တော့။ ဧည့်သည်တော်များအတွင်းမှ အကင်းပါးသူများပါ သတိထားမိကြသောကြောင့် မည်သည့်ထူးခြားမှု ရှိသနည်းဟု အတဲခတ်နေကြလေသည်။

မဟာရာဇာဘုရင်ကြီး ချမှတ်လိုက်သောအမိန့်ကို အိမ်ရှေ့စံကိုယ်တော်ကြီးက မြို့စောင့်တပ်မှူးသူရစက္ကထံ လက်ဆင့်ကမ်း ချမှတ်ပေးလိုက်ရာ သူရစက္ကသည် ဧည့်ခံပွဲအတွင်းမှ ခပ်သုတ်သုတ် ထွက်သွား၏။

"ဘာများထူးခြားလို့လဲ ဦးရီးတော် သတ္တိဗလ"

မင်းသားလေး ဟတ္ထိရာဇာ၏ အမေးကို သတ္တိဗလကလည်း အမှန်အတိုင်းဖြေသည်။

"မသိပါ အရှင့်သား"

"အေးလေ၊ ဘယ်လိုလုပ်သိပါ့မလဲ၊ ဦးရီးတော်က သားတော်နဲ့ပဲ ထိုင်နေတာဥစ္စာ၊ သားတော်မေးတာ လူလွဲသွားပြီ"



သိချင်စိတ်ပြင်းပြလာသော မင်းသားလေးဟတ္ထိရာဇာ ထိုင်ရာမှထကာ အိမ်ရှေ့စံကိုယ်တော်ကြီး သတ္တုရာဇာထံ ချဉ်းကပ်သွားလေသည်။ အိမ်ရှေ့စံကိုယ်တော်ကြီးက ဟတ္ထိရာဇာ၏ အမေးကို ပြုံးပြုံးရွှင်ရွှင်နှင့် ပြန်ဖြေသည်။

"ထူးတယ် သားတော်လေးရဲ့၊ သားတော်လေးရဲ့ မွေးနေ့ပွဲကိုတက်ချင်လို့ဆိုပြီး ဟိမဝန္တာက ရသေ့နှစ်ပါး တံခါးဝမှာ ရောက်နေတယ်။ တစ်ပါးက ဣန္ဒိပါဒရသေ့၊ တစ်ပါးက ဝဏ္ဏသိဒ္ဓိရသေ့တဲ့၊ သူတို့နှစ်ပါးရဲ့ နာမည်ကြားရတော့ ဦးရီးတော်တို့ ကြားဖူးထားတဲ့ နာမည်တွေဖြစ်နေတယ်၊ ဒါနဲ့ သားတော်ရဲ့ ဘိုးတော်ကြီးက ဝင်ခွင့်ပြုလိုက်တယ်၊ သူတို့ လာတာကောင်းပါတယ်၊ အထူးသဖြင့် သားတော်အတွက် ပိုကောင်းတယ်"

"သားတော်အတွက် ဘာဖြစ်လို့ ကောင်းတာလဲ ဦးရီးတော်"

"သူတို့ဟာ ဟိမဝန္တာက စိတ်တန်ခိုးရှင် ရသေ့ကြီးတွေကွဲ့၊ ဒီလိုတန်ခိုးရှိတဲ့ ရသေ့ကြီးတွေက သားတော်ရဲ့ မွေးနေ့ဧည့်ခံပွဲကို တက်ရောက်လာတယ်ဆိုတာ မင်္ဂလာရှိတာပေါ့၊ သားတော် ကုသိုလ်ရတာပေါ့"

"သားတော် ဘာလုပ်ရမှာလဲ ဦးရီးတော်"

"ထူးထူးခြားခြား လုပ်စရာမလိုပါဘူး၊ သူတို့ကို ဂါရဝပြု နှုတ်ဆက်ပြီး ဧည့်ခံကျွေးမွေးရုံပါပဲ"

ဟတ္ထိရာဇာသည် အိမ်ရှေ့စံကိုယ်တော်ကြီးကို အရိုအသေပြုပြီး ထိုင်နေရာကိုယ် ပြန်ခဲ့သည်။ ထို့နောက် သူကြားသိခဲ့သမျှ သတ္တိဗလထံ ပြန်လည်ဖောက်သည်ချလိုက်၏။ ရသေ့နှစ်ပါး၏ အမည်နာမကို ကြားလိုက်ရသောအခါ သတ္တိဗလ ချက်ချင်းမှတ်မိသည်။ မိမိနှင့် မြို့စောင့်တပ်မှူးတို့ ကြည့်ခဲ့ရသော ထူးဆန်းသည့် မျက်လှည့်

www.burmeseclassic.com

www.burmeseclassic.com



ပွဲအား ဖန်တီးခဲ့သည့် စိတ်တန်ခိုးရှင်နှစ်ဦး ဖြစ်ပေသည်။ နတ်မေးပွဲမှတစ်ဆင့် သူတို့နာမည်ကို ကြားဖူးထားခဲ့ရာမှ ယခု လူကိုယ်တိုင် မြင်တွေ့ရတော့မည် ဖြစ်၏။ သတ္တိဗလ စိတ်လှုပ်ရှားသွားသည်။ စိတ်ကို အထူးတလည် လေ့ကျင့်၍ တန်ခိုးများကို ပိုင်ဆိုင်ထားသည်ဆိုသော လူသားများကို သူ မျက်မြင်ဒိဋ္ဌ ကြုံတွေ့ရတော့မည်။

ထိုအခိုက်မှာပင် မြို့စောင့်တပ်မှူးသူရစက္က ဦးဆောင်ပြီး ရသေ့နှစ်ပါး ညီလာခံပွဲအတွင်း ဝင်ရောက်လာ၏။ ရသေ့နှစ်ဦးလုံးပင် သစ်ခေါက်ဆိုးထားသောသင်္ကန်းများ ဆင်းမြန်းထားကြကာ ဒေါက်ချာများ ဆောင်းထားကြ၏။ တစ်ဦးက အသက်ပိုကြီးပုံရသော်လည်း နှစ်ဦးစလုံးပင် နုပျိုမှုအရိပ်အယောင်များ စိုးမိုးလျက်ရှိကာ ကိုယ်ရောင်ကိုယ်ဝါမှာလည်း ထွန်းလင်းတောက်ပ ကျက်သရေရှိလှပေသည်။

ညီလာသည်တော်များအားလုံး ရသေ့နှစ်ပါးကို စိတ်ဝင်စားကြ၏။ ရသေ့နှစ်ပါး၏တင့်တယ်မှုက မြင်ဖူးတွေ့ဖူးနေကျ သာမန် တပသီ ရသေ့များနှင့်မတူကြောင်း သူတို့ အလိုလိုသိနေကြသည်။

ရသေ့နှစ်ပါးဝင်လာသည်ကို အားလုံးနှင့်အတူ မြင်လိုက်ရသော ဟေမာသီရိသည် တစ်ပါးမှာ ကဏ္ဍိပါဒရသေ့ဖြစ်ကြောင်း ချက်ချင်းမှတ်မိ၏။ တစ်ဆယ့်ခြောက်နှစ်ကျော်ကျော် ကြာမြင့်ခဲ့သည့်တိုင် ကဏ္ဍိပါဒရသေ့သည် ရုပ်ရည်ပြောင်းမသွား၊ ကျမသွားခဲ့။ ယခင်ကအတိုင်း နုပျိုနေဆဲပါတကား။

ဟေမာသီရိသည် အလွန်ဝမ်းမြောက်သွား၏။ ကဏ္ဍိပါဒရသေ့သည် သူ့ရည်မှန်းခဲ့သည့်အတိုင်း တန်ခိုးကဏ္ဍိပါဒ်များ ပိုင်ဆိုင်ရရှိခဲ့ပေပြီ။ မိမိဖိတ်ကြားခဲ့သည်ကိုလည်း သူ ကြားသိခဲ့၏။ မိမိ၏ ဖိတ်ကြားမှုကိုလည်း လက်ခံခဲ့ပေသည်။ အကြောင်းမလှ၍ မပေါင်းခဲ့ရသော်လည်း



အတိတ်က ရိုးသားစွာပေါ်ပေါက်ခဲ့ကြသည့် 'အချစ်စိတ်' အပေါ် သူ တန်ဖိုးထားပေသေးသည်ဟု ဟေမာသီရိ နားလည်လိုက်သည်။ ဤအချစ်စိတ်ပေါ် တန်ဖိုးထားသေးသည်ဆိုလျှင် သူ့ ရင်နှစ်သည်းချာသား ရာနာအပေါ်၌လည်း မေတ္တာရှိဦးမည့်သဘော ဖြစ်လေသည်။ ဤအတိုင်းဆိုလျှင် ကဏ္ဍိပါဒရသေ့သည် သားတော်လေးဟတ္ထိရာဇာအား တန်ခိုးနှင့် စောင့်ရှောက်နိုင်ပေလိမ့်မည်။

ရသေ့နှစ်ပါးကို မြင်လိုက်ရသည်နှင့် မျက်နှာဝင်းပသွားသော ဟေမာသီရိ၏ အရိပ်အကဲကို နံဘေးရှိ ဗန္ဓုရာဇာမင်းသား မြင်လိုက်ရသည်။ ထို့ကြောင့် ဟေမာသီရိ၏ လက်တစ်ဖက်ကိုလှမ်း၍ ဆုပ်ကိုင်လိုက်၏။ တတ်နိုင်သမျှ စိတ်ထိန်းရန် သတိပေးလိုက်သည့်သဘော။ ပြီးတော့ သောချာအောင်လည်း မေးလိုက်သည်။

*"နှမတော်၊ အဲဒီရသေ့နှစ်ပါးထဲမှာ ကဏ္ဍိပါဒရသေ့ ပါသလား"*

*"ပါတယ် မောင်တော်၊ အသက်ငယ်တဲ့ပုံပေါက်တဲ့ ရသေ့ဟာ ကဏ္ဍိပါဒရသေ့ပါပဲ"*

ဗန္ဓုရာဇာ၏ စိတ်ခံစားမှုကား ဟေမာသီရိနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်၏။ သူသည် ကဏ္ဍပါဒရသေ့ ရောက်လာသည်ကို ထုံးဝ သဘောမကျပေ။ လာစရာအကြောင်းမရှိဟု သူ ယူဆသည်။ နှင်ခခဲ့ပြီးမှတော့ အပြီးတိုင် စွန့်ခွာသွားဖို့ကောင်းသည်။ ပြန်လည်ရောက်ပတ်သက်နေခြင်းသည် မိမိအတွက် စိတ်အနှောင့်အယှက်ဖြစ်ရပေသည်။ သည်ကြားထဲ အဖြစ်မှန်များကို ဖော်ထုတ်ပြောကြားလိုက်လျှင် ကြီးစွာသောဒုက္ခ ခံစားရမည့်သူမှာ မိမိဖြစ်၏။ အရှက်ကွဲရုံ အတိုင်းနည်းဖြစ်ရုံသာမကသေး သိလျက်နှင့်ဖုံးကွယ်ထားသောကြောင့် ပြစ်မင်းဒဏ်လည်း သင့်ခံရပေဦးမည်။ အပြစ်ကလည်း သာမန်အ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မဟုတ်။ မင်းဆီမင်းသွေးမဟုတ်သည့်ကလေးကို မင်းဆီမင်းသွေးကဲ့သို့ ရှင်သန်ခွင့်ပေးထားသည့်အပြစ် ဖြစ်၏။

"သူ ဘာလာလုပ်တယ်လို့ ထင်လဲ နှမတော်"

ဗန္ဓုရာဇာသည် ဟေမာသီရိ၏ လက်ကို ခပ်တင်းတင်းဆုပ်ညှစ်ရင်း မေးမိသည်။ ဟေမာသီရိသည် ဗန္ဓုရာဇာကို လှည့်ကြည့်မိ၏။ ဗန္ဓုရာဇာ မျက်စိမျက်နှာ ပျက်နေသည်ကို သူမ တွေ့လိုက်ရသည်။ သူမသည် ဗန္ဓုရာဇာအပေါ် ကရုဏာသက်သွား၏။ သူမ၏ လက်တစ်ဖက်ကို လာဆုပ်ထားသည့် ဗန္ဓုရာဇာ၏လက်ကို သူမ၏ နောက်လက်တစ်ဖက်နှင့်အုပ်၍ ဆုပ်ကိုင်ရင်း တိုးညှင်းစွာ ပြန်ဖြေလိုက်သည်။

"သူ သားတော်လေးရဲ့ မွေးနေ့ညစ်ခံပွဲကို လာတက်တာပဲ ဖြစ်မှာပါ မောင်တော်"

"ရိုးရိုးသားသား ဟုတ်ရဲ့လား နှမတော်ရယ်၊ ပြဿနာရှာရအောင် လာတာများလား၊ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

ဟေမာသီရိသည် ဗန္ဓုရာဇာ၏ စိုးရိမ်ပူပန်မှုကို ဖြေသိမ့်ရန် အားပေးစကား ပြောလိုသည်။ သို့သော် မည်သို့ အားပေးရမည်မသိပေ။ နှုတ်ဆိတ်သွားသော ဟေမာသီရိကို ဗန္ဓုရာဇာက အားမလိုအားမရ တိုက်တွန်း၏။

"မောင်တော်တို့ တစ်ခုခုလုပ်မှ ဖြစ်မယ် နှမတော်၊ သူတို့ ခမည်းတော် ရှေ့မှောက်မရောက်ခင် မောင်တော်တို့ ကြားဖြတ်ဝင်တွေ့ပြီး ပြဿနာ မလုပ်ဖို့ တောင်းပန်ကြရင် မကောင်းဘူးလား"

"အဲဒါဆို ရုပ်ပျက်မှာပေါ့ မောင်တော်ရဲ့၊ ပြီးတော့ နှမတော်တို့က အတင်းသွားပြီး ကြားဖြတ်တွေ့ဆုံပါပြီတဲ့၊ အနားမှာက မြို့စောင့်တပ်မှူး ရှိနေတာလေ၊ နှမတော်တို့ ပြောသမျှ သူတို့ ကြားကုန်ပြီး ပိုဆိုးသွားမှာပေါ့"



"ဒါလဲ ဟုတ်တာပဲ၊ ဒါဆို မောင်တော်တို့ ဘယ်လိုလုပ်ကြမလဲ၊ ဒုက္ခတော့ လှလှကြီးတွေ့ပြီထင်ပါရဲ့"

ဗန္ဓုရာဇာ၏ နဖူးတွင် ချွေးများ စို့လာ၏။

"သိပ်စိတ်မပူပါနဲ့ မောင်တော်ရယ်၊ ကုဏ္ဍိပါဒရသေ့ဟာ စိတ်ကောင်းရှိပါတယ်၊ သူများကို ဒုက္ခမပေးလောက်ပါဘူး"

"ပြောလို့မရဘူး နှမတော်ရဲ့၊ ရသေ့ဆိုတာလည်း လူပါပဲ၊ အရင်က စိတ်ကောင်းရှိတယ်ဆိုပေမဲ့ ဒီနေ့စိတ်ပြောင်းသွားရင် ဘယ်လိုလုပ်မလဲ"

ဗန္ဓုရာဇာသည် အမှန်ပင် တုန်လှုပ်နေ၏။ မြို့စောင့်တပ်မှူး သူရဇ္ဈာနှင့် ရသေ့နှစ်ပါးသည် ဧည့်ခံပွဲအလယ်သို့ ရောက်လုနေပြီ ဖြစ်သည်။ ယခုအချိန် သွားမတွေ့လိုက်လျှင် မည်သို့မျှ မီတော့မည်မဟုတ်တော့။ မဟာရာဇာဘုရင်ကြီးရှေ့မှောက်သို့ ရောက်သွားပေတော့မည်။

ဟေမာသီရိ၏ လက်ကိုဆွဲပြီး ထရပ်လိုက်သည့် ဗန္ဓုရာဇာအား ဟေမာသီရိက ရှိသမျှခွန်အားနှင့် အတင်းပြန်ဆွဲထားရသည်။ မဟုတ်လျှင် ကမူးရှူးထိုးနှင့် ထွက်သွားပေတော့မည်။ ဟေမာသီရိသည် ဗန္ဓုရာဇာ၏ လက်မောင်းတစ်ဖက်ကိုဆွဲထားရင်း နှစ်ကိုယ်ကြားလေသံလေးနှင့် တားမြစ်ရသည်။

"ရာဇက္ကန္ဓေ့ထိန်းတော်မူပါဦး မောင်တော်၊ နှမတော်ပြောမယ့်စကားတော်ကို ယုံကြည်စမ်းပါ၊ ကုဏ္ဍိပါဒရသေ့ဟာ တန်ခိုးကုဏ္ဍိပါဒ်အရာမှာ အတော်အဆင့်မြင့်နေပြီ မောင်တော်ရဲ့၊ ဒါကြောင့် နှမတော်တို့ သူ့အနားရောက်အောင် သွားစရာမလိုဘူး၊ ကိုယ်ပြောချင်တာကို ဒီကနေပဲ့ လှမ်းပြောလို့ရတယ်၊ မောင်တော် စမ်းကြည့်လိုက်"

"ဟုတ်တယ်လား နှမတော်၊ အချိန်မရှိရတဲ့အထဲ အချိန်ဆွဲနေနဲ့နော်၊

www.burmeseclassic.com



အကုန်လုံး အရှက်တကွဲအကျိုးနည်းတွေ ဖြစ်ကုန်ဦးမယ်”

“နှမတော် ပြောတဲ့အတိုင်းမဟုတ်ခဲ့ရင် နှမတော်ကို သတ်ပစ်လိုက်ပါ မောင်တော်ရယ်”

ဗန္ဓုရာဇာ သက်ပြင်းချသည်။

“မသတ်ရက်မှန်းသိရဲ့သားနဲ့ သတ်ပစ်လိုက်ပါလို့ ပြောနေပြန်ပါပြီ၊ မိန်းမသားတွေဟာ အတော်ခက်တယ်”

ဗန္ဓုရာဇာသည် ညည်းညည်းညူညူနှင့်ပင် စိတ်ကိုလျှော့လိုက်သည်။ မသိမသာနှင့် ကိုယ့်နေရာကိုယ်ပြန်ထိုင်သည်။ ထို့နောက် ဟေမာသီရိ ပြောသည့်အတိုင်း စမ်းကြည့်ရန် ဆုံးဖြတ်လိုက်၏။ သူသည် ရသေ့နှစ်ပါးရှိရာသို့ လှမ်းကြည့်လိုက်ကာ သူပြောချင်နေသည့် စကားများကို အသံမထွက်ဘဲ စိတ်ထဲက ပြောချကြည့်သည်။

“အသင်ရသေ့နှစ်ပါး၊ အသင်တို့ မည်သည့်ရည်ရွယ်ချက်နှင့် လာကြသည်ကို ကျွန်ုပ်မသိပါ၊ သို့ရာတွင် အသင်တို့လာသည့်အတွက် ကျွန်ုပ်မှာ စိုးရိမ်သောက ကြီးစွာဖြစ်ရပါသည်၊ ကျွန်ုပ်၊ ဟေမာသီရိနှင့် ကက္ကဒ္ဒိပါဒသူတို့အကြားမှာရှိသည့် လျှို့ဝှက်မှုကြီးသည် ကျွန်ုပ်တို့၏ အရှက်၊ အသက်တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသောကြောင့် ပရိသတ်ဗိုလ်ပုံအလယ်၌ ထုတ်ဖော်ပြောကြားရန် မသင့်ပါ၊ ထို့ကြောင့် အသင်တို့ မည်သည့်ကိစ္စနှင့် လာကြသည်ဖြစ်စေ၊ ဤလျှို့ဝှက်မှုကြီးကို မထိခိုက်ရန် ကျွန်ုပ် တောင်းပန်လိုပါသည်၊ ကက္ကဒ္ဒိပါဒရသေ့သည် ကျွန်ုပ်တို့ ဇနီးမောင်နှံနှင့် ကိုယ်ရေးကိုယ်တာကိစ္စများ ပြောကြားလိုပါက ကျွန်ုပ်တို့နှင့် သီးသန့်တွေ့ဆုံနိုင်ပါသည်”

ဗန္ဓုရာဇာသည် ရသေ့နှစ်ပါးကို မျက်ခြည်မပြတ် ကြည့်ရှုရင်း ဤစကားများကို စိတ်ထဲကရေရွတ်နေသည်ဖြစ်ရာ ရသေ့နှစ်ဦး၏ တုံ့ပြ



မှုကို ချက်ချင်း မြင်တွေ့ရလေသည်။ ရသေ့နှစ်ပါးသည် ခြေလှမ်းများ တုံ့သွားကာ သူ့ဆီသို့ ပြိုင်တူလှမ်းကြည့်ကြ၏။ ဗန္ဓုရာဇာ၏ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ ရသေ့နှစ်ပါးသည် သူ့ရင်ထဲက စကားကို တန်ခိုးကက္ကဒ္ဒိပါဒ်ဖြင့် ကြားလိုက်ကြပုံရသည်။ ဟေမာသီရိပြောသည်မှာ မှန်နေပြီထင်၏။

ထို့နောက် ရသေ့နှစ်ပါးသည် မျက်လွှာများပြန်ချကာ သူတို့ရှေ့ရှိ မြို့စောင့်တပ်မှူးသူရစက္ကနောက် လိုက်မြဲတိုင်းလိုက်လေသည်။ ထိုအခါ ဗန္ဓုရာဇာသည် ဇဝေဇဝါဖြစ်ပြန်၏။ ရသေ့နှစ်ပါး မော့ကြည့်ခြင်းသည် တိုက်ဆိုင်မှုပင်လော၊ မိမိရင်ထဲက စကားများကို ကြားမှကြားပါ၏လော။

ဤသို့ စဉ်းစားခိုက်မှာပင် ဗန္ဓုရာဇာ၏ ညာဘက်နားထဲမှ လေထွက်သကဲ့သို့ ခံစားရ၏။ ရေပလုံစီသည့်အသံများကဲ့သို့ အသံများကြားလာရ၏။ ထို့နောက် ခရုသင်းမှုတ်သံကဲ့သို့သော အသံမျိုးကို အဆက်မပြတ် သံရှည်ဆွဲ၍ ကြားရလေသည်။ မိမိ၏ ညာဘက်နား၌ ထိုကဲ့သို့ ထူးဆန်းသော အသံများ ဖြစ်ပေါ်လာသည်ကို အံ့ဩနေခိုက်မှာပင် ပို၍ ထူးဆန်းမှုကို ကြုံကြိုက်ရလေသည်။ ရေပလုံစီသံများ၊ ခရုသင်းမှုတ်သံများ ပျောက်သွားပြီးနောက် ရုတ်တရက်ဆိုသလို စကားပြောသံတစ်သံကို ပီပီသသကြီး ကြားလိုက်ရလေသည်။

“စိတ်မပူပါနှင့် အသင်မင်းသား၊ ကျွန်ုပ် ကက္ကဒ္ဒိပါဒရသေ့နှင့် ကျွန်ုပ်၏ ဆရာအရှင် ဝဏ္ဏသိဒ္ဓိရသေ့တို့သည် မည်သူ့ကိုမျှ ထိခိုက်နစ်နာအောင် ပြုလုပ်ကြမည် မဟုတ်ပါ”

စကားသံသည် ဗန္ဓုရာဇာ၏ နားအတွင်းတွင် ဖြစ်ပေါ်လာသော အသံဖြစ်သောကြောင့် အနားမှာရှိသည့် ဟေမာသီရိပင် မကြားရချေ။ ဤထူးဆန်းမှုကို ဗန္ဓုရာဇာ ကောင်းကောင်းသတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်တို့သည် သင်၏သားတော် ဟတ္ထိရာဇာမင်းသားလေး၏ ဆယ့်ခြောက်နှစ်မြောက်မွေးနေ့ပွဲကို တက်ရောက်လာကြခြင်း ဖြစ်၏၊ ရည်ရွယ်ချက်မှာ မင်းသားလေးကို ဂုဏ်ပြုရန်ပင်ဖြစ်သည်၊ ထို့ပြင် အသင်မင်းသားနှင့် ဟေမာသီရိတို့နှစ်ဦး စိတ်အေးချမ်းသာရှိကြစေရန် ဖြစ်၏၊ စိတ်ပူပင်သောက ဖြစ်စေရန်ဟူသော ရည်ရွယ်ချက်များ မပါရှိကြသောကြောင့် သင်တို့နှစ်ဦး တွေးတောပူပန်ခြင်းမရှိကြနှင့်"

အသံသည် ဤမျှသာပြောပြီး ပျောက်သွားသည်။ ဗန္ဓုရာဇာသည် ဟေမာသီရိ၏ လက်ကလေးကို ဖျစ်ညှစ်ရင်း တီးတိုးမေးကြည့်လိုက်သည်။

"နှမတော် ကြားလိုက်သလား"

"ဘာကိုကြားရမှာလဲ၊ မကြားဘူး"

"ထင်သားပဲ၊ ဣန္ဒိပါဒရသေ့က မောင်တော့်ကို သူ့တန်ခိုးနဲ့ စကားလှမ်းပြောတယ်သိလား၊ ဘာမှမပူနဲ့တဲ့"

ဟေမာသီရိလည်း ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားသည်။ ဗန္ဓုရာဇာ၏ အပူမီးများ ငြိမ်းအေးသွားပြီဖြစ်သောကြောင့် သူမ ဝမ်းသာရသည်။

"နှမတော် မပြောဘူးလား၊ နှမတော်ကို ယုံကြည်စမ်းပါလို့"

"ယုံကြည်ပါတယ် နှမတော်ရယ်၊ နှမတော်ကိုလေ မောင်တော်ရင်ထဲအသည်းထဲက ယုံကြည်ပါတယ်"

ဗန္ဓုရာဇာသည် ထိုစကားများကို လှိုက်လှိုက်လှဲလှဲ လေးလေးနက်နက် ပြောလိုက်ခြင်း ဖြစ်ပေသည်။

ထိုအခိုက်မှာပင် ရသေ့နှစ်ပါးသည် အိမ်ရှေ့စံကိုယ်တော်ကြီး သတ္တုရာဇာထံ ရောက်သွားကြ၏။ ကိုယ်တော်ကြီးက ကြိုဆိုဂါရဝပြုကာ မဟာရာဇာမင်းကြီးထံ ဆက်လက်ပင့်ခေါ်သွားပေသည်။ မဟာရာဇာမင်းကြီး



သည်း ဂါရဝပြုကြိုဆိုကာ ရသေ့နှစ်ပါးအား ရှေ့တော်မှောက်၌ နေရာထိုင်ခင်းပေးတော်မူသည်။ မဟာရာဇာမင်းကြီးသည် နတ်မေးပွဲ၌ နာမည်ကြားဖူးပြီးဖြစ်သော ရသေ့နှစ်ပါးကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ရသောကြောင့် သောမနဿပီတိ ဖြစ်နေ၏။ အကဲခတ်ရသလောက် ရသေ့နှစ်ပါး၏ သွင်ပြင်လက္ခဏာသည် စိတ်ထားကောင်းမွန် မြင့်မြတ်သည့် အသွင်ပေါ်နေသောကြောင့် စိတ်ထဲတွင် ချမ်းမြေ့သွားရ၏။ ဤရသေ့တို့ ပိုင်ဆိုင်ထားသော စိတ်တန်ခိုးတို့သည် မိမိတို့၏ ရာဇပလ္လင်ကို ထိခိုက်ဖွယ်မရှိချေ။

"လူတို့ ကျင့်နိုင်ခဲသော အကျင့်တို့ကို ကျင့်ကြံအားထုတ်လျက်ရှိသည့် အသင်ရသေ့တို့ ရောက်ရှိလာသည်ကို ကျွန်ုပ်မင်းကြီး မဟာရာဇာ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအပ်ပါသည်၊ အသင်တို့၌ အကြောင်းကိစ္စတစ်စုံတစ်ရာရှိပါက ကျွန်ုပ်အား မြွက်ကြားနိုင်ပါသည်"

ဝဏ္ဏသိဒ္ဓိရသေ့က ဦးခေါင်းကို ခါရမ်းပြီးမှ မဟာရာဇာမင်းကြီးအား ချိုသွန်စကား ပြောကြား၏။

"အကြောင်းထူးမရှိပါ မဟာရာဇာမင်းကြီး၊ ကျွန်ုပ်တို့သည် အသင့်မြေးတော် ဟတ္ထိရာဇာ၏ ဆယ့်ခြောက်နှစ်မြောက် မွေးနေ့မင်္ဂလာပွဲသို့ တက်ရောက်လာကြခြင်း ဖြစ်သည်၊ ဤသည်ကိုပင် အကြောင်းထူးဟု မှတ်ယူရပါသည်။ ဤကလေးသည် မမွေးဖွားမီကပင် နတ်ကောင်းနတ်မြတ်များ၊ စိတ်တန်ခိုးရှင်များက စောင့်ရှောက်ရမည့်ကံ ပါလာခဲ့သည်၊ စိတ်တန်ခိုးရှင်များဆိုရာ၌လည်း ကျွန်ုပ်တို့နှစ်ဦးနှင့် သက်ဆိုင်နေခဲ့သည်။ ဤအကြောင်းကို ကျွန်ုပ်တို့က ဤကလေး၏ အမည်ပေးနှင့်မယ်တော်တို့ မင်္ဂလာပွဲကျင်းပရန် ပြင်ဆင်ချိန်ကပင် သိရှိထားပြီးခဲ့ကြသည်၊ ထိုသို့ သိထားသည့်အလျောက် 'ထူးချွန်းသော မှတ်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပွဲ’ တစ်ရပ် ဖန်တီးကာ ထူးခြားမှုဂုဏ်မြောက်အောင် ကျွန်ုပ်တို့ ဆောင်ရွက်ခဲ့ကြသည်ကို အသင်မင်းကြီးလည်း သိပြီးဖြစ်ပေသည်၊ ယခုလည်း ဤကလေး၏ မွေးနေ့မင်္ဂလာပွဲသို့ ကျွန်ုပ်တို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ကာ မင်္ဂလာလာရောက်ပေးခြင်း ဖြစ်၏၊ ကုသိုလ်လာရောက်ပေးခြင်း ဖြစ်၏၊ အသင်မင်းကြီး ဝမ်းမြောက်ပါ၏လော”

“ဝမ်းမြောက်လှပါသည် အသင် ရသေ့တို့၊ အသင်တို့ကောင်းစွာ အနားယူကြပါ၊ ကောင်းစွာ စားသောက်ကြပါ၊ အသင်တို့ အလိုရှိရာကိုလည်း မြွက်ကြားကြပါ၊ ကျွန်ုပ်တို့ ကုသိုလ်ပြုရန် အသင့်ရှိကြပါသည်”

မဟာရာဇာမင်းကြီးသည် ရသေ့နှစ်ပါးအား စားကောင်းသောက်ဖွယ်များနှင့် လိုလေသေးမရှိပြုစုရန် အိမ်ရှေ့စံကိုယ်တော်ကြီးကို အမိန့်ချမှတ်လိုက်၏။ ထို့ကြောင့် အိမ်ရှေ့စံကိုယ်တော်ကြီးကိုယ်တိုင် ဦးစီး၍ ရသေ့နှစ်ပါးကို တည်ခင်းဧည့်ခံရလေသည်။ ထို့နောက် မဟာရာဇာမင်းကြီးသည် ဗန္ဓုရာဇာ၊ ဟေမာသီရိနှင့် မင်းသားလေး ဟတ္ထိရာဇာတို့ကိုပါ ခေါ်ပြီး ရသေ့နှစ်ပါး၏ အနီးအနား၌ ပြုစုဧည့်ခံခိုင်းသောကြောင့် သတ္တိဗလပါ ဝင်ရောက်ဆောင်ရွက်ရလေသည်။

ဟေမာသီရိသည် ဗန္ဓုရာဇာနှင့်အတူ ကုဒ္ဒိပါဒရသေ့ကို ဧည့်ခံရင်း ကံတရား၏ ဆန်းကြယ်ပုံကို တွေးမိလေသည်။ မိမိတို့သုံးဦး ဤသို့ ပြန်ဆုံရလိမ့်မည်ဟု မိမိ ကြိုတင်တွက်မထားခဲ့မိပေ။ ယခုတော့ ကံဇာတ်ဆရာ၏အလိုကျ မိမိတို့လာရောက် ဆုံစည်းကြရလေပြီ။ ဆုံစည်းပြီးနောက် ပြန်လည်ခွဲခွာကြရဦးမည်။ ကိုယ်စီကိုယ်ငှ ကိုယ့်ကံနှင့်ကိုယ် ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြရပေဦးမည်။



ကုဒ္ဒိပါဒရသေ့သည် မျက်လွှာချကာ စားသောက်နေလိုက်၏။ ဟေမာသီရိနှင့် ဗန္ဓုရာဇာတို့ကို မြင်နေရသော်လည်း စေ့စေ့မကြည့်၊ ကြည့်ရန်မလိုအပ်ဘဲ မကြည့်ချင်။ မလိုအပ်သော အကြည့်များကြောင့် ဟေမာသီရိနှင့် ဗန္ဓုရာဇာတို့အတွက် ဝေဒနာ ဖြစ်မသွားစေချင်။ အထူးသဖြင့် ဗန္ဓုရာဇာ၌ ခံစားမှု ပွားမသွားစေချင်၊ မိမိတို့သုံးဦးသည် ဤရွေ့ ဤမျှသာ ကံပါကြ၏။ ဤရွေ့ ဤမျှသာ ရှိစေတော့။

ဟတ္ထိရာဇာ မင်းသားလေးက ဤရသေ့နှစ်ပါးအပေါ် အထူးစိတ်ဝင်စား၏။ မိမိဝတ်ဆင်ထားသည့် နတ်ဆက်သည့်ဝတ်စုံသည် ဤရသေ့နှစ်ပါးအနက် မည်သည့်တစ်ပါးက စွန့်ကြဲထားသည်ကို အတည်ပြုလိုသောကြောင့် ဧည့်ခံနေစဉ်မှာပင် မိခင်ထံကပ်၍ တီးတိုးမေးလျှောက်ခဲ့၏၊

ဟေမာသီရိကလည်း တီးတိုး ပြန်ဖြေခဲ့၏။

“ဟုတ်တယ် သားတော်၊ ဒီဘက်ကထိုင်နေတဲ့ ကုဒ္ဒိပါဒဆိုတဲ့ ရသေ့ဟာ သားတော်အတွက် ဝတ်စုံစွန့်ကြဲခဲ့တဲ့ရသေ့ပဲ၊ အဲဒီရသေ့ရဲ့ ရုပ်သွင်ကို သားတော် သေသေချာချာမှတ်ထားနော်၊ သားတော်ရဲ့ ကျေးဇူးရှင်ပဲ့ သဘောထား၊ သတိရတိုင်း စိတ်ထဲကနေ ရှိခိုးဂါရဝပြု၊ ကြားလား သားတော်”

“ကြားပါတယ် မယ်တော်၊ သားတော်တကယ်ပဲ ကျေးဇူးတင်ပါတယ်၊ ဘယ်လူသားမှ မဝတ်ဆင်နိုင်တဲ့ဝတ်စုံမျိုး သားတော်အတွက် စွန့်ကြဲခဲ့တာ နည်းတဲ့ကျေးဇူးမှ မဟုတ်တာဘဲ မယ်တော်ရယ်”

ဖခင်ဖြစ်သူကို ကျေးဇူးတင်နေသည့် သားတော့်အတွက် ဟေမာသီရိ ဆို့တင်ကဲ ခံစားရသည်။ ‘အဲဒါ သားရဲ့အဖေပဲ သားရဲ့ ”ဟု အော်ကြီး ဟစ်ကျယ် ပြောချလိုက်ချင်သည်။ ပြောခွင့် မရှိချေတကား။

www.burmeseclassic.com

www.burmeseclassic.com



ဟေမာသီရိနှင့် သားတော် ဟတ္ထိရာဇာတို့ အပြန်အလှန် ပြောနေကြသည့် တီးတိုးစကားများကို အနီးမှာရှိသည့် ဗန္ဓုရာဇာလည်း ကြားသည်။ သားနှင့်အဖ တစ်ကြိမ်တော့ တွေ့ခွင့်ရလေပြီဟု သူတွေးမိသည်။ တွေ့ခွင့်ရရုံသာရှိပြီး အဖေဟုခေါ်ရမှန်း မသိရှာသော ဟတ္ထိရာဇာအတွက်လည်း စိတ်မကောင်းဖြစ်မိသည်။ သားမှန်းသိပြီး သားဟုခေါ်ခွင့်မရှိရှာသော ဣန္ဒပါဒရသေ့လည်း မည်သို့ခံစားနေပါမည်နည်းဟု စဉ်းစားနေမိသည်။ မတက်နိုင်၊ ဤဖြစ်ရပ်၊ ဤဇာတ်လမ်းကို မိမိလည်း မည်သို့မျှ ဝင်ရောက် မစွက်ဖက်နိုင်ပါချေ။

သတ္တိဗလကမူ ဟေမာသီရိနှင့် သားတော်ဟတ္ထိရာဇာတို့ တီးတိုးတီးတိုး ဖြစ်နေကြမှုအပေါ် ထူးထူးခြားခြား မတွေးမိ။ မည်သည့် သံသယမှုလည်း မဝင်။ သူသည် ရသေ့နှစ်ပါးအပေါ်၌သာ အာရုံရှိ၏။ ဤလူသားနှစ်ဦးသည် မည်ကဲ့သို့သော ကျင့်စဉ်များကို ကြိုးစားအားထုတ်ကျင့်ကြံပြီး စိတ်တန်ခိုးရှင်များ ဖြစ်လာကြပါသနည်းဟု စဉ်းစားတွေးတောနေ၏။ မိမိသည်လည်း ဤကဲ့သို့ စိတ်တန်ခိုးများရလျှင် ကောင်းလေစွဟု တောင့်တနေမိလေသည်။

ဤသို့ဖြင့် ရသေ့နှစ်ပါးသည် တည်ခင်းဧည့်ခံသော ခဲဖွယ်ဘောဇဉ်များအား စားသောက်ပြီးစီးသွားလေသည်။ ဝဏ္ဏသိဒ္ဓိရသေ့က မဟာရာဇာမင်းကြီးအား တိုက်ရိုက်ပင် မြွက်ကြားတောင်းဆိုလိုက်ပေသည်။

“ဘုန်းတော်ကြီးမြတ်လှစွာသော မဟာရာဇာမင်းကြီး။ သင်တို့တည်ခင်းဧည့်ခံသော ဤခဲဖွယ်ဘောဇဉ်များ၌ ကျွန်ုပ်တို့ ကျေနပ်အားရရှိကြပါသည်၊ ဤ[illegible]သိုလ်ကောင်းမှုကို နတ်ကောင်း နတ်မြတ်များလည်း အသိအမှတ်[illegible]ပြုကြပါသည်၊ ဤကုသိုလ်ကြောင့် အသင်တို့၌ ကောင်းကျိုးများ ရရှိမည်လည်း အမှန်ဖြစ်ပါသည်၊ အသင်မင်းကြီး ကျွန်ုပ်တို့



ရသေ့နှစ်ပါးကိုယ်စား ကျွန်ုပ်က တစ်ခုတောင်းဆိုလိုပါ၏၊ ခွင့်ပြုနိုင်ပါမည်လော”

“အသင် ဝဏ္ဏသိဒ္ဓိရသေ့၊ ကျွန်ုပ် ခွင့်ပြုထားပြီး ဖြစ်သည်၊ အသင်အလိုရှိရာ တောင်းဆိုလော့”

“အသင်မင်းကြီး၊ ယနေ့ပင် အသက်ဆယ့်ခြောက်နှစ် ပြည့်အပ်သော ဟတ္ထိရာဇာမင်းသားလေးအား ကျွန်ုပ်တို့နှစ်ပါးအနက် ဣန္ဒပါဒရသေ့က အဓိက တာဝန်ယူ၍ စောင့်ရှောက်ရန် ကျွန်ုပ်၌ ရည်သန်ရင်းစွဲရှိပါ၏၊ ထိုသို့ စောင့်ရှောက်ရန် အသင်မင်းကြီးက သဘောတူခွင့်ပြုပေးပါလော့”

“ကျွန်ုပ်၏ မြေးတော်ကလေးအား စိတ်တန်ခိုးရှင်တစ်ဦးက စောင့်ရှောက်ခြင်းအား ခွင့်မပြုလိုဘူးဆိုလျှင် ကျွန်ုပ်ထက် မိုက်မဲသူ ရှိပါဦးမည်လော၊ ခွင့်ပြုနိုင်ပါသည် အသင်ရသေ့”

“စဉ်းစားပါဦး အသင်မင်းကြီး၊ ကျွန်ုပ်တို့၏ စောင့်ရှောက်ခြင်းသည် အထိန်းတော်၊ ကိုယ်ရံတော်တို့၏ စောင့်ရှောက်ခြင်းမျိုးမဟုတ်၊ အသင်တို့၏ အဆုံးအဖြတ်များအပေါ် စွက်ဖက်ကောင်း စွက်ဖက်နိုင်သည့် စောင့်ရှောက်ခြင်းမျိုးဖြစ်၏၊ အသင် သဘောတူနိုင်ပါ၏လော”

“အသင် ဝဏ္ဏသိဒ္ဓိရသေ့၊ အသင့်စကားကို သည့်ထက်ပို၍ ရှင်းလင်းအောင် မမြွက်ကြားနိုင်ပါသလော”

“အသင်မင်းကြီး. . . ၊ ဥပမာဆောင်အံ့၊ အသင်တို့သည် ဤမင်းသားငယ်အား အိမ်ထောင်ချထားရန် စဉ်းစားဆုံးဖြတ်သည်ဆိုငြားအံ့၊ အသင်တို့၏ စဉ်းစားဆုံးဖြတ်မှုကို ကျွန်ုပ်တို့က အထူးသဖြင့် ဣန္ဒပါဒရသေ့က ဝင်ရောက်စွက်ဖက်ခြင်းမျိုးကို ဆိုလိုဖြင်းဖြစ်၏၊ ဤသို့သော အဆင့်အတန်းမျိုးကို သင်တို့ ပေးနိုင်ပါမည်လော”

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏာသိဒ္ဓိရသေ့၏ ဤပြောဆိုချက်တွင် မဟာရာဇာမင်းကြီး အတန်ငယ် စဉ်းစားသွား၏။ သူသည်အိမ်ရှေ့စံကိုယ်တော်ကြီးထံ တစ်ချက်လှမ်းကြည့်လိုက်၏။ ထို့နောက် ဖြေကြားတော်မူ၏။

"အသင်ဝဏ္ဏာသိဒ္ဓိရသေ့၊ မင်းသားငယ်၏ အရေးကိစ္စပင်ဖြစ်စေ၊ မည်သူမည်ဝါ မည်သည့်ကိစ္စဖြစ်စေ၊ ကျွန်ုပ်တို့ မဟာသူရိယရွှေမြို့တော်၏ ဆုံးဖြတ်ချက်ချပုံချနည်း ပတ်သက်၍ သင့်အားရှင်းပြအံ့၊ ကျွန်ုပ်တို့သည် ကိစ္စတစ်ခုကို တော်ဝင်မိသားစု ညှိနှိုင်းဆွေးနွေးပွဲ၌ ညှိနှိုင်းဆွေးနွေး၏၊ ထို့နောက် ဆုံးဖြတ်ချက်ချ၏၊ ထိုဆုံးဖြတ်ချက်ကို ညီလာခံ၌ အတည်ပြု၏၊ ထိုသို့ညီလာခံ၌ အတည်ပြုပြီးသော ဆုံးဖြတ်ချက်ကို မည်သူမှ ပြင်၍မရတော့၊ စွက်ဖက်၍မရတော့၊ ပြင်လိုလျှင် နောက်တစ်ကြိမ် တော်ဝင်မိသားစု ညှိနှိုင်းဆွေးနွေးပွဲ ထပ်လုပ်ရမည်ဖြစ်၏။ ထို့ကြောင့် အသင်တို့သည် မင်းသားငယ်၏ အရေးကိစ္စနှင့် ပတ်သက်၍ ဝင်ရောက်စွက်ဖက်လိုပါလျှင် တော်ဝင်မိသားစု ညှိနှိုင်းဆွေးနွေးပွဲတာလတွင် စွက်ဖက်နိုင်၏။ ဆုံးဖြတ်ချက်ချပြီးလျှင်ကား အသင်တို့ ဝင်ရောက်စွက်ဖက်၍ မရနိုင်တော့ပြီ"

မဟာရာဇာမင်းကြီး၏ ရှင်းပြချက်သည် မဟာသူရိယတိုင်းနိုင်ငံကြီး၏ အစဉ်အလာဖြစ်၍ ကြွရောက်လာကြသော ဧည့်သည်တော်အပေါင်းသိပြီး ဖြစ်ကြပေသည်။ အားလုံးပင် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြ၏။

ဝဏ္ဏာသိဒ္ဓိရသေ့ကား မဟာရာဇာဘုရင်ကြီး၏ စကားအဆုံးတွင် ထပ်မံမြွက်ကြားပြန်၏။

"အသင်မင်းကြီး၏ ရှင်းပြချက်ကို ကျွန်ုပ်တို့ သဘောပေါက်ကြပါသည်။ ကျွန်ုပ်တို့၏ တောင်းဆိုချက်ကိုကား အသင်မင်းကြီး သဘောပေါက်ပုံ



မရသေးပါ၊ ကျွန်ုပ်တို့သည် မင်းသားငယ်ကို အုပ်ထိန်းသူတစ်ဦး အဆင့်တန်းမျိုးနှင့် စောင့်ရှောက်လိုခြင်းဖြစ်၏၊ ထို့ကြောင့် မင်းသားငယ်၏ အရေးကိစ္စများတွင် သင်တို့ တော်ဝင်မိသားစုများနှင့်အတူ ပါဝင်ညှိနှိုင်းဆွေးနွေးလိုခြင်း ဖြစ်၏၊ သင်တို့ တော်ဝင်မိသားစုကဲ့သို့ သွေးရင်းသားရင်းသဖွယ် ပါဝင်ဆွေးနွေးလိုခြင်း၊ ပါဝင်ဆုံးဖြတ်လိုခြင်း ဖြစ်၏၊ ကျွန်ုပ် ဆိုလိုသည်ကို အသင်မင်းကြီး သဘောပေါက်ပါသလား"

မဟာရာဇာမင်းကြီးသည် အိမ်ရှေ့စံကိုယ်တော် သတ္တရာဇာကို လှည့်ကြည့်လိုက်၏။ သဘောထား တောင်းခံသည့်အနေဖြင့် မေးငေါ့ပြလိုက်ဟန်သည်။ သတ္တရာဇာကလည်း မဆိုင်းမတွပင် ပြန်လည်လျှောက်တင်ခဲ့၏။

"မူအရဆိုပါလျှင် ဝဏ္ဏာသိဒ္ဓိရသေ့၏ တောင်းဆိုချက်အား တော်ဝင်မိသားစု ညှိနှိုင်းဆွေးနွေးပွဲတွင် ညှိနှိုင်းဆွေးနွေးပြီးမှ လက်ခံနိုင်၊ လက်မခံနိုင်ဟူသော အဖြေထုတ်ရမည် ဖြစ်ကြောင်းပါဘုရား၊ သို့သော် ဝဏ္ဏာသိဒ္ဓိရသေ့၏ တောင်းဆိုချက်ကို လက်ခံလိုပါလျှင် နည်းတစ်နည်း ရှိကြောင်းပါဘုရား"

"တင်စမ်းပါ"

"အမိဖ တာဝန်ယူစောင့်ရှောက်မည်ဆိုသော ကုဒ္ဒိပါဒရသေ့က မင်းသားငယ် ဟတ္ထိရာဇာကို သားအဖြစ် မွေးစားလိုက်ရန်ပါဘုရား၊ ထိုအခါ မင်းသားငယ်နှင့် ပတ်သက်သော အရာကိစ္စတိုင်းကို သားတော်တို့က မွေးစားအဖေ ကုဒ္ဒိပါဒရသေ့အား တင်ပြတိုင်ပင်ရမည့် ဝတ္တရားအလိုလို တည်ရှိလာပါတယ် ဘုရား"

"သားတော်ကြီး တင်လျှောက်သည်မှာ သင့်မြတ်လှပေတယ်ဗျား ... သားတော်ငယ် ဇန္ဒရာဇာနဲ့ ချွေးမတော်ပေမာသိရီတို့၊ မင်းတို့

www.burmeseclassic.com



အမြင်မှာရော ဘယ်လိုလဲကွဲ့၊ မွေးစားခွင့် ပြုနိုင်ပါ့မလားဟဲ့"

"မှန်လှပါ၊ သားတော်လေးအတွက် ကောင်းမှုဖြစ်စေတာမို့ စိတ်တန်ခိုးရှင် ရသေ့တစ်ဦးက မွေးစားခြင်းကို သားတော် သဘောတူပါတယ် ဘုရား"

ဗန္ဓုရာဇာသည် ချက်ချင်းပင် တုံ့ပြန်လျှောက်ထားလိုက်၏။ ကဒ္ဒီပါဒ ရသေ့သည် အန္တရာယ်ပြုရန် ရောက်လာခြင်းမဟုတ်သည်ကို နားလည်သွားပြီးကတည်းက ဗန္ဓုရာဇာ၏ စိတ်အစဉ်သည် နူးညံ့ပျော့ပြောင်းသွားပြီဖြစ်၏။ သူသည် ကဒ္ဒီပါဒကိုလည်းကောင်း၊ ဟတ္ထိရာဇာကိုလည်းကောင်း သနားစိတ်တို့ ယိုဖိတ်လျက်ရှိပေသည်။ သားအဖအရင်းဟူသော အဖြစ်မှန်ကို ဖော်ထုတ်ရန် အခွင့်မသာကြတော့သော်လည်း မွေးစားအဖေ၊ မွေးစားသားအဖြစ် တော်စပ်ခွင့်ရရှိခြင်းသည် သူတို့နှစ်ဦးအတွက် အမြင့်မားဆုံး ဆုလာဘ်တစ်ပါးဖြစ်သည်ဟု ခံစားမိလေသည်။

ဗန္ဓုရာဇာသည် မိမိကိုယ်တိုင် သဘောတူကြောင်း လျှောက်ထားရုံမျှမက ဟေမာသီရိကိုလည်း သဘောတူကြောင်း လျှောက်ထားရန် တိုက်တွန်းလေသည်။ ဟေမာသီရိသည် မျှော်လင့်မထားသော ဖြစ်ရပ်များဆက်တိုက် ပေါ်ပေါက်လာသောကြောင့် တကယ့် ဖြစ်ရပ်လား၊ အိပ်မက်လေလားဟု ထင်ယောင်ထင်မှား ဖြစ်လျက်ရှိကာ မည်သို့တုံ့ပြန်ရမည်မသိ ဖြစ်နေ၏။

"သဘောတူလိုက်စမ်းပါ နှမတော်၊ ဒါဟာ သားတော်အတွက် အခွင့်ကောင်းတစ်ခုပါကွဲ့"

ဗန္ဓုရာဇာက ဟေမာသီရိ၏လက်မောင်းကို လှုပ်ခါသတိပေးလိုက်သဖြင့် ဟေမာသီရိသည် သဘောတူပါကြောင်း မဟာရာဇာမင်းကြီးထံ လျှောက်တင်လိုက်ရလေသည်။



ဗန္ဓုရာဇာနှင့် ဟေမာသီရိတို့၏ သဘောတူညီမှုကို ရသောအခါ မဟာရာဇာမင်းကြီးသည် မလှမ်းမကမ်းတွင် ထိုင်နေသော မိဖုရားကြီးအားလည်း မျက်ရိပ်မျက်ကဲနှင့် လှမ်းမေးလိုက်သေး၏။ ရသေ့နှစ်ပါးရောက်သည်မှစ၍ တောက်လျှောက်အကဲခတ်နေသော မိဖုရားခေါင်ကြီးသည် ရသေ့နှစ်ပါး၏ သိက္ခာရှိမှုအပေါ် လေးစားကြည်ညိုပြီးဖြစ်သောကြောင့် ခေါင်းညိတ်ပြတော်မူ၏။

ဤသို့ဖြင့် မဟာရာဇာမင်းကြီးသည် ကဒ္ဒီပါဒရှင်ရသေ့က ဟတ္ထိရာဇာမင်းသားလေးအား မွေးစားသားအဖြစ် မွေးစားလိုက်ကြောင်း ပရိသတ်ဗိုလ်ပုံအလယ်တွင် ကိုယ်တော်တိုင် ကြေညာပေးလိုက်ပေသည်။

ညီလာခံပရိသတ်ကြီးသည် တစ်ခဲနက် လက်ခုပ်တီးပြီး ဩဘာပေးကြ၏။ ပရိသတ်ကြီးနည်းတူ အားရပါးရလက်ခုပ်တီးခဲ့သော သတ္တိဗလသည် လက်ခုပ်သံစဲသည်နှင့် ဟတ္ထိရာဇာ၏ပခုံးကို ဖက်လိုက်၏။

"ဝမ်းသာတယ် အရှင့်သား၊ အရှင့်သားဟာ အများတကာတွေထက် ထူးခြားတာအမှန်ပါပဲ၊ အခုပဲကြည့်လေ- ဒီနေ့တစ်နေ့တည်းမှာပဲ အရှင့်သားဟာ ဂုဏ်ပုဒ်နှစ်ခု ကြေညာခြင်းခံခဲ့ရတယ်၊ တစ်ခုက ဒုတိယတပ်ရင်းမှူးဆိုတဲ့ ဂုဏ်ပုဒ်၊ တစ်ခုက စိတ်တန်ခိုးရှင် ရသေ့တစ်ဦးရဲ့ မွေးစားသားဆိုတဲ့ ဂုဏ်ပုဒ်"

"ဟုတ်တယ်-ဦးရီးတော်သတ္တိဗလ၊ ထူးခြားတာတော့ အမှန်ပါပဲ၊ ဒီရသေ့ဟာ သားတော်မမွေးခင်ကတည်းက သားတော်မွေးလာမယ်ဆိုတာ ကြိုသိနေသလိုပဲ၊ မယ်တော် ဟေမာသီရိကို သားတော့်အတွက်ဆိုပြီး ဝတ်စုံတစ်စုံ စွန့်ကြဲခဲ့တယ်လေ"

"ဟုတ်လား၊ အရှင့်သား၊ အရှင့်သားရဲ့ မယ်တော်က ဒီရသေ့နဲ့ ဘယ်တုန်းက တွေ့လိုက်ပါလိမ့်၊ အကျွန်ုပ်တောင် မသိလိုက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးရီးတော်သတ္တိဗလရဲ့၊ မယ်တော်က မနေ့ကမှ သားတော်ကို ဖွင့်ပြောတာ၊ ဝတ်စုံကိုလည်း မနေ့ကမှ ထုတ်ပေးတာ။ သားတော် အတွင်းမှာ ဝတ်ထားတယ်၊ ကြည့်"

ဟတ္ထိရာဇာက သတ္တိဗလအား အပေါ်ရုံအင်္ကျီကို ရင်ဘတ်မှ ဟပြလိုက်သည်။ အတွင်းမှ ငွေရောင်တောက်နေသော ဝတ်စုံဖြူကို သတ္တိဗလ မြင်လိုက်ရသည်။

"ဒီဝတ်စုံက နတ်ဆက်တဲ့ဝတ်စုံတဲ့၊ နတ်က အဲဒီရသေ့ကို ဆက်တာလေ၊ အဲဒီရသေ့က သားတော်အတွက် ပြန်ပြီးစွန့်ကြဲ[illegible]တာတဲ့"

ဟတ္ထိရာဇာ၏ စကားနှင့်ပင် သတ္တိဗလ စိတ်ဝင်စားနေပြီဖြစ်၏။ ဤအကြောင်းအရာကို ဟေမာသီရိသည် မိမိကို တစ်ကြိမ်တစ်ခါမျှ ပြောမပြဖူးခဲ့။ ရွှေမြို့တော်ရောက်မှ ကြုံရသော အဖြစ်အပျက်မို့ မိမိကို ပြောမပြဖြစ်ခြင်း ဖြစ်နိုင်သည်။ ရွှေမြို့တော်ရောက်ပြီး နောက်ပိုင်းတွင် မိမိနှင့် ဟေမာသီရိတို့ စကားလက်ဆုံကျခွင့် မရတော့ပေ။ ဤသို့ဖြင့် ဤထူးဆန်းသော အတွေ့အကြုံကို မိမိသိခွင့်မရတော့ခြင်း ဖြစ်နိုင်၏။ မည်သို့ပင်ဖြစ်စေ အခွင့်ကြုံလျှင် ကြုံသလို ဤကိစ္စနှင့် ပတ်သက်၍ ဟေမာသီရိထံ စပ်စုကြည့်လိုက်ဦးမည်ဟု စိတ်ကူးဖြစ်လေသည်။

ထိုအခိုက်မှာပင် ရသေ့နှစ်ပါးက ပြန်တော့မည်ဟုဆိုကာ ထရပ်ကြ၏။ မဟာရာဇာမင်းကြီးက သားတော်ကြီးသတ္တရာဇာ၊ သားတော်ငယ်ဗန္ဓုရာဇာနှင့် မြေးတော် ဟတ္ထိရာဇာတို့ကို လှမ်းခေါ်လိုက်ပြီး ရသေ့နှစ်ပါးထံ ချဉ်းကပ်နှုတ်ဆက်စေ၏။ ရသေ့နှစ်ပါးသည် ဟတ္ထိရာဇာ၏ ဦးခေါင်းထက်တွင် သူတို့၏ ညာလက်ဖဝါးများနှင့် အုပ်မိုးပေးကြ၏။ နှုတ်မှလည်း တီးတိုးရေရွတ်ကာ ဆုများပေးကြ၏။



အနီးသို့ ကပ်ခွင့်မရသော ဟေမာသီရိသည် ဤမြင်ကွင်းကိုကြည့်ကာ မျက်ရည်များကျလာသောကြောင့် ကိုယ်ရုံပဝါနှင့် အနိုင်နိုင်သုတ်နေရလေသည်။ သားလေးရယ်၊ မင်းအဖေက မင်းကို ဆုတွေတောင်းပေးနေပါရော့လား။

ဟေမာသီရိသည် သူမ၏ ရင်တွင်း၌ ဖြစ်ပေါ်လာ‌သော ကြေကွဲစိတ်ကို ကြိုးစား၍ ထိန်းချုပ်နေရသည်။ ပရိသတ်ဗိုလ်ပုံ သယ်တွင် ရုပ်ပျက်ဆင်းပျက် မဖြစ်ရလေအောင် အတော်အားထုတ်ရ၏။

ဟတ္ထိရာဇာအတွက် ဆုတောင်းပေးမှု ပြီးစီးသွားသောအခါ ရသေ့နှစ်ပါးသည် မဟာရာဇာမင်းကြီးကို အရိုအသေပြုကာ ညီ့ခံပွဲအတွင်းမှ ပြန်လည်ထွက်ခွာကြလေသည်။ ညီ့ခံပွဲအတွင်းမှ လူအားလုံးပင် ပြန်လည်ထွက်ခွာသွားသော ရသေ့နှစ်ပါးကို လိုက်လံငေးမောကြည့်ရှုကြ၏။ ဟေမာသီရိလည်းပါသည်။ သူမှက အဆိုးဆုံးဖြစ်၏။ နောက်ဆုံး မြင်ရခြင်းဖြစ်ကောင်းဖြစ်မည်ဟူသော အတွေးနှင့် အထူးတလည် စူးစူးစိုက်စိုက် လိုက်ကြည့်နေခဲ့သည်။

သူမသည် မျက်စိက အာရုံစိုက်၍ လိုက်ကြည့်သကဲ့သို့ နားကိုလည်း စွင့်ထားခဲ့သည်။ ကုဒ္ဒိပါဒရသေ့က စိတ်တန်ခိုးကို အသုံးပြုကာ မိမိနားအနီး၌ "ပြန်တော့မယ်ဟေမာ" ဟု အသံပေးနှုတ်ဆက်ဦးမည်လော။ ရသေ့နှစ်ပါးသာ မြင်ကွင်းကပျောက်သွား၏။ ဟေမာသီရိ မျှော်လင့်ထားသော နှုတ်ဆက်သံကား ပေါ်မလာခဲ့။

စိတ်ပျံ့လွင့်သွားသော ဟေမာသီရိကို ဗန္ဓုရာဇာက လက်မောင်းအိုးထိုင်လှုပ်၍ သတိပေးလိုက်သည်။

"နှမတော် စိတ်ကိုနိုင်အောင် ထိန်းနော်၊ လာ-မယ်တော့်အနားသွားရအောင်၊ မယ်တော်နဲ့ စကားလေးဘာလေး ပြောလိုက်ဦး"

www.burmeseclassic.com

www.burmeseclassic.com



ဝန္တုရာဇာ၏ အကြံပေးချက်သည် သူမနှင့် အသင့်တော်ဆုံးဖြစ်ကြောင်း ပေါ်မာသီရိသဘောပေါက်သည်။ သူမသည် ဝန္တုရာဇာ၏ လက်တစ်ဖက်ကို တင်းတင်းကျပ်ကျပ် ပြန်လည်ဆုပ်ကိုင်လိုက်၏။ သူမ၏ လက်ဖဝါးတို့ အေးစက်နေကြောင်း ဝန္တုရာဇာ ခံစားသတိပြုမိလေသည်။

## အခန်း (၁၄)

"ဟတ္ထိရာဇာတစ်ယောက် ရှေ့တန်းတပ်မဟာတပ်ရင်း ၅ ရဲ့ ဒုတိယတပ်ရင်းမှူးဖြစ်သွားပြီတဲ့ မယ်တော်၊ သမီးတော်တို့ နယ်မြေကို ရောက်လာတော့မယ်"

ရွှေမြို့တော်မှ သတင်းစကားကို ဖခင်ဖြစ်သူထံမှ သိလာရသော မာလာဒေဝီသည် မိထွေးဖြစ်သူ ပုလဲနန္ဒာထံ အပြေးအလွှား သွားရောက်ပြောပြခဲ့သည်။

"ဟုတ်လား- ဒါဆို သတ္တိဗလလည်းပါလာမှာပေါ့"

"သေချာတာပေါ့၊ ဘဘသတ္တိဗလက ဟတ္ထိရာဇာရဲ့ အထိန်းတော်ဆိုတော့ အခုလဲ ကိုယ်ရံတော်အဖြစ်နဲ့ ပါလာမှာလေ၊ မယ်တော်ဝမ်းမသာဘူးလား"

ပုလဲနန္ဒာ ပြုံးသည်။ သူမ၏ အပြုံးသည် ခပ်ယဲ့ယဲ့ ဖြစ်နေသည်။

"ဝမ်းသာတာပေါ့ သမီးတော်ရယ်၊ တစ်ခါတရံမှ တွေ့ခွင့်ရတဲ့ ကိုယ့် ဆောင်တစ်ယောက် ရောက်လာမှာ ဘယ်ဝမ်းမသာပဲ နေပါ့မလဲ၊ ဒါပေမယ့် တစ်ဖက်ကလည်း ကြမ်းတမ်းခက်ခဲတဲ့ မယ်တော်တို့ဘဝထဲ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာကို စိတ်မကောင်းဖြစ်မိတယ်”

“ဟုတ်တယ်နော် မယ်တော်၊ တကယ်တော့ ရွှေမြို့တော်ကလူတွေ ဒီကိုရောက် လာရတယ်ဆိုတာ ကြမ်းတမ်းခက်ခဲတဲ့ ဘဝထဲရောက် လာရတာပဲ၊ သမီးတော်တို့ကတော့ အကျင့်ရနေပါပြီ၊ သူတို့က အကျင့် ရဦးမှာ မဟုတ်သေးဘူး၊ သနားပါတယ်”

မာလာဒေဝီက ကိုယ့်ထက်အကဲပိုနေ၍ ပုလဲနန္ဒာက ခေါင်းကလေးကို ပွတ်ပြီး ပြန်ချော့ရသည်။ မာလာဒေဝီသည် အပျိုကြီးဖားဖားဖြစ်နေသော်လည်း အလိုလိုက်ခြင်းခံထားရသော မင်းဆီမင်းသွေးမို့ ကလေးဆန်တုန်း ရှိသေးသည်။ ဤသူငယ်မကြောင့်ပင် သူမသည် နယ်စားကြီး၏ ကြင်ရာတော်ဖြစ်ခဲ့ရသည်။ ဘယ်လို ရေစက်ကြောင့်တော့မသိ၊ ဤသူငယ်မသည် ငယ်ငယ်လေးကတည်းက မိမိကိုချစ်ခဲ့သည်။ မိမိကို ဤနယ်မြေအရောက် အပါခေါ်ခဲ့သည်။ ဖခင်ဖြစ်သူက လက်ဆက်ယူမည်ဆိုတော့လည်း သဘောတူ ဝမ်းသာသည်။ အထူးတလည် တိုက်တွန်းစရာမလိုဘဲ မယ်တော်ဟု ပြောင်းခေါ်ခဲ့သည်။ ပြောရမည်ဆိုလျှင် ဤသူငယ်မသည် ပုလဲနန္ဒာ၏ ဘဝကို ရွှေပုံပေါ်ရောက်လာအောင် ဆွဲတင်ပေးခဲ့သည်။ ကျေးဇူးကြီးလှသည်။

သို့သော် တစ်ဖက်ကလည်း ဤသူငယ်မကြောင့်ပင် ပုလဲနန္ဒာ၌ မျိုးဆက်တုံးခဲ့ရသည်။ မိဘနှစ်ပါး မွေးဖွားသန့်စင်ပေးလိုက်စဉ်က အပြစ်အနာအဆာမရှိ ခြောက်ပြစ်ကင်း သဲလဲစင်ဟု ခေါ်ဆိုနိုင်သော ပုလဲနန္ဒာ၏ မသဘာဝသည် ဤသူငယ်မကြောင့် အညွန့်တုံးခဲ့ရပေသည်။

စံအိမ်တော်ကိုရောက်ခါစ မိမိကို ပံသုရာဇာပြောခဲ့သော “လိမ္မာလျှင် သခင်မအစစ် ဖြစ်သွားလိမ့်မယ်” ဆိုသည့် စကားနှင့်ပတ်သက်၍



ပုလဲနန္ဒာ အပြည့်အစုံ နားမလည်ခဲ့ပေ။ လိမ္မာခြင်း၊ မလိမ္မာခြင်းဆိုသည်မှာ သူ့ကိုလက်ထပ်ခြင်း၊ လက်မထပ်ခြင်းဟုသာ အပေါ်ယံကြော သဘောပေါက်ခဲ့သည်။

နောက်ပိုင်း လက်ထပ်ခါနီးအချိန်ရောက်၍ ပံသုရာဇာက ရှင်းရှင်းလင်းလင်း ဖွင့်ပြောလာသည့်အခါမှ ထိုစကားသည် အဓိပ္ပာယ် ကျယ်ဝန်းနက်ရှိုင်းလှကြောင်း သူမ သိရှိလာခဲ့၏။

“ပုလဲနန္ဒာနဲ့ မောင်တော်တို့ တရားဝင်လက်ဆက်တော့မယ်ဆိုရင် ပုလဲနန္ဒာ စွန့်လွှတ်ရမယ့် အရာတစ်ခုရှိတယ်၊ ဒီအတွက် ပုလဲနန္ဒာ သေသေချာချာ စဉ်းစားပြီး ဆုံးဖြတ်ရလိမ့်မယ်”

“ဘာကိုစွန့်လွှတ်ရမှာလဲ မောင်တော်၊ ပုလဲနန္ဒာ စဉ်းစားပါရစေလား”

“ပုလဲနန္ဒာရဲ့ မျိုးဆက်ပြန့်ပွားခွင့်ကို စွန့်လွှတ်ရမှာကွဲ့”

မျိုးဆက်ပြန့်ပွားခွင့်။ ပံသုရာဇာ၏ စကားလုံး ရွေးချယ်သုံးစွဲမှုအပေါ် ရုတ်တရက်ချက်ချင်း ပုလဲနန္ဒာ နားမလည်။ သို့သော် တစ်ခဏအတွင်းမှာပင် သူမ သဘောပေါက်သွားသည်။ မိမိသည် ပံသုရာဇာနှင့် လက်ထပ်ပြီးသည့်အခါ သားသမီးမွေးဖွားခွင့်မရှိဟု ဆိုလိုခြင်းပါတကား။

“ဘာကြောင့်လဲ မောင်တော်၊ မောင်တော်တို့ မဟာရာဇာမင်းဆက်ရဲ့ အစဉ်အလာပဲလား”

“မဟုတ်ဘူး ပုလဲနန္ဒာ၊ ဒါက မောင်တော်တစ်ဦးတည်းရဲ့ စဉ်းစားမှုပါ။ ပုလဲနန္ဒာသိတဲ့အတိုင်း မောင်တော်ဟာ သမီးတော်လေး မာလာဒေဝီကို သိပ်ချစ်တယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ မိတဆိုးလေး ဖြစ်ခဲ့တာမို့ သနားလဲ သိပ်သနားတယ်၊ ဒါကြောင့် သူ့ဘဝတစ်လျှောက်လုံးကို ပျော်ရွှင်ချမ်းမြေ့သွားစေချင်တယ်၊ မောင်တော့်ရဲ့အချစ်ကို သူ့ထံမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



ပုံပေးထားချင်တယ်၊ သူ့နံဘေးမှာ ဖခင်ရဲ့အချစ်ကို ခွဲဝေခံစားမယ့် သူတွေ ရှိမလာစေချင်ဘူး”

ပုလဲနန္ဒာသည် ပံသုရာဇာကို အံ့ဩတကြီး ကြည့်မိသည်။ ဤသူသည် ဤမျှ ရှည်ရှည်ဝေးဝေး တွေးတတ်လိမ့်မည်ဟု သူမ မထင်ခဲ့။ ခုတော့ သူက အရှည်တွေးလွန်းသည်။ သူအရှည်တွေးလွန်းခြင်းက သူမ၏ မွေးရာပါ အခွင့်အရေးကို ထိပါးလေပြီ။

သားသမီးကို ရတနာဟု ပုလဲနန္ဒာတို့ မဟာသူရိယတိုင်းနိုင်ငံတော်ကြီးက ယူဆထားသည်။ မည်သည့်မိဘမဆို သားသမီးလိုချင်ကြသည်။ အိမ်ထောင်တစ်ခု ဖြစ်တည်လာလျှင် သားသမီးရှိမှ ပြည့်စုံသည်ဟု သဘောထားကြသည်။ ဤယူဆချက်သည် ပုလဲနန္ဒာအပေါ် လွှမ်းမိုးမှုရှိသည်။ ထို့ကြောင့် ပံသုရာဇာ၏ ဆွေးနွေးချက်သည် သူမ၏ရင်၌ ဝမ်းနည်းစိတ်ကို ဖြစ်စေ၏။

ပုလဲနန္ဒာမျက်နှာ ညိုးသွားသည်ကို ပံသုရာဇာ သတိပြုမိသည်။ တောက်နိုင်၊ သည်ကိစ္စကို မိမိ ခိုင်ခိုင်မာမာဆုံးဖြတ်ပြီးမှ ပြောခြင်းဖြစ်၏။ မပြင်နိုင်တော့။ သို့ရာတွင် အတတ်နိုင်ဆုံး ချိုသာစွာဖျောင်းဖျလိုက်သည်။

“ပုလဲလေးရယ်၊ ဒီခုလို တိုက်တွန်းရတာကို မောင်တော် စိတ်မကောင်းပါဘူး ဒါပေမယ့် ဒီလိုလုပ်မှ သမီးတော်လေး မာလာဒေဝီ အတွက်ရော၊ ပုလဲနန္ဒာအတွက်ရော၊ မောင်တော့်အတွက်ပါ အဆင်ပြေချောမွေ့သွားမှာ၊ ဘာပြဿနာ၊ ဘာအဖုအထစ်မှ ဖြစ်မှာမဟုတ်တော့ဘူး”

“ပုလဲနန္ဒာ တစ်ခွန်းလောက်မေးပါရစေ မောင်တော်၊ တကယ်လို့ ပုလဲနန္ဒာက မောင်တော်ပြောတာကို သဘောမတူနိုင်ဘူးဆိုရင်ကော”



ပံသုရာဇာ သက်ပြင်းချသည်။ ထို့နောက် ပုလဲနန္ဒာကို မကြည့်ဘဲ ဖြေသည်။

“သဘောမတူဘူးဆိုရင်တော့ မောင်တော်လဲ ပုလဲနန္ဒာကို လက်ဆက်ဖို့ မဖြစ်နိုင်ဘူး၊ ဒီလိုပဲ နေသွားရတော့မှာပေါ့”

အကယ်၍ ပံသုရာဇာသည် သာမန်လူတစ်ယောက်သာ ဆိုပါလျှင် ပုလဲနန္ဒာ သည်းခံနိုင်ဖွယ်မရှိ။ ပခုံးမှကိုင်၍ ဆွဲလှည့်ပြီး ပါးရိုက်ပစ်ကောင်း ရိုက်ပစ်နိုင်သည်။ သို့မဟုတ် နာနာကြည်းကြည်း ရန်တွေ့ကောင်း ရန်တွေ့ပစ်နိုင်သည်။ ခုတော့. . .။

“ကောင်းပါပြီ မောင်တော်၊ ပုလဲနန္ဒာကို သုံးရက်လောက်တော့ စဉ်းစားခွင့်ပေးပါနော်”

“ရတယ် ပုလဲ၊ ပုလဲ ခေါင်းအေးအေးထားပြီးစဉ်းစား၊ ဒီသုံးရက်အတွင်း မောင်တော် ဘာအနှောင့်အယှက်မှ မပေးဘူး၊ ပုလဲပေးမယ့်အဖြေဟာ မောင်တော်လိုချင်တဲ့အဖြေ ဖြစ်ပါစေလို့ ဆုတောင်းရင်းစောင့်နေမယ်၊ ပုလဲက လိမ္မာပါတယ်ကွယ်”

ပံသုရာဇာက ပုလဲနန္ဒာ၏ နဖူးဆံစပ်ကလေးကို ငုံ့၍ နမ်းရင်း နှုတ်ဆက်ခဲ့သည်။

ဤစဉ်းစားချိန် သုံးရက်တွင် ပုလဲနန္ဒာ အကြိမ်ကြိမ် မျက်ရည်ကျဖြစ်သည်။ မိမိသည် အဆင့်အတန်းမြင့်သော ဘဝတစ်ခုကို အမှန်ပင် ပိုင်ဆိုင်ခဲ့သည်။ ထိုလိုချင်သော ဘဝတစ်ခုအတွက် ပေးဆပ်ရမည့် အရင်းအနှီးက မနည်းလှ။

ထုံကြမ္မာကိုပဲ အပြစ်တင်ရတော့မည်ထင်သည်။ မိမိကံကိုက ဒေါသမရှိမှ တက်လှမ်းခွင့်ရမည့် ကံမျိုးဖြစ်နေသည်။ ဟေမာသီရိ၏ ကံနှင့် တခြားစီ။ ဟေမာသီရိကျတော့ ကောင်းလိုက်သည့်ကံ။ ဘာ

www.burmeseclassic.com



ကိုမှလည်း ပေးဆပ်စရာမလို။ ပန်းကုံးစွပ်ပွဲတွင် ပန်းကုံးစွပ်ခြင်းခံ ရပြီးသည်နှင့် နန်းထိုက်တော်ဝင် ဖြစ်သွားခဲ့၏။ မဟာဆီမဟာသွေ သားတော်လေးတစ်ပါးလည်း ဖွားမြင်ခဲ့သည်။ တော်ဝင်မိသားစု အလယ်တွင် မျက်နှာပွင့်ခဲ့သည်။

ချက်မြုပ်ဇာတိချင်းတူလျက် ကံချင်းကမတူ။ ဤသို့ ကံချင်းမတူ သည့်အကြောင်း စဉ်းစားမိတိုင်း ပုလဲနန္ဒာ မျက်ရည်ကျသည်။ သိမ် ငယ်သည့် ခံစားချက်များ ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဟေမာ သီရိကို မနာလိုဖြစ်သည်။ မနာလိုစိတ်သည် အတော်ဆိုး၏။ မနာလို စိတ်များ ကိန်းအောင်းနေသော ပုလဲနန္ဒာသည် ဟေမာသီရိဟူသော အသံကြားလိုက်သည်နှင့် အလိုလို ဒေါသထွက်လာလေသည်။

မည်သို့ပင်ဖြစ်စေ ပုလဲနန္ဒာ လိမ္မာခဲ့ပါသည်။ ပံသုရာဇာ လိုချင်သော အဖြေကို ပေးနိုင်ခဲ့သည်။ ပံသုရာဇာသည် ပုလဲနန္ဒာကို နန်းတွင်းသမ တော်ကြီးများနှင့် တွေ့ဆုံပေးသည်။ သမားတော်ကြီးများ ဖော်စပ် သောဆေးကို စားရ၏။ လက်နှိပ်ပညာနှင့် နှိပ်နယ်ပေးခြင်းလည်း ခံရ၏။ ဤသို့ဖြင့် ပုလဲနန္ဒာ၏ ပင်ကိုသဘာဝကို ပြုပြင်ပေးခြင်း ခံလိုက်ရလေသည်။

ဤစွန့်လွှတ်မှုက ပုလဲနန္ဒာကို နယ်စားကြီး၏ ကြင်ရာတော်အဆင့် သို့ တိုးမြှင့်ပေးလိုက်သည်။ ပံသုရာဇာသည် ပုလဲနန္ဒာကို လက်ထပ် သည်။ လက်ထပ်ပွဲသည် ရတနာပန်းခင်းနယ်မြေအတွက်မူ ခြိမ့်ခြိမ့် သဲ ဖြစ်၏။ သို့သော် ဟေမာသီရိ၏ လက်ထပ်ပွဲကို မြင်ဖူးထားသော ပုလဲနန္ဒာအဖို့မူ ကွာခြားချက်ကို ခံစားရလေသည်။ မဟာရာဇာ သူ ကြီးနှင့် မိဖုရားခေါင်ကြီး၊ အိမ်ရှေ့စံကိုယ်တော်ကြီး၊ နယ်စားမင်း ခုနစ်ဦးနှင့် ဗန္ဓုရာဇာတို့သည် လက်ထပ်ပွဲသို့ သဝဏ်လွှာများ ပေး



သော်လည်း လူကိုယ်တိုင် တက်ရောက်ကြခြင်း မရှိ။ ဤအချက်အပေါ် ပံသုရာဇာက မည်သို့မျှသော သဘောမထားသော်လည်း ပုလဲနန္ဒာက ဝမ်းနည်းသည်။ တစ်ခုတော့ တော်သေးသည်။ ပံသုရာဇာက အကြံ ကောင်း တပ်ဖွဲ့တစ်ဖွဲ့စီစဉ်ပြီး ဖခင်ဖြစ်သူ နေဝဗလကို သွားခေါ်ပေး ခဲ့သည်။ ဖခင်ဖြစ်သူကတော့ ဝမ်းသာသည်။ ဖခင်ဝမ်းသာတော့လည်း ပုလဲနန္ဒာ မျက်ရည်ကျပြန်သည်။ ဤမျက်ရည်အပေါ် ဖခင်ဖြစ်သူက အပြည့်အဝ နားမလည်။ အိမ်ထောင်ကျသည့် မိန်းကလေးတိုင်း မိဘ အရိပ်မှ ထွက်ခွာရခြင်းအပေါ် ဝမ်းနည်း၍ မျက်ရည်ကျတတ်ကြ သည်ဖြစ်၍ ဤသဘောသဘာဝမျှသာဟု နေဝဗလ ယူဆသည်။ ပုလဲနန္ဒာ၏ ရင်ထဲမှကား ခံစားမှုအပြည့်၊ နာကျင်ခြင်း ဝေဒနာအပြည့်၊ [illegible]အပြည့်။

မည်သို့ပင်ဖြစ်စေ အများအမြင်၌ ပုလဲနန္ဒာ ဂုဏ်တင့်ခဲ့ပါသည်။ ရတနာပန်းခင်းနယ်မြေမှ နယ်စားမင်းကြီး၏ ကြင်ရာတော်ဆိုသည် [illegible]လည်း နှယ်နှယ်ရရတော့ မဟုတ်ပေ။ နယ်စားမင်းကြီး ပံသုရာဇာက [illegible] အလိုလိုက်၊ သမီးတော်လေးမာလာဒေဝီကလည်း မြှောက်စား [illegible]သောကြောင့် နယ်ပယ်တစ်ခုလုံးက ပျပ်ဝပ်လေးစားကြလေသည်။ [illegible]ကြောင့် ပုလဲနန္ဒာသည် ပေးဆပ်သလောက် အပေါ်သို့ရောက်ကာ [illegible]မောက်နိုင်သည့် အဆင့်သို့ ရောက်နေခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

ဟတ္ထိရာဇာသည် သူ့စီးတော်မြင်းကို ငုံ့ကြည့်ရင်း အားမလိုအားမရ ဖြစ်နေသည်။ ထို့ကြောင့် သူ့နောက်မှ ကပ်လျက်မြင်းစီးလာသော သတ္တိဗလထံ လှည့်ပြောလိုက်၏။

"ဦးရီးတော်သတ္တိဗလရေ၊ သားတော်ရဲ့မြင်းကို ကြည့်ရတာ အားမရဘူးဗျာ၊ ရွှေ့ကျရင် မြင်းချင်းလဲစီးရအောင်"

"မဟုတ်တာ အရှင့်သားရယ်၊ အရှင့်သားအတွက် ကျွန်ုပ်ကိုယ်တိုင် မြင်းကောင်းရွေးလာတာ၊ အရှင့်သားက ဘာကို အားမလိုအားမရဖြစ်နေတာလဲ"

"သားတော်ရဲ့မြင်းက စီးရတာ ငြိမ်လွန်းအားကြီးတယ်ဗျာ၊ သူများမြင်းတွေကြည့်ရရင် လှုပ်ခနဲ၊ ကြွခနဲနဲ့၊ ဦးရီးတော်ရဲ့မြင်းလည်း မဆိုးဘူး ကြွကြွရွရွ ရှိတယ်၊ သားတော့်ရဲ့ အကောင်ကတော့ အေးတိအေးစက်ကြီး"

"အဲဒါ အေးတိအေးစက်ကြီး မဟုတ်ဘူး အရှင့်သားရဲ့ တည်ငြိမ်တာ တည်ငြိမ်တာ ကောင်းတာပေါ့ အရှင့်သားရယ်၊ ဘာကိုမှ မကြောက်တတ်၊ မလန့်တတ်တော့ လန့်ပြေးမှာကို လုံးဝ မစိုးရိမ်ရဘူး၊ ကျွန်ုပ်တို့



ရဲ့ မြင်းတွေက ကြည့်လိုက်ရင် ကြွကြွရွရွ ရှိပေမယ့် မတည်ငြိမ်ဘူး၊ တောကောင်တွေဘာတွေနဲ့တွေ့ရင် လန့်ပြေးတတ်တော့ မြင်းစီးမကျွမ်းကျင်ရင် ပြုတ်ကျသွားတတ်တယ်"

သတ္တိဗလ၏စကားကို ဟတ္ထိရာဇာက အထအနကောက်သည်။

"ဦးရီးတော်က သားတော်ကို မြင်းစီးမကျွမ်းကျင်ဘူးလို့ ဆိုလိုတာလား၊ ရွှေမြို့တော်မှာ မြင်းစီး၊ ဓားခုတ်လေ့ကျင့်တုန်းက သားတော် ဘယ်နှခါ ပြုတ်ကျဖူးလို့လဲ"

"မဟုတ်ပါဘူး၊ အရှင့်သားက မြင်းစီးကျွမ်းကျင်ပါတယ်၊ မြင်းစီးလဲ ကျွမ်းကျင်၊ မြင်းကောင်းလဲရထားတယ်ဆိုတော့ ဘယ်တော့မှ မြင်းပေါ်က ပြုတ်မကျတော့ဘူးပေါ့"

သတ္တိဗလ၏ အဖြေစကားက သူ့ကို ချီးမြှောက်ထားသောကြောင့် ဟတ္တိရာဇာ ကျေနပ်သွားသည်။ ထို့ကြောင့် သူသိလိုသည်ကို ပြန်မေးလိုက်သည်။

"သားတော်ရဲ့မြင်းကို ဦးရီးတော်ကိုယ်တိုင် ရွေးထားတာကိုး၊ ဦးရီးတော်က ရွေးတတ်တယ်နော်"

"ကျွန်ုပ် တစ်ယောက်တည်းမဟုတ်ဘူး၊ ရွှေမြို့တော်ဝန်တင်တပ်ကထပ်မှူးကပါ လိုက်ရွေးလာတာ၊ သူက မြင်းတွေ၊ လားတွေအကြောင်း ကျွန်ုပ်ထက်ပိုသိတယ်"

"ဒါဆို သားတော်ရဲ့ မြင်းမှာ ဘာတွေ ကောင်းတယ်ဆိုတာ ပြောပြပါဦး"

"အရှင့်သားရဲ့ မြင်းက အုန်းခွံရောင်မြင်းလေ၊ အုန်းခွံရောင်မြင်းဟာ မြင်းတွေထဲမှာ ပထမတန်းစားပဲ၊ တည်ငြိမ်တယ်၊ မလန့်တတ်ဘူး၊ သခင့် အလိုကိုသိတယ်၊ အပင်ပန်းခံနိုင်တယ်"

"ဟုတ်လား၊ တခြားအချက်တွေ ရှိသေးလား"

www.burmeseclassic.com

www.burmeseclassic.com



"တခြားအချက်တွေကတော့ အရှင့်သားရဲ့ မြင်းမှာ ဗွေဆိုးတွေမပါဘူး။ ပြီးတော့ အကျင့်ဆိုးတွေ တစ်ခုမှမရှိဘူး၊ အကျင့်ကောင်းတယ်"

"ဗွေကောင်း၊ ဗွေဆိုးက ဘယ်လိုခွဲတာလဲ"

"အခုပြောပြရင် အရှင့်သားလဲ ရှင်းမှာမဟုတ်ဘူး၊ နောက်မှ လက်တွေ့ပြပြီး ပြောပြမယ်"

"အကျင့်ကောင်း၊ အကျင့်ဆိုးကရော"

"အကျင့်ကောင်းအကျင့်ဆိုးကဲ ချက်ချင်း မခွဲနိုင်ဘူး၊ တစ်ရက် နှစ်ရက်၊ တစ်ညနှစ်ည စောင့်ကြည့်ရတယ်၊ ဥပမာဆိုရင် တချို့ မြင်းတွေက ချည်ထားရင် ဖြစ်ဖြစ်၊ မြင်းဇောင်းထဲမှာ ဖြစ်ဖြစ် ရှေ့ခွာနဲ့ မြေကြီးကို ယက်ယက်နေတတ်တယ်၊ တွင်းတူးသလိုပေါ့၊ အဲဒါမျိုး အကျင့်ဆိုးမကောင်းဘူး၊ သခင်ကို ခိုက်တတ်တယ်"

"အခု သားတော်ရဲ့မြင်းက ဘယ်လိုအကျင့်ကောင်း ရှိသလဲ"

"အရှင့်သားရဲ့မြင်းက သခင်ကိုတွေ့ရင် ဟီတတ်ပါတယ်၊ ဒါဟာ သခင်ကို မှတ်မိတာ၊ အသိအမှတ်ပြုတာ၊ အလေးအမြတ် ပြုတာပဲ၊ ဒါ အကျင့်ကောင်းတစ်ခုပဲ"

"ဒါ ဘယ်လိုလုပ် အကျင့်ကောင်းဖြစ်မလဲ ဦးရီးတော် သတ္တိဗလရဲ့၊ ရန်သူစခန်းနားမှာ သွားဟီရင် ရန်သူသိသွားမှာပေါ့"

"မပူပါနဲ့ အရှင့်သား၊ ဒီမြင်းက အထူးလေ့ကျင့်ပေးထားတဲ့ စစ်မြင်းပါ၊ ညဘက်ဆိုရင် ဟီမှာ မဟုတ်ဘူး၊ ရန်သူ စခန်းရောက်ပြီလို့ သူသိထားတဲ့ သင်္ကေတနဲ့ ပြထားရင် မဟီတော့ဘူး၊ ပြီးတော့ အရှင့်သားရဲ့မြင်းက သခင်နဲ့ အဝေးကြီး ခွာမသွားတတ်ဘူး၊ မြက်စားဖို့ လွှတ်ထားရင်တောင် မြက်တွေ ဘယ်လောက်ကောင်းကောင်း၊ သခင်နဲ့ သိပ်ဝေးသွားရင် သွားမစားတော့ဘူး"



"ဒါဆို သားတော်ရဲ့မြင်းက အေးတီအေးစက် ဖြစ်ပေမယ့် အတော်ကောင်းတဲ့ အရည်အချင်းတွေရှိနေတာပဲ၊ ဦးရီးတော်က စေတနာနဲ့ ရွေးပေးထားတာကို ကျေးဇူးတင်ပါတယ်၊ နောက်ကို သားတော်ကိုယ်တိုင် ရွေးတတ်အောင် သင်ပေးထားပါဦးနော်"

"စိတ်ချပါ အရှင့်သား"

စင်စစ် ဟတ္ထိရာဇာနှင့် သတ္တိဗလတို့သည် ကိုယ်ရံတော်တပ်ဖွဲ့နှင့်အတူ ရှေ့တန်းစစ်မျက်နှာရှိ တပ်ရင်း (၅)တပ်ရင်းဌာနချုပ်သို့ ချီတက်နေကြခြင်း ဖြစ်သည်။ အိမ်ရှေ့စံကိုယ်တော်ကြီး၏ သားတော် မန္တရာဇာသည် ရှေ့တန်းတပ်မဟာ၏ တပ်မဟာဌာနချုပ်တွင် နေရစ်ခဲ့ပြီဖြစ်သည်။ ခွဲခွာခါနီးတွင် မန္တရာဇာက ဟတ္ထိရာဇာ၏ ပခုံးကိုပုတ်ကာ စကားတစ်ခွန်းပြောခဲ့သည်။

"ညီတော် ဟတ္ထိရာဇာ၊ မင်းကို ငါတကယ် အားကျတယ်ကွာ၊ မင်းဟာ အသက်အန္တရာယ်အရှိဆုံးနေရာကို သွားရမှာဖြစ်ပေမယ့် နာမည်ဂုဏ်သတင်း ကျော်ဇောခွင့်လည်းရှိတယ်လေ၊ ကံကောင်းပါစေကွာ၊ တိုက်တိုင်း အောင်မြင်ပါစေ"

ဟတ္ထိရာဇာကလည်း မန္တရာဇာ၏လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ပြုံးလည်နှုတ်ဆက်ခဲ့သည်။

"စိတ်ချပါ နောင်တော်၊ ညီတော်နဲ့ပတ်သက်ရင် သတင်းကောင်းပဲ ကြားရပါစေ့မယ်"

ဟတ္ထိရာဇာသည် ထိုစကားကို စိတ်ပါလက်ပါ ပြောခဲ့ခြင်းဖြစ်သည်။ သူသည် စစ်သွေးစစ်မာန် တက်ကြွလျက်ရှိသည်။ ကိုယ်တိုင် စစ်မတိုက်ဖူးသေးသော်လည်း စစ်ပွဲသတင်းများ၊ စစ်ပွဲအတွင်းမှ သူရဲကောင်းဘဝလမ်းများကို နားထောင်ရင်း ကြီးပြင်းလာခဲ့သူဖြစ်၍ ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



တတည်းက စစ်တိုက်ဝါသနာပါလာခဲ့သည်။ ထိုဝါသနာကို ယခု လက်တွေ့ အကောင်အထည်ဖော်ခွင့်ရလေပြီ။

တပ်မဟာဌာနချုပ်နှင့် ဟတ္ထိရာဇာ သွားရောက်တာဝန်ထမ်းဆောင်ရမည့် တပ်ရင်း (၅) ဌာနချုပ်သည် တစ်ရက်ခရီးသာရှိပြီး၊ လုံခြုံရေးလည်း စိတ်ချရသောကြောင့် တပ်မဟာမှူးက ဟတ္ထိရာဇာအတွက် တပ်အင်အားများများ ထည့်မပေးလိုက်တော့ပေ။ အဆင့်မီ သိုင်းသမားငါးဦးပါသည့် တပ်မဟာကိုယ်ရံတပ်ဖွဲ့တစ်ဖွဲ့ကိုသာ ထည့်ပေးလိုက်၏။ ဤသို့ ထည့်ပေးလိုက်ခြင်းကိုပင် ဟတ္ထိရာဇာက သိပ်မကြိုက်။ ဤခရီးမျှလောက်ဖြင့် မိမိနှင့် သတ္တိဗလနှစ်ဦးတည်းသွားလျှင်လည်းရသည်ဟု သူက ယူဆသည်။ မရောက်ဖူးသေးသော လမ်းခရီးဖြစ်သော်လည်း ရှာစဉ်မေးသွားလျှင် မခက်ဟု သူထင်သည်။ သို့သော် တပ်မဟာမှူး၏ စီစဉ်ပေးမှုဖြစ်သောကြောင့် ငြင်းဆန်၍မရ။

တပ်မဟာမှူး၏ ကိုယ်ရံတော်ငါးဦးသည် ယနေ့မှ တွေ့ဖူးသူများဖြစ်သောကြောင့် ခပ်စိမ်းစိမ်းဖြစ်နေသည်။ သုံးဦးက ရှေ့မှသွားပြီး နှစ်ဦးက နောက်မှလိုက်သည်။ ဟတ္ထိရာဇာနှင့် သတ္တိဗလတို့က အလယ်မှ မြင်းစီး၍လိုက်ရင်း စကားတပြောပြော။

တောလမ်းကလေးသည် ကျဉ်းရာမှကျယ်လာ၏။ ထို့နောက် ဦးမော့လာ၏။ ရှေ့မှခြေကျင်သွားနေသော ကိုယ်ရံတော်သုံးဦးသည် ဟတ္ထိရာဇာကို ရပ်စောင့်နေပြီး သတင်းပို့သည်။

"တောင်တက်လမ်းရောက်ပါပြီ၊ ဒု-ရင်းမှူး၊ ဒီတောင်ကို ဆင်ဦးတောင်လို့ ခေါ်ပါတယ်၊ အဝေးကကြည့်ရင် ဆင်ဦးခေါင်းနဲ့တူလို့ ဆင်ဦးခေါင်းတောင်လို့ ခေါ်တာပါ၊ တောင်ပေါ်မှာ ဆင်ဦးခေါင်းတောင်ရွာ ရှိပါတယ်၊ အဲဒီမှာ တပ်မဟာကင်းတပ်က တပ်ခွဲတစ်ခွဲ ရှိပါတယ်၊



အပေါ်ရောက်ရင် တပ်ခွဲရုံးကိုသွားပြီး တပ်ခွဲမှူးနဲ့ မိတ်ဆက်ပေးပါ့မယ်"

"ဒါဆို တပ်ခွဲရုံးမှာ ခဏနားကြမှာပေါ့"

"မှန်ပါ"

"သိပြီ ရဲဘော်၊ ဆက်လှုပ်"

ကိုယ်ရံတော်သုံးဦးသည် တောင်တက်လမ်းပေါ် လှမ်းတက်ကြသည်။ ဟတ္ထိရာဇာသည် သတ္တိဗလကို လှည့်ကြည့်ရင်း စကားပြောလိုက်သည်။

"သားတော်တို့ တပ်မဟာဌာနချုပ်က ထွက်လာတာ တစ်မောင်းသောက်ပဲ ရှိသေးတယ်နော်"

"မှန်လှပါ အရှင့်သား"

"တပ်မဟာမှူး ပြောလိုက်တာက ဒီဆင်ဦးခေါင်းတောင်က ကျော်ရင် တပ်မဟာဌာနချုပ်နယ်မြေ မဟုတ်တော့ဘူး၊ တပ်ရင်း (၅) နယ်မြေထဲ ရောက်သွားပြီတဲ့၊ တပ်မဟာဌာနချုပ်ရဲ့ ကာကင်းကလည်း နီးလိုက်တာ ဦးရိုးတော်သတ္တိဗလရယ်"

"မှန်လှပါ၊ နီးတာ ဝေးတာက သိပ်အရေးမကြီးပါဘူး ဘုရား၊ မြေအနေအထားသာ အရေးကြီးပါတယ်၊ ဒီ ဆင်ဦးခေါင်းတောင်က မြေအနေအထားကောင်းလို့ ကာကင်းယူထားတာ ဖြစ်ပါလိမ့်မယ်၊ ပြီးတော့ တာကင်းက ဒီတစ်ခုတည်း ဟုတ်ဟန်မတူပါဘူး၊ တပ်မဟာဌာနချုပ် ပတ်ပတ်လည်မှာ ရှိဦးမှာပါ"

"သိပါတယ် ဦးရိုးတော်၊ သားတော်က နီးတဲ့အကြောင်းသာ ပြောတာ၊ ဦးရိုးတော်က စစ်ဆင်ရေးသင်ခန်းစာတွေ ရှတ်ပြနေပြန်ပြီ"

ဟတ္ထိရာဇာ၏စကားကို သတ္တိဗလ သဘောကျ၍ ရယ်မိစဉ်သည် သူတို့နှစ်ဦးစီးလာသော မြင်းတို့သည် အတန်ငယ်မော၍စောက်သော

www.burmeseclassic.com

www.burmeseclassic.com



တောင်တက်လမ်းကို ကြိုးကြိုးစားစား တက်နေကြသည်။ လမ်းက မတ်စောက်သည့်ပြင် မြင်းတို့ အတက်ခက်သည်။ ဤနေရာတွင် ဟတ္ထိရာဇာ၏ အုန်းခွံမြင်းက သက်လုံးကောင်းသည်ကိုတွေ့ရသည်။ လမ်းပြေပြေတွင် ဖြည်းဖြည်းမှန်မှန်သွားသကဲ့သို့ တောင်တက်လမ်းတွင်လည်း ဖြည်းဖြည်းမှန်မှန်ပင်။ သတ္တိဗလ၏မြင်းက သက်လုံသိပ်မကောင်း။ တောက်လျှောက် မတက်နိုင်။ ရပ်၍ ရပ်၍ နားသည်။

လမ်းခွဲတစ်ခု ရောက်သောအခါ ရှေ့မှကိုယ်ရံတော်သုံးဦးက ရပ်စောင့်နေကြပြန်သည်။

*"မှန်လှပါ ဒု-ရင်းမှူးဘုရား၊ အကျွန်တို့ ညာဘက်လမ်းကသာ တက်ရပါမယ်၊ ဘယ်ဘက်လမ်းက မတက်ရပါ၊ ဘယ်ဘက်လမ်းတစ်လျှောက်လုံး ညှောင့်တွေ၊ ညှောင့်ကျင်းတွေချည်းပါပဲဘုရား"*

'ညှောင့်' ဆိုသည့်အရာကို ဟတ္ထိရာဇာသိသည်။ တစ်တောင် (သို့မဟုတ်) နှစ်တောင်ခန့်ရှိသည့် နှစ်ဖက်ချွန်ဝါးတံဖြစ်သည်။ အလယ်တွင် ဓားနှင့် ထစ်ထားသည်။ ဓားနှင့်ထစ်ထားသည့်နေရာမှ ဓားနှောင့် (သို့မဟုတ်) တုတ်တစ်ချောင်းနှင့်ရိုက်ကာ ညှောင့်ကို မြေကြီးထဲ စိုက်သွင်းနိုင်သည်။ အဆိုပါ ညှောင့်ချွန်ပေါ်သို့ လဲကျသော လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ပြင်းထန်စွာ ဒဏ်ရာရတော့သည်။

ညှောင့်ကျင်းဆိုသည်မှာလည်း မြေကြီးကို စိတ်ကြိုက်အကျယ်အဝန်းနှင့် လူတစ်ရပ်ခန့် နက်အောင်တူးထားပြီး အတွင်း၌ ညှောင့်များထောင်ထားသော ကျင်းဖြစ်၏။ အဆိုပါ ကျင်းထဲကျဝင်သွားသော လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ သေကွင်းတည့်တည့်သာ ညှောင့်ဖူးမိပါက ပွဲချင်းပြီးမည် ဖြစ်သည်။



ဟတ္ထိရာဇာသည် ကြက်သီးဖျန်းခနဲ ထသွား၏။ ဤကိုယ်ရံတော်တပ်ဖွဲ့သာ ပါမလာပါက မိမိတို့နှစ်ဦးသည် ညှောင့်များထောင်ထားသောလမ်းကို ခွဲခြားတတ်မည်မဟုတ်။ ဘုမသိ ဘမသိနှင့် ညှောင့်ကျင်းထဲကျသွားလျှင် တွေးဝံ့စရာ မရှိပေ။

သူတို့သည် အန္တရာယ်ကင်းသောလမ်းမှ ဆက်တက်ခဲ့ရာ တောင်ပေါ်ရွာကလေးထဲသို့ ဝင်မိကြလေသည်။ ရွာထဲတွင် တောသူတောင်သားများနှင့် ရဲမက်များကို တွေ့ရသည်။ သူတို့သည် ဟတ္ထိရာဇာအဖွဲ့ ရွာထဲဝင်လာသည်ကို တွေ့သော်လည်း ထူးထူးခြားခြား မရှိ။ ဘာသိဘာသာပင်နေကြသည်။ အရိုအသေပြုခြင်း၊ ဂါရဝပြုခြင်း အစဉ်အလာသည် ရွှေမြို့တော်လောက် မတင်းကျပ်သည်ကို ဟတ္ထိရာဇာသတိပြုမိသည်။

ဤသို့ဖြင့်တပ်မဟာကင်းတပ်၏ တပ်ခွဲရုံးသို့ သူတို့အဖွဲ့ ရောက်သွားကြသည်။ တပ်ခွဲရုံးဆိုသော်လည်း အရပ်သားအိမ်ကြီး တစ်အိမ်သာဖြစ်သည်။ ရွာအလယ်ရှိ အိမ်ကြီးအိမ်ကောင်းတစ်ခု၌ တပ်ခွဲမှူးက တက်ရောက်တည်းခိုပြီး တပ်ခွဲရုံး(သို့မဟုတ်) တပ်ခွဲဌာနချုပ်ဟု ခေါ်ဝေါ်လိုက်ခြင်းပင်တည်း။

တပ်ခွဲမှူးက ပျာပျာသလဲပင် ခရီးဦးကြိုပြုကာ အရိုအသေပြုသည်။ မဟာရာဇာမင်းကြီး၏ မြေးတော်ကလေးဟတ္ထိရာဇာ ဒုတိယတပ်ရင်းမှူးအဆင့်နှင့် ရောက်လာမည်ကို သူ သတင်းကြားထားသည်။

ဟတ္ထိရာဇာနှင့် သတ္တိဗလတို့ မြင်းပေါ်ကဆင်းသောအခါ တပ်ခွဲရုံးမှ ရဲမက်နှစ်ဦးက မြင်းနှစ်ကောင်ကို လာဆွဲကြသည်။

*"မြင်းကုန်းတွေ မချွန်နဲ့နော်၊ ခဏနေရင် တို့ဆက်ထွက်မှာ"*

သတ္တိဗလ၏စကားကြောင့် ရဲမက်နှစ်ဦးသည် မြင်းနှစ်ကောင်ကို ကုန်းမချဘဲ ချည်တိုင်မှာ ချည်ထားလိုက်ကြသည်။ တစ်ဆက်တည်းဆို

www.burmeseclassic.com

www.burmeseclassic.com



သလို သတ္တိဗလက တပ်ခွဲမှူးကို မင်းသားလေးကိုယ်စား အမိန့်ပေးလိုက်သည်။

"ဟတ္ထိရာဇာ ဒု-ရင်းမှူးက မြေအနေအထား လေ့လာချင်တယ် တပ်ခွဲမှူး၊ ဒါကြောင့် အခုချက်ချင်းပဲ လိုက်ပြစေချင်တယ်၊ မြေအနေအထားကြည့်ပြီးမှ တပ်ခွဲမှူးဆီမှာ အခါးရည်လေးဘာလေး သောက်တာပေါ့။ သိ ့တော့ ကြာကြာမနားနိုင်ဘူး၊ ခရီးဆက်ရဦးမှာ"

တပ်ခွဲမှူး၊ ဒုတိယတပ်ခွဲမှူးနှင့် ကိုယ်ရံရဲမက်နှစ်ဦးတို့သည် ဟတ္ထိရာဇာနှင့်သတ္တိဗလတို့ကို ခေါ်ကာ ရွာအပြင်ဘက် တောင်ထွတ်ကလေးဆီ လိုက်ပြကြသည်။ ထိုတောင်ထွတ်သည် ဆင်ဦးခေါင်းတောင်၏ အမြင့်ဆုံးနေရာ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးကို အပေါ်စီးမှ ရှင်းလင်းပြတ်သားစွာ မြင်နိုင်ပေသည်။

တပ်ခွဲမှူးက အရှေ့တောင်ဘက်ဆီ လက်ညှိုးထိုးပြ၏။ တောင်ကြောတစ်ခုပေါ်တွင် စီတန်းဆောက်လုပ်ထားသော တဲအိမ်စုကြီးတစ်စုကို တွေ့ရသည်။

"အဲဒီတဲတွေက ဒီနေ့မနက် ဒုရင်းမှူးတို့ ထွက်လာခဲ့တဲ့ တပ်မဟာဌာနချုပ်လေ"

ထို့နောက် တပ်ခွဲမှူးက အနောက်မြောက်ဘက်ဆီမှ တောင်ကြောတစ်ကြောကို လက်ညှိုးထိုးပြသည်။ ထိုတောင်ကြောသည် အပြာရောင်ဖြစ်နေ၏။ ထိုတောင်ကြောပေါ်မှာ မည်သည့်အရာများရှိသည်ကို မှန်းဆမရနိုင်ပေ။

"အဲဒီ တောင်ကြောပေါ်မှာ တပ်ရင်း (၅) တပ်ရင်းဌာနချုပ် ရှိတယ်၊ ဒု-ရင်းမှူး၊ ဒု-ရင်းမှူး အဲဒီနေရာကို သွားရမှာ"



အပြာရောင်သည် အဝေးဆုံးအရောင်။ သွားရမည့်ခရီးကား မနီးသေး။ ဟတ္ထိရာဇာက ရတနာပန်းခင်းနယ်မြေ၏ နယ်စားမင်း ဦးရီးတော်ပံသုရာဇာ၏ စံအိမ်တော် ဘယ်မှာရှိသည်ကို မေးဖြစ်သည်။

တပ်ခွဲမှူးက လက်ညှိုးထိုးပြ၏။ စံအိမ်တော်သည် တပ်ရင်း(၅) တပ်ရင်းဌာနချုပ်နှင့် တပ်မဟာဌာနချုပ်တို့အကြားဝ ် ရှိသည်။ ကြီးမားကျယ်ပြန့်သော စပါးစိုက်ခင်းတို့အလယ်ရှိ ေ ာင်ကြောတစ်ကြောပေါ်တွင် ရှိသည်။ ဦးရီးတော်ပံသုရာဇာ၏ စံအိမ်တော်ကိုကား ဟတ္ထိရာဇာ မဖြစ်မနေအရောက်သွားရဦးမည်။ မဟာရာဇာမင်းကြီး၊ မိဖုရားခေါင်ကြီး၊ အိမ်ရှေ့စံကိုယ်တော်ကြီးနှင့် ဖခင်ဖြစ်သူတို့ထံမှ စာလိပ်များ ပါလာသည်။ နောင်တော်မန္တရာဇာနှင့် အစ်မတော်သိင်္ဂါဒေဝီတို့က ညီမတော် မာလာဒေဝီထံ ရေးသားပေးပို့လိုက်သော စာလိပ်၊ မယ်တော်ဟေမာသီရိက အရီးတော် ပုလဲနန္ဒာထံရေးသားပေးပို့လိုက်သော စာလိပ်တို့လည်း ရှိသေးသည်။

မည်သို့ပင်ဖြစ်စေ ဟတ္ထိရာဇာသည် တပ်ရင်း(၅) တပ်ရင်းဌာနချုပ်ရှိရာသို့ ဦးစွာသွားရမည်ဖြစ်၏။ တပ်ရင်းမှူးထံသို့ မိမိရောက်ရှိကြောင်းကို သတင်းပို့ရမည်ဖြစ်၏။ ထို့နောက် တပ်ရင်းမှူးထံ ခွင့်ပန်ကာ မြေအနေအထား လှည့်လည်ကြည့်ရှုရင်း ဦးရီးတော်ပံသုရာဇာ၏ စံအိမ်တော်သို့ သွားရောက်ပြီး ဦးခိုက်ရပေလိမ့်မည်။

"ဦးရီးတော်ပံသုရာဇာရဲ့ စံအိမ်တော်က တပ်ရင်း(၅) ဌာနချုပ်နဲ့ တပ်မဟာဌာနချုပ်တို့ရဲ့ ကြားမှာဆိုတော့ လုံခြုံရေးအရ စိတ်ချရတာပေါ့နော်"

ဟတ္ထိရာဇာသည် နယ်စားမင်းစံအိမ်တော်ကို လှမ်းမျှော်ကြည့်ရှုရင်း တစ်ဦးတည်းပြောသလိုလိုနှင့် မှတ်ချက်ချလိုက်၏။ ဤတွင် မြေအနေ

www.burmeseclassic.com

www.burmeseclassic.com



အထားလိုက်ပြသူ တပ်ခွဲမှူးက ဝင်ရောက်လျှောက်တင်လေသည်။

"အခုနေတော့ စိတ်ချရပါတယ် ဒု-ရင်းမှူး၊ ဒါပေမဲ့ ရန်သူ ထိုးစစ်ကာလဆိုရင်တော့ စိတ်ချရတယ်လို့ ပြောလို့မရပါဘူး။ အဲဒီအခါမှာ နယ်စားမင်းကြီးရော၊ နယ်စားမင်းကြီးရဲ့မိသားစုတွေပါ စံအိမ်တော်မှာ အခြေတကျနေလို့ မရတော့ပါဘူး၊ စံအိမ်တော်ကင်းတပ်နဲ့တကွ လှည့်လည်တာပါပဲ၊ ဘယ်နေရာမှာ လှည့်လည်လှုပ်ရှားပြီးနေမလဲဆိုတာကျတော့လည်း ရန်သူ သတင်းအပေါ် မူတည်ပြီး ဆုံးဖြတ်ရတာပေါ့"

တပ်ခွဲမှူး၏ စကားကြောင့် ဟတ္ထိရာဇာက ရယ်ရယ်ပြုံးပြုံးနှင့် မှတ်ချက်ချသည်။

"ဒီလိုဆိုတော့ ဦးရီးတော်ပံသုရာဇာတို့ မိသားစုက ရန်သူ ညွှန်ကြားချက်နဲ့ နေရာရွှေ့နေရသလို ဖြစ်နေတာပေါ့"

တပ်ခွဲမှူးက လက်အုပ်ချီသည်။

"ဒု-ရင်းမှူးသာ အဲသလိုပြောရဲတာ၊ ကျွန်တော်မျိုးတို့တော့ မပြောရဲပါဘုရား"

"ကျွန်ုပ်လည်း ကွယ်ရာမို့ပြောရဲတာပါ တပ်ခွဲမှူးရယ်၊ တပ်ခွဲမှူးလည်း ကျွန်ုပ်ရဲ့ ကွယ်ရာမှာဆို ပြောချင်ပြောမယ် ထင်ပါရဲ့၊ ခုတော့ နယ်စားမင်းကြီးရဲ့ တူအရင်းခေါက်ခေါက်ဆိုတာ သိထားတော့ ဘယ်ပြောရဲတော့မလဲ၊ ဟုတ်တယ် မဟုတ်လား"

တပ်ခွဲမှူးသည် မည်သို့မျှ မပြောတော့။ ပြုံးတုံ့တုံ့သာ လုပ်နေ၏။ ဟတ္ထိရာဇာမင်းသားလေး၏ ပြောပေါက်ဆိုပေါက်များသည် ရှေ့တန်းတပ်နှင့်တော့ ကိုက်နေသည်ဟုလည်း စိတ်ထဲမှာကြိတ်၍ မှတ်ချက်ချနေမိ၏။

ဟတ္ထိရာဇာသည် သူ့စကားကို အသာလမ်းကြောင်း လွှဲလိုက်သည်။



"ဘာပဲပြောပြော၊ ရန်သူ့ထိုးစစ်ဝင်ပြီဆိုရင် နယ်စားမင်းကြီးတို့ မိသားစုလည်း အတော်တော့ ပင်ပန်းဆင်းရဲကြမှာပဲ၊ သနားစရာတော့ ကောင်းပါတယ်၊ ဦးရီးတော်သတ္တိဗလရဲ့ အစ်မ ပုလဲနန္ဒာနဲ့တွေ့ရင် အားပေးလိုက်ပါဦး ဦးရီးတော်"

"အားပေးစရာ မလိုပါဘူးအရှင့်သား၊ ကျွန်ုပ်ရဲ့ အစ်မ ပုလဲနန္ဒာက စိတ်ခိုင်ပါတယ်၊ ပြီးတော့ ဒါ သူ့ဆုံးဖြတ်ချက်ပဲလေ၊ သူဒီလို ဆုံးဖြတ်ရင် ဒီလိုပဲနေရမှာပေါ့"

သတ္တိဗလက အေးအေးဆေးဆေးပင် တုံ့ပြန်ပြောဆိုခဲ့သည်။ ဟတ္ထိရာဇာသည် သတ္တိဗလ၏ ဤသို့သော အပြောအဆိုများအပေါ် လေးစားသမှု ရှိပေသည်။

"ဟုတ်တယ်နော်၊ သားတော်ဟာ အရီးတော်ပုလဲနန္ဒာကို ရွှေမြို့တော် ရောက်လာခိုက် တစ်ခါနှစ်ခါသာ တွေ့ဖူးလိုက်ပေမယ့် စိတ်ခိုင်တယ်၊ ဖြတ်သားတယ်လို့ သုံးသပ်မိပါရဲ့၊ ဘာပဲပြောပြော စိတ်ခိုင်တာ၊ ဖြတ်သားတာဟာ အရည်အချင်းတစ်ရပ်ပဲ ဦးရီးတော်၊ သားတော်မှာ အဲဒီလို အရည်အချင်းမျိုးမရှိသေးဘူး၊ သားတော် ကိုယ့်ဘာသာသိတယ်၊ စိတ်မခိုင်ဘူး၊ မပြတ်သားဘူး"

"အရှင့်သားက ငယ်သေးလို့ပါ၊ ဘဝဖြတ်သန်းမှု မရှိသေးလို့ပါ၊ ဘဝဖြတ်သန်းမှု တစ်စုံတစ်ရာရှိလာရင် အဲဒီလိုအရည်အချင်းတွေ ပေါ်ပေါက်လာမှာပါ"

"တခြားအရည်အချင်းတွေတော့ ဘယ်လိုနေမလဲ မသိဘူး၊ အဲဒီ စိတ်မခိုင်တဲ့၊ မပြတ်သားတဲ့ အရည်အချင်းကတော့ မွေးရာပါလို့ ထင်ပါရဲ့ ဦးရီးတော်၊ ပြုပြင်လို့ရမယ် မထင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟတ္ထိရာဇာ၏ စဉ်းစားချက်သည် ဆယ့်ခြောက်နှစ်သားဟူသော အရွယ်နှင့်မလိုက်ဟု သတ္တိဗလ တွေးလိုက်မိသည်။ ဤအရွယ်နှင့် ဤမျှ တွေးဆတတ်ခြင်းသည် ရှေ့တန်းစစ်တပ်တစ်တပ်၏ ခေါင်းဆောင် တစ်ယောက်ဖြစ်လာစေရန် အလားအလာကောင်းသည်ဟု သူသုံး သပ်မိသည်။ တွေးဆတတ်သောလူငယ်တစ်ယောက်အတွက် ဖွေးစရာ စကားများကို သတ္တိဗလ ဆက်ပြောပေးလိုက်၏။

"မြူပြင်လို့မရတဲ့အရာဆိုတာ လောကမှာမရှိပါဘူး အရှင့်သား၊ စိတ် ပျော့တာကိုလည်း စိတ်ခိုင်အောင်လုပ်လို့ ရပါတယ်၊ အချိန်တစ်ချိန် တော့ပေးရမှာပေါ့"

"ပေးရမယ့်အချိန်က ဘယ်လောက်ကြာမလဲ ဦးရီးတော်"

"တစ်နှစ်ဖြစ်ချင်လည်း ဖြစ်မယ်၊ဆယ်နှစ်ဖြစ်ချင်လည်း ဖြစ်မယ်"

"တစ်ဘဝဖြစ်ချင်လည်း ဖြစ်မယ်၊ ဆယ်ဘဝဖြစ်ချင်လည်း ဖြစ်မယ် လို့ မစဉ်းစားမိဘူးလား ဦးရီးတော်"

သတ္တိဗလ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဘာဆက်ပြော ရမှန်း မသိတော့။ ဤသူငယ်သည် အချိန်နှင့်ပတ်သက်၍ တွေးဆ ရာတွင် ဘဝများစွာထိ ထည့်သွင်းစဉ်းစားနေပါပကော။ ဤသူငယ် သည် ဘဝဆက်သည်ဟူသော အယူအဆကို တကယ်တမ်း လက်ခံထား လေသလော။

ဟတ္ထိရာဇာသည် ဘာမှဆက်မပြောတော့။ မြေအနေအထား လည်း ကြည့်၍ဝပြီဖြစ်သဖြင့် တောင်ထွတ်ပေါ်မှဆင်းရန် လက်ပြ လိုက်လေသည်။

## အခန်း (၁၆)

ဟတ္ထိရာဇာတို့ဦးတည်ရာဖြစ်သော တပ်ရင်း(၅) ဌာနချုပ်စခန်းသို့ ညနေစောင်းမှ ရောက်သည်။ လူတွေလည်းပန်း၊ မြင်းတွေလည်းပန်း နေပြီ။ တပ်ရင်းမှူးနှင့်တကွ တပ်ရင်းဌာနချုပ်မှ ရဲမက်များက လှိုက် လှိုက်လှဲလှဲ ကြိုဆိုကြသောကြောင့် ဟတ္ထိရာဇာ အမောပြေသွားသည်။

တပ်ရင်းမှူး၏ အမည်မှာ အိန္ဒက ဖြစ်သည်။ အိန္ဒကသည် ဟတ္ထိရာ ဇာအား တွေ့တွေ့ချင်းလက်အုပ်ချီ၍ အရိုအသေပြုသည်။ နှုတ်မှလည်း တဲ့တိုးကြီး ပြောချလိုက်သည်။

"*အရှင့်သား ကျန်းမာပါစေ၊ ဒါပေမဲ့ အရှင့်သားလို့ခေါ်တာ ဒါ နောက်ဆုံးအကြိမ်ဖြစ်မှာပဲ၊ နောင်ဆိုရင် ကျွန်ုပ်အသင့်ကို ဒု-ရင်းမှူး လို့ပဲ ခေါ်တော့မှာ*"

ဟတ္ထိရာဇာက အိန္ဒက၏အပြောကို ခပ်ပြုံးပြုံးနှင့်ခံယူရင်း သူ၏ ဒုတိယတပ်ရင်းမှူး ခန့်အပ်လွှာကို လှမ်းပေးလိုက်သည်။ အိန္ဒကသည် လှမ်း၍ယူသော်လည်း ဖြေ၍မဖတ်။ စာလိပ်အတိုင်းပင် သူ့နောက်က ရဲမက်တစ်ဦးကို လှမ်းပေးပြီး သိမ်းခိုင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိန္ဒကသည် ဟတ္ထိရာဇာ၏ ပခုံးကိုဖက်ပြီး တပ်ရင်းဌာနချုပ်အဖြစ် သုံးစွဲနေသောအိမ်ကြီးပေါ်သို့ ခေါ်သွားသည်။ အိမ်ကြီးသည် သစ်လုံးတိုင်များနှင့် အခိုင်အခံ့ဆောက်လုပ်ထားပြီး ဆင်ဝင်အိမ်ဖြစ်၏။ အိမ်ပေါ်ရောက်သောအခါ ခေါင်ရည်ဝိုင်းကြီးတစ်ဝိုင်း အသင့်ပြင်ထားသည်ကို တွေ့ရသည်။

"ဒု-ရင်းမှူးရော၊ ကိုယ်ရံတော်ကြီးပါ အမောပြေ ခေါင်ရည်သောက်ကြမယ်၊ ပြီးတော့မှ ရေမိုးချိုး၊ ညစာကိုတော့ ညဉ့်နက်မှ စားကြတာပေါ့"

"ခေါင်ရည်ဝိုင်းနဲ့ အသင့်ကြိုနေတယ်ဆိုတော့ ကျွန်ုပ်တို့ ရောက်မှာကို ကြိုသိနေတာပေါ့"

"ဟတ္ထိရာဇာက တပ်ရင်းမှူးအိန္ဒကကို မေးသည်။

"ဒု-ရင်းမှူးတို့ လာတော့မယ်ဆိုတာ ကြိုသိနေတာ ကြာပါပြီ၊ အခိုင်အမာကတော့ ဒီနေ့မနက်မှ သိရတာပါ၊ ဒု-ရင်းမှူးတို့ တပ်မဟာဌာနချုပ်က စထွက်လာပြီဆိုတာကို တပ်မဟာဌာနချုပ်က ခိုစာပို့ပြီးတော့ရော၊ ခြေမြန်တော်လွှတ်ပြီးတော့ပါ အကြောင်းကြားထားပါတယ်"

ခေါင်ရည်ဝိုင်းတွင် လူအတော်များသည်။ ခေါင်ရည်ဝိုင်းတွင် ဝင်ထိုင်လိုက်သော ဟတ္ထိရာဇာသည် လူအရေအတွက်ကို စိတ်ထဲက ရေတွက်ကြည့်လိုက်၏။ မိမိတို့အပါအဝင် စုစုပေါင်း ဆယ့်သုံးယောက် ဖြစ်သည်။

အားလုံးထိုင်မိကြသောအခါ တပ်ရင်းမှူးက အပြန်အလှန် မိတ်ဆက်သမှု ပြုသည်။

"ဒါက ကျွန်ုပ်တို့တပ်ရင်း(၅)မှာ ဒု-ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်မယ့် မင်းသားလေးဟတ္ထိရာဇာ"

"ဒု-ရင်းမှူး ကျန်းမာပါစေ"

အားလုံးက သံပြိုင်ဝိုင်းအော်ကြသည်။



"ဒါက ဒု-ရင်းမှူးရဲ့ ကိုယ်ရံတော် သတ္တိဗလ"

"ကိုယ်ရံတော် သတ္တိဗလ ကျန်းမာပါစေ"

"အခု ဒီမှာထိုင်နေတဲ့သူတွေထဲမှာ တပ်ခွဲမှူးလေးယောက်၊ ဒု-တပ်ခွဲမှူးလေးယောက်၊ လေးသည်တော်တပ်စုမှူးတစ်ယောက်၊ ဒု-စုမှူးတစ်ယောက် ပါတယ်၊ အားလုံး ကိုယ့်နာမည်ကိုယ်ပြောပြီး မိတ်ဆက်ကြမယ်၊ ကျွန်ုပ်ကတော့ နာမည်ကြီးပြီးသားမို့ ကြေညာစရာလိုမယ်မထင်ပါဘူး"

တပ်ရင်းမှူးက နောက်ပြောင်သည်ကို သဘောပေါက်ကြသောကြောင့် ဝိုင်းရယ်ကြသည်။ ထို့နောက် ကျန်သူတို့သည် တစ်ယောက်ပြီးတစ်ယောက် ကိုယ့်နာမည်ကို ဖော်ထုတ်ကြေညာပြီး မိတ်ဆက်ကြသည်။

"မိတ်ဆက်တာပြီးပြီဆိုရင် ကျွန်ုပ်တို့ တပ်ရင်းကို အသစ်စက်စက် ရောက်လာတဲ့ ဒု-ရင်းမှူး အသစ်ကျပ်ချွတ်ကလေးကို ဂုဏ်ပြုတဲ့အနေနဲ့ ခေါင်ရည်သောက်ကြမယ်။ ပထမဆုံးတစ်ခွက်ကို ခွက်မှောက်သောက်ကြပါမယ်၊ သောက်ပြီးတာနဲ့ တစ်စက်မှ မကျန်တော့ဘူး ဆိုတာ အားလုံးသိအောင် ခွက်မှောက်ပြရပါမယ်"

အားလုံး လက်ခုပ်တီးကြသည်။

ခေါင်ရည်တန်ခိုးကြောင့် ယနေ့မှ တွေ့ကြရသူများသည် နှစ်ရှည်လများ လက်တွဲခဲ့ရသော ရဲဘော်ရဲဘက်များပမာ ရင်းနှီးသွားကြသည်။ ဟတ္ထိရာဇာကို အကဲခတ်နေကြသော တပ်ခွဲမှူးတို့သည် အသက်ပင်ငယ်သော်လည်း စစ်ဟန်စစ်မာန် အပြည့်ရှိကာ မိမိတို့နှင့်တစ်သားတည်း ခေါင်ရည်သောက်၊ ကြက်မကြော်စား၊ ရယ်လား မောလားလုပ်နိုင်သည့် အသွင်အပြင်ကို သဘောကျသွားကြလေ၏။ ထို့ကြောင့် အသက်အရွယ်ကြီးရင့်ပုံရသော တပ်ခွဲမှူးတစ်ဦးက ထ၍ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒု-ရင်းမှူးဟာ ကျွန်ုပ်တို့ထက် အများကြီးအသက်ငယ်တယ်၊ ဒါပေမဲ့ အခု ကျွန်ုပ် ကြည့်ရသလောက် ဒုရင်းမှူးဟာ ကျွန်ုပ်တို့နဲ့ တစ်သားတည်း ဖြစ်နေတယ်၊ ကျွန်ုပ်တို့နဲ့ ကောင်းကောင်းကြီး လက်တွဲနိုင်လိမ့်မယ်လို့ ကျွန်ုပ် ယုံကြည်တယ်၊ တစ်ခုပဲ ပြောချင်တယ်၊ ဒုရင်းမှူး မသိရင် ကျွန်ုပ်တို့ကိုမေး၊ ကျွန်ုပ်တို့ သင်ပေးမယ်၊ ဒီလိုနဲ့ နောက်ဆုံးကျတော့ ကျွန်ုပ်နဲ့ အတူတူဖြစ်သွားမယ်၊ အဲဒီအခါကျရင် ကျွန်ုပ်တို့ကို ကောင်းကောင်းကြီး အမိန့်ပေးသွားနိုင်လိမ့်မယ်၊ အရေးကြီးတာ ကိုယ်မသိတာကို သိချင်ယောင်မဆောင်ဖို့ပဲ၊ မသိတာကို သိသလိုလုပ်နေလို့ကတော့ ကျွန်ုပ်တို့က အထင်ကြီးမှာမဟုတ်ဘူး၊ ကျွန်ုပ်တို့ကို ညွှန်ကြားလို့ရမှာ မဟုတ်ဘူး"

အဆိုပါ တပ်ခွဲမှူး၏စကားကို အခြားတပ်ခွဲမှူးတွေကလည်း ထောက်ခံပြောဆိုကြသည်။ နောက်ဆုံး တပ်ရင်းမှူးအိန္ဒကက ထောက်ခံပြောကြားခဲ့သည်။

"ဟုတ်တယ် ဒုရင်းမှူး၊ စစ်တပ်မှာ အမိန့်ဆိုတာ မလွဲမသွေ နာခံရမှာ ဖြစ်တယ်ဆိုပေမဲ့ အဲဒီအမိန့်ပေးတဲ့ အခြေအနေ၊ အကြောင်းအရာက ရှိသေးတယ်၊ အခြေအနေ အကြောင်းအရာနဲ့ ကိုက်ညီမှုရှိတဲ့ အမိန့်ဆိုရင် ထိရောက်မှုရှိတယ်၊ အသက်ဝင်တယ်၊ ကိုက်ညီမှုမရှိတဲ့ အမိန့်ဆိုရင် ထိရောက်မှုမရှိဘူး၊ အသက်မဝင်ဘူး၊ မလွှဲမရှောင်သာ နာခံရပေမဲ့ ခွန်အားမရှိတဲ့ နာခံမှု ဖြစ်သွားတတ်တယ်"

ဟတ္တိရာဇာသည် ခေါင်းညှိတ်ပြသည်။

"ကျွန်ုပ် သဘောပေါက်ပါတယ်၊ ကျွန်ုပ်ကို ရွှေမြို့တော်က ဒု-ရင်းမှူး ခန့်လိုက်ပေမဲ့ ကျွန်ုပ် ဒုရင်းမှူး မဖြစ်သေးဘူးဆိုတာ ကျွန်ုပ်သဘောပေါက်ပါတယ်၊ ရဲဘော်တို့ကလက်ခံမှ ကျွန်ုပ် တကယ် ဒု-ရင်းမှူး ဖြစ်သွားမှာပါ၊ ဒါကြောင့် ရဲဘော်တို့ လက်ခံနိုင်အောင် ကျွန်ုပ် ကြိုး



စားသွားပါမယ်၊ ကျွန်ုပ် မသိတာ မတတ်တာကို ရဲဘော်တို့ဆီကနေ ကျွန်ုပ် သင်ယူသွားပါမယ်၊ ရဲဘော်တို့ မသိတာ မတတ်တာကိုလည်း ကျွန်ုပ်ဆီက သင်ယူသွားကြပါလို့ တိုက်တွန်းလိုပါတယ်"

ဟတ္တိရာဇာ၏အပြောသည် အချက်ပိုင်လွန်းသဖြင့် တပ်ရင်းမှူးအိန္ဒကသည် သဘောအကျကြီးကျကာ လက်ခုပ်စတီးလိုက်သဖြင့် သူ့နောက်မှ အားလုံး လိုက်တီးကြသည်။ ခေါင်းရည်ဝိုင်းသည် ခြောက်ကပ်မနေဘဲ စည်ကားအသက်ဝင်နေသောကြောင့် အခြေအနေကို အသာအကဲခတ်နေသော သတ္တိဗလ စိတ်ချမ်းသာသွားသည်။ ဟတ္တိရာဇာသည် နေရာသစ်၊ အခြေအနေသစ်တစ်ခုတွင် အဆင်ပြေပြေနှင့် ဝင်ဆံ့သွားလေပြီ။

"တွေ့တယ်မဟုတ်လား ရဲဘော်တို့၊ ကလေးဆိုပြီး အထင်မသေးလို့ မရဘူးလို့ ကျွန်ုပ်ကြိုပြောထားတာ မှန်မနေဘူးလား၊ ကျွန်ုပ်တို့ မသိတာ မတတ်တာကို ဒု-ရင်းမှူးက တတ်ထားတာသိထားတာ ရှိနေနိုင်တာပဲ၊ အဲဒီအခါကျရင် ကျွန်ုပ်တို့က မာန်မာနမထားဘဲ သင်ယူကြဖို့လိုတယ်နော်၊ ဒု-ရင်းမှူး ပြောတဲ့စကားကို ထောက်ခံတဲ့အနေနဲ့ ခေါင်ရည်တစ်ခွက်လောက် ခွက်မှောက်သောက်လိုက်ကြဦးစို့"

ထို့နောက် အိန္ဒကသည် တပ်ရင်းဖွဲ့စည်းပုံကိုရှင်းပြသည်။

"ကျွန်ုပ်တို့ တပ်ရင်းက တပ်ခွဲလေးခွဲ၊ လေးသည်တော် တပ်စုတစ်စုနဲ့ ဖွဲ့စည်းထားတယ်၊ ကျွန်ုပ်ဟာ တပ်ခွဲလေးခွဲကို တစ်၊ နှစ်၊ သုံး၊ လေးလို့ နာမည်မပေးဘဲ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်ဆိုပြီး နာမည်ပေးထားတယ်၊ တပ်ခွဲလေးခွဲလုံး တပ်ရင်းဌာနချုပ်နဲ့ မလှမ်းမကမ်းမှာရှိတယ်၊ အချိန်မရွေး စုစည်းလို့ရတယ်၊ ကျွန်ုပ်တို့က နေရာတချို့ကို ယူထားပေမဲ့ နယ်မြေစောင့်တပ် မဟုတ်ဘူး၊ အချိန်မရွေး စုစည်းလှုပ်ရှားလို့ရအောင် လုပ်ထားတယ်၊ ဒု-ရင်းမှူးနဲ့ ကျွန်ုပ်ဟာ တပ်ကို အတူတကွ

www.burmeseclassic.com

www.burmeseclassic.com



ဦးစီးကြမယ်ဆိုပေမယ့် လိုအပ်ရင် ခွဲသွားကြမှာဖြစ်တယ်၊ ကျွန်ုပ်က တပ်ခွဲနှစ်ခွဲယူပြီး နေရာခွဲ လှုပ်ရှားကြတာမျိုးလည်း ရှိနိုင်တယ်၊ လေး သည်တော် တပ်စုဟာ တစ်ခါတစ်ရံ ဒု-ရင်းမှူးနဲ့လိုက်မယ်၊ ကိုယ်ရံ တော် တပ်စိတ်ရှိတာ အခုအချိန်ကစပြီး ကျွန်ုပ်နောက်ကို ငါးယောက် လိုက်မယ်၊ ဒု-ရင်း မှူးနောက်ကို ငါးယောက်လိုက်လိမ့်မယ်"

"ရှင်းပါတယ် တပ်ရင်းမှူး၊ မနက်ဖြန်ကစပြီး ကျွန်ုပ်တို့ရဲ့ တပ်ခွဲတွေ တပ်စွဲထားတဲ့နေရာတွေကို လေ့လာချင်တယ်၊ ဖြစ်နိုင်မလား မသိဘူး"

"ဖြစ်နိုင်ရမှာပေါ့၊ အခြေအနေတွေကို ဒု-ရင်းမှူး မြန်မြန်နားလည် သဘောပေါက်လေ ကျွန်ုပ်တို့ အလုပ်လုပ်ရတာကောင်းလေ ဖြစ်မှာပဲ၊ ကျွန်ုပ်တို့ တပ်စွဲထားတဲ့နေရာတွေအပြင်မှာ ရတနာပန်းခင်းနယ် မြေတပ်တွေ တပ်စွဲထားတဲ့နေရာတွေကို ကျွန်ုပ်လိုက်ပြေးမယ်၊ အဲဒီ လို လိုက်ပြရင်းနဲ့ ကျွန်ုပ်တို့ရဲ့ ခံစစ်စီမံကိန်းတွေကိုပါ ကျွန်ုပ်ရှင်းပြ သွားမယ်၊ ကျွန်ုပ်ထင်ပါတယ်၊ ဆယ်ရက်လောက် အပင်ပန်းခံလိုက်ရင် ဒု-ရင်းမှူးဟာ ဒီဘက် ရှေ့တန်းစစ်မျက်နှာကို ဆုပ်မိကိုင်မိ ဖြစ်သွားမှာပါ"

"ကျွန်ုပ်လည်း အဲဒီလိုပဲ မျှော်လင့်ထားပါတယ် တပ်ရင်းမှူး၊ အဲဒီ ရက်တွေမှာ ကျွန်ုပ်ဟာ ဦးရီးတော်ပံသုရာဇာရဲ့ စံအိမ်တော်ကိုလည်း ဝင်သွားချင်သေးတယ်၊ ခရီးလမ်းသင့်ရဲ့ မဟုတ်လား"

"သင့်တာပေ့ ဒု-ရင်းမှူးရယ်၊ နယ်မြေစောင့်တပ်တွေကို လှည့်ကြည့် ရင်းနဲ့ နယ်စားမင်းကြီးရဲ့ စံအိမ်တော်ကို မလွဲမသွေရောက်သွားမှာပါ၊ ဪ-ဒါထက် နယ်စားမင်းကြီးရဲ့ ကြင်ရာတော် ပုလဲနန္ဒာဟာ ဒု-ရင်း မှူးရဲ့ ကိုယ်ရံတော်သတ္တိဗလနဲ့ မောင်နှမတော်တယ်ဆိုတာ ဟုတ် ပါသလား"

"ဟုတ်တယ်၊ တပ်ရင်းမှူး၊ ဦးရီးတော် သတ္တိဗလရဲ့အစ်မပါပဲ"

ထိုအခါ အိန္ဒကသည် တပ်ခွဲမှူးများဘက်သို့လှည့်၍ အသံကျယ် ကျယ်နှင့် ကြေညာပေးလိုက်သည်။



"ကြားကြတယ် မဟုတ်လား၊ ကိုယ်ရံတော် သတ္တိဗလဟာ နယ်စား မင်းကြီးကတော်ရဲ့ မောင်တဲ့ဟေ့၊ အပြောအဆို ဆင်ခြင်ကြ"

အိန္ဒကာ၏ စကားကြောင့် ဟတ္ထိရာဇာသည် အံ့ဩသွားကာ ချက်ချင်း ကောက်မေးလိုက်သည်။

"ဘာကို ဘာဖြစ်လို့ အပြောအဆို ဆင်ခြင်ရမှာလဲ တပ်ရင်းမှူး"

တပ်ရင်းမှူးက ပြုံးနေပြီး တပ်ခွဲမှူးတစ်ဦးက ဝင်ဖြေသည်။

"နယ်စားမင်းကြီးရဲ့ ကြင်ရာတော် ပုလဲနန္ဒာဟာ စကားအပြော အဆို မောက်မာလွန်းလို့ ရဲမက်အတော်များများနဲ့ မတည့်ကြဘူး ဒု-ရင်း မှူးရဲ့၊ အဲဒီတော့ ကိုယ်ရံတော် သတ္တိဗလရှေ့မှာ ပုလဲနန္ဒာအကြောင်း မကောင်းပြောမိရင် ဘယ်လိုလုပ်မလဲ"

တဲ့တိုးကြီးပြောထွက်လာသော တပ်ခွဲမှူး၏ စကားကြောင့် ဟတ္ထိ ရာဇာသည် အားတုံ့အားနာဖြစ်သွားကာ သတ္တိဗလကို လှည့်ကြည့်မိ သည်။ သတ္တိဗလကား လုံးဝမတုန်လှုပ်ချေ။ တည်တည်ငြိမ်ငြိမ်နှင့်ပင် ပြန်လည်ပြောဆိုခဲ့သည်။

"ဘာမှ လုပ်စရာမလိုပါဘူး၊ ကျွန်ုပ်ရှေ့မှာပြောလို့လည်း ဘာမှ မဖြစ်ပါဘူး၊ ကျွန်ုပ်ရဲ့အစ်မ မကောင်းရင်လည်း မကောင်းဘူးပေါ့၊ မှန်တာပြောတာမျိုးကို ကျွန်ုပ်ခံစားချက် မဖြစ်ပါဘူး၊ မဟုတ်မမှန်ပြော တာ ဆိုရင်တော့လည်း ကျွန်ုပ် ဘယ်ခံနိုင်ပါ့မလဲ"

တပ်ရင်းမှူး အိန္ဒကသည် သူ စလိုက်သော ပြဿနာဖြစ်၍ သူ တပင် ထိန်းချုပ်လိုက်သည်။

"ဟုတ်ပြီ၊ ဒါဆိုရင် သတ္တိဗလရဲ့ သဘောထားကို ကျွန်ုပ်တို့ လေး စားတဲ့အနေနဲ့ စကားကို ဆင်ခြင်ပြောကြဖို့ ကျွန်ုပ် တိုက်တွန်းလိုတယ်၊ ကျွန်ုပ်တို့ ခေါင်ရည်ဝိုင်းလည်း သိမ်းကြစို့၊ ဒု-ရင်းမှူးနဲ့ ကိုယ်ရံတော် သတ္တိဗလတို့ ရေမိုးချိုးကြဦး၊ ပြီးမှ ညစာ စားကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"*ဝေါင်း-ဝေါင်း*"

အရှေ့ဘက် တောတန်းဆီမှ ချောဟောက်သံကို ဟတ္ထိရာဇာတို့ ကြားလိုက်ရသည်။ ဟတ္ထိရာဇာသည် တပ်ရင်းမှူးအိန္ဒကာ၏ ဦးဆောင်မှုဖြင့် ရှေ့တန်းတပ်စခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်မှာ သုံးရက်မြောက်ခဲ့ပြီ ဖြစ်သည်။ ယခုလည်း နယ်မြေတပ်များကို လှည့်လည်ကြည့်ရှုရင်း နယ်စားမင်းကြီးစံအိမ်တော်ဆီသို့ ဦးတည်သွားနေကြခြင်း ဖြစ်သည်။

ရှေ့ဆုံးမှသွားနေသော ကိုယ်ရံတော်ငါးဦးသည် ချောဟောက်သံကြောင့် ဆက်မသွားတော့ဘဲ ရပ်လိုက်ကြ၏။ ထိုအခါ တပ်ရင်းမှူးအိန္ဒကလည်း မြင်းကို ဇက်သတ်၍ ရပ်လိုက်၏။ ထို့ကြောင့် ဟတ္ထိရာဇာလည်း သူ့ စီးတော်မြင်းကို ဇက်ကြိုးဆွဲ၍ ရပ်လိုက်ရလေသည်။ ဤသို့ဖြင့် နောက်က ကပ်ပါလာသော သတ္တိဗလနှင့် ကိုယ်ရံတော်ငါးဦးလည်း ရပ်လိုက်ရသည်။



သည်ခရီးတွင် သတ္တိဗလ မြင်းစီးခွင့်မရတော့ပေ။ ရွှေမြို့တော်မှ ထွက်လာစဉ်က မင်းသားလေး၏ အထိန်းတော်ဟူသော အရှိန်အဝါနှင့် မြင်းစီးခွင့်ရခဲ့သည်။ တပ်မဟာဌာနချုပ် ရောက်တော့လည်း တားမြစ်ခြင်း မခံရသေး။ တပ်ရင်းဌာနချုပ်ရောက်မှ တားဆီးခြင်းခံရတော့သည်။ တပ်ရင်းသို့ ရောက်ရှိလာသော ဟတ္ထိရာဇာသည် အခွင့်ထူးခံမင်းသားလေး မဟုတ်တော့။ တာဝန်အရ ဒုတိယတပ်ရင်းမှူး ဖြစ်၏။ ထို့ကြောင့် သတ္တိဗလသည်လည်း မင်းသားလေး၏ အထိန်းတော် မဟုတ်တော့။ ဒုရင်းမှူး၏ ကိုယ်ရံတော် ဖြစ်၏။ တပ်ရင်းဌာနချုပ်တွင် ရင်းမှူးနှင့် ဒု-ရင်းမှူး၏ ကိုယ်ရံများ မြင်းစီးခွင့်မရှိပေ။

ဤအပြောင်းအလဲအတွက် ဟတ္ထိရာဇာသည် သတ္တိဗလအပေါ် အားတုံ့အားနာ ဖြစ်ခဲ့သည်။ သတ္တိဗလကတော့ အပြုံးမပျက်။

"*အရေးမကြီးပါဘူး အရှင့်သားရဲ့၊ ကျွန်ုပ် မအိုသေးပါဘူး*" ဟု ပြန်လည်ပြောဆိုခဲ့သည်။ လက်တွေ့တွင်လည်း လမ်းခရီးတစ်လျှောက် သွက်လက်ဖျတ်လတ်စွာ လိုက်ပါနိုင်ခဲ့သည်။

ယခုလည်း ချောဟောက်သံကြောင့် ရပ်တန့်လိုက်ကြစဉ် သတ္တိဗလသည် ဟတ္ထိရာဇာ၏ စီးတော်မြင်းနံဘေးသို့ လှမ်းတက်လာကာ အမိန့်စောင့်နေသည်။

နောက်ကို လှည့်ကြည့်လိုက်သော ရင်းမှူးအိန္ဒကသည် လှမ်းတက်လာသော သတ္တိဗလကို တွေ့ရသဖြင့် အခန့်သင့်ပင် ညွှန်ကြားချက်ပေးလိုက်သည်။

"*သတ္တိဗလရေ၊ မောင်မင်း နောက်ကို ပြန်လျှောက်သွား၊ နောက်က လိုက်လာတဲ့ လေးသည်တော်တပ်စုကို သွားပြော၊ တပ်ခွဲတ် တစ်ခွဲတ် ရင်းမှူးဆီ အပြေးတက်ခဲ့လို့၊ တစ်စိတ်က နောက်လမ်းကို ပိတ်လို့*

www.burmeseclassic.com

www.burmeseclassic.com



တစ်စိတ်က ဒီလမ်း ဘယ်ဘက်ကြောက ခင်အန်းကလေးကို တက်ရှင်းလို့ပြော၊ ရှင်းလား"

"ရှင်းပါတယ် ရင်းမှူး"

သတ္တိဗလသည် အမိန့်အတိုင်း အနောက်ဘက်သို့ သွက်သွက်လျှောက်လှမ်းသွားသည်။ မကြာပါ။ လေးသည်တော် တပ်စိတ်တစ်စိတ် အပြေးတက်လာ၏။ ရင်းမှူးထံ သွားရောက် အမိန့်နာခံကြသည်။

"လေးသည်တော် တပ်စိတ် (၁)လားဟေ့"

"မှန်ပါတယ် ရင်းမှူး"

"ခုနက ချေဟောက်သံကို မင်းတို့လည်း ကြားတယ်မဟုတ်လား"

"ကြားပါတယ် ရင်းမှူး"

"အဲဒီတောတန်းကိုရှင်း၊ ရန်သူ အရိပ်အယောင်တွေ့ရင် သတင်းပြန်ပို့၊ ရန်သူနဲ့ ပက်ပင်းတိုးရင် တိုက်လည်းတိုက်၊ သတင်းလည်းပြန်ပို့၊ ချေတွေ့ရင်လည်းပစ်၊ ရိက္ခာရတာပေါ့"

"အမိန့်အတိုင်းပါ"

လေးသည်တော် တပ်စိတ်သည် ရှေ့ဆီသို့ တစ်ဟုန်ထိုး ချီတက်သွားကြသည်။ အိန္ဒကသည် ဟတ္ထိရာဇာကို လှည့်ကြည့်လိုက်၏။

"ဒု-ရင်းမှူး၊ ကျွန်ုပ်တို့ ဒီနေရာမှာပဲ ခဏနားပြီး အခြေအနေကို စောင့်ကြည့်ရအောင်"

သူတို့နှစ်ဦးစလုံး မြင်းပေါ်က ဆင်းလိုက်ကြသည်။ ကိုယ်ရံနှစ်ဦးက မြင်းနှစ်ကောင်ကို လာဆွဲပြီး ထိန်းထားကြသည်။

"ရင်းမှူးက ဘယ်လိုထင်လို့လဲ၊ ချေက လူမြင်ပြီး ဟောက်တယ်ထင်လို့လား"



"ဟုတ်တယ်၊ လူမြင်ပြီး လန့်ဟောက်တဲ့ချေက အဲသလိုမျိုး တစ်ချက်နှစ်ချက်ပဲ ဟောက်တယ်၊ ဟောက်ပြီးတာနဲ့ ပြေးတာပဲ၊ ပြေးတဲ့အချိန် မဟောက်တော့ဘူး၊ လွတ်လောက်ပြီထင်မှ ပြန်ဟောက်တယ်"

ထိုအခိုက်အတန့်မှာပင် လက်ယာဘက် လျှိုမြောင်ထဲမှ ချေဟောက်သံသဲ့သဲ့ကို ကြားရသည်။ ဆက်တိုက်ဆိုသလို ဟောက်နေလေသည်။

ဟတ္ထိရာဇာ ရယ်လိုက်မိသည်။

"ပြေးတဲ့ချေက လျှိုထဲတောင် ရောက်သွားပြီ၊ လေးသည်တော်တပ်စိတ်တော့ ချေကို ပစ်ခွင့်မကြုံတော့ဘူး"

"ဘယ်ဟုတ်မလဲ ဒု-ရင်းမှူးရဲ့၊ ပြေးတဲ့ချေက ပြေးပေမဲ့ မပြေးတဲ့ချေ ရှိသေးရင် ချေကို ပစ်ခွင့်ကြုံနိုင်သေးတာပေါ့"

"ဟင်-တစ်ကောင်လန့်ပြေးရင် ကျန်တဲ့ အကောင်တွေရော လိုက်မပြေးဘူးလား"

"မပြေးဘူး၊ အင်း-မပြေးဘူးလို့ ပြောတာထက် ပြေးချင်မှပြေးတာလို့ပြောရင် ပိုမှန်မယ်"

ထိုစဉ် သတ္တိဗလရောက်လာပြီး သတင်းပို့သည်။

"လေးသည်တော် တပ်စုဟာ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်နေပါပြီ ရင်းမှူး၊ နောက်လမ်းကို တပ်စိတ် ၃ က ပိတ်ထားပါတယ်၊ ဒီလမ်းအပေါ်ကြောကိုတော့ တပ်စိတ် ၂ က တက်ရှင်းနေပါတယ်"

"ကောင်းပြီ၊ မောင်မင်းလည်း မောပြီ၊ အနားယူဦး"

သတ္တိဗလသည် တပ်ရင်းမှူးနှစ်ဦးနှင့် မလှမ်းမကမ်းတွင် ထိုင်ချလိုက်သည်။ ခါးမှာ ပတ်ထားသည့် နွားသားရေနှင့် ချုပ်ထားသော ရေအိတ်ကိုဖြုတ်ကာ မော့သောက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းမှာပင် လေးသည်တော်တပ်စိတ် ၂ မှူး ရောက်လာကာ သတင်းပို့၏။

"လမ်းအပေါ်ကြော ခင်တန်းမှာ ဘာမှမထူးခြားပါဘူး ရှင်းမှူး၊ အခု ကျွန်ုပ်တို့ တပ်စွဲထားပါတယ်၊ ရှင်းမှူးဆီက အမိန့်ရမှ လွှတ်ပါ့မယ်"

"ကောင်းပြီ၊ မောင်မင်း ပြန်မတက်နဲ့ဦး၊ ကျွန်ုပ်တို့နဲ့ပဲ နေလိုက်၊ ကျွန်ုပ်အမိန့် ၂မှ မောင်မင်းရဲ့ တပ်စိတ်ကိုတက်ခေါ်"

"အမိန့်အတိုင်းပါ ရှင်းမှူး"

ဟတ္ထိရာဇာသည် တပ်ရင်းမှူး အိန္ဒကာ၏ စီမံကွပ်ကဲမှုများကို သဘောကျနေသည်။ ဤကဲ့သို့ အကွက်စေ့စေ့ စီမံတတ်မှုကြောင့်လည်း တပ်ရင်း ၅ သည် တိုက်ခိုက်မှုစွမ်းရည် မြင့်မားသော တပ်အဖြစ် နာမည်ကြီးနေခြင်း ဖြစ်ပေလိမ့်မည်။ နာမည်ကြီးတပ်ရင်းသို့ ရောက်ရှိလာပြီး နာမည်ကြီးတပ်ရင်းမှူးနှင့် တွဲဖက်တာဝန်ထမ်းဆောင်ခွင့် ရရှိခြင်းသည် မိမိအတွက် ကံကောင်းခြင်း ဖြစ်ပေသည်။

ယခုလည်း ကြည့်လေ။ ပထမ အေးအေးလူလူသွားနေသော မိမိတို့အဖွဲ့သည် ချောဟောက်သံ ကြားလိုက်ရသည်နှင့် စနစ်တကျလှုပ်ရှားမှု ဖြစ်သွား၏။ တိုက်ပွဲဝင်ရန် အသင့်ဖြစ်သွား၏။ ဤကဲ့သို့သော တပ်ဖွဲ့မျိုးသည် အလစ်အငိုက် အတိုက်ခံရရန်သိပ်မလွယ်ဟု ဟတ္ထိရာဇာ မှတ်ချက်ချမိသည်။

"ဒု-ရင်းမှူး ဒီမြေအနေအထားနဲ့ ဒီလမ်းကို မှတ်ထား၊ ဒါမျိုး လမ်းကို ဖြတ်သွားတော့မယ်ဆိုရင် အခု ကျွန်ုပ် စီစဉ်သလို ရှင်းလင်းပြီးမှ သွားတာ အကောင်းဆုံးပဲ၊ မဟုတ်ရင် ရန်သူက မြုံခိုတိုက်ခိုက်တာ ခံရတတ်တယ်၊ ဒီမြေအနေအထားကို ကြည့်ပြီး ရှင်းခိုင်းဦးမှလို့ စဉ်းစားနေတုန်း ချောဟောက်သံကြားတာနဲ့ အတော်ဖြစ်သွားတယ်၊ ကျွန်ုပ်ရဲ့ စဉ်းစားချက်ကို အမြန်အကောင်အထည် ဖော်ခိုင်းသလို ဖြစ်သွားတာပေါ့"

အိန္ဒကာသည် ဟတ္ထိရာဇာကို အလေးအနက် ရှင်းပြသည်။ ဟတ္ထိရာဇာသည် အိန္ဒကာကို ဦးညွှတ်အရိုအသေပြုပြီးမှ ကျေးဇူးစကား ဆိုလိုက်သည်။

"ကျေးဇူးကြီးလှပါတယ် ရှင်းမှူး၊ ကျွန်ုပ် အများကြီးပဲ ပညာရသွားပါတယ်"

"အခု ကျွန်ုပ်တို့ ခရီးလှည့်လည်နေတာ ဘယ်တပ်ခွဲမှမပါဘဲ တပ်ရင်းဌာနချုပ်နဲ့ လေးသည်တော် တပ်စုမဲပါတယ်၊ ဒီလို အင်အားနည်းနေတဲ့အချိန်မှာ အထူးသတိထားဖို့လိုတယ်၊ အလစ်အငိုက် အတိုက်ခံရပြီး ချေမှုန်းတာများ ခံလိုက်ရရင် သိပ်ရှက်ဖို့ကောင်းတာပဲ"

အိန္ဒကာ၏ စကားတွင် တပ်ရင်းမှူးတစ်ယောက်၏ မာနကို တွေ့ရပေသည်။ ဟတ္ထိရာဇာသည် ထိုမာနကို အမှန်ပင် လေးစားမိပါသည်။ သို့သော် သူတစ်ခုသာ စဉ်းစားမိပါသည်။ ချေမှုန်းခံရ၍ သေသွားသော တပ်ရင်းမှူးတစ်ဦးအဖို့ ရှက်စရာအသိဝိညာဉ်မှ မရှိတော့တာ ဟူ၍။

"လေးသည်တော် တပ်စိတ် ၁ မှူး အပြေးလာနေပါတယ်"

ကိုယ်ရံတော်တစ်ဦးက သတင်းပို့သည်။

ရောက်လာသော လေးသည်တော်တပ်စိတ် ၁ မှူးသည် တပ်ရင်းမှူးရှေ့တွင် မုဆိုးဒူးထောက် အရိုအသေပြုသည်။

"မတ်တပ်ရပ်ပြီး အစီရင်ခံစမ်းဟဲ့"

"မှန်လှပါ၊ ရန်သူ မဟုတ်ပါဘူးဘုရား၊ နယ်စားမင်းကြီးရဲ့ အိမ်တော်စောင့် ကင်းတပ်ဖွဲ့က တပ်စိတ်တစ်စိတ် အကြိုတော် ရောက်ရှိလာခြင်းဖြစ်ပါတယ် တပ်ရင်းမှူး"

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒကနှင့် ဟတ္ထိရာဇာတို့ အကြည့်ချင်းဆုံမိကြသည်။ လူကိုမြင်၍ ချေပောက်ခြင်းဖြစ်သည်ကား မလွဲ။

အိန္ဒကသည် လေးသည်တော် တပ်စိတ် ၁ မှူးကို ဆက်မေးပြန်သည်။

"မင်းကို့ လူမှားပြီး ပစ်ကြခတ်မိကြတာတွေ ဖြစ်သေးသလား"

"မ,ပါဘူး၊ သူတို့က ကျွန်ုပ်တို့ကို အရင်မြင်လို့ ဇီဝဖိုးငှက်သံ ပေးပြီး အသံပြုထားပါတယ်"

"ရန်သူက ဇီဝဖိုးငှက်သံပေးရင်ကော ဘယ်လိုလုပ်မလဲ"

"သူတို့က လူလုံးပါ ထွက်ပြထားပါတယ် ရင်းမှူး၊ ဒီလူတွေကိုတော့ ကျွန်ုပ်တို့က ဝတ်စုံတွေအပြင် လူတွေကိုပါ မှတ်မိနေလို့ ပြဿနာ မရှိကြောင်းပါ"

"လူတွေ မှတ်မိနေလို့ တော်သေးတာပေါ့၊ ဇီဝဖိုးငှက်သံတစ်ခုတည်းနဲ့တော့ မယုံလိုက်လေနဲ့နော်၊ အသွားအပြန် စကားဝှက်တွေနဲ့ပါ ဆက်ပြီးမေးမြန်းလေ့လာဖို့ လိုတယ်"

"မှန်လှပါ တပ်ရင်းမှူး"

"အခု အဲဒီတပ်ဖွဲ့ရော"

"လာနေပါပြီ ရင်းမှူး"

နယ်စားမင်းကြီး၏ စံအိမ်တော် ကင်းတပ်ဖွဲ့ဝတ်စုံသည် ပန်းဆီသွေးရောင်ဖြစ်သောကြောင့် မြင်ရုံနှင့်သိသာသည်။ နယ်စားမင်းကြီးသည် မည်သည့်စိတ်ကူးနှင့် ဤအရောင်ကို ရွေးချယ်ထားသည် မသိဟု ဟတ္ထိရာဇာ စဉ်းစားမိသည်။ ဟတ္ထိရာဇာက အမြဲတမ်း တပ်မဟာ၏ စစ်ဝတ်စုံ အရောင်အသွေးမျိုးကိုသာ ကြိုက်သည်။ စိုပြည်သော သစ်ရွက်စိမ်းရောင်။



နယ်စားမင်းကြီး မိသားစုက တပ်ရင်းမှူးနှင့် ဒုတိယတပ်ရင်းမှူးတို့ အမောပြေစားသုံးရန် သစ်သီးဝလံများ လက်ဆောင်ပါးလိုက်သည်။ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြောင်းလည်း မှာကြား သည်။

နယ်စားမင်းကြီး၏ ကြင်ရာတော် ပုလဲနန္ဒာကလည်း မောင်ဖြစ်သူ သတ္တိဗလပါလာသည်ကို သိရ၍ ဝမ်းမြောက်ကြောင်း သီးသန့်မှာကြားလိုက်သေးသည်။

ထိုအမှာစကားကို ကြားလိုက်ရသော အိန္ဒကသည် အသံဝါကြီးနှင့် အားရပါးရ ရယ်လိုက်၏။ ထို့နောက် သတ္တိဗလဆီ လှည့်၍ ပြောလိုက်သည်။

"သတ္တိဗလရေ- မောင်မင်းရဲ့အစ်မက မောက်မာတယ်လို့ နာမည်ကြီးနေပေမဲ့ ကျွန်ုပ်တို့ သုံးယောက်အပေါ်မှာတော့ မောက်မာလို့ မရပေဘူးကွဲ့၊ ဟုတ်တယ် မဟုတ်လား။ ဒီတော့ စံအိမ်တော်မှာ သုံးရက်လောက်နားပြီး ကောင်းကောင်းကြီး စားကြ သောက်ကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"တပ်ရင်းမှူးကြီးနဲ့ ဒု-ရင်းမှူးကြီးတို့ကို ကြိုဆိုပါတယ်"

နယ်စားမင်းကြီး ပံသုရာဇာသည် အိန္ဒကနှင့် ဟတ္ထိရာဇာတို့၏ လက်မောင်းများကို ဆွဲကိုင်ပြီး စံအိမ်တော်အတွင်းသို့ ခေါ်ခဲ့သည်။

"ပြောရမယ်ဆိုရင် အသင်တို့နှစ်ယောက်ဟာ ဆင်နဲ့ဆိတ်ပါပဲ"

အိန္ဒကနှင့် ဟတ္ထိရာဇာတို့ အသက်အရွယ်အရရော၊ ကိုယ်လုံးကိုယ်ထည်အရပါ ကွာခြားမှုကို ပံသုရာဇာက ရည်ညွှန်းပြောဆိုလိုက်ခြင်း ဖြစ်သည်။ အိန္ဒကသည် ပံသုရာဇာ၏ စကားကြောင့် ဟတ္ထိရာဇာ စိတ်အားမငယ်စေရန် ဝင်ရောက်ဖြည့်စွက် ပြောကြားလိုက်သည်။

"ဆင်နဲ့ဆိတ် လက်တွဲနိုင်ပြီဆိုရင် ရတနာပန်းခင်းနယ်မြေမှာ အောင်ပွဲတွေအလီလီ ဆက်ဦးမယ်ဆိုတဲ့ သဘောပါဘုရား"

"ဒီအတိုင်းပဲ ကျွန်ုပ်တို့ မျှော်လင့်ထားတယ် အိန္ဒက၊ ဟတ္ထိရာဇာဟာ တောက်မယ့်မီးခဲ တရဲရဲလို့ ကျွန်ုပ်တို့က ယူဆထားလေတော့ အသင်က မီးတောက်အောင် အကူအညီပေးရလိမ့်မယ်"



"ကျွန်ုပ်တို့ရဲ့ ဒု-ရင်းမှူးက အလိုလိုပဲ တောက်မယ့် မီးခဲပါဘုရား၊ ဟုတ်တယ် မဟုတ်လား ဒု-ရင်းမှူး"

မိမိအား ဦးတည်မေးလာသောကြောင့် ဟတ္ထိရာဇာ မဖြေမဖြစ် ပြန်ဖြေရတော့သည်။

"သိပ်မမြှောက်ပါနဲ့ တပ်ရင်းမှူးရယ်၊ ပြန်ကျရင် မလွယ်ဘူး"

ညီခန်းဆောင်တွင် ထိုင်မိကြသောအခါ ပံသုရာဇာက လက်ခုပ်သုံးချက်ကို ဟန်ပါပါတီးလိုက်သည်။ ရံရွှေတော်များ စားသောက်ဖွယ်ရာများနှင့် ဝင်လာ၏။ ဟတ္ထိရာဇာက သူတို့ကို အမိန့်ပေးလိုက်သည်။

"မင်းတို့ရဲ့ သခင်မကို ပြောလိုက်၊ တပ်ရင်းမှူးအိန္ဒကနဲ့ တူတော်မောင် ဟတ္ထိရာဇာတို့ ရောက်နေတယ်လို့၊ သမီးတော် မာလာဒေဝီကို ခေါ်ပြီး လာတွေ့လှည့်လို့"

ထို့နောက် ပံသုရာဇာသည် တစ်စုံတစ်ခုကိုပါ သတိရသွားသောကြောင့် ဟတ္ထိရာဇာဘက်လှည့်၍ မေးလိုက်သည်။

"တူတော်မောင့်ရဲ့ အထိန်းတော် သတ္တိဗလရော ပါလာတယ် မဟုတ်လား"

"ပါလာပါတယ်ဘုရား၊ သားတော်ရဲ့ ကိုယ်ရံတော်အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်"

"ခေါ်လိုက်ဦး၊ ခေါ်လိုက်ဦး၊ ခုန ဦးရီးတော် သတိလစ်ဟင်းသွားတယ်၊ ဦးရီးတော်ရဲ့ ယောက်ဖတော် စစ်စစ်ကြီးကို ပစ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ညီခန်းဆောင်ထဲကို ခေါ်လိုက်၊ သူ့အစ်မနဲ့ တွေ့ပေးချင်လို့တယ်"

ဟတ္ထိရာဇာသည် ပေါ့ပေါ့ပါးပါးနှင့် ထွက်သွားသည်။ သတ္တိဗလကိုခေါ်ပြီး ပြန်ရောက်လာသည့် မရှေးမနှောင်းမှာပင် ပုလိနန္ဒာနှင့်

www.burmeseclassic.com

www.burmeseclassic.com



မာလာဒေဝီတို့ ရောက်လာကြသည်။ မာလာဒေဝီသည် အပျိုကြီးဖားဖား ဖြစ်နေပြီး ပုလဲနန္ဒာနှင့် ရွယ်တူဒေါက်တူ ဖြစ်နေ၏။

ဟတ္ထိရာဇာက ရွှေမြို့တော်မှပါလာသည့် စာလိပ်များကို မာလာဒေဝီထံ ပေးလိုက်၏။ မာလာဒေဝီသည် သလွန်တစ်ခုပေါ် ပြေးထိုင်ကာ စာလိပ်များကို ချက်ချင်း ဖတ်ရှုနေလေသည်။

ပုလဲနန္ဒာသည် တပ်ရင်းမှူး အိန္ဒကနှင့် ဒု-ရင်းမှူးဟတ္ထိရာဇာ တို့အား အရိုအသေပြု နှုတ်ဆက်ပြီးနောက် မောင်ဖြစ်သူ သတ္တိဗလအနီးသို့ ဝင်ထိုင်လိုက်၏။

"နေကောင်းတယ်နော် သတ္တိဗလ"

"ကောင်းပါတယ်၊အစ်မရော"

"ကောင်းပါတယ်ဟယ်"

သတ္တိဗလသည် အစ်မဖြစ်သူ ပုလဲနန္ဒာကို စေ့စေ့ကြည့်ဖြစ်သည်။ အစ်မ၏ ရုပ်ရည်သည် ပြောင်းလဲခြင်းမရှိသကဲ့သို့ပင် အရွယ်တင်ဆဲဖြစ်၏။ သို့သော် အစ်မ၏စိတ်ကား ပြောင်းလဲသွားပြီ ထင်သည်။ မောက်မာသည်ဟု ပြောဆိုခြင်း ခံနေရ၏။ သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်၍ အစ်မဖြစ်သူကို သတိပေးဆွေးနွေးဦးမည်ဟူသော စိတ်မျိုး သတ္တိဗလ၌ မဖြစ်။ အဘယ်ကြောင့်ဆိုသော် ပုလဲနန္ဒာသည် နယ်စားမင်းကြီး၏ ကြင်ရာတော် ဖြစ်နေပြီ။ မောက်မာသည် ဆိုလျှင်လည်း သူ့မှာ မောက်မာခွင့်ရှိပေသည်။ အသက်အရွယ်အရလည်းကောင်း၊ ဂုဏ်ဒြပ်အရလည်းကောင်း မိမိထက်မြင့်သူတစ်ဦးအပေါ်တွင် သတ္တိဗလ မိကျောင်းမင်း ရေခင်းမပြလိုပေ။

ပုလဲနန္ဒာသည်လည်း သတ္တိဗလကို စေ့စေ့ကြည့်ဖြစ်သည်။ မောင်ဖြစ်သူသည် မိမိလုပ်ချင်သော အလုပ်ကို လုပ်နေရ၍ စိတ်ချမ်းသာ



နေပုံရသည်။ အရွယ်တင်နုပျိုနေဆဲ ဖြစ်ပေသည်။

"သတ္တိဗလရေ၊ နင်တို့ စံအိမ်တော်မှာ တည်းခိုနေတုန်း ဘာမှအားမနာနဲ့နော်၊ လွတ်လွတ်လပ်လပ်နဲ့ သက်သက်သာသာ အနားယူ၊ နောက်ကျ နင်တို့ ပင်ပန်းတော့မှာ"

"စစ်တိုက်ရတော့မှာကို ပြောတာလား အစ်မ"

"ဟုတ်တယ်လေ၊ ခြောက်သွေ့ရာသီရောက်လို့ ရန်သူ့ထိုးစစ်ဝင်တာနဲ့ တစ်ပြိုင်နက် တို့ရတနာပန်းခင်းနယ်မြေတစ်ခုလုံး စိတ်အေးလက်အေး နေရတယ်လို့ မရှိတော့ဘူး၊ ငါတို့ကိုယ်တိုင်လည်း စံအိမ်တော်မှာ နေချင်မှနေရတော့တာ၊ တောတွင်းတပ်စခန်းတွေမှာ လှည့်လည်ပြီး နေရတယ်၊ ခြောက်သွေ့ရာသီကုန်ဆုံးလို့ ရန်သူ့ထိုးစစ် ပြန်ရုပ်သွားပြီဆိုမှ တို့လည်း ကိုယ့်အိုးကိုယ့်အိမ်နဲ့ ပြန်နေကြရတာ"

"ဒီလိုပဲပေ့ါ အစ်မရယ်၊ ကြုံလာပြီဆိုမှတော့ ဘယ်လိုလုပ်ပြီး ရှောင်လွှဲနိုင်တော့မှာလဲ၊ အစ်မတို့ရဲ့ ဆင်းရဲဒုက္ခတွေကို မျှဝေခံစားဖို့ အကျွန်တို့ ရောက်လာပြီပဲ"

"နင်တို့ ရောက်လာတာကို အားတက်ရမယ့်အစား ငါက စိတ်မကောင်းဖြစ်နေတာ"

"ဘာဖြစ်လို့လဲ အစ်မရဲ့"

"နင်တို့ဘာသာ နင်တို့ ရွှေမြို့တော်မှာပဲနေကြရင် ကောင်းတာပေါ့၊ အေးအေးသက်သာ နေကြရတာပေ့ါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ အစ်မရဲ့၊ ရွှေမြို့တော်က လူတွေ ရွှေတန်းမတက်ဘဲ ရွှေမြို့တော်မှာပဲ နေနေကြရင် ရန်သူတွေက ရွှေမြို့တော်ထဲအထိ ရောက်လာမှာပေ့ါ၊ အဲဒါမှ အကုန်လုံး သူ့ကျွန် ဖြစ်တုန်ကြမှာ"

www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းဆောင်မှ စကားဝိုင်းသည် သုံးဝိုင်းဖြစ်သွား၏။ စာလိပ်များ ဖတ်ပြီးသွားသော မာလာဒေဝီသည် ဟတ္ထိရာဇာနှင့် စကားလာပြောသည်။ မာလာဒေဝီအသည် တပ်မဟာဌာနချုပ်သို့ ရောက်နေသော မန္တရာဇာနှင့် တွေ့ချင်နေသည်။

နောက်စကားဝိုင်းတစ်ဝိုင်းက ပံသုရာဇာနှင့် အိန္ဒကတို့ ဖြစ်သည်။ သူတို့သည် နှစ်ရှည်လများ ရန်သူကို လက်တွဲတိုက်ခဲ့ကြသူများဖြစ်၍ ရင်းနှီးကျွမ်းဝင် ဖြစ်နေကြပြီ။ အထက်နှင့်အောက်ဟူသော အဆင့်အတန်းကွဲပြားမှုကိုပင် ကျော်လွန်ပြီး ရင်းနှီးနေကြလေသည်။ သူတို့နှစ်ဦး၏ စကားဝိုင်းက လတ်တလော ရန်သူ့သတင်းနှင့်စစ်ရေးအခြေအနေ ကြိုတင်ခန့်မှန်းချက်များ ဖြစ်သည်။

စကားပြောကောင်းနေကြသော်လည်း ပံသုရာဇာက စကားစဖြတ်လိုက်သည်။ ခရီးပန်းလာကြသော အိန္ဒက၊ ဟတ္ထိရာဇာနှင့် သတ္တိဗလတို့ကို ရေမိုးချိုး အနားယူကြရန် ညွှန်ကြားလိုက်သည်။ ဖုလဲနန္ဒာ နှင့် မာလာဒေဝီကိုလည်း တပ်ရင်းမှူးနှစ်ဦးကို ညည့်ခံမည့် ညစာစားပွဲအတွက် ကွပ်ကဲစီမံရန် ခိုင်းလိုက်၏။ သူကိုယ်တိုင်ကမူ ရန်သူ့သတင်း အစီရင်ခံရန် လာကြသော အထောက်တော်များနှင့် တွေ့ဆုံရန် ပြင်ဆင်နေလေသည်။ ရန်သူ့သတင်းကို မဆုပ်ကိုင်မိသောကြောင့် အလစ်အငိုက် ခံရဖူးသည်ဖြစ်ရာ နောက်ပိုင်းတွင် ပံသုရာဇာ မပေါ့လျော့တော့ပေ။

ယနေ့ လာရောက်အစီရင်ခံသော အထောက်တော်သတင်းများတွင် သတင်းတစ်ခုသည် ပံသုရာဇာအတွက် အထူးအဆန်း ဖြစ်နေ၏။ နယ်စပ်တစ်လျှောက် မိမိ တပ်များနှင့် ရင်ဆိုင်တပ်စွဲထားသော ရန်သူ့တပ်များသည် အင်အားဖြည့်တင်းခြင်းလည်း မပြု၊ ရိက္ခာစု



ဆောင်းခြင်းလည်း မပြု၊ စခန်းများ ပြုပြင်ခြင်းလည်း မရှိဘဲ သည်အတိုင်း ငြိမ်သက်နေဆဲ ဖြစ်၏။ ဤငြိမ်သက်မှုအရဆိုလျှင် ရန်သူသည် တော်တော်နှင့် ထိုးစစ်ဆင်ဦးမည်မဟုတ်ဟု သုံးသပ်နိုင်သည်။ သို့ရာတွင် ဤသို့ ငြိမ်သက်နေသော ရန်သူသည် သူ့တပ်မှ စစ်မြင်းများကို သံခွာရိုက်နေသည်ဟူသော သတင်းကို ကြားရသောကြောင့် ပံသုရာဇာအတွက် အထူးအဆန်း ဖြစ်နေခြင်းပင်။

စစ်မြင်းများကို သံခွာရိုက်ခြင်းသည် သေချာပေါက် ခရီးဝေးထွက်ရန် ပြင်ဆင်ခြင်းဖြစ်၏။ သို့သော် စစ်အင်အားဖြည့်တင်းခြင်းလည်း မရှိ၊ ရိက္ခာစုဆောင်းထားခြင်းလည်း မရှိသောရန်သူသည် မည်ကဲ့သို့ ခရီးဝေး ထွက်မည်နည်း။ သူတို့ တပ်စွဲထားသော စစ်စခန်းများကို သည်အတိုင်း ပစ်ထား၍ ခရီးဝေးထွက်တိုက်မည်လော။ ဤမျှတော့ သူတို့ စွန့်စားလိမ့်မည်မထင်။ ဤ စွန့်စားမှုသည် သူတို့အတွက် ကိုယ်ကျိုးနည်းစေနိုင်၏။ သူတို့ စွန့်ခွာခဲ့သော စခန်းများကို မိမိတို့ကသာ ဝင်ကိုင်ထားလိုက်ပါက သူတို့ပြန်စရာလမ်းပေါက်ပင် ရှိမည်မဟုတ်တော့။

မစွန့်စားဘူး၊ မတိုက်ဘူးဆိုလျှင် အတော်ကလေး ဝေးလံသော သူတို့ တိုင်းပြည်သို့ ပြန်ရန် ပြင်ဆင်ခြင်းပင်လော။ သည်နှစ် ခြောက်သွေ့ရာသီတွင် ထိုးစစ် စစ်ဆင်ခြင်း မလုပ်တော့ဟု ဆုံးဖြတ်လိုက်ပြီလော။ ဤသို့ ဆုံးဖြတ်ခြင်းသာမှန်ပါက မိမိတို့ မဟာသူရိယတိုင်းပြည်ကြီးသည် စစ်ဘေးစစ်ဒဏ်မှ ကင်းလွတ်သွားမည် ဖြစ်ပေသည်။ သို့သော် အရာကိစ္စတို့သည် ဤမျှ လွယ်ကူမည်မထင်။

ပံသုရာဇာသည် စဉ်းစားရင်းနှင့် လုံးလည်ချာလည် လိုက်နေသည်။ သို့နှင့် သူသည် ဆက်မစဉ်းစားတော့ဘဲ ညစာစားပွဲလုပ်ခါမှ တပ်ရင်းမှူးများနှင့် တိုင်ပင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် မိမိ ရခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော အဆိုပါသတင်းကိုမူကား ခိုစာနှင့်ရော၊ လူခြေမြန်တော်နှင့်ပါ တပ်မဟာဌာနချုပ်သို့ ပေးပို့လိုက်ပြီ ဖြစ်၏။ သူတို့လည်း ဤသတင်း အပေါ် စဉ်းစားသုံးသပ်ကြပေလိမ့်မည်။

ဤသို့ဖြင့် နယ်စားမင်းကြီး တည်ခင်းဧည့်ခံသော ညစာစားပွဲ အချိန်သို့ ရောက်လာလေသည်။ လူသိပ်မများသောကြောင့် စားပွဲဝိုင်း ငါးဝိုင်းနှင့် လောက်သည်။ နယ်စားမင်းကြီးမိသားစုနှင့်အတူ အိန္ဒက၊ ဟတ္ထိရာဇ၊ သတ္တိဗလနှင့် စံအိမ်တော်စောင့် ကင်းတပ်တပ်မှူးတို့ ထိုင်ကြသည်။

စားရင်းသောက်ရင်း စကားပြောရင်းနှင့် နယ်စားမင်းကြီး ပံသုရာဇက ညနေက သူရထားသော ရန်သူ့သတင်းကို ပြောပြလိုက်သည်။ အားလုံး ဝိုင်းဝန်းသုံးသပ်ကြရန်လည်း တိုက်တွန်းလိုက်သည်။ ထိုအခါ သမီးတော် မာလာဒေဝီက ရှေးဦးစွာ တုံ့ပြန်၏။

"ခမည်းတော်ကတော့ သွားလဲ ဒီစိတ်၊ စားလဲ ဒီစိတ်ဆိုသလို ဖြစ်နေပြီ၊ ညစာစားပွဲမှာ ဧည့်သည်တော်တွေကို စိတ်လွတ် ကိုယ်လွတ် စားပါစေလား ခမည်းတော်ရယ်၊ ဒီ စစ်ရေးကိစ္စကြီးကို ခဏထားပါဦးလား"

"မဖြစ်ဘူး သမီးတော်၊ ရန်သူက စစ်တိုက်လာပြီဆိုရင် ဧည့်ခံပွဲရှိလို့ဆိုပြီး မတိုက်ဘဲနေမှာ မဟုတ်ဘူး၊ သတင်းတစ်ခုကိုရတာနဲ့ ဝိုင်းဝန်းစဉ်းစားသုံးသပ်ပြီး မှန်ကန်တဲ့သုံးသပ်ချက်တစ်ခု အမြန်ဆုံး ဆွဲထုတ်နိုင်ဖို့လိုတယ်၊ ဒါကြောင့် ခမည်းတော် အားမနာနိုင်တာပါ"

"မှန်ပါတယ်၊ နယ်စားမင်းကြီးပြောတာ မှန်ပါတယ်၊ ကျွန်ုပ်တို့လည်း စစ်သားတွေပဲမို့ ဘယ်တုန်းကမှ အစားအသောက်ကို ဖြောင့်ဖြောင့်တန်းတန်း စားရတယ်ဆိုတာ မရှိပါဘူး၊ အားနာတော်မမူပါနဲ့ အရှင့်သမီးတော် မာလာဒေဝီဘုရား"



တပ်ရင်းမှူးအိန္ဒကသည် ပြေရာပြေကြောင်း ဝင်ရောက်ပြောဆိုလိုက်သည်။ ဟတ္ထိရာဇသည် သတင်းကို ကြားရသည်နှင့်တစ်ပြိုင်နက် ပံသုရာဇ ခံစားသကဲ့သို့ ခံစားရလေသည်။ စစ်မြင်းများကို သံခွာရိုက်ခြင်းသည် ခရီးဝေးထွက်ရန် ပြင်ဆင်ခြင်း ဖြစ်ပေသည်။ ဤအချက်ကို သူ ကောင်းကောင်းသိသည်။ သူကိုယ်တိုင်လည်း ရွှေမြို့တော်မှ မထွက်ခွာမီ သူ့ စီးတော်မြင်းကို သံခွာရိုက်ခဲ့သည်။

ထိုစဉ်က သံခွာကို သတ္တိဗလကိုယ်တိုင် ရိုက်ပေးခဲ့ခြင်းဖြစ်ပြီး ဟတ္ထိရာဇကို မြင်းခြေထောက်အား ချုပ်ကိုင်ထားစေခဲ့သည်။ ဤသို့ဖြင့် သတ္တိဗလသည် ဟတ္ထိရာဇကို သံခွာရိုက်နည်း သင်ပေးခဲ့သည်။ သံခွာရိုက်ခြင်းဖြင့် မြင်းသည် တောင်တက် တောင်ဆင်းခရီးများကို ကောင်းမွန်မြန်ဆန်စွာ သွားနိုင်ခြင်း၊ ဖိနပ်စီးထားသကဲ့သို့ဖြစ်၍ မြင်းခွာကို ထိခိုက်ပွန်းပဲ့မှု မရှိနိုင်ခြင်းစသည့် ကောင်းကျိုးများ ရှိပုံကိုလည်း ရှင်းပြခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဟတ္ထိရာဇအဖို့ ရန်သူ့သတင်းအပေါ် ဝေဖန်သုံးသပ်ခြင်းနှင့် ပတ်သက်၍ ပထမဆုံးအတွေ့အကြုံကို ကြုံတွေ့ရတော့မည် ဖြစ်သည်။ သူသည် ကိုယ်တိုင်လည်း စဉ်းစားသုံးသပ်နေသကဲ့သို့ တပ်ရင်းမှူးကြီးအိန္ဒက မည်သို့သုံးသပ်ပြောဆိုလာမည်ကိုလည်း နားစွင့်နေလိုက်၏။

တပ်ရင်းမှူးအိန္ဒကသည် သူပြောထားသကဲ့သို့ပင် အစားအသောက်ကို စိတ်ဖြောင့်လက်ဖြောင့် မစားနိုင်သကဲ့သို့ စကားကိုလည်း စိတ်ဖြောင့်လက်ဖြောင့် ပြောနိုင်သူ မဟုတ်ပေ။ စားရင်းသောက်ရင်းနှင့် ရန်သူ့သတင်းကို သုံးသပ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နယ်စားမင်းကြီးကတော့ ဘယ်လို သုံးသပ်မလဲ မသိဘူး၊ ကျွန်ုပ်ကတော့ ယခုချက်ချင်းကို တပ်လှန့်လိုက်ချင်တာပဲ၊ ရန်သူ ထိုးစစ်ဝင်ဖို့ရှိတယ် အထူးသတိရှိကြရန်လို့ တပ်တွေကို ညွှန်ကြားလိုက်ချင်တယ်၊ ပြီးတော့ ရန်သူ့စခန်းတွေရဲ့ အခြေအနေကို အဆက်မပြတ် ထောက်လှမ်းဖို့ စီစဉ်သင့်တယ်၊ အချိန်တစ်မောင်းတိုင်း တစ်မောင်းတိုင်း ရန်သူ့သတင်းကို သိနေဖို့ လိုတယ်၊ ရန်သူ့စခန်းတွေရှိတဲ့ ဒေသကို အထောက်တော်တွေ မပြတ်လွှတ်ထားဖို့ လိုတယ်"

ပံသုရာဇာကလည်း ချက်ချင်းပြန်လည်ဆွေးနွေးသည်။

"တပ်ရင်းမှူးပြောတဲ့အတိုင်း ကျွန်ုပ်လည်း ချက်ချင်း တပ်လှန့်ချင်ပါတယ်၊ ဒါပေမဲ့ သိတဲ့အတိုင်း တပ်မဟာမှူးတွေရဲ့ သုံးသပ်ချက်ကိုလည်း သိချင်လို့ လှမ်းမေးထားတယ်၊ တော်တော်ကြာ ဘာမှမဟုတ္တတဲ့ သတင်းတစ်ပုဒ်ကြောင့် တပ်တွေပင်ပန်းရတယ်ဆိုပြီး တပ်မဟာမှူးတွေက ငြိုငြင်နေမှာစိုးလို့ ရန်သူ့သတင်း အဆက်မပြတ် ရရှိရေးအတွက်ကိုတော့ တပ်ရင်းမှူးပြောသလို ကျွန်ုပ်စီစဉ်ဆောင်ရွက်ထားပါတယ်"

"ဒါဆိုရင်လည်း ဒီလိုလုပ်ရင် မကောင်းဘူးလား နယ်စားမင်းကြီး၊ နယ်စားမင်းကြီးက တပ်မဟာဌာနချုပ်ရဲ့ သဘောထားကို စောင့်၊ ကျွန်ုပ်နဲ့ ဒု-ရင်းမှူးအဖွဲ့က အခု ညစာစားပွဲပြီးတာနဲ့ တပ်ရင်းဌာနချုပ်ကို ပြန်တော့မယ်၊ ကျွန်ုပ်ရဲ့တပ်ရင်းကို ကျွန်ုပ်ဘာသာ တပ်လှန့်ထားမယ်၊ နယ်စားမင်းကြီးအနေနဲ့လည်း တပ်မဟာရဲ့ သဘောထားစောင့်ရင်း ကိုယ့်နယ်မြေတပ်တွေကို တပ်လှန့်ထားစေချင်တယ်၊ ကျွန်ုပ်တို့ တွေ့ရင်း ၅နဲ့ နယ်စားမင်းကြီးရဲ့ နယ်မြေတပ်တွေက ရှေ့တန်းရဲ့ ရှေ့တန်းကို ရောက်နေတာမို့ သတိပေးကြလို့ မဖြစ်ဘူး"



"တပ်ရင်းမှူးက ရန်သူဝင်ရောက်တော့မယ်လို့ တစ်ထစ်ချ ယူဆထားလို့လား"

"မှန်ကြောင်းပါ နယ်စားမင်းကြီးဘုရား၊ ဒါကြောင့် ကျွန်ုပ်တို့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူးလို့ စဉ်းစားမိပါတယ်"

'ဒီလိုလဲ စဉ်းစားကြည့်ပါဦး တပ်ရင်းမှူးရယ်၊ စစ်အင်အားထပ်ဖြည့်တာ မရှိဘဲနဲ့သူတို့က ထွက်တိုက်ရဲပါ့မလား၊ သူတို့ စခန်းတွေကို ကျွန်ုပ်တို့က ဝင်သိမ်းလိုက်မှာ သူတို့ မစိုးရိမ်ကြဘူးလား"

"မှန်လှပါ၊ ကျွန်ုပ်က ဒီလိုလဲ စဉ်းစားမိလို့ပါ၊ ဘယ်လိုလဲဆိုတော့ အင်အားဖြည့်မယ့် တပ်တွေမရောက်ခင် သူတို့က ကြိုတင်ပြင်ဆင်ထားမယ်၊ အင်အားဖြည့်တပ်တွေ ရောက်တာနဲ့ ချက်ချင်းထွက်တိုက်ဖို့ ကြိုတ်ကြံထားမယ်ဆိုတာမျိုးပါဘုရား"

ပံသုရာဇာသည် ထိုင်ရာမှ ထရပ်လိုက်သည်။ စားပွဲခုံကိုလည်း လက်နှင့်ပုတ်လိုက်သည်။

"ကောင်းလိုက်တဲ့ စဉ်းစားနည်းပေပဲ တပ်ရင်းမှူး၊ ကျွန်ုပ်တို့ အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ တပ်မဟာရော၊ နယ်မြေတပ်တွေပါ တိုက်ပွဲဝင်ဖို့ အသင့်ပြင်ဆိုပြီး ကျွန်ုပ် အမိန့်ချလိုက်တော့မယ်၊ ကင်းတပ်မှူး အမိန့်စာရေးဖို့ စီစဉ်စမ်းဟဲ့"

ကင်းတပ်မှူးသည် စားပွဲမှ ချက်ချင်းထပြီး ထွက်သွားသည်။ ဟတ္ထိရာဇာသည် ကွမ်းမြွမပျက် ဆက်လက်စားသောက်ရင်း တပ်ရင်းမှူးအိန္ဒတ၏ သုံးသပ်ပုံကို သဘောကျနေသည်။ တွေဝေခြင်းမရှိ ရဲရင့်ပြတ်သား၏။ ဤကဲ့သို့သော တပ်ရင်းမှူးတစ်ဦးနှင့် လက်တွဲခွင့်ရသည်ကို သူ ကျေနပ်သွားသည်။ သူသည် မာလာဒေဝီကို လှမ်းကြည့်လိုက်သောအခါ မဲ့ပြုံးနေသည်ကို တွေ့ရသည်။ မာလာဒေဝီကား သူ့ဖခင်၏

www.burmeseclassic.com



စစ်ရေးတတ်ကျွမ်းမှုကို နှစ်သက်ပုံမရပေ။ သူက ပြန်ပြုံးပြလိုက်သည်။

ပံသုရာဇာသည် စားပွဲဝိုင်းတွင် ပြန်ထိုင်ရင်း ပြောလိုက်၏။

"ကဲ-ကဲ-စားတာတော့ အေးအေးဆေးဆေး ဆက်စားကြ၊ စစ်သားတွေဆိုတာ အဲဒီလိုပဲ လုပ်ရင်းကိုင်ရင်း ပြောရင်းဆိုရင်း ဝအောင်စားတတ်ဖို့လိုတယ်"

ဟတ္ထိရာဇာသည် မာလာဒေဝီ၏ မဲ့ပြုံးကို တွေ့ရပြန်လေသည်။

## အခန်း (၁၉)

တပ်ရင်းမှူး အိန္ဒကနှင့် ဒုရင်းမှူး ဟတ္ထိရာဇာတို့အဖွဲ့သည် ညတွင်းချင်း ခရီးနှင်ပြီး တပ်ရင်းဌာနချုပ်သို့ ပြန်ခဲ့ကြသည်။ အတိုဆုံးလမ်းကြောင်းမှ ဖြတ်၍ပြန်ခဲ့ကြသည်ဖြစ်သော်လည်း ခရီးအတန်လှမ်းသောကြောင့် နောက်တစ်နေ့ညနေမှ ရောက်ကြသည်။ ရောက်ရောက်ချင်းပင် တိုက်ပွဲသတင်းကို ကြားရသည်။

ရန်သူ့တပ်ရင်းတစ်ရင်းသည် ညဖက်တွင် စစ်ချီခြင်းဖြင့် ရှေ့ဆုံးတန်းမှ တပ်ရင်း ၅ ၏ စခန်းများကို ဖြတ်ကျော်သွားကာ ပန်းဆောင်အမည်ရှိသောအရပ်၌ ရတနာ့ပန်းခင်းနယ်မြေတပ်အချို့နှင့် တစ်နေ့လုံး ပြင်းထန်စွာ တိုက်ပွဲဖြစ်ကြသည်ဆို၏။ ရန်သူ့ထိုးစစ်ကို မခံနိုင်သောကြောင့် နယ်မြေတပ်တို့ ဆုတ်ပေးရပြီး နေရာအချို့ကို ရန်သူတို့ သိမ်းပိုက်ရရှိသွားသည်ဟု သိရလေသည်။ ရန်သူ့အင်အားဖြည့်တပ်များလည်း ရောက်နေပြီဟု အထောက်တော်သတင်းများအရ သိရှိရသောကြောင့် အိန္ဒကဏ်၏ခန့်မှန်းချက်သည် ကွက်တိ မှန်ကန်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒု-ရင်းမှူးရော အသင်တောင် နယ်မြေနှံ့အောင် မလှည့်ရသေးဘူး တိုက်ပွဲကစပြီ၊ အဲဒီတော့ စိတ်ကူးယဉ်မနေနဲ့ ရဲဘော်၊ တိုက်ပွဲဝင်ဖို့ အသင့်ပြင်လို့ ပြောရတော့မှာပဲ"

အိန္ဒကာ၏စကားကြောင့် ဟတ္ထိရာဇာ ပြုံးမိသည်။

"ကျွန်ုပ်မှာ စိတ်ကူးယဉ်စရာ ဘာမှမရှိပါဘူး တပ်ရင်းမှူး၊ တိုက်ပွဲဝင်ဖို့ပဲ စိတ်‹ ‹က်သန်နေတာပါ၊ ဒါကြောင့် တပ်ရင်းမှူးက ကျွန်ုပ်ကို စစ်ရေးအတတ်ပညာတွေ များများသင်ပေးပါလို့ တောင်းဆိုချင်ပါတယ်"

"ဒီအတွက်တော့ မပူပါနဲ့၊ ကျွန်ုပ်နဲ့အတူ လက်တွဲပြီး တိုက်ပွဲဝင်ရင်း လက်တွေ့ထဲကနေ စစ်ရေးအတတ်ပညာတွေ တတ်သိသွားမှာပါ၊ ပြီးတော့ စိတ်ကူးယဉ်စရာတွေလည်း ပေါ်လာမှာပါ"

"ဘာကိုဆိုလိုတာလဲ တပ်ရင်းမှူး"

"ဆိုလိုတာကတော့ ရှင်းပါတယ်၊ ရတနာပန်းခင်းနယ်မြေမှာ အချောအလှတွေပေါတယ် ဒု-ရင်းမှူးရဲ့၊ အဲဒီတော့ တိုက်ရင်းခိုက်ရင်းကနေ စိတ်ကူးယဉ်စရာတွေ ပေါ်လာနိုင်တယ်လေ၊ စစ်သားဖြစ်လာပြီဆိုရင် နဖူးစာရွာလည်တတ်တယ် ဒု-ရင်းမှူးရဲ့"

ဟတ္ထိရာဇာသည် ပြုံးရာမှ အသံထွက်အောင်ပင် ရယ်မိသည်။

"အခုအထိတော့ ကျွန်ုပ်မှာ စိတ်ကူးယဉ်စရာ မရှိသေးပါဘူး၊ တပ်ရင်းမှူးပြောသလို ပေါ်လာတော့လည်း ကောင်းတာပေါ့ တပ်ရင်းမှူးရဲ့"

အိန္ဒကာသည် ရယ်နေရာမှ မျက်နှာပိုးသတ်လိုက်၏။ ထို့နောက် ဟတ္ထိရာဇာကို ညွှန်ကြားလိုက်သည်။



"ဒု-ရင်းမှူးလည်း အနားယူ ရေမိုးချိုးတော့၊ ကျွန်ုပ်လည်း အနားယူ ရေမိုးချိုးမယ်၊ ပြီးတော့ ကျွန်ုပ်အခေါ်လွှတ်တဲ့အခါ လာခဲ့၊ ဒီည ကျွန်ုပ်တို့ ညစာအတူတူစားပြီး ကြက်ခေါင်းကြည့်ကြမယ်၊ ပြီးတော့မှ မနက်ဖြန်အစီအစဉ်တွေကို ဆွေးနွေးကြတာပေါ့"

ဟတ္ထိရာဇာသည် သတ္တိဗလနှင့်အတူ မိမိတို့နှစ်ဦးအတွက် စီစဉ်ပေးထားသော အိပ်ဆောင်ဘက် ထွက်ခဲ့သည်။ သတ္တိဗလသည် ဟတ္ထိရာဇာ၏ စီးကုန်းပေါ်မှ အိပ်ရာဖုံကို ထမ်းယူခဲ့သည်။ အိပ်ဆောင်တွင် ဟတ္ထိရာဇာအတွက် အိပ်ရာကို သူကိုယ်တိုင်ပင် ပြင်ပေးသည်။ ဤသို့ ပြင်ဆင်ပေးရခြင်းအတွက် သတ္တိဗလသည်' ကျေနပ်ပီတိ ဖြစ်၏။ ဟတ္ထိရာဇာအပေါ် သူက တူမောင်တစ်ဦးသဖွယ် သဘောပိုက်ထားလေသည်။

ဟတ္ထိရာဇာသည် သူ့အတွက် အိပ်ရာပြင်ပေးနေသော သတ္တိဗလကို ထိုင်ကြည့်နေရင်း မေးခွန်းတစ်ခု မေးလိုက်၏။

"ဦးရီးတော် သတ္တိဗလ၊ ခုနတုန်းက တပ်ရင်းမှူးအိန္ဒကပြောတဲ့ စကားထဲမှာ သားတော်မရှင်းလိုက်တဲ့ စကားတစ်ခွန်းရှိတယ်၊ ကျွန်ုပ်တို့ ညစာအတူတူစားပြီး ကြက်ခေါင်းကြည့်ကြမယ်တဲ့၊ ကြက်ခေါင်းကြည့်တယ်ဆိုတာ ဘာလဲ ဦးရီးတော်သတ္တိဗလ"

"ကြက်ခေါင်းကြည့်တယ်ဆိုတာ ကြက်ခေါင်းကြည့်တာပဲပေါ့ အရှင့်သားရဲ့"

"ရှင်းလိုက်လေ ဦးရီးတော်ရယ်၊ ဒီထက်ရှင်းအောင် မပြောတတ်တော့ဘူးလား ဦးရီးတော်ရဲ့၊ ကြက်ခေါင်းကြည့်တာကို နားမလည်ပါဘူးဆိုမှ ကြက်ခေါင်းကြည့်တာပဲဆိုတော့ သားတော်က ဘယ်လိုလုပ် သဘောပေါက်ရတော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြပါ့မယ် အရှင့်သား၊ တပ်ရင်းမှူးက ဒီည ညစာစားပွဲမှာ ကြက်သားဟင်း ချက်ခိုင်းထားလိမ့်မယ်၊ အရှင့်သားနဲ့ ကျွန်ုပ်တို့ ကြက်သားဟင်းနဲ့ ညစာ စားရလိမ့်မယ်၊ ဒါပေမဲ့ ကြက်ခေါင်းနဲ့ ကြက်ပေါင်နှစ်ချောင်းကိုတော့ ကျွန်ုပ်တို့ စားရမှာမဟုတ်ဘူး၊ ကြက်ခေါင်းနဲ့ ကြက်ပေါင်နှစ်ချောင်းကို တပ်ရင်းမှူးအတွက် သီးသန့်ခွဲထားပေးလိမ့်မယ်၊ တပ်ရင်းမှူး ၁ ကြက်ခေါင်းကို အရင်စားမယ်၊ စားရင်းနဲ့ သက်ဆိုင်ရာ အရိုးတွေကို ဆွဲထုတ်ပြီးကြည့်မယ်၊ ပြီးတော့ နိမိတ်ဖတ်မယ်၊ နိမိတ်အဟောထုတ်မယ်၊ အဲဒါကို ကြက်ခေါင်းကြည့်တယ်လို့ ပြောတာပဲ"

"ကြက်ခေါင်းကြည့်ပြီး ဗေဒင်ဟောတာပေါ့"

"ဒီလိုလဲ ပြောလို့ရပါတယ်"

"ကြက်ပေါင်နှစ်ချောင်းကျတော့ရော"

"ကြက်ပေါင်နှစ်ချောင်းကျတော့ တပ်ရင်းမှူးက အသားတွေကို စားပစ်မယ်၊ ကျန်တဲ့ကြက်ပေါင်ရိုးနှစ်ချောင်းကို အပေါက်ကလေးတွေရှာပြီး လက်နှစ်ဆစ်လောက်ရှိတဲ့ တုတ်ချောင်းကလေးတွေနဲ့ ထိုးမယ်၊ တုတ်ချောင်းကလေးတွေ ထိုးစိုက်ထားတဲ့ ကြက်ပေါင်ရိုး နှစ်ချောင်းကို ယှဉ်ထားပြီး အဲဒီတုတ်ချောင်းကလေးတွေရဲ့ အနေအထားကို လေ့လာမယ်၊ ပြီးတော့ နိမိတ်ဖတ်မယ်၊ နိမိတ်အဟောထုတ်မယ်၊ တုတ်ချောင်းကလေးတွေရဲ့ အနေအထား ဘယ်လိုရှိရင် ဘယ်လိုဟောရမယ်ဆိုတာကိုတော့ သူ့အစောကြီးကတည်းက သင်ယူထားရတာပေါ့၊ အဲသလို ဟောတာကို 'ကြက်ရိုးဗေဒင်' လို့ ခေါ်ကြတယ်၊ 'ကြက်ရိုးထိုးတယ်' လို့လည်း ပြောကြတယ်"

"အဲဒီလိုလား၊ ကြက်ရိုးထိုးတယ်ဆိုတာ ကြက်ရိုးနဲ့လိုက်ထိုးတာ မဟုတ်ဘူးနော်၊ ကြက်ရိုးကို တုတ်ချောင်းကလေးတွေနဲ့ ထိုးစိုက်တာကို ပြောတာကိုး၊ အဲဒီတုတ်ချောင်းကလေးတွေက ဘာနဲ့လုပ်တာလဲ ဦးရိုးတော်"



"ဝါးကိုခွဲစိတ်ပြီး လုပ်ရပါတယ် အရှင့်သား၊ ကြက်ရိုးမှာရှိတဲ့ အပေါက်ကလေးတွေထဲ ထိုးစိုက်ရလွယ်အောင် ထိပ်နှစ်ဖက်လုံးကို ချွန်ထားရပါတယ်"

"ကြက်ပေါင်ကို သားတော် ခဏခဏ စားဖူးပါတယ်၊ ဒါပေမဲ့ ကြက်ပေါင်ရိုးကို တစ်ခါမှ အသေအချာ မကြည့်ဖူးဘူး၊ ကြက်ပေါင်ရိုးဆိုရင် ထိပ်နှစ်ဖက်က အရိုးနုကလေးတွေကို ကိုက်စား၊ ပေါ်လာတဲ့ ရိုးတွင်းခြင်ဆီတွေကို စုပ်ပြီး လွှင့်ပစ်လိုက်တာပဲ၊ ဒီတော့ ကြက်ပေါင်ရိုးမှာ အပေါက်ကလေးတွေ ရှိ-မရှိ ဘယ်သိတော့မလဲ၊ ကြက်ပေါင်ရိုးမှာ ရှိတယ်ဆိုတဲ့ အပေါက်ကလေးတွေက အတော်များသလား ဦးရိုးတော်သတ္တိဝလ"

"မများပါဘူး အရှင့်သား၊ ကြက်ပေါင်ရိုးတစ်ချောင်းမှာ အများဆုံး အပေါက်လေးပေါက်လောက်ပဲ ပါတတ်တယ်၊ တချို့ကြက်ပေါင်ရိုးမှာ သုံးပေါက်၊ တချို့က နှစ်ပေါက်၊ တချို့ဆို တစ်ပေါက်တည်းပါတယ်"

"အဲဒီလိုဆိုတော့ ဝါးတုတ်ချောင်းကလေးတွေရဲ့ အရေအတွက်ရော အနေအထားကလည်း အမျိုးမျိုးဖြစ်နေမှာပေါ့နော်"

"တုတ်ပါတယ် အရှင့်သား၊ အပေါက်ကလေးတွေရဲ့ စိုက်ဝင်ပုံဝင်နည်းတာလည်း မတူကြတော့ ဝါးတုတ်ချောင်းကလေးတွေ စောင်းနေတာ အမျိုးမျိုးဖြစ်တတ်ပါသေးတယ်၊ အဲဒီလို မတူကွဲပြားမှုတွေကနေ နိမိတ်အဟောတွေ အမျိုးမျိုးပေါ်ထွက်လာတာပေါ့"

"ရှင်းသွားပါပြီ ဦးရိုးတော်၊ သားတော်တို့ ရွှေမြို့တော်မှာကျတော့ ဘာဖြစ်လို့ အဲဒီလို ကြက်ခေါင်းကြည့်တာ၊ ကြက်ရိုးထိုးတာ မလုပ်ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါက စစ်တိုက်တဲ့အခါ အများဆုံးလုပ်တတ်ကြတဲ့ အလေ့အထ မို့ စစ်တပ်ထဲမှာပဲ ထွန်းကားပါတယ် အရှင့်သား၊ ရှေ့တန်းစစ်မျက်နှာ မှာ အများဆုံးလုပ်တတ်ကြပါတယ်၊ ဒါကြောင့် ရွှေမြို့တော်မှာ ဒီအလေ့ အထ မထွန်းကားတာပါ"

"ဦးရိုးတော် သတ္တိဗလရော ကြက်ခေါင်းကြည့်တတ်သလား"

"ကြည့်တတ်ပါတယ် အရှင့်သား"

"သားတော်ကို သင်ပေးလို့ ရမလား"

"ရပါတယ် အရှင့်သား၊ ကျွန်ုပ် ဒီလိုလုပ်ပါ့မယ်၊ ဒီည ညစာစားပွဲ မှာ တပ်ရင်းမှူးက ကြက်ခေါင်းကြည့်ပြီး ဟောကိန်းထုတ်ပါလိမ့်မယ်၊ တကယ်လို့ သူက အရှင့်သားကို သင်ပေးချင်တဲ့စိတ်ရှိရင် ဘာဖြစ်လို့ ဒီလို ဟောကိန်းထုတ်ရသလဲဆိုတာ ရှင်းပြပေးပါလိမ့်မယ်၊ အဲဒီအခါ အရှင့်သားက သူပြတဲ့ အရိုးကို ယူကြည့်လိုက်ပါ၊ သူ ရှင်းပြပြီးတဲ့အခါ ကျွန်ုပ်ကပါ ဖြည့်စွက်ရှင်းပြပြီး သင်ပေးပါ့မယ်"

"တကယ်လို့ သူက ရှင်းမပြဘူးဆိုရင်ကော"

"သူက ရှင်းမပြဘူးဆိုရင် အရှင့်သားက စပ်စုရလိမ့်မယ်၊ ကျွန်ုပ် ကိုလည်း ပြပါဦးဆိုပြီး တောင်းကြည့်လိုက်၊ တစ်ဝိုင်းထဲ စားသူချင်းမှာ အဲဒီလို တောင်းကြည့်ဖို့ အခွင့်အရေးရှိတယ်၊ အရှင့်သားက တောင်း ကြည့်လိုက်ပြီး လက်ထဲမှာကိုင်ထား၊ ကျွန်ုပ်က ဝင်ပြီးရှင်းပြပေးမယ်"

"ဦးရိုးတော်က ဝင်ပြီး ဟောကိန်းထုတ်လို့ရသလား"

"မရပါဘူး အရှင့်သား၊ အမြင့်ဆုံးအဆင့်ရှိတဲ့ အကြီးအကဲကသာ ဟောကိန်းထုတ်ခွင့် ရှိတယ်။ ဥပမာဆိုရင် ဒီည ညစာစားပွဲမှာ ကြက်ခေါင်းကိုစားခွင့်၊ ဟောကိန်းထုတ်ခွင့်ရှိသူဟာ တပ်ရင်းမှူး အိန္ဒကပါပဲ၊ အရှင့်သားတောင် စားခွင့်၊ ဟောကိန်းထုတ်ခွင့် မရှိပါဘူး



ဒါကြောင့် ကျွန်ုပ်အနေနဲ့ သူ ဘာကိုတွေ့ရလို့ ဒီလို ဟောကိန်း ထုတ်ရတယ်ဆိုပြီး ရှင်းပြခွင့်သာ ရှိပါတယ်၊ ဆရာကြီးဝင်လုပ်ပြီး ဟောကိန်းထုတ်ခွင့် မရှိပါဘူး"

ဟတ္ထိရာဇာသည် ပြည့်ပြည့်စုံစုံ သိသွားသဖြင့် ဆက်မမေးတော့။ သူ့အနီး၌ သတ္တိဗလရှိနေခြင်းသည် လုံခြုံရေးအတွက် အားကိုးရသည် သာမက ဗဟုသုတဖြည့်ဆည်းရေးအတွက်ပါ အကျိုးရှိသည်ဟု စိတ် ထဲက မှတ်ချက်ချနေဖြစ်သည်။

ဤသို့ဖြင့် ညစာစားပွဲကျင်းပသည့်အချိန်သို့ ရောက်ခဲ့သည်။ တပ်ရင်း ဌာနချုပ်၏ ညစာစားပွဲသည် ရွှေမြို့တော်ကို မဆိုထားနှင့်၊ နယ်စား မင်းကြီး၏ ညစာစားပွဲကိုပင် မမီပေ။ ဟင်းအမယ် ငါးမျိုးသာရှိသည်ကို ဟတ္ထိရာဇာ တွေ့ရသည်။ အမဲခြောက်ဖုတ် ဟင်းလျာတစ်ခွက်၊ အရည် တွဲကျဲနှင့် ချက်ထားသော ကြက်သားဟင်းတစ်ခွက်၊ တင်းချိုရည်တစ် ခွက်၊ ဟင်းသီးဟင်းရွက် တို့စရာတစ်ခွက်နှင့် တို့စားရန် အချဉ်ရည် တစ်ခွက်တို့သာပါ၏။ ညစာစားပွဲကို တပ်ခွဲမှူး၊ ဒု-ခွဲမှူးနှင့် လေးသည် တော်တပ်စု တပ်စုမှူးတို့ပါ တက်ရောက်ကြသည်။ ဟတ္ထိရာဇာတို့ တပ်ရင်းဌာနချုပ်သို့ ရောက်ခါစက ကျင်းပခဲ့သည့် မိတ်ဆက်ညစာ စားပွဲတွင် သတ္တိဗလပါ တက်ရောက်ခွင့်ရခဲ့သော်လည်း ယခုညစာ စားပွဲတွင်ကား ပါဝင်စားသောက်ခွင့် မရတော့ပေ။ သို့သော် ဒု-ရင်းမှူး ၏ကိုယ်ရံတော်ဖြစ်သဖြင့် နောက်တော်ပါးမှကပ်၍ ခစားခွင့်တော့ ရှိ သေးသည်။

ညစာစားပွဲသည် ထုံးစံအတိုင်း ခေါင်ရည်သောက်ခြင်းနှင့် စသည်။ ညစာစားပွဲ စတင်ပြီး အတန်ငယ်ကြာသောအခါ ကိုယ်ရံတော် တစ်ဦးက တပ်ရင်းမှူးအိန္ဒကရှေ့သို့ ဟင်းခွက်တစ်ခွက် လာချသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်းခွက်ထဲတွင် ကြက်ခေါင်းတစ်ခေါင်းနှင့် ကြက်ပေါင်နှစ်ပေါင်ကို ဟတ္ထိရာဇာ မြင်ရလေသည်။

အိန္ဒကသည် ကြက်ခေါင်းကို လှမ်းနှိုက်လိုက်သည်။ ထို့နောက် ဟတ္ထိရာဇာဘက်လှည့်၍ မေးလိုက်၏။

"ဒု-ရင်းမှူး ကြက်ခေါင်းကြည့်တာ မြင်ဖူးသလား"

"ကြက်ခေါင်းကြည့်တယ်ဆိုတာ ဘာမှန်းကိုမသိလို့ ခုနကပဲ ဦးရိုးတော်သတ္တိဗလကို မေးကြည့်ရသေးတယ်"

"ဒါဆိုရင် ကြက်ခေါင်းကြည့်နည်း သင်ထားရလိမ့်မယ်၊ စစ်တပ်တစ်တပ်ကို ဦးစီးတော့မယ်ဆိုရင် အဲဒီစစ်တပ်က ကျင့်သုံးတဲ့ ဓလေ့ထုံးစံတွေကို သိထားဖို့ လိုတယ်၊ ဒီတော့ တဖြည်းဖြည်းချင်း လေ့လာသွား၊ ကျွန်ုပ်ကိုလည်း မေးလို့ရတယ်၊ သတ္တိဗလကိုလည်း မေးပေါ့၊ အခုလဲ ကျွန်ုပ်က နည်းနည်းပါးပါး မိတ်ဆက်ပေးပါ့မယ်၊ ကဲ-အခု ကျွန်ုပ် ကိုင်ထားတဲ့ ကြက်ခေါင်းကိုကြည့်စမ်း၊ ဘာထူးခြားသလဲလို့"

အိန္ဒကသည် သူ့လက်ထဲကကြက်ခေါင်းကို ဟတ္ထိရာဇာမြင်အောင် ပြလိုက်၏။ ချက်ထားပြီးသား ကျက်ပြီးသား ကြက်ခေါင်းတစ်ခေါင်းကို ဟတ္ထိရာဇာမြင်ရ၏။ ဘာများ ထူးခြားပါသနည်း။ ခေတ္တမျှစူးစိုက်ကြည့်ပြီးသောအခါ ထူးခြားမှုကို သူ သတိပြုမိသည်။ ပုံစံမပျက်ခြင်းသည် ထူးခြားမှုပင်တည်း။ သာမန်ကြက်သားဟင်းများတွင် ထည့်ချက်သော ကြက်ခေါင်းတို့သည် ပုံစံပျက်သွားပြီ ဖြစ်၏။ ကြက်သားဟင်းချက်သူ အများစုသည် ကြက်ခေါင်းမှနေ၍ ကြက်နှုတ်သီးကို ခုတ်ထစ်ဖယ်ရှားပစ်လေ့ရှိကြသည်။ ကြက်နှုတ်သီးတွင် ညစ်ပတ်သောအရိအရွဲများ ပါရှိသောကြောင့် ဖြစ်၏။



ယခု ကြက်ခေါင်းကြည့်သော ကြက်ခေါင်းတွင်ကား နှုတ်သီးကို ခုတ်ဖြတ်ထားခြင်းမရှိ။ ပကတိနှုတ်သီးအတိုင်း ပုံစံမပျက်တည်ပေသည်။

"ထူးခြားတာက ပုံစံမပျက်တာပဲ ရင်းမှူး"

"မှန်တာပေါ့ ဒု-ရင်းမှူးရယ် ပုံစံမပျက်ဖို့ အဓိကပဲ"

"ဒါဆိုတော့ နှုတ်သီးထဲက အညစ်အကြေးတွေကို ဘယ်လိုလုပ်ပစ်သလဲ၊ ဒီအတိုင်းပဲ ထည့်ချက်လိုက်သလား"

"ကြုံကြုံဖန်ဖန်၊ ဒီအတိုင်းတော့ ထည့်မချက်ပါဘူး၊ စိတ်ရှည်လက်ရှည်နဲ့ ညစ်ထုတ်ပစ်ရတာပေါ့"

ပြောရင်းဆိုရင်းနှင့် အိန္ဒကသည် ကြက်ခေါင်းမှနေ၍ ကြက်အပေါ်နှုတ်သီးကို ဆွဲချွတ်လိုက်သည်။ ထို့နောက် နှုတ်သီးအချွန်ပိုင်းကို အောက်ဘက်ထား၍ ထောင်ကြည့်သည်။ ဟတ္ထိရာဇာသည် အိန္ဒက၏ ညာဘက်တွင် ထိုင်နေသည်ဖြစ်သောကြောင့် သူ ထောင်ကြည့်သည်ကို ထင်ထင်ရှားရှားပင် မြင်ရသည်။ ကြက်အပေါ်နှုတ်သီး၏ အပေါ်ပိုင်းသည် ရိုးတံသုံးခုသဖွယ်ဖြစ်နေပြီး ရိုးတံတစ်ခုလျှင် ခွသဖွယ် အတက်ကလေး နှစ်ခုစီရှိ၏။

"ကောင်းတယ်၊ အခုလို အတက်ကလေးတွေ၊ အချွန်ကလေးတွေ ပုံစံမပျက်ရှိနေတာ ကောင်းတဲ့နိမိတ်ပဲ၊ တစ်ခုခုကျိုးပဲ့နေတာဆိုရင် နိမိတ်မကောင်းဘူး၊ အသေးစိတ်တော့ နောက်မှလေ့လာတော့"

အိန္ဒကသည် သူ့လက်ထဲမှ အဆိုပါနှုတ်သီးကို ဟတ္ထိရာဇာလက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒု-ရင်းမှူးကြည့်ပြီးရင် တစ်ခွဲမှူးတွေကို လက်ဆင့်ကမ်းပေးလိုက်'

www.burmeseclassic.com

www.burmeseclassic.com



ဟတ္ထိရာဇာသည် သူ့လက်ထဲရောက်လာသော အပေါ်နှုတ်သီးကို ထောင်ကြည့်ရင်း နောက်တော်ပါးမှာရှိသော သတ္တိဗလကို တံတောင်နှင့် တွက်လိုက်သည်။ သတ္တိဗလက ဟတ္ထိရာဇာ၏ ပခုံးနားကပ်၍ တီးတိုးလေသံနှင့် သင်ပေးသည်။

"အလယ်က အရိုးတံကိုကြည့် အရှင့်သား၊ ညာဘက်အချွန်လေးတ နည်းနည်းပိုမြင့်တယ်၊ အဲဒါ ကျွန်ုပ်တို့ဘက်က ကံမြင့်နေပြီး ရန်သူဘက်က ကံနိမ့်နေတာကိုပြတယ်၊ ကောင်းပါတယ်၊ လက်ဆင့်ကမ်းလိုက်ပါ အရှင့်သား"

အဆိုပါ အပေါ်နှုတ်သီးရိုး တပ်ခွဲမှူးများလက်သို့ ရောက်သွားချိန်တွင် တပ်ရင်းမှူးအိန္ဒကသည် ကြက်ခေါင်း၏လျှာကို ဂရုတစိုက်နှင့် ဆွဲဖြုတ်လိုက်သည်။ လျှာသည် အသားမျှင်များနှင့်ဖုံးလွှမ်းပြီးပါလာသည်။ အိန္ဒကသည် ထိုအသားမျှင်များကို ရွေ့သွားများနှင့် ကိုက်ဆွဲလိုက်သောအခါ လျှာအရိုးနုများ ပေါ်လာလေသည်။ လျှာအရိုးနုများသည် နှင်တံသုံးချောင်းသဖွယ် ဖြာ၍နေ၏။

"ဒါလဲ ကောင်းတာပဲ၊ ချို့ယွင်းချက် မရှိဘူး"

အိန္ဒကသည် ရွှင်လန်းသောမျက်နှာနှင့် ကောက်ချက်ချသည်။ ထို့နောက် ဟတ္ထိရာဇာထံ လက်ပြောင်းပေးသည်။ သတ္တိဗလက ဘာမှ ပြောစရာမရှိဆို၍ ဟတ္ထိရာဇာသည် ကြက်လျှာအရိုးနုကို တပ်ခွဲမှူးများလက်သို့ ဆက်လက်ကမ်းပေးလိုက်သည်။

အိန္ဒကသည် ကြက်ခေါင်းမှနေ၍ ကြက်အောက်နှုတ်သီးရိုးကို ဆွဲဖြုတ်လိုက်သည်။ အပေါ်မှ အရေပြားများကို လက်နှင့်ဆွဲဖယ်လိုက်သောအခါ ကြက်အောက်နှုတ်သီးအရိုးသည် ထင်ရှားစွာပေါ်လာ၏။ အိန္ဒကသည် နှုတ်သီးထိပ်အဖျားပိုင်းကို သေချာစွာကြည့်၏။



"ကောင်းတယ်ဟေ့၊ ဘာအန္တရာယ်မှ မရှိဘူး"

ဟတ္ထိရာဇာသည် သူ့လက်ထဲ ကူးပြောင်းရောက်ရှိလာသော ကြက်အောက်နှုတ်သီးရိုးကို သတ္တိဗလအား ထောင်ပြလိုက်၏။

"နှုတ်သီးအဖျားကို ကြည့်ပါ အရှင့်သား၊ ဖြူဖွေးပြီး ရှင်းနေတာမို့ ဘာအန္တရာယ်မှမရှိဘူးလို့ ပြောတာပါ၊ တကယ်လို့သာ အဲဒီနေရာမှာ သွေးကွက်လို အနီစက်တွေတွေ့ရင် အန္တရာယ်ရှိတယ်လို့ နိမိတ်ကောက်ရမှာပါ၊ တိုက်ပွဲ ဖြစ်နိုင်တယ်လို့ ပြောရပါမယ်၊ အရှင့်သားလက်ထဲက အောက်နှုတ်သီးရိုးကို လက်ချောင်းနှစ်ချောင်းနဲ့ ညှစ်ကြည့်လိုက်စမ်းပါ"

ကြက်အောက်နှုတ်သီးရိုးသည် မီးညှပ်သဖွယ်ရှိရာ ဟတ္ထိရာဇာသည် လက်မနှင့်လက်ညှိုးကြားထားပြီး ညှစ်ကြည့်လိုက်၏။ ဟနေသော အရိုးနှစ်ခုသည် ချိတ်မိသွားပြီး ပြန်မဟတော့ပေ။

"အဲဒီလိုဖြစ်နေရင် မိမိတပ်အတွင်းမှာ စည်းလုံးညီညွတ်မှု ကောင်းတယ်လို့ ဟောလို့ရပါတယ် အရှင့်သား၊ မချိတ်မိဘဲ ပြန်ဟသွားရင်တော့ စည်းလုံးညီညွတ်မှု မရှိဘူးဆိုတာကို ပြပါတယ်"

သည်တစ်ခါတော့ အိန္ဒကသည် ကြက်ခေါင်းမှနေ၍ မျက်လုံးများ၊ အသားများနှင့် ဦးနှောက်များကို နှိုက်ထုတ်စားသောက်၏။ ဤသို့ဖြင့် ကြက်ဦးခေါင်းခွံသာ ကျန်တော့၏။ ကြက်ဦးခေါင်းခွံသည် ဖြူဖွေးပြီး သန့်ရှင်းနေ၏။

"ငါတို့တပ် ဒီတစ်ရက်နှစ်ရက်အတွင်း တိုက်ပွဲမတိုက်ရသေးဘူးဆော့၊ အားမွေးဖို့အချိန်ရတယ်ကွ"

ကျေကျေနပ်နပ်ကြီး ဟောကိန်းထုတ်လိုက်သော အိန္ဒကသည် ကြက်ဦးခေါင်းခွံရိုးကို ဟတ္ထိရာဇာထံ လွှဲပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့သာ ဒီဦးခေါင်းခွံရိုးမှာ သွေးကွက်လို အနီစက်တွေ၊ အနီကွက်တွေရှိနေရင် တိုက်ပွဲဖြစ်မယ်၊ သွေးထွက်သံယို ဖြစ်မယ်လို့ ဆိုလိုတယ်၊ ညာဘက်ဦးခေါင်းခွံရိုးမှာ အနီစက်တွေပေါ်ရင် ကိုယ့်ဘက်၊ ဘယ်ဘက်ဦးခေါင်းခွံရိုးမှာ အနီစက်ပေါ်ရင် ရန်သူ့ဘက်"

သတ္တိဗလက တီးတိုးသင်ကြားပေးသည်။

အိန္ဒကသည် ကြက်ခေါင်းနိမိတ်က အကောင်းချည်းပြနေသောကြောင့် ရွှင်လန်းနေ၏။ သူသည် ကြက်ပေါင်နှစ်ချောင်းကို ကောက်ယူကာ အသားများကို ဖဲ့ယူစားသောက်လိုက်သည်။ ထို့နောက် ပေါ်လာသော ကြက်ပေါင်ရိုးနှစ်ချောင်းအား သူ့နောက်ပါးမှ ခစားနေသော ကိုယ်ရံတော်ထံ ပေးလိုက်၏။ ကိုယ်ရံတော်က အသင့်ပြုလုပ်ထားသော နှစ်ဘက်ချွန် ဝါးတုတ်ချောင်းကလေးများကို ကြက်ပေါင်ရိုးတွင် အပေါက်ရှိသလောက် ထိုးစိုက်သည်။ ဘယ်ဘက်ကြက်ပေါင်ရိုးတွင် နှစ်ချောင်း၊ ညာဘက်ကြက်ပေါင်ရိုးတွင် နှစ်ချောင်းသာ စိုက်၍ရသည်။

"အဲဒီနိမိတ်က အန္တရာယ်မရှိတာကိုပဲ ညွှန်းပါတယ် အရှင့်သား"

သတ္တိဗလက ဟတ္ထိရာဇာကို ပြောပြလိုက်၏။

ဟတ္ထိရာဇာသည် ဤညစာ စားပွဲအပေါ် အလွန်ကျေနပ်အားရခဲ့သည်။ သူ့အတွက် ဗဟုသုတ များစွာတိုး၏။ ရှေ့တန်းစစ်မျက်နှာသည် သူ မျှော်လင့်ထားသလိုပင် ရင်ခုန်စရာအတွေ့အကြုံသစ်များနှင့် ပြည့်လျှမ်းလျက် ရှိပေသည်။

## အခန်း (၂၀)

ကြက်ခေါင်းကြည့်ရာတွင် ကောင်းသောနိမိတ်များကို တွေ့ရသည်ဆိုပြီး တပ်ရင်းမှူးအိန္ဒကက ပေါ့ပေါ့လျော့လျော့မနေ။ နောက်တစ်နေ့တွင် မိုးမလင်းမီ အိပ်ရာထသည်။ ဟတ္ထိရာဇာကိုလည်း နှိုးသည်။ လင်းအားကြီးအချိန်မှာပင် သူတို့နှစ်ဦးသည် ကိုယ်ရံတော်တစ်ဦးစီခေါ်ကာ တပ်ခွဲစခန်းများထံ လှည့်လည်စစ်ဆေးခဲ့၏။ ထူးခြားမှု ရှိ-မရှိ အကဲခတ်၏။ မည်သည့်ထူးခြားမှုမှ မရှိပေ။

သူတို့နှစ်ဦး တပ်ရင်းဌာနချုပ်သို့ပြန်လာကြစဉ် အိန္ဒကသည် ဟတ္ထိရာဇာကို မေးခဲ့၏။

"ဒု-ရင်းမှူးရေ၊ အခြေအနေကတော့ ဒု-ရင်းမှူးသိတဲ့အတိုင်း ရန်သူက ကျွန်ုပ်တို့ကိုကျော်ပြီး ကျွန်ုပ်တို့ရဲ့ နောက်ကျောဘက်မှာ ဝင်တိုက်နေပြီ၊ ဒီလိုအခြေအနေမှာ ကျွန်ုပ်တို့ ဘာလုပ်သင့်သလဲ"

"ကျွန်ုပ်တို့က တပ်မဟာဌာနချုပ်ရဲ့အမိန့်ကို စောင့်နေရမှာမဟုတ်လား ရင်းမှူး၊ တပ်မဟာဌာနချုပ်က ညွှန်ကြားတဲ့အတိုင်း လှုပ်ရှားရမှာ မဟုတ်လား၊ ဘယ်လို လုပ်သင့်တယ်၊ ဘယ်လို မလုပ်သင့်ဘူးဆိုတာကို ကျွန်ုပ်တို့က ဆုံးဖြတ်ပိုင်ခွင့်ရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟတ္ထိရာဇာ ပြန်ဖြေသည့် စကားကြောင့် အိန္ဒကက ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

“ဒု-ရင်းမှူးပြောတာ မမှားပါဘူး၊ ကျွန်ုပ်တို့ဟာ တပ်ရင်းအဆင့် အရာရှိတွေမို့ တပ်မဟာဌာနချုပ်ရဲ့အမိန့်ကို နာခံရမယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ တခြားဘက်တစ်ဖက်ကကြည့်ရင် တပ်မဟာဌာနချုပ်ဆိုတာ တပ်မဟာမှူးနဲ့ ဒု-တပ်မဟာမှူး နှစ်ယောက်တည်းနဲ့သာ သက်ဆိုင်တာ မဟုတ်ဘူး၊ ရှိတဲ့ တပ်ရင်းငါးရင်းက တပ်ရင်းမှူးတွေ၊ ဒု-ရင်းမှူးတွေနဲ့ပါ သက်ဆိုင်တယ်၊ ဒါကြောင့် အခြေအနေတစ်ရပ် ပေါ်ပေါက်လာရင် ဘယ်လို လုပ်သင့်တယ်ဆိုတာကို ကျွန်ုပ်တို့ တပ်ရင်းအဆင့်တွေကပါ ခေါင်းထဲထည့် စဉ်းစားထားရမယ်။ ဒါမှလဲ ကျွန်ုပ်တို့ရဲ့ ထင်မြင်ချက်တွေကို တပ်မဟာအဆင့်က တောင်းခံလာတဲ့အခါ ချက်ချင်း ဖြေကြားနိုင်မှာ”

“သဘောပေါက်ပြီရင်းမှူး၊ ကျွန်ုပ်တို့က တပ်ခွဲအဆင့်အရာရှိတွေနဲ့ ချိတ်ဆက်ထားရသလိုပေါ့”

ဟတ္ထိရာဇာသည် သဘောအပေါက်မြန်သည်။ အိန္ဒက၏ စေတနာကိုလည်း သူသိသည်။ အိန္ဒကသည် သူ့အား စစ်တပ်ဖွဲ့စည်းပုံ၊ ကွပ်ကဲပုံတို့ကို အပေါ်ယံသဘောမဟုတ်ဘဲ အနှစ်ကျကျ ရှင်းပြနေခြင်း ဖြစ်ပေသည်။

“သဘောပေါက်ပြီဆိုရင် ကျွန်ုပ် မေးတာကို ဖြေပေတော့၊ အခု အခြေအနေမျိုးမှာ ကျွန်ုပ်တို့ ဘာလုပ်သင့်သလဲ”

အိန္ဒက၏ မေးခွန်းကို ဟတ္ထိရာဇာက အမေးနှင့်ပင် တုံ့ပြန်သည်။

“ကျွန်ုပ်တို့ဆိုတာ ကျွန်ုပ်တို့ တပ်ရင်း (၅) ကိုပြောတာလား”

“ဟုတ်ပြီ၊ တပ်ရင်း (၅) အနေနဲ့ ဘာလုပ်သင့်သလဲ”



“တိုက်ပွဲဝင်ဖို့ အသင့်ပြင်ပြီး အထက်အမိန့်စောင့်နေဖို့ပဲ”

“တပ်မဟာဌာနချုပ်အနေနဲ့ရော”

“တိုက်ပွဲဝင်ဖို့ အသင့်ပြင်၊ ရန်သူ့ဦးတည်ချက်ကို သိအောင်ကြိုးစား၊ ရန်သူကိုတန်ပြန်ထိုးနှက်ဖို့ နည်းနာတွေရှာနိုင်အောင် အစည်းအဝေးအမြန်လုပ်”

“မဆိုးပါဘူး ဒု-ရင်းမှူးရဲ့ ဦးရီးတော် နယ်စားမင်းကြီး ပံသုရာဇာအနေနဲ့ရော ဘာလုပ်သင့်သလဲ”

‘သူက ဒီနယ်မြေမှာ အကြီးဆုံးဆိုတော့ တပ်မဟာဌာနချုပ်နဲ့ မပြတ်ဆက်သွယ်ပြီး အကောင်းဆုံးဦးဆောင်ရမှာလေ”

“ဒု-ရင်းမှူး ဟတ္ထိရာဇာအနေနဲ့ရော ဘာလုပ်သင့်သလဲ”

“တိုက်ပွဲအတွေ့အကြုံ လုံးဝမရှိသေးတာမို့ တပ်ရင်းမှူးခိုင်းတာ လုပ်ဖို့ပါပဲ”

ဟတ္ထိရာဇာ၏အဖြေစကားကြောင့် အိန္ဒက ပြုံးတုံ့တုံ့ဖြစ်သွားသည်။

“ကျွန်ုပ်အိန္ဒကအနေနဲ့ရော ဘာလုပ်သင့်သလဲ”

“တပ်ရင်းမှူးကတော့ အသစ်ရောက်လာတဲ့ ဒု-ရင်းမှူးကို မြန်မြန် တိုက်ပွဲဝင်တတ်အောင် သွန်သင်ပေးဖို့ပါပဲ”

အိန္ဒက ဟက်ဟက်ပက်ပက် ရယ်ဖြစ်သည်။

“ဒု-ရင်းမှူးဟာ အတော်လည်တာပဲ၊ လည်လည်ဝယ်ဝယ်ရှိတာကို ပြောတာပါ၊ လူလည်ကျတယ်လို့ မဆိုလိုပါဘူး”

စကားတပြောပြောနှင့်ပင် သူတို့အုပ်စု တပ်ရင်းဌာနချုပ်သို့ ပြန်ရောက်သွားကြ၏။ တပ်ရင်းဌာနချုပ်တွင် တပ်မဟာမှ ပေးပို့ထားသော အမိန့်စာက ဆီးကြိုနေသည်။

အမိန့်စာသည် လိုရင်းတိုရှင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"တပ်ရင်း (၅) မလှုပ်ရှားရ။ ကိုယ့်စခန်းများ ကိုယ်ကာကွယ်။ ရန်သူ တိုက်လာလျှင် ရှုပ်ရှုပ်ချွံချွံခုခံ။ ရင်းမှူး (သို့မဟုတ်) ဒု-ရင်းမှူးတစ်ဦးဦး တပ်မဟာဌာနချုပ် အစည်းအဝေးလာတက်ရန်" ဟူ၏။

အိန္ဒကနှင့် ဟတ္ထိရာဇာတို့သည် အမိန့်စာကို ခေါင်းချင်းဆိုင်ဖတ်ကြပြီးနောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးမိကြသည်။ အမိန့်စာသည် သူတို့ ဆွေးနွေးခဲ့သောအချက်အလက်များနှင့် သဘောချင်းတူနေသောကြောင့် ဖြစ်၏။

"ဒု-ရင်းမှူး ပြောတဲ့အတိုင်း တပ်မဟာကတော့ အစည်းအဝေး အမြန်ခေါ်နေပြီ၊ ကျုပ်တို့နှစ်ယောက်ထဲက ဘယ်သူ သွားတက်ကြမလဲ"

"ဒီကိစ္စလည်း တပ်ရင်းမှူးပဲဆုံးဖြတ်ပါ၊ ကျွန်ုပ်က နာခံရန် အသင့်ပါပဲ"

"အစည်းအဝေးဆိုတာကလည်း အကြံကောင်း ဉာဏ်ကောင်းတွေပေးရ၊ ဆွေးနွေးရမှာမို့ အရေးကြီးတာပဲ၊ ဒီမှာကလည်း တိုက်ပွဲဖြစ်ရင် စီမံရ၊ ကွပ်ကဲရမှာမို့ အရေးကြီးတာပဲ၊ အရေးကြီးတာချင်း အတူတူမှာ ကျွန်ုပ်က ဒီမှာပဲ နေခဲ့ချင်တယ်၊ ဒု-ရင်းမှူးပဲ အစည်းအဝေးသွားလိုက်ပါ"

"သွားဆိုလည်း သွားတာပေါ့၊ ကြည့်ရတာ ကျွန်ုပ်က တိုက်ပွဲအတွေ့အကြုံ မရှိသေးတော့ ဒီမှာတိုက်ပွဲဖြစ်လာရင် မစီမံတတ်၊ မကွပ်ကဲတတ်မှာစိုးလို့ ကျွန်ုပ်ကို မထားခဲ့ချင်တာ မဟုတ်လား"

ဟတ္ထိရာဇာက တည့်တည့်ကြီးမေးလိုက်သောအခါ အိန္ဒကသည် အနေရခက်သွား၏။ သို့သော် စစ်သားပီပီ ဟန်ဆောင်မနေတဲ့ သူလည်း တည့်တည့်ကြီး ပြန်ဖြေဖြစ်လေသည်။

"မှန်ပါတယ်၊ တစ်ကြိမ်၊ နှစ်ကြိမ် ကျွန်ုပ်နဲ့လက်တွဲပြီး တိုက်ပွဲဝင်ဖူးရင်တော့ ကိစ္စမရှိပါဘူး၊ အခု ဒု-ရင်းမှူးက အစိမ်းသက်သက်ဆိုတော့ စီမံကွပ်ကဲရာမှာ အသားမကျဖြစ်မှာစိုးရိမ်လို့ပါပဲ"



"တပ်ရင်းမှူးစိုးရိမ်တာ သဘာဝကျပါတယ်၊ ကျွန်ုပ်လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှု သိပ်မရှိလှသေးဘူး၊ ဒီတော့ အစည်းအဝေး အတွေ့အကြုံယူတာ ပိုကောင်းမယ်ထင်ပါရဲ့"

"ဟုတ်တယ်၊ အစည်းအဝေးဆိုတာလည်း အတွေ့အကြုံတစ်ရပ်ပဲ၊ အထူးသဖြင့် စစ်ဆင်ရေး အစည်းအဝေးမို့ ပို၍ စိတ်လှုပ်ရှားစရာကောင်းပါတယ်၊ စစ်နယ်မြေကြီးတစ်ခုလုံးကို ခေါင်းပေါ်စီးကနေခြုံပြီး ကြည့်ရှုသုံးသပ်ရမှာမို့ ဒု-ရင်းမှူး ပိုပြီး အမြင်ကျယ်လာမယ်၊ ပိုပြီး စဉ်းစားတတ်လာမယ်"

"အဲသလိုဖြစ်အောင် ကြိုးစားရမှာပဲ၊ ဒါဆို ကျွန်ုပ်က ခု ချက်ချင်း ထွက်ရမှာပေါ့"

"ဟုတ်တယ်၊ လမ်းမှာလည်း သိပ်မနားနဲ့၊ အမြန်ဆုံး ရောက်အောင်သွား"

"ကျွန်ုပ်နဲ့အတူ အင်အား ဘယ်လောက်ခေါ်သွားရမှာလဲ"

"သတ္တိဗလအပါ ကိုယ့်ရဲ့တော်ငါးယောက် ခေါ်သွားလေ၊ လေးသည်တော် တပ်စုကနေ ဒု-စုမှူးဦးစီး တပ်စိတ်တစ်စိတ်ခေါ်၊ တပ်စုမှူးဦးစီးတဲ့ လေးသည်တော်တပ်စုနှစ်စုကတော့ ကျွန်ုပ်နဲ့အတူ ချန်ခဲ့ရလိမ့်မယ်"

"လေးသည်တော် တပ်ဖွဲ့ကို မခေါ်တော့ဘူးလေ၊ ကိုယ့်နောက်ကြောင်းသွားတာပဲ၊ ကိုယ့်ရဲ့ ငါးယောက်တောင်များနေပြီ"

"ခေါ်သွားပါ၊ အခု ရန်သူစစ်ဆင်ရေးက နောက်ကြောင်း ဝင်မွှေတဲ့နည်းဆိုတော့ နောက်ကြောင်းဆိုပြီး ပေါ့လို့မရတော့ဘူး၊ လမ်းမှာလည်း သတိဝီရိယထားပြီးသွားနော်"

www.burmeseclassic.com

www.burmeseclassic.com



ဟတ္တိရာဇာသည် အိန္ဒကကို အရိုအသေပြုလိုက်၏။ ထို့နောက် အမြန်ဆုံး ထွက်ခွာနိုင်ရေးအတွက် အပြေးအလွှား ပြင်ဆင်လေတော့သည်။

ဟတ္တိရာဇာ ထွက်ခွာသောအခါ အိန္ဒကသည် နှုတ်ဆက်ရင်း အလေးအနက် မှာကြားသံမှုပြုသည်။

"အစည်းအဝေးမှာ စကားသိပ်မပြောနဲ့နော်၊ ပြောချင်ရင်လည်း နောက်ဆုံးမှပြော၊ သူများတွေကို အရင်ပြောပါစေ၊ သူများတွေရဲ့ စကားကို စဉ်းစားဆင်ခြင်သုံးသပ်ပြီးမှ ကိုယ်ကပြော၊ ဒါဆိုရင် အများအယူခံရဖို့ ရှိ ... ပွင့်ပွင့်လင်းလင်းပြောရရင် ဒု-ရင်းမှူးက အသက်သိပ်ငယ်လွန်းတော့ ဘယ်သူကမှ သိပ်အထင်ကြီးကြမှာ မဟုတ်ဘူး၊ ဒါကြောင့် ရှေ့ကနေထွက်ထွက်ပြောနေရင် အထင်မကြီးတဲ့ကြားက အမြင်ကပ်တာပါ အဆစ်ဖြစ်သွားဦးမယ်"

အိန္ဒကသည် ညီငယ်တစ်ဦးကို မှာကြားသလို မှာကြားနေသောကြောင့် ဟတ္တိရာဇာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။ သူ မှာကြားသည့်အတိုင်း လိုက်နာပါမည်ဟုလည်း ကတိပေးခဲ့၏။

အတည်ပေါက်မှာကြားမှုများ ပြီးဆုံးသောအခါ အိန္ဒကသည် ရယ်စရာပြောပြီး နှုတ်ဆက်၏။

"ဒု-ရင်းမှူးကို ကြိုပြောလိုက်ရဦးမယ်၊ တပ်မဟာဌာနချုပ်က ဆေးတပ်ဖွဲ့နဲ့တွဲထားတော့ ဆေးတပ်ဖွဲ့မှာက အပျိုတွေပေါတယ်၊ ဒု-ရင်းမှူးတို့အရွယ်တွေပဲ၊ အပျိုလည်ဖို့ မမေ့နဲ့နော်"

"သူနာပြုတွေလား"

"ဒါပေါ့၊ သူတို့က လူနာတွေကိုတင် ပြုစုတာမဟုတ်ဘူး။ လူကောင်းတွေအပေါ်မှာလည်း နွေးထွေးပါတယ်"



"တပ်ရင်းမှူးအပေါ်မှာရော နွေးထွေးသလား"

"ကျွန်ုပ်က စ,လွန်း နောက်လွန်းတော့ ကျွန်ုပ်အပေါ်မှာတော့ မနွေးထွေးကြဘူး၊ ခေါင်ရည်ထဲမှာ ဝမ်းနုတ်ဆေးခတ်တိုက်မယ်လို့ ကြိမ်းထားကြလို့ ကျွန်ုပ်မှာ သူတို့တိုက်တဲ့ ခေါင်ရည်ဆိုရင် မသောက်ရဲပေဘူးဗျ"

ဤသို့ဖြင့် ဟတ္တိရာဇာတို့အဖွဲ့ တပ်ရင်းဌာနချုပ်မှ ထွက်ခဲ့ရမြန်သည်။ ဝင်လိုက်၊ ထွက်လိုက်၊ သွားလိုက်၊ လာလိုက်နှင့် ဤသည်ပင်လျှင် ရှေ့တန်းစစ်မျက်နှာ၏ သဘောသဘာဝဖြစ်သည်ကို ဟတ္တိရာဇာ သဘောပေါက်လာသည်။ ထို့ကြောင့် သူသည် သတ္တိဗလကိုလှမ်း၍ သူ့အတွေးအမြင်အား ပြောပြလိုက်၏။

"ဦးရှိုးတော်သတ္တိဗလရေ၊ ကျွန်ုပ်က ဒီလိုစဉ်းစားမိတယ်၊ ဦးရှိုးတော်ရဲ့ ရှေ့တန်းစစ်မျက်နှာဆိုတာ စစ်တိုက်ရတဲ့ အချိန်ထက် လမ်းလျှောက်ရတဲ့ အချိန်က ပိုများနေတယ်ထင်ပါရဲ့"

"မှန်ပါတယ် အရှင့်သား၊ လမ်းလျှောက်ရတဲ့ အချိန်ထက် စစ်တိုက်ရတဲ့အချိန်က ပိုများနေရင်တော့ ဒုက္ခရောက်ပြီပေါ့၊ ရှေ့တန်းစစ်မျက်နှာမှာ အဲသလိုလည်း ဖြစ်တတ်ပါသေးတယ်"

"ရှေ့တန်းစစ်မျက်နှာမှာ ဖြစ်တတ်တာတွေအားလုံးကို ကျွန်ုပ်တို့ကိုယ်တွေ့ကြုံနေကြပြီနော်၊ အခုလို လှုပ်ရှားသွားလာနေရတာကို အိပ်မက်မက်နေတာများလားလို့ ကျွန်ုပ် တွေးမိသေးတယ် ဦးရှိုးတော်"

"အိပ်မက်မဟုတ်ပါဘူး အရှင့်သား၊ အသက်နဲ့ရင်း၊ သွေးနဲ့ရင်းပြီး တကယ်တမ်း တိုက်ခိုက်ကြရဦးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

တပ်မဟာဌာနချုပ် စစ်ဆင်ရေးအစည်းအဝေးသို့ တက်ရောက်သူ မများလှသော်လည်း နည်းလှသည်တော့မဟုတ်။ နယ်စားမင်းကြီးပံသုရာဇာ၊ တပ်မဟာမှူး နှစ်ဦး၊ တပ်မဟာစစ်ဦးစီးမှူးနှင့် စစ်ဦးစီး အကြံပေးအဖြစ် တာဝန်ထမ်းဆောင်နေသည့် မင်းသားမန္တရာဇာ၊ တပ်မဟာမှ တိုက်ရိုက်ကွပ်ကဲသည့် တပ်ရင်းငါးရင်းမှ တပ်ရင်းအဆင့်အရာရှိ ငါးဦးတို့ ပါဝင်ကြ၏။ နယ်စားမင်းကြီး တိုက်ရိုက်ကွပ်ကဲသော နယ်မြေခံတပ်ရင်းများမှ တပ်ရင်းမှူးများ အစည်းအဝေးမလာနိုင်။ ရန်သူနှင့် လုံးလားထွေးလားဖြစ်နေကြ၏။

အစည်းအဝေးခန်းမအလယ်တွင် ရတနာပန်းခင်းနယ်မြေတစ်ခုလုံးကို ပုံစံတူတည်ဆောက်ထားသည့် သဲမြေပုံကြီးရှိသည်။ သဲမြေပုံပေါ်တွင် မိမိတပ်နှင့် ရန်သူတပ်တို့၏ တပ်တည်နှင့် စစ်အင်္ဂါ အခင်းအကျင်းများကို သစ်သားတုံးများနှင့် ခင်းကျင်းပြသထား၏။ ထို့ကြောင့် အစည်းအဝေးပါဝင်သူတို့သည် စစ်မြေပြင်တစ်ခုလုံးကို အပေါ်စီးမှ ကြည့်ရသလို ရှင်းလင်းစွာ တွေ့မြင်ရလေသည်။



အစည်းအဝေးစသည်နှင့် တပ်မဟာစစ်ဦးစီးမှူးက ရန်သူထိုးစစ်နှင့်ပတ်သက်သည့် အခိုင်အမာအခြေအနေများကို သဲမြေပုံပေါ်တွင် ကျူတံတစ်ချောင်းနှင့် ထောက်ကာထောက်ကာ ရှင်းပြလေသည်။ ဟတ္ထိရာဇာသည် စစ်ဦးစီးမှူးပြောသမျှ ဂရုတစိုက်နားထောင်သည်။ သဲမြေပုံကိုလည်း ဂရုတစိုက်ကြည့်သည်။ ရန်သူတပ်တို့သည် မိမိတို့တပ်ရင်း (၅)၏ နောက်ကျောဘက်သို့ ဦးတည်နေသည်ဟု ခံစားရသည်။ ကြာလျှင် မိမိတို့တပ်ရင်း (၅) ကို ရန်သူတပ်တို့ ဝိုင်းပတ်မိသွားလိမ့်မည်ဟု ထင်မြင်ယူဆမိသည်။ သို့သော် သူ့အမြင်ကို သူထုတ်မပြောချေ။ တပ်ရင်းမှူးအိန္ဒက မှာထားသလို သူများတွေ ပြောတာကို အရင်နားထောင်ရပေဦးမည်။

ကျန်တပ်ရင်း (၄)ရင်းသည် ဒု-ရင်းမှူးများကို တပ်တွင်ထားခဲ့ကာ တပ်ရင်းမှူးများ အစည်းအဝေးတက်လာကြသည်။ ထို့ကြောင့် သူတို့ (၄) ဦးစလုံးသည် ဟတ္ထိရာဇာအပေါ် အရှင့်သားဟူသော အသိနှင့် ရိုကျိုးကြသော်လည်း ဒု-ရင်းမှူးတစ်ဦးအဖြစ်နှင့်မူ အထင်ကြီးမှုမရကြချေ။ သူတို့ အထင်မကြီးခြင်းအတွက် ဟတ္ထိရာဇာ စိတ်မကွက်၊ ဟတ္ထိရာဇာသည် ကိုယ့်ကိုယ်ကိုလည်း အထင်မကြီးသေးချေ။ လူကြီးသူကြီး တကယ့်စစ်သားကြီးများ အလယ်တွင် မိမိသည် ဥမကွဲသားပေါက်ကလေးသာ ဆိုတော့ ... မမြောက်သေးဟုသာ ခံယူထားလေသည်။ ထို့ကြောင့် သူသည် ကျန်တပ်မှူးများက သူ့အပေါ်ဆက်ဆံသည့် ဟန်ပန်အမူအရာအပေါ် လုံးဝ ဂရုမစိုက်။ အဆိုပါ တပ်မှူးတို့၏ ထင်မြင်ယူဆချက်များကိုသာ အရေးတယူ နားထောင်လေသည်။ လက်ရှိစစ်ရေးအခြေအနေနှင့် ပတ်သက်သည့် သူတို့၏ ဝေဖန်သုံးသပ်ချက်များအပေါ် အာရုံစိုက်၍ မှတ်သားခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူး ၄ ဦးတို့သည်လည်းကောင်း၊ တပ်မဟာမှူး နှစ်ဦးတို့သည်လည်းကောင်း ရန်သူက မိမိတို့ နယ်မြေအတွင်း ထိုးဖောက်ဝင်ရောက်လာခြင်းသည် မိမိတို့၏ တိုင်းသူပြည်သားများအကြား၌ မိမိတို့အား အရှက်ကွဲစေလို၍ဟု ယူဆကြသည်။ ရန်သူတို့သည် ဆက်လက်၍လည်း နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ကြလိမ့်ဦးမည်ဟု ထင်နေကြသည်။ ထိုသို့ထင်သည့်အတိုင်း သူတို့ တုံ့ပြန်လိုသည့် စစ်ဆင်ရေးမှာ တပ်စခန်းများကို အခိုင်အမာကာကွယ်ရေး ဖြစ်၏။ ထို့နောက်မှ ထုတ်နုတ်အင်အားအချို့ဖြင့် ရန်သူကို ပြောက်ကျားတိုက်ခိုက်ရန် စဉ်းစားကြ၏။

ဒိဗ္ဗဟု အမည်ရှိသော တပ်မဟာမှူးဆိုလျှင် သူ၏ တောင်ဝှေးကြီးဖြင့် ရတနာပန်းခင်းနယ်မြေ သဲမြေပုံကြီးအပေါ် ဝေ့ဝဲလိုက်ပြီး အားရပါးရ ပြောနေသည်။

"ရန်သူရဲ့ ဒီလိုစစ်ဆင်ရေးမျိုးကို မြားဦးသဏ္ဍာန် စစ်ဆင်ရေးလို့ခေါ်တယ်၊ ဒီမှာကြည့်လေ၊ နယ်စပ်မျဉ်းကနေပြီး မြားတစ်စင်း ပစ်လွှတ်သလို ဝင်လာတာ၊ မြားကိုကာဖို့က ဒိုင်းပဲ၊ ကျုပ်တို့ရဲ့ စစ်စခန်းတွေကို ဒိုင်းလိုကာထားရမယ်၊ အရေးကြီးတဲ့ စစ်စခန်းတွေကို နယ်မြေတပ်တွေသာမက တပ်မဟာက တပ်တွေပါ ဖြည့်ပစ်မယ်"

တပ်မဟာမှူး၏ စကားကို ကြားရသူတိုင်း အားတက်နေကြသည်။ ဟတ္ထိရာဇာကမူ အခြားသူများနှင့် မတူ။ တပ်မဟာမှူးသည် ဤကဲ့သို့သော စကားမျိုးကို ပြောပိုင်ခွင့်ရှိမရှိဆိုသည့် အချက်ကို စဉ်းစားမိသောကြောင့် သိပ်အားမတက်။ တကယ်တော့ တပ်မဟာမှူးသည် သူ့ လုပ်ချင်တိုင်း လုပ်၍ရသည်မဟုတ်။ နယ်စားမင်းကြီးထံ အမိန့်ခံရသေးသည်။ နယ်စားမင်းကြီးကလည်း အရာရာကို လက်လွှတ်စပယ်



အမိန့်ချ၍မရ။ ရွှေမြို့တော်သို့ အစီရင်ခံရသေးသည်။ ရွှေမြို့တော်က ခွင့်ပြုမှ သူ ညွှန်ကြားချက်ပေးနိုင်သည်။ ဟတ္ထိရာဇာသည် ဤစနစ်ကို သိထားသောကြောင့် တပ်မဟာမှူး၏စကားသည် သူ့လုပ်ပိုင်ခွင့်ထက် ကျော်လွန်နေသည်ဟု စဉ်းစားနေမိသည်။

ဟတ္ထိရာဇာ စဉ်းစားနေချိန်တွင် ဒု-တပ်မဟာမှူးနှင့် တပ်ရင်းမှူး လေးဦးသည် တစ်ယောက်ပြီးတစ်ယောက် ထောက်ခံပြောဆိုနေကြသည်။ သူတို့ပြောဆိုပြီးစီးချိန်တွင် အစည်းအဝေးသည် တိတ်ဆိတ်ငြိမ်သက်သွားသည်။ အစည်းအဝေး တက်ရောက်သူတို့၏ မျက်လုံးတို့သည် ဟတ္ထိရာဇာကို လှမ်းကြည့်နေကြ၏။ အစဉ်အတိုင်းဆိုလျှင် တပ်ရင်း (၅) ဒု-ရင်းမှူး၏ အလှည့်။ သူ့စကား၊ သူ့ ထင်မြင်ချက်တို့ကို အားလုံးက ငံ့လင့်နေကြသည်။

"ဟတ္ထိရာဇာ၊ ဘာဝေးနေတာလဲ၊ မင်းလဲ မင်းအထင်နဲ့မင်းအမြင်ကို ထုတ်ပြောဦးလေ"

သဲမြေပုံထိပ်တွင် မိန့်မိန့်ကြီး ထိုင်နေသော နယ်စားမင်းကြီး ပသုရာဇာက တပ်ရင်း (၅) ဒု-ရင်းမှူး အသစ်စက်စက်ဖြစ်နေသော တူတော်မောင်ထံ လှမ်းသတိပေးလိုက်သည်။

ဟတ္ထိရာဇာသည် ပြောရန်ဟန်ပြင်လိုက်၏။ သို့သော် ပြောမထွက်ဖြစ်နေသည်။ သူ့အမြင်သည် တပ်မဟာမှူး၏ အမြင်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသောကြောင့် ထုတ်ဖော်ပြောကြားရန် သင့်မသင့် ချိန်ဆနေ၏။ သူ့ အမူအရာကိုကြည့်ပြီး တပ်မဟာမှူးက ဝင်ရောက်အားပေးလိုက်သည်။

"ဒု-ရင်းမှူး ဟတ္ထိရာဇာ၊ ရဲရဲသာပြော၊ သင့်အမြင်ဟာ ကျုပ်တို့အမြင်နဲ့ လုံးဝဆန့်ကျင်ဘက် ဖြစ်ရင်ဖြစ်နေလိမ့်မယ်၊ ဖြစ်ပါစေ၊ ပြော

www.burmeseclassic.com

www.burmeseclassic.com



သာပြော၊ သင့်အမြင်ကို ကျွန်ုပ်တို့ နားထောင်မယ်၊ ထည့်သွင်းစဉ်းစားမယ်၊ ဒါပေမဲ့ ဆုံးဖြတ်တဲ့အခါကျ သင့်အမြင်အတိုင်း ဖြစ်ချင်မှဖြစ်မယ်၊ အဲသလိုဖြစ်ရင်လည်း စိတ်ဓာတ်မကျရဘူး၊ သင့်အမြင်နဲ့ တူတူမတူတူ အထက်အမိန့်အတိုင်း တက်တက်ကြွကြွ ဆောင်ရွက်ရမယ်၊ ဒါဟာ ကျွန်ုပ်တို့ မဟာသူရိယတိုင်းနိုင်ငံက တပ်မတော်ရဲ့ အစဉ်အလာပဲ"

"မှန်ပါ၊ ဒါဆိုရင် ကျွန်ုပ်ရဲ့အမြင်ကို ပြောကြည့်ပါမယ်၊ လွဲချော်တာများ ရှိခဲ့ရင်လည်း ခွင့်လွှတ်ကြဖို့ အားလုံးကို ကြိုတင်တောင်းပန်လိုပါတယ်၊ ကျွန်ုပ် ကြည့်နေမိတာက ရန်သူရောက်ရှိနေတဲ့ နေရာတွေကိုပါပဲ"

အားလုံး သဲမြေပုံကို ပြန် ကြည့်ဖြစ်ကြသည်။ သဲမြေပုံတွင် ရန်သူ သိမ်းပိုက်ထားသော စစ်စခန်းများကို အလံနက်ကလေးများ စိုက်မြှုထားသည်။

"ရန်သူက နယ်စပ်ဒေသကနေ ကျွန်ုပ်တို့ကိုကျော်ပြီး အတွင်းပိုင်းတိုးဝင်တာမှာ မြို့နယ်နှစ်မြို့နယ်ရသွားတာ အားလုံးအသိပါပဲ။ အဲဒီမြို့နယ်တွေကနေ သူတို့တစ်တွေ ရိက္ခာထုတ်စားလို့ရသွားတာကြောင့် သူတို့ နောက်တန်းကနေ ပို့ပေးစရာ မလိုတော့ပါဘူး၊ အဲဒီလို ခြေကုပ်ရသွားတဲ့ ရန်သူဟာ ဆက်လှုပ်ရှားမယ်ဆိုရင် တပ်မဟာမှူးပြောတဲ့အတိုင်း အတွင်းပိုင်းကို ဆက်တိုးသွားနိုင်သလို ဘေးဘယ်ညာ တစ်ဘက်ဘက်ကိုလည်း ရန်ပြုလို့ရနေတာ တွေ့ရပါတယ်၊ သူတို့ရဲ့ ဘယ်ဘက်မှာ ကျွန်ုပ်တို့တပ်ရင်း (၅) ရှိနေပြီး ညာဘက်မှာတော့ နယ်မြေတပ်က တပ်ခွဲတစ်ခွဲ ရှိနေပါတယ်၊ အဲဒီတပ်ခွဲဟာ ကျောက်တောင်ကြီးတစ်တောင်ပေါ်မှာ အခြေပြုနေတာမို့ နေရာအလွန်ကောင်းပါတယ်၊ ကျွန်ုပ်တို့ တပ်ရင်း (၅) ကျတော့ မြေအနေအထား



သိပ်ကြမ်းတဲ့ တောင်ကုန်းတွေမှာ တပ်စွဲထားတာမို့ နေရာသိပ်မကောင်းပါဘူး၊ ဒါကြောင့် ရန်သူဟာ ဘေးဘယ်ညာတစ်ဘက်ဘက်ကို ရန်ပြုမယ်ဆိုရင် ကျွန်တော်တို့ တပ်ရင်း (၅) ကိုပဲ ရန်ပြုဖို့များပါတယ်"

ဟတ္ထိရာဇာသည် ပြောရင်းနှင့် နားထောင်သူများ၏ မျက်နှာကို အတဲခတ်ကြည့်လိုက်သည်။ သူတို့တစ်တွေသည် မိမိ၏ စကားအား စိတ်ပူတတ်သော ကလေးငယ်တစ်ဦး၏ စကားသဖွယ် သဘောထားနေကြပုံရသည်။ တပ်ရင်းမှူးတစ်ဦးဆိုလျှင် အောင့်အည်းမနေနိုင်ဘဲ ကြားဖြတ် ဝင်ပြောလာခဲ့၏။

"အသင်တို့ တပ်ရင်း (၅) ကို ရန်ပြုရင် အဲဒီပြုတဲ့ကောင် ပြားသွားမှာပေါ့၊ အသင်တို့ တပ်ရင်း (၅) ဟာ ကျွန်ုပ်တို့ တပ်မဟာမှာ အမာဆုံးတပ်ပဲ"

ဟတ္ထိရာဇာ စိတ်ညစ်သွားသည်။ အမာဆုံးဆိုသော အရာများသည် အခန့်မသင့်လျှင် ဖျတ်ခနဲ ကွဲတတ်သည်ကို ဤတပ်ရင်းမှူး စဉ်းစားမိလေသလော။ သို့သော် သူသည် ဤစကားကို ချေပခြင်းမပြုတော့ဘဲ သူထင်မြင်ချက်ကိုသာ ဆက်လက်ပြောဆိုခဲ့သည်။

"နောက်တစ်ချက်က ကျွန်ုပ်တို့ တပ်ရင်း (၅) ကို သူတို့ အနိုင်တိုက်နိုင်ရင် အခု သူတို့ရထားတဲ့ မြို့နယ်နှစ်နယ်ဟာ အပိုင်ရလိုက်တာ ဖြစ်သွားပါပြီ၊ ကျွန်ုပ်တို့ ပြန်တိုက်သိမ်းဖို့ မလွယ်တော့ပါဘူး"

"တပ်ရင်း (၅) ကို အနိုင်တိုက်ဖို့ဆိုတာ သူတို့ ဆယ်နှစ်လောက်ကြိုးစားလိုက်ဦး"

စောစောက တပ်ရင်းမှူးပင် ဝင်ပြောသည်။ ဤတပ်ရင်းမှူးသည် တပ်ရင်း (၁) မှ ဖြစ်၏။ သူသည် တပ်ရင်း (၅) ကို သူ့တပ်ရင်းထက် ပင် အထင်ကြီးထားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်း (၁) တပ်ရင်းမှူး၏စကားကို တပ်မဟာမှူး ဒီဗွကလည်း ဝင်ရောက်ထောက်ခံဆွေးနွေးသည်။

"၃-ရင်းမှူး ဟတ္ထိရာဇာက တပ်ရင်း (၅) ကို ခုမှရောက်တာဆိုတော့ ကိုယ့်တပ်ရင်းရဲ့ တိုက်ရည်ခိုက်ရည်ကို မသိသေးလို့ စိတ်ပူနေတယ် ထင်ပါရဲ့၊ မပူနဲ့ ၃-ရင်းမှူး အရင်နှစ်တွေတုန်းကလည်း ဒီအတိုင်းပဲကွဲ့၊ ရန်သူဟာ တပ်ရင်း (၅) စခန်းကို ဝိုင်းရံတိုက်ခိုက်တယ်။ တစ်ချိန်တည်းမှာပဲ တပ်အင်အားတချို့က နောက်ပိုင်းကို ဝင်မွှေတယ်။ ကျွန်ုပ်တို့ရဲ့ တပ်ရင်း (၅) က ကြံ့ကြံ့ခံထားနိုင်တော့ နောက်ပိုင်းဝင်မွှေတဲ့တပ်တွေကို ကျွန်ုပ်တို့က ဗျူဟာမြောက် ရင်ဆိုင်သွားနိုင်တာပေါ့။ နောက်ဆုံးတော့ သူတို့ရဲ့ ထိုးစစ်ကို ရုတ်သိမ်းသွားရတာချည့်ပဲ။ ဒါကြောင့်လည်း ဒီနှစ်ဆိုရင်ကြည့် တပ်ရင်း (၅) ကို တိုက်ဖောင်မတိုက်ဘဲ နောက်ပိုင်း ဝင်မွှေဖို့ပဲ လုပ်တော့တယ်"

တပ်မဟာမှူး စကားဆုံးသည်နှင့် ဟတ္ထိရာဇာက ဝင်ထောက်သည်။

"အရင်နှစ်တွေက ဝိုင်းရံ တိုက်ခိုက်တယ်ဆိုတာ မျက်နှာချင်းဆိုင်ကနေပဲ ဝိုင်းခဲ့တာ မဟုတ်လား၊ ဒီတစ်ခါတော့ နောက်ကနေ ပတ်တိုက်ချင်သလားမှ မသိတာ"

တပ်ရင်း (၅) ၏ ခံစစ်စခန်းများသည် ကျောဘက်တွင် ပျော့သည်ကို ဟတ္ထိရာဇာ လေ့လာခဲ့ပြီး ဖြစ်သည်။

"ကျွန်ုပ်ကို ကြားဖြတ်ဆွေးနွေးခွင့်ပြုပါ"

ဝင်ရောက်ပြောဆိုသူမှာ စစ်အကြံပေး မန္တရာဇာဖြစ်သည်။ မန္တရာဇာသည် ဟတ္ထိရာဇာ၏ပြောပုံပြောနည်းကို ဟန့်တားလိုသည်။ အသက်ကလေးငယ်ငယ်နှင့် ဝါရင့်တပ်မှူးကြီးများကို စကားနိုင်လုဟန်ပေါ်လာသောကြောင့် ဝင်ရောက်ထိန်းသိမ်းခြင်းဖြစ်၏။



"၃-ရင်းမှူး ဟတ္ထိရာဇာ၊ သင့်အနေနဲ့ ဤမျှ အကြံပေး ဆွေးနွေးရင်တော်လောက်ပြီ ထင်ပါရဲ့၊ သင့်ရဲ့ ဆွေးနွေးချက်ကိုလည်း ကျွန်ုပ်တို့ စဉ်းစားပေးပါ့မယ်၊ သင်ကလည်း တပ်မဟာမှူးနဲ့ တပ်ရင်းမှူးတွေရဲ့ ဆွေးနွေးချက်တွေကို စဉ်းစားပါဦး၊ သူတို့က သင့်ကို သူတို့ရဲ့ အတွေ့အကြုံတွေနဲ့ ယှဉ်ထိုး စဉ်းစားတတ်အောင် စေတနာနဲ့ ပြောပေးနေတာပါ"

မန္တရာဇာ၏ထိန်းသိမ်းမှုသည် ဟတ္ထိရာဇာအား အောင့်သက်သက်ဖြစ်စေလေသည်။ မိမိက လက်တွေ့မျက်တွေ့လေ့လာပြီး ပြောသောစကားများအပေါ် ဝမ်းကွဲနောင်တော် သဘောမပေါက်ချေတကား။ ရှိစေတော့လေ။ ဟတ္ထိရာဇာ ခွင့်လွှတ်လိုက်၏။ မိမိက စိတ်ရင်းစေတနာနှင့် ပြောနေခြင်းဖြစ်သော်လည်း သူတို့အမြင်တွင် လူတွင်ကျယ်လုပ်သည်ဟု ထင်ကောင်းထင်နေပေလိမ့်မည်။

ဤသို့ဖြင့် ပထမအဆင့် စစ်ဆင်ရေးအစည်းအဝေး ပြီးဆုံးသည်။ နောက်တစ်ဆင့်မှာ နယ်စားမင်းကြီးပံသုရာဇာနှင့် တပ်မဟာအဆင့်အရာရှိများချည့် သီးသန့်ဆွေးနွေးကြသောကြောင့် တပ်ရင်းမှူးများ ပါခွင့်မရတော့။ ထို့ကြောင့် ဟတ္ထိရာဇာအပါအဝင် တပ်ရင်းအဆင့်အရာရှိ ငါးဦးသည် တပ်မဟာဌာနချုပ်တွင် အနားယူချိန် လည်ပတ်ချိန်ရသွားသည်။

ဟတ္ထိရာဇာသည် သတ္တိဗလကို အဖော်ပြုကာ တပ်မဟာဆေးတပ်ဖွဲ့သို့ သွားရောက်လည်ပတ်ခဲ့သည်။ ဤတွင် ပုလဲနန္ဒာနှင့် မာလာဒေဝီတို့ကို ဆုံရလေသည်။ သူတို့နှစ်ဦးသည် ဆေးတပ်ဖွဲ့တွင် ဝင်ရောက်တာဝန်ထမ်းဆောင်နေကြ၏။ တပ်မဟာနှင့် ပူးတွဲလှုပ်ရှားနေသော တပ်မဟာဆေးတပ်ဖွဲ့အား ကူညီရမည်ဟု သူတို့နှစ်ဦးအား နယ်စားမင်းကြီးက ညွှန်ကြားထားသည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် အစ်မရယ်၊ ကုသိုလ်ရပါတယ်"

သတ္တိဗလက သူ့အစ်မ ပုလဲနန္ဒာအား အလိုက်အထိုက် ပြောလိုက်၏။

"အကုသိုလ်လည်း ရတတ်တယ်ဟဲ့၊ တချို့လူနာတွေက ရိသဲ့သဲ့နဲ့"

"အစ်မကို လုပ်ရဲလို့လား"

"ငါ့ကိုတော့ ဘယ်လုပ်ရဲ့ပါ့မလဲ၊ မာလာဒေဝီကို လုပ်မှာစိုးလို့ ဈက်ခြည်ပြတ်မခံရဲဘူး"

"အစ်မက မာလာဒေဝီကို ဂရုစိုက်သားပဲ"

"သူ့အဖေက ဂရုစိုက်ဖို့မှာထားတာကိုး"

မောင်နှမနှစ်ဦး အချီအချပြောနေသောစကားကို ဟတ္ထိရာဇာသည် မာလာဒေဝီနှင့် စကားပြောနေရာမှ ကြားနေရသည်။ ပုလဲနန္ဒာ၏ လေသံသည် လောကကြီးကို မကျေမနပ် ဖြစ်နေ၏။

"အစ်မမာလာရဲ့ မယ်တော်က အစ်မနဲ့ရော ဒီလိုပဲ မာဆတ်ဆတ်ပြောတတ်လား"

ဟတ္ထိရာဇာ၏ အမေးကို မာလာဒေဝီက မဆိုင်းမတွ ပြန်ဖြေသည်။

"ဒါ သူ့အကျင့်ပဲလေ၊ ဘယ်သူနဲ့ပဲဖြစ်ဖြစ် ဒီလိုပဲပြောတာပဲ၊ ဒါပေမဲ့ သဘောတော့ကောင်းပါတယ်"

"အစ်မမာလာကသာ သဘောကောင်းတယ် ပြောတာ၊ တပ်ကရဲမက်တွေကတော့ အစ်မမာလာရဲ့ မယ်တော်ကို ဘယ်သူမှ သဘောမတွေ့ကြဘူး"

"သူတို့သဘောတွေ့အောင်နေပေးရင် အရှိအသေတန်ကုန်ကြမှာပေါ့ဟဲ့"



"အရှိအသေမတန်အောင်ဆိုပြီး သိပ်ထန်လွန်းရင်လည်း မကောင်းဘူးလေ"

မာလာဒေဝီသည် ဟတ္ထိရာဇာကိုကြည့်ပြီး ပြုံးသည်။ သူ့အပြုံးမှာ လှောင်ပြုံးဖြစ်နေ၍ ဟတ္ထိရာဇာက မေးလိုက်သည်။

"ဘာဖြစ်လို့ ပြုံးတာလဲ"

"သိပ်မကြာခင်ကဘဲ အစ်ကိုတော်မန္တရာဇာပြောသွားတာ သတိရလို့ပါ၊ သူကပြောတယ်၊ ဟတ္ထိရာဇာဆိုတဲ့ကောင်၊ နို့နံ့တောင် မစင်သေးဘူး၊ ရှေ့တန်းလာပြီး စကားကြီးစကားကျယ်တွေ ပြောနေတယ်တဲ့"

ဟတ္ထိရာဇာ အောင့်သက်သက် ဖြစ်သွားပြန်သည်။

"ဘယ်လိုလဲ ဟတ္ထိရာဇာ၊ နင်စိတ်ဆိုးသွားပြီလား"

"ဆိုးတာပေါ့၊ ညီအစ်ကိုချင်း ပုတ်ခတ်တာကိုး"

"တို့ မောင်နှမတွေကြားပြောတာများ နင်ကစိတ်ဆိုးမနေစမ်းပါနဲ့၊ ဒါထက် နင် ဘယ်တော့ တပ်ရင်းပြန်ရမလဲ"

"အစ်မမာလာရဲ့ အဖေက တပ်မဟာမှူးကိုအမိန့်ချ၊ တပ်မဟာမှူးက ကျွန်ုပ်တို့ကို အမိန့်ချတဲ့အခါ ပြန်ရမှာပေါ့"

"မပြန်ခင် ခဏခဏ လာလည်နော်၊ တို့ဆေးတပ်ဖွဲ့က အချောအလှတွေ ပေါတယ်၊ ကြိုက်တာတွေ့ရင်ပြောနော်၊ တို့ မိတ်ဆက်ပေးမယ်"

"တော်ပါပြီ အစ်မမာလာရယ်၊ ကျွန်ုပ်က နို့နံ့မှ မစင်သေးဘဲ"

"ကြည့်စမ်း၊ အတေးအမှတ်ကလည်း ကြီးလိုက်တာ"

"အလကားပြောတာပါ၊ အချိန်လည်း ရမှာ မဟုတ်ပါဘူး၊ အရေးကြီးရင် ကြီးသလို ပြန်ရမှာမို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၂]

"ဒု-ရင်းမှူး၊ ထ-ထ တပ်မဟာမှူး ခေါ်နေတယ်"

ညကြီးမင်းကြီး ရဲမက်တစ်ဦး လာနှိုးသောကြောင့် ဟတ္ထိရာဇာ တပ်မဟာမှူးထံ သွားရသည်။ တပ်မဟာမှူးက သူ့ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်သည်။

"ဒု-ရင်းမှူးပြောတာ မှန်နေလို့ ခုလို ညကြီးမင်းကြီး နှိုးပြီး ပြောရတာပဲ၊ အခု ရန်သူတွေ မောင်ရင်တို့ တပ်ရင်း ၅ ကို နောက်ကနေ ပတ်ပြီးတိုက်နေပြီ"

ဟတ္ထိရာဇာသည် မိမိတွေးထင်ချက် မှန်နေသည်ကို ဂုဏ်ယူရမည့်အစား မိမိတပ်ရင်းအတွက် စိတ်ပူသွားသည်။

"ဟုတ်လား၊ အခြေအနေ ဘယ်လိုတဲ့လဲ တပ်မဟာမှူး၊ ကျွန်ုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

"သိပ်လဲစိတ်မပူပါနဲ့ ဒု-ရင်းမှူး၊ တပ်ရင်းမှူးအိန္ဒကာ ကြံ့ကြံ့ခံနေတယ်လို့သိရတယ်၊ ကျွန်ုပ်တို့လည်း စစ်ကူလွှတ်ဖို့ ပြင်နေတယ်"

"အဲဒီစစ်ကူနဲ့ ကျွန်ုပ် လိုက်သွားလို့ရမလား"



"လိုက်ရမှာပေါ့၊ လွှတ်မယ့် စစ်ကူဟာ လောလောဆယ် တပ်မဟာရဲ့ အရန်တပ်ဖြစ်နေတဲ့ တပ်ရင်း (၁) ပဲ၊ ဒု-ရင်းမှူးက တပ်ရင်း (၁) ဌာနချုပ်ရုံးနဲ့အတူ လိုက်သွားပြီး ကိုယ့်တပ်ရင်းနဲ့ကိုယ် ပြန်ပူးပေါင်းနိုင်ဖို့ပဲ၊ လမ်းမှာတော့ တပ်ရင်း (၁) တပ်ရင်းမှူးရဲ့ ဦးဆောင်မှုနဲ့သွား၊ ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ် တပ်မဟာမှူး၊ တကယ်လို့ တိုက်ပွဲဖြစ်ခဲ့ရင်ရော"

"တိုက်ပွဲဖြစ်ခဲ့ရင်လည်း တပ်ရင်း (၁) တပ်ရင်းမှူးရဲ့ အမိန့်ကိုပဲ နာခံ၊ သူက တိုက်ခိုင်းရင်တိုက်၊ သူက မတိုက်ခိုင်းရင် မတိုက်နဲ့၊ ဒု-ရင်းမှူးအနေနဲ့ ကိုယ့်တပ်ရင်းနဲ့ကိုယ် မပေါင်းမိမချင်း သူ့ညွှန်ကြားချက်တိုသာနာခံ၊ ဟုတ်ပြီလား၊ ကျွန်ုပ်လည်း သူ့ကို ကောင်းကောင်းမှာကြားလိုက်ပါ့မယ်၊ သူနာမည် သိတယ်မဟုတ်လား"

"သိပါတယ်၊ တိန္ဒုတဲ့"

"ဟုတ်တယ် တပ်ရင်း (၁) တပ်ရင်းမှူးတိန္ဒုက စကားပြောကြမ်းပေမဲ့ စိတ်ရင်းကောင်းပါတယ်၊ ဒု-ရင်းမှူး အခက်တွေ့အောင် လုပ်မှာမဟုတ်ပါဘူး"

ဤတွင် ဟတ္ထိရာဇာ ပြုံးဖြစ်သည်။

"စကားပြောကြမ်းတာကိုက တစ်ဖက်သားကို အခက်တွေ့အောင် လုပ်နည်းတစ်မျိုးပဲ၊ ဒါပေမဲ့ ထားပါတော့၊ အခက်တွေ့တာ မတွေ့တာတွေ ကျွန်ုပ် သိပ်ဂရုမစိုက်လှပါဘူး၊ ဘယ်လိုလူနဲ့ဖြစ်ဖြစ် အဆင်ပြေအောင် နေတတ်ပါတယ်"

"ဟုတ်လား၊ အဲဒီလို နေတတ်တာလဲ အရည်အချင်းတစ်ရပ်ပဲ ဒု-ရင်းမှူးရဲ့၊ ဆက်ကြိုးစားနော်၊ ဒု-ရင်းမှူးက အသက်ငယ်ပေမဲ့ ထက်ထက်မြက်မြက် ရှိတယ်ဆိုတာတော့ ကျွန်ုပ် လက်ခံသွားပါပြီ၊ ကဲ-ဒု-ရင်းမှူး အသင့်ပြင်ပေတော့၊ မိုးမလင်းခင် ခရီးထွက်ကြရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟတ္ထိရာဇာသည် သူ့အိပ်စက်ရာအဆောင်သို့ ပြန်ခဲ့သည်။ သတ္တိဗလသည် သူပြန်အလာကို ဆီမီးထွန်း၍ ထိုင်စောင့်နေသည်။

"ဦးရီးတော်ကလည်း အိပ်ရေးပျက်ခံလို့ဗျာ၊ ကိုယ့်ဘာသာ အိပ်နေပေါ့။ ထူးခြားရင် သားတော် လာနှိုးမှာပေါ့"

"ထူးခြားတယ်ထင်လို့ပါ အရှင့်သား၊ ဆက်အိပ်လို့လည်း မရတော့တာနဲ့ ထထိုင်နေလိုက်တာပါ၊ ကျွန်ုပ်ရဲ့နှာခေါင်းထဲမှာ သွေးညှီနံ့ ရနေသလိုပဲ"

ဟတ္ထိရာဇာသည် အသက်ကို သတိနှင့် ရှူသွင်းရှူထုတ်လုပ်ရင်း အနံ့ခံကြည့်လိုက်သည်။ သူကတော့ ဘာအနံ့မှမရ။ သတ္တိဗလသည် အဘယ်က သွေးညှီနံ့ကို လာရနေပါသနည်း။

"သားတော်ဖြင့် ဘာအနံ့မှ မရဘူး ဦးရီးတော်၊ အဲဒါ ဘာသဘောလဲ၊ သားတော် နှာခေါင်းလည်း ပိတ်မနေပါဘူး၊ မှန်းစမ်း၊ ဟုတ်ပါရဲ့၊ သားတော်ရဲ့ချိုင်းချွေးနံ့ကိုတောင် ကောင်းကောင်းရနေသားပဲ"

"အရှင့်သားက သွေးညှီနံ့ ဘယ်ရပ့်မလဲ၊ ဒါကတကယ့် အနံ့မှ မဟုတ်တာ၊ ကျွန်ုပ်ရဲ့အာရုံထဲက အနံ့ဖြစ်မှာပေါ့၊ အတိတ် နိမိတ်ပါပဲ၊ အတိတ်ကောင်း နိမိတ်ကောင်းတော့ မဟုတ်ပေဘူး"

"မှန်လိုက်လေ ဦးရီးတော်သတ္တိဗလရယ်၊ အတိတ်ကောင်း နိမိတ်ကောင်း မဟုတ်ဘူးဗျ။ ကျွန်ုပ်တို့ တပ်ရင်းကို ရန်သူတိုက်နေပြီတဲ့၊ တပ်မဟာမှူးက အဲဒါ ခေါ်ပြောတာ"

"ဟုတ်လား၊ ဒါဆို အရှင့်သားခန့်မှန်းတာ မှန်သွားတာပေါ့၊ တော်လိုက်လေ အရှင့်သားရယ်၊ အရှင့်သားကို လျှော့တွက်လို့ မရဘူးဆိုတာ ခေါင်းဆောင်ပိုင်းက သဘောပေါက်သွားမှာ သေချာတယ်၊ ဒါပေမဲ့ တစ်ဖက်ကကြည့်ရင်လည်း အမြင်ကတ်စရာတွေ ဖြစ်ကုန်တော့မှာပဲ"



"မတတ်နိုင်ဘူး ဦးရီးတော်ရေ၊ ကတ်ကာမှကတ်ရော၊ သားတော်ကတော့ ထင်တာမြင်တာတွေကို ရဲရဲရင့်ရင့် ပြောရတော့မှာပဲ၊ ဘာပဲပြောပြော သားတော်ဟာ လူငါးရာလောက်ကို ဦးဆောင်နေရတဲ့ ဗိုလ်မှူးတစ်ယောက် ဖြစ်နေပြီ၊ တစ်ခုခု မှားယွင်းလို့ကတော့ အသက်ငယ်လို့ ဆိုပြီး ညှာတာမှာ မဟုတ်ဘူး၊ ဥပဒေအရ အရေးယူမှာ သေချာတယ်"

"မှန်တယ် အရှင့်သား၊ တပ်မှူးတစ်ယောက် ဖြ နမှတော့ မပွင့်တပွင့် လုပ်နေလို့ မဖြစ်ဘူး၊ ပြောစရာရှိတာ ရဲရဲပြောပြီး လုပ်စရာရှိတာ ရဲရဲလုပ်မှဖြစ်မှာ၊ အခုရော၊ ကျွန်ုပ်တို့ ဘာလုပ်ကြရမှာလဲ"

ဟတ္ထိရာဇာသည် သတ္တိဗလကို တပ်မဟာမှူးညွှန်ကြားသမျှ ပြန်ပြောပြလိုက်၏။

"ဒါဆို အခုချက်ချင်းပဲ အသင့်ပြင်ရတော့မှာပေါ့နော် အရှင့်သား"

"ဟုတ်တယ် ဦးရီးတော် ပြင်ပေတော့"

သတ္တိဗလသည် မှူးတို့အဖွဲ့အား အသင့်ပြင်ကြရန် နှိုးဆော်လိုက်သည်။ သူကိုယ်တိုင်လည်း သွက်လက်ဖျတ်လတ်စွာ ပြင်ဆင်၏။

တစ်ခဏအတွင်း အသင့်ဖြစ်သွားသော ဟတ္ထိရာဇာနှင့်အဖွဲ့သည် အဆောင်မှထွက်၍ ဝင်းခြံထဲ ဆင်းရပ်နေကြသည်။ တပ်မဟာဌာနချုပ်တစ်ခုလုံး ဆီမီးရောင်များ ဝင်းလက်နေသည်ကို တွေ့ရ၏။ ကိုယ့်ဌာနနှင့်ကိုယ်၊ ကိုယ့်ကဏ္ဍနှင့်ကိုယ် အလုပ်ရှုပ်နေကြသည်။

ထိုအခိုက် ရဲမက်အချို့ မီးတုတ်များကိုင်၍ ဟတ္ထိရာဇာတို့အနီး ရောက်လာသည်။ ဦးဆောင်လာသူမှာ ဝမ်းကွဲနောင်တော် မန္တရာဇာ ဖြစ်၏။ ဟတ္ထိရာဇာက စစ်ဟန်ပါပါနှင့် မုဆိုးဒူးထောက် အရိုအသေပြုလိုက်၏။ မန္တရာဇာက အနီးသို့ ကပ်လာပြီး တွဲထူထရပ်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီတော် ဟတ္ထိရာဇာ စစ်ချီတော့မယ်ဆိုလို့ လာနှုတ်ဆက်တာ၊ ညီတော်ရဲ့ ထင်မြင်ချက်က လက်တွေ့နဲ့ ကိုက်ညီသွားတဲ့အတွက်လည်း ဂုဏ်ယူပါတယ် ညီတော်"

"ဒု-ရင်းမှူး ဟတ္ထိရာဇာလို့ပဲ ခေါ်ပါနောင်တော်၊ အဲဒါက နားအရသာ ပိုရှိပါတယ်၊ ကျွန်ုပ်ကလည်း နောင်တော့်ကို စစ်အကြံပေးမှူးလို့ပဲ ခေါ်ချင်ှဘယ်"

"ခေါ်ချင်သလိုသာခေါ်ပါ ဟတ္ထိရာဇာ၊ မာလာဒေဝီနဲ့ သူ့မယ်တော်လည်း ညီတော့်ကို လာနှုတ်ဆက်ကြဦးမယ်တဲ့၊ ခုန ဆေးတပ်ဖွဲ့အဆောင်ရှေ့မှာ တွေ့ခဲ့တယ်"

ပြော၍မဆုံးခင်မှာပင် မာလာဒေဝီနှင့် ပုလဲနန္ဒာတို့ ရောက်လာသည်။ သူတို့လက်ထဲတွင် အထုပ်ကလေးများ ပါလာကြသည်။ အမဲသားခြောက်နှင့် ဆိတ်သားခြောက်များ ဖြစ်သည်ဆို၏။ မိမိတို့မှာလည်း ရှိပြီးဖြစ်ပါသည်ဟု ငြင်း၍မရ။ အတင်းပေးကြသည်။ သတိဝီရိယရှိရန်နှင့် မရဲတင်းလွန်းရန်လည်း မှာကြသည်။ ဟတ္ထိရာဇာရော၊ သတ္တိဗလပါ သူတို့စိတ်ကျေနပ်အောင် ခေါင်းညိတ်နေကြရသည်။

တပ်မဟာမှူး ခေါ်ပြီဆိုမှ သူတို့လည်း အမှာရပ်သည်။ သို့တိုင်အောင် ပုလဲနန္ဒာက သတ္တိဗလကို သီးခြားမှာချင်သည်ဆိုကာ ဘေးသို့ ဆွဲထုတ်သွားသေးသည်။ တကယ်လည်း သီးသီးသန့်သန့် မှာကြား၏။

"ကိုယ့်မောင်နော်၊ ကိုယ့်မောင်အကြောင်း ကိုယ်သိလို့ သေသေချာချာ မှာလိုက်ဦးမယ်၊ ကိုယ့်အသက်ကိုလည်း ကိုယ်တန်ဖိုးထားဦး၊ စိတ်ရှုပေါက်ရင် ပေါက်သလို လျှောက်လုပ်မနေနဲ့"

ပုလဲနန္ဒာဆိုလိုသည့်အဓိပ္ပာယ်ကို သတ္တိဗလ သဘောပေါက်သည်။ ဘေးလူကြားလျှင် နားလည်ချင်မှ နားလည်မည်ဖြစ်သော်လည်း သူ



တော့ ရှင်းသည်။ သူမ၏စကားကို ဘာသာပြန်မည်ဆိုလျှင် ဟေမာသီရိကို စွဲလမ်းခြင်းဟူသော စိတ်ရှုပေါက်ကာ ဟေမာသီရိ၏ သားအတွက် အသက်စွန့်ပြီး မကာကွယ်နှင့်ဟု ဆိုလို၏။ သတ္တိဗလသည် အစ်မဖြစ်သူ၏ လက်ထဲမှ အသာအယာရုန်းထွက်ရင်း အတိအလင်း ပြန်ပြောခဲ့သည်။

"ကျွန်ုပ် ဘယ်တုန်းကများ စိတ်ရှုပေါက်ခဲ့ဖူးဂလဲ၊ အရင်ကလည်း စိတ်ကောင်းနဲ့ လုပ်ခဲ့တာပဲ၊ အခုလည်း စိတ်ကောင်းနဲ့ လုပ်နေတာပဲ၊ နောင်လည်း စိတ်ကောင်းနဲ့ပဲ လုပ်မှာပဲ၊ ပြီးတော့ အစ်မနားလည်အောင် ပြောရဦးမယ်၊ ကျွန်ုပ် အသက်စွန့်ပြီဆိုရင်လည်း ကိုယ့်အသက်ကိုယ် တန်ဖိုးမထားလို့ စွန့်တာမျိုးမဟုတ်ဘူး၊ တန်ဖိုးထားတဲ့ ကိုယ့်အသက်ကို၊ ကိုယ့်အသက်ထက်ပိုပြီး တန်ဖိုးရှိတယ်လို့ထင်တဲ့ အရာအတွက် စွန့်သွားမှာ"

သတ္တိဗလကို ပုလဲနန္ဒာ ချေပပြောဆိုခွင့်မရတော့။ ထို့ကြောင့် ပုလဲနန္ဒာ မကျေမနပ်ဖြစ် ကျန်ရစ်သည်။ သတိပေးရကျိုးမနပ်ဟု သူမ ယူဆသည်။ သတ္တိဗလသည် ယခင်ကအတိုင်း စိတ်ရှုထနေဆဲဖြစ်ကြောင်း စကားထဲက ဇာတိပြသွားသည်။ ဟေမာသီရိဆိုသောမိန်းမသည် မောင်ဖြစ်သူ သတ္တိဗလအပေါ် အဘယ့်ကြောင့် ဤမျှ စိုးမိုးနေနိုင်ပါသနည်း။ အဘယ့်ကြောင့် ဤမျှ စွဲလမ်းနေစေပါသနည်း။ ဤအတွေးများသည် ပုလဲနန္ဒာ၏ရင်ကို တနှံ့နှံ့နှင့် ထုချေနေလေသည်။

တပ်မဟာမှူးသည် ဟတ္ထိရာဇာတို့ကိုခေါ်ပြီး တပ်ရင်း (၁) တပ်ရင်းမှူးတို့နှင့် အစည်းအဝေး အပ်နှံခြင်းသည်။ တပ်မဟာမှူး အပ်နှံမှာကြားနေစဉ်မှာပင် တပ်ရင်း (၁) တပ်များ စတင်စစ်ချီနေပြီ ဖြစ်သည်။ သူတို့သည် မီးတုတ်သုံးခွင့် မရကြပေ။ ကြယ်ရောင်၊ လရောင်အောင်မှာပင် ချီတက်နေကြ၏။ ဓားရောင်၊ လှံရောင်တို့ တလက်လက် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းမှူးတိန္နသည် တပ်မဟာမှူး မှာကြားသမျှ လုံးဝနာခံဆောင်ရွက်သွားမည်ဟု ဝန်ခံကတိပြု၏။ ဟတ္ထိရာဇာကို လေးစားကြောင်းလည်း ဖွင့်ပြော၏။ လက်တွေ့နှင့် ကိုက်ညီသွားသော ထင်မြင်ချက်တစ်ရပ်သည် အများသူငါ အသိအမှတ်ပြုရသည်အထိ စွမ်းပကားကြီးမားလှကြောင်း ဟတ္ထိရာဇာ ဆင်ခြင်မိလေသည်။ တပ်ရင်းမှူးတိန္န၏ လေးစားမှုကို ရရှိခြင်းသည် သခုချီတက်မည့် ခရီးအတွက် အာမခံချက်ရရှိခြင်းပင် ဖြစ်၏။ အောက်ကျို့နာခံမှုနှင့် လိုက်ပါရခြင်းမျိုး မဖြစ်နိုင်တော့။ တိုင်တိုင်ပင်ပင်၊ ညှိညှိနှိုင်းနှိုင်းနှင့် ချီတက်ရပေတော့မည်။

ညဘက်ချီတက်ရာတွင် မြင်းစီးပြီး ချီတက်ရခြင်းသည် အတော်သက်သာကြောင်း ဟတ္ထိရာဇာ တွေ့ရသည်။ ခလုတ်ကန်သင်းများကို မိမိက ဂရုစိုက်စရာ မလို။ မြင်းက သူ့ဘာသာ ရှောင်ကွင်းသွားသည်။ မိမိဂရုစိုက်ရသည်မှာ တစ်ခုသာရှိသည်။ တောလမ်းခရီးတွင် သစ်ပင်သစ်ကိုင်းများကို ဂရုတစိုက် လွတ်အောင်ရှောင်ရသည်။ သို့မဟုတ်ပါက သစ်ပင်သစ်ကိုင်းများနှင့် ချိတ်မိ တိုက်မိပြီး မြင်းပေါ်မှ ပြုတ်ကျသွားနိုင်သည်။

ဟတ္ထိရာဇာသည် မြင်းမြီးဆွဲ၍ နောက်က လိုက်ပါလာသော သတ္တိဗလကို လှမ်း၍ မေးမြန်းလိုက်သည်။

"ဦးရှီးတော် သတ္တိဗလ၊ လမ်းလျှောက်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် အရှင့်သား၊ မြို့စောင့်တပ်မှူးက ညဘက်လမ်းလျှောက်ရင် သတိပြုရမှာကို သင်ထားပေးလို့ အခက်အခဲ မတွေ့ရကြောင်းပါ"

"ဘယ်လိုများ သင်ထားလို့တုံး ဦးရှီးတော်ရဲ့"

"မှန်လှပါ၊ ညဘက်လမ်းလျှောက်ရင် 'မည်းမည်းရှောင်၊ ပြောင်ပြောင်ကွင်း' ရမှာပါတဲ့ဘုရား၊ မည်းမည်းကိုမရှောင်ရင် ဇွက်နင်းမိမှာပါ၊ ပြောင်ပြောင်ကို မကွင်းရင်လည်း ရေအိုင်ကို နင်းမိမှာပါ၊ အဲဒီနှစ်ခု ရှောင်နိုင်ကွင်းနိုင်ရင် အဆင်ပြေပြေ လျှောက်နိုင်ပါတယ်"



"မည်းလည်း မမည်း၊ ပြောင်လည်း မပြောင်တဲ့ ခလုတ်ကန်သင်းမျိုးတွေဆိုရင်ကော"

"ဒါတော့ ကမ္ပသကာပါ ဘုရား"

ဟတ္ထိရာဇာ ရယ်မောဖြစ်သည်။ 'လူမတန်ကံချ' ဟူသော စကားကိုလည်း သူ သတိရမိသည်။ မည်သို့ပင်ဖြစ်စေ သတ္တိဗလ၏ 'မည်းမည်းရှောင်၊ ပြောင်ပြောင်ကွင်း' ဆိုသောစကားသည် မှတ်သားလောက်၏။ မိမိအတွက် အကျိုးရှိ၏။ ရှေ့တန်း စစ်မျက်နှာဆိုသည်မှာ အလှည့်အပြောင်း အလွန်များတတ်ကြောင်း ဖခင်ဖြစ်သူက မှာကြားထားပြီး ဖြစ်၏။ အမြဲတမ်း မြင်းစီးခွင့်ရသည် မဟုတ်။ ခြေကျင် ချီတက်ရသည့်အခါမျိုးလည်း ရှိတတ်၏။ ထိုအခါမျိုးတွင် မိမိသည်လည်း မည်းမည်းရှောင်၍ ပြောင်ပြောင်ကွင်းရပေလိမ့်မည်။

ထိုအခိုက် ဟတ္ထိရာဇာ၏ ရှေ့မှ ချီတက်နေသော ကိုယ်ရံတော်တစ်ဦးက မတိုးမကျယ် သတင်းပို့လိုက်သဖြင့် သူ့အတွေးမျှင်များ ရပ်ဆိုင်းသွားရ၏။

"ဒု-ရင်းမှူး ဟတ္ထိရာဇာ ရှေ့တက်ခဲ့ပါလို့ တပ်ရင်းမှူး တိန္နခေါ်နေပါတယ်"

ဟတ္ထိရာဇာသည် မြင်းဇက်ကြိုးကို တင်းတင်းဆွဲကာ မြင်းဗိုက်ကို ညာဖနောင့်နှင့် ပေါက်လိုက်၏။ ချီတက်နေသော စစ်သားတန်းကြီးကို ညာဘက်မှ ကျော်တက်ခဲ့သည်။ တစ်ခဏအတွင်း တပ်ရင်းမှူးတိန္နအနီး ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒု-ရင်းမှူးဟတ္ထိရာဇာ အသင်နဲ့ကျွန်ုပ် ရှေ့ပြေးတပ်ခွဲဆီ ချီတက်ရအောင်၊ ကျွန်ုပ်တို့ တပ်ရင်း (၁) က ဒု-ရင်းမှူးလည်း အဲဒီမှာ ရောက်နေပြီ၊ အသင်ရယ်၊ ကျွန်ုပ်ရယ်၊ ကျွန်ုပ်တို့ရဲ့ ဒု-ရင်းမှူးရယ် မိန်းမတစ်ယောက်ကို စစ်ဆေးရလိမ့်မယ်၊ ရှေ့ပြေးတပ်ခွဲက မိန်းမတစ်ယောက် ဖမ်းမိထားတယ်လို့ သတင်းပို့တယ်"

ညကြီးမင်းကြီး မိန်းမတစ်ယောက် ဖမ်းမိထားတယ်ဆိုပါလား။ ညကြီးမင်းကြီး ဆိုသော်လည်း ညကြီးမင်းကြီး မဟုတ်တော့။ ချီတက်ရင်း ချီတက်ရင်း မိုးလင်းခါနီးအချိန်သို့ ရောက်ခဲ့ပြီ ဖြစ်သည်။

## အခန်း (၂၃)

မလင်းတလင်း အရုဏ်ဦးအလင်းရောင်အောက်တွင် ထိုမိန်းမကို ဟတ္ထိရာဇာ မြင်ရသည်။ မြင်လိုက်သည်နှင့်ပင် ထိုမိန်းမ လှသည်ဟု သူမှတ်ချက်ချဖြစ်သည်။ ထိုမိန်းမသည် ဆံပင်တို့ ပွယောင်းယောင်း၊ အဝတ်အစားတို့ ဖရိုဖရဲ ဖြစ်နေ၏။ ထိုသို့ဖြစ်နေမှုသည်ပင် ထိုမိန်းမ၏ အလှကို ဖုံးကွယ်မထားနိုင်။ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း၍ အချိုးအဆစ်တို့ ပြေပြစ်၏။ မျက်လုံးမျက်ဖန်ကောင်း၍ နှုတ်ခမ်းတို့ ပါးပါးလှပ်လှပ် ရှိသည်။

"အသင့်နာမည် ဘယ်လိုခေါ်သလဲ၊ ဘယ်ရွာကလဲ"

တပ်ရင်းမှူးတိန္နက စတင် မေးလိုက်၏။

"ဗိုလ်မင်းတို့ စစ်တပ်နဲ့ စတွေ့ကတည်းက နာမည်ပဲ အမေးခံနေရတာပဲ၊ ဖြေရလွန်းလို့ ဖြေတောင်မဖြေချင်တော့ဘူး"

ထိုမိန်းမသည် စိတ်ရှုပ်သည့်မျက်နှာနှင့် ရေရွတ်ပြောဆိုနေ၏။ သူမ၏မျက်လုံးတို့သည် သူမကို ဝိုင်းကြည့်နေသူများထံ ရစ်ဝဲကြည့်ရှုနေသည်။ ဟတ္ထိရာဇာကို မြင်လိုက်သောအခါ ထိုမိန်းမသည် ခမ်းသာအားရ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒု-ရင်းမှူး၊ ဒု-ရင်းမှူး ဟတ္ထိရာဇာ မဟုတ်လား"

ဟတ္ထိရာဇာ အံ့ဩသွား၏။ သူ မသိသောမိန်းမတစ်ယောက်က သူ့ကို ဘာကြောင့် သိနေရသနည်း။

"အသင်က ကျွန်ုပ်ကို သိနေသလား၊ ဘယ်နေရာမှာ ဘယ်တုန်းက ဘယ်လိုလုပ် သိသွားတာတုံး"

ထိုမိန်းမသည် ဟတ္ထိရာဇာကို လက်အုပ်ချီ၍ အရိုအသေပြု၏။

"ဒု-ရင်းမှူးမေးတဲ့ မေးခွန်းတွေကို အဆင်ပြေသလို ဖြေပါရစေ ဘုရား၊ အကျွန်က ဒု-ရင်းမှူးတို့ တပ်ရင်း (၅) ဌာနချုပ်လုပ်ထားတဲ့ ရွာကပါ၊ အကျွန်က အညတရမို့ ဒု-ရင်းမှူးက မသိပေမဲ့ အကျွန်က တော့ ဒု-ရင်းမှူးကို သိနေပါတယ်"

"ကျွန်ုပ်တို့ ဌာနချုပ်လုပ်ထားတဲ့ရွာမှာ အရပ်သားတွေမှ မနေကြ တော့တာ၊ ရွာပုန်းကို ပြောင်းနေကြပြီလေ"

"မှန်ပါတယ်၊ ဒါပေမဲ့ ဒု-ရင်းမှူးတို့ပဲ ခေါ်ခေါ်ခိုင်းလို့ ဒု-ရင်းမှူးတို့ ဆီကို အကျွန်တို့ ခဏခဏ ရောက်နေတာပဲ"

မှန်သည်။ တပ်ရင်း (၅) ဌာနချုပ် အခြေပြုသည့်ရွာတွင် ရွာသူ ရွာသားများ မနေကြတော့သော်လည်း ရိက္ခာသယ်ရန်၊ ခံစစ်စခန်းများ ပြုပြင်ရန် အစရှိသည့် အလုပ်များကို လျှို့မြောင်ချပ်ကြားတို့တွင် ပုန်း အောင်း တည်ဆောက်ထားသည့် ရွာပုန်းများမှထွက်၍ လာလုပ်ကြရ သည်။ ထို့ကြောင့် သူမ ပြောသည်မှာ သဘာဝကျ၏။

"ဒါဆိုရင် ကျွန်ုပ်တို့ရဲ့ တပ်ရင်းမှူး အိန္ဒကကိုလည်း သိတာပေါ့"

"သိပါတယ်ဘုရား"

"အခု သူဘယ်မှာလဲ"

"ဒါတော့ မသိပါဘူး။ တပ်ရင်းဌာနချုပ်မှာပဲ ရှိမယ်ထင်ပါတယ်"



တပ်ရင်းမှူးတိန္ဒက မျက်ရိပ်မျက်ကဲပြလိုက်သောကြောင့် ဟတ္ထိရာဇာ ဆက်မမေးတော့ဘဲ ရပ်လိုက်သည်။ တိန္ဒက ဝင်မေးသည်။

"ဒီမယ် အမိ၊ ကျွန်ုပ်မေးတာကို အရင်ဖြေဦး၊ အသင့်နာမည် ဘယ်လိုခေါ်လဲ"

"သန္တာလို့ ခေါ်ပါတယ်"

"ဟုတ်ပြီ၊ သန္တာက အခု ဘယ်ကလာပြီး ဘယ်ကို သွားမလို့ပါလိမ့်"

"အကျွန်တို့ ရွာပုန်းကနေထွက်လာပြီး တပ်မဟာဌာနချုပ်ကို သွား မလို့ပါ၊ အကျွန်သိသလောက် အခြေအနေတွေကို ပြောပြဖို့နဲ့ လော လောဆယ် ခိုကိုးရာမဲ့ဖြစ်နေတဲ့ အကျွန့်ကို ခေတ္တ နားခိုခွင့်ပေးဖို့ တပ်မဟာမှူးများထံ တင်ပြချင်လို့ပါ"

မေးသမျှကို သွက်သွက်လက်လက်ဖြေကြားနေသည့် သန္တာဆိုသော မိန်းမကို ဟတ္ထိရာဇာ သဘောကျမိသည်။ အသက်အရွယ်အားဖြင့် ဝမ်းကွဲအစ်မတော် မာလာဒေဝီနှင့် မတိမ်းမယိမ်း ရှိသည်။ သို့သော် ဟန်ပန်သွင်ပြင်ကား မာလာဒေဝီနှင့် တခြားစီဖြစ်၏။ နှိုင်းယှဉ်ချိန် ထိုး၍ ပြောမည်ဆိုလျှင် မာလာဒေဝီသည် ဥယျာဉ်ထဲက ပန်းနှင့်တူပြီး သန္တာက တောပန်းတစ်ပွင့်နှင့် တူသည်။ အလှပန်းချင်းတူသည့်တိုင် တောပန်းကဲ့သို့သော ခပ်ရိုင်းရိုင်းအလှကို ဟတ္ထိရာဇာ သဘောကျ၏။ သူသည် ဤမိန်းမကို အစ်မသန္တာဟု ခေါ်မည်ဟု စိတ်ထဲက ဆုံးဖြတ် လိုက်သည်။

"ဒါဆိုရင်လဲ တပ်မဟာမှူးများထံ မတင်ပြခင် ကျွန်ုပ်တို့ကို အရင် တင်ပြပါဦး၊ ကျွန်ုပ်တို့ဟာ တပ်ရင်း (၅) ကို စစ်ကူလာတဲ့တပ်က တပ်မှူးတွေပါပဲ၊ တပ်ရင်း (၅) ဒု-ရင်းမှူးကိုတော့ အသင်က သိပြီးသား ပဲ၊ ကျွန်ုပ် နဲ့ ကျွန်ုပ်ရဲ့ ဒု-ရင်းမှူးကိုတော့ အသင်မသိသေးဘူး၊ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ကိုယ့်ဘာသာ မိတ်ဆက်ပြပါ့မယ်၊ ကျွန်ုပ်က တပ်ရင်း (၁) တပ်ရင်းမှူး တိန္နပါ၊ ဒီတစ်ယောက်ကတော့ ကျွန်ုပ်ရဲ့ ဒု-ရင်းမှူး သုဒ္ဓပါ၊ ကျွန်ုပ်တို့ကို ရန်သူ့အခြေအနေနဲ့ တိုက်ပွဲအခြေအနေလေးတွေ ပြောပြမယ်ဆိုရင် ကျွန်ုပ်တို့က သင့်ကို အထူးကျေးဇူးတင်မှာပါပဲ"

တိန္န၏လေသံက သတင်းရယူလိုစိတ် ပြင်းပြနေကြောင်း သိသာထင်ရှားနေသည်။

"အကျွန်ပြောပြပါ့မယ်၊ ဒါပေမဲ့ အကျွန် အရမ်းပင်ပန်းနေလို့ ထိုင်ပြီး ပြောပြခွင့်ရမလားဆိုတာ သိချင်ပါတယ်"

သူမ ပြောသည်မှာ လျော်ကန်သောကြောင့် တိန္နသည် သူ၏ ကိုယ်ရံတပ်ဖွဲ့အား ယာယီတဲနန်းတစ်ခု အမြန်ထိုးရန် အမိန့်ချလိုက်သည်။ တပ်ကိုလည်း ခေတ္တ အနားယူရန် ညွှန်ကြားလိုက်သည်။

သစ်ကိုင်းသစ်ခက်များနှင့် တည်ဆောက်ထားသော ယာယီတဲနန်းသည် ရှေ့တန်းတပ်မှူးများအတွက် ခမ်းနားထည်ဝါသော ဘုံနန်းဆောင်ပင် ဖြစ်ပေသည်။ တိန္န၊ သုဒ္ဓ၊ ဟတ္ထိရာဇာနှင့် သန္တာတို့သည် အဆိုပါ ယာယီတဲနန်းတွင် ဝိုင်းဖွဲ့ထိုင်မိကြသည်။ ဆာလောင်မွတ်နေပုံရသော သန္တာကို ရိက္ခာခြောက်များ ထုတ်ကျွေးကြသည်။ သန္တာသည် စားရင်းသောက်ရင်းနှင့် ရန်သူ့ အခြေအနေ၊ တိုက်ပွဲအခြေအနေတို့ကို သူမ သိရှိသမျှ တင်ပြပြောဆိုပေသည်။

တိုက်ပွဲသည် ညနေစောင်းအချိန်တွင် ဖြစ်ပွားခဲ့၏။ တပ်ရင်း ၅ ဌာနချုပ်၏ နောက်လမ်းစောင့် ကင်းစခန်းအတိုက်ခံရခြင်း ဖြစ်သည်။ ကင်းစခန်းတွင်ချထားသော ရဲမက်အရေအတွက် နည်းပါးခြင်း၊ အလစ်အငိုက်ခံရခြင်း၊ ရန်သူ့အင်အား အဆမတန်များပြားခြင်းတို့ကြောင့်



တိုက်ပွဲဖြစ်ပွားချိန် တစ်မောင်းခန့် မပြည့်မီမှာပင် ကင်းစခန်းကျလေသည်။

ရန်သူသည် သန္တာတို့ ရွာပုန်းကို နေ့လယ်ကပင် ဝင်စီးခဲ့သည် ဆို၏။ ရွာကို စီးမိသည်နှင့် အဝင်အထွက် မလုပ်နိုင်အောင် တပ်အင်အားနှင့် ထိန်းချုပ်လိုက်သောကြောင့် မည်သူ တစ်ဦးတစ်ယောက်မျှ တပ်ရင်း (၅) ကို သတင်းမပို့နိုင်တော့။ ရွာပုန်းကို ရန်သူတို့ ဝင်စီးချိန်တွင် သန္တာသည် ရွာထိပ်နတ်စင်အနီး၌ တောဟင်းသီးဟင်းရွက်များ ရှာဖွေခူးဆွတ်နေသည်နှင့် တိုက်ဆိုင်သွားခဲ့သောကြောင့် ထိန်းချုပ်ခြင်း မခံလိုက်ရ။ သို့သော် သူမသည်လည်း သတင်းပို့ခွင့်မရ။ ရန်သူတို့သည် ရွာပတ်ပတ်လည်ကို တောနင်းရှင်းလင်းနေသောကြောင့် သစ်ပင်ပေါ် တက်ပုန်းနေခဲ့ရ၏။

သူမ တက်ပုန်းနေသော သစ်ပင်သည် မြင်ကွင်းအားလုံးကို မမြင်ရသော်လည်း တပ်ရင်း ၅ ၏ နောက်လမ်းစောင့် ကင်းစခန်းသို့ သွားရာလမ်းကိုမူ ရှင်းရှင်းလင်းလင်း မြင်ရလေသည်။ ထို့ကြောင့် ရန်သူ့တပ်များ အသုတ်လိုက် အသုတ်လိုက် ကင်းစခန်းဆီသို့ ချီတက်နေသည်ကို အတိုင်းသား မြင်နေခဲ့ရသည်ဆို၏။

"ရန်သူတွေ ကိုင်ထားတဲ့ လက်နက်တွေကိုရော မြင်ရသလား။ ဘာလက်နက်က ပိုများသလဲ"

တပ်ရင်းမှူးတိန္နက ဖြတ်မေးသည်။

ဓားကိုင်သူများလည်းရှိ၊ လှံကိုင်သူများလည်းရှိ၊ လေးမြားကိုင်သူများလည်း ရှိသည်ဆို၏။ ဓားကိုင်သူက ပိုများသည်ဟု သန္တာက ပြောသည်။

ညနေစောင်းတွင် ရန်သူတို့ ညာသံပေး၍ တိုက်ခိုက်ကြသံ ကြားသောကြောင့် တိုက်ပွဲဖြစ်ပြီဟု သူမ သိခဲ့သည်။ တိုက်ပွဲကို မမြင်ရ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အသံနက်ကြီးများနှင့် အော်ဟစ်နေကြသံကို ကြားနေရသည် ဆို၏။ အချိန် တစ်မောင်းခန့်ကြာသောအခါ အောင်ပြီ၊ အောင်ပြီဟု ကြွေးကြော်သော ရန်သူ့အသံများကို ဟိန်းဟိန်းညံအောင် ကြားလိုက်ရသည်။ စင်စစ် မဟာသုရိယတိုင်းနိုင်ငံကြီး၏ ဘာသာစကားနှင့် ရန်သူတို့၏ ဘာသာစကားသည် လုံးဝ မတူပေ။ သို့သော် ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင်နေရသည့် နယ်စပ်ဒေသတွင် ကြီးပြင်းလာသော သန္တာသည် ရန်သူ့ဘာသာစကားကို အတန်အသင့် နားလည်နေပေပြီ။

"ဒါဟာ သန္တာရဲ့ အရည်အချင်းတစ်ရပ်ပဲ၊ နောက်ကျရင် သန္တာဆီကနေ အဲဒီဘာသာစကားကို ကျွန်ုပ် ပြန်သင်ယူမယ်"

ဟတ္ထိရာဇာက လေးလေးနက်နက် ဝင်ပြောသည်။ သန္တာသည် ဟတ္ထိရာဇာကို မျက်လုံးရွဲကြီးများနှင့် ကြည့်ဖြစ်၏။ မိမိကဲ့သို့သော အညတရ ကျေးတောသူမ တစ်ယောက်ထံမှ ဘာသာစကား သင်ယူဦးမည်တဲ့လား။

"နောက်တော့ ဘာတွေဖြစ်သေးသလဲ၊ ဆက်ပြောပါဦး"

တပ်ရင်းမှူးတိန္ဓက စေ့ဆော်သောကြောင့် သန္တာဆက်ပြောသည်။

ရန်သူသည် သူတို့ သိမ်းပိုက်ရရှိသွားသော ကင်းစခန်းတွင် အခိုင်အမာ တပ်စွဲလိုက်ပုံရသည်ဟု သန္တာက ခန့်မှန်းသည်။ ရန်သူသည် သန္တာတို့ ရွာပုန်းကိုလည်း မစွန့်ခွာပေ။ တစ်ရွာလုံး ရန်သူ့စကားသံတို့နှင့် ဖုံးလွှမ်းနေသည် ဆို၏။

ဤသို့ဖြင့် သန္တာသည် သစ်ပင်ပေါ်မှာပင် တစ်ညနေလုံး ပုန်းအောင်းနေခဲ့ရကာ အမှောင်ထု ကျရောက်ချိန်ကို သည်းခံစောင့်ဆိုင်းခဲ့ရ၏။ မှောင်မှောင်ချင်းလည်း သစ်ပင်ပေါ်မှ မဆင်းရဲ။ မီးထွန်းချိန်ရောက်မှ မီးအလင်းရောင်များကို အကဲခတ်ကာ ရန်သူ့ကင်းနေရာများကို ခန့်မှန်းရသည်။ စကားသံများကို နားစွင့်ပြီး ရန်သူ့အသွားအလာ လမ်းကြောင်း



များကို တွက်ဆရသည်။ ဤသို့ဖြင့် အတော်ကြီးညဉ့်နက်မှ သစ်ပင်ပေါ်က ဆင်းနိုင်တော့သည်။ ထို့နောက် ရန်သူ့ကင်းများကို ရှောင်ရှားကာ တပ်မဟာဌာနချုပ်ဘက် ခရီးဆက်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြခဲ့သည်။

သူမ ထွက်လာသည့်အချိန်နှင့် မိမိတို့ ထွက်ခွာခဲ့သည့်အချိန်မှာ သိပ်ကွာပုံမရဟု ဟတ္ထိရာဇာခန့်မှန်းကြည့်၏။ ထို့ကြောင့်လည်း လမ်းခရီး တစ်ဝက် မရှိတရှိတွင် ဆုံမိကြခြင်းဖြစ်ပေသည်။

သန္တာ၏စကားကို အကုန်အစင် နားထောင်ပြီးသောအခါ တိန္ဓ၊ သုဒ္ဓနှင့် ဟတ္ထိရာဇာတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြသည်။

"ဘာဆက်လုပ်ကြမလဲ တပ်ရင်းမှူး"

တပ်ရင်း (၁) ဒု-ရင်းမှူး သုဒ္ဓက မေးသည်။

"ဘာဆက်လုပ်ရမလဲ၊ ဆက်ချီတက်ဖို့ပဲပေါ့၊ မြန်မြန်ရောက်ပြီး မြန်မြန်တိုက်နိုင်မှ တပ်ရင်း (၅) အသက်ရှူချောင်သွားမှာပေါ့၊ မဟုတ်ရင် နောက်ကျောက အပတ်ခံထားရတဲ့ တပ်တစ်တပ်အဖို့ ဘယ်မှာ နောက်ကြောင်းအေးနိုင်ပါ့မလဲ"

"ဟုတ်ပြီ၊ ဒါဆိုရင် အခုချက်ချင်း ဆက်ချီတက်ဖို့ တပ်ကို ညွှန်ကြားလိုက်မယ်"

သုဒ္ဓက ထရပ်လိုက်သည်။

"ခဏနေပါဦး၊ သန္တာ့ကို ကျွန်ုပ် တစ်ခွန်း နှစ်ခွန်း မေးချင်ပါသေးတယ်"

ဟတ္ထိရာဇာက ခွင့်တောင်းလိုက်၏။ တိန္ဓက မေးခွင့်ပြုသည်။

"ကျွန်ုပ်တို့ ဒီကနေ ချီတက်တဲ့အခါ သမားရိုးကျလမ်းက သွားရင်တော့ ရန်သူနဲ့ ပက်ပင်းတိုးမှာ သေချာတယ်၊ ဒီလမ်းကြောင်းဟာ စစ်တူ

www.burmeseclassic.com

www.burmeseclassic.com



လာနိုင်တဲ့ လမ်းကြောင်းဆိုတာလဲ ရန်သူက တွက်ဆထားမှာပဲ၊ ဒီတော့ ရန်သူနဲ့ ပက်ပင်းမတိုးဘဲ သူတို့ဆီ လှမ်းကြည့်အကဲခတ်နိုင်မယ့် နေရာမျိုး များရှိသလားလို့ သန္တာ့ကို မေးကြည့်ချင်တယ်၊ ဆိုလိုတာက ရန်သူကို မတိုက်ခင် သူတို့ရဲ့ တပ်စွဲပုံအနေအထားတွေကို ကျွန်ုပ်တို့ လှမ်းမျှော်ကြည့်ရှုချင်တယ်၊ အဲဒီလို ကြည့်လို့ရမယ့်နေရာမျိုး သန္တာသိနိုင်မလား၊ သိရင် လမ်းရော ပြပေးနိုင်မလား"

ဟတ္ထိရာဇာ၏ မေးခွန်းကို ကြားရသောအခါ သန္တာ ပြုံးသည်။ သူမ၏မျက်လုံးတို့သည် ဂုဏ်ယူဝင့်ကြွားမှုနှင့် လက်လက်တောက်လာ၏။

"သိတာပေါ့၊ လမ်းလည်း ပြပေးနိုင်တာပေါ့"

ဟတ္ထိရာဇာသည် တိန္ဒထံ ခွင့်တောင်းပြန်သည်။

"သန္တာ့ကို လမ်းပြလုပ်ခိုင်းရင် သင့်တော်မလားဆိုတာကို တပ်ရင်းမှူး ဆုံးဖြတ်စေချင်ပါတယ်"

တိန္ဒက မဆိုင်းမတွ ပြန်ဖြေသည်။

"သင့်တော်တာပေါ့၊ ဒု-ရင်းမှူးဟတ္ထိရာဇာရဲ့ သဘောထားကို ကျွန်ုပ်ရိပ်မိပါတယ်၊ ပြင်ဆင်မှုရှိတဲ့ တိုက်ပွဲမျိုးကိုမှ တိုက်ချင်တာ မဟုတ်လား၊ ကဲ-သုဒ္ဓရေ၊ သန္တာ့ကို ရှေ့ပြေးတပ်ခွဲနဲ့ ထည့်ပေး၊ အဲဒီရှေ့ပြေးတပ်ခွဲကို မောင်မင်း ကိုယ်တိုင်ကွပ်ကဲ၊ ဘာပဲဖြစ်ဖြစ် လက်ဦးမှုမမဲ့စေနဲ့၊ ကျွန်ုပ်ပြောတာ ရှင်းရဲ့လား"

"ရှင်းပါတယ် တပ်ရင်းမှူး"

"ရှင်းရင်ဆက်လုပ်"

သူတို့အားလုံး သစ်ခက်တဲနန်းမှ ထွက်ခဲ့ကြသည်။ မိုးစင်စင်လင်းလေပြီ။ စင်စင်လင်းနေသော အလင်းရောင်အောက်တွင် သန္တာက ပိုလှနေသည်ဟု ဟတ္ထိရာဇာထင်သည်။ ဤလှပသော မိန်းမတစ်ဦးကို လမ်းပြလုပ်ခိုင်းရန် မိမိအကြံပေးခဲ့မိသည်မှာ မှန်ကန်ပါ၏လော။ မတော်တဆ ရန်သူနှင့် ပက်ပင်းတိုးခဲ့လျှင် ဤမိန်းမ အခက်ကြုံရပေချိမ့်။



မတတ်နိုင်။ ဤအရေးသည် နိုင်ငံတော်အရေးဖြစ်၏။ နိုင်ငံတော်အရေးဖြစ်သောကြောင့် လှည်းနေလှေအောင်း မြင်းဇောင်းပါမကျန်တာဝန်ရှိ၏။ ထို့ကြောင့် ဤလှပသောမိန်းမသည်လည်း ကျရာတာဝန်ကို ထမ်းဆောင်ရပေလိမ့်မည်။

ဟတ္ထိရာဇာသည် သုဒ္ဓ၏ လက်တစ်ဖက်ကို လှမ်းကိုင်လိုက်သည်။

"ဒု-ရင်းမှူးသုဒ္ဓ၊ အစ်မသန္တာရဲ့ လုံခြုံရေးကိုလည်း ဂရုစိုက်ပေးဦးနော်"

သုဒ္ဓက ပြုံးသည်။

"စိတ်ချပါ ဒု-ရင်းမှူးဟတ္ထိရာဇာ၊ မိန်းမတွေကို ကျွန်ုပ် ဂရုစိုက်တတ်ပါတယ်"

သူ့ကိုပြောလိုက်ကာမှ ပိုဆိုးသွားသည်ဟု ဟတ္ထိရာဇာ ခံစားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သန္တာသည် ဤနယ်မြေကို အတော်ကျွမ်းကျင်ပုံရသည်။ လမ်းပြကောင်းတစ်ယောက်ဟု အသိအမှတ် ပြုလောက်သည်။ သူမသည် လမ်းမိုးကို မသုံးပေ။ ဖြတ်လမ်းများကိုသာ သုံးသည်။ သူမ သုံးသောလမ်းတို့သည် လျှိုမြောင်ချပ်ကြားမှ လမ်းများဖြစ်သောကြောင့် လုံခြုံရေး ပိုကောင်းနေသည်။

ဤသို့ဖြင့် တပ်ရင်း (၁) သည် တောင်ခါးပန်းတစ်ခုပေါ်သို့ ရောက်လာသည်။ ဤတောင်ခါးပန်းမှ လှမ်းမျှော်ကြည့်လျှင် တပ်ရင်း (၅) စခန်း ချထားသည့် တောင်ကုန်းများကို အပေါ်စီးမှ မြင်ရ၏။ မနေ့က တိုက်ပွဲဖြစ်ပွားခဲ့သည့် တောင်ကုန်းငယ်ကလေးဆိုလျှင် သိပ်မဝေးလှတော့ပေ။

သန္တာက ခေါ်ပြသောကြောင့် တီနူ၊ သုဒ္ဒနှင့် ဟတ္ထိရာဇာတို့ မြေအနေအထား ကြည့်ကြသည်။ တပ်ရင်း (၅) ဌာနချုပ် စခန်းချသည့်နေရာကို ဟတ္ထိရာဇာ မှတ်မိသည်။ ထိုနေရာ၊ ထိုစခန်းတွင်



တပ်ရင်း (၅) တပ်ရင်းမှူး အိန္ဒကသည် တည်တည်ငြိမ်ငြိမ်နှင့် ကွပ်ကဲနေပေလိမ့်မည်။ ကြက်သားဟင်းချက်စားပြီး ကြက်ခေါင်းများ ကြည့်နေမလားဟုလည်း ဟတ္ထိရာဇာ စဉ်းစားမိသည်။

တပ်ရင်း (၅) စခန်းများ၏ အလွန် နယ်စွန်မျဉ်းသဖွယ် ဖြစ်တည်နေသည့် စမ်းချောင်းကလေး၏ တစ်ဖက်ကမ်းတွင် မှိုင်းပြာပြာအရောင်ရှိသည့် ရန်သူ့စခန်းကုန်းများရှိသည်။ ထိုစခန်းကုန်းမှ ရန်သူများသည်လည်း တပ်ရင်း (၅) ကို ဝင်တိုက်ရန် အသင့် ဖြစ်နေလောက်ပေပြီ။

*"တပ်ကို ဒီမှာထားခဲ့ပြီး အကျွန်တို့ချည်း ရှေ့နည်းနည်း တိုးကြည့်ရင် မနေ့က တိုက်ပွဲဖြစ်တဲ့နေရာကို ရှင်းရှင်းလင်းလင်း မြင်နိုင်ပါလိမ့်မယ်"*

သန္တာ၏စကားကြောင့် ဟတ္ထိရာဇာတို့သည် ကင်းတပ်စုတစ်စုကို ခေါ်ကာ တောင်စွယ်ကြောကလေးတစ်ခုအတိုင်း ရှေ့တိုးခဲ့ကြသည်။ မှန်ပေသည်။ ရန်သူသိမ်းပိုက်ထားသော ကင်းစခန်းအား ရှင်းလင်းပြတ်သားစွာ မြင်ရသည်။ ရန်သူများ လှုပ်ရှားသွားလာနေသည်ကိုလည်း မြင်တွေ့ရ၏။

*"ကောင်းလိုက်တဲ့ မြင်ကွင်းကွာ၊ မိသန္တာကို ကျေးဇူးတင်ရမှာပဲ၊ တို့ချည်းပဲဆို ဒီလို နေရာကို ဒီလောက် မြန်မြန်နဲ့ ရောက်အောင် လာနိုင်မှာမဟုတ်ဘူး၊ ဒီနေရာမျိုး ရှိနေတာကိုလည်း သိကြတာမှ မဟုတ်တာ"*

တပ်ရင်းမှူးတီနူက ကျေနပ်အားရစွာပြောဆိုရင်း ရန်သူ့အင်အားနှင့် အနေအထားများကို စေ့စေ့သေချာစွာ လေ့လာနေပေသည်။ သုဒ္ဒနှင့် ဟတ္ထိရာဇာတို့လည်း အာရုံစိုက်၍ ကြည့်ရှုနေကြရာ အတန်ကြာ တိတ်ဆိတ်ငြိမ်သက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့လှုပ်ရှားမှုကို အကဲခတ်ရသည်မှာ တပ်ရင်း (၅) စခန်းများကို ချက်ချင်း တိုက်ခိုက်မည့် အရိပ်အယောင် မတွေ့ရဟု ဟတ္ထိရာဇာ သုံးသပ်မိသည်။ သူ့ သုံးသပ်ချက်ကို နောက်ပါးမှ ကပ်ပါနေသည့် သတ္တိဗလအား တီးတိုးပြောပြဖြစ်သည်။ သတ္တိဗလကလည်း ထောက်ခံသည်။

"သူတို့က တပ်ရင်း (၅) ရဲ့ နောက်လမ်းကို ပိတ်လိုက်တာ၊ လေးဘက်လေးတန် ဝိုင်းပတ်ချေမှုန်းမယ့်သဘောရှိတယ်၊ ဒီတော့ ဝိုင်းပတ်ဖို့ အချိန်ပေးရဦးမယ်၊ တစ်ပြိုင်နက် တိုက်နိုင်ဖို့ အချိန်းအချက်တွေ လုပ်ရဦးမယ်။ ဒီတော့ တိုက်မယ်ဆိုရင် ဒီညနေ၊ ဒါမှမဟုတ် မနက်ဖြန်မနက်ကျမှ ဝင်တိုက်ကြလိမ့်မယ်ထင်တယ်"

သတ္တိဗလက သူ့အမြင်ကို ဟတ္ထိရာဇာအား တီးတိုးသံနှင့်ပင် ပြောပြလိုက်သည်။ ကျယ်ကျယ်လောင်လောင် ပြောလိုက်လျှင် တပ်ရင်းမှူးတိန္ဒတို့၏အာရုံကို အနှောင့်အယှက်ဖြစ်သွားမှာ စိုးသည်။

ဟတ္ထိရာဇာသည် သတ္တိဗလ၏အမြင်ကို တိုးချဲ့စဉ်းစားကြည့်မိသည်။ မိမိသာ ရန်သူ့စစ်ဆင်ရေးမှူးဆိုလျှင် ဤ နောက်လမ်းပိတ်ထားသော တပ်အတွက် မည်ကဲ့သို့ စဉ်းစားပေးမည်နည်း။ ဤတပ်သည် အလွန်စွန့်စားရသော တပ်ဖြစ်၏။ စစ်ကူလိုက်လာလျှင် စစ်ကူနှင့်ပါ ရင်ဆိုင်ရမည့်တပ် ဖြစ်သည်။ ထို့ကြောင့် ဤတပ်အတွက် ကောင်းကောင်း စဉ်းစားပေးခြင်းမရှိလျှင် ထိခိုက်နစ်နာမှုကြီးမားမည့် သဘောရှိသည်။

မိမိသာဆိုလျှင် ယခုကဲ့သို့သောလုပ်ရပ်မျိုး လုပ်မည်မဟုတ်။ စခန်းထိုင်တပ်နှင့် စစ်ကူတပ်တို့အကြားတွင် ကြားညပ်သွားနိုင်သည့် နေရာမျိုး၌ မိမိတပ်ကို တိုးဝင်ခိုင်းမည်မဟုတ်။ အကယ်၍ မလွှဲမရှောင်သာ



တိုးဝင်ရမည်ဆိုလျှင်လည်း အရည်အချင်းပြည့်ဝသောတပ်၊ လက်ရွေးစင်တပ်၊ အင်အားကြီးသောတပ်ကို ရွေးလွှတ်မည် ဖြစ်၏။ ထို့ပြင် အခြေအနေကြည့်ပြီး ဆုတ်လမ်းရွေးထားရန်နှင့် မနိုင်က ဆုတ်လာရန် ကြိုတင်ညွှန်ကြားထားမည်ဟု စဉ်းစားမိလေသည်။

ရန်သူ့စစ်ဆင်ရေးမှူးသည်လည်း မိမိစဉ်းစားသကဲ့သို့ စဉ်းစားကာ ဤနောက်လမ်းပိတ်တပ်ကို လွှတ်ခဲ့သည်ဆိုလျှင် ဤတပ်သည် လက်ရွေးစင်တပ် ဖြစ်လိမ့်မည်။ အင်အားလည်း တောင့်တင်းပေလိမ့်မည်၊ ကြိုတင်ပြင်ဆင်မှုများလည်း ရှိထားလိမ့်မည်ဟု ဟတ္ထိရာဇာ တွေးတောမိ၏။ သူ့တွေးတောချက်ကို သူက တပ်ရင်း (၁) တပ်ရင်းမှူးတိန္ဒအား အသာအယာ လက်တို့ပြောပြလိုက်သည်။ တိန္ဒက လက်ခံသည်။

"ဟုတ်တာပေါ့၊ လက်ရွေးစင်တပ်မဟုတ်ရင် ဒီလိုနောက်လမ်းပိတ်တဲ့တာဝန် ဘယ်ပေးပါ့မလဲ၊ ဘယ်လိုလက်ရွေးစင်တပ်မျိုးပဲ ဖြစ်ပါစေ ကျွန်ုပ်တို့ကတော့ တိုက်ရမှာပဲ"

တိန္ဒ၏ဆုံးဖြတ်ချက်ကို ဟတ္ထိရာဇာလည်း သဘောကျပါသည်။ ဤကဲ့သို့ တိုးဝင်လာသော တပ်မျိုးကိုမှ မတိုက်လျှင် မြွေပွေးခါးပိုက်ပိုက်သလို ဖြစ်သွားမည်။

"ဘယ်တော့ တိုက်မှာလဲ တပ်ရင်းမှူး"

"အခုပဲ တိုက်မှာပေါ့လေ၊ အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ ကြာလေ သူတို့ ပြင်ဆင်ချိန်ပေးလေ ဖြစ်မယ်၊ ဒု-ရင်းမှူးသုဒ္ဓ၊ ကျွန်ုပ်တို့ တိုက်ပွဲစ ကြစို့လား"

"အခုချက်ချင်း တိုက်မှာလား၊ တပ်တွေက ညတစ်ဝက်လောက် အိပ်ရေးပျက်ထားပြီး ခရီးပြင်းလည်း ချီတက်လာခဲ့ကြရတော့ ပင်ပန်းနွမ်းနယ်နေမယ် ထင်တယ်၊ အနားမပေးတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဟတ္ထိရာဇာ၏ ဆွေးနွေးမှုကြောင့် တိန္နက ပြုံးသည်။

"ကျွန်ုပ်တို့ တပ်မဟာက တပ်တွေဟာ ညလုံးပေါက်ခရီး ပြင်းနှင်ပြီး ဘာမှမစားဘဲနဲ့လဲ တိုက်ပွဲဝင်နိုင်အောင် လေ့ကျင့်ထားကြတာပဲ၊ ညတစ်ဝက်လောက်ပဲ အိပ်ရေးပျက်ပြီး မနက်စောစောက ရိက္ခာခြောက်တွေလည်း စားထားတဲ့အခြေအနေအရ ကောင်းကောင်းကြီး တိုက်ပွဲဝင်နိုင်ပါတယ် ဒု-ရင်းမှူး ဟတ္ထိရာဇာရဲ့၊ သိပ်လဲ စိတ်မပူပါနဲ့"

တိန္န၏စကားကြောင့် ဟတ္ထိရာဇာ အနည်းငယ် ရှက်သွားသည်။ မှန်ပါသည်။ စစ်တပ်ဆိုသည်မှာ အပင်ပန်းခံနိုင်ရမည် ဖြစ်၏။ အပင်ပန်းခံနိုင်အောင်လည်း လေ့ကျင့်ထားရမည်ဖြစ်၏။ အိပ်ရေးဝမှ၊ အမောပြေမှ စစ်တိုက်ရမည်ဟု တရားသေ စွဲမှတ်ထား၍ မဖြစ်ပေ။

ဟတ္ထိရာဇာသည် အသာအယာ ဆိတ်ဆိတ်နေလိုက်သည်။ 'တိတ်တိတ်နေ ထောင်တန်' ဟူသော စကားအတိုင်း တစ်ခါတစ်ရံ ဆိတ်ဆိတ်နေခြင်းသည် အလွန်အင်မတန် အကျိုးရှိပေသည်။ ဆိတ်ဆိတ်နေပြီး သူတစ်ပါးပြောကြားသည်တို့ကို ဂရုတစိုက်မှတ်သားခြင်းအားဖြင့် မိမိမသိနားမလည်သေးသည်တို့ကို သိနားလည်လာနိုင်သည်။ တကယ်တမ်းမှာ ဟတ္ထိရာဇာ မသိနားမလည်သည်များ အများကြီးရှိသေးသည်။ သုံးသပ်ချက်မှန်သည်ဟု ခိုးကျူးခံရရုံမျှနှင့် ဘဝင်မြင့်သွား၍ မဖြစ်။ ဘဝင်မြင့်ခြင်းသည် တိုးတက်မှု၏ ဆူးညှောင့်ခလုတ် ဖြစ်၏။

ဟတ္ထိရာဇာ ငြိမ်သွားသောအခါ တိန္န သဘောကျသွားသည်။ ချာတိတ်တော့ ငါ ပိတ်ပြောလိုက်တာ မှတ်သွားပြီဟု မှတ်ချက်ချကာ သူ ညွှန်ကြားစရာရှိသည်တို့ကို ဆက်လက်ညွှန်ကြားလေသည်။

"ဒု-ရင်းမှူး သုဒ္ဓ၊ လေးသည်တော်တပ်စုကို ဘယ်နေရာမှာ ထားမလဲဆိုတာ မင်း ကြည့်ပြီးပြီလား"



"ကြည့်ပြီးပါပြီ ရင်းမှူး၊ ဒီတောင်စွယ်အတိုင်း ဆင်းသွားရင် ရောက်တဲ့ တောင်ပူစာလေးဟာ လေးသည်တော်တပ်စု တင်ထားဖို့ကောင်းတဲ့ နေရာလေးပါပဲ၊ ရန်သူသိမ်းပိုက်ထားတဲ့ စခန်းကို ကောင်းကောင်းကြီး မြားနဲ့ပစ်နိုင်ပါတယ်"

တပ်ရင်း (၁) ဒု-ရင်းမှူး ညွှန်ပြသည့် တောင်ပူစာကလေးအား ဟတ္ထိရာဇာ မျှော်ကြည့်လိုက်သည်။ သူပြောသည့်အတိုင်း လေးသည်တော်တပ်ဖွဲ့အတွက် အလွန်သင့်လျော်သည့်နေရာ ဖြစ်သည်။ ထိုတောင်ပူစာနှင့် ရန်သူ တပ်စွဲထားသော ကင်းစခန်းတို့ကြားတွင် ရေကန်တစ်ခုရှိနေပြီး ရွှံ့နွံထူထပ်ကာ ဆူးချုံများလည်း အပြိုင်းအရိုင်း ပေါက်နေသဖြင့် ရန်သူသည် ဤတောင်ပူစာ၌ လာရောက်တပ်စွဲနေဖွယ် မရှိချေ။ လမ်းမကြီးနှင့်လည်း တခြားစီဖြစ်နေသောကြောင့် သူတို့ စိတ်ဝင်စားမည်မထင်။

"အဲဒီတောင်ပူစာမှာ ရန်သူ ကာကင်းထုတ်ထားရင် ဘယ်လို လုပ်မလဲ"

တိန္နက မေးသဖြင့် သုဒ္ဓက ဖြေသည်။

"လေးသည်တော်တပ်စုကို ကာကွယ်ဖို့ တပ်ခွဲ (၁) က တပ်စုတစ်စု တွဲပေးလိုက်မှာမို့ အဲဒီတပ်စုက အရင် တက်ရှင်းပါလိမ့်မယ်၊ တက်ရှင်းလို့ အင်အားကြီးနေတာတွေ့ရင် ကျွန်ုပ်တို့ တပ်ရင်းဌာနချုပ်ရဲ့ အရန်တပ်အဖြစ်ရှိနေမယ့် တပ်ခွဲ (၁) က လက်ကျန်နှစ်စုကို ထပ်လွှတ်ပါမယ်"

"ကောင်းပြီ၊ အဲဒီကိစ္စကို မောင်မင်း တာဝန်ယူ၊ တပ်ရင်းဌာနချုပ်မှာ အရန်တပ်ခွဲနဲ့အတူ မောင်မင်း ရှိနေရမယ်၊ လေးသည်တော်တပ်ဖွဲ့နဲ့လည်း အချိန်းအချက်တွေ လုပ်ထားရမယ်၊ မြားပစ်တဲ့အချိန်၊ မြားရပ်မယ့်အချိန်တွေ မှန်ပါစေ၊ ကျွန်ုပ်ဆီက အမိန့်မရမချင်း မောင်မင်း တပ်ရင်းဌာနချုပ်ကို မစွန့်ခွာရဘူး"

www.burmeseclassic.com

www.burmeseclassic.com



တိန္နက ဤသို့ညွှန်ကြားသောအခါ သုဒ္ဓသည် နားမလည်နိုင်သည့် မျက်နှာနှင့် ပြန်လည် မေးမြန်းလေသည်။

"ကျွန်ုပ်က တပ်ရင်းဌာနချုပ်မှာ နေရမယ်ဆိုတော့ တပ်ရင်းမှူးက ထွက်တိုက်မလို့လား"

"ဟုတ်တယ်လေ၊ ကျွန်ုပ်က တပ်ခွဲသုံးခွဲကို ဦးစီးပြီး ထွက်တိုက်မယ်၊ ရန်သူ့စခန်းကိုတက်မယ့် လမ်းကြောင်းတွေကိုတောင် ကျွန်ုပ်ကြည့်ထားပြီးပြီ၊ အဲဒီ လမ်းကြောင်းတွေ သုံးလို့ ရမရ၊ သင့်မသင့်ဆိုတာတို့ ကျွန်ုပ်တို့ရဲ့လမ်းပြ သန္တာနဲ့ တိုင်ပင်ရုံပဲ"

မလှမ်းမကမ်းတွင် သစ်ပင်တစ်ပင်ကိုမှီ၍ ရပ်နေသော သန္တာက သူတို့ဆီ လှမ်းကြည့်သည်။ စောစောကပင် သူတို့ပြောသမျှ နားစွင့်နေသော သန္တာသည် သူမ နာမည်ပါလာပြီး သူမနှင့် တိုင်ပင်မည်ဟုအပြောခံရသဖြင့် မျက်နှာ ဝင်းပသွား၏။ သူမသည် တပ်ရင်းမှူးတစ်ဦးက တိုင်ပင်ရသူဖြစ်သွားသဖြင့် ဂုဏ်ယူသွားမိသည်။ ဝင်းဝင်းပပ သူမ၏မျက်နှာကို ဟတ္ထိရာဇာ သတိပြုလိုက်မိ၏။

တပ်ရင်း (၁) ဒု-ရင်းမှူး သုဒ္ဓသည် တပ်ရင်းမှူးတိန္န၏ အမိန့်အပေါ် မကြည်မလင် ဖြစ်သွားသည်။

"ရင်းမှူးက ပြောင်းပြန်လုပ်ပြန်ပြီ၊ တကယ်က ကျွန်ုပ်က ထွက်တိုက်ရမှာ၊ ရင်းမှူးက တပ်ရင်းဌာနချုပ်မှာ နေခဲ့ရမှာ"

သုဒ္ဓ၏စကားကို တိန္နက ပြန်လည်ချေပ၏။

"အဲဒီလို တရားသေ မစဉ်းစားနဲ့လေ၊ တပ်ရင်းမှူးဆိုတာ ပထမ ဒုတိယ ခွဲထားပေမဲ့ တပ်ရင်းတစ်ရင်းလုံးရဲ့ အရေးကိစ္စ တစ်ခုလုံးကို တာဝန်ယူရတာလေ၊ ဒီတော့ ပထမရော၊ ဒုတိယပါ အရာရာကို လုပ်ကိုင်နိုင်စွမ်း ရှိရမယ်၊ လုပ်စရာရှိတာကို အလှည့်ကျ လုပ်ကြတာ



ကောင်းမယ်၊ ဒီတစ်ခါ တိုက်ခိုက်ရေးတာဝန်ကို ကျွန်ုပ် ယူလိုက်မယ်၊ နောက်တစ်ခါတော့ ဒု-ရင်းမှူး အလှည့်ပေါ့"

သုဒ္ဓသည် မျက်နှာသုန်သုန်မှုန်မှုန်နှင့်ပင် ငြိမ်နေသည်။ ရှေ့တန်းတပ်မှ စစ်သည်များသည် မည်သူမဆို တိုက်ခိုက်ရေးတာဝန်ကိုသာ ထမ်းဆောင်လိုကြကြောင်း ဟတ္ထိရာဇာ ကိုယ်တွေ့မျက်မြင် ဖြစ်သွား၏။ မိမိရော။ မိမိလည်း ဤသို့ပင် ဖြစ်သည်။ ယခုတိုက်ပွဲတွင် မိမိပါဝင်နွှဲလိုက်ချင်သည်။ မိမိသည် တိုက်ပွဲအတွေ့အကြုံ လုံးဝမရှိသေးသူဖြစ်၏။ ယခုလို ကြုံကြိုက်လာသည့် အခွင့်အရေးကို လက်လွှတ်မခံချင်။

ဟတ္ထိရာဇာသည် တိန္နကို မေးလိုက်သည်။

"ရင်းမှူး၊ ကျွန်ုပ်ကရော ဘယ်လိုလဲ၊ သင်နဲ့အတူ လိုက်တိုက်ရမယ် မဟုတ်လား"

"မဟုတ်သေးဘူးလေ၊ ဒု-ရင်းမှူးထွက်တိုက်လို့ မဖြစ်သေးဘူး၊ ဒု-ရင်းမှူးက ဧည့်သည်အဖြစ်လိုက်လာတာ၊ ဒီပွဲမှာတော့ ဒု-ရင်းမှူး ပွဲကြည့်ပရိသတ်သာ လုပ်လိုက်တော့၊ ပြီးတော့ ဒု-ရင်းမှူးသုဒ္ဓကို တတ်နိုင်သလောက် အကူအညီပေး၊ ဒါလဲပဲ တိုက်ပွဲဝင်တာပါပဲ ဒု-ရင်းမှူးဟတ္ထိရာဇာရဲ့ ကိုယ်တိုင်ထွက်တိုက်မှ တိုက်ပွဲဝင်တာ မဟုတ်ပါဘူး"

တပ်ရင်းမှူးတိန္နက ဟတ္ထိရာဇာကို ဖျောင်းဖျ၏။ မတတ်နိုင်။ တိန္နမခေါ်လျှင် မိမိလိုက်၍မရ။ တိန္န မတိုက်ခိုင်းလျှင် မိမိတိုက်၍မရ။ တိန္န၏အမိန့်ကို နာခံရန် တပ်မဟာမှူးက သေသေချာချာ မှာလိုက်သည်။ ဟတ္ထိရာဇာသည် သစ်ငုတ်တိုတစ်ခုပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။ ဓားလွယ်ကို ပေါင်ပေါ်တင်ပြီး လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားမိ၏။ ဤဓားသည် မည်သည့်အခါမှ တိုက်ပွဲဝင်ဓား ဖြစ်လာပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟတ္ထိရာဇာသည် ချွေးနံ့နှင့်ရောပြွမ်းသော ကိုယ်သင်းနံ့တစ်ခုကို ရှူရှိုက်မိသောကြောင့် အသာ စောင်းငဲ့ကြည့်လိုက်သည်။ မိမိနံဘေးသို့ ရောက်နေသော သန္တာ့ကို တွေ့ရသည်။ သူမသည် ယို့ယို့ကလေးရပ်နေ၏။ သူမ ဘယ်အတွက်ကြောင့် မိမိနား ကပ်လာပါသနည်း။

"ဒု-ရင်းမှူးကို တစ်ခုလောက် မေးကြည့်ချင်လို့ပါ"

"မေးလေ"

"အကျွန် ဘာဆက်လုပ်ရမလဲဆိုတာ သိချင်လို့ပါ"

"ဪ-အစ်မရယ်၊ ကျွန်ုပ် ကိုယ်တိုင်တောင် ဘာဆက်လုပ်လို့ လုပ်ရမှန်း မသိရတဲ့အထဲ အစ်မကို ဘယ်လိုလုပ် ညွှန်ကြားနိုင်မှာလဲ"

"တပ်ရင်း (၅) ဒု-ရင်းမှူးတစ်ယောက်လုံးက မညွှန်ကြားနိုင်ဘူးဆိုတော့ အကျွန်က ဘယ်သူ့ဆီ သွားမေးရမှာလဲ"

သန္တာက မဲ့ကာရွဲ့ကာနှင့် ဟတ္ထိရာဇာကို ခွန်းတုံ့ပြန်လိုက်၏။ နဂိုကတည်းက စိတ်တိုနေသော ဟတ္ထိရာဇာသည် သန္တာ့စကားကြောင့် ပို၍စိတ်တိုသွား၏။

"တပ်ရင်းမှူးတို့နဲ့ဆီသာ သွားမေးတော့၊ ဒီမှာ သူက ဗိုလ်ဝဲ ကျွန်ုပ်ကိုတောင် ဒီမှာပဲနေခဲ့ဆိုလို့ ဒီမှာပဲနေနေတာ မတွေ့ဘူးလား"

သန္တာသည် ခြေတစ်ဖက်ဆောင့်ပြီး ကျောခိုင်းသွား၏။ သို့သော် ဘယ်ကိုမှ မရွေ့။ သူမ၏ ကျောကွဲနေသောဝတ်စုံကြောင့် ကျောသား ဖွေးဖွေးကလေးကို ဟတ္ထိရာဇာ မြင်ရလေသည်။

ဟတ္ထိရာဇာနှင့် မလှမ်းမကမ်းတွင် အမြဲရှိနေတတ်သော သတ္တိဗလသည် မိမိဝင်ရောက် စကားပြောသင့်သည်ဟု တွက်ဆမိသောကြောင့် သူတို့နှစ်ဦးအနီးသို့ တိုးကပ်သွားလိုက်၏။



"အရှင့်သား-ကျွန်ုပ် တစ်ခုလောက် အတင့်ရဲပြီး အကြံပေးချင်ပါတယ်"

စိတ်တိုနေသော ဟတ္ထိရာဇာသည် သတ္တိဗလက ထုံးတမ်းစဉ်လာစကားများနှင့် အစချီလာသောကြောင့် မာဆတ်ဆတ် တုံ့ပြန်ပြောဆိုလိုက်၏။

"ပေးစေဗျာ-ရဲရဲကြီးသာ အကြံပေးစေဗျာ"

သန္တာလှည့်ကြည့်သည်။

"ဒီလိုပါ အရှင့်သား၊ အခုအချိန်ဟာ တကယ်ပဲ စစ်တိုက်ကြတော့မယ့် အချိန်ပါ၊ ဒီလိုအချိန်မျိုးမှာ အရှင့်သားက ကလေးဆန်ဆန်ထိုင်နေလို့ မသင့်တော်ပါဘူး၊ တပ်ရင်းမှူးအမိန့်ရှိသလို ဒု-ရင်းမှူးသူ့ဒွန်နဲ့ လက်တွဲပြီး လုပ်စရာရှိတာ လုပ်သင့်ကြောင်းပါ"

ဟတ္ထိရာဇာသည် သတ္တိဗလကို မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

"ဦးရှီးတော်က ကျွန်ုပ်ကို ကလေးဆန်တယ်လို့ ပြောလိုက်တာပေါ့လေ"

"မဝံ့ကြောင်းပါဘုရား"

သန္တာ ရယ်မိသည်။ ပြောတုန်းကပြောပြီး မေးလိုက်ကာမှ မဝံ့ကြောင်းပါဟု ပြန်ပြောနေသော သတ္တိဗလ၏စကားကို သန္တာရယ်ချင်သွားခြင်း ဖြစ်သည်။

"မရယ်ပါနဲ့၊ ကျွန်ုပ်တို့ စကားပြောနေတာ အစ်မရယ်ဖို့ မဟုတ်ပါဘူး"

သတ္တိဗလက သန္တာ့ကို မရယ်ရန် မျက်ရိပ်မျက်ကဲ ပြလိုက်သည်။ သန္တာလည်း အသာမျက်နှာပိုးသတ်လိုက်၏။

"အရှင့်သားအနေနဲ့ သန္တာ့အတွက်ပါ တပ်ရင်းမှူးတို့ဆီ မေးမြန်းပေးသင့်ပါတယ်၊ မိန်းမသားတစ်ဦးအနေနဲ့ မဝံ့မရဲဖြစ်နေတာကို အကူအညီ ပေးသင့်ကြောင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်ကိုကျတော့ ဦးရိုးတော်ရဲ့သန္တာက မင့်မရဲ မဖြစ်ဘူးလားဗျာ"

ကလေးလေးကိုများ ဘယ်သူက မင့်မရဲ ဖြစ်နေရမှာလဲဟု သန္တာက ပြောချလိုက်ချင်သည်။ သို့သော် တကယ်တမ်းတော့ မပြောရဲ။ ဤ ကလေးသာသာ လူပျိုပေါက်ကလေးသည် တိုက်ခိုက်ရေးတပ်ရင်း တစ်ရင်း၏ ဒုတိယတပ်ရင်းမှူး ဖြစ်နေပေသည်။

"ဒု-ရင်းမှူးကို အကျွန်က မင့်မရဲ မဖြစ်တာ မဟုတ်ပါဘူး။ ဒု-ရင်းမှူးက အကျွန်တို့ရွာဟောင်းမှာ စခန်းချနေတဲ့တပ်ရင်း (၅) က မဟုတ်လား။ ဒီတော့ အကျွန့်အနေနဲ့ ကိုယ့်ဒေသ ကိုယ့်ရပ်ရွာက တပ်မှူး တစ်ယောက်ပဲဆိုပြီး တရင်းတနှီး ဖြစ်နေလို့ပါ။ စိတ်ဆိုးတော် မမူပါနဲ့ ဘုရား"

သန္တာ အလျှောက်ကောင်းသောကြောင့် ဟတ္ထိရာဇာ ကျေနပ်သွားသည်။ ကျေးတောသူဆိုပေမည့် သွက်လက်ချက်ချာလှပေသည် ဟု လည်း စိတ်ထဲက မှတ်ချက်ချမိ၏။

ဟတ္ထိရာဇာ ထိုင်ရာမှ ထရပ်လိုက်၏။

"အစ်မသန္တာ၊ ကျွန်ုပ်နောက်က လိုက်ခဲ့၊ တပ်ရင်းမှူးကို သွားမေးကြရအောင်"

တပ်ရင်းမှူးတဲ့နှသည် စစ်ထွက်ရန် အသင့်ဖြစ်နေပေပြီ။ သူသည် ဘတ္ထိရာဇာအား လက်ကမ်းကြိုဆို၏။

"တပ်ရင်းမှူးကို တစ်ခွန်းလောက် မေးခွင့်ပြုပါ၊ ဒီက ကျွန်ုပ်တို့ရဲ့ လမ်းပြသန္တာကို ဘယ်လို ဆက်လက်အသုံးချမယ်ဆိုတာ သိပါရစေ"

"သန္တာ့အတွက် လောလောဆယ် အလုပ်မရှိသေးဘူး၊ တပ်ရင်းဌာနချုပ်မှာပဲ ဒု-ရင်းမှူးဟတ္ထိရာဇာကိုနဲ့အတူ နေလိုက်ဦး၊ တိုက်ပွဲပြီးတဲ့ အခါမှ သန္တာ့အတွက် ဆက်စီစဉ်ပေးမယ်၊ ဒီတော့ ဒု-ရင်းမှူး ဟတ္ထိရာဇာပဲ သန္တာကို တာဝန်ယူထားလိုက်၊ ဟုတ်ပြီလား"



"အမိန့်အတိုင်းပါ တပ်ရင်းမှူး"

[illegible] ကြောင်း ဘုဂ်မဟာဗျာနချုပ်သို့ ခိုဘင့်ရှန် ပြင်ဆင်နေသော တပ်ရင်း (၁) ဒု-ရင်းမှူးသုဒ္ဓ [illegible] ပြီး ပြုံးပြသည်။ သူ့အပြုံးကို ဟတ္ထိရာဇာ သဘောပေါက်ပါသည်။ ထို့ကြောင့် ပြန်ပြုံးပြလိုက်သည်။ ထိုအပြုံးသည် မလုံမလဲအပြုံး၊ ရှက်ကိုး ရှက်ကန်းအပြုံးများ ဖြစ်နေမလားမသိ။

ဒု-ရင်းမှူးသုဒ္ဓ လက်ထဲမှ ခိုသည် တောင်ပံတဖျတ်ဖျတ်ခတ်ပြီး ပျံတက်သွား၏။ ခြေထောက်တွင် စာလိပ်တပ်ဆင်ထားသော ဤစာ ပို့ ခိုကလေးသည် တပ်မဟာဌာနချုပ်ဆီသို့ ဦးတည်ပျံသန်းသွားမည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

"လေးသည်တော်တပ်စု-ပစ်"

တပ်ရင်း (၁) ဒု-ရင်းမှူးသုဒ္ဓ၏ ကျယ်လောင်စူးရှသော အသံအောက်တွင် တပ်ရင်း (၁) ၏ လေးသည်တော်တပ်စု တပ်စွဲရာတောင်ပူစာကလေးဆီမှ မြားတို့ အဖြိုင်ဖြိုင် ထွက်လာသည်။

လေးသည်တော် တပ်စုသည် မည်သည့်အန္တရာယ်နှင့်မှ ရင်မဆိုင်ရဘဲ အဆိုပါ တောင်ပူစာကလေးတွင် နေရာယူနိုင်ခဲ့ကြသည်။ ရွံ့ညွန်ထူထပ်သည်ဆိုကာ ရန်သူတို့ လျစ်လျူရှုထားခဲ့သော အဆိုပါ တောင်ပူစာကလေးကို ခြေကုပ်ရခဲ့ခြင်းသည် ဟတ္ထိရာဇာတို့ အသာစီးရလိုက်ခြင်း ဖြစ်၏။

တောင်ပူစာကလေးမှ ထွက်ပေါ်လာသော မြားတို့သည် လေဟုန်ကိုခွင်း၍ ရန်သူ့စခန်းဆီသို့ ကျရောက်လေသည်။ ရန်သူတို့ ရှုတ်ရှက်ခတ်သွားသဲ ဖြစ်ကုန်ကြ၏။ မြားအန္တရာယ်မှ လွတ်ကင်းအောင် နေရာယူကြ



၏။ ထိုအချိန်တွင် လမ်းကြောင်းနှစ်ကြောင်းခွဲ၍ ချီတက်သွားသော တိန္နဦးစီးသည့် တပ်ခွဲ ၃ ခွဲသည် ရန်သူ့စခန်းအခြေသို့ ကပ်မိနေပြီဖြစ်ပေသည်။ ဒု-ရင်းမှူး သုဒ္ဓက လေးသည်တော်တပ်စုအား အော်ဟစ်သတိပေး၏။

"ကိုယ့်လူတွေ ရန်သူ့စခန်းကို ကပ်မိနေပြီနော်၊ မြားတွေ အောက်မရောက်စေနဲ့၊ စခန်းတည့်တည့်ကိုပစ်"

မြားတို့သည် ပစ်မှတ်ထဲကို တည့်တည့်ဝင်နေကြသည်။ ရန်သူအချို့ မြားထိ၍ လဲပြိုကုန်ကြသည်ကို ဟတ္ထိရာဇာ မြင်ရသည်။ ထိုအခိုက်မှာပင် ဒု ရင်းမှူးသုဒ္ဓ၏အသံ ပေါ်လာပြန်သည်။

"ကိုယ့်လူတွေ စခန်းသိမ်းဖို့ ပြင်နေပြီ၊ မြားပစ်ရပ်ကြတော့"

"ကျား"

ကျားဟုအော်ဟစ်ပြီး တက်နေကြသည့် ရဲမက်များကိုမြင်ရသည်မှာ အားတက်စရာကောင်းလှသောကြောင့် ဟတ္ထိရာဇာသည် အသက်ရှူရန်ပင် မေ့လျော့နေပေသည်။ အနီးကပ်တိုက်ပွဲဖြစ်ပြီ။ ဓား၊ လှံတို့သည် နေရောင်တွင် တလက်လက်တောက်နေ၏။ ဓားသံ၊ လှံသံများကို ကြားရလောက်သည့် အကွာအဝေးမဟုတ်သော်လည်း ဟတ္ထိရာဇာ၏ နားထဲတွင် တချွင်ချွင်နှင့် ကြားနေရသကဲ့သို့ပင်။

တိုက်ပွဲသည် ပြင်းထန်၏။ မိမိဘက်ကလည်း အရည်အချင်းရှိ ရန်သူ့ဘက်ကလည်း အရည်အချင်းရှိဖြစ်နေရာ လက်ညီသော ခုတ်ပွဲထစ်ပွဲကြီးဖြစ်နေသည်။ သို့သော် တစ်ခဏအတွင်းမှာပင် မိမိတို့ဘက်က ဖိနိုင်သည်ကို တွေ့ရသည်။ ရန်သူတို့သည် ခုခံရင်း တအိအိ နောက်ဆုတ်နေကြ၏။

ဟတ္ထိရာဇာသည် တိုက်ပွဲကို စိတ်ဝင်စားစွာ ကြည့်ရှုနေသောကြောင့် သူ့ပတ်ဝန်းကျင်ကို မေ့လျော့နေ၏။ သန္တာသည် သူ့ နောက်ပါးမှလာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ သူ့ခန်းကိုကျော်၍ တိုက်ပွဲမြင်ကွင်းဆီ ကြည့်နေလေ၏။ ကိုဂို ကြည့်နေသည်ကိုလည်း ဟတ္ထိရာဇာ သတိမထားမိပေ။

"ဒု-ရင်းမှူး ဟတ္ထိရာဇာ"

ခေါ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ တပ်ရင်း (၁) ဒု-ရင်းမှူး သုဒ္ဓကို တွေ့ရသည်။ သူ့နောက်တွင် တပ်ခွဲတစ်ခွဲအင်အားရှိသည့် ရဲမက်များကို တွေ့ရ၏။ သူတို့သည် ထွက်တိုက်တော့မည့် အသွင်အပြင် ဖြစ်နေသည်။

"တပ်ရင်းမှူးတိန္နက ကျွန်ုပ်ကို မှာထားတယ်၊ သူတို့ စခန်းကို စီးမိခါနီးအချိန်မှာ ကျွန်ုပ်က အရန်တပ်ခွဲကို ဦးစီးပြီး လိုက်ခဲ့ရမယ်တဲ့၊ ဒါမှလဲ စီးမိတဲ့စခန်းကို ကျွန်ုပ်တို့က နေရာဝင်ယူပြီး ထိန်းသိမ်းပေးနိုင်မယ်လေ၊ ရန်သူက ပြန်လှန်တိုက်ခိုက်လာရင်လည်း ကျွန်ုပ်တို့က အားမကုန်သေးတဲ့တပ်ဆိုတော့ ကောင်းကောင်းကြီး ခုခံတိုက်ခိုက်နိုင်တာပေါ့"

သုဒ္ဓက ဟတ္ထိရာဇာကို ရှင်းပြသည်။ ဟတ္ထိရာဇာက အားတက်သရောနှင့် ပြန်မေးလိုက်၏။

"ကျွန်ုပ်တို့အားလုံး လိုက်ခဲ့ရမှာပေါ့"

"မဟုတ်သေးဘူး၊ ဒု-ရင်းမှူး ဟတ္ထိရာဇာက ဟိုတောင်ပူစကနေ ဆုတ်လာနေတဲ့ လေးသည်တော်တပ်စုကို စောင့်ရမယ်၊ ပြီးတော့မှ သူတို့နဲ့အတူ အခြေအနေကို ဆက်ပြီးစောင့်ကြည့်နေရမယ်၊ ကျွန်ုပ်တို့ ရန်သူ့စခန်းကိုစီးမိပြီး အလံနီထောင်လိုက်တဲ့အခါကျမှ ကျွန်ုပ်တို့နဲ့ လာပြီး ပူးပေါင်းရမယ်"

ဟတ္ထိရာဇာ၏ စိတ်ထဲတွင် ဤအစီအစဉ်ကို တစ်ခုခုလိုနေသကဲ့သို့ ခံစားရ၏။ ထို့ကြောင့် သူက တွေးတွေးဆဆပြောလိုက်သည်။



"ဒါဆိုရင်တော့ ကျွန်ုပ်တို့ဟာ တစ်ကွဲတစ်ပြားစီ ချိတက်သလို ဖြစ်နေတယ်၊ ဒု-ရင်းမှူးသုဒ္ဓနဲ့ ကျွန်ုပ်တို့အကြားကို ရန်သူက ဝင်ဖြတ်လိုက်ရင် ဘယ်လိုလုပ်မလဲ"

သုဒ္ဓက ဟတ္ထိရာဇာအား ပူတတ်ရန်ကောဟူသည့် အကြည့်နှင့် ကြည့်၏။

"ဟိုမှာ ရန်သူတောင် တအိအိဆုတ်နေတာ၊ ဘယ်က ရန်သူက ပေါ်လာပြီး ကျွန်ုပ်တို့အကြားကို ဖြတ်မှာလဲ"

"မတော်လို့ ဖြတ်လာခဲ့ရင်ကော၊ ကျွန်ုပ်တို့က ဘယ်လိုလုပ်ရမလဲ၊ ကျွန်ုပ်တို့ဆီမှာ အင်အားမရှိတော့ အဲဒီရန်သူကို ထိုးဖောက်ပြီး အသင်တို့ဆီကို လာရောက်ပူးပေါင်းဖို့ဆိုတာ ဖြစ်နိုင်မယ်မထင်ဘူး"

"မဖြစ်နိုင်ဘူးထင်ရင် မပူးပေါင်းနဲ့လေ၊ အဲသလိုမျိုး အရေးကြုံခဲ့ရင် အနာခံပြီးမတိုက်နဲ့၊ ဒီမှာလည်း ဆက်ပြီးတပ်စွဲမနေနဲ့၊ နောက်ကြောင်းကို ပြန်လှည့်၊ တပ်မဟာဌာနချုပ်ကို သတင်းပို့၊ လမ်းမှားမှာတော့ ပူစရာမရှိဘူး၊ သန္တာတစ်ယောက်လုံး ပါနေတာပဲ"

ထို့နောက် သုဒ္ဓသည် ဟတ္ထိရာဇာနှင့် သန္တာတို့ကိုလက်ပြကာ တပ်ခွဲတစ်ခွဲကို ဦးစီးလျက် တောင်ကြောပေါ်မှ ဆင်းချသွားသည်။ ဟတ္ထိရာဇာသည် သူတို့ကို လိုက်ကြည့်ရင်း တိုက်ပွဲမြင်ကွင်းဆီသို့ အာရုံပြန်ရောက်သွားသည်။

တိုက်ပွဲကား ပြင်းထန်စွာ ဖြစ်ပွားဆဲ။ နှစ်ဖက်စလုံး အထိအခိုက် အကျအဆုံး ရှိသည်။ သို့သော် မိမိဘက်ကဆက်၍ ဖိထားနိုင်သည်။ များရေး လုံ့ရေးတွင် မိမိတို့ဘက်က သာနေသည်။ တိန္နဦးစီးသော ညာတောင်ခံတ ပို၍အသာစီးရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင့်သား၊ လေးသည်တော် တပ်စုရောက်လာပါပြီ၊ ဘာဆက်လုပ်ရမလဲ ညွှန်ကြားပေးပါတဲ့"

သတ္တိဗလ သတိပေးလိုက်မှ မိမိအနီးအပါးသို့ အာရုံပြန်ရောက်သွား၏။

"လေးသည်တော်တပ်စုမှူး၊ ဒီကိုလာခဲ့၊ ဟုတ်ပြီ- မောင်မင်းတို့ရဲ့ ဒု-ရင်းမှူးသုဒ္ဓ အမှာရှိသွားတယ်၊ သူတို့ စခန်းသိမ်းအောင်ပွဲခံပြီး အလံနီလွှင့်လိုက်မှ လာရောက်ပူးပေါင်းပါတဲ့၊ ဒီတော့ မောင်မင်းတို့ တပ်စု ကျွန်ုပ်ရဲ့ အနီးအပါးမှာ သင့်တော်သလို အနားယူပြီး တိုက်ပွဲကို စောင့်ကြည့်ကြ"

မကြာမီမှာပင် စခန်းသိမ်းအလံနီ တလူလူလွင့်တက်လာ၏။ သုဒ္ဓတို့အုပ်စုလည်း စခန်းကုန်းပေါ် ရောက်သွားပြီဖြစ်သည်။ အချိန်တန်ပြီ။ မိမိတို့ နောက်ချန်အုပ်စု လိုက်သွားဖို့သာ လိုတော့သည်။

ဟတ္ထိရာဇာသည် အမိန့်ပေးရန် ဟန်ပြင်လိုက်၏။ သို့သော် သူ့နှုတ်မှ အမိန့်သံထွက်မလာမီမှာပင် ကင်းရှည်ထုတ်ထားသော သူ့ကိုယ်ရံတော်တစ်ယောက် အပြေးအလွှား ရောက်လာပြီး သတင်းပို့လေသည်။

"ရန်သူတွေ ကျွန်ုပ်တို့ တောင်ကြောပေါ် တက်လာနေကြောင်းပါဘုရား" ပြဿနာတက်ချေပြီ။

ဟတ္ထိရာဇာသည် မိမိတို့တပ်များ တစ်ကွဲတစ်ပြားစီ ချီတက်နေသည့် လုပ်ရပ်ကြောင့် ရန်သူ ကြားဝင်ဖြတ်တောက်လိုက်မှာကို ပူပန်ခဲ့သည်။ ယခုတော့ ထိုပူပန်မှုထက် ဆိုး၏။ ရန်သူက မိမိတို့ဆီသို့ တိုက်ရိုက်ဦးတည်လာနေလေပြီ။ မည်သို့လုပ်ရပါမည်နည်း။

မိမိမှာ ကိုယ်ရံတော်တပ်စိတ် တစ်စိတ်နှင့် လေးသည်တော် တပ်စုတစ်စုသာ ရှိ၏။ ဤ သေးငယ်သောအင်အားနှင့် တက်လာသော ရန်သူတို့ ရင်ဆိုင်နိုင်စွမ်း ရှိပါမည်လော။



စဉ်းစားတွေဝေသွားသော ဟတ္ထိရာဇာ၏ လက်မောင်းတစ်ဖက်အား သန္တာက လှမ်း၍ ဆုပ်ကိုင်ရင်း အားပေးစကားပြောသည်။

"ဒု-ရင်းမှူး၊ ဘာမှ မပူနဲ့နော်၊ ဒီနားတစ်ဝိုက်ကလမ်းတွေ အကျွန်အားလုံး ကျွမ်းကျင်တယ်၊ တပ်မဟာဌာနချုပ်ကို ဘေးမသီရန်မခ ပြန်ဆုတ်လို့ရတယ်"

သန္တာ၏ ဟန်ပန်နှင့်လေသံသည် အစ်မတစ်ေ ာက်က မောင်ငယ်တစ်ယောက်ကို အားပေးစကားပြောသည်နှင့် တူနေ၏။ ဟတ္ထိရာဇာ၏ အေးစက်နေသောနှလုံးသား ပြန်လည်နွေးထွေးလာ၏။

"အရှင့်သား-အရှင့်သားရယ်၊ ကျွန်ုပ်ရယ်၊ လေးသည်တော်တပ်စုမှူးရယ် တက်လာတဲ့ရန်သူ့အခြေအနေကို သွားကြည့်ပြီးမှ ဘာဆက်လုပ်ကြမယ်ဆိုတာ ဆုံးဖြတ်သင့်ပါတယ်"

သတ္တိဗလက ဝင်ရောက်အကြံပေးသည်။ သင့်မြတ်သော အကြံဖြစ်၍ ဟတ္ထိရာဇာ လက်ခံလိုက်၏။

"အကျွန်လည်းလိုက်မယ်"

သန္တာလိုက်ပါခြင်းကို မည်သူမှ မကန့်ကွက်ကြ။ သူမ၏ လမ်းပြအရည်အချင်းကြောင့် သူတို့၏လေးစားခြင်းကို ခံရလေပြီ။

တက်လာသော ရန်သူ့အင်အားသည် တပ်ရင်းတစ်ရင်း အင်အားမျှရှိ၏။ တောင်ခါးပန်း၏ တစ်ဝက်ခန့်သို့ ရောက်နေကြပြီ။ နောက်တစ်မောင်းဝက်ခန့်ကြာလျှင် ဟတ္ထိရာဇာတို့ အခြေပြုရာ တောင်ကြောသို့ ရောက်လာကြတော့မည်။

ဟတ္ထိရာဇာသည် ဓားလွယ်ကို တင်းတင်းဆုပ်ဖြစ်သည်။ ဤမျှ များပြားသော ရန်သူကို မိမိတို့၏ မဖြစ်စလောက် အင်အားကလေးနှင့် ခုခံတိုက်ခိုက်မည်ဆိုလျှင် မိမိ၏ရဲမက်များက အမိန့်နာခံကြမည်လော။

www.burmeseclassic.com

www.burmeseclassic.com



"ဦးရိုးတော်ရေ တစ်ပွဲတစ်လမ်းတော့ တွေ့ကြပြီထင်ပါရဲ့"

"အရှင့်သားက တိုက်ချင်သေးလို့လား"

သတ္တိဗလက ခပ်ပြုံးပြုံးနှင့်မေးသည်။ သတ္တိဗလ၏ အသွင်အပြင်မှာ ဟတ္ထိရာဇာကသာ တိုက်မည်ဆိုလျှင် ငြင်းဆိုခြင်းမပြုဘဲ ဝင်ရောက်တိုက်ခိုက်မည့်သဘော ရှိ၏။

သူတို့နှစ်ဦး၏ အမူအရာကိုကြည့်ကာ လေးသည်တော်တပ်စုမှူးက ပျာပျာသလဲ ဝင်ရောက်တင်ပြ၏။

"ကျွန်ုပ်တင်ပြပါရစေ ဒု-ရင်းမှူး၊ ဤမျှအင်အားကြီးမားသော ရန်သူကို မတိုက်သင့်ကြောင်းပါ။ ကျွန်ုပ်တို့ လေးသည်တော်တပ်စုက ရဲမက်တွေဟာ လေးနဲ့မြားသာ ကျွမ်းကျင်ပြီး ဓားရေးလှံရေး မကျွမ်းကျင်ပါ၊ လေးနဲ့မြားဆိုရာမှာလည်း ခုနက တိုက်ပွဲမှာ မြားတံတွေ အတော်သုံးခဲ့ရလို့ မြားလက်ကျန် သိပ်မရှိလှတော့ပါ၊ အသင့်တော်ဆုံးက တပ်မဟာဌာနချုပ်ရှိရာကို အမြန်ဆုတ်ခွာပြီး အခြေအနေကို သတင်းပို့သင့်ကြောင်းပါဘုရား"

ဟတ္ထိရာဇာသည် သတ္တိဗလကို မော့ကြည့်လိုက်၏။ ဦးရိုးတော်ရဲ့ သဘောကရောဟု မေးသည့်အသွင်ကို ဆောင်သည်။

"တပ်စုမှူး လျှောက်တင်တာ သင့်မြတ်ပါတယ် အရှင့်သား၊ အခု အခြေအနေမှာ ကျွန်ုပ်ဘို့ဟာ တပ်ရင်း ၂ တပ်ရင်းမှူးနဲ့ ဒု-ရင်းမှူးတို့ဆီကို လိုက်ပေါင်းဖို့ မဖြစ်နိုင်တော့ပါဘူး၊ အကျိုးအမြတ်မရှိဘဲ အသေခံတိုက်ဖို့လည်း မသင့်လေတော့ ဆုတ်ကြတာပဲ ကောင်းပါတယ်"

ဟတ္ထိရာဇာသည် သူ၏မေးစေ့ကို ပွတ်လိုက်ပြန်သည်။ နုနုနယ်နယ် လူပျိုပေါက်အရွယ်ကလေးက လူကြီးဟန်ပန်လုပ်နေသောအခါ သတ္တိ



ဗလ ရယ်ချင်ပက်ကျိ ဖြစ်မိ၏။ မည်သို့ပင်ဖြစ်စေ ယခုအချိန်တွင် ဤသူငယ်ကလေးသည် တာဝန်အရှိဆုံးပုဂ္ဂိုလ် ဖြစ်နေပေသည်။

"ကျွန်ုပ်က ဒီလိုစဉ်းစားတယ်၊ ဦးရိုးတော်သတ္တိဗလရော၊ လေးသည်တော်တပ်စုမှူးပါ စဉ်းစားကြည့်ပါဦး၊ ဒီအတိုင်း ဆုတ်ခွာသွားမယ့်အစား ရန်သူရဲ့ သက်ရှိအင်အားအချို့ကို ချေမှုန်းပြီးမှ ဆုတ်ခွာသွားချင်တယ်၊ ဒါမှ အခုတက်လာတဲ့ ရန်သူကို ဇာတ်ဓာတ်ရေးရာအရ ဦးနှိမ်လိုက်သလို ဖြစ်သွားမယ်"

သတ္တိဗလသည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဤသူငယ်ကလေးသည် အသက်ကလေးကလည်း ငယ်ငယ်ရွယ်ရွယ်၊ တိုက်ပွဲအတွေ့အကြုံလည်း မကြွယ်ဝသေးပါလျက် ဤကဲ့သို့သော အတွေးမျိုးကို မည်သို့မည်ပုံ တွေးမိပါသနည်း။ ပါရမီ၊ ပါရမီဟု လူတွေပြောနေကြသည်မှာ ဤကဲ့သို့သော အခြင်းအရာ ဖြစ်လိမ့်မည် ထင်သည်။ သတ္တိဗလသည် ဟေမာသီရိကို သတိရလိုက်မိသည်။ မိဟေမာ၊ နင့်သားမှာ ပါရမီ ပါသဟဲ့။

လေးသည်တော် တပ်စုမှူးသည်လည်း ဟတ္ထိရာဇာစဉ်းစားချက်အပေါ် လေးစားသွားကာ သင့်လျော်သောအကြံကို ပြုလေသည်။

"မှန်ပါ၊ ဒု-ရင်းမှူးရဲ့ စဉ်းစားချက်အရဆိုရင် ကျွန်ုပ်တို့ရဲ့ နေ့ကွေးလေးလံတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို အရင်ဆုံး ဆုတ်ခိုင်းသင့်ပါတယ်။ ကျွန်ုပ်တို့ဆီမှာ တပ်ရင်းမှူးနဲ့ ဒု-ရင်းမှူးတို့ထားခဲ့တဲ့ ဖျားနာရဲမက် သုံးလေးဦး၊ ဝန်တင်မြင်း သုံးလေးကောင်ရှိတယ်။ ကျွန်ုပ်တို့ရဲ့ ဒု-စုမှူးကို တာဝန်ပေးပြီး အဲဒီမြင်းတွေ၊ ရဲမက်တွေကို အရင်ဆုတ်ခိုင်းလိုက်တာကောင်းတယ်၊ ဒု-ရင်းမှူးရဲ့ ဝန်တင်မြင်းကိုပါ ထည့်ပေးလိုက်ပေါ့၊ စီးမြင်းပဲ ချန်ချင်ချန်ထားလိုက်စေချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ တပ်စုမှူးတင်ပြတာ ကောင်းတယ်၊ အဲဒီအတိုင်း အခု ချက်ချင်း ဆောင်ရွက်လိုက်၊ တပ်မဟာဌာနချုပ်ကို အရင်ပြန်ရောက် ခဲ့ရင် အခြေအနေတွေကို အရှိအတိုင်းတင်ပြဖို့ ဒု-စုမှူးကို တာဝန်ပေး၊ ကျွန်ုပ်ရဲ့ ဝန်တင်မြင်းသာမက စီးမြင်းကိုပါ ထည့်ပေးလိုက်၊ အခုလိုမျိုး တိုက်ပွဲမှာ မြင်းတွေပါတာ ရှုပ်တယ်"

"ဒေ နံ့အတိုင်းပါ ဒု-ရင်းမှူး"

ဟတ္တိရာဇာသည် မေးစေ့ကို ပွတ်ပြန်သည်။ ထို့နောက် သန္တာ့ထံ လှည့်ကြည့်လိုက်၏။

"အစ်မသန္တာက အရင်ဆုတ်တဲ့အဖွဲ့နဲ့ လိုက်သွားရင် ကောင်းမယ် ထင်တယ်"

သူ့စကားက မပြတ်သား။ အမိန့်လည်း မဟုတ်၊ မေးခွန်းလည်း မဟုတ်။ သို့သော် ထိုမပြတ်သားသောစကားကိုပင် သန္တာက ငြင်းသည်။

"ဟင့်အင်း၊ အကျွန် လိုက်မသွားဘူး၊ အကျွန် ဒု-ရင်းမှူးတို့နဲ့ပဲ နေခဲ့မယ်၊ အကျွန်က ဒု-ရင်းမှူးတို့ကို လမ်းပြရဦးမယ်လေ"

သန္တာနေရစ်မည်ဆို၍ ဟတ္တိရာဇာ၏မျက်နှာသည် ဝင်းပသွား၏။ အားကိုးစရာ ရလိုက်သလို ခံစားရပုံ ပေါ်သည်။ သို့သော် ဆုံးဖြတ် ရခက်ဟန်နှင့် သတ္တိဗလကို လှမ်းကြည့်လိုက်သည်။ သတ္တိဗလက ခေါင်းညိတ် ပြလိုက်သောအခါ ဟတ္တိရာဇာ ပျော်ရွှင်သွားသည်။ ချက်ချင်းပင် အော်ဟစ်၍ အမိန့်ချတော့၏။

"ကောင်းပြီ၊ ဒါဆိုရင်လည်း ကျွန်ုပ်တို့နဲ့လိုက်၊ ကျွန်ုပ်တို့ အစ်မ သန္တာကို ကာကွယ်ပေးမယ်၊ ကျွန်ုပ်တို့မသေရင် အစ်မသန္တာ မသေ စေရဘူး၊ ကိုင်း-ရဲဘော်တို့-တိုက်ပွဲဝင်ဖို့ ပြင်ဆင်ကြစို့ရဲ့"

## အခန်း (၂၆)

ထိုညက ဟေမာသီရိ အိပ်မက်မက်သည်။ ဟေမာသီရိ အိပ်မက်မက် သောအချိန်သည် သားတော်မောင် ဟတ္တိရာဇာ ညကြီးမင်းကြီး စစ်ချီနေ သည့်အချိန်နှင့် တိုက်ဆိုင်နေသည်။ အိပ်မက်ထဲတွင်လည်း ဟေမာ သီရိသည် သားတော်မောင်ဟတ္တိရာဇာ စစ်ချီတက်နေသည်ကို အပေါ် စီးမှ မြင်တွေ့ရသော မြင်ကွင်းမျိုးနှင့် မြင်မက်ခြင်းဖြစ်၏။

ဤမြင်ကွင်းအရဆိုလျှင် ဟေမာသီရိသည် မိုးကောင်းကင်မှာ ရှိသည်။ လေဟုန်စီး၍ ပျံဝဲရင်း ကမ္ဘာမြေပြင်ကို အပေါ်စီးမှ မြင်နေရပေသည်။ ညမြင်ကွင်းဖြစ်၍ အမှောင်ရိပ်တို့ ကြီးစိုးနေသည်။ အမှောင်ထုထဲ တွင် ရှည်လျားသော စစ်သားတန်းကြီး စစ်ချီတက်နေ၏။ ထိုစစ်သား တန်းကြီးထဲတွင် သားတော်မောင် ဟတ္တိရာဇာသည် မြင်းစီး၍ လိုက် ပါနေသည်။

"သားတော်၊ သားတော်ဟတ္တိရာဇာ"

www.burmeseclassic.com

www.burmeseclassic.com



ဟေမာသီရိက အော်ဟစ်ခေါ်ကြည့်၏။ သူမ၏အသံကို ကြားသွားပုံရသော ဟတ္ထိရာဇာက ကောင်းကင်ပေါ် မော့ကြည့်၏။

ဟတ္ထိရာဇာ၏ နုနယ်သော မျက်နှာကလေးသည် ကြယ်ရောင်ဟပ်၍ တောက်ပဝင်းလက်နေ၏။ သူသည် အမေဖြစ်သူကို မြင်ပုံမရပေ။

ထိုအခိုက်အတန့်တွင် တိမ်မည်းတို့ တရိပ်ရိပ်တက်လာသောကြောင့် ညအမှောင်သည် ပိန်းပိတ်အောင် ဖြစ်သွားလေသည်။ ဟေမာသီရိသည် အမှောင်ထဲမှာပင် သားတော်ကို အော်ခေါ်နေမိသည်။

"*သားတော်ရေ၊ သားတော်ရေ၊ ဟတ္ထိရာဇာရေ*"

ဟေမာသီရိ၏ ရင်ထဲတွင် ပူပန်မှုတို့ ဗလောင်ဆူလာ၏။ ဤမျှ မည်းမှောင်နေသော အမှောင်ထုထဲတွင် သားတော်တို့ စစ်တပ်ကြီး မည်သို့မည်ပုံ ချီတက်ကြပါမည်နည်း။ အလင်းရောင်၏ တန်ဖိုးကို ယခုမှ ဟေမာသီရိ ပိုသိလာသည်။ အလင်းရောင်မရှိလျှင် အမြင်အာရုံ မရှိတော့ချေတကား။ မိမိတွင် မျက်လုံးအစုံရှိပါလျက် ဘာကိုမှ မမြင်နိုင်တော့ပါတကား။

ဟေမာသီရိ တောင့်တသော အလင်းရောင်သည် အဝေးတစ်နေရာတွင် မှုန်ပျပျပေါ်လာ၏။ ထို့နောက် ထိုအလင်းရောင်သည် ကြီးမား ကျယ်ပြန့်လာ၏။ ကျယ်ပြန့်ပုံကျယ်ပြန့်နည်းမှာ ဗဟိုချက်မတစ်ခုမှနေ၍ အလင်းတန်းများ ဖြာထွက်လာခြင်း ဖြစ်၏။ တစ်ခဏအတွင်းမှာပင် ဟေမာသီရိ သည် အလင်းတန်းများဖြာထွက်ရာ ဗဟိုချက်မနှင့် နီးကပ်သွားသည်။ ဗဟိုချက်မတွင် လူတစ်ယောက်၏ ကောက်ကြောင်း သဏ္ဌာန်တစ်ခုကို တွေ့ရလေသည်။ ထိုသူသည် ထက်ဝယ်ဖွဲ့ခွေထိုင်နေ၏။ အလင်းရောင်တန်းများကြောင့် မျက်စိများ ကျိန်းစပ်နေသည် တိုင်အောင် ဟေမာသီရိသည် မျက်စိမမှိတ်ဘဲ ထိုသူ၏ မျက်နှာကို ကြည့်လိုက်သည်။



"*ရသေ့လေး၊ ရသေ့လေး ကုဒ္ဒိပါဒ*"

ကုဒ္ဒိပါဒရသေ့သည် ပတ်ဝန်းကျင်ကို လုံးဝလျစ်လျူရှုထားပုံရသည်။ မျက်စိအစုံကိုမှိတ်၍ အာရုံဝင်စားနေသည်။ အလင်းရောင်တို့သည် သူ့ခန္ဓာကိုယ်အတွင်းမှ ဖြာထွက်နေကြခြင်းဖြစ်သည်။ ထိုအလင်းရောင်တို့ကြောင့် နီညိုရောင်ရသေ့ဝတ်ရုံပင်လျှင် အဖြူရောင်ကဲ့သို့ ဖြစ်နေလေသည်။

"*ကယ်ပါဦး အရှင်ရသေ့လေးရယ်၊ အကျွန့်ရဲ့သားတော်လေး ဟတ္ထိရာဇာ ပျောက်သွားလို့ပါ၊ အကျွန်တို့ရဲ့ သားတော်လေးကို ပစ်မထားပါနဲ့နော်၊ ကူညီပြီး ရှာပေးစမ်းပါဦး ရသေ့လေးရယ်*"

ဟေမာသီရိက အားကိုးတကြီး တောင်းပန်လိုက်သည်။ ကုဒ္ဒိပါဒရသေ့သည် ထက်ဝယ်ဖွဲ့ခွေခြင်းကိုဖျက်၍ ထိုင်ရာမှ ထလိုက်၏။ မတ်တပ်ရပ်သည့် အနေအထားသို့ရောက်သွားသော ကုဒ္ဒိပါဒရသေ့သည် ကုဒ္ဒိပါဒရသေ့မဟုတ်တော့ဘဲ မျက်လှည့်ပြသည့်အလား သတ္တိဗလ ဖြစ်သွား၏။ သတ္တိဗလ၏ခန္ဓာကိုယ်မှ မည်သည့်အလင်းရောင်၊ မည်သည့်ရောင်ခြည်တန်းမှ မထွက်ပေ။ သူသည် ရဲမက်ဝတ်စုံ အသစ်ကျပ်ချွတ် ဝတ်ဆင်ထားပြီး အရောင်တဖိတ်ဖိတ် တောက်နေသည့် ဓားလွယ်ကို လွယ်ထားသည်။

"*သတ္တိဗလ၊ သတ္တိဗလ၊ နင့်တူ ဟတ္ထိရာဇာ ဘယ်ရောက်သွားသလဲ သူက နင်နဲ့အတူတူနေတာ မဟုတ်လား၊ နင်ပဲ သူ့ကို စောင့်ရှောက်ထား တယ်ဆို၊ အခု နင်သူ့ကို ဘယ်မှာ ထားခဲ့သလဲ*"

ကုဒ္ဒိပါဒရသေ့ကနေ အဘယ့်ကြောင့် သတ္တိဗလဖြစ်သွားသည်ကို ဟေမာသီရိ မစဉ်းစားအား။ သူမ၏ သားတော်မောင်အတွက်သာ သူမ စိတ်ပူနေခဲ့သည်။ ထို့ကြောင့် သတ္တိဗလဟုသိသိချင်း သားတော်မောင်ကိုသာ တန်းမေးချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သတ္တိဗလသည် သူမကို ပြန်လည် စိုက်ကြည့်သည်။ သို့သော် စကား တစ်ခွန်းမှ ပြန်မပြော။ ပြောလာနိုး ပြောလာနိုးနှင့် ဟေမာသီရိ စောင့်ကြည့်သည်။ ပြောမလာ။ ထိုအခါ ဟေမာသီရိ စိတ်ဆိုးသည်။ သတ္တိဗလဆီ ပြေးကပ်သွားပြီး ထုရိုက်ပစ်လိုက်မည်ဟု စိတ်ကူးမိသည်။ စိတ်ကူးမိသည့်အတိုင်း လှုပ်ရှားလိုက်သည်နှင့် ချောက်ကမ်းပါးထဲ ပြုတ်ကျသွားသလို ခံစားလိုက်ရ၏။

ဤသို့ဖြင့် ဟေမာသီရိ အိပ်မက်မှ လန့်နိုးလာလေသည်။ သူမ၏ ရင်သည် တဒိန်းဒိန်း ခုန်နေ၏။ သူမ၏လည်ချောင်းတို့သည် ခြောက်သွေ့နေ၏။ မီမိသည် ခုတင်ညောင်စောင်းပေါ်တွင် ခင်ပွန်းသည် ဗန္ဓုရာဇာနှင့်အတူ အိပ်စက်နေသည်ကို ဆီမီးအလင်းရောင်၌ မြင်တွေ့လိုက်ရသောကြောင့် အိပ်မက်မက်နေခဲ့ခြင်းဖြစ်ကြောင်း သဘောပေါက်သွားသည်။

ဗန္ဓုရာဇာကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေသည်။ ဟေမာသီရိသည် သူမ၏အိပ်မက်ကို ဗန္ဓုရာဇာအား ပြောပြချင်သည်။ သို့သော် အိပ်မောကျနေသူအား မနှိုးရက်။

သူမသည် ခန္ဓာကိုယ်ကို အသာလှိမ့်၍ထကာ ဇာခြင်ထောင်ကိုမ၍ ခုတင်ပေါ်မှ ဆင်းလိုက်သည်။သောက်တော်ရေတကောင်းရှိရာသို့ လှမ်းသွားပြီး ရေတစ်ခွက် ငှဲ့သောက်လိုက်၏။ တော်သေးသည်။ ယခုမှ ရင်အတုန် သက်သာသွား၏။ အိပ်ခန်းနံရံဆီ လျှောက်သွား၍ ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်သောအခါ မိုးပေါ်မှာ သာနေသောလတို့ တွေ့ရ၏။ လသည် ကောင်းစွာ မပြည့်တတ်သေး။ အလင်းရောင်တ ထိန်ထိန်ငြိုးနေသည်။ ညမှာလင်းသော လရောင်၏အလှ။ ဟေမာသီရိ၌ အိပ်ချင်စိတ်မရှိတော့။



နားပါးသော ဟေမာသီရိသည် ခုတင်ညောင်စောင်းပေါ်က ဗန္ဓုရာဇာ ဆင်းလိုက်သည့် အသံဗလံကို သတိပြုမိ၏။ သူနိုးလာပြီကိုး။ ပြတင်းပေါက်ဖွင့်လိုက်သောအသံက ဗန္ဓုရာဇာကို လှုပ်နှိုးလိုက်ပုံ ရသည်။

"အိပ်မပျော်ဘူးလား ဟေမာ"

"ဟုတ်တယ် မောင်တော်၊ နှမတော် အိပ်မက်မက်ရာက လန့်နိုးလာတာ"

ဟေမာသီရိသည် ပြတင်းပေါက်အပြင်ဘက်သို့ ငေးမောရင်း လှည့်မကြည့်ဘဲ ဖြေလိုက်သည်။ ဗန္ဓုရာဇာသည် ဟေမာသီရိ၏ ကျောဘက်သို့ ရောက်လာ၏။ ဟေမာသီရိကို နောက်မှ သိုင်းဖက်လိုက်သည်။ ဟေမာသီရိက အလိုက်သင့်မော့ကာ သူမပါးကို ဗန္ဓုရာဇာ၏ပါးနှင့် ထိကပ်ထားလိုက်လေသည်။ ထို့နောက်မှ ပင်ပန်းမောဟိုက်သံနှင့် ပြောလိုက်သည်။

"နှမတော် ဝမ်းနည်းတယ် မောင်တော်ရယ်"

"ပြောလေ နှမတော်၊ မောင်တော် နားထောင်နေပါတယ်"

"အိပ်မက်ထဲမှာ သားတော်လေး စစ်ချီတက်နေတယ်၊ မှောင်ကြီးမည်းကြီးထဲမှာ မောင်တော်ရယ်၊ အတော်ပင်ပန်းရှာမှာပဲ"

သူမသည် အိပ်မက်အကြောင်း ဤမျှသာ ပြောပြသည်။ ဣန္ဒြီပါဒ ရသေ့နှင့် သတ္တိဗလတို့ကိုမက်ကြောင်း ပြောမပြပေ။ ဗန္ဓုရာဇာသည် သက်ပြင်းတစ်ချက်ချပြီး ပြန်ပြော၏။

"ရွှေ့တန်းစစ်မျက်နှာဆိုတာ အပျော်ခရီးထွက်တာမှ မဟုတ်ဘဲ၊ အိပ်မက်ထဲမှာထက်တောင် ပို ပင်ပန်းနိုင်ပါတယ်"

"သားတော်လေးခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ သက်စွန့်ဆံဖျား လှုပ်ရှားနေရရှာတယ်၊ သားတော်လေး ရွှေ့တန်းထွက်သွားကတည်းက နှမတော်မှာ စိတ်ပူနေရတယ်၊ တစ်ခါမှ စိတ်အေးရတယ်မရှိဘူး၊ သားတော်လေးကို ပြန်ခေါ်လို့ မရဘူးလား မောင်တော်"

www.burmeseclassic.com

www.burmeseclassic.com



ဗန္ဓုရာဇာသည် ဟေမာသီရီ၏ နဖူးဆံစပ်ကလေးအား ဖွဖွကလေး နမ်းလိုက်သည်။ အိပ်ရာဝင်ခါနီး ခြယ်သခဲ့သည့်မွှေးနံ့သာတို့ ရနံ့ မပြယ်တတ်သေး။

"သားတော်လေးကို ပြန်ခေါ်ဖို့ဆိုတာ အကြောင်းပြချက် ခိုင်လုံရမယ်၊ မောင်တော်ဖြစ်ဖြစ်၊ နှမတော်ဖြစ်ဖြစ် အသည်းအသန် ဖျားနာတာမျိုးဖြစ်ရင်ပေါ့၊ ဒါဆို ခမည်းတော်နဲ့ နောင်တော်ကြီးတို့က စာနာထောက်ထားပြီး အခေါ်တော် လွှတ်ပေးမှာပဲ၊ ဒီလိုမှ မဟုတ်ရင် တာဝန်ထမ်းဆောင်နေသူတစ်ဦးကို ဘယ်လိုလုပ် ပြန်ခေါ်မှာလဲ၊ အမေလုပ်သူ စိတ်ပူနေလို့ပါဆိုတဲ့ အကြောင်းပြချက်က မလုံလောက်ဘူးလေ၊ မောင်တော်တို့ တိုင်းနိုင်ငံကြီးတစ်ခုလုံးမှာ ရှေ့တန်းရောက် စစ်သားတွေအတွက် စိတ်ပူနေရတဲ့ အမေတွေ အများကြီးပဲမဟုတ်လား"

ဗန္ဓုရာဇာပြောသည်မှာ သဘာဝကျသောကြောင့်-ဟေမာသီရီ မည်သို့မျှ မပြောသာပေ။ သားတော်လေး ဟတ္ထိရာဇာ၏ ကံကြမ္မာကိုက ဤသို့ပင် သတ်မှတ်ပြီးသား ပါလာပုံရသည်။ မိမိကသာ စိတ်ပူနေပေမည့် သူကတော့ ရှေ့တန်းစစ်မျက်နှာမှာ ပျော်ကောင်းပျော်နေနိုင်သည်။ အရေးကြီးသည်မှာ အိပ်မက်ထဲကလို သားတော်လေးကတခြား၊ သတ္တိဗလကတခြား ဖြစ်မနေဖို့ လိုသည်။ သတ္တိဗလနှင့်သာ မကွဲမကွာရှိနေလျှင် သိပ်စိတ်ပူစရာမလို။ ကြက်မကြီးက ကြက်ကလေးတွေကို စောင့်ရှောက်သလို သတ္တိဗလက ဟတ္ထိရာဇာကို စောင့်ရှောက်မှာ သေချာသည်။ သတ္တိဗလက အနီးကပ်စောင့်ရှောက်သူ။ ဤသို့ဆိုလျှင် ဣန္ဒြိ ပါဒရှင်ရသေ့ကို အဝေးမှစောင့်ရှောက်သူဟု ခေါ်ရမည်ထင်သည်။ တကယ်ရော အဝေးမှ စောင့်ရှောက်ဖြစ်ပါ၏လော။ သူ့ ကျင့်ကြံအားထုတ်မှုများနှင့်သူ လုံးလည်ချာလည်လိုက်ကာ ဟတ္ထိရာဇာကို သတိမှ ရပါလေစ။



ဗန္ဓုရာဇာသည် ဟေမာသီရီ၏ လက်ဖဝါးကလေးကို အသာအယာ ညှစ်ရင်း ဖျောင်းဖျပြောဆိုလိုက်၏။

"နံနက်မိုးသောက်ဖို့ အဝေးကြီးလိုသေးတယ်နှမတော်၊ ပြန်အိပ်လိုက်ဦး၊ အိပ်ရေးပျက်ရင် ကျန်းမာရေးထိခိုက်တတ်တယ်"

"နှမတော် မအိပ်ချင်ဘူး မောင်တော်၊ မျက်စိတွေ ကြောင်နေပြီ၊ တစ်ညတစ်လေ အိပ်ရေးပျက်ရုံနဲ့တော့ ကျန်းမာရေး မထိခိုက်နိုင်ပါဘူး မောင်တော်ရယ်၊ မောင်တော်တို့ဆိုရင် ညစဉ်ရက်ဆက်ဆိုသလို အိပ်ရေးတွေပျက်နေကြတာပဲဥစ္စာ"

မှန်သည်။ ဗန္ဓုရာဇာ၊ နောင်တော်ကြီးသက္ကရာဇာနှင့် မဟာရာဇာမင်းကြီးတို့သည် ရွှေမြို့တော်တွင် အိပ်ရေးအပျက်ဆုံးသူများ ဖြစ်ကြသည်။ အထူးသဖြင့် ရန်သူ့ထိုးစစ်ဝင်ပြီး ရတနာပန်းခင်းနယ်မြေတွင် တိုက်ပွဲများ စဖြစ်ကတည်းက ကောင်းကောင်းအိပ်ရသည့်ည အတော်ရှားသည်။ ရှေ့တန်းတပ်မဟာဌာနချုပ်မှ လူလွှတ်၍တစ်မျိုး၊ ခိုစာဖြင့်တစ်သွယ် သတင်းများပို့လာလျှင် သတင်းများကို ဖတ်ကြရသည်။ သုံးသပ်ကြရသည်။ ညှိနှိုင်းကြရသည်။ အချိန်အခါ ရွေးမနေနိုင်။ နေ့လည်း နေ့မို့။ ညလည်း ညမို့။ ရှေ့တန်းက လူတွေနှင့် ထပ်တူထပ်မျှ လိုက်လံခံစားနေကြရသည်။ ❀

"မတူဘူးလေ နှမတော်ရဲ့၊ မောင်တော်တို့က ယောက်ျားသားတွေလေ ပြီးတော့ အကျင့်ရနေကြပြီ၊ နှမတော်က နုနုနယ်နယ်နဲ့၊ ပြီးတော့ အကျင့်ရှိတာမှ မဟုတ်ဘဲ၊ ကဲ-မောင်တော့်စကားကို နားထောင်လေ၊ အိပ်မပျော်ရင်လည်း အိပ်ရာထဲမှာ အသာကလေးလှဲပြီး နားနေလိုက်နော်"

"မနားချင်ဘူး မောင်တော်ရယ်၊ နှမတော် စာရေးချင်တယ်၊ သားတော်လေးဆီကို စာရေးမယ်၊ မောင်တော် ပို့ပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဗန္ဓုရာဇာ ခေါင်းညိတ်သည်။

*"ဖြစ်ပါတယ်၊ ခြေမြန်တော်တွေ၊ မြင်းသည်တော်တွေ အသွားအလာ ရှိနေတာပဲ၊ ပို့ပေးလို့ ရတာပေါ့"*

ဟေမာသီရိသည် ဝမ်းသာအားရနှင့် ဗန္ဓုရာဇာ၏ ရင်ခွင်ထဲမှထွက်သည်။ ကျေးဇူးတင်ပါသည်ဟူသော အမူအရာနှင့် ဗန္ဓုရာဇာကို လက်အုပ်ချီ အရိုအသေပြုလိုက်သည်။ ထို့နောက် အိပ်ခန်းထောင့်မှ စားပွဲဝိုင်းရှိရာသို့ သွား၏။ စားပွဲဝိုင်းပေါ်တွင် စာရေးရန် ပိတ်စ၊ စုတ်တံ၊ မင်တောင့်၊ မင်တောင့်သွေးရန် ကျောက်ပျဉ်တို့ အသင့်ရှိနေသည်။ သူမသည် ကုလားထိုင်တွင်ထိုင်ကာ စုတ်တံကိုကိုင်လိုက်၏။

ထိုအခိုက်မှာပင် အိပ်ခန်းတံခါးဝမှ မောင်းတီးသံ ကြားရသည်။ ထို့နောက် အိပ်ဖန်စောင့်ရဲမက်တစ်ဦး၏အသံ ပေါ်ထွက်လာသည်။

*"မှန်လှပါ ကိုယ်တော်လေးဘုရား၊ ဘုန်းတော်ကြောင့် အိမ်ရှေ့စံ ကိုယ်တော်ကြီးထံမှ အခေါ်တော် ရောက်ရှိကြောင်းပါဘုရား"*

ဗန္ဓုရာဇာသည် ကြားသိကြောင်း ပြန်လည်အသံပြုလိုက်သည်။ ထို့နောက် ဟေမာသီရိကို လက်ပြနှုတ်ဆက်လိုက်၏။ ဟေမာသီရိသည် စုတ်တံကိုင်လျက်သားနှင့် ကုလားထိုင်မှထလာကာ ဗန္ဓုရာဇာအား အခန်းတံခါးဝထိ လိုက်ပို့သည်။ ထို့နောက် ကန့်ကလန့်နှင့် စတားအမှာ ပါးသေး၏။

*"ရှေ့တန်းက သတင်း၊ သားတော်လေးရဲ့သတင်းတွေဆိုရင် နှမတော်ကို ပြန်ပြောဦးနော်"*

*"စိတ်ချပါ နှမတော်ရယ်"*

ဗန္ဓုရာဇာသည် ဟေမာသီရီ၏ နဖူးဆံစပ်ကလေးပေါ်တွင် အနမ်းပန်းတစ်ပွင့် တင်ပေးလိုက်ပြန်လေသည်။

## အခန်း (၂၇)

ရွှေမြို့တော်၏ နန်းတော်ဆောင်ကြီးသည် ညအခါတွင်လည်း ဆီမီးအရောင်တို့နှင့် လင်းထိန်နေပေသည်။ ထိုအထဲတွင် စစ်ဦးစီးခန်းမဆောင်ကြီးက အလင်းဆုံးဟု ဆိုရမည်။ ထိုခန်းမဆောင်ကြီးထဲတွင် အိမ်ရှေ့စံကိုယ်တော်ကြီးသက္ကရာဇာသည် စစ်ဦးစီးအရာရှိများနှင့် အလုပ်ရှုပ်နေသည်။ ရောက်ရှိလာသော စစ်ရေးသတင်းများကိုဖတ်ရှုကာ နောက်ဆုံးအခြေအနေများအား ခန်းမဆောင်ကြီးအလယ်ရှိ သဲမြေပုံကြီးပေါ်တွင် အလံကလေးများ စိုက်ထူ ပုံဖော်လျက်ရှိသည်။

ရှေ့တန်းစစ်မျက်နှာသို့ ကိုယ်တော်တိုင် မထွက်ရသော်လည်း ရှေ့တန်းစစ်မျက်နှာ၏ အခြေအနေကို အမြဲတစေအာရုံစိုက်နေရသော ကိုယ်တော်ကြီးသည် အိပ်ချိန်စားချိန် မမှန်ခဲ့ပေ။ သည့်အတွက် ပင်ပန်းသည်ဟု သူ မယူဆ။ ဤအရေးသည် မဟာသူရိယ တိုင်းနိုင်ငံတော်ကြီး၏ အရေးဖြစ်၏။ တိုင်းနိုင်ငံတော်ကြီးမှာလည်း မိမိက ဒုတိယတာဝန်အရှိဆုံး ဖြစ်နေပြန်သည်။ စစ်ရေးကိစ္စဆိုသည်မှာ တစ်ချက်ကလေး ပေါ့လျော့၍

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်။ တစ်ချက်လောက်ပေါ့လိုက်လျှင် အသက်ပေါင်းများစွာ ဆုံးရှုံးသွားနိုင်သည်။ နယ်မြေများလည်း ဆုံးရှုံးသွားနိုင်သည်။

ယနေ့ညလည်း သန်းခေါင်အချိန်ရောက်မှ ရှေ့တန်းစစ်မျက်နှာ၏ နောက်ဆုံးသတင်း ခိုစာနှင့် ရောက်လာသည်။ ထိုသတင်းအရဆိုလျှင် ရန်သူသည် ရှေ့တန်း တပ်ရင်း (၅) တစ်ရင်းလုံးကို နောက်ကပတ်ရန် ကြိုးစားနေသည်ဆို၏။ သတင်းက မပြည့်စုံ။ ရန်သူ့အင်အား မပါ။ သို့သော် နောက်က လာပတ်သည်ဆိုကတည်းက အင်အားနည်းမည် မဟုတ်ဟု အိမ်ရှေ့စံကိုယ်တော်ကြီး ယူဆလိုက်သည်။ ဤသတင်းသည် အရေးကြီးသတင်း ဖြစ်၏။ ခမည်းတော် မဟာရာဇာမင်းကြီးကို တင်ပြသင့်၏။ သို့သော် မင်းကြီးထံမတင်ပြမီ ညီတော်ဗန္ဓုရာဇာကို ခေါ်ယူ ဆွေးနွေးသင့်သည်ဟု ယူဆသောကြောင့် ဗန္ဓုရာဇာထံ အခေါ်လွှတ်လိုက်ရခြင်း ဖြစ်ပေသည်။

"ကိုယ်တော်လေးဗန္ဓုရာဇာ ရောက်ရှိလာကြောင်းပါဘုရား"

ရဲမက်တစ်ဦး၏ သတင်းပို့သံနှင့်အတူ ဗန္ဓုရာဇာ ရောက်လာသည်။ နောင်တော်အား လက်အုပ်ချီ၍ အရိုအသေပြု၏။ နောင်တော်ကြီးသည် ညီတော်၏ပခုံးအား ထဖက်လိုက်ရင်း သဲမြေပုံရှိရာသို့ ခေါ်သွားသည်။ ထို့နောက် တပ်ရင်း (၅) ကို ရန်သူ နောက်မှပတ်သည့်သတင်းအား ပြောပြလိုက်၏။

"တပ်ရင်း (၅) ဆိုတော့ သားတော်ဟတ္ထိရာဇာတို့ရဲ့ တပ်ပဲ၊ နောက်က ပတ်ပြီဆိုတော့ ဝိုင်းပတ်ချေမှုန်းချင်တဲ့ သဘောပဲ၊ ရှေ့တန်း တပ်မဟာဌာနချုပ်က ဘယ်လိုတုံ့ပြန်ဖို့ စီစဉ်နေသတဲ့လဲ နောင်တော်ကြီး"

ဗန္ဓုရာဇာ စိုးရိမ်စိတ်နှင့် မေးလိုက်၏။



"သတင်းက ခိုနဲ့ပို့တဲ့သတင်း၊ ပြီးတော့ အဲဒီသတင်းပို့တဲ့အချိန်မှာ တပ်မဟာဌာနချုပ်က တုံ့ပြန်ဖို့အတွက် ဆုံးဖြတ်ချက် မချရသေးဘူး ထင်တယ်၊ ဒီတော့ အဲဒီသတင်းမှာ ဒါပဲပါတယ်၊ သတင်းကိုတယ် မပြည့်စုံဘူး၊ ပြည့်စုံတဲ့သတင်းကို ထပ်စောင့်ရဦးမယ်"

နောင်တော်ကြီး သတ္တရာဇာက ပြန်လည်ရှင်းပြသည်။ ဗန္ဓုရာဇာသည် သဲမြေပုံပေါ်မှ တပ်ရင်း ၅ တပ်စွဲထားသည့် တောင်ကုန်းတောင်ကြောနေရာတို့ကို ငုံ့ကြည့်လေ့လာရင်း စဉ်းစားတွေးတောနေသည်။ ဤနေရာသည် ပုံစံတူပြုလုပ်ထားသော နေရာဖြစ်၏။ တကယ့် နေရာတွင်ကား ယခုလောက်ဆိုလျှင် တိုက်ပွဲများ ဖြစ်နေကြပြီ။ စစ်သည်ရဲမက်တို့၏ သွေးချွေးတို့ မြေကျကုန်ပြီလားမသိ။ စစ်တိုက်ပြီဆိုမှတော့ သေကြေဒဏ်ရာရခြင်း ရှိတတ်သည်သာတည်း။ တစ်ခုတော့ရှိသည်။ မိမိဘက်က သေကြေဒဏ်ရာရခြင်း နည်းပါးအောင် ကြိုးစားကြဖို့သာ လို၏။

ဗန္ဓုရာဇာသည် ကိုယ်ကိုကိုင်းညွတ်၍ သဲမြေပုံကို ကြည့်နေရာမှ ပြန်မတ်လိုက်သည်။ နောင်တော်ကြီးကို ကြည့်လိုက်၏။

"ဖခမည်းတော်ထံ ဒီသတင်း ပို့ပြီးပြီလား"

"အဲဒီကိစ္စ ညီတော့်ကို တိုင်ပင်မလို့ပဲ၊ သတင်းစုံအောင် စောင့်ပြီးမှ ဖခမည်းတော်ထံ လျှောက်တင်မလား၊ ဒီသတင်းလောက်နဲ့ပဲ ဖခမည်းတော်ကို တင်ပြမလားဆိုတာ"

"ဒီသတင်းနဲ့ပဲ တင်ပြသင့်ပါတယ် နောင်တော်၊ ဒီသတင်းဟာ အတော်အရေးကြီးပါတယ်၊ တပ်မဟာဌာနချုပ်က ချက်ချင်းအရေးယူဆောင်ရွက်ရမယ့် ကိစ္စပါ၊ ဘာတွေ ဆောင်ရွက်ထားပြီလဲဆိုတာကိုလည်း ကျွန်ုပ်တို့ လှမ်းမေးထားသင့်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တပ်မဟာဌာနချုပ်ကို လှမ်းမေးတဲ့ကိစ္စတော့ နောင်တော် စီစဉ်ဆောင်ရွက်ပြီးပါပြီ၊ ခမည်းတော်ကို လျှောက်တင်ဖို့ပဲ ကျန်တော့တယ်၊ အခုပဲ ညီတော်နဲ့အတူတူသွားပြီး တင်လျှောက်ကြစို့လား"

ညီအစ်ကိုနှစ်ဦး ခမည်းတော် မင်းကြီးမဟာရာဇာ၏ နန်းဆောင်သို့ ဝင်ကြသည်။ မဟာရာဇာမင်းကြီးသည် သားတော်နှစ်ပါးအား ဧည့်ခန်းဆောင်မှာ ထွက်တွေ့၏။ ရှေ့တန်းအခြေအနေကို ကြားရသောအခါ မင်းကြီးသည် ထိုင်ရာမှ ထသည်။ စစ်ဦးစီးခန်းမသို့သွားကာ သဲမြေပုံကြည့်ရင်း ဆွေးနွေးမည် ဆို၏။ စိတ်အားထက်သန်နေသော မဟာရာဇာမင်းကြီးသည် ရှေ့မှ ဦးဆောင်ကာ ဒေါင်းတင်မော်းတင် သွားနေလေသည်။ အသက်ခုနစ်ဆယ်ကျော်ပြီး ရှစ်ဆယ်နား ကပ်နေပြီဖြစ်သော ဤဘုရင်အိုကြီးသည် သူကိုယ်သူ အိုသည်ဟု မထင်ရသေး။ ရာဇမာန်အပြည့်နှင့် သွားနေလေရာ သားတော်နှစ်ပါးသည် သူ့ကိုမီအောင် အပြေးလိုက်ကြရသည်။

စင်စစ်အားဖြင့် မင်းကြီးသည် သဲမြေပုံကို မကြာခဏ ကြည့်ထားသောကြောင့် အလွတ်ပင်ရနေပြီဟု ပြောနိုင်သည်။ တပ်ရင်း (၅) နေရာကိုလည်း ကောင်းကောင်း မှတ်မိ၏။ သို့သော် ရန်သူက နောက်က ပတ်သည်ဆိုသောအခါ ထိုပတ်သောနေရာ၏ မြေအနေအထားကို သေသေချာချာ လေ့လာလိုစိတ် ပေါ်လာပေသည်။

သဲမြေပုံကြည့်နေသော မင်းကြီးအား သားတော်နှစ်ပါးက မနှောင့်ယှက်ကြ။ နံဘေးမှ အသာ အကဲခတ်နေကြ၏။ မင်းကြီး မျက်နှာပျက်သွားသည်ကို သူတို့ မြင်လိုက်ကြရသည်။

"[illegible]တစ်ချီတော့ ရန်သူက လက်ဦးမှုရသွားပြီ ထင်ပါရဲ့ သားတော်တို့ရေ"



"အမိန့်ရှိတော်မူပါ ခမည်းတော်ဘုရား"

"ရန်သူ့ထိုးစစ် စကတည်းက ခမည်းတော်တို့ မထင်မှတ်ထားတာတွေကိုပဲ လုပ်ခဲ့တာကြွဲ့၊ ခရီးဝေး ချီတက်ပြီး တိုက်ခိုက်ခဲ့တယ်၊ နယ်မြေတချို့ကို သိမ်းပိုက်ခဲ့တယ်၊ ဖခမည်းတော်တို့ဘက်ကလည်း သူတို့ဘာဆက်လုပ်မလဲဆိုတာ သိချင်တာနဲ့ ရုတ်တရက် ဘာမှမတုံ့ပြန်သေးဘဲ စောင့်ကြည့်ခဲ့တယ်၊ ဒီအခြေအနေမှာ သူတို့က တပ်ရင်း (၅) ကို နောက်က ပတ်တယ်၊ ကြည့်လိုက်ရင် တပ်ရင်း (၅) ကို ဝိုင်းပတ်ချေမှုန်းမယ့်သဘောပဲ၊ ဒါဟာ သူတို့ရဲ့ ကြီးမားတဲ့စွန့်စားမှုလည်း ဖြစ်တယ်၊ ပြီးတော့ ခမည်းတော်တို့ကို အကဲစမ်းလိုက်တာလည်း ဖြစ်တယ်၊ မင်းတို့ ဘယ်လို တုံ့ပြန်မလဲလို့ မေးလိုက်တာပဲ၊ တပ်မဟာဌာနချုပ်က ဘယ်လို တုံ့ပြန်ဖို့ စီစဉ်သတဲ့လဲ"

"မေးထားတုန်းပါပဲ ဘုရား" သက္ကရာဇာက အဖြေပေးသည်။

"ဟုတ်ပြီ၊ ဒါဆိုရင် တုံ့ပြန်ပုံတုံ့ပြန်နည်း မသိရသေးဘူးပေါ့၊ ဒါဆို ခမည်းတော်တို့ ကြိုတင်စဉ်းစားထားကြည့်ရအောင်၊ တပ်မဟာဌာနချုပ်က ဘယ်လို လက်တုံ့ပြန်မယ်လို့ သားတော်ကြီး ထင်သလဲ"

"ဘုန်းတော်ကြောင့် မုချစစ်ကူ ပို့ပါလိမ့်မယ်ဘုရား၊ သားတော်ကြီးရှိရင်လည်း ဒီလိုပဲ ညွှန်ကြားမှာပါ၊ ရှေ့တန်းက ကိုယ့်တပ်ရင်း နောက်က အပတ်ခံရတာ ဒီအတိုင်းကြည့်နေလို့ မဖြစ်ကြောင်းပါ၊ ပတ်ထားတဲ့တပ်ကို စစ်ကူတပ်နဲ့ သွားတိုက်မှ ဖြစ်မှာပါ"

သားတော်ကြီးသက္ကရာဇာ၏ အဖြေကို နားထောင်ပြီး မဟာရာဇာမင်းကြီးသည် သားတော်ငယ် ဗန္ဓုရာဇာကိုပါ ဆက်မေးလိုက်သည်။

"သားတော်ငယ်ဆိုရင် ဘယ်လိုတုံ့ပြန်မလဲ၊ အခု နောက်က အပတ်ခံရတဲ့တပ်ရင်း (၅) မှာ သားတော်ငယ်ရဲ့ သားတော်လေး ဖခမည်း

www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့မြေးတော်လေး ဟတ္ထိရာဇာရှိနေတယ်ဆိုတာကိုတော့ အသာ ထားလိုက်ဦး၊ အဲဒါတွေ ထည့်စဉ်းစားရင် ဆန္ဒစွဲတွေ ပါသွားဦးမယ် တပ်ရင်း (၅) ကို ကိုယ့်တပ်ရင်းတစ်ရင်းလို့ပဲ သာမန်လိုသဘောထား တဲ-ဘယ်လို လုပ်မလဲ၊ သားတော်ကြီးပြောသလို လုပ်မှာပဲလား"

ဗန္ဓုရာဇာသည် အတန်ငယ်တွေ၍ စဉ်းစားသေးသည်။ ထို့နောက်-မှ တုံးတိကဲ ဖြေချလိုက်သည်။

"နောင်တော်ကြီးနဲ့ မကွဲပြားကြောင်းပါ"

မဟာရာဇာမင်းကြီးက ပြုံးလိုက်၏။

"ဘယ်ခေါင်းဆောင်မဆို ဒီလိုပဲ လုပ်ကြမှာပါပဲ၊ ဒါပေမဲ့ လွှတ်လိုက်တဲ့ စစ်ကူအတွက် အများကြီး စဉ်းစားပေးပြီးမှ လွှတ်ရမယ်၊ ဖြစ်နိုင်ခြေတွေကို သေသေချာချာ ရှင်းပြပြီး ဘာဖြစ်ရင် ဘာလုပ်၊ ဘယ်လို ကြုံတွေ့ရရင် ဘယ်လိုဖြေရှင်း ဆိုတာတွေနဲ့ ကောင်းကောင်းကြီး ညွှန်ကြားလိုက်ရမယ်၊ သားတော်တို့-ဒီနေရာကို ကြည့်ကြစမ်း"

မင်းကြီးသည် သဲမြေပုံပေါ်မှ စစ်ကူတပ်ချီတက်မည့် လမ်းကြောင်းကို ညွှန်ပြလိုက်သည်။ မင်းကြီး ညွှန်ပြသည့်နေရာမှာ လမ်းသည် တောင်ပူစာနှစ်လုံး၏ အလယ်မှဖြတ်သွားသည်။

"ဒီတောင်ပူစာ နှစ်လုံးပေါ်မှာ ရန်သူက သူ့ရဲ့လက်ရွေးစင် လေးသည်တော်တပ်ဖွဲ့တွေ တင်ပြီးစောင့်နေမယ်ဆိုရင် ခက်ပြီလေ၊ တောင်ပူစာတွေကို တက်မရှင်းမိဘဲ အလောတကြီး ဖြတ်သွားမိရင်တော့ မြားမိုးတွေအောက်မှာ အကြီးအကျယ် ဆုံးရှုံးရမှာ၊ သတိရှိလို့ တက်ရှင်းတယ်ဆိုရင်လည်း တက်ရှင်းတဲ့ တပ်ဖွဲ့တော့ အထိနာပြီပဲ၊ အဲဒီအခါမျိုးမှာ ဒီတောင်ပူစာတွေကို တိုက်ခိုက်သိမ်းပိုက်ရမှာလား၊ ဘာလုပ်ရင် ကောင်းမလဲဆိုတာ အဲဒီစစ်ကူတပ်ရဲ့တပ်မှူး ခေါင်းခြောက်ရတော့မယ်လေ



ဒါကြောင့် မလွှတ်ခင်ကတည်းက ကိုယ်လွှတ်တဲ့တပ်မှူးကို ဒီလို မြေအနေအထားမျိုးရှိတဲ့လမ်းကို ရှောင်ကွင်းသွားဖို့ မှာလိုက်ရမယ်"

သားတော်နှစ်ပါး ခေါင်းညိတ်ကြသည်။ ဖခင်သည် စစ်သားအိုကြီးတစ်ဦး ဖြစ်၏။ စစ်သားအိုကြီး၏ အတွေ့အကြုံနှင့် သင်ခန်းစာများသည် မှတ်သားဖွယ်ရာများပါပေ။

"တပ်မဟာမှူးနဲ့ ညီတော် ပံသုရာဇာတို့ ဒါကို စဉ်းစားမိကြရဲ့လား မသိဘူး"

သက္ကရာဇာက စိုးရိမ်စိတ်နှင့် ရေရွတ်သည်။

"ဒီကိစ္စကို ခိုစာရေးပြီး ပို့လွှတ်သင့်ကြောင်းပါ နောင်တော်ကြီး"

ဗန္ဓုရာဇာက အကြံပြုသည်။

"ညီတော် ရေးလိုက်ကွယ်"

သက္ကရာဇာက တာဝန်ပြန်လွှဲလိုက်သောကြောင့် ဗန္ဓုရာဇာသည် ဆက်သွယ်ရေးတာဝန်ခံများနှင့်အတူ ခိုစာပို့ရန် စီစဉ်ရ၏။ နယ်စားမင်းကြီး ပံသုရာဇာနှင့် တပ်မဟာမှူးများထံပို့လိုက်သော ထိုစာတွင်အောက်ခြေမှနေ၍ သားတော်လေးဟတ္ထိရာဇာ ကျန်းမာပါစေ၊ ခမည်းတော်နှင့် မယ်တော်တူသော စာတိုလေးပါ ရေးထည့်ပေးလိုက်လေသည်။

ဗန္ဓုရာဇာ အလုပ်ရှုပ်နေစဉ် မင်းကြီးသည် ဘာမှမပြောဘဲ စောင့်နေ၏။ ဖခင်ဖြစ်သူ ငြိမ်သက်နေစဉ် သက္ကရာဇာလည်း ငြိမ်နေ၏။ သူသည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေပုံ ရသည်။ ဗန္ဓုရာဇာ ပြန်ရောက်လာသောအခါ မဟာရာဇာမင်းကြီးက စကားပြန်ဆက်သည်။

"ကောင်းပြီ အဲဒီအန္တရာယ်လမ်းကြားကို ခမည်းတော်တို့ရဲ့ စစ်ကူဘယ်က ရှောင်ကွင်းသွားလိုက်နိုင်ပြီဆိုပါစို့ သူ ဘာလုပ်မလဲ၊ ဒီနေရာကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေးပြီး တပ်ရင်း (၅) ကို နောက်က ပတ်ပိတ်ထားတဲ့ ရန်သူကို တိုက်မှာပဲ၊ တိုက်လို့နိုင်ပြီဆိုရင် ရတဲ့နေရာမှာတပ်စွဲပြီး တပ်ရင်း (၅) နဲ့ ဆက်သွယ်မှာပဲ၊ တိုက်လို့မနိုင်ရင်လဲ အဲဒီမှာ ရန်သူကို ဆက် ရင်ဆိုင်ထားမှာပဲ၊ ဘယ်လို အခြေအနေမျိုးဖြစ်ဖြစ် အဲဒီစစ်ကူတပ်ကိုပါ ရန်သူက နောက်ကနေ ထပ်ပိတ်လိုက်ရင် တပ်ရင်း (၅) သာမက စစ်ကူတပ်ကိုပါ ဝိုင်းမိသွားမှာပဲ၊ ဒီမှာကြည့်စမ်း ဒီတောင်ဟာ အဲဒီလို ထပ်ပိတ်လို့ရတဲ့ တောင်"

မဟာရာဇာမင်းကြီးသည် သဲမြေပုံကို တုတ်တံနှင့် ညွှန်ပြလိုက်၏။ မိမိတို့ဘာသာ ကြည့်စဉ်က သာမန်ကာလျှံကာမျှသာ ဖြစ်ပြီး ဖခမည်းတော် ထောက်ပြလိုက်တော့လည်း အဟုတ်သားဟု ဝန္နရာဇာ စဉ်းစားမိသည်။ ထို့ကြောင့် စစ်တိုက်ရာတွင် မြေအနေအထားသည် အရေးကြီးသည်။ စစ်ကို ဦးစီးသူသည် မြေအနေအထားကို ကောင်းစွာ ကျွမ်းကျင်ဖို့လိုသည်ဟု အစဉ်အဆက်သော စစ်သူကြီးများက သားစဉ်မြေးဆက် မှာကြားခဲ့ခြင်း ဖြစ်ပေသည်။

"သားတော်တို့ နားထောင်၊ အဲဒီလိုဖြစ်ခဲ့ရင် စစ်ညွှန်ကြားသူဟာ လုပ်စရာနှစ်ခု ရှိတယ်၊ တစ်ခုကတော့ တပ်အင်အားထပ်စုပြီး စစ်ကူထပ်လွှတ်ဖို့ပဲ၊ အဲဒီမှာ အလွန်ရှုပ်ထွေးတဲ့တိုက်ပွဲတွေ ဖြစ်မှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် မိမိဟာ ရန်သူနောက်ကြောကို ရောက်သွားတဲ့ အတွက် မိမိဘက်က အလေးသာတယ်၊ နိုင်ခြေများတယ်၊ တကယ်လို့ စစ်ကူပို့လောက်အောင် တပ်အင်အားမရှိတော့ဘူး ဆိုရင်တော့ စိတ်လျှော့လိုက်တော့၊ အဲဒီစခန်းနဲ့ အဲဒီနယ်မြေကို ပေးလိုက်ရမှာပဲ ဒီတော့ အဝိုင်းခံထားရတဲ့ တပ်တွေဆီ ခိုစာလွှတ်ပြီး ညွှန်ကြားလိုက် ရန်သူ့ သက်ရှိအင်အားကို များများ ချေမှုန်း၊ မိမိဘက်က အကျအဆုံး



နည်းအောင်လုပ်၊ ရိက္ခာရှိသလောက် တောင့်ခံပြီး ဆုတ်ခဲ့ကြတော့လို့ မှန်တယ်၊ ဒါဟာ ရှုံးတာပဲ၊ ဒါပေမဲ့ ဒီလိုတစ်ပွဲရှုံးရုံနဲ့ စိတ်ဓာတ်ကျစရာမလိုဘူး၊ တိုက်ပွဲစဉ်တွေ အများကြီး ကျန်သေးတယ်၊ ရွှေမြို့တော် မကျမချင်း ရှုံးပြီလို့ ပြောလို့မရဘူး၊ ရွှေမြို့တော် ကျသွားသည့်တိုင် ကျွန်ုပ်ကို မမိမချင်း လုံးဝရှုံးသွားပြီလို့ ပြောလို့မရသေးဘူး"

မဟာရာဇာမင်းကြီးက ဆက်လက် ရှင်းပြနေခဲ့သည်။ သူသည် သားတော်နှစ်ပါးအား စစ်ဆင်ရေးပညာ အမွေအနှစ်များ ပေးအပ်နေခြင်း ဖြစ်သည်။ မယူတတ်လျှင်တော့ ရမည်မဟုတ်။ ယူတတ်သူကား ဆင့်ပွားတွေးခေါ် ထွန်းကားသွားနိုင်သည်။

"နောင်တော်ပံသုရာဇာနဲ့ ရှေ့တန်းကတပ်မဟာမှူးတွေ ခမည်းတော်လို စီစဉ်တတ်ပါစေလို့ ဆုတောင်းရမှာပဲ"

ဝန္နရာဇာက ဝင်ပြောသည်။ ဝန္နရာဇာ၏ စကားကို သက္ကရာဇာက ဝင်ထောက်၏။

"ဆုတောင်းနေလို့ မဖြစ်ဘူး ညီတော်၊ အဲဒီလို စီစဉ်တတ်အောင် ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြပ်မတ်ဖို့ လိုတယ်လို့ထင်တယ်၊ မှန်လှပါ၊ ခမည်းတော်ဘုရား၊ တစ်ဆက်တည်းလျှောက်တင်ပါရစေ၊ သားတော်ကြီး ရှေ့တန်းသို့ လိုက်သွားလိုပါတယ်ဘုရား၊ ဒီစစ်ပွဲမှာ ကိုယ်တိုင် အနီးကပ် ကွပ်ကဲလိုပါတယ်"

မဟာရာဇာမင်းကြီးသည် ခေါင်းညိတ်၏။

"ခမည်းတော်လည်း အဲဒီလိုပဲ ယူဆတယ်၊ အခုလို အရေးတကြီးဖြစ်လာတဲ့တိုက်ပွဲတွေမှာ အိမ်ရှေ့မင်းသားကိုယ်တိုင် ထွက်ပြီး ကွပ်ကဲသင့်တယ်၊ ဒါမှလဲ ရှေ့တန်းက တပ်မှူးတွေ အားတက်မယ်၊ လုပ်ရော

www.burmeseclassic.com

www.burmeseclassic.com



ရှိတာတွေကို တက်တက်ကြွကြွလုပ်ရမယ်၊ လျှော့ရိလျှော့ရဲ လုပ်နေလို့ မဖြစ်တော့ဘူး"

သတ္တရာဇာသည် လက်သီးဆုပ်၍ အံကြိတ်လိုက်သည်။

"ကျေးဇူးကြီးလှပါတယ် ခမည်းတော်၊ သားတော်ရဲ့ဆန္ဒကို လိုက်လျောပေးတဲ့အတွက် အထူးဝမ်းသာမိပါတယ်၊ သားတော် ဒီတိုင်းတစ်ပါးသားတွေနဲ့ ညာဏ်ရည်ချင်းယှဉ်မယ် ခမည်းတော်၊ သားတော်နိုင်အောင်တိုက်မယ်"

မင်းကြီးသည် ပြုံး၍ တစ်စုံတစ်ခု ပြောမည် ပြင်လိုက်၏။ သို့သော် မပြောတော့ဘဲ ပြန်လည် မျိုသိပ်လိုက်သည်။ သူ့စကားကြောင့် သားတော်ကြီး၏တက်ကြွနေသောစိတ်များ လျော့ကျသွားမှာ စိုးရိမ်ပုံရသည်။

ဗန္ဓုရာဇာကတော့ ခေါင်းကြီးသွား၏။ နောင်တော်ကြီး ရှေ့တန်းတက်လျှင် ရွှေမြို့တော်သည် မိမိတာဝန် ဖြစ်တော့မည်။ တာဝန်ကြီးလှပေ၏။ ဗန္ဓုရာဇာ၏အမူအရာကို မဟာရာဇာမင်းကြီး ရိပ်မိသည်။ ထို့ကြောင့် ဖျောင်းဖျလိုက်၏။

"သားငယ်က စိတ်ပူလို့လား၊ စိတ်မပူပါနဲ့ ဖခမည်းတော် တစ်ယောက်လုံး ရှိနေတာပဲ"

"ခမည်းတော်ရှိနေလို့ စိတ်ပူရတာပေါ့လို့ လျှောက်တင်လိုက် ညီတော်"

သတ္တရာဇာက ရယ်ရယ်မောမော ဝင်ထောက်သည်။ ဗန္ဓုရာဇာလည်း ရယ်မိ၏။ ရယ်ရင်း မင်းကြီးအား လျှောက်တင်၏။

"မှန်ပါတယ်၊ ခမည်းတော်ရှိနေလို့ စိတ်ပူရတာပါဘုရား၊ သားတော်မလုပ်တတ်၊ မကိုင်တတ်၊ ချွတ်ချော်မှားယွင်းမှုများရှိခဲ့ရင် ခမည်းတော်ကို ထိခိုက်မှာ စိုးရိမ်လို့ပါ"



"ကိစ္စမရှိပါဘူး သားတော်ငယ်၊ ခမည်းတော်အပြင် တိုင်ပင်ရမယ့်လူတွေ ရှိပါသေးတယ်၊ အုပ်ချုပ်ရေးကိစ္စတွေ တိုင်ပင်ဖို့ အမတ်ချုပ်ကြီးရှိတယ်၊ စစ်ရေး စစ်ရာတိုင်ပင်ဖို့ မြို့စောင့်တပ်မှူးသူရစက္က ရှိတယ်၊ လောကီရေးရာတွေ တိုင်ပင်ဖို့ နတ်ဆရာချုပ်ကြီးနဲ့ ဗေဒင်ဆရာကြီးတွေရှိတယ်၊ သားတော် အထီးကျန်မဖြစ်ပါဘူးကွဲ့"

ဤတွင် သတ္တရာဇာက ပျာပျာသလဲ ဝင်ပြော၏။

"ခမည်းတော် ပြောလိုက်မှ သတိရတယ်၊ ညီတော် ဗန္ဓုရာဇာကို နောင်တော် သတိပေးထားရဦးမယ်၊ နတ်ဆရာချုပ်ကြီးနဲ့ ဗေဒင်ဆရာကြီးတွေကို လောကီရေးရာတွေ၊ နတ်တင် နတ်မြှောက်ကိစ္စတွေ၊ ယတြာအစီအမံ ကိစ္စတွေမှာပဲ တိုင်ပင်နော်၊ အဆုံးအဖြတ်ကိစ္စတွေမှာ ဝင်မပါစေနဲ့၊ စစ်ရေးစစ်ရာတွေမှာ လုံးဝဝင်မပါစေနဲ့၊ တိုင်ပင်တာနဲ့ ဆုံးဖြတ်တာ မရောထွေးစေနဲ့"

"စိတ်ချပါ နောင်တော်၊ ညီတော် သဘောပေါက်ပါတယ်"

"စိတ်မချလို့ကတော့ မဟုတ်ဘူး၊ နောင်တော်မရှိတာကို အခွင့်ကောင်းယူပြီး ညီတော်ကို လှည့်စားသွားမှာ စိုးရိမ်လို့ပါ၊ နတ်ဆရာချုပ်ကြီးရော၊ ဗေဒင်ဆရာကြီးတွေပါ ထီးသုံးနန်းသုံးမင်းသုံးဆိုပြီး တစ်ခါတစ်ရံ ဘဝင်မြင့်သွားတတ်ကြတယ်၊ သူတို့ဟာ နောင်တော်တို့ရဲ့အပေါ်ကလို့ ထင်သွားတတ်ကြတယ်၊ ဒါကို နောင်တော်တို့က သဘောပေါက်ထားပြီး အသာကလေး ကန့်ထားတတ်ရမယ်၊ နောင်တော်တန့်ထားတာ ညီတော့်အမြင်ပဲလေ၊ အခုလို စစ်ဦးစီးခန်းမထဲဆိုရင် သူတို့ကို အဝင်တောင် ခံတာမဟုတ်ဘူး"

"မှန်ပါ၊ ညီတော်လဲ နောင်တော်ကြီးလိုပဲ ဆောင်ရွက်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါလေ့ ညီတော်၊ ရှေ့တန်းရောက်လို့ သားတော်လေး ဟတ္ထိရာဇာကိုတွေ့ရင် ဘာပြောလိုက်ရမလဲ"

"ကျန်းမာရေး ဂရုစိုက်ဖို့သာ ပြောပေးပါ နောင်တော်၊ မိဘနှစ်ပါးလည်း ကျန်းမာပါတယ်လို့၊ တူတော်မောင် မန္တရာဇာကိုလည်း သတိရကြောင်းနဲ့ ကျန်းမာရေး ဂရုစိုက်ဖို့အကြောင်း ပြောပေးပါ"

"ဟုတ်ပြီ၊ ပြောလိုက်မယ် ညီတော်၊ နောင်တော်တော့ အချိန်မဆိုင်းဘဲ ရှေ့တန်းထွက်နိုင်အောင် ပြင်လိုက်ဦးမယ်"

သက္ကရာဇာသည် မဟာရာဇာမင်းကြီးအား လက်အုပ်ချီလိုက်သည်။ မင်းကြီးက ခေါင်းညိတ်ပြလိုက်၏။

## အခန်း (၂၈)

တောင်ခြေမှ တက်လာသော ရန်သူတို့သည် ခါချဉ်ကောင်များကဲ့သို့ အရွယ်အစားနှင့် လှုပ်လှုပ်ရွရွမြင်ရ၏။ သူတို့သည် တောင်တက်လမ်းအတိုင်း စနစ်တကျစီတန်း၍ တက်လာကြသည်။ အမြင့်သို့ တက်လာလေ သူတို့သည် လူလုံးကွဲလာလေဖြစ်သည်။

ရန်သူများ ဦးတည်လာနေသည်ကို မြင်နေရလျက် ဟတ္ထိရာဇာသည် ကြောက်စိတ်မပေါ်။ ဤသို့ ကြောက်စိတ်မပေါ်ခြင်းကို ဟတ္ထိရာဇာ မိမိကိုယ်မိမိ အံ့သြနေသည်။ တကယ်တော့ အားကိုးရှိ၍ ဖြစ်နိုင်သည်။ ကိုယ်ရံတော်သတ္တိဗလကို အားကိုးထား၍လောမသိ။ သို့တည်းမဟုတ် ပြေလမ်းရှာပေးသော အစ်မသန္တာကို အားကိုး၍ပင်လော။

ဟတ္ထိရာဇာ၏ တိုက်ခိုက်ရေးအင်အားသည် လေးသည်တော်တစ်စုသာ ဖြစ်၏။ အဆိုပါ လေးသည်တော်တစ်စုကလည်း မိမိ အပ်ချုပ်ရင်းမှ မဟုတ်။ သို့သော် ကိစ္စမရှိ။ သူတို့ တပ်ရင်းမှူးများက မိမိကို လွှဲအပ်ပေးထားပြီး ဖြစ်သည်။ ထို့ပြင် မိမိသည် နာမည်ကြီးတပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



(၅) မှ ဒု-ရင်းမှူးလည်းဖြစ်၊ ဘုရင့်မြေးတော်လည်းဖြစ်သော အရှိန်အဝါရှိရာ လေးသည်တော်တပ်စုသည် မိမိ၏အမိန့်ကို ရှိကျိုးဖျဝပ်စွာ နာခံနေကြသည်။

တောင်ကမ်းပါးယံရှိ ကျောက်လုံးကျောက်တုံး၊ ကျောက်ချွန် ကျောက်ဆွယ်များကို အကာအကွယ်ယူကာ ပစ်ခတ်ရန် အသင့်ရှိနေကြသည့် လေးသည်တော်တို့သည် တုတ်တုတ်မျှ မလှုပ်ကြပေ။ သူတို့၏နောက်တွင် မိမိနှင့် အမြဲလိုက်ပါနေသော လေးသည်တော်ငါးဦး ရှိသည်။ အဆိုပါ လေးသည်တော်ငါးဦး၏နောက်တွင်မှ မိမိနှင့် သန္တာ၊ ထို့နောက် သတ္တိဗလ ဦးစီးသော ကိုယ်ရံတော်ငါးဦး။

ဤနည်းဗျူဟာကို အချို့ကလည်း ပစ်ပြေးနည်းဗျူဟာဟု ခေါ်ကြသည်။ အလွယ်တကူ ခေါ်ဝေါ်သုံးစွဲခြင်း ဖြစ်ပေသည်။ ပစ်ပြီးထွက်ပြေးခြင်းကို ဆိုလိုသည်။ လက်ရှိအခြေအနေအရ ဟတ္ထိရာဇာသည် ဤပစ်ပြေးနည်းပညာကိုပင် သုံးရပေလိမ့်မည်။ ပစ်ပြီးမပြေးဘဲ အသေအလဲ ခေါင်းယှဉ်၍ ခုတ်နေလျှင် အလွန်အင်အားကြီးမားလှသော ရန်သူတို့အကြားတွင် မိမိတို့လူစုသည် အပိုင်းပိုင်းအစိတ်စိတ် ဖြစ်သွားပေလိမ့်မည်။

တက်လာသော ရန်သူကို စောင့်ဆိုင်း၍ ပစ်ခတ်ရခြင်းသည် လွယ်လှသည်တော့မဟုတ်။ စိတ်ရှည်ဖို့ လိုသည်။ စိတ်ငြိမ်ဖို့ လိုသည်။

စိတ်မရှည်၊ စိတ်မငြိမ်လျှင် အချိန်မရောက်မီ ပစ်မိန့်ပေးမိတတ်သည်။ ရန်သူတို့ မြားတစ်ပစ်အကွာအဝေး မရောက်မီ ပစ်မိန့်ပေးမိပါက ပစ်သမျှမြားတို့သည် ထိရောက်မည် မဟုတ်တော့ပေ။ အနီးသို့ကပ်လွန်းသည့်အချိန်ရောက်မှ ပစ်မိန့်ပေးမိပြန်လျှင်လည်း မြားပစ်ခွင့်ရလိုက်တော့မည် မဟုတ်တော့။ ရန်သူတို့က အပြေးတက်၍ ဓားနှင့်ခုတ်ခြင်းကို ခံရလိမ့်မည် ဖြစ်သည်။



ထို့ကြောင့် ပစ်ပြီးပြေးတာများ လွယ်လွယ်လေးဟု အထင်သေး၍ မရ။ စိတ်ရှည်ဖို့ စိတ်တည်ငြိမ်ဖို့လိုကြောင်း ကိုယ်တွေ့ကြုံမှ သိကြမည် ဖြစ်၏။ စိတ်ရှည်စိတ်ငြိမ်ခြင်းသည် အရည်အချင်းတစ်ရပ်ဖြစ်ရာ ထိုအရည်အချင်းကို ဟတ္ထိရာဇာလေ့ကျင့်ထားပြီး ဖြစ်သည်။ သိုင်းပညာလေ့ကျင့်စဉ် စိတ်ရှည်စိတ်ငြိမ်ရန် နည်းအမျိုးမျိုးနှင့် လေ့ကျင့်ခဲ့ရသည်။ ထို့ကြောင့်လည်း သိုင်းပညာ' တတ်ကျွမ်းသွားသောအခါ စိတ်ရှည်စိတ်ငြိမ်ခြင်းက အဆစ်အဖြစ် ပါလာခဲ့၏။

"ပစ်"

ဟတ္ထိရာဇာ၏ စူးရှသောအသံသည် လေးသည်တော်တပ်စုအား အသက်သွင်းပေးလိုက်သည်။ သူတို့သည် ကြိုတင်ချိန်ရွယ်ထားသော ပစ်မှတ်များဆီ ပစ်လွှတ်ရခြင်းဖြစ်သောကြောင့် လွဲချော်ခြင်း မရှိကြ။ ရန်သူတို့ အထိနာကြ၏။ လုံးခနဲ ထွေးခနဲ လဲပြိုကုန်ကြသည်။ မထိမှန်ဘဲ ကျန်နေသူတို့ နေရာယူကြသည်။ ရှောင်ကြ တိမ်းကြသည်။ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်သတိပေးကြသည်။ သူတို့၏ အကြပ်အရာရှိများထံမှ စစ်မိန့်ပေးသံများ ပေါ်ထွက်လာသည်။

"သူတို့ပြန်ပြီး ပစ်ခတ်တော့မယ် ဒု-ရင်းမှူး"

သန္တာက အာသာပြန်ပြသည်။ ဟတ္ထိရာဇာသည် ကျေးဇူးတင်ပါသည်ဟူသောအကြည့်နှင့် ကြည့်ကာ ပြုံးပြလိုက်၏။ သည်ကိစ္စကို သူ မျှော်လင့်ထားပြီး ဖြစ်သည်။ ဤသည်မှာ စစ်ပွဲ၏ဖုံသေနည်းပင်ဖြစ်၏။ ချုံခိုအတိုက်ခံရလျှင် မည်ကဲ့သို့ တုံ့ပြန်ရမည်ဟူသော ပညာကို စစ်ာ၏တော်တွင် ဟတ္ထိရာဇာ လေ့လာသင်ကြားပြီး ဖြစ်သည်။ ထို့ကြောင့် ကိုယ်တွေ့မကြုံရသေးသော်လည်း စာတွေ့ကြုံထားပြီး ဖြစ်၏။ မည်သည့်ဘယ်ပွဲ့မဆို ချုံခိုတိုက်ခိုက်ခံရလျှင် အကွယ်အကာယူမည်။ ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်တိုက်မည်။ ပြန်တိုက်သည့်အခါလည်း အဝေးပစ်လက်နက်ကို အရင် သုံးမည်။ ပြီးမှ ခြေလျင်တပ်က လှုပ်ရှားမည်။

ဟတ္ထိရာဇာသည် လေးသည်တော်တစ်စုမှူးကို လှမ်းခေါ်လိုက်သည်။ လေးသည်တော်တပ်စုမှူးသည် အနိမ့်ပိုင်းရောက်နေသဖြင့် သစ်ပင်ငယ်များကိုဆွဲကာ ဟတ္ထိရာဇာရှိရာသို့ တက်လာသည်။

*"အခု ရန်သူက ပြန်ပြီးပစ်ခတ်ဖို့ ပြင်ဆင်နေတယ်၊ ရင်ဆိုင်ဦးမလား"*

*"မှန်လှပါ၊ ကျွန်ုပ်တို့မှာ မြားလက်ကျန် များများစားစား မရှိတော့ပါ၍ ရင်ဆိုင်ရန် မသင့်တော့ကြောင်းပါဘုရား"*

ဟတ္ထိရာဇာသည် သူ့နောက်ပါးရှိ သတ္တိဗလကို လှည့်ကြည့်လိုက်သည်။ သတ္တိဗလက အလိုက်သိစွာ လျှောက်တင်လိုက်၏။

*"မှန်လှပါ အရှင့်သား၊ ဘုန်းတော်ကြောင့် ဆုတ်ခွာရန် အချိန်တန်ပါပြီ ဘုရား"*

*"ကောင်းပြီ၊ လေးသည်တော်တပ်စုမှူး၊ သင့်တပ်စုကို စနစ်တကျ ဆုတ်ခွာနိုင်ရန် အမိန့်ပေး၊ ကျွန်ုပ်တို့ အလျင်ဆုတ်နှင့်မယ်၊ မတော်တဆ လူကွဲခဲ့ရင် စုရပ်ဟာ ရှေ့တန်းတပ်မဟာဌာနချုပ်ပဲ ဖြစ်ရမယ်၊ ဦးရီးတော် သတ္တိဗလရေ ဆုတ်ကြစို့ရဲ့"*

သတ္တိဗလသည် ကိုယ်ရံတော်တပ်ဖွဲ့အား ရွေးချယ်ထားပြီး ဖြစ်သော ဆုတ်လမ်းမှ ဆုတ်ခိုင်းသည်။ သူတို့ပြီးမှ ဟတ္ထိရာဇာနှင့် သန္တာတို့ကို ဆုတ်ခိုင်းသည်။ သူကမူ နောက်က ဆုတ်သည်။ သူ့နောက်တွင် လေးသည်တော် တပ်စုရှိသည်။ ထိုတပ်စုသည် ရန်သူကို ပစ်လိုက် ဆုတ်လိုက်နှင့် ဟတ္ထိရာဇာတို့ ဘေးကင်းရန်ကွာ ဆုတ်ခွာနိုင်အောင် ကာကွယ်ပေးသွားပေလိမ့်မည်။



သန္တာသည် ဟတ္ထိရာဇာ၏ လက်မောင်းကိုဆွဲ၍ လိုက်နေသည်။ သူတို့နှစ်ဦး၏ ကိုယ်လုံးကိုယ်ထည်မှာ မတိမ်းမယိမ်းရှိသည်ကို သတ္တိဗလ နောက်မှ မြင်ရသည်။ ဟတ္ထိရာဇာသည် ငယ်စဉ်ကတည်းက သိုင်းပညာကို ပင်ပန်းကြီးစွာ လေ့ကျင့်ခဲ့သူဖြစ်သောကြောင့် ကိုယ်ဟန်နေထား လှသည်။ သန္တာသည်လည်း တောထဲတောင်ထဲတွင် ကြီးပြင်းခဲ့ရသူ ဖြစ်သောကြောင့် ခန္ဓာကိုယ် ဖွံ့ဖွံ့ထည်ထည်ရှိ၏။ သူတို့နှစ်ဦးကို ကြည့်ရသည်မှာ ခြင်္သေ့ပျိုမောင်နှံနှင့် တူလှသည်ဟု သတ္တိဗလ မှတ်ချက်ချမိ၏။

မိမိသည်လည်း ဤအသက်အရွယ်က ဟေမာသီရိနှင့် တွဲသွားတွဲလာ လုပ်ဖူးသည်။ ထိုစဉ်ကတည်းက မိမိသည် ဟေမာသီရိနှင့် ယှဉ်လိုက်လျှင် အကျည်းတန်သည်ဟုပင် ခံစားမိ၏။ လိုက်ဖက်ညီသည်ဟု မထင်ခဲ့။ မိမိဘာသာ အမြဲလို သိမ်ငယ်နေသည်။ ဟေမာသီရိ၏အလှသည် မိမိနှင့်မတန်ဟု စွဲယူနေလျက်က သူမကို ချစ်မိသည်။ ချစ်သည့်အကြောင်းလည်း ဖွင့်ပြောဖြစ်သည်။ ပထမဆုံးအကြိမ် ဖွင့်ပြောစဉ်က ဟေမာသီရိ၏တုံ့ပြန်ပုံကို သတ္တိဗလ ယနေ့ထက်တိုင် မေ့မရခဲ့။ သူမသည် ပြုံးပြုံးလေးနှင့် ခေါင်းခါပြခဲ့သည်။ သူ့စကားသည် သူမ၏နှလုံးသားကို မည်သို့မျှ လှုပ်ခတ်သွားအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

*"ငါ သိပါတယ် ဟေမာရယ်၊ ငါ ဒီလိုပြောလိုက်ရင်၊ နင်ရယ်မယ်ဆိုတာ ငါသိပါတယ်၊ ငါမပြောဘဲ မနေနိုင်လို့ ပြောခဲ့တာပါ၊ မျှော်လင့်လှလို့တော့ မဟုတ်ပါဘူး"*

ထိုစကားတို့ကို သတ္တိဗလ ဆို့နင့်ကြေကွဲစွာ ပြောခဲ့သည်။ ငိုသွတ်လု မျက်ရည်တို့သည် သူ့မျက်လုံးအစုံကို တွန်းကန်ထားသည်ဟု ခံစား

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ငြင်းဆန်ခြင်းကို ခံလိုက်ရသည့် အဖြစ်။ ဦးကျိုးခဲ့ပြီ။ အကြိမ်ကြိမ်ပင် အငြင်းခံရတော့မည်ဟု သူနားလည်လိုက်ပါသည်။

*"ဒီတစ်ခါတော့ ထားလိုက်တော့၊ နောက်တစ်ခါ ထပ်ပြောရင် ငါ စိတ်ဆိုးမှာနော်"*

ဟေမာသီရိက ခြိမ်းခြောက်ခဲ့သောကြောင့် သူနောက်တစ်ခါ ထပ်မပြောဖြစ်ခဲ့ပါ။ သို့သော် မချစ်ဘဲလည်း မနေနိုင်ခဲ့သောကြောင့် ရင်ထဲမှနေ၍ အကြိမ်ကြိမ်ချစ်နေခဲ့ပါသည်။ အချစ်ဟူသည် အလုပ်အကျွေးပြုခြင်းပင်လောဟု သတ္တိဗလ တွေးတောမိသည်။ သူသည် ဟေမာသီရိအား အလုပ်အကျွေးပြုလိုခဲ့သည်။ ရွာနှင့် အလွန်ဝေးသော အရပ်မှာရှိသည့် ကတွတ်သီးတို့ကို အများကြီး ခူးဆွတ်ကာ ဟေမာသီရိအား မကြာခဏ သွားပေးဖူးသည်။ ဟေမာသီရိကလည်း လက်ခံသည်။ လက်ခံတိုင်းလည်း လက်သုံးစကားတစ်ခွန်းကို ကြားရမြဲ ဖြစ်၏။

*"နင့်ကို ငါ အားနာတယ်ဟာ"* တဲ့။ ဘာကို ဆိုလိုတာလဲ။ မိမိက ကျွေးသည်ကိုစားပြီး မိမိအား ပြန်မချစ်နိုင်သည်ကို အားနာခြင်းပင်လော။ ဤသို့ပင် ဖြစ်မည်ထင်သည်။ ထိုအခါများ၌ "အားမနာပါနဲ့တာ" ဟု သတ္တိဗလက ပြန်ပြောမြဲ။ ရင်ထဲမှာ ဆို့နင့်မြဲ။

ရင်ထဲမှာ ဆို့နင့်သော ခံစားမှုသည် သတ္တိဗလ၌ အကြိမ်ကြိမ် ဖြစ်၏။ ယခုလည်း ဖြစ်၏။ ဟေမာသီရိအကြောင်း စဉ်းစားလိုက်မိသည်နှင့် ဖြစ်၏။ ထူးဆန်းပေစွ။

သတ္တိဗလ၏ အတွေးစတို့ကို သန္တာ၏ စူးစူးဝါးဝါးအော်သံက ဖြတ်တောက်ပစ်လိုက်သည်။ ကောင်းကင်ပေါ်မှ ကျလာသောမြားတို့ကို သတ္တိဗလ မြင်လိုက်ရသည်။ ထိုမြားတို့သည် သစ်ပင်မှာစိုက်၏။



တောင်နံရံမှာ စိုက်၏။ မိမိတို့ သွားနေသော တောလမ်းပေါ်မှာ စိုက်၏။ ထိုမြားတို့ကိုမြင်၍ မိသန္တာ လန့်ဖျပ်အော်ဟစ်ခြင်း ဖြစ်ပေသည်။

သတ္တိဗလသည် အလိုအလျောက် သစ်ပင်တစ်ပင်အောက်တွင် ဝင်၍ ခိုပြီးသား ဖြစ်သွားသည်။ ဟတ္ထိရာဇသည် သန္တာ၏ပခုံးကို ဖက်၍ ကျောက်တုံးတစ်တုံးနောက်သို့ ရောက်သွား၏။ ရှေ့တော်ပြေး ကိုယ်ရံတော်တပ်ဖွဲ့လည်း အသီးသီး နေရာယူပြီးကြပေပြီ။

စင်စစ်အားဖြင့် ရန်သူတို့သည် မိမိတို့ကို မြင်၍ ပစ်ခတ်ခြင်း မဟုတ်။ ဤလျှိုမြောင်ချပ်ကြားဘက်သို့ မိမိတို့ ဆုတ်ခွာထွက်ပြေးလောက်သည်ဟု ယုံကြည်၍ မြားမိုးလှမ်းရွာလိုက်ခြင်း ဖြစ်သည်။ မကောင်းသူထိပ် ကောင်းသူထိပ်။

မည်သို့ပင်ဖြစ်စေ ကောင်းကင်မှ အရှိန်နှင့်ကျလာခြင်းဖြစ်သောကြောင့် ထိခိုက်လျှင် မသက်သာ။ သတိနှင့်ဆုတ်မှ ဖြစ်တော့မည်။

*"ဦးရိုးတော် သတ္တိဗလ"*

ဟတ္ထိရာဇာ လှမ်းခေါ်လိုက်သောကြောင့် သတ္တိဗလက ပြန်ထူးလိုက်သည်။

*"အမိန့်ရှိတော်မူပါ အရှင့်သား"*

*"ကျွန်ုပ်တို့သတိနဲ့ ဆက်ဆုတ်ကြမယ်၊ မြားမိုးရွာရင် ခို၊ အပစ်ရပ်တဲ့အချိန်ဆုတ်၊ ဟုတ်ပြီလား"*

ဟတ္ထိရာဇာ၏ ညွှန်ကြားချက်သည် မမှားပါ။ ဤအချိန်တွင် ဤသို့ပင် ဆုတ်ရမည် ဖြစ်ပေသည်။ သို့သော် ခက်သည်မှာ မြားတို့သည် ရပ်နားသည်မရှိဘဲ တဖွဲဖွဲကျနေသောကြောင့် ဖြစ်၏။ မြားမိုးခိုနေစဉ် မှာပင် နောက်ကဆုတ်လာသော လေးသည်တော်တပ်စုသည် သတ္တိဗလတို့ကို မီလာ၏။ တပ်စုမှူးသည် သတ္တိဗလရှိရာ သစ်ပင်အောက်သို့ရောက်လာပြီး လက်တို့၏။

www.burmeseclassic.com

www.burmeseclassic.com



"ရန်သူ့မြားအရပ်ကို စောင့်နေရင် သူတို့မီလာမယ် ကိုယ်ရံတော်ကြီးရဲ့၊ မြားတွေကြားထဲတနေ ဒွတ်ထွက်မှ ဖြစ်မယ်၊ ဒုရင်းမှူးကို လျှောက်တင်လိုက်"

သတ္တိဗလ တွေဝေသွားသည်။

"ဖြစ်ပါ့မလား တပ်စုမှူးရဲ့၊ သူတို့မြားတွေက စိပ်တယ်နော်"

"သူတို့မြားတွေက စိပ်သလို သူတို့ ခြေလျင်တပ်ကလဲ မြန်တယ်၊ မြားအန္တရာယ်ထက် ခြေလျင်တပ်အန္တရာယ်က ပိုကြီးတယ်၊ ကိုယ်ရံတော်ကြီး သဘောပေါက်ပါတယ်"

သတ္တိဗလသည် ပြန်ပြောမနေတော့။ သူ ခိုနေသောသစ်ပင်မှ သစ်ကိုင်းငယ် သုံးကိုင်းကို ခုန်၍ ခုတ်လိုက်သည်။ ထိုသစ်ကိုင်းများကိုဆုပ်ကိုင်ကာ ထီးနှယ် ပခုံးမှာထမ်း၍ ဟတ္ထိရာဇာနှင့် သန္တာတို့ရှိရာ ကျောက်တုံးဆီသို့ အပြေးသွားလိုက်၏။ သူ့ပခုံးပေါ်မှ သစ်ကိုင်းတို့သည် ပြေးသည့်အရှိန်နှင့် တုန်ခါလှုပ်ရမ်းနေသောကြောင့် ကျလာသော မြားတံတို့ကို ပုတ်ခတ်ဖယ်ရှားပစ်နိုင်စွမ်းရှိသည်။ ထိုအခြင်းအရာကို ဟတ္ထိရာဇာနှင့် သန္တာတို့လည်း မြင်တွေ့လိုက်ပေသည်။ သတ္တိဗလသည် သူတို့နှစ်ဦးအား သစ်ကိုင်းတစ်ကိုင်းစီ ခွဲပေးလိုက်သည်။

ဟတ္ထိရာဇာသည် သတ္တိဗလပေးသောသစ်ကိုင်းကို ကိုင်ကာ လှုပ်ခါကြည့်ရင်း ပြုံးတုံ့တုံ့နှင့် ပြောသည်။

"တယ်ဟုတ်ပါလား၊ ဒါဟာ မြားတွေကို ကာကွယ်တဲ့ သဘာဝဒိုင်းပေပဲ၊ ကျွန်ုပ်တို့လို ဒိုင်းမဆောင်တဲ့ စစ်သည်တွေအတွက် အတော်ပဲ"

"အတော်ပဲဆိုပေမဲ့ လှုပ်ခါဖို့တော့ လိုပါတယ် ဘုရား၊ မလှုပ်ခါရင် ခတ်ထုတ်ပစ်နိုင်တဲ့ အစွမ်းမရှိတော့ပါ"



သန္တာသည် သူမ ရရှိထားသောသစ်ကိုင်းကို ပခုံးမှာထမ်း၍ ကလေးတစ်ယောက်သဖွယ် ခုန်ပေါက်ကြည့်နေသည်။

"လှုပ်ခါအောင်လုပ်တာ ဘာမှမခက်ပါဘူး၊ ခုနလိုက်ပေါက်လိုက် ပြေးလိုက်လွှားလိုက်ဆိုရင် လှုပ်ခါသွားတာပါပဲ"

ဟတ္ထိရာဇာသည် မိမိထက် အသက်ကြီးသော်လည်း မိမိထက်ပင် ငယ်နေသယောင် မြူးတူးနေသော သန္တာကိုကြည့်ကာ ဒူး ၂သွား၏။ ဤကဲ့သို့သော အန္တရာယ်တောထဲတွင် သူမ ဘာကြောင့် မြူးတူးနေပါသနည်း။ မည်သည့်အရာက သူမ၏ ကြောက်စိတ်ကို ဖုံးလွှမ်းပစ်လိုက်ပါသနည်း။

"လှုပ်ခါတာ ပိုင်သွားပြီဆိုရင်တော့ အန္တရာယ်စက်ကွင်းကနေ ရုန်းထွက်ကြစို့လား၊ အစ်မ သန္တာ"

သန္တာက ပြုံး၍ ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

အိမ်ရှေ့စံ ကိုယ်တော်ကြီးလာမည်ဆို၍ တပ်မဟာဌာနချုပ်တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ တပ်မဟာမှူးနှင့် ဒု-တပ်ရင်းမှူးတို့သည် တစ်ဦးတစ်နေရာစီခွဲ၍ တပ်မဟာဌာနချုပ်အတွင်း ဖြန့်ခွဲလှုပ်ရှားကာ စနစ်တကျဖြစ်အောင် စီစဉ်နေကြသည်။ နယ်စားမင်းကြီးပံသုရာဇာသည်လည်း သဲမြေပုံကို သူကိုယ်တိုင် စီစစ်၍ မွမ်းမံပြင်ဆင်နေသည်။ နောင်တော်ကြီး သတ္တရာဇာသည် ရောက်သည်နှင့် တစ်ပြိုင်နက် တိုက်ပွဲအခြေအနေကို မေးတော့မည် ဖြစ်သည်။ ထိုအခါ သဲမြေပုံကိုထောက်၍ ခရေစေ့တွင်းကျ ရှင်းပြဖို့ လိုသည်။

မည်သို့ပင်ဖြစ်စေ အိမ်ရှေ့စံကိုယ်တော်ကြီးကိုယ်တိုင် စစ်မြေပြင်သို့ ကြွချီလာခြင်းကို အားလုံးက ဝမ်းသာကြသည်။ လက်ဦးမှုမဲ့နေသော တိုက်ပွဲအခြေအနေကို အိမ်ရှေ့စံကိုယ်တော်ကြီး၏ ဦးဆောင်မှုနှင့် လက်ဦးမှုရသည့်ဘက်သို့ ပြန်လည် လှည့်ပြောင်းသွားနိုင်လိမ့်မည်ဟု မျှော်လင့်နေကြသည်။



ရှေ့တန်းတပ်မဟာဌာနချုပ်ကို အခိုင်အမာဦးစီးနေကြသော နယ်စားမင်းကြီး ပံသုရာဇာနှင့် တပ်မဟာမှူးနှစ်ဦးသည် တိုက်ပွဲအခြေအနေမကောင်းသည်ကို သိနေကြပြီ ဖြစ်သည်။ သိသမျှအခြေအနေများကို ခိုစာနှင့်လည်းကောင်း၊ လူလွှတ်၍လည်းကောင်း၊ ရွှေမြို့တော်သို့ အစီရင်ခံခဲ့ပြီး ဖြစ်သည်။ ရှေ့တန်းသို့ အပြင်းချီတက်လာနေသော အိမ်ရှေ့စံကိုယ်တော်ကြီးထံသို့လည်း သတင်းဆက်မပြတ်အောင် ပို့ပေးနေခဲ့သည်။ ကိုယ်တော်ကြီးရောက်လာလျှင် မိမိတို့ စစ်ဦးစီးအဖွဲ့၌ စဉ်းစားတွေးခေါ်တတ်သော ဦးနှောက်တစ်လုံး ပိုလာခြင်းဖြစ်သောကြောင့် မိမိတို့လည်း အတန်ငယ် ခေါင်းပေါ့သွားနိုင်သည်။

အိမ်ရှေ့စံကိုယ်တော်ကြီးရောက်လာမည်ဆို၍ ဝမ်းမသာသူ တစ်ဦးရှိ၏။ သူကား အခြားသူမဟုတ်။ ကိုယ်တော်ကြီး၏ သားတော် မန္တရာဇာ ဖြစ်ပေသည်။

မန္တရာဇာသည် စစ်ဆင်ရေးကိစ္စရပ်များကို သိပ်မခက်ဟု ထင်ခဲ့သူဖြစ်သည်။ ရွှေမြို့တော်တွင် စစ်ရေးပညာများ ဆည်းပူးခဲ့စဉ်က ကြက်တူရွေးကဲ့သို့ နှုတ်တိုက်အံနိုင်သောကြောင့် ဆရာများ၏ ချီးကျူးခြင်းကိုလည်း ခံခဲ့ရသူ ဖြစ်သည်။ ရှေ့တန်းသို့ရောက်လာပြီး ရှေ့တန်းတပ်မဟာဌာနချုပ်တွင် စစ်ရေးအခြေအနေများ ဆွေးနွေးကြစဉ်ကလည်း နားလည်သလိုလို ထင်ခဲ့၏။ ထို့ကြောင့် ဦးရီးတော် ပံသုရာဇာနှင့် တပ်မဟာမှူးများ၏စကားကို သံယောင်လိုက်ပြီး ဆွေးနွေးနိုင်သောကြောင့် ရှေ့တန်း တပ်မဟာဌာနချုပ်ရှိ အရာရှိ အရာခံများ အလယ်တွင် မျက်နှာပွင့်ခဲ့သူ ဖြစ်သည်။

သို့သော် တကယ်တမ်း တိုက်ပွဲများဖြစ်လာပြီး ရှုပ်ရှုပ်ထွေးထွေးဖြစ်လာသောအခါ မည်ကဲ့သို့ သုံးသပ်ရမှန်း မသိတော့ပေ။ ဦးရီးတော်

www.burmeseclassic.com

www.burmeseclassic.com



ပံသုရာဇာနှင့် တပ်မဟာမှူးတို့ထံမှ မည်သည့်ကောက်ချက်မှ ထွက်မလာသောအခါ သူလည်း မည်သို့မှ မဝေဖန်တတ်တော့ပေ။ ထို့ကြောင့် သူသည် ဝေခွဲမရသော အတွေးတို့ ပြေပျောက်စိမ့်သောငှာ ဝမ်းကွဲညီမဖြစ်သူ မာလာဒေဝီတို့ ဆေးတပ်ဖွဲ့သို့ သွားရောက် အချိန်ဖြုန်းနေခဲ့၏။ ပထမတော့ တကယ်ပင် စိတ်ပြေလက်ပျောက် ဖြစ်သည်။ ဆေးတပ်ဖွဲ့မှ သူနာပြု အမျိုးသ ယ်များ၏ အရှင့်သားချင်း မိုးမွန်အောင် ခေါ်နေမှုအပေါ် သာယာခဲ့သည်။

မကြာပါချေ။ ထိုသာယာမှုနှင့် စိတ်ပြေလက်ပျောက် ဖြစ်မှုတို့သည် ရှေ့တန်းမှ ဒဏ်ရာရစစ်သည်တို့ ရောက်လာကြသောအခါ တစ်မုဟုတ်ချင်း လွင့်ပျောက်ကုန်ကြတော့၏။ အချို့စစ်သည်တို့၏ ဒဏ်ရာသည် အတော် ပြင်းထန်၏။ သူတို့သည် အံကြိတ်တင်းမခံနိုင်ဘဲ အော်ဟစ်ညည်းညူနေကြ၏။ အချို့လည်း ဒဏ်ရာကြောင့် ငန်းမန်းတက်ကာ ကယောင်ကတမ်း ရေရွတ်နေကြ၏။ ထိုအသံတို့သည် မန္တရာဇာကို စိတ်အားငယ်စေသည်။ ငါကိုယ်တိုင်လည်း ဤသို့ ဒဏ်ရာရသွားနိုင်သည်တကားဟူသော အတွေးပေါ်လာ၏။ ထိုအခါ တုန်လှုပ်၏။

ထို့ပြင် သူ သာယာကြည်နူးခဲ့သော သူနာပြုအမျိုးသမီးငယ်တို့သည် ဒဏ်ရာရ စစ်သည်တို့၏ ဒဏ်ရာများကို မရွံမရှာ ကိုင်တွယ်ဆေးကြောဆေးထည့်ပေးနေသည်ကိုလည်း မြင်တွေ့ခွင့်ကြုံရလေသည်။ ထိုသို့ မြင်ရသောအခါ သူ့ခေါင်းထဲတွင် ဤသူနာပြုတို့ တော်ပါပေသည်ဟူသော အတွေးမျိုး ပေါ်မလာ။ သူတို့မှို့ မရွံမရှာ ကိုင်တွယ်ရဲသည်တူ အထင်သေးစိတ်ပေါ်ကာ သူတို့ကိုယ်စား အန်ချင်လာသည်။ သူနာပြု အမျိုးသမီးငယ်တို့၏ အသံနှင့် အထိအတွေ့တို့အပေါ် သာယာခဲ့သည်



များ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်၏။ ထိုသူနာပြု အမျိုးသမီးငယ်တို့၏ လက်များနှင့် အထိခံရဦးမည်ကိုပင် တွေးပူမိသေးသည်။ ထိုအချိန်မှစ၍ မန္တရာဇာသည် သူနာပြုအမျိုးသမီးငယ်များကို အရောမဝင်တော့ပေ။

မန္တရာဇာနှင့် စိတ်ချင်းတူသူမှာ ဦးရီးတော်ပံသုရာဇာ၏ ဒုတိယဇနီး ပုလဲနန္ဒာဖြစ်၏။ သူမသည် ကျေးတောသူဘဝမှ လာခဲ့သည်မှန်သော်လည်း အဆင်ပြေပြေနှင့် ဘဝခရီးလမ်းကို တက်လှမ်းခဲ့ရသည် ဟုတ်သောကြောင့် စိတ်တို့သည် တင်းမာခက်ထန်နေပေပြီ။ ပြင်ပမှ တစ်စုံတစ်ခုကို လက်ခံမည်ပြုတိုင်း မိမိက တစ်စုံတစ်ခုကို ပေးဆပ်ရမည့်အဖြစ်များနှင့် ကြုံတွေ့ဖန်များခဲ့သောကြောင့် မိမိ၏ ပြင်ပမှအရာများကို နာကျည်းမုန်းတီးနေခဲ့လေသည်။

ထို့ကြောင့် ပုလဲနန္ဒာသည် ပံသုရာဇာက နေရာချထား၍သာ ရှေ့တန်း တပ်မဟာဌာနချုပ် ဆေးတပ်ဖွဲ့တွင် နေထိုင်ရသည့်တိုင် ပျော်ပိုက်ခြင်းမရှိ။ သူနာပြုအမျိုးသမီးငယ်များ၏ သူနာပြုစိတ်ဓာတ်ကိုလည်း မလေးစား။ မလေးစားသည့်အပြင် အထင်ပင် သေးလိုက်သေးသည်။ သူမသည် ဆေးတပ်ဖွဲ့တွင် အပေါ်ယံအားဖြင့် အဆင်ပြေအောင် ဆက်ဆံနေသည့်တိုင် အတွင်းစိတ်က မပါသောကြောင့် သူမ၏ ဆက်ဆံမှုတို့သည် ပေ့ါပျက်ပျက် ဖြစ်နေ၏။ သူမနှင့် ဆက်ဆံဖူးသူတိုင်း ပေါ့ပျက်ပျက်အရသာကို ခံစားမိကြသည်ချည်းဖြစ်သောကြောင့် သူမအပေါ် ညီသူကမှ မနှစ်မြို့က်ကြပေ။

နောက်ဆုံးတော့ စိတ်တူသူချင်းသာ ပေါင်း၍ရစမြဲဖြစ်သည့် သဘာဝတရားအတိုင်း မန္တရာဇာနှင့် ပုလဲနန္ဒတို့သည် တူအရီး အရင်းအချာ သဖွယ် ဖြစ်ကုန်ကြလေ၏။ ဤသို့ဖြင့် မန္တရာဇာသည် သူ ရင်တွင်း

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်များကို ပုလဲနန္ဒာထံ လာရောက် ဖွင့်အံပြတတ်သည့် အလေ့ ရလာခဲ့သည်။

ယခုလည်း ခမည်းတော် သတ္တရာဇာ လာတော့မည်ကြား၍ စိတ်ညစ် နေသူ မန္တရာဇာသည် သူ စိတ်ညစ်နေခြင်းအကြောင်းရင်းအား ပုလဲ နန္ဒာထံ အရောက်သွား၍ ဖွင့်ပြောခဲ့၏။

"ဒေါ်လေး ပုလဲနန္ဒာ၊ ကျွန်ုပ်ကို ကူနိုင်ရင်ကူပါဦး၊ ခမည်းတော် ရောက် လာတော့မယ်"

"အထိတ်တလန့် ရှိလိုက်တာ အရှင့်သားရယ်၊ ကိုယ့်အဖေလာတာ ဝမ်းမသာဘဲနဲ့ ကူနိုင်ရင် ကူပါဦးဆိုတော့ ဒေါ်လေးက ဘာလုပ်ပေးရ မလဲ"

"ဒေါ်လေးက ဘာမှလုပ်ပေးစရာမလိုဘူး၊ ကျွန်ုပ်ကို အခုလက်ရှိ တိုက်ပွဲနဲ့ ပတ်သက်လို့ ဖခမည်းတော်က မေးလာခဲ့ရင် ဘယ်လိုပြော ပေးရမလဲဆိုတာကိုပဲ သင်ပေး"

"ဟောတော့၊ အဲဒါကမှ ပိုခက်တာ၊ တစ်ခုခု လုပ်ပေးပါလို့ ဆိုတာတော့ လွယ်ဦးမယ်၊ တိုက်ပွဲအကြောင်းကျတော့ ဒေါ်လေးက အရှင့်သား ဘယ်လို သင်ပေးရမှာလဲ"

မန္တရာဇာသည် ကလေးဆိုးကြီးတစ်ဦးသဖွယ် ပုလဲနန္ဒာအား ဆ လက်ပူဆာသည်။

"ဘယ်လိုဖြစ်ဖြစ် သင်ပေးရမယ်၊ ဒေါ်လေးက ဦးရှီးတော်ရဲ့ ရာတော် မဟုတ်လား၊ လက်ရှိဖြစ်နေတဲ့ တိုက်ပွဲနဲ့ပတ်သက်လို့ ဦး တော်က ဒေါ်လေးကို ပြောပြတာ၊ ဝေဖန်သုံးသပ်ပြတာတွေ ရှိ အဲဒါတွေ ပြန်ပြောပြတာ ကျွန်ုပ်ကို သင်ပေးတာပဲ၊ ဖခမည်းတော် ကျွန်ုပ်ကို တိုက်ပွဲအခြေအနေနဲ့ သုံးသပ်ချက် လျှောက်တင် မိန့်ကြားရင် ကျွန်ုပ်က အဲဒါတွေ ပြောပြလိုက်ရုံပဲ"



ပုလဲနန္ဒာသည် နှစ်နှစ်ကာကာ ပြုံးဖြစ်၏။ မိမိ ကျင်လည်နေရ သော ပတ်ဝန်းကျင်သည် မိမိအပေါ် အနိုင်ယူသူက များနေသည်ဟု ခံစားနေရာမှ မိမိကို အရှုံးပေးပြီး တောင်းပန်နေသူတစ်ဦး ပေါ်ပေါက် လာသောကြောင့် ဤသို့ ပြုံးဖြစ်သွားခြင်း ဖြစ်သည်။

"ဒါတော့ ဟုတ်တယ်၊ အရှင့်သားရဲ့ ဦးရှီးတော်က သူ့ အိပ်မပျော် တိုင်း ဒေါ်လေးကို နှိုးပြီး တိုက်ပွဲအကြောင်းတွေ၊ သူ့ထင်မြင်ယူဆချက် တွေ ပြောပြတတ်တယ်၊ သူ့ရဲ့ အဓိကအကျဆုံး အမြင်ကတော့ ဒီနှစ် ရန်သူကျင့်သုံးလာတဲ့ နည်းဗျူဟာအလှည့်အပြောင်းပဲ၊ အရင့်အရင် နှစ်တွေနဲ့ လုံးဝမတူဘူးတဲ့"

"ဒါက သိပ်မထူးခြားဘူး ဦးရှီးတော်သာမက တပ်မဟာမှူးတွေ လည်း အဲဒီအတိုင်း ပြောနေကြတာ ကျွန်ုပ် ကြားရလွန်းလို့ ရိုးအီနေပြီ။ ကျွန်ုပ်အသိချင်ဆုံးက အခုတိုက်ပွဲမှာ ကျွန်ုပ်တို့ ရှုံးနေသလား၊ နိုင်နေ သလား၊ အဲဒါပဲ၊ အဲဒါကို ဦးရှီးတော်က ဒေါ်လေးကို ပြောပြဖူး သလား"

"ပြောပြဖူးတာပေါ့၊ အခု တိုက်ပွဲမှာ ဒေါ်လေးတို့ ရှုံးနေတာတဲ့၊ ညကတော့င် ထပ်ပြောလိုက်သေးတယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒါတွေ ကြားချင်နေတာ၊ အဲဒါတွေ ပြောပြ နော် ဒေါ်လေး၊ တစ်ခွန်းမကျန် ပြောပြ"

မန္တရာဇာသည် အားတက်သွား၏။ ဖခမည်းတော် သတ္တရာဇာ မေး လာလျှင် မဖြေနိုင်မှာ မပူရတော့။ ဦးရှီးတော် ပံသုရာဇာ၏အမြင်ကို ဆိုတာ မိမိလေသံတွေ၊ ဥပမာ ဥပမေယျတွေ တပ်ဆင်မွမ်းမံတင်ပြ သွားလိုက်ရုံသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အသီးသီး အသင့်ပြင်နေကြသော ရှေ့တန်းတပ်မဟာဌာနချုပ်ရှိရာသို့ အိမ်ရှေ့စံကိုယ်တော်ကြီး သက္ကရာဇာ ဆိုက်ရောက်လာလေသည်။ နယ်စားမင်းကြီး ပံသုရာဇာနှင့် တပ်မဟာမှူးတို့သည် ကိုယ်တော်ကြီးအား ကြိုဆို နှုတ်ခွန်းဆက်သော ကြွေးကြော်သံများ ဟိန်းထွက်နေ၏။

ကိုယ်တော်ကြီးသည် မြင်းပေါ်က မဆင်းသေးဘဲ အားလုံးကို လက်မြှောက် နှုတ်ဆက်သည်။ ထို့နောက် ရင်ဝတွင် လက်အုပ်ချီ၍ ဂါရဝပြုသည်။ ဤတွင် အားလုံးက လက်အုပ်ချီ၍ ပြန်လည်ဂါရဝပြုသောကြောင့် ဆူညံသံများအားလုံး ရပ်ဆိုင်းသွားရကာ တိတ်ဆိတ် ငြိမ်သက်သွား၏။

အပ်ကျသံပင် ကြားရလောက်အောင် ငြိမ်သက်သွားသော ကြိုဆိုပွဲအခမ်းအနားကြီးအလယ်တွင် ထီးဖြူမိုးလျက်နှင့် မြင်းပေါ်၌ ထည်ထည်ဝါဝါရှိနေသည့် အိမ်ရှေ့စံကိုယ်တော်ကြီးသည် အောင်မြင်သော အသံကြီးနှင့် အမိန့်ပေးလိုက်သည်။

*"အားလုံး နားထောင်၊ အမိန့်ချမှတ်မယ်၊ နယ်စားမင်းကြီးနဲ့ တပ်မဟာမှူးနှစ်ဦးမှ အပ၊ ကျန်တဲ့စစ်သည်ဗိုလ်ပါအားလုံး အမှုတော်ထမ်း အရပ်သားများပါမကျန် ကိုယ်တာဝန်ကျရာ နေရာအသီးသီးသို့ ပြန်ကြတော့၊ ကျရာတာဝန်ကို ဆက်လက်ထမ်းဆောင်ကြ"*

*"အမိန့်တော်မြတ်အတိုင်းပါဘုရား"*

အားလုံးပင် ကိုယ်တော်ကြီး၏ အမိန့်အတိုင်း တလှုပ်လှုပ်တရွရွနှင့် လူစုခွဲသွားကြသည်။ အိမ်ရှေ့မင်းဆိုသည်မှာလည်း မင်းတစ်ပါးပင်ဖြစ်သောကြောင့် မိမိတို့ထံ ကြွချီလာခြင်းအား ကျေနပ်ကြသည်၊ ဝမ်းမြောက်ကြသည်။ ငါတို့အရှင်သည် ငါတို့နှင့်အတူ သေအတူ ရှင်မကွာ တိုက်ပွဲဝင်ရန် ရောက်လာပေသည်ဟု ခံစားကြသည်။



လူများရှင်းသွားမှပင် ကိုယ်တော်ကြီး မြင်းပေါ်က ဆင်းသည်။ သူ့မျက်နှာသည် တင်းမာနေ၏။ ပံသုရာဇာနှင့် တပ်မဟာမှူးနှစ်ဦးကို စေ့စေ့ ကြည့်နေ၏။ သူ့အကြည့်သည် စူးရှလှသောကြောင့် ကိုယ်တော်ကြီး မျက်မာန်တော်ရှနေသည်ကို ပံသုရာဇာနှင့် တပ်မဟာမှူးတို့ ရိပ်မိကြသည်။ ပံသုရာဇာကမူ ညီအစ်ကိုချင်းဖြစ်သောကြောင့် နောင်တော်ကြီး မျက်မာန်တော်ရှသည်ကို မမှု၊ သို့သော် မိမိတို့၏ လက်အောက်ငယ်သားများဖြစ်သော တပ်မဟာမှူးများရှေ့တွင် အရှိုအသေတန်အောင် မလုပ်လိုသောကြောင့် ကြောက်ချင်ယောင် မှုချင်ယောင်ဆောင်ကာ မျက်လွှာချထားလိုက်၏။

ပံသုရာဇာ မျက်လွှာချထားသည်ကိုမြင်သော တပ်မဟာမှူးနှစ်ဦးသည် ခေါင်းပင် မဖော်ရဲတော့ချေ။ ကိုယ်တော်ကြီး ဘာများမြွက်ကြားပါမည်နည်းဟုသာ နားစွင့်နေကြတော့သည်။

*"ညီတော်ပံသု"*

*"မိန့်တော်မူပါ နောင်တော်"*

*"တိုက်ပွဲရဲ့ နောက်ဆုံးအခြေအနေအရ တပ်ရင်းနှစ်ရင်း ပိတ်မိသွားပြီဆိုတာ ဟုတ်သလား"*

*"ဟုတ်ပါတယ် ဘုရား"*

*"ညီတော်ဗန္ဓုရာဇာရဲ့ သားတော် ဟတ္ထိရာဇာပါ ပိတ်မိနေတယ်ဆိုတာရော မှန်သလား"*

*"မှန်ပါတယ်ဘုရား၊ ရန်သူဟာ လမ်းကြိုလမ်းကြား၊ ရှိုမြောင်ချောင်ကြားပါမကျန် အထပ်ထပ် ပိတ်ဆို့တဲ့နည်းကို သုံးခဲ့တာမို့ ရှင်တော်မောင်ပါ ပိတ်မိနေပါတယ် နောင်တော်ဘုရား"*

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့စံကိုယ်တော်ကြီးသည် တက်တစ်ချက်ခေါက်သည်။

"ရှိုင်းလိုက်လေကွယ်၊ တူတော်မောင်သာ အသက်ဆုံးရှုံးသွားရင် မင်းဆိမင်းသွေးတစ်ပါးကို ချေမှုန်းလိုက်နိုင်တာမို့ ရန်သူက အကြီးအကျယ်အားတက်သွားလိမ့်မယ်၊ ဒီလောက်အထိ အခြေအနေဆိုးသွားရတာ ဘာကြောင့်လဲ၊ ဘယ်သူ့မှာ တာဝန်အရှိဆုံးလဲ၊ အဲဒါ သိချင်တယ် ညီတော်"

ပံသုရာဇာသည် အသာကလေးငြိမ်ပြီး အသက်ကို မှျင်းရှူသည်။ တာဝန်အရှိဆုံးဆိုလျှင် ဤရှေ့တန်းစစ်မျက်နှာတွင် မိမိသာ ဖြစ်သည်။ သို့သော် မိမိသည် မည်သည့်အခါမှ ဤသို့ ဖြေဆိုလျှောက်တင်လိမ့်မည်မဟုတ်။

"မှန်ပါ၊ ညီတော် တစ်ခု လျှောက်တင်ပါရစေ၊ နောင်တော်လည်း ခရီးပန်းလာတာမို့ ဦးစွာ အနားယူစေချင်ပါတယ်၊ ပြီးတော့မှ ညီတော်တို့ စစ်ဦးစီးသူတွေအားလုံး စုရုံးပြီး နောင်တော့ထံ အစီရင်ခံပေးပါ့မယ်ဘုရား"

ပံသုရာဇာ တစ်လျှောက်သည်မှာ လျော်ကန်သောကြောင့် သက္ကရာဇာကိုယ်တော်ကြီးသည် သက်ပြင်းချ စိတ်လျှော့ကာ အနားယူရန် ပြင်ဆင်ရတော့သည်။

## အခန်း (၃၀)

"လွတ်ပြီဟေ့၊ လွတ်ပြီကွ၊ မြားမိုးဘယ်လောက်ရွာရွာ သစ်ကိုင်းနဲ့ကာရင် လွတ်တာပဲဟေ့"

မြားစက်ကွင်းကို ဖြတ်ပြေးပြီး တစ်ဘက်တောင်ကြောသို့ ရောက်သွားကြသောအခါ ဟတ္ထိရာဇာသည် ကလေးတစ်ဦးသဖွယ် လွတ်လပ်ပျော်ရွှင်စွာ အော်ဟစ်လေသည်။ ဟတ္ထိရာဇာနှင့်အတူ ကပ်ပါလာသော သန္တာသည် လက်ထဲမှသစ်ကိုင်းကို လွှင့်ပစ်ပြီးနောက် ဟတ္ထိရာဇာ၏လက်ထဲမှ သစ်ကိုင်းကိုပါ လှမ်းယူလွှင့်ပစ်လိုက်သည်။ ထို့နောက် အစ်မတစ်ဦးက မောင်လေးတစ်ဦးကို သတိပေးသည့် လေသံမျိုးနှင့် သတိပေးလိုက်၏။

"သတိထားပါဦး ဒု-ရင်းမှူး၊ အကျွန်ကြားဖူးတာက သိပ်ပျော်လွန်းရင်၊ မြူးလွန်းရင် မကောင်းဘူးတဲ့"

"ဟုတ်လား၊ ဒါဆိုရင်လည်း သတိထားရမှာပေါ့၊ ကဲ-အစ်မသန္တာ၊ ကျွန်ုပ်တို့ မြားအန္တရာယ် စက်ကွင်းက လွတ်ပြီ၊ ရှေ့တန်း တပ်မဟာဌာနချုပ်ကို အမြန်ပြန်ရောက်ကြဖို့ပဲ လိုတော့တယ်၊ အတိုဆုံးလမ်းကိုသာပြပေတော့"

www.burmeseclassic.com

www.burmeseclassic.com



"အတိုဆုံးလမ်းကတော့ လှိုဏ်မြောင်တွေထဲဆင်း၊ တောင်ကြောတွေတက်၊ နည်းနည်းတော့ ပင်ပန်းမယ်နော်"

"ပင်ပန်းပါစေ အစ်မသန္တာရယ်၊ ကျွန်ုပ်တို့ မြန်မြန်ရောက်ဖို့ လိုတယ်၊ ဒီက အခြေအနေတွေကို ဦးရီးတော် ပံသုရာဇာနဲ့ တပ်မဟာမှူး တွေ သိအောင် တင်ပြဖို့လိုတယ်၊ ပြီးတော့ ကျွန်ုပ်အတွက် ဦးရီးတော်တွေ စိတ်မပူရအောင် ဘာမှမဖြစ်ကြောင်း သွားပြောပြဖို့ လိုတယ်"

"ကောင်းပါပြီဒု-ရင်းမှူး၊ အကျွန်လမ်းပြပေါ့မယ်၊ ရှေ့နောက် အစီအစဉ်ကတော့ ဒု-ရင်းမှူး ညွှန်ကြားပေါ့"

ဟတ္ထိရာဇာနှင့် သန္တာတို့၏ ပျော်ရွှင်လွတ်လပ်စွာ ပြောဆိုနေမှုများကို သတ္တိဗလနှင့် လေးသည်တော် တပ်စုမှူးတို့ သဘောကျစွာ နားထောင်နေခဲ့ကြသည်။ ထို့နောက် ဟတ္ထိရာဇာ၏ စီစဉ်မှုနှင့် ခရီးဆက်ခဲ့ကြသည်။ ရှေ့ဆုံးမှာ လေးသည်တော်ရဲမက်နှစ်ဦးနှင့် ကိုယ်ရံတော်နှစ်ဦး သာ ထားသည်။ ထို့နောက် သတ္တိဗလ၊ သန္တာ၊ ဟတ္ထိရာဇာတို့ လိုက်သည်။ ဟတ္ထိရာဇာ ၏နောက်က ကိုယ်ရံနှစ်ဦး၊ လေးသည်တော် တပ်စုမှူးနှင့် သူ့တပ်စုက နောက်ဆုံးမှ လိုက်သည်။

ဤသို့ဖြင့် လှိုဏ်မြောင်ထဲသို့အဆင်း လမ်းကွေ့ကလေး တစ်ကွေ့သို့အရောက် တောင်ကမ်းပါးယံပေါ်မှနေ၍ လေးများတို့နှင့် ချိန်ရွယ်ထားသော ရန်သူ့တပ်ဖွဲ့တစ်ဖွဲ့ကို ရင်ဆိုင်တွေ့လိုက်ရလေသည်။

စတွေ့သူမှာ သတ္တိဗလ ဖြစ်၏။ တွေ့တွေ့ချင်း သတ္တိဗလသည် "ရှေ့မှာ ရန်သူ" ဟု အော်လိုက်၏။ ထို့နောက် သူသည် နောက်သို့လှည့်ပြီး ဟတ္ထိရာဇာနှင့်သန္တာကို လက်ဖြင့်ဝှေ့ရမ်း တွန်းလှဲပစ်လိုက်သည်။ သတ္တိဗလ၏ လှုပ်ရှားမှုမှာ မြန်ဆန်လွန်းလှသောကြောင့် ဟတ္ထိရာဇာနှင့် သန္တာတို့သည် လမ်းဘေးရှိ မြက်ရိုင်းပင်များကြားထဲသို့ ပြိုလဲကျ



ရောက်သွားကြသည်။ ထိုသို့ လဲပြိုကုန်ကြ၍လည်း သူတို့နှစ်ဦး အသက်နှင့်ခန္ဓာ အိုးစားမကွဲခြင်း ဖြစ်ပေသည်။ ရန်သူများတို့သည် သူတို့ ရပ်တည်ခဲ့ရာ နေရာများသို့ ဖြတ်သန်းသွားကြလေသည်။

သတ္တိဗလကား မရှောင်နိုင်တော့။ ရန်သူများတစ်စင်းသည် သတ္တိဗလ၏ကျောမှဝင်ကာ ရင်ဘတ်သို့ဖောက်ထွက်သွားသည်။ သတ္တိဗလ၏ နားထဲတွင် 'ဒုတ်' ဟူသောအသံကို ကြားလိုက်ရသည်။ သို့တိုင်အောင် သူသည် နာကျင်မှုကို မခံစားရသေး။ သူ၏ စိတ်အစဉ်တို့သည် ပြတ်တောက်မသွားသေး။ သူ့ခန္ဓာကိုယ်သည်လည်း ထိုစိတ်အစဉ်၏ ခိုင်းစေမှုအတိုင်း ဆက်လက်လှုပ်ရှားနေဆဲ။

သူသည် ဓားအိမ်မှဓားကို ဆွဲထုတ်ကာ ရန်သူများရှိရာဘက်သို့ မျက်နှာမူလိုက်သည်။ ညာလက်က ဓားကိုင်ပြီး ဘယ်လက်က ဓားအိမ်ကိုင်လျက် လက်ပူးချိုင်းထုတ် ဓားရေးကို ထုတ်သုံးသည်။ ထိုဓားရေးသည် ဓားနှင့် ဓားအိမ်တို့ကို စကြာသဖွယ် လည်ပတ်စေသောကြောင့် ဓားစကြာဟုပင်ခေါ်တွင်လောက်၏။ ထိုဓားစကြာသည် တစ်ဘက်ရန်သူမှ ပစ်လိုက်သော မြားတို့ကို ကာကွယ်နိုင်စွမ်း ရှိ၏။ သို့သော် ချက်ကောင်း၌ မြားထိထားသော သတ္တိဗလသည် ထိုဓားရေးကို စနစ်တကျ မသုံးနိုင်တော့ပေ။ အကြောအချင်တို့ တံ့ဆိုင်းလာသည့်အတွက် နှစ်ပတ်၊ သုံးပတ်မျှသာ လှည့်နိုင်ပြီး မြေကြီးပေါ်သို့ ဒုံးခနဲ လဲကျသွားလေသည်။ ဤသို့လဲကျသွားခြင်းသည်လည်း တစ်ခုတော့ကောင်း၏။ နောက်ထပ် ပစ်လွှတ်လိုက်သော ရန်သူ့ မြားတို့၏ အန္တရာယ်မှ လွတ်ကင်းသွား၏။ မဟုတ်လျှင် သတ္တိဗလ ပွဲချင်းပြီးသွားနိုင်၏။

ယခုလည်း သက်သာလှသည်တော့ မဟုတ်။ ထိထိချင်း နာမှန်းမသိသော မြားဒဏ်ရာသည် ယခု နာကျင်စ ပြုလာသည်။ သွေးတို့

www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့် ထွက်လာသည်။ သူသည် နာကျင်မှုကို အံကြိတ်၍ခံရင်းလဲရာမှ ပြန်ထရန် ကြိုးစားကြည့်၏။ ထိုအခိုက်မှာပင် သူလက်မောင်းနှစ်ဘက်ကို လာဆုပ်ကိုင်သည့် လက်အစုံကြောင့် မော့ကြည့်လိုက်၏။ အနေအထားမှ သမင်လည်ပြန် လှည့်ကြည့်လိုက်၏။ သူ့ဘေး တစ်ဘက်တစ်ချက်တွင် မော့ကြည့်လျက် ဝပ်နေကြသော ဟတ္ထိရာဇာနှင့် သန္တာတို့ကို တွေ့ရသည်။

"ကျွန်ုပ်ကို ခွင့်လွှတ်ပါ အရှင့်သား၊ ကျွန်ုပ် ပေါ့ဆသွားလို့ အရှင့်သား အထိတ်တလန့်ဖြစ်သွားရတာပါ"

"မဟုတ်တာပဲ ဦးရီးတော်သတ္တိဗလရယ်၊ ဦးရီးတော် အချိန်မီ တွန်းလှဲလိုက်နိုင်လို့ ကျွန်ုပ်နဲ့ အစ်မသန္တာတို့ မြားအန္တရာယ်က ကင်းလွတ်သွားရတာပဲ၊ ဦးရီးတော် အသက်နဲ့ရင်းပြီး ကယ်တင်ခဲ့တာကို ကျွန်ုပ် တစ်သက်တာ မမေ့ဘဲ မှတ်ထားပါ့မယ်"

"ကျွန်ုပ်က ဒါကိုပြောတာ မဟုတ်ပါဘူးအရှင့်သား၊ အရှင့်သားတပ်ကို ချီတက်ခိုင်းတဲ့ အစီအစဉ်ဟာ မမှန်ကန်မှန်း သိပါလျက်နဲ့ သတိမပေးမိဘဲ ပေါ့ပေါ့ဆဆ ထားလိုက်တာကို ဆိုလိုတာပါ၊ ကျွန်ုပ်သာ မပေါ့ဆဘဲ သတိပေးခဲ့မိရင် အရှင့်သားလဲ ခုလိုအထိတ်တလန့်ဖြစ်မှာ မဟုတ်ပါဘူး"

ဟတ္ထိရာဇာသည် ချက်ဆို နားခွက်က မီးတောက်သူ ဖြစ်၏။ တပ်ချီတက်ပုံ အစီအစဉ် မမှန်ကန်ဟု သတ္တိဗလက ပြောလိုက်သည်နှင့် မိမိ၏ အမှားတစ်ကွက်ကြောင့် ဦးရီးတော်သတ္တိဗလ ဒဏ်ရာပြင်းထန်စွာ ရခဲ့ကြောင်း ဟတ္ထိရာဇာ နားလည်သွားခဲ့၏။ မိမိ၏ ပေါ့ဆမှုကို သတ္တိဗလက သူ့ပေါ့ဆမှုအဖြစ် ဝင်ရောက်ခံယူသောစကားကို ကြားလိုက်ရသောကြောင့် ရင်ထဲမှာ စစ်ခနဲ နာကျင်သွားလေသည်။ ဦးရီးတော်



သတ္တိဗလသည် မိမိကို တကယ်ချစ်ခင်ခြင်းဖြစ်ကြောင်းလည်း သဘောပေါက်သွား၏။

"ဦးရီးတော်ပြောတာ မှန်ပါတယ်၊ ကျွန်ုပ်ဟာ သံယောဇဉ်ကို္ငဲပြီး တပ်အစီအစဉ်နဲ့ချီတက်တဲ့ အစဉ်အလာကို ဖျက်မိပါတယ်၊ ဒါကြောင့် တကယ်တမ်းပေါ့ဆတာက ကျွန်ုပ်သာ ဖြစ်ပါတယ်၊ ဦးရီးတော် မဟုတ်ပါဘူး၊ ကျွန်ုပ်ရဲ့ ပေါ့ဆမှုကြောင့် ဦးရီးတော် ဒဏ်ရာရသွားတာ ကျွန်ုပ် စိတ်မကောင်းပါဘူး"

"စိတ်မကောင်းမဖြစ်ပါနဲ့ အရှင့်သား၊ အရှင့်သားက လူငယ်မို့ သံယောဇဉ်ငဲ့ကွက်ပြီး ပေါ့ဆတာကို ကျွန်ုပ်က သိမြင်ပါလျက် သတိမပေးခဲ့တာ ကျွန်ုပ်ရဲ့ မဟာအမှားပဲပေါ့၊ ကျွန်ုပ်ရဲ့ မှားယွင်းမှုဒဏ်ကို ကျွန်ုပ်ဘာသာ ခံသွားတာဖြစ်လို့ အရှင့်သား စိတ်မကောင်း ဖြစ်မနေပါနဲ့၊ အခုလည်း ကျွန်ုပ်ကို အသာထားပြီး တိုက်ပွဲကိုသာ ဆက်ဦးစီးတော်မူပါ အရှင့်သား"

"ကိစ္စမရှိပါဘူး ဦးရီးတော်၊ တိုက်ပွဲကို လေးသည်တော် တပ်စုမှူးဦးစီးနေတယ်၊ ရန်သူ့အင်အား ကျွန်ုပ်တို့ထက် နည်းတယ်၊ မြေအနေအထားကလည်း ဘယ်သူ့ဘယ်သူကိုမှ အသာစီးရတယ်လို့ မရှိပါဘူး၊ ဒါကြောင့် စိုးရိမ်စရာမရှိပါဘူး"

ဟတ္ထိရာဇာပြောသည်မှာ အမှန်ဖြစ်၏။ ဟတ္ထိရာဇာတို့သည် အလစ်အငိုက်ခံရသည်မှတစ်ပါး အခြားအားနည်းချက်မရှိ။ သတ္တိဗလ၏ အော်ဟစ်သတိပေးမှုကြောင့် အားလုံးအချိန်မီ နေရာယူနိုင်ခဲ့ကြသည်။ လေးသည်တော် တပ်စုမှူး၏ ကွပ်ကဲမှုအောက်တွင် ရန်သူကို တန်ပြန်ပစ်ခတ်နိုင်သောကြောင့် ရန်သူ့လေးသည်တော် အားလုံးနီးပါးကို ချေမှုန်းနိုင်ခဲ့သည်။ ယခုအခါ ကိုယ်ရံတော်တပ်ဖွဲ့နှင့် လေးသည်တော်တပ်စုတို့သည် စစ်မြေပြင်ကို ရှင်းလင်းနေကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သန္တာသည် သတ္တိဗလနှင့်ဟတ္ထိရာဇာတို့ အချေအတင် စကားပြောနေကြသည်ကို ဝင်ရောက်ဟန့်တားသည်။ သူမ အနေနှင့် သတ္တိဗလ၏ မြားဒဏ်ရာကို ကုစားရန် စိတ်စောနေသည်။

“ဒု-ရင်းမှူး၊ ဦးရီးတော်ကို စကားမပြောခိုင်းနဲ့တော့လေ၊ သူ မောနေမှာပေါ့၊ အခုအရေးကြီးတာက သွေးပူနေတုန်း ဦးရီးတော်ရဲ့ ခန္ဓာကိုယ်ထဲ စိုက်ဝင်နေတဲ့ မြားတံကို နုတ်ယူဖို့ပဲ၊ ဒါဆို သိပ်မနာတော့ဘူးပေါ့၊ သွေးအေးမှဆိုရင် အရမ်းနာလိမ့်မယ်”

“ဟုတ်တယ်၊ အစ်မသန္တာ ပြောတာ ဟုတ်တယ်၊ ကဲ-ဦးရီးတော် နည်းနည်းလေး အောင့်ခံလိုက်နော်၊ မြားတံကို ကျွန်ုပ် နုတ်ပေးမယ်”

ဟတ္ထိရာဇာသည် သတ္တိဗလ၏ ပခုံးကို အသာတွန်းထားရင်း မြားတံကို ဇတ်ခနဲ နုတ်ယူလိုက်သည်။ သတ္တိဗလသည် အံကြိတ်တောင့်ခံထားသည့်တိုင် နာကျင်လွန်းသောကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်သွား၏။ မြားတံကို နုတ်ပြီးသွားသောအခါ မြားဒဏ်ရာအပေါက်မှနေ၍ သွေးတို့ ထွက်လိုက်လာသည်။

“ဒုရင်းမှူး၊ ဦးရီးတော်ရဲ့ ဒဏ်ရာက သွေးတွေထွက်လာတယ်၊ အဝတ်နဲ့ စည်းပေးထားရင် ကောင်းမယ်၊ ဒုရင်းမှူးမှာ အဝတ်အပို ပါသလား”

“ပါတယ် အစ်မသန္တာ၊ ကျွန်ုပ်မှာ ဝတ်စုံနှစ်ထပ်ရှိတယ်၊ အပေါ်ဝတ်စုံကို ချွတ်ယူလိုက်မယ်”

ယခုအခါ ရန်သူများအန္တရာယ်မှ ကင်းလွတ်သွားပြီဖြစ်၍ သူတို့ထ ထိုင်နိုင်ကြပြီ ဖြစ်သည်။ သန္တာသည် သူမ၏ပေါင်ပေါ်တွင် သတ္တိဗလကို ခေါင်းအုံးစေပြီး ပတ်တီးစည်းရ လွယ်ကူစေရန် ခန္ဓာကိုယ်အထက်ပိုင်းကို မြေကြီးနှင့်လွတ်အောင် မ,ပေးထားသည်။



ဟတ္ထိရာဇာသည် သူ၏အပေါ်ဝတ်စုံကို ချွတ်လိုက်သောအခါ အတွင်းမှ နုတ်ဆက်သည့် ဝတ်စုံပေါ်လာသည်။ ထိုဝတ်စုံ၏ အရောင်အသွေးသည် ထူးခြားလှသောကြောင့် သန္တာသည် မမေးဘဲ မနေနိုင်ချေ။

“ဒုရင်းမှူးရဲ့ ဝတ်စုံက ထူးဆန်းလိုက်တာနော်၊ ရွှေမြို့တော်က ရက်လုပ်တာလား”

“မဟုတ်ဘူး၊ နတ်တွေရက်တာ”

“နတ်တွေ ရက်တာဟုတ်လား၊ နတ်တွေမှာ ရက်ကန်းစင် ရှိလို့လား၊ နတ်တွေနဲ့ ဒု-ရင်းမှူးနဲ့ ဘယ်လိုလုပ်သိသွားတာလဲ၊ နတ်ဆိုတာရော တကယ်ရှိလို့လား”

“မေးလှချည့်လား အစ်မသန္တာရယ်၊ ဒါတွေပြောနေလို့ ဘယ်ပြီးတော့မှာလဲ၊ အခု အရေးကြီးတာက ဦးရီးတော်ရဲ့ ဒဏ်ရာကို ပတ်တီးစည်းပေးဖို့ပဲ”

“ဟုတ်ပါရဲ့၊ အကျွန် စိတ်လောသွားတယ်၊ ခွင့်လွှတ်နော် ဒု-ရင်းမှူး၊ ဒါပေမဲ့ ဒု-ရင်းမှူးရဲ့ ဝတ်စုံအကြောင်း နောက်တော့ အကျွန်ုပ်ကို ပြောပြရမယ်နော်”

ဟတ္ထိရာဇာသည် ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ သူသည် အပေါ်ဝတ်စုံကို အစိတ်စိတ်အမြွာမြွာဆုတ်ဖြဲကာ သတ္တိဗလ၏ ဒဏ်ရာအားအထပ်ထပ် စည်းနှောင်ပေးလိုက်သည်။ သွေးထွက်မလွန်အောင်ကားတားဆီးပေးလိုက်နိုင်ပြီ။ သို့ရာတွင် အတွင်းကလီစာတို့ကား မည်သို့နေမည်မသိ။

ထိုအခိုက် ဟတ္ထိရာဇာတို့ အနီးသို့ လေးသည်တော်တပ်စုရောက်လာသည်။ သူသည် ဟတ္ထိရာဇာကို မုဆိုးဒုံးယောင်အနေအထားနှင့် အရိုအသေပြုလိုက်ပြီး တိုက်ပွဲအခြေအနေကို အစီရင်ခံ၏။

www.burmeseclassic.com



"တိုက်ပွဲ ပြီးဆုံးသွားပါပြီ ဒု-ရင်းမှူး၊ စစ်မြေပြင်ကိုလည်း ရှင်းပြီးသွားပါပြီ၊ ရန်သူ့အလောင်း ၁၁ လောင်း ရပါတယ်၊ ဓား၊ လှံ၊ လေး၊ မြား လက်နက်များလဲ သိမ်းဆည်းရမိပါတယ်၊ ရန်သူဟာ ဒီတောင်ကြောရဲ့ ပတ်ပတ်လည်ကို အထပ်ထပ် ပိတ်ဆို့ဖို့ ကြိုးစားနေတာ ထင်ရှားနေတာမို့ ဒီနေရာက အမြန်ဆုံး ထွက်ခွာသင့်ကြောင်းပါ ဘုရား"

"ကိုယ့်ဘက်က အထိအခိုက် ရော"

"ကိုယ်ရံတော်ကြီး သတ္တိဗလ မှလွဲလို့ ဘယ်သူမှ အထိအခိုက် မရှိကြောင်းပါ"

"ကောင်းပြီ၊ ဒါဆိုရင် ကျွန်ုပ်တို့ သတ္တိဗလကို ထမ်းပြီး ဆုတ်ခွာကြမယ်၊ မောင်မင်းရဲ့ ရဲမက်တွေကို ထမ်းဖို့ရာ ပြင်ဆင်ခိုင်း၊ ပြင်ဆင်ပြီးတာနဲ့ ဒီကနေ ဆုတ်ခွာကြမယ်၊ နေဦး၊ ဒီတစ်ခါ ချီတက်တဲ့အခါ ဒီလို ချီတက်မယ်"

"အမိန့်ရှိပါ ဒု-ရင်းမှူး"

လေးသည်တော်တပ်စုမှူးသည် နားစွင့်နေ၏။ သတ္တိဗလသည် သန္တာ၏ပေါင်ပေါ်တွင် မှိန်းနေရင်း အသာ နားထောင်နေ၏။

"ရှေ့ဆုံးကနေ ကိုယ်ရံတော်နှစ်ယောက်၊ လေးသည်တော်နှစ်ယောက်ကို ရှေ့ပြေးချီအဖွဲ့အဖြစ် လွှတ်၊ သူတို့နောက်ကနေ လေးသည်တော်တပ်စိတ်နှစ်စိတ်လိုက်၊ သူတို့နောက်ကမှ ကျွန်ုပ်ရယ်၊ သတ္တိဗလရယ်၊ တပ်စုမှူးရယ် လိုက်မယ်၊ သတ္တိဗလကတော့ အထမ်းနဲ့ပေါ့၊ လေးသည်တော် တပ်စိတ်တစ်စိတ်က ကျွန်ုပ်တို့ နောက်ကနေ ပိတ်လိုက်မယ်၊ ဟုတ်ပြီလား"

"ဟုတ်ပါပြီ ဒု-ရင်းမှူး"

"လမ်းပြဖြစ်တဲ့ အစ်မသန္တာ တ. . ."



ဟတ္ထိရာဇာသည် သန္တာ့ကို ကြည့်လိုက်သည်။ သန္တာကလည်း ပြန်ကြည့်၏။

"လမ်းပြဖြစ်တဲ့ အစ်မသန္တာ က ရှေ့ပြေးချီအဖွဲ့နဲ့အတူ လိုက်ရမယ်၊ အတိုဆုံးလမ်းကို ရွေးပါလို့ ကျွန်ုပ် တောင်းပန်လိုတယ်၊ ဦးရှိတော်သတ္တိဗလကို ရှေ့တန်းတပ်မဟာဌာနချုပ်က ဆေးတပ်ဖွဲ့ဆီ အမြန် ပြချင်လို့ပါ"

သန္တာသည် ခေါင်းညိတ်ပြသည်။ ခုန ဟတ္ထိရာဇာ ဝန်ခံနေသော ပေါ့ဆမှုဆိုသည်မှာ သူကိုယ်တိုင် မိမိနှင့်အတူ ရှေ့ပြေးချီအဖွဲ့နှင့် ကပ်လိုက်နေခြင်းအား ဆိုလိုခြင်းဖြစ်ကြောင်း သန္တာ သဘောပေါက်သွားသည်။ ဒု-ရင်းမှူးကိုယ်တိုင် လမ်းပြနှင့် ကပ်လိုက်နေခြင်းသည် သဘာဝကျသော စစ်ချီတက်မှုအစီအစဉ် မဟုတ်ပေ။ ဒု-ရင်းမှူး ဆိုသည်မှာ ရှေ့ဆုံးမှ အသေခံရန် ပေးထားခြင်းခံရသော တာဝန် မဟုတ်ပေ။ အန္တရာယ်အကင်းဆုံးနေရာမှနေ၍ တပ်ကိုဦးစီးကွပ်ကဲပြီး ရန်သူကို တိုက်ခိုက်အနိုင်ယူရန် ဖြစ်ပေသည်။

ယခု ချီတက်မည့် အစီအစဉ်သည်သာ မှန်ကန်သော အစီအစဉ် ဖြစ်၏။ လမ်းပြသည် လမ်းပြနေရာမှ လမ်းပြရမည်ဖြစ်ပြီး ဒု-ရင်းမှူးသည် ဒု-ရင်းမှူးနေရာမှ ချီတက်ရပေလိမ့်မည်။ သန္တာ၏ ပေါင်ပေါ်တွင် ခေါင်းအုံးနေသော သတ္တိဗလသည် ဟတ္ထိရာဇာ၏ မှန်ကန်သော ညွှန်ကြားမှုအပေါ် ကျေနပ်သွားသောကြောင့် မျက်နှာတွင် ပြုံးယောင်သန်းနေ၏။

"လေးသည်တော်တပ်စုမှူး"

"အမိန့် နာခံလျက်ပါ ဒု-ရင်းမှူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ပြေးချီအဖွဲ့ကို ကောင်းမွန်စွာ မှာကြားလိုက်ရမှာက ရန်သူကို ကိုယ်က အရင်မြင်အောင် ကြိုးစားဖို့နဲ့ အစ်မသန္တာကို ကောင်းမွန်စွာ စောင့်ရှောက်ဖို့၊ ဒါပဲ၊ ဆက်လုပ်တော့"

လေးသည်ဝဲတော်တပ်စုမှူး အရိုအသေပြုပြီး ထသွားသောအခါ ဟတ္ထိရာဇာသည် တစ်ဘက်သို့လှည့်ပြီး ငေးမောနေလိုက်၏။ သူ ငေးမောရ ၁က်တွင် နိမ့်ဆင်းသွားသောတောင်ကြောနှင့် လျှိုအတွင်းမှ တလိ ဟ်ပ် တက်လာနေသော မြူမှုန်ထုကြီးသာ ရှိ၏။ သူမနှင့် မျက်နှာချင်း မဆိုင်လိုသောကြောင့် တမင်တကာ မျက်နှာလွှဲထားခြင်းဖြစ်မည်ဟု သန္တာ ယူဆလိုက်သည်။ ဤပျို့မျစ်နုနယ်သော ဒု-ရင်းမှူးကလေးသည် မိမိအပေါ် သံယောဇဉ် တွယ်ငြိနေသည်မှာ သေချာသည်။ လမ်းလျှောက်သည့်အခါမှာပင် မိမိနှင့်တွဲ၍ လမ်းလျှောက်ချင်နေသည်။ ခက်သည်က မိမိသည် ဤတပ်ဖွဲ့၏ ဧည့်သည် မဟုတ်။ ဒု-ရင်းမှူး၏ ဧည့်သည်လည်း မဟုတ်။ လမ်းပြတာဝန်နှင့် လိုက်ပါလာရခြင်းဖြစ်၏။ လမ်းပြသာ မလိုလျှင် မိမိလည်း လိုက်ပါလာစရာ မလိုပေ။

ခက်သည်က လမ်းပြကို လမ်းပြလိုသာ သဘောမထားနိုင်သော ဒု-ရင်းမှူး။ ဤဒု-ရင်းမှူး ဟတ္ထိရာဇာသည် ဘာတွေကို ဘယ်လို ခံစားသွားသည် မသိရသော်လည်း တပ်ချီတက်ပုံ တစ်ချက်ကလေး တိမ်းပါးသွားသောကြောင့် အသက်အန္တရာယ်နှင့် ရင်ဆိုင်တိုးခဲ့ရသည်မှာလည်း အမှန်ဖြစ်၏။ ဟတ္ထိရာဇာ၏အသက်ကို အကာအကွယ်ပေးခဲ့သော သတ္တိဗလကား ပြင်းထန်စွာ ဒဏ်ရာရခဲ့လေပြီ။

သတ္တိဗလ ဒဏ်ရာရခြင်းသည် မိမိကြောင့်လေလားဟု သန္တာ စဉ်းစားကြည့်မိသည်။အရင်းစစ်လိုက်တော့ မိမိကြောင့် ဖြစ်နေသည်။ မိမိသာ မဟုတ်လျှင် ဒု-ရင်းမှူး ဟတ္ထိရာဇာသည် ရှေ့ဆုံးမှ ချီတက်



ဖြစ်လိမ့်မည်မဟုတ်။ ထိုအခါ အသက်အန္တရာယ် ကြုံဖို့လည်း မလွယ်။ သတ္တိဗလ ဝင်ရောက် ကာကွယ်ရန်လည်း မလိုတော့။ မိမိကြောင့် သတ္တိဗလ ဖြိုဟ်ဆိုးဝင်ရခြင်းဖြစ်သည်ဟု သန္တာ ခံစားသွားသည်။ စိတ်မကောင်းလည်း ဖြစ်သွား၏။

သူမသည် ပေါင်ပေါ်တွင် ခေါင်းအုံး၍ မှိန်းနေသော သတ္တိဗလ၏မျက်နှာကို ငုံ့ကြည့်ဖြစ်သည်။ နဖူးကို လက်ဖဝါးကလေးနှင့် အုပ်စမ်းကြည့်မိ၏။

"ဟင်. . . ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေပါလား၊ ဒု-ရင်းမှူး ဦးရိုးတော် အဖျားတက်နေပြီ"

ဟတ္ထိရာဇာ ပျာယာခတ်သွား၏။

"အနာရှိန်ကြောင့် ဖျားတာပဲ၊ ရှေ့တန်းတပ်မဟာဌာနချုပ်ကို မြန်မြန်ရောက်မှ ဖြစ်မယ်၊ ဒီကောင်တွေ ထမ်းဖို့ပြင်နေတာလည်း ကြာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဟတ္ထိရာဇာ ပြန်လွှတ်လိုက်သော စီးမြင်းနှင့် ဝန်တင်မြင်းများ ပါသည့်အဖွဲ့သည် ရွှေ့တန်းတပ်မဟာဌာနချုပ်သို့ ဦးစွာ ရောက်နှင့်သွားလေသည်။ ထိုအခါမှ ဟတ္ထိရာဇာသည် ပိတ်မိသည့် တပ်ရင်းနှစ်ရင်းနှင့်အတူ ရှိမနေဘဲ သီးခြားကင်းလွတ်နေကြောင်း အားလုံး သိရှိသွားကြလေသည်။ ပြောက်ကျားနည်းနှင့် ခြုံခိုတိုက်ခိုက်ပြီးမှ ဆုတ်ခွာလာမည်ဖြစ်ကြောင်း သိရသောအခါ ကြားရသူတိုင်းက ကျေနပ်ကြသည်။ ဟတ္ထိရာဇာကို တိုက်စိတ်မိုက်စိတ် ထက်သန်သူအဖြစ် အသိအမှတ်ပြုကြသည်။

အိမ်ရှေ့စံကိုယ်တော်ကြီးသတ္တရာဇာဆိုလျှင် ဟတ္ထိရာဇာ၏သတင်းကြားမှ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

"မင်းဆိုမင်းသွေးဆိုတာ ဒီလိုမှပ" ဟုလည်း မိန့်တော်မူသည်။ ဤသို့ မိန့်တော်မူစဉ် ကိုယ်တော်ကြီး၏သား မန္တရာဇာသည် အနား၌ရှိ၏။ သူသည် မျက်နှာ ရှုံ့မဲ့သွားလေသည်။ သားဖြစ်သူက မျက်နှာ



ကောင်းမရဘဲ တူဖြစ်သူက အချီးကျူးခံရသောကြောင့် အခံရခက်သွားခြင်း ဖြစ်သည်။

ဖခမည်းတော် သတ္တရာဇာ ရောက်လာမည့်သတင်း ကြားကတည်းက မန္တရာဇာ စိတ်ညစ်ခဲ့သည်။ လက်ရှိ ဖြစ်ပွားနေသော တိုက်ပွဲအပေါ် သူ မသုံးသပ်တတ်ပေ။ တိုက်ပွဲကို ဦးစီးနေကြသည့် ဦးရီးတော် ပိသုရာဇာနှင့် တပ်မဟာဌာနမှူးများ၏ သုံးသပ်ချက်များကို နည်းအမျိုးမျိုးနှင့် လှည့်ပတ်တီးခေါက်ခဲ့သော်လည်း ထို သုံးသပ်ချက်များကို နားမလည်ခဲ့ပေ။ သူတို့၏ သုံးသပ်ချက်များတွင် စစ်ဆင်ရေးဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများနှင့် ပြည့်နှက်နေပြီး နောက်ဆုံး၌ဘာကိုဆိုလိုမှန်း မသိတော့။ ကိုယ်တိုင်ကလည်း မသုံးသပ်တတ်သောကြောင့် ဖခင်ဖြစ်သူ ရောက်လာပြီး "တိုက်ပွဲအခြေအနေဘယ်လိုလဲဟေ့" ဟု မေးလာမှာကို ထိတ်လန့်နေခဲ့သည်။

ထိတ်လန့်သည့်အတိုင်းလည်း ခမည်းတော် သတ္တရာဇာသည် မန္တရာဇာကို မေးမြန်းခဲ့သည်။ မန္တရာဇာ ယောင်ဝါးဝါး နှင့် ဖြေဆိုခဲ့၏။

"*တိုက်ပွဲအခြေအနေကတော့ ဉာဏ်ရည်ဉာဏ်သွေးချင်း ဆက်ပြီးယှဉ်ပြိုင်ရဦးမယ်လို့ သား တော် ယူဆပါတယ်၊ လက်ရှိ အခြေအနေအရ ရန်သူက ကိုယ့်တပ်ရင်းနှစ်ရင်းကို ဝိုင်းထားတယ် ဆိုပေမဲ့ တိုက်ခိုက်ချေမှုန်းနိုင်မယ့် အနေအထား မတွေ့ရသေးပါဘူး၊ ဒါကြောင့် စစ်ကူထပ်ပို့မလား၊ ဘယ်လိုလုပ်မလဲဆိုတာ အချိန်ယူပြီး တိုင်ပင်လို့ရပါသေးတယ်*"

မန္တရာဇာ၏အဖြေကြောင့် သတ္တရာဇာ ဒေါသဖြစ်သွားသည်။ ဤကဲ့သို့သော ယောင်ဝါးဝါး အဖြေမျိုးသည် ဖြေဆိုသူ၏ အရည်အချင်းကင်းမဲ့မှုကို ဖော်ပြနေပေသည်။ သတ္တရာဇာသည် ဒေါသကို ချုပ်ထိန်းပြီး မေးခွန်းပြန်ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အချိန်ယူပြီး တိုင်ပင်ဦးမယ် ဟုတ်လား၊ အချိန်က ဘယ်လောက်ကြာအောင် ယူမှာလဲ"

"တစ်ရက်၊ နှစ်ရက်အတွင်းတော့ ဘာမှဖြစ်ဦးမှာ မဟုတ်ပါဘူး ခမည်းတော်"

"တစ်ရက် နှစ်ရက်"

သက္ကရာဇာသည် သက်ပြင်းချပြီး ဆက်ပြောသည်။

"သားတော်ရယ်၊ ကိုယ့်တပ်တွေ ရန်သူက ဝိုင်းထားတဲ့ကိစ္စကို တစ်ရက်နှစ်ရက် အချိန်ယူပြီး စဉ်းစားနေဦးမှာလား၊ အဲဒီ တစ်ရက်နှစ်ရက်အတွင်းမှာ ကိုယ့်တပ်တွေ အချေမှုန်းခံလိုက်ရရင် ဘယ်လိုလုပ်မလဲ၊ ဒီအခြေအနေဟာ စစ်ဦးစီးတစ်ယောက်အဖို့ အမြန်ဆုံး စဉ်းစားပြီး အမြန်ဆုံး အဆုံးအဖြတ်ပြုရမယ့် အခြေအနေကွဲ့"

မန္တရာဇာ ငြိမ်သွားသည်။ မငြိမ်၍လည်း မဖြစ်။ ဆက်ပြောလျှင် ဆက်မှားမည်။ ဆက်မမှားဖို့ဆိုလျှင် ဆိတ်ဆိတ်နေလိုက်တာ ကောင်းမည်။

"ခမည်းတော် မေးမယ်၊ အခုလို အခြေအနေမှာ သားတော် ဘယ်လို အဆုံးအဖြတ်ပေးမလဲ"

မန္တရာဇာ မလှုပ်။ အတန်ကြာသည်အထိ သက္ကရာဇာ အဖြေစောင့်သည်။ အဖြေ မရသောအခါ ထပ်မေးသည်။

"ဖြေလေ၊ ဒီလောက် အရေးကြီးတဲ့အခြေအနေမှာ အမြန်ဆုံး အဆုံးအဖြတ်ပေးရပါမယ်ဆိုမှ သားတော်က ဘာဖြစ်လို့ တွေဝေနေရတာတုန်း"

မတတ်သာသည့်အဆုံး မန္တရာဇာ ဝန်ခံရတော့၏။



"သားတော် မဆုံးဖြတ်တတ်ပါဘုရား၊ ဒါပေမဲ့ ဒီအရေးကိစ္စမှာ သားတော်သာမက ဦးရီးတော်ပံသုရာဇာနဲ့ တပ်မဟာမှူးကြီးတွေပါ ဘယ်လိုမှ ဝေခွဲဆုံးဖြတ်လို့ မရတာလဲ သားတော်အသိပါမဲ့ဘုရား။ ဘုန်းတော်ကြောင့် ခမည်းတော်သာလျှင် အဆုံးအဖြတ် ပေးရတော့မှာပါ ဘုရား"

သက္ကရာဇာ၏ ဒေါသတို့သည် ဆက်ထွက်စရာ အတိုင်းအတာ မရှိတော့သောကြောင့် ပျက်ပြယ်သွားရတော့သည်။ တစ်နည်းအားဖြင့် စိတ်ပျက်လက်ပျက်ဖြစ်မှုက ဒေါသဖြစ်မှုကို အစားထိုးသွားလေသည်။

"ဒါဆိုတော့ ခမည်းတော် အပြစ်တင်ရင် သားတော်တို့တစ်အုံတစ်သင်းကြီးကို အပြစ်တင်ရတော့မှာပေ့။ ငါ့သားတော်က တိုက်ပွဲကို ဦးမစီးတတ်ပေမဲ့ သေဖော်တော့ ညီတတ်သားပဲ"

ထိုနေ့က သက္ကရာဇာသည် နယ်စားမင်းကြီး ပံသုရာဇာ၊ တပ်မဟာမှူးကြီးများနှင့် စစ်ဦးစီးအရာရှိများအားလုံးကို အစည်းအဝေးခေါ်ပြီး ပြစ်တင်ဝေဖန်ခဲ့သည်။ ရန်သူအဝိုင်းခံထားရသော တပ်ရင်း ၂ ရင်းထံ ခိုစာလွှတ်ပြီး ဆုတ်မိန့်ပေးလိုက်ရန်လည်း ညွှန်ကြားခဲ့သည်။

ထိုအချိန်မှစ၍ မျက်နှာမကြည်မသာဖြစ်နေခဲ့သော အိမ်ရှေ့စံ ကိုယ်တော်ကြီး သက္ကရာဇာသည် ယခု တူတော်မောင် ဟတ္ထိရာဇာ၏ သတင်းကြားရမှ လန်းဆန်းတက်ကြွလာခဲ့သည်။ အားကိုးရမည့် မျိုးဆက်သစ်အမွေဆက်ခံသူ ရှိပါသေးလားဟု သူ့စိတ်ထဲတွင် တွေးမိသွားပုံရသည်။ တကယ့်တကယ်မှာကား ဟတ္ထိရာဇာသည် သူ့မျိုးဆက် မဟုတ်၊ မင်းဆီမင်းသွေးလည်း မဟုတ်ပေ။ ဤအဖြစ်မှန်ကိုသာ သိခဲ့လျှင် 'မင်းဆီမင်းသွေးဆိုတာ ဒီလိုမှပ'ဟု သူဝင့်ကြွားမည် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေ။ မင်းမျိုးမင်းနွယ်မှန်လျှင် အရည်အချင်းပြည့်ဝရမည် ဟူသော အစွဲကြီးလည်း တစ်ခါတည်း ကျွတ်သွားနိုင်သည်။

ခက်သည်က ကိုယ်တော်ကြီးသည်လည်းကောင်း၊ မဟာရာဇာ ဆွေမျိုးစုကြီးတစ်စုလုံးသည်လည်းကောင်း ဟတ္ထိရာဇာသည် မင်းမျိုးမင်းနွယ် မဟုတ်ကြောင်း မသိ။ ဟတ္ထိရာဇာကိုယ်တိုင်လည်း မသိ။ ဤကမ္ဘာလောကကြီးတွင် ဟတ္ထိရာဇာ၏ မျိုးရိုးအစစ်အမှန်ကို သိသူဟူ၍ သုံးဦးသာ ရှိသည်။ မိခင် ဟေမာသီရိ၊ ဖခင်အမည်ခံထားရသော ဗန္ဓုရာဇာနှင့် မွေးစားဖခင် အမည်ခံထားရသော ဖခင်ရင်း ကုဒ္ဒိပါဒရသေ့တို့တည်း။

ကံကြမ္မာဟူသည် လှည့်စားမှု မာယာ များလွန်းလှ၏။ ကံကြမ္မာက မာယာများရသည့်အထဲ လူတို့၏သိမြင်မှုက အကန့်အသတ်ခံထားရသောအခါ အချို့ကိစ္စများအား အမှန်ကို အမှန်အတိုင်း မသိနိုင်ကြတော့ချေ။ ထိုအခါ သိသလောက်နှင့် သုံးသပ်၊ သိသလောက်နှင့် ဆုံးဖြတ်နေကြရပေသည်။

ထို့ကြောင့်လည်း လူထဲက လူတစ်ဦးသာ ဖြစ်သော အိမ်ရှေ့စံ ကိုယ်တော်ကြီးသက္ကရာဇာသည် သူသိထားသလောက် အသိနှင့်ပင် သားတော်မောင် မန္တရာဇာက မင်းမျိုးမင်းနွယ် မပီသ၊ တူတော်မောင် ဟတ္ထိရာဇာကသာ မင်းမျိုးမင်းနွယ်ပီသသည်ဟု သုံးသပ်ခံယူနေခြင်း ဖြစ်၏။

ဤသို့ဖြင့် အိမ်ရှေ့စံကိုယ်တော်ကြီးသည် ဟတ္ထိရာဇာ ရောက်လျှင် ရောက်ချင်း သူ့ထံ သတင်းပို့သံတော်ဦးတင်ရန် အမိန့်ချထားခဲ့သည်။ ရောက်လာနိုး ရောက်လာနိုးနှင့်လည်း မျှော်နေခဲ့၏။ မျှော်ကာမှပင် ဟတ္ထိရာဇာတို့က ပေါ်လာခဲ ဖြစ်နေ၏။ နေစောင်းသည်အထိ ပေါ်



မလာကြသေး။ သည်တော့ ကိုယ်တော်ကြီး စိတ်ပူသည်။ ရှေ့တန်း တပ်မဟာဌာနချုပ်၏ ကင်းတပ်ကို သုံး၍ အကြိုထောက်ထားရန် ညွှန်ကြားခဲ့၏။

စင်စစ် ဟတ္ထိရာဇာတို့သည် ဒဏ်ရာ ပြင်းထန်စွာရထားသော သတ္တိဗလကို ထမ်းစင်နှင့်ထမ်း၍ လာနေကြရသောကြောင့် ခရီးဖင့်နေကြခြင်း ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သူတို့သည် အတတ်နိုင်ဆုံး သက်သောင့်သက်သာဖြစ်အောင် သယ်ဆောင်နိုင်ခဲ့ကြသည်။ ရှေ့တန်းတပ်မဟာဌာနချုပ်သို့ သန်းခေါင်ယံမတိုင်မီ ခြေချနိုင်ခဲ့ကြသည်။ ကင်းတပ်မှ အကြိုထောက်ထားသော စစ်သည်တော်တို့၏ ကူညီမှုကြောင့် မီးတုတ်အလင်းရောင်များ သုံးကာ လင်းလင်းချင်းချင်း ဝင်နိုင်ခဲ့ကြသည်။

တပ်မဟာမှူးနှစ်ဦးစလုံးပင် ဟတ္ထိရာဇာတို့အဖွဲ့ကို ဌာနချုပ် အဝင်ဝမှ လာရောက်ကြိုဆိုကြသည်။ ဟတ္ထိရာဇာကို အိမ်ရှေ့စံ ကိုယ်တော်ကြီး ဆင့်ခေါ်နေကြောင်း ပြောပြကြသည်။ ဟတ္ထိရာဇာ မငြင်းသာ။ သတ္တိဗလကို ဆေးတပ်ဖွဲ့သို့ အမြန်ဆုံးပို့ပေးရန်သာ တောင်းပန်လျှောက်ထားရတော့၏။ တပ်မဟာမှူးတို့လည်း သဘောတူကြသည်။ ထမ်းစင်ပေါ်မှ သတ္တိဗလထံသွား၍ မေးမြန်းအားပေးကြသည်။ သတ္တိဗလသည် ဒဏ်ရာဖရှိန်နှင့် ဖျားနေသည့်တိုင် သတိလစ်ဟင်းခြင်း မရှိ။ တပ်မဟာမှူးတို့ကို လက်အုပ်ချီ၍ အရိုအသေ ပြုရှာသည်။

ဟတ္ထိရာဇာသည် သန္တာ့အနီးသို့ ချဉ်းကပ်ခဲ့၏။ သန္တာကလည်း ဟတ္ထိရာဇာ၏ညွှန်ကြားချက်ကို စောင့်ဆိုင်းနေပုံရသည်။

“အစ်မသန္တာကိုပဲ အားကိုးရတော့မယ်”

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ နှမရင်းမှူး၊ ဒု-ရင်းမှူး ခိုင်းတာကို အကျွန် ဘာမဆို လုပ်ပေးပါ့မယ်"

"ဦးရှိုးတော် သတ္တိဗလနဲ့အတူ ဆေးတပ်ဖွဲ့ကို လိုက်သွားပြီး ဦးရှိုးတော်ရဲ့ ဝတ်ကြီးဝတ်ငယ် ပြုစုပေးစမ်းပါ၊ ကျွန်ုပ်ကတော့ ဦးရှိုးတော် အိမ်ရှေ့မင်းထံ အခစား ဝင်ရဦးမယ်၊ ဦးရှိုးတော် အိမ်ရှေ့မင်းက ခွင့်ပြုတာနဲ့ ကျွန်ုပ် လိုက်လာပြီး ကြည့်ရှုပါ့မယ်၊ စိတ်ချပါရစေနော်"

"စိတ်ချပါ ဒု-ရင်းမှူး၊ အကျွန် ကုသိုလ်ယူတတ်ပါတယ်"

ထို့နောက် ဟတ္ထိရာဇာသည် သတ္တိဗလထံသွား၍ လက်ဖဝါးနှစ်ဖက်ကို ဆုပ်ကိုင်ကာ အားပေးလိုက်၏။

"ဦးရှိုးတော်ကို သန္တာလိုက်ပို့လိမ့်မယ်၊ ဦးရှိုးတော် လိုအပ်တာ မှန်သမျှ သူ့ကိုခိုင်းနော်၊ ကျွန်ုပ်လည်းပဲ ဦးရှိုးတော် အိမ်ရှေ့မင်း ခွင့်ပြုတာနဲ့ လာကြည့်မယ်၊ စိတ်တင်းထားနော် ဦးရှိုးတော်သတ္တိဗလ၊ စိတ်မလျှော့လိုက်နဲ့"

သတ္တိဗလသည် ဟတ္ထိရာဇာ၏မျက်နှာကို စူးစူးစိုက်စိုက် ပြန်ကြည့်ဖြစ်သည်။ဤကလေးအပေါ်တွင်သူသည် အသက်ပေး၍ ကာ ကွယ်ခဲ့သည်။ ဤကလေးသည် သူ ဤသို့ အကာအကွယ်ပေးသည့်အကြောင်း သူ့မိခင်ကို မလွဲမသွေ ပြန်ပြောပြပေလိမ့်မည်။ ထိုအခါ မိခင်ဖြစ်သူ ဟေမာသီရိသည် မိမိထားရှိသော မေတ္တာအပေါ် နားလည်သဘောပေါက်စွာနှင့် အသိအမှတ်ပြုပေလိမ့်မည်။ မိမိ၏မေတ္တာသည် တဒင်္ဂမျှဖြစ်သော ချစ်ခြင်းမေတ္တာ မဟုတ်။ ဖိုနှင့်မဟူသော လိင်ကွဲပြားမှုမျှကိုသာ အခြေခံသော တဏှာပေမ အချစ်မျိုး မဟုတ်။ မိမိ၏မေတ္တာသည် စိမ့်စမ်းရေကြည်ကဲ့သို့ တသွင်သွင် စီးဆင်းကြောင်း၊ အဆက်မပြတ် စီးဆင်းကြောင်း၊ အေးမြသောဓာတ်ရှိကြောင်း သူမ ခံစားသွားပေလိမ့်မည်။



ဟတ္ထိရာဇာသည် သတ္တိဗလ၏ အကြည့်ကြောင့် ရင်ထဲမှ လှိုက်လှဲလာသည်။ ဤ ကျေးတောသားကြီးသည် မိမိအပေါ် ကောင်းလွန်းလှသည်။ ယခုလည်း မိမိမျက်နှာကို ကြည့်မဝ ရှုမဝသည့်နှယ် ရွှန်းရွှန်းစားစားကြီး ကြည့်လျက်ရှိ၏။ နှုတ်ဆက်အကြည့် မဖြစ်ပါစေနှင့်ဟု ဟတ္ထိရာဇာ ဆုတောင်းဖြစ်သည်။

"အရှင့်သား"

သတ္တိဗလ၏လေသံသည် အားတင်း၍ ပြောထွက်လာကြောင်း သိသာလှသည်။

"ကျုန်ုပ်အတွက် စိုးရိမ်ပူပန်ရန် မသင့်ပါ၊ ကျွန်ုပ် ခံနိုင်ရည်ရှိပါတယ်၊ အရှင့်သားကတော့ ပင်ပန်းလှပါပြီ၊ ဒီည ကျွန်ုပ်ထံ မလာပါနဲ့တော့၊ ကောင်းမွန်စွာ အိပ်စက်ပြီး မနက် မိုးသောက်မှသာ လာကြည့်သင့်ကြောင်းပါဘုရား"

"ကောင်းပါပြီ ဦးရှိုးတော်၊ ကျွန်ုပ် အခြေအနေကြည့်ပြီး ဆောင်ရွက်ပါ့မယ်"

မီးတုတ်အလင်းရောင်တို့သည် လမ်းကြောင်းနှစ်ကြောင်း ကွဲထွက်သွား၏။ တစ်ကြောင်းက ဆေးတပ်ဖွဲ့ရှိရာဘက်သို့ ဦးတည်ကာ တစ်ကြောင်းက အိမ်ရှေ့စံကိုယ်တော်ကြီး၏ ယာယီစံနန်းရှိရာဘက်သို့ ဦးတည်လေသည်။

ကိုယ်တော်ကြီးသည် မအိပ်သေး။ မီးတုတ်များ လာသည်မြင်ကတည်းက ဟတ္ထိရာဇာ ပါလာမည်ကို တွက်ဆကာ ညီ့ခန်းဆောင်တွင် အသင့်စောင့်နေ၏။ သူ့ရှေ့မှောက်သို့ အခစားရောက်ပြီး မုဆိုးထောက်အရိုအသေပြုလိုက်ကြသော တပ်မဟာမှူးနှစ်ဦးနှင့် ဟတ္ထိရာဇာကို အမြန် ထစေလိုက်သည်။ ထိုင်ခုံအသီးသီးတွင် ထိုင်ခိုင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"တူတော်မောင်ကို ဦးစွာ အသိပေးလိုတာက တူတော်မောင်ရဲ့ ဘိုးတော်၊ ဘွားတော်နဲ့တကွ ခမည်းတော်၊ မယ်တော်တို့အားလုံး ကျန်းကျန်းမာမာ ရှိကြတယ် ဆိုတာပဲ၊ သူတို့အားလုံးပဲ တူတော်မောင်အတွက် ဆုတောင်းမေတ္တာ ပို့နေကြပါတယ်"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် အခုလို ကြားသိခွင့်ရတာ ဝမ်းမြောက်လှပါတယ်ဘုရား"

"ဟုတ်ပြီ၊ အဲဒီတော့ ကိုယ်ရေးကိုယ်တာတွေ၊ ဆွေမျိုးကိစ္စတွေ ခဏထားပြီး တူတော်မောင် ဟတ္ထိရာဇာရဲ့ တိုက်ပွဲအတွေ့အကြုံတွေကို ကျွန်ုပ် သိလိုတယ်၊ အကျဉ်းရုံးပြီး အပြည့်အစုံ လျှောက်တင်စေများ"

ဟတ္ထိရာဇာသည် မလုံမလဲ ဖြစ်သွား၏။

"မှန်လှပါ၊ ကျွန်ုပ်မှာ တိုက်ပွဲအတွေ့အကြုံလို့ ခေါင်းစဉ်တပ် ပြောရလောက်အောင် ကြီးကျယ်ခမ်းနားတဲ့ အတွေ့အကြုံတွေ မရှိသေးပါဘုရား၊ တိုက်ပွဲနဲ့ပတ်သက်လို့ မြင်တွေ့ကြုံကြိုက်ရသမျှကိုသာ တင်ပြ လျှောက်ထားလိုပါတယ်ဘုရား"

အိမ်ရှေ့စံကိုယ်တော်ကြီး ပြုံးတော်မူသည်။

"တိုက်ပွဲငယ် တစ်ပွဲဆိုလျှင်လည်း တိုက်ပွဲအတွေ့အကြုံလို့ ပြောလို့ ရပါတယ် တူတော်မောင်၊ ဘာပဲဖြစ်ဖြစ်လေ၊ တူတော်မောင် စစ်မြေပြင်ရောက်သွားပြီး ယခု ရှေ့တန်းတပ်မဟာဌာနချုပ်ကို ပြန်ရောက်လာတဲ့အထိ သိသမျှ မြင်သမျှ ကြားသမျှကို လျှောက်တင်စမ်း။ ထင်မြင်ချက်၊ ယူဆချက်နဲ့ သုံးသပ်ချက်တွေ ရှိရင်လည်း ရဲရဲတင်၊ ကျွန်ုပ် နားဆင်လိုတယ်"



ဟတ္ထိရာဇာသည် တိုတိုတုတ်တုတ်နှင့် ထိထိမိမိရှိမည့် စကားလုံးများ ရွေးကာ လျှောက်တင်ခဲ့သည်။ သူ့ တင်လျှောက်ချက်တို့သည် အသက်ပါလှသဖြင့် အိမ်ရှေ့စံကိုယ်တော်ကြီး၏ အာရုံထဲတွင် ရှေ့တန်းစစ်မြေပြင်ကို မြင်ယောင်လာသည်။ ကိုယ်တိုင် ရောက်သွားပြီး လေ့လာကြည့်ရှုလိုက်ရသလို ခံစားရ၏။ ကိုယ်တော်ကြီးသည် ဖျတ်ခနဲဆိုသလို သားတော်မောင် မန္တရာဇာ၏ ဝါးတားတား လျှောက်တင်စကားများကို သတိရမိသည်။ လက်တွေ့ရှိသူနှင့် လက်တွေ့မရှိသူတို့သည် ဤသို့ ကွာခြားမှုရှိနေချေသည်။ ဤသို့ဆိုလျှင် မန္တရာဇာ ...ိုသည်း လက်တွေ့ထဲ ချသုံးမှ ဖြစ်မည်ဟု ကိုယ်တော်ကြီး စဉ်းစားနေမိသည်။

ဟတ္ထိရာဇာသည် သူသိသမျှ တင်ပြ အစီရင်ခံပြီးသောအခါ ထင်မြင်ယူဆချက်ကိုပါ တစ်ဆက်တည်း သံတော်ဦးတင်လိုက်၏။

"ဘုန်းတော်ကြောင့် ကျွန်ုပ်၏ ထင်မြင်ယူဆချက်ကို လျှောက်တင်ပါရစေဘုရား၊ ကျွန်ုပ်တို့ဟာ ရန်သူက ဦးဆောင်လှုပ်ရှားနေတာကို နောက်က လိုက်လုပ်နေရသလို ဖြစ်နေကြောင်းပါ၊ အဲသလို ဖြစ်နေတဲ့ အခြေအနေကို အမြန်ဆုံး လှည့်ပြောင်းပစ်သင့်ကြောင်းပါဘုရား"

သတ္တရာဇာ ကိုယ်တော်ကြီးသည် ခေါင်းတဆတ်ဆတ် ညိတ်ဖြစ်သည်။ တူတော်မောင်ကား စစ်မြေပြင်နှင့် လမိုင်းကပ်သွားပေပြီ။ စစ်မြေပြင်နှင့် တစ်သားတည်း ဖြစ်သွားပေပြီ။ ထို့ကြောင့်လည်း ဤသို့ ရဲရင့်ပြတ်သားစွာ လျှောက်တင်နိုင်ခြင်း ဖြစ်လေသည်။

"တူတော်မောင် ဟတ္ထိရာဇာ လျှောက်တင်တာ မှန်တယ်၊ စစ်စကားနဲ့ ပြောရရင် ရန်သူ့ထိုးစစ် စဝင်ကတည်းက ကျွန်ုပ်တို့မှာ လက်ဦးမှု မဲ့နေခဲ့တယ်၊ အဲဒီလို လက်ဦးမှုမဲ့နေတာကို လက်ဦးမှု

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အခြေအနေဖြစ်သွားအောင် လုပ်ဖို့ လိုနေတယ်၊ အဲဒီလို လုပ်ဖို့အတွက် တာဝန်အရှိဆုံးပုဂ္ဂိုလ်ဟာ အခုနေအခါမှာ ကျွန်ုပ်ပဲ၊ အဲဒီတော့ ကျွန်ုပ်ကို အကြံကောင်း ဉာဏ်ကောင်းများ ပေးစရာရှိရင် တူတော်မောင် အခုပေးလို့ ရတယ်၊ စစ်ဆင်ရေးဆိုတာ လူ့အသက်တွေနဲ့ရင်းပြီး လုပ်ရတာဖြစ်လို့ အချိန်ဆွဲနေလို့မရဘူး၊ စဉ်းစားမိတာနဲ့ ချက်ချင်းပြော၊ ချက်ချင်းလုပ်မှ ဖြစ်တာ၊ တူတော်မောင် စဉ်းစားထားတာများရှိရင် အခုချက်ချင်း လျှောက်တင်နော်"

ဟတ္ထိရာဇာ စိတ်မကောင်း ဖြစ်သွားသည်။ တိုင်းပြည်ကို တစ်ဝက်ပိုင်သည်ဟု ပြောဆိုရသော ရေမြေရှင်တစ်ဦးက မိမိထံ အကြံဉာဏ်တောင်းခံလာသည်မှာ ဆွေရင်းမျိုးရင်းဆိုသော်လည်း ဂုဏ်ယူရမည့်ကိစ္စ ဖြစ်၏။ များသောအားဖြင့် လူကြီးတို့မည်သည် ကလေးများကို လူရာမသွင်းတတ်။ ဦးရိုးတော်က မိမိကို လူရာသွင်း၍ အရေးတယူ ဆွေးနွေးလာသည်မှာ မိမိအပေါ် ကျေနပ်အားရမှုရှိကြောင်း ဖော်ပြနေ၏။ ခက်သည်က မိမိမှာ အကြံဉာဏ် ကောင်းကောင်းမရှိ။ မိမိသည် စစ်မတိုက်တတ်သေး။ စစ်မတိုက်တတ်သေးရုံသာမက စစ်ချီတက်မှုကိုပင် စနစ်တကျ မလုပ်တတ်သေး။ စစ်ချီတက်ရာတွင် ပေါ့ဆခဲ့မှုကြောင့် မိမိ၏ လက်ရုံးဖြစ်သော သတ္တိဗလပင် ဒဏ်ရာပြင်းထန်စွာ ရခဲ့ရသည်။

ဟတ္ထိရာဇာသည် စိတ်မကောင်းစွာနှင့်ပင် လျှောက်တင်လိုက်သည်။

"ကျွန်ုပ်ကို အခုလို အခွင့်အရေးပေးတဲ့အတွက် ကျွန်ုပ် ဝမ်းသာဝမ်းယူပါတယ် ဦးရိုးတော်ဘုရား၊ ဘုန်းတော်ကြောင့်ကျွန်ုပ်ဟာ မနေ့တစ်နေ့ကမှ စစ်ထဲရောက်လာခဲ့တာမို့ စစ်မတိုက်တတ်သေးပါဘုရား၊



ယခုအခြေအနေမှာ ဦးရိုးတော် ဘယ်လို စီမံညွှန်ကြားနေတယ်ဆိုတာကိုသာ ကျွန်ုပ် ပညာရအောင် သွန်သင် ပြောပြစေချင်ပါတယ်"

ဤလျှောက်တင်ချက်အပေါ်တွင်လည်း သက္ကရာဇာ သဘောကျသည်။ တူတော်မောင်သည် မတတ်သေးသည်ကို မတတ်သေးဟု ခံယူ၏။ ဤကဲ့သို့ အမှန်အတိုင်း ခံယူခြင်းသည် တိုးတက်မည့် လမ်းစပေါ် နင်းထားခြင်း ဖြစ်သည်။ မတတ်သေးသည်ကို မတတ်သေးဟု မခံယူဘဲ တတ်ယောင်ကားနှင့် ဟိတ်ဟန်ထုတ်နေလျှင်ကား အန္တရာယ် ရှိ၏။ ဘယ်တော့မှလည်း တတ်တော့မည်မဟုတ်။ တိုးတက်မည့်လမ်းစကား ဝေလာဝေး။

"ကောင်းတယ် ဟတ္ထိရာဇာ၊ မင်းမှာ အဲဒီလိုလေ့လာလိုစိတ်ရှိတာကောင်းတယ်၊ ဦးရိုးတော် ပြောပြမယ်၊ စစ်ဦးစီးညွှန်ကြားသူတစ်ဦးဟာ အခုလို လက်ဦးမှုမဲ့နေတဲ့အခြေအနေမျိုးကို အမြန်ဆုံး လှည့်ပြောင်းပစ်ချင်ရင် အဲဒီအခြေအနေထဲကနေ အမြန်ဆုံး ရုန်းထွက်ရမယ်၊ အခုဆိုရင် ဦးရိုးတော်တို့ဟာ ဟတ္ထိရာဇာတို့ တပ်ရင်း (၅) တပ်စွဲထားတဲ့ ဒေသမှာ ရန်သူ့စိတ်ကြိုက် တိုက်ကွက်ဖော်ခြင်းကို ခံနေရတယ်၊ တပ်ရင်းနှစ်ရင်း ပိတ်မိနေတယ်၊ ဒါကို ဒီအတိုင်း ထိုင်ကြည့်နေလို့ မရဘူး၊ စစ်ကူ ထပ်ပို့ချင်ပို့၊ မပို့နိုင်ရင် ဆုတ်ခိုင်း၊ ဒီနှစ်မျိုးပဲရှိတယ်"

"စစ်ကူထပ်ပို့မှာလားဘုရား"

"မပို့ဘူး၊ စစ်ကူပို့ရလောက်အောင် ဦးရိုးတော်တို့မှာ တပ်အင်အားမလုံလောက်ဘူး၊ လုံလောက်သည့်တိုင်အောင်လည်း စစ်ကူမပို့တော့ဘူးလို့ ဦးရိုးတော် ဆုံးဖြတ်လိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ စစ်ကူပို့နေရင် အဲဒီနေရာမှာ တိုက်ပွဲတွေ ဆက်ဖြစ်နေဦးမယ်၊ ရန်သူ ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့နေရာမှာ သွားတိုက်ရမှာဆိုတော့ ကိုယ့်ဘက်က အနိုင်ရဖို့ဆိုတာ သိပ်မလွယ်ဘူး"

"ဒါဆိုရင် ဆုတ်ခိုင်းတော့မှာလားဘုရား"

"ဆုတ်ခိုင်းလိုက်ပြီ၊ ဦးရိုးတော် ဒီရောက်ပြီးမကြာခင်မှာပဲ စစ်ဦးစီးအစည်းအဝေး ခေါ်လိုက်တယ်၊ အဲဒီအစည်းအဝေးမှာပဲ အမိန့်ချလိုက်တယ် ဂပ်ရင်းနှစ်ရင်းလုံး တပ်မဟာဌာနချုပ်ရှိရာကို အမြန်ဆုံး ဆုတ်ခွာကြဖို့ပဲ၊ သူတို့ ဒီည ဆုတ်ကြလိမ့်မယ်ထင်တယ်၊ ဒီည ဆုတ်ရင် မနက်ဖြန်ည၊ ဒါမှမဟုတ် သန်ဘက်ခါမနက် ပြန်ရောက်ကြလိမ့်မယ်"

ဟတ္ထိရာဇာ မျက်လုံးပြူးသွားသည်။

"ရန်သူက အထပ်ထပ်ပိတ်ဆို့ထားတာ ဦးရိုးတော်ရဲ့၊ သူတို့ ဆုတ်လာတဲ့အချိန် ဆီးကြိုတိုက်ခိုက်ရင် ကျွန်ုပ်တို့ရဲ့တပ်တွေ ထိခိုက်နစ်နာတုန်မှာပေါ့"

သက္ကရာဇာ ပြုံးဖြစ်သည်။ ဤကလေးသည် စစ်မြေပြင်အတွေ့အကြုံ မရှိသေး၍ ထိတ်လန့်တကြား ဖြစ်သွားခြင်းပင်တည်း။

"နေ့လည်ဘက်ဆုတ်ရင်တော့ ဟုတ်တာပေါ့၊ ဖောက်ထွက်ဖို့တောင် မလွယ်ဘူး၊ ဒီလို ဝိုင်းပတ် ပိတ်ဆို့ခြင်းခံထားရတဲ့ စစ်တပ်တစ်တပ် ဆုတ်တော့မယ်ဆိုရင် ညအချိန်မှာ ဆုတ်ရတယ်၊ ရန်သူက တောင်ပေါ်မှာ တပ်စွဲထားတာဆိုတော့ တောင်ကြား လျှိုမြောင်လမ်းတွေက ဆုတ်ရတယ်၊ ညကြီးမင်းကြီး ချောက်ထဲဆင်းပြီး လိုက်တိုက်တဲ့ရန်သူဆိုတာ မရှိဘူး၊ တစ်ခုတော့ရှိတယ်၊ မီးတုတ်တွေ ထွန်းပြီး ဆုတ်လို့တော့ မဖြစ်ဘူး၊ ဆင်းမတိုက်ပေမဲ့ မြားနဲ့လိုက်ပစ်မှာ"



ဟတ္ထိရာဇာ ပညာတစ်ခု တိုးသွားသည်။ သည့်လိုဆို မိမိ၏ ဒွေးသောက် ရောင်းရင်းကြီး တပ်ရင်း (၅) တပ်ရင်းမှူး အိန္ဒကသည် တပ်ရင်း (၁) တပ်ရင်းမှူး တိန္နနှင့် တိုင်ပင်ညှိနှိုင်းကာ ဆုတ်ခွာလာနေကြပြီ ထင်သည်။ ဆုတ်ခါနီး ကြက်ခေါင်း ကြည့်ကြသေးလားမသိ။ မိမိမူကား တပ်ရင်းမှူး အိန္ဒကနှင့် ခွဲခွာ ပြီးကတည်းက ကြက်ခေါင်း မကြည့်ဖြစ်တော့။

"တပ်တွေကို ဆုတ်ခိုင်းလိုက်တာဟာ အဲဒီတပ်တွေက စိုးမိုးထားတဲ့ နယ်မြေကို ရန်သူ့လက် ထိုးအပ်လိုက်တာပဲ၊ ဒါကြောင့် နယ်မြေကို တွယ်တာစိတ်ရှိနေရင် ဆုတ်မိန့်ပေးဖို့ အ တာ်ခက်တယ်။ နယ်မြေတွယ်တာမှုကြီးတဲ့ စစ်ဦးစီးသူတွေဆိုရင် ဒီလို အခြေအနေမှာ ဝေခွဲမရဖြစ်ကုန်တော့တာမဲ၊ ဦးရိုးတော်ကျတော့ရော နယ်မြေသံယောဇဉ်မရှိတဲ့ လူလား၊ ဒီလိုတော့ မဟုတ်ဘူး"

သက္ကရာဇာသည် ဟတ္ထိရာဇာ၏ ဆပ်ခြင်ဉာဏ် ရင့်သန်စိမ့်သောငှာ ရှင်းပြပေးနေခြင်း ဖြစ်၏။

"ဦးရိုးတော်မှာလည်း နယ်မြေကို ခင်တွယ်တဲ့စိတ် ရှိပါတယ်၊ ဒါပေမဲ့ စစ်ရေးသဘောတရားအရဆိုရင် နယ်မြေထက် အရေးကြီးတာက စစ်တပ်ပဲ၊ စစ်တပ်ကို အချေမှုန်းခံမလား၊ နယ်မြေကို ပေးမလားဆိုရင် နယ်မြေကိုပဲ ပေးရမှာပေါ့၊ စစ်တပ်ကို အချေမှုန်းခံလို့ ဘယ်ဖြစ်မလဲ၊ စစ်တပ် ဆက်ရှိနေရင် နယ်မြေကို ပြန်တိုက်ယူလို့ရတယ်လေ"

သက္ကရာဇာ၏စကားများကို ဟတ္ထိရာဇာက မေးစေ့ကို လက်နှင့် ပွတ်ရင်း နားထောင်သည်။ ဦးရိုးတော် ပြောသည်မှာ သဘာဝ ကျ၏။ အကြောင်းအကျိုး ညီညွတ်မျှတမှု ရှိ၏။ အထိအခိုက်မရှိ ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာမည့် မိမိတို့တပ်ရင်း (၅) ကို မိမိက ဦးရိုးတော်ပြောသော သဘောတရားများနှင့် ပညာပေးရမည်။ မိမိတို့ လက်လွှတ်ခဲ့သော နယ်မြေကို တစ်နေ့သောအခါ မိမိတို့ ပြန်တိုက်ယူကြမည်။ အစ်မသန္တာကိုလည်း ပြောရမည်။ အစ်မသန္တာ၏ရွာသည် အခိုက်အတန့်အားဖြင့် ရန်သူ့လက် ကျရောက်နေမည်ဖြစ်သော်လည်း ပြန်လည် တိုက်ခိုက်သိမ်းပိုက်ယူမည့်အကြောင်း။

"မှန်လှပါ၊ ဦးရိုးတော်ရဲ့ စစ်ရေးသဘောတရားကို ကျွန်ုပ် အလွန်သဘောကျပါတယ်၊ စစ်တပ်ကျေပြုန်းသွားရင် နယ်မြေ ဆုံးရှုံးသွားမှာဖြစ်တဲ့အမြင် အဲဒီ နယ်မြေကို ပြန်တိုက်ယူဖို့ဆိုတာလည်း ဘယ်ဖြစ်နိုင်တော့မလဲ၊ ဦးရိုးတော်ရဲ့ သဘောတရားကို ကျွန်ုပ်ရဲ့ ရင်ထဲအသည်းထဲမှာ စွဲစွဲမြဲမြဲ မှတ်သားထားပါ့မယ်"

"ဒီသဘောတရားကို မိမိရဲ့ သက်ရှိအင်အား ထိန်းသိမ်းရေး အယူအဆလို့ ခေါ်တယ်၊ တစ်ခုတော့ ရှိတာပေါ့ကွယ်၊ အဲဒီ အယူအဆ လွန်ကဲသွားလွန်းရင် မတိုက်ရဲ၊ မခိုက်ရဲ၊ မကျွေးရဲ၊ မစားရဲနဲ့ တွန့်ဆုတ်ဆုတ်တွေ ဖြစ်သွားတတ်တယ်၊ မလွန်အောင်နဲ့ မလိုအောင်တော့ ချင့်ချိန် ဆုံးဖြတ်ရမှာပေါ့"

"မှန်လှပါ၊ ဒါပေမဲ့ နယ်မြေကို တွယ်တာစိတ် ကြီးမားပြီး ကိုယ့်အင်အား ကျေပြုန်းမှာ ဂရုမစိုက်၊ တိုက်မယ်ခိုက်မယ်ဆိုရင် မာန်စွယ်တငေါ်ငေါ်ထ၊ တစ်တိုက်တည်း ထတိုက်နေတာထက်စာရင် တွန့်ဆုတ်တာက အကျိုးရှိလိမ့်မယ်ထင်ပါတယ်ဘုရား"

"ဒီလိုလည်း မဟုတ်ဘူးကွဲ့၊ ရဲလွန်းရင် မကောင်းသလို တွန့်ဆုတ်လွန်းရင်လည်း မကောင်းဘူး၊ လောကကြီးမှာရှိတဲ့ အစွန်းတရားနှစ်ပါးမှာ ဘယ်အစွန်းတရားမှ မကောင်းဘူးလို့မှတ်၊ အလယ်အလတ်



လမ်းစဉ်သာလျှင် အမှန်ကန်ဆုံးပဲ၊ အခု ဦးရိုးတော်က မိမိရဲ့သက်ရှိအင်အားကို ထိန်းသိမ်းလိုက်တာဟာ အခြေအနေ အချိန်အခါအရပ်ရပ်ကို ကြည့်ပြီး ဆုံးဖြတ်လိုက်တာကွဲ့၊ သဘောတရားအစွဲ ဝါဒအစွဲကြီးနဲ့ ဆုံးဖြတ်လိုက်တာ မဟုတ်ဘူး၊ ဒါကြောင့် အစွန်းတရားနှစ်ပါးလွှတ်ပြီး အလယ်အလတ် သမာသမတ်ကျတယ်လို့ ကိုယ့်ဘာသာတော့ ခံယူထားတာပဲ"

"ကျွန်ုပ်လည်း အဲဒီလို မြင်ပါတယ် ဦးရိုးတော်"

"အဲဒီတော့ ဦးရိုးတော်ရဲ့ ဆုံးဖြတ်ချက် မှန်-မမှန် ဆိုတာကို လက်တွေ့ဖြစ်ပေါ်လာမယ့် အကျိုးဆက်တွေအပေါ်မှာ စောင့်ကြည့်ရမှာပေါ့၊ လက်တွေ့အကျိုးဆက် ကောင်းရင် လုပ်ဆောင်ချက် ကောင်းလို့ပဲ၊ လက်တွေ့အကျိုးဆက် မကောင်းရင် လုပ်ဆောင်ချက် မကောင်းလို့ပေါ့"

"အရာရာမှာ လက်တွေ့ဟာ မှတ်ကျောက်ပဲလို့ ဦးရိုးတော် သွန်သင်ချင်တာ မဟုတ်လား၊ ကျွန်ုပ် မှတ်သားထားမှါမယ်ဘုရား"

သက္ကရာဇာသည် ဟတ္ထိရာဇာနှင့် စကားပြောရသည်ကို သဘောတွေ့နေသည်။ ဒီကောင်လေးသည် တစ်ထွာပြလျှင် တစ်တောင်မြင်၏။ ကျေးတောသူမနှင့် ရလာသောသားပါဟု ပြောလျှင်ပင် ယုံစရာမရှိ။ သက္ကရာဇာသည် တူတော်မောင်နှင့် လေပေးဖြောင့်နေရင်း သားတော်မောင်ကို သတိရသွားသည်။ သည်အကောင်ကတော့ ကံကောင်း၍သာ အိမ်ရှေ့မင်းသား၏သား လာဖြစ်နေသည်။ အရှင်အချင်းတျတော့ တူတော်မောင်ကို မမီဟု တွေးမိ၏။

သက္ကရာဇာသည် ထိုင်ရာမှ ထလိုက်၏။ စကားကောင်းနေ၍မဖြစ်သေး။ ဟတ္ထိရာဇာသည် ပင်ပန်းနွမ်းနယ်လာသူ ဖြစ်၏။ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောနေရသောကြောင့် ရှဲရှေ့တော်များ တည်ခင်းညှေ့ခံထားသည့် သစ်သီးဝလံများကိုပင် နှိုက်မစားရှာ။ ခေါင်ရည်ကျည်တောက်ကိုလည်း ယူမမော့ရဲ။ မိမိက အလိုက်သိမှ ဖြစ်မည်။

"တူတော်မောင်နဲ့ တပ်မဟာမှူးတို့စားရင်းသောက်ရင်း အနားယူကြဦး၊ စားသောက်ပြီးတဲ့အခါ တပ်မဟာမှူးတို့က ကိုယ့်အဆောင်ကိုယ်ပြန်ကြ၊ တူတော်မောင်က ဦးရီးတော်ရဲ့ အဆောင်မှာပဲ အိပ်၊ ဦးရီးတော် အရင်နားလိုက်မယ်၊ ဦးရီးတော်ရှိနေရင် မင်းတို့လည်း လွတ်လပ်မှာ မဟုတ်ဘူး"

ပြောပြောဆိုဆို သက္ကရာဇာသည် အတွင်းခန်းထဲ ဝင်သွားသောကြောင့် ဟတ္ထိရာဇာ လျှောက်တင်ချိန် မရလိုက်။ သူသည် ဦးရီးတော်ထံ အစီရင်ခံ တင်ပြပြီးသည်နှင့် ဆေးတပ်ဖွဲ့သို့သွားကာ သတ္တိဗလ၏ အခြေအနေကို မေးမြန်းကြည့်ရှုရန် စိတ်ကူးထားခဲ့၏။ ယခုတော့ ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန် ခက်သွား၏။ ဦးရီးတော်က သူ့ ယာယီစံနန်းမှာ အိပ်လိုက်ရန် ပြောဆိုထားပါလျက် ထွက်သွားဖို့ဆိုသည်မှာ မသင့်တော်။ အခုမှ အခန်းထဲသို့ဝင်လိုက်ပြီး လျှောက်ထားပြန်လျှင်လည်း အခွင့်အရေး ယူလွန်းရာကျမည်။

ဟတ္ထိရာဇာသည် သူ့နဖူးကိုသူ လက်ဝါးနှင့် ရိုက်ဖြစ်သည်။ အကင်းပါးသော တပ်မဟာမှူးက ဟတ္ထိရာဇာကို ဖြေသိမ့်၏။

"ဒု-ရင်းမှူးက ကိုယ်ရံတော်ကြီး သတ္တိဗလကို လူနာသွားမေးချင်သေးတာ မဟုတ်လား၊ မနက်မှပဲ သွားပါတော့၊ ကျွန်ုပ် အကဲခတ်ကြည့်တာ သတ္တိဗလ ခံနိုင်ရည်ရှိတဲ့ပုံပဲ၊ အခြေအနေ ကောင်းပုံရပါတယ်"



"အခြေအနေက ကောင်းလှတာ မဟုတ်ဘူး၊ တစ်လမ်းလုံး အဖျားတက်လာတာ၊ ကိုယ်ပူက ကျတယ်မရှိဘူး၊ လူက အသိညာဏ်မလွန်းလှိုသာ စကားတွေပြော၊ ဘာတွေပြောနဲ့ အိန္ဒြေမပျက်ဖြစ်နေတာ တပ်မဟာမှူးရဲ့"

"ဆေးတပ်ဖွဲ့ကို ရောက်သွားပြီပဲ၊ စိတ်မပူပါနဲ့တော့ ဒု-ရင်းမှူးရယ်၊ ဆေးနဲ့တွေ့ပြီဆိုတော့ အဖျားလည်း ကျလောက်ပါပြီ၊ မနက်ကျ စောစောသွားကြည့်လိုက်၊ မနက်ကျရင် ကျွန်ုပ်တို့ နှစ်ယောက်လည်း လာခဲ့မယ်"

ဒု-တပ်မဟာမှူးက ခေါင်ရည်ကျည်တောက်ငယ်တစ်လုံးအား ဟတ္ထိရာဇာလက်ထဲ ထည့်ပေးလိုက်၏။ ဟတ္ထိရာဇာလည်း စိတ်နှလုံး ဒုံးဒုံးချကာ ခေါင်ရည်ကို တကျိုက်ကျိုက်နှင့် မော့သောက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ဟတ္ထိရာဇာ၏ နားထဲတွင် ရှိုက်သံတစ်သံ ကြားလိုက်ရသည်။ မိန်းမတစ်ယောက်၏ ရှိုက်သံ။ ငိုသံမဟုတ်။ ရှိုက်သံ။ ဝမ်းနည်းပမ်းနည်းနှင့် ရှိုက်ရှိုက်နေသည့်အသံ။ သူ မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူသည် သားနားသပ်ရပ်သော အိပ်ဆောင်တစ်ဆောင်တွင် ကျကျနန အိပ်နေသည်ကို သတိပြုမိသည်။ ဦးရှီးတော်သတ္တရာဇာ အိပ်ခိုင်း၍ ဦးရှီးတော်၏ ယာယီစံနန်းတွင် အိပ်စက်ခဲ့ခြင်းဖြစ်ကြောင်း ပြန်သတိရလာ၏။

အိပ်ခန်းဆောင်ပြတင်းမှဝင်နေသော အလင်းရောင်တို့ကြောင့် မိုးစင်စင်လင်းနေပြီဟု သိလိုက်၏။ ရှိုက်သံသည် ဘယ်ကလာသနည်း။ အခန်းထဲကတော့ မဟုတ်။ အခန်းအပြင်က ဖြစ်သည်။

ဟတ္ထိရာဇာသည် အိပ်ရာမှထပြီး အခန်းဝမှ ခန်းဆီးကိုဖယ်ရှားတာ အပြင်ထွက်လိုက်၏။ ညတုန်းက ဦးရှီးတော်နှင့်စကားပြောခဲ့သော ဧည့်ခန်းဆောင်ကို တွေ့ရသည်။ ဧည့်ခန်းဆောင်သည် ရှင်း



လင်းတိတ်ဆိတ်နေ၏။ ဧည့်ခန်းဆောင်တံခါးမကြီးကား ပိတ်ထားဆဲ။ ရှိုက်သံသည် ထိုတံခါးမကြီး၏ အပြင်ဘက်မှ ထွက်ပေါ်နေ၏။

ဟတ္ထိရာဇာသည် ဧည့်ခန်းဆောင်တံခါးမကြီးကိုဆွဲဖွင့်လိုက်သည်။ စံနန်းဆောင်၏ မျက်နှာစာမြင်ကွင်းသည် လင်းခနဲ ထင်းခနဲ ပေါ်လာလေသည်။ စံနန်းဆောင်သို့ တက်လာရာ လှေခါးခြေရင်းတွင် ခေါင်းငုံ့ရှိုက်ငိုနေသော မိန်းကလေးတစ်ဦးကို တွေ့ရသည်။ မိန်းကလေးသည် နှောင်ကြိုးတည်းခြင်းကို ခံထားရသည်။ နှောင်ကြိုးကို ရဲမက်တစ်ဦးက ကိုင်ထား၏။ အနီးတွင်လည်း ရဲမက် သုံးလေးဦးရှိသည်။

အဘယ့်ကြောင့် ဤမိန်းကလေးကို နှောင်ကြိုးတည်းထားကြပါသနည်း။ ဟတ္ထိရာဇာ စိတ်ဝင်စားသွားသည်။ သူသည် အကျိုးအကြောင်းမေးမည်ဟု ခြောင်းဟန့်၍ လည်ချောင်းရှင်းလိုက်သည်။ သူ့အသံကြောင့် လှေခါးရင်းမှ ရဲမက်များ မော့ကြည့်ကြသည်။ သူ့ကိုတွေ့ကြသောအခါ အိမ်ရှေ့စံကိုယ်တော်ကြီး၏ တူတော်မောင်ဟတ္ထိရာဇာမှန်း သိကြသောကြောင့် လက်အုပ်ချီ၍ အရိုအသေ ပြုကြလေသည်။ ရှိုက်ငိုနေသော မိန်းမပျိုကား ဟတ္ထိ ရာဇာ၏ ချောင်းဟန့်သံကို သတိမထားမိ။ သူ့အရှိန်နှင့်သူ ဆက်လက် ငိုရှိုက်နေဆဲ။

"သူက ဘယ်သူလဲ၊ ဘာကြောင့် နှောင်ကြိုးတည်းတာ ခံနေရတာလဲ"

ဟတ္ထိရာဇာ မေးလိုက်မှ မိန်းမပျိုက မော့ကြည့်သည်။ ထိုအခါမှ မျက်နှာကို ပြက်ပြက်ထင်ထင် မြင်ရကာ ဟတ္ထိရာဇာ အံ့ဩသွားလေသည်။

"ဟင်- အစ်မသန္တာပါလား"

www.burmeseclassic.com

www.burmeseclassic.com



အာမေဋိတ်သံနှင့်အတူ ဟတ္ထိရာဇာသည် သန္တာ့အနီးသို့ ရောက်သွား၏။ လက်တစ်ဖက်က နှောင်ကြိုးကို လှယူလိုက်ပြီး လက်တစ်ဖက်က နှောင်ကြိုးကို ကိုင်ထားသည့် ရဲမက်အား တွန်းလွှတ်လိုက်သည်။ ရဲမက်သည် သူ တွန်းလွှတ်လိုက်သောအရှိန်နှင့် အဝေးသို့ လွင့်သွားပြီးမှ ဖင်ထိုင် လဲကျသွားသည်။

"မင်းတို့တစ်တွေ တယ်လည်း အတင့်ရဲကြပါလား၊ အစ်မသန္တာကိုမှ နှောင်ကြိုးတည်းရတယ်လို့"

ဟတ္ထိရာဇာသည် ရဲမက်များကို ကြိမ်းမောင်းရင်း သန္တာ့ကိုယ်ပေါ်မှ နှောင်ကြိုးများအား လျင်မြန်သွက်လက်စွာ ဖြေချပေးလိုက်သည်။ လွတ်လပ်သွားသော သန္တာသည် ဟတ္ထိရာဇာအား လက်အုပ်ချီ အရိုအသေပြုလိုက်သည်။

"ပြောပါဦး အစ်မသန္တာ၊ အစ်မသန္တာ ဘာဖြစ်သွားသေးလဲ၊ သူတို့ အစ်မသန္တာကို ဘာလုပ်ကြသေးလဲ"

သန္တာသည် ဆိုနင့်စွာ ခံစားနေပုံရသည်။ ရုတ်တရက် စကားပြောထွက်မလာ။ ဦးခေါင်းကိုသာ ခါရမ်းပြ၏။ ထို့နောက်မှ အသံကလိုက်လာသည်။

"သူတို့မှာ အပြစ်မရှိပါဘူး၊ အကျွန်က လွန်တာပါ။ အကျွန့်ကို တားမရဆီးမရ ဖြစ်နေလို့ ကြိုးနဲ့တုပ်လိုက်ကြတာပါ"

"အစ်မသန္တာက သူတို့ကို ကာကွယ်မနေနဲ့၊ ကျွန်ုပ် မေးတာကိုသာ ဖြေ၊ ကြိုးတုပ်တာအပြင် ရိုက်တာနှက်တာ ရှိသေးလား"

"မရှိပါဘူး ဒု-ရင်းမှူး"

"ဒါဆိုရင် ကြိုးတုပ်တဲ့ အပြစ်ကိုပဲ အရေးယူရမှာပေါ့၊ မောင်မင်းတို့ တန်းစီကြစမ်း"



ရဲမက်တို့သည် ကြောက်ရွံ့စိတ်နှင့် တုန်ယင်နေကြသည်။ ဟတ္ထိရာဇာသည် သူတို့ကို တိုက်ရိုက်အုပ်ချုပ်သူ မဟုတ်သည့်တိုင် ကိုယ်တော်ကြီး၏တူဟူသော အသိကြောင့် အမိန့်မနာခံဘဲ မနေရဲကြ။ တန်းစီကြသည်။

သန္တာသည် ဟတ္ထိရာဇာ၏လက်မောင်းကို ဆွဲထား၏။ နှုတ်မှလည်း တား၏။

"သူတို့ကို ဘာမှမလုပ်ပါနဲ့ ဒု-ရင်းမှူး၊ သူတို့မှာ အပြစ်မရှိပါဘူး။ အပြစ်ရှိတာက သန္တာပါ။ သန္တာက ဒု-ရင်းမှူးကို တွေ့ချင်လွန်းလို့ သူတို့ တားနေတဲ့ကြားက အတင်းတိုးဝင်နေလို့ပါ၊ ပထမတော့ သူတို့လည်း တားရုံပါပဲ၊ နောက်တော့ သန္တာက တားမရ ဆီးမရ ဆွဲမရ လွဲမရ ဖြစ်နေလို့ ငြိမ်သွားအောင် လုပ်လိုက်တဲ့ သဘောပါပဲ"

သန္တာ ပြောသည်မှာ သဘာဝ ကျသောကြောင့် ဟတ္ထိရာဇာ နှုတ်ဆွံ့သွားသည်။ ဒု-ရင်းမှူးကို တွေ့ချင်လွန်းလို့ဟူသော စကားတို့ကြောင့်လည်း ဒေါသတို့ ပျောက်ပြယ်ကာ ဘာကြောင့် တွေ့ချင်ရပါသနည်းဟူသော အတွေးစိတ် ဝင်သွားသည်။ ထိုအခိုက်အတန့်မှာပင် စံနန်းဆောင် တံခါးဝမှ ကြည်လင်ပြတ်သားသော အသံတစ်သံ ထွက်ပေါ်လာ၏။

"ဟတ္ထိရာဇာ"

သူ့နာမည်ကို ခေါ်လိုက်သောကြောင့် ဟတ္ထိရာဇာ မော့ကြည့်လိုက်သည်။ ဦးရှီးတော် သက္ကရာဇာကို တံခါးဝ၌ တွေ့လိုက်ရသည်။ မိမိတို့ ပဋိပက္ခဖြစ်နေကြသည်ကို ဦးရှီးတော်ထံသို့ တစ်စုံတစ်ယောက်က သွားရောက် လျှောက်ထားလိုက်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အိမ်ရှေ့မင်းသားပဲ သန္တာ၊ ကျွန်ုပ်ရဲ့ ဦးရီးတော်ပေပဲ၊ အမြန် အရိုအသေပြုလိုက်"

ဟတ္ထိရာဇာသည် ကိုယ်တိုင်လည်း လက်အုပ်ချီလိုက်သကဲ့သို့ သန္တာ့ကိုလည်း တိုက်တွန်းလိုက်သည်။

"တူတော်မောင် ဟတ္ထိရာဇာ၊ တူတော်မောင်က ဦးရီးတော်ရဲ့ ရဲမက်တွေကို တန်းစီခိုင်းပြီး ဘာလုပ်မလို့လဲ၊ ဦးရီးတော်ကို လျှောက်ထားစမ်းပါဦး"

"မှန်လှပါ၊ ဒီက အစ်မသန္တာကို မဆင်မခြင် ကြိုးနဲ့တုပ်ခဲ့တဲ့အတွက် အပြစ်ပေးမလို့ပါဘုရား"

"ဘယ်လိုအပြစ်မျိုး ပေးမလို့ပါလိမ့်"

"အစ်မသန္တာ ပေးစေချင်တဲ့အပြစ်မျိုး ပေးမယ်လို့ စဉ်းစားထားပါတယ်၊ ဒါပေမဲ့ အစ်မသန္တာက ဘာမှမလုပ်ပါနဲ့လို့ တောင်းပန်နေတော့ ဘာမှ လုပ်ဖြစ်မှာ မဟုတ်တော့ပါဘူးဘုရား"

"တူတော်မောင်ရဲ့ အစ်မသန္တာက တူတော်မောင်ကို နားချနေတာ ဦးရီးတော်ကြားလိုက်ရတယ်၊ တော်ပါတယ်၊ သူ့အပြစ်ကို သူသိသားပဲ၊ အခု ဦးရီးတော် တွေ့ရတာက ကိုယ့်အပြစ် ကိုယ်မသိသူဟာ တူတော်မောင်ပဲ၊ ဦးရီးတော်ရဲ့ ရဲမက်တွေက လိုအပ်လို့ နှောင်ကြိုးတည်းထားသူကို တူတော်မောင်က ကြိုးဖြေပေးလိုက်တာဟာ တာဝန်ဝတ္တရား နှောင့်ယှက်တဲ့ အပြစ်ဖြစ်မနေဘူးလား"

ဟတ္ထိရာဇာ ဒူးထောက်ချလိုက်၏။

"မှန်ပါ ကျွန်ုပ် သေသင့်ပါတယ်ဘုရား၊ အစ်မသန္တာဟာ ကျွန်ုပ်ရဲ့ သေဖော်သေဖက်၊ တိုက်ဖော်တိုက်ဖက်ဖြစ်လို့ စိုးရိမ်စိတ် လွန်ကဲပြီး လုပ်မိတာပါ၊ ဦးရီးတော် ပေးတဲ့အပြစ်ကို ခံယူပါ့မယ်ဘုရား"



သန္တာကလည်း ဟတ္ထိရာဇာ၏နံဘေးတွင် လိုက်၍ ဒူးထောက်သည်။

"မှန်လှပါဘုရား၊ အကျွန်ုပ်ကြောင့် ဖြစ်ရတာမို့ ဒု-ရင်းမှူးကို ခွင့်လွှတ်တော်မူပြီး အကျွန်ုပ်ကိုသာ အပြစ်ပေးတော်မူပါဘုရား"

ဒူးထောက်တောင်းပန်နေသော ကလေးနှစ်ယောက်ကို ကြည့်ပြီး ဤကလေးနှစ်ယောက်၌ လိုက်ဖက်ညီသော ကိုယ်ရောင်ကိုယ်ဝါရှိသည်ဟု သက္ကရာဇာကိုယ်တော်ကြီး မှတ်ချက်ချမိသည်။ မည်သို့ပင်ဖြစ်စေ ဤကလေးများကို ပညာမပေး၍ မဖြစ်။ ဤကလေးတို့သည် ဖောက်ညက်သည်ဟု မပြော၍ရသော်လည်း အထိန်းအကွပ် လုပ်မပေးပါက ထိုထက်သောဖောင်းတို့ဖြင့် ထိမိ ရှမိ ဖြစ်နိုင်ပေ၏။

"ကောင်းပြီ- တစ်ကြိမ်တစ်ခါ မလိမ်မိုးမလိမ္မာမို့ ကျွန်ုပ် ခွင့်လွှတ်တော်မူမည်၊ နောင်တွင် အသင်တို့ နှစ်ဦးစလုံး သတိထားရမည်မှာ တာဝန်ဝတ္တရားရှိသူက တာဝန်ဝတ္တရားအရ ဆောင်ရွက်ခြင်းများကို ငြင်းဆန်ခြင်း မရှိ လိုက်လျောရမည်၊ နှောင့်ယှက်ခြင်း မဖြစ်စေရ"

"ဘုန်းတော်ကြောင့် လိုက်နာပါ့မည်ဘုရား"

နှစ်ဦးစလုံးထံမှ အသံထွက်လာသည်။ အိမ်ရှေ့စံကိုယ်တော်ကြီးသည် ကိုယ်ရံတော်တပ်ဖွဲ့မှူး လာရောက် လျှောက်တင်သောကြောင့် ဖြစ်ပုံပျက်ပုံ အလုံးစုံကို သိထားပြီး ဖြစ်၏။ ယခု သန္တာ အတင်းတိုးဝင်သော လုပ်ရပ်မျိုး လွန်ခဲ့သော ဆယ့်ရှစ်နှစ်ခန့်ကလည်း ရွှေမြို့တော်မှာ တစ်ကြိမ် ကြုံခဲ့ဖူးသည်။ ထိုစဉ်က ရွှေမြို့တော် မြို့စောင့်တပ်၌ ကိုယ်တော်ကြီးရောက်နေစဉ် မြို့စောင့်တပ် ဝင်းတံခါးဝကို ကျေးတောသား သတ္တိဗလ အတင်းတိုးဝင်ခဲ့သည်။ ထိုစဉ်က ကျေးတောသား သတ္တိဗလသည် ယခုအခါ တူတော်မောင် ဟတ္ထိရာဇာအား လိုက်လံ

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်နေသည့် အဆင့်မြင့် ကိုယ်ရံတော်တစ်ဦး ဖြစ်နေပေပြီ။ ယခု မိမိရှေ့တော်မှောက်မှ သန္တာသည်လည်း နောင်တစ်ချိန်တွင် ရွှေမြို့တော်သူဖြစ်မလာဟု မပြောနိုင်။ ဤကဲ့သို့သော ဇွတ်တရွတ် သမားများသည် ပြုပြင်ပြောင်းလဲလာပြီဆိုလျှင်လည်း သူများထက် ပို၍ ရှေ့တန်းရောက်လာတတ်၏။

ဟိုအချိန်ကလည်း သတ္တိဗလ အတင်းတိုးဝင်ပြီးနောက် သတ္တိဗလ ထံမှ ထူးခြားသော သတင်းတစ်ပုဒ် ကိုယ်တော်ကြီး နားထောင်ခဲ့ရသည်။ ယခု မိမိရှေ့တော်မှောက်မှာ ရှိနေသော တူတော်မောင် ဟတ္ထိရာဇာ၏မိခင် ဟေမာသီရိကို စွပ်သောပန်းကုံးသည် မာတ်တွေ၊ နတ်တွေက စွပ်ခြင်းမဟုတ်၊ မိမိကိုယ်တိုင်က မိမိဘာသာ စွပ်လိုက်ခြင်း ဖြစ်ကြောင်း သတ္တိဗလက လာရောက်လျှောက်ထားခဲ့သည်။

ယခုလည်း မိမိ၏စံနန်းဆောင်သို့ အတင်းတိုးဝင်ခဲ့သောမိသန္တာသည် မည်သည့်သတင်းထူးများ ပါလာလေမည်နည်း။ ကိုယ်တော်ကြီးသည် ချက်ချင်းပင် ထုတ်ဟ မေးမြန်းလိုက်သည်။

"ဟဲ့-မိသန္တာ၊ ကိုယ်တော်ကြီးရဲ့ စံနန်းဆောင်အတွင်း မကြောက်မရွံ့နဲ့ တိုးဝင်ရန် ကြိုးစားခဲ့တာ ဘယ်အကြောင်းကြောင့်လဲဆိုတာ လျှောက်တင်စမ်းဟဲ့"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ဒု-ရင်းမှူးနဲ့ အရေးတကြီး တွေ့ချင်လို့ပါဘုရား၊ ဒု-ရင်းမှူးကို အ ရေးတကြီး ပြောပြစရာ သတင်းရှိလို့ပါ၊ ခုနလေးတင်ပဲ ဒု-ရင်းမှူးရဲ့ကိုယ်ရံတော် သတ္တိဗလ ကွယ်လွန်သွားတာမို့ အဲဒီအကြောင်း ပြောပြချင်လွန်းလို့ပါ၊ ဝင်ခွင့်မရဘဲ နှောင်တည်းခံရတော့ အကျွန်လည်း ဝမ်းနည်းပြီး ငိုရှိုက်နေခဲ့ကြောင်းပါဘုရား"



"သတ္တိဗလ ကွယ်လွန်ပြီ ဟုတ်လား"

အိမ်ရှေ့စံကိုယ်တော်ကြီး၏ နှုတ်မှ အံ့အားသင့်သည့် အာမေဋိတ်စကား ထွက်သွားဖြစ်သည်။

ဟတ္ထိရာဇာသည်လည်း အံ့ဩခြင်းကြီးစွာနှင့် သန္တာကို လှည့်ကြည့်ဖြစ်သည်။ သတ္တိဗလ၏ဒဏ်ရာ ပြင်းထန်သည်ကို သိပြီး ဖြစ်သော်လည်း ဆေးတပ်ဖွဲ့သို့ ရောက်ပြီဖြစ်သောကြောင့် ဤမျှ မြန်မြန်ဆန်ဆန်ကြီး တိမ်းပါးမသွားနိုင်ဟု သူ ယူဆထားခဲ့သည်။ သန္တာသည် မျက်နှာကို လက်ဝါးနှင့်အုပ်၍ တအိအိ ငိုချလိုက်လေသည်။ သူမသည် သတ္တိဗလနှင့် တစ်ရက်နှစ်ရက်မျှသာ သိကျွမ်းခွင့် ရခဲ့သည်။ ဤတစ်ရက်နှစ်ရက်မျှနှင့်ပင် တစ်သက်တာ လွမ်းစရာ ဖြစ်ခဲ့လေပြီ။

အိမ်ရှေ့စံကိုယ်တော်ကြီးသည် သူတို့နှစ်ဦးကို ဒူးထောက်ရာမှ ထစေခဲ့သည်။ ထို့နောက် သူတို့နှစ်ဦးလုံးကို ပခုံးမှပွေ့ဖက်၍ အားပေးတော်မူ၏။

"သတ္တိဗလဟာ သာမန်ကွယ်လွန်တာမဟုတ်ဘူး၊ တိုက်ပွဲမှာ ဒဏ်ရာ ပြင်းထန်စွာရလာပြီး ကွယ်လွန်တာမို့ ကျဆုံးတာလို့ သုံးရမယ်၊ သူ ဒဏ်ရာပြင်းထန်စွာရလာတယ်ဆိုတာ ကျွန်ုပ် သိပေမဲ့ ဒီလောက် မြန်ဆန်မယ်မထင်လို့ ညက သွား မကြည့်ဖြစ်ခဲ့ဘူး၊ ရှင်တဲ့အချိန် နှုတ်မဆက်ဖြစ်ပေမဲ့ ကျန်ရစ်တဲ့ ရုပ်အလောင်းကို သွားကြည့်ကြဦးစို့၊ အလွမ်းပြေတာပေါ့ကွယ်"

ကိုယ်တော်ကြီး ထွက်တော်မူမည်ဆိုသောအခါ ကိုယ်ရံတော်တပ်ဖွဲ့သည် လုံခြုံရေးအစီအမံများကို အမြန်ဆုံး ဆောင်ရွက်ရလေသည်။ ကိုယ်တော်ကြီးသည် သတ္တိဗလ၏ရုပ်အလောင်းကို သူနှင့်အတူ လိုက်ပါကြည့်ရှုရန် နယ်စားမင်းကြီး၊ တပ်မဟာမှူးနှင့် ဒု-

www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာမှူးတို့ထံ အကြောင်းကြားစေ၏။ ကြားသိရသမျှဆိုလျှင် သတ္တိဗလသည် မင်းဆိမင်းသွေးတစ်ဦးဖြစ်သော ဟတ္ထိရာဇာကို တာကွယ်ရင်း ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်ဖြစ်ရာ ဂရုစိုက်မှု ကောင်းစွာ ပြုရမည်ဖြစ်၏။ အသိအမှတ်ပြုပေးရမည်ဖြစ်၏။ သို့မှသာ နောင်းလူများလည်း မဟာရာဇာမျိုးဆက်အား အကာအကွယ် ပေးလိုကြပေလိမ့်မည်။ မဟာရာဇာမင်းဆက်ကို အကာအကွယ်ပေးသူမှန်သမျှ ဤကဲ့သို့ ကောင်းမှုပြုခြင်းခံရသည်ဟူသော ဂယက် ပျံ့နှံ့ဖို့လို၏။ အကာအကွယ်လည်း ပေးရသေး၊ ပစ်ထားခြင်းလည်း ခံရသေး ဆိုလျှင်ကား ဂယက်ရိုက်ခတ်မှု ကောင်းလိမ့်မည် မဟုတ်ပေ။

## အခန်း (၃၃)

ဆေးတပ်ဖွဲ့အဝင်ဝတွင် နယ်စားမင်းကြီး ပံသုရာဇာမိသားစု၊ တပ်မဟာမှူးနှင့် ဒု-တပ်မဟာမှူးတို့ ဆီးကြိုနေကြသည်။ သူတို့သည် အိမ်ရှေ့စံကိုယ်တော်ကြီးကို ကျိုးနွံစွာ ကြိုဆိုနေကြသော်လည်း ပုလဲနန္ဒာ၏မျက်နှာပေါ်တွင်ကား တစ်စုံတစ်ရာ အလိုမကျသည့် အသွင်အပြင် ပေါ်ထွက်လျက် ရှိ၏။

အိမ်ရှေ့စံကိုယ်တော်ကြီးသည် ကြိုဆိုကြသူများအတွင်းရှိ ပုလဲနန္ဒာထံ ဦးစွာသွားသည်။

"ညီမတော် ပုလဲနန္ဒာ၊ ညက သတင်းမေး မလာဖြစ်ကြတာကို ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ ညီမတော်တော့ ကိုယ့်မောင်ကို ပြုစုခွင့် စကားပြောခွင့်ရလိုက်တယ် မဟုတ်လား"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် ပြုစုခွင့်ရလိုက်ပါတယ်အရှား"

ငိုထား၍ မျက်လုံးများမို့မောက်နေသော ပုလဲနန္ဒာသည် 'စကားပြောခွင့်'ဟူသော စကားလုံးကို တမင်တကာ ချန်ထားပြီး လျှောက်

www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်၏။ တကယ်မှာလည်း သူမသည် မောင်ဖြစ်သူနှင့် စကားပြောခွင့်မရခဲ့ပေ။ သူမသည် ဆေးတပ်ဖွဲ့သို့ ထမ်းစင်နှင့် ရောက်လာရှာသော မောင်ဖြစ်သူ သတ္တိဗလကို မြည်တွန်တောက်တီးသည့် စကားနှင့် ဆီးကြိုခဲ့မိသည်။ ထူးထူးခြားခြားတော့ မဟုတ်။ "ငါ သိတယ်၊ ငါ သိတယ်၊ နင် တစ်နေ့နေ့ ဒီလို အချိုးမျိုးနဲ့ ဒဏ်ရာရလာလိမ့်မယ် ဆိုတာ ငါသိတယ်" ဟူသော စကား။ မထူးခြားသော ဤစကားလုံးများနောက်ကွယ်တွင် မည်သည့်အဓိပ္ပာယ်များ ရှိနေသည်ကို သတ္တိဗလ သိသည်။ ယခင့်ယခင် အခါများကဆိုလျှင် ဤကဲ့သို့ ထေ့ငေါ့သောစကားမျိုးကို လျစ်လျူရှုကောင်း ရှုနိုင်မည်ဖြစ်သော်လည်း သည်တစ်ခါတော့ အနာပေါ် ဒုတ်ကျ ဖြစ်သည်။ သူ့ အစ်မသည် သူ့ကို နားမလည်။ ဤမျှ သေကောင်ပေါင်းလဲ ခံစားနေရချိန်မှာပင် ဤသို့ စကားနာ ထိုးရက်သည်ဟု သူ မှတ်ယူသွားပုံ ရသည်။ သူ့ အစ်မကို စကားမပြောတော့။ သန္တာ့ကိုသာ ပြောသည်။ သန္တာ့ကိုသာ ခိုင်းသည်။

သန္တာကလည်း သန္တာ။ ကျေးတောသူပီပီ ဆေးတပ်ဖွဲ့မှ လူများကို သူမသိ။ ပုလဲနန္ဒာကို မသိ၊ မာလာဒေဝီကို မသိ။ သူမ သိသည်မှာ လူနာ သတ္တိဗလသာ ဖြစ်၏။ ထို့ကြောင့် သတ္တိဗလ အနားမှ တစ်ဖဝါးမှ မခွာဘဲ ပြုစု၏။ မာလာဒေဝီက သန္တာ့အဝတ်အစားများကို ကြည့်ပြီး စိတ်မချမ်းသာသောကြောင့် လဲလှယ်ဝတ်ဆင်ရန် အဝတ်အစား တစ်စုံ လာပေးသည်ကိုပင် မလဲချင်လဲချင်သွားလဲရသည်။ အဝတ်အစား သွားလဲနေတုန်း သတ္တိဗလမှာ ခိုင်းစရာ လူမရှိမှာကို သူမ စိုးရိမ်သည်။ ဤမျှ သဲသဲလှုပ်နေသည်ကို ပုလဲနန္ဒာက အမြင်ကတ်သည်။ ဤကောင်မလေးနှင့် သူမ၏မောင် သတ္တိဗလတို့ ရိုးမှရိုးကြရဲ့လားဟုပင်



တွေးမိသေးသည်။ သတ္တိဗလက ရိုးသည့်တိုင် ကောင်မလေးဘက်မှ ရိုးချင်မှ ရိုးပေလိမ့်မည်။

ဤသို့ မကျေမနပ်ဖြစ်နေသောကြောင့် သတ္တိဗလ ကွယ်လွန်၍ ဟတ္ထိရာဇာထံ အကြောင်းကြားမည်ဆိုကာ ပြေးထွက်သွားသော သန္တာ့ကို တားလည်းမတား။ အဖော်လည်း ထည့်မပေး ပိုက်တော့။ ဘာမဆို အကဲပိုနေသော ကောင်မ၊ ဖြစ်ချင်ရာဖြစ်ဟု တ်ပေးလိုက်သည်။ အခု သည်ကောင်မက ဘာမှမဖြစ်ဘဲ ဟတ္ထိရာဇာနှင့် ယှဉ်တွဲ၍ ပြန်ပါလာပြန်သည်။ ကြည့်မရ၍ ပုလဲနန္ဒာ မျက်နှာလွှဲထားလိုက်သည်။

နယ်စားမင်းကြီး ပံသုရာဇာသည် ကိုယ်တော်ကြီးတို့အဖွဲ့ကို သတ္တိဗလ၏ရုပ်ကလာပ် ပြင်ဆင်ထားသည့်နေရာသို့ လမ်းပြခေါ်ဆောင်သွားသည်။ တကယ်တမ်းမှာလည်း သူသည် အသုဘရှင် ဖြစ်၏။ သတ္တိဗလသည် ပုလဲနန္ဒာ၏ မောင်အရင်းခေါက်ခေါက်ဖြစ်သောကြောင့် သူ၏ယောက်ဖအရင်းခေါက်ခေါက်ကြီး ဖြစ်သည်။ သူ့ယောက်ဖသည် သူ့တူတော်မောင် ဟတ္ထိရာဇာကို အကာအကွယ်ပေးရင်း အသက်ပေးသွားသည်ဖြစ်သောကြောင့် အားလုံး၏ နှုတ်ဖျားတွင် ရေပန်းစားနေ၏။ သူရဲကောင်းတစ်ဦး၏ အသုဘရှင်ဖြစ်ရသောကြောင့် ဂုဏ်ယူစရာတစ်မျိုး ကောင်းနေသည်။

သူရဲကောင်း သတ္တိဗလ ကိုယ်တိုင်လည်း တမလွန်မှလှမ်း၍ ကြည့်မြင်နိုင်ခွင့်ရှိမည်ဆိုလျှင် သူ့အသုဘအတွက် ဂုဏ်ယူနေမည်ဖြစ်ပေသည်။ သူ့ရုပ်အလောင်းဘေးတွင် အိမ်ရှေ့စံကိုယ်တော်ကြီး ဦးဆောင်သော မင်းဆီမင်းသွေးများနှင့် စစ်ဘက်ဆိုင်ရာ တပ်မှူးများ ဝန်းရံကြည့်ရှုနေကြသည်။ ရာဇကုန္ဒြေနှင့်နေရသော အိမ်ရှေ့စံ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ကြီးပင်လျှင် မျက်ရည်ဝဲလျက် ရှိသည်။ သတ္တိဗလသည် သာမန်ကျေးတောသားတစ်ဦးပင် ဖြစ်သော်လည်း ရွှေမြို့တော်သို့ အရောက်လာခဲ့သည်။ ရောက်ရောက်ချင်းပင် ကိုယ်တော်ကြီးနှင့် တွေ့ခွင့်ရခဲ့သည်။ ပွင့်လင်းလွတ်လပ်စွာ တင်လျှောက်ခဲ့သော သူ့ စကားများကြောင့် သတ္တိဗလဟူသောလူသားကို ကိုယ်တော်ကြီး မှတ်ခဲ့ ...ရ ဖြစ်သွားသည်။ ညီတော်ဗန္ဓုရာဇာ၏ ဖူးစာဖက်ကို နတ်များ၊ မာတ်များက ရွေးခဲ့သည်မဟုတ်ဘဲ မိမိကသာ ရွေးချယ်ခဲ့သည်ဟု ဤသူငယ်က လျှောက်တင်ခဲ့ပေသည်။

သန္တာသည် သတ္တိဗလ၏ ခြေရင်းဘက်တွင် ရပ်ကာ တရှုံ့ရှုံ့ ငိုသည်။ သူမ၏နံဘေးတွင် ဟတ္ထိရာဇာ ရှိသည်။ ဟတ္ထိရာဇာသည် အံကြိတ်ထားရင်း မျက်ရည်တတွေတွေ ကျနေ၏။ သူက ဦးရီး တော်ဟုခေါ်ခဲ့သော ကိုယ်ရံတော်ကြီးသတ္တိဗလသည် သူ့အပေါ် တောက်လျှောက် ကောင်းခဲ့သည်။ သိုင်းပညာ သင်ကြားပေးခဲ့သည့် အပြင် အနာခံ၍ လေ့ကျင့်ပေးသော ကျင့်ဖော်ကျင့်ဖက်တစ်ဦးလည်း ဖြစ်ခဲ့သည်။ လောကီရေးရာများကိုလည်း သိသင့်သည်မှန်သမျှ ရှင်းလင်းပြောပြခဲ့သည်။ မိမိသာ ဘေးအန္တရာယ်ကြုံလျှင် အသက်ပေး ကာကွယ်မည့် ဖော်ပြချက်မျိုး မကြာခဏ တွေ့ခဲ့ရသည်။ ယခု လက်တွေ့နှင့် သက်သေပြသွားပေပြီ။

*"တကယ်တမ်း သေသင့်တာက ကျွန်ုပ်၊ မှားတာက ကျွန်ုပ်၊ ကျွန်ုပ်ရဲ့အမှားကို ဦးရီးတော် သတ္တိဗလက ဝင်ပြီး ခံစားသွားတာ ကျွန်ုပ် တစ်သက်လုံး မေ့ဘော့မှာ မဟုတ်ပါဘူး၊ ဦးရီးတော်သတ္တိဗလကို သတ်ခဲ့တဲ့ ဒီရန်သူတွေကို ကျွန်ုပ် ကောင်း ကောင်းကြီး လက်စားချေပေးပါ့မယ်။ ကျွန်ုပ် သူတို့ကို နိုင်အောင် တိုက်မယ် ဦးရီးတော်၊*

BURMESE CLASSIC



*ဦးရီးတော်ရဲ့အသက်တစ်ချောင်းကို သူတို့အသက် ရာထောင်သောင်းနဲ့ ပေးဆပ်စေရမယ်ဦးရီးတော်"*

ဟတ္ထိရာဇာသည် ထိုစကားများကို စိတ်ထဲမှ ရေရွတ်နေသည်။ ထိုစကားသည် ရင်ထဲအသည်းထဲမှ စကားများ ဖြစ်သည်။ ပြင်ပသို့ ပြောထွက်မလာ၍ မည်သူမျှ မကြားရသော်လည်း ထိုစကားတို့သည် သူ့ရင်သူ့အသည်းထဲတွင် ထာဝစဉ် စိမ့်ဝင်တိမ်းအောင်းနေတော့မည် ဖြစ်၏။

အားရပါးရ ငိုခဲ့သောသန္တာသည် စိတ်လက်များ ပေါ့ပါးသက်သာသွားသည်။ သူမသည် ဟတ္ထိရာဇာကို လှည့်ကြည့်လိုက်သောအခါ အံကြိတ်ပြီး မျက်ရည်ကျနေသည့်အဖြစ်နှင့် တွေ့ရသောကြောင့် စိတ်ပူသွားသည်။

*"ဒု-ရင်းမှူး၊ အားရပါးရ ငိုချလိုက်လေ၊ အားရပါးရ ငိုချလိုက်၊ မဟုတ်ရင် ဒု-ရင်းမှူးရဲ့ရင်ထဲမှာ ဆို့ပြီး ဘာမှလုပ်နိုင်မှာ မဟုတ်တော့ဘူး၊ ဒု-ရင်းမှူးဟာ ဦးရီးတော် သတ္တိဗလအတွက် လုပ်ပေးစရာတွေ ရှိသေး၀ယ်လေ"*

ဟတ္ထိရာဇာသည် သူ့ပါးပြင်ပေါ်မှ မျက်ရည်စများကို လက်ခုံနှစ်ဖက်နှင့် ပွတ်သပ်သုတ်လိုက်ပြီး သန္တာ့ကို လှည့်ပြော၏။

*"စိတ်မပူပါနဲ့ အစ်မသန္တာ၊ ကျွန်ုပ် အဲဒီလောက် မပျော့ညံ့ပါဘူး"*

တစ်ဆက်တည်း ဟတ္ထိရာဇာသည် အိမ်ရှေ့စံကိုယ်တော်ကြီးအား လှမ်း၍ လျှောက်တင်လိုက်သည်။

*"ဦးရီးတော်ဘုရား၊ ဘုန်းတော်ကြောင့် တူတော်မောင် ဟတ္ထိရာဇာ ခွင့်တောင်းပါရစေဘုရား၊ ကျွန်ုပ်ရဲ့ ကိုယ်ရံတော်ကြီး သတ္တိဗလရဲ့ ရုပ်အလောင်းကို ကျွန်ုပ်ကိုယ်တိုင် ထမ်းပြီး မြေချပါရစေဘုရား"*

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ကြီး ခေါင်းညိတ်တော်မူသည်။

"လုပ်ပေးသင့်တယ်၊ သတ္တိဗလဟာ တူတောင်မောင်ရဲ့ ဘဝမှာ အရေးပါ အရာအရောက်ဆုံး ပုဂ္ဂိုလ်ပဲ၊ ပြောရမယ်ဆိုရင် နှစ်ကိုယ့်တစ်စိတ်နီးပါး စောင့်ရှောက်ခဲ့သူမို့ အလေးအမြတ်ပြုပြီး ဆောင်ရွက်ပေးသင့်တယ်"

ထို့နောက် ကိုယ်တော်ကြီးက ပုလဲနန္ဒာကို လှမ်းမေးလိုက်သည်။

"ညီမတော် ပုလဲနန္ဒာ၊ သတ္တိဗလ မကွယ်လွန်မီ ဘာများ မှာကြားခဲ့တာ ရှိသလဲ၊ ဒီအချိန်မှာ ကွယ်လွန်သူရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ကျန်ရစ်သူတွေရဲ့တာဝန်ပဲ"

"မရှိပါဘုရား၊ အကျွန့်ကိုတော့ ဘာမှ မှာကြားခြင်း မရှိပါဘူး၊ ကျန်တဲ့သူတွေကို မှာခဲ့ရင်တော့ အကျွန် မသိပါဘူး"

ပုလဲနန္ဒာသည် လျှောက်တင်ရင်း သန္တာ့ထံ မျက်လုံးရောက်သွား၏။ သည်ကောင်မကိုများ မောင်ဖြစ်သူ သတ္တိဗလက မှာသွားလေရော့သလား။

ကိုယ်တော်ကြီးသည် အားလုံးကို ရည်စူး၍ မေးလိုက်၏။

"သတ္တိဗလ မကွယ်လွန်မီ မှာကြားခဲ့တာများ ရှိသလားဆိုတာ ကျွန်ုပ် သိလိုတယ်၊ မှာကြားခြင်း ခံခဲ့ရသူရှိရင် ကျွန်ုပ်ထံ သံတော်ဦးတင်နိုင်တယ်"

ကိုယ်တော်ကြီး၏ မေးခွန်းကြောင့် အားလုံး တီးတိုးတီးတိုး ဖြစ်ကုန်ကြသည်။ ဆေးတပ်ဖွဲ့ဝင်များသည်လည်း အချင်းချင်း မျက်နှာရိပ်မျက်နှာကဲများနှင့် မေးနေကြသည်။

သန္တာသည် ကိုယ်တော်ကြီး၏ အမေးစကား သူမနှင့် ဆိုင်မဆိုင် စဉ်းစားနေ၏။ သတ္တိဗလက မှာတော့မှာသည်။ သတ္တိဗလ မှာသည်



မှာ ဟတ္ထိရာဇာကို ပြောပြရမည့်စကား ဖြစ်သည်။ သို့သော် ဤအမှာစကားကို ဟတ္ထိရာဇာအား ပြောမပြဖြစ်သေး။ ဤအမှာစကားကိုပင် ကိုယ်တော်ကြီးအား လျှောက်တင်ရမည်လော။ ဝေခွဲမရသည့်အဆုံး သန္တာသည် နံဘေးရှိ ဟတ္ထိရာဇာအား မွင့်မေးလိုက်သည်။

"ဒုရင်းမှူး၊ အကျွန်တစ်ခုလောက် မေးပါရစေ"

"မေးလေ အစ်မသန္တာ"

"ဦးရီးတော် သတ္တိဗလ မကွယ်လွန်ခင် ဒု-ရင်းမှူးကို မှာကြားတဲ့ အမှာစကားရှိတယ်၊ အဲဒီ အမှာစကားကို အချိန်မရလို့ အကျွန် ပြောမပြရသေးဘူး၊ အဲဒီ အမှာစကားကို ကိုယ်တော်ကြီးဆီ လျှောက်တင်ရမှာလား"

"ကျွန်ုပ်ကို အရင်ပြောပြပါလား၊ လျှောက်တင်ဖို့ လိုမလို ကျွန်ုပ်ဆုံးဖြတ်ပေးမယ်လေ"

"ဦးရီးတော် သတ္တိဗလ မှာတာက မတော်လို့များ သူ သေဆုံးသွားခဲ့ရင် မင်းသားလေး ဟတ္ထိရာဇာအနေနဲ့ အဆင့်မြင့်သိုင်းပညာ တတ်ကျွမ်းသူတစ်ဦးကို အမြန်ဆုံး ရှာဖွေအစားထိုးပါတဲ့၊ အဲဒီလို အစားထိုးဖို့ လူရရှိရေးအတွက် မြို့စောင့်တပ်မှူး သူရစက္ကကို အပူကပ်ရင် ရနိုင်ပါတယ်တဲ့"

ဟတ္ထိရာဇာ ရင်နင့်သွားသည်။ မိမိအပေါ် ဤမျှ ဂရုစိုက်ရှာသည်။

"တခြားရော ဘာမှာသေးသလဲ"

"တခြားတော့ ဘာမှမမှာပါဘူး၊ ဒါပါပဲ"

"အဲဒီ အမှာစကား ကိုယ်တော်ကြီး ကြားနာသင့်ပါတယ်၊ အစ်မသန္တာကိုယ်တိုင် လျှောက်တင်လိုက်ပါ"

သန္တာ လျှောက်တင်သော သတ္တိဗလ၏အမှာစကားကို ကြားရ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကိုယ်တော်ကြီး ခေါင်းတဆတ်ဆတ် ညိတ်ဖြစ်သည်။ သတ္တိဗလ၏ စိတ်အစဉ်သည် တူတော်မောင် ဟတ္ထိရာဇာအပေါ်၌သာ တည်နေကြောင်း ထင်ရှားလှ၏။ သတ္တိဗလသည် အဘယ်ကြောင့် ဟတ္ထိရာဇာအပေါ် ဤမျှ သံယောဇဉ် ကြီးမားနေရပါသနည်း။

ယခင်က ဤမေးခွန်းသည် ကိုယ်တော်ကြီး၏ ခေါင်းထဲ၌ မပေါ်ဖူးခဲ့။ ယခုမူ ကြောင်းကျိုးတို့ တိုက်ဆိုင်လွန်းလှ၍ ဤမေးခွန်းက ဖျတ်ခနဲ ပေါ်လာသည်။ ပေါ်လာသည်နှင့် ချက်ချင်းဆိုသလို ကိုယ်တော်ကြီးသည် အဖြေကိုပါ လက်ခနဲ သိလိုက်လေတော့သည်။

*"ကြည့်စမ်းပါဦး၊ အရင်တုန်းက ဒါကို ငါ ဘာဖြစ်လို့ မတွေးမိပါလိမ့်"*

ကိုယ်တော်ကြီး၏ ခေါင်းထဲက အတွေးတစ်စ။

ဟတ္ထိရာဇာ လူမဖြစ်မီကတည်းက တွေးမိသင့်သော အတွေးတစ်စ။ ယခုတော့ ဟတ္ထိရာဇာ လူဖြစ်ပြီး ၁၆ နှစ်ကျော် ၁၇ နှစ်သား အရွယ်ရောက်မှ တွေးမိတော့၏။ ဤမျှ ရိုးစင်းပြီး ဤမျှ လွယ်ကူသော အဖြေကို ဤမျှကြာအောင် မတွေးခဲ့မိသည့်အတွက် ကိုယ်တော်ကြီးသည် တော်တော်ညံ့တဲ့ငါပါဟု မကျေမနပ် ဖြစ်မိသည်။

သတ္တိဗလသည် အဘယ်ကြောင့် ဟတ္ထိရာဇာအပေါ် ဤမျှ သံယောဇဉ် ကြီးမားရပါသနည်း။ ဟေမာသီရိက မွေးထားသော သား ဖြစ်သောကြောင့်တည်း။ ဟေမာသီရိ၏သားဖြစ်၍ သံယောဇဉ်ကြီးလွန်းလှ၍သာ ဖြစ်မည်ဟု အဖြေထုတ်နိုင်ပေသည်။

ဖခင်ဖြစ်သူက အစ်မဖြစ်သူ ပုလဲနန္ဒာကို ပန်းကုံးစွပ်ပါဟု အသေအချာ မှာထားလျက်က သတ္တိဗလသည် ဟေမာသီရိကိုသာ ပန်းကုံးစွပ်ပေးခဲ့၏။ ကိုယ့်ချစ်သူ ကောင်းစားရေးအတွက်ဆိုသည့် အတွေး



က သတ္တိဗလကို တွန်းအားပေးခဲ့ခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတွင် အချစ်ဆိုသည်မှာ ရယူခြင်းမဟုတ်၊ စွန့်လွှတ် အနစ်နာခံခြင်း ဖြစ်ကြောင်း သတ္တိဗလက ဖော်ပြခဲ့လေပြီ။

ကိုယ်တော်ကြီးသည် အားလုံးကြားအောင် အသံကိုမြှင့်၍ ပြောဆိုလိုက်၏။

*"အားလုံးကြားကြတဲ့အတိုင်း သတ္တိဗလဟာ မဟာရာဇာ[illegible]ဆက် အပေါ် စောင့်ရှောက်ကာကွယ်လိုစိတ် ကြီးမားကြောင်း ထ[illegible] တယ်၊ သူ့ရဲ့ အမှာစကားဟာ သူကိုယ်သူထက် မဟာရာဇာမျိုးဆက် အရေးကိုသာ ဦးထိပ်ပန်ဆင်ထားကြောင်း ပေါ်လွင်နေတယ်၊ တစ်မှု တပ်သားအပေါင်း သတ္တိဗလရဲ့ ဒီစိတ်ဓာတ်ကို လေးစားကြရမယ် အတုယူကြရမယ် သတ္တိဗလရဲ့ အသုဘကို ကျွန်ုပ်တို့ မဟာသူရိယ တိုင်းနိုင်ငံ စစ်တပ်ထုံးစံအတိုင်း ခမ်းနားစွာ ဒီနေ့ပဲ အပြီး ဆောင်ရွက်ကြရမယ်"*

"အမိန့်တော်မြတ်အတိုင်းပါဘုရား" ဟူသောအသံသည် တစ်မဟာဌာနချုပ်တစ်ခွင်လုံးတွင် ဟိန်းညံသွားလေသည်။

အောင်အေး(ရန်ကုန်တက္ကသိုလ်)

www.burmeseclassic.com